# မြင်းကျော်

အဝိတ်လျှင်ပြင်ကိုဖြတ်သန်းလာသော
အကြင်နာမျက်နှာစိမ်း

ပန်းချီမောင်မောင်သိုက်



ဒုတိယအကြိမ်

ပန်းချီ
ဖုံး၊ မောင်မောင်သိုက်
၊ ဇော်ကြီး

# ငြိမ်းကျော်

အတိတ်လွင်ပြင်ကိုဖြတ်သန်းလာသော
အကြွင်းစာချက်နှာစိမ်း

**ဒီဇိုင်းသူ**
ကိုလှိုင်မြင့်စိုး

**မျက်နှာဖုံးပုံနှိပ်**
သိန်းမြင့်ဝင်း အော့ဖ်စက်

**စာအုပ်ချုပ်**
မောင်မြင့်

၁၉၇၆ ခု၊ ဇန္နဝါရီလ
ဒုတိယအကြိမ်
စောင်ရေ [၂၅၀၀]
တန်ဖိုး [၂၅-ကျပ်]

စာမူ ကြိုတင် ပုံနှိပ် ထုတ်ဝေခွင့်ပြု အမှတ် [၁၀၃၆]

မျက်နှာဖုံး ကြိုတင် ပုံနှိပ်ထုတ်ဝေခွင့်ပြု အမှတ် [၆၇၉]

ဒေါ်မတုပ်ကေ[၀၃၆၅၆]၊မြရည်စန္ဒာပုံနှိပ်တိုက်၊ ၃၂၊၁၀၁လမ်း၊ ကန်တော်ကလေး၊ ရန်ကုန် က ပုံနှိပ်၍၊ ဦးထွန်းရှိန် (မင်းလွင်) [၀၁၂၇၅]၊ ပန်းစုံမြိုင်စာသဘင်၊ ၇၄၃၊အောင်သစ္စာ(၃)လမ်း၊ သာကေတ၊ ရန်ကုန် က ထုတ်ဝေပါသည်။

# ငြိမ်းကျော်

## အတိတ်လွှင်ပြင်ကိုဖြတ်သန်းလာသော အကြွင်နာမျက်နှာစိမ်း

ဒုတိယအကြိမ်

## စာဖတ်သူသို့ အစီရင်ခံစာ

ငြိမ်းကျော်

၁

အတိတ်လွှင်ပြင်....သည် ဒုတိယမြောက် လုံးချင်း ဝတ္ထု။ ထိုဝတ္ထုကိုရေးနေစဉ် အာရုံသည် လွန်ခဲ့သော ဆယ့်ငါးနှစ်ကျော်သို့ ပြန်လည် ရောက်နေသည်။ ငယ်သူငယ်ချင်းတွေကို သတိတရ မြင်ယောင်လာသည်။ အနားတွင် တယောက် နှစ်ယောက်။ စိတ်ကူးဖြင့် အနားသို့ ပြန်ခေါ်ထားရသည်မှာ လေး ငါး ဆယ်ယောက်။ တဦးကိုတဦး ဖေးမ ကူညီသော ရိုးဖြောင့်သော၊ သစ္စာရှိသော၊ ချစ်ခင်သော သူငယ်ချင်းတို့၏ မျက်နှာကို ပြက်ပြက်ထင်ထင် ပြန်လည် မြင်သည်။ တယောက်တည်း ပြေးသည်ကို ကြည့်သောအခါ မည်မျှ လျှင်မြန်သည် မခွဲခြားသာ။ နှစ်ဦး ပြေးသည်မြင်ရမှ ခွဲခြား သိသာသည်။ ထိုနည်းတူပင်၊ ထိုသူငယ်ချင်းတို့၏ မကောက်ကျစ်ခြင်း၊ မစဉ်းလဲခြင်း၊ မယုတ်မာခြင်း၊ အခွင့်အရေး

ဒုတိယ အကြိမ်

ချော်တိုးခြင်း၊ လှုပ်ခေါ် လော်လည်မှု မပြုခြင်းတို့ကို နှိုင်းယှဉ်ရေးတွေ့ ရှိသော မှ ပိုမို သိရလေသည်။

နှိုင်းယှဉ်စရာတွေဆိုသည်မှာ အခြား မဟုတ်။ ဝတ္ထုရေးရန် လူ၏ စိတ်သဘာဝကို မလွဲမရှောင်သာ လေ့လာတွေ့ရှိ ရပြုလာသည့်နောက်၌၊ ရလာသော လူ အကြောင်းများပင် ဖြစ်ချေသည်။

၂

ကျွန်တော်၏ စာပေဘာဝသည် ကံ့ကော်မြေဖွဲ့သော ဝတ္ထုများဖြင့် စတင် ပျိုးထောင်ခဲ့သည် မဟုတ်ချေ။ 'သဘောတရားသည် သဘောတရားအတွက်' လေ့လာတတ်သော နေရှင်ပေါက်စ ပညာတတ်ကို လှောင်ရာ ဝတ္ထုတို၊ နေရှင်ပေါက်စအလွှာ၏ လူမှုရေး၊ ဗျူရိုကရက်ရောဂါကို တက်စေသော ပိုးတို့ကို လှောင်ရာ ဝတ္ထုတိုများ၊ ရိုးရာ ယဉ်ကျေးမှု ဟူသရွေ့ကို မျက်စိမှိတ်ပြီး ဖျက်သိမ်းလိုသူများ၊ ကာလလှိုင်းတံပိုးအောက်တွင် ကိတ်ပျက်စွာ ညည်းညူနေသူများနှင့် စပ်လျဉ်း၍ ရေးခဲ့သည်။ ပျိုးထောင်မှုကို ပြန်လည်စတင် ပုံပြောပြနေခြင်းသာ ဖြစ်သည်။ ကာလပေါ် မြန်မာဝတ္ထုတို ဝတ္ထုရှည်၏ သမိုင်းတကကျ တမျက်နှာရလို စိမ့်သော်ငှာ တောင်းဆိုနေခြင်းလည်း မဟုတ်၊ အတင်းအဓမ္မ တည်ဆောက် ရေးသားပြခြင်းလည်း မဟုတ်ပေ။

ယခုအခါ ကျွန်တော်၏ စာပေဘာဝ အစပျိုးရာ ပျိုးကြောင်းရေခံမြေခံကို ပြန်လည် ကြည့်ရှုမိသည်။ အထူးသဖြင့် စာပေရေခံမြေခံကို ဖြစ်သည်။

ဒုတိယ အကြိမ်

၃

အဆင့်သုံးဆင့်။ အဆင့်တိုင်းတွင် နှစ်မျိုး နှစ်စား ယှဉ်နေသည်။

**ပုံပြင်ဇာတ္တာရီနှင့် ကဗျာလင်္ကာ**
**မတ်လီနှင်ဝါဒစာပေနှင့် ပြဇာတ် ဝတ္ထု**
**သမိုင်းနှင့် ဗုဒ္ဓစာပေ**

ပုံပြင် ဇာတ္တာရီတို့ကို ဖတ်ရသောအခါ စိတ်ပျော်နေသည်။ ဖတ်၍ ကောင်းသည့် အရသာကို တွေ့နေသည်။ ဘ၀၊ ဘ၀ ပတ်ဝန်းကျင်နှင့် ပုံပြင်ဇာတ္တာရီတို့ကို တွဲဖက် မမြင်တတ်သေး။ တနေ့တွင် ကျောင်းနေဖက် တယောက် နှင့် နှစ်ဦး သဘော ကိုက်ညီစွာ ကျောင်းပြေးခြင်း အမှုကို ပြုခဲ့သည်။ နောက်တနေ့တွင် ကျွန်တော်တို့ နှစ်ယောက်ကို အတန်းပိုင် ဆရာက ခေါ်ပြီး စစ်သည်။ ကျွန်တော်က ကျောင်းပြေးရန် ခေါ်၍ ပြေးရပါသည်ဟု သူက ပြောသည်။ လိပ်ပတ်လည်အောင် ကျွန်တော် ပြောမပြတတ်။ ထို့ကြောင့် ကျောင်းပြေးမှုကြီးတွင် ကျွန်တော်သည် ခေါင်းဆောင်။ သူသည် နောက်လိုက်။ ဆရာ့ ကြိမ်လုံးသည် သူ့ကို နှစ်ချက်။ ကျွန်တော့်ကို ငါးချက်။ ကြိမ်လုံး၏ အန္တရာယ်ကို မြင်၍ သူ့အဖို့ သက်သာလိုသက်သာငြား သူ မုသားဆိုသည်။ ထိုမုသားကို သုံး၍ သူသည် ကျွန်တော့်ကို စွန့်လေသည်။ ကြိမ်ဒဏ်ရာကို အနာပြေပွတ်ယင်း စဉ်းစားမိသည်။

ဒုတိယ အကြိမ်

မိတ်ဆွေနှစ်ဦး ခရီးအတူ သွားစဉ် ဝက်ဝံ နှင့်တိုးပုံဇာတ်လမ်းကို သတိရသည်။ ဝက်ဝံနှင့်ရင်ဆိုင်တိုးရာ တယောက်က သစ်ပင်ပေါ်သို့ တက်ပြေးသည်။ ခရီးသွားဖော် မိတ်ဆွေကို စွန့်ကာ ကိုယ်လွတ်ရုန်းခြင်း ဖြစ်သည်။ ဝက်ဝံ ရန်ကို နှစ်ဦးအတူတကွ ရင်ဆိုင်ရန်၊ သစ်ပင်ပေါ်သို့ တက်ပြေးသူသည် မစဉ်းစား။ သေဟန်အဆောင်ကောင်းမှ လွတ်မြောက်ပုံ၊ ဝက်ဝံ အဝေးသို့ ရောက်သောအခါ သစ်ပင်ပေါ်ကလူ ဆင်းလာပုံ၊ ဝက်ဝံက ပြောသည်ဟု ဆိုကာ ပြန်ပြောပြသော စကား။ ဝက်ဝံသည် ဆရာ့ ကြိမ် လုံး။ ကျောင်းနေဖက်သည် သစ်ပင်ပေါ်သို့ တက်ပြေးသူ။ ဤတွင် ပုံပြင်ဒဏ္ဍာရီတို့သည် လူ့အကြောင်းနှင့်နီးစပ်သည်တကားဟု သိလေသည်။

တဲထဲသို့ နှာခေါင်းသွင်းထားပါရစေဟု ပြောသော ကုလားအုတ်၊ တဲရှင်က ခွင့် ပြုသော အခါ တဆင့်ထပ်ပြီး အခွင့်အရေး တောင်းပြန်သည်။ ဦးခေါင်း သွင်းထားပါရစေ၊ လည်ပင်းသွင်းထားပါရစေ စသည်ဖြင့် အဆင့်ဆင့် တောင်းသည်။ တဲထဲသို့ တကိုယ်လုံး ရောက်သောအခါ တဲရှင်ကို တဲအပြင်သို့ တွန်းထုတ်သော ကုလားအုတ်။ အချမ်းဒဏ်မှ သက်သာခွင့် တဆင့်ပြီး တဆင့် ပေးကာ စေတနာထားသော တဲရှင်။

ကျောက်ဖျာကို ရေပိုင်းသောကြောင့် အစာရှာမထွက်နိုင်၍ ငတ်သည့်အတူတူ ဥပုသ်စောင့်မည်ဆိုသူ သစ်ကျုတ်၏ ပုံပြင်။ သိကြားမင်းက ဆိတ် အသွင် ဖြင့် ကျောက်ဖျာပေါ်တွင် ရပ်သောအခါ ဆိတ်ကိုဖမ်းပုံ။ မမိနိုင်သည့် အဆုံး ဆိတ်ကို မမိသေး၊ ထို့ကြောင့် ဥပုသ်မကျိုးသေး၊ ပြန်စောင့်



မည်ဆိုပုံ။ သစ်ကျုတ်ဒဏ္ဍာရီသည် လှောင်ချင်စိတ်ကို လှုံ့ဆော်ခဲ့လေသည်။

တင်ကျီးငှက်က ရေငုပ်ကာ အစာရှာဖွေ ကျွေးသည်ကို ထိုင်စားသော ကျီး။ နှစ်ဝမ်းအတွက် တကောင်တည်းက ရှာကျွေးရသဖြင့် သင့်ရုံသာ။ ဝမ်းမဝသော အစာရမှုကြောင့် တင်ကျီးကဲ့သို့ မြစ်ရေတွင် ရေငုပ်သော ကျီး။ ရေနစ်၍ အသက်ဆုံးသော ကျီး၏ ဇာတ်လမ်းကို ဖတ်အပြီးတွင် ကရုဏာ ဖြစ်သည်။ အပြစ်တင်ခြင်းမှလည်း မကင်း။

ဆရာ့ကြိမ်နှင့် ထိလိုက်ကတည်းက ပုံပြင်ဒဏ္ဍာရီလာအဆိုးအကောင်းကို ခွဲကြည့်သော အလေ့ ရလာ၏။ သို့သော် ထိုစဉ်က ကျွန်တော့် မျက်လုံးသည် သူတပါးကိုသာ ကြည့်ရန် မျက်လုံး။ ပုံပြင်များတွင် လူဆိုးလူကောင်းတွဲ၍ တွေ့ရလျှင် ကျွန်တော်သည် လူကောင်းချည်း။ လူဆိုးနေရာမှာ သူတပါးဖို့။

နောင်သောအခါ ပုံပြင်မှရသော ရှုထောင့်တို့ ပြောင်းလာသည်။ ဝက်ဝံနှင့်တွေ့လျှင် စွန့်ပြေးတတ်သော မိတ်ဆွေမျိုးကို မပေါင်းအပ်။ ထို့ပြင် စွန့်ပြေးတတ်သော သူမျိုး မဖြစ်အောင် ကျွန်တော် နေရမည်။ တဲထဲသို့ တစတစဝင်ယင်း တဲရှင်ကို တဲပြင်သို့ တွန်းထုတ်သော ကုလားအုတ်မျိုးကို ဝင်ခွင့် မပြုအပ်။ ကျွန်တော်သည် ထိုကုလားအုတ်ကဲ့သို့ မပြုမိရန်၊ တဲပြင်သို့ ရောက်သည်အထိ သဘောကောင်းသော တဲရှင်သဖွယ် မဖြစ်ရန် သတိထားလာသည်။ အစာရှာမရ၍ စောင့်ရသော ဥပုသ်မျိုး မစောင့်မိရန်၊ မကျွမ်းကျင်ရာ နေရာတွင် ကျွမ်းကျင်လေသည်ဟန် အထင်ရောက်ကာ ရေငုပ်သောကြောင့် ပျက်စီးသော ကျီးမိုက်ကဲ့သို့ မကျင့်မိရန် သဘောပေါက်လာသည်။ ထို့ပြင် မိမိအကျိုးအတွက် မိတ်

ဆွေကို စွန့်တတ်သော ခရီးသွား၊ တဲတွင်းရောက်သည်နှင့် တဲရှင်ကို ဖယ်ရှားတတ်သော ကုလားအုတ် သီလကြောင် သစ်ကျွတ်နှင့်တင်ကျီးတို့၏ ကိုယ်အမူအရာကို မြင်လာသည်။ စိတ်အမူအရာကို မြင်လာသည်။ နှလုံးအမူအရာကို မြင်လာသည်။ ထိုသဘာဝရှိသူတို့၏ ကိုယ်စိတ်နှလုံး အမူအရာတို့သည် ထိုအမူအရာမျိုးပင်တကားဟု သိလာသည်။ ထိုမည်သော ကိုယ်စိတ်နှလုံး အမူအရာ ရှိသူတို့၌ ထိုသို့သော သဘာဝသည် ရှိ၏ဟု သိလာရလေသည်။

၄

ရွက်ဟောင်းညွှာကြွေ၊ ရွက်သစ်ဝေ၍
လေပြည်ထဲတွင်၊ ငယ်ရုပ်ဆင်သည်
အသင် ယောက်ျားကောင်းတကား။

ဆရာမင်းသုဝဏ်၏ ဖျဉ်းမငုတ်တိုသည် အဖေ၏ အဓိပ္ပာယ် ပြောပြချက်ကြောင့် ရင်ထဲသို့ တိုးဝင်လာသည်။ စိတ်ဖျက် လက်လျှော့ရွယ် ကြုံရတိုင်း ထိုကဗျာက အားပေးသမှု ပြုလေသည်။

ကဗျာက ပြသသော လူ့အမူအရာကို စာပေ အတွေ့အကြုံ အလွန်နည်းပါးခါစတွင် သိသိသာသာ မမြင်။ နောင်သောအခါ ကဗျာလင်္ကာ၏ စွမ်းပကားကို မြင်စပြုလာလေသည်။ ‘....စစ်သဘော် အရာအထောင်ကို လွှင့်သွားစေနိုင်သော မျက်နှာ’ ဟု ဟယ်လင် မင်းသမီးအလှကို ဖွဲ့သည့် ခေါမစာဆို ဟိုးမား၏ အလင်္ကာ။ ‘....ကံကွက်ကြားလိုက်၍၊ ငမိုက်သား မုဆိုးလျှင်၊ နင်ချည်းပင် သေစေဟု’ ကျူးလွန်မိသော အပြစ်မှ လွတ်ကြောင်း စကားပလီပလာဆိုသော



သောနတ္တိုရ်၏ အမူအရာကို ဦးပုည လက်စွမ်းတွင် တွေ့လာရ၏။

တခါတရံ ဒီကောင်တောင် ဒီလိုဖြစ်သေးတာ ငါက ဘာလို့ မဖြစ်ရမှာလဲ။ ဒီကောင်က ဘယ်လောက် လေ့လာမှုရှိလို့လဲ။ ဘယ်လောက်တတ်လို့လဲ။ ဘာအရည်အချင်းရှိလို့လဲ။ လင်းတလောက်တော့ ငှက်တိုင်းလှပြီးသား။ ငါဆိုဒီကောင့်ထက် တော်ပြီးသား တတ်ပြီးသား။ ငါလုပ်ယင် သူ့ထက်အဆတရာ ဖြစ်သေး။ အောင်မြင်မှု ဦးရစ်သရဖူကို ငါဆောင်းပြမယ်ကွာဟု စိတ်မှာ ဖြစ်သည်။ ထိုစိတ်မျိုးသည် ပုလောင်သော အမျိုးအစား။ ထိုစိတ်နှင့် ယှဉ်၍ လောဘ၊ ဒေါသ မာန် မာနတို့သည် ပါးဖျဉ်းထောင်မည် ပြင်သည်။ ဝန်တိုခြင်း၊ မနာလိုခြင်း၊ တွန့်တိုခြင်း အစရှိသော ခြေလက်တို့ဖြင့် ကိုယ်ကို လှုပ်မည် ပြင်သည်။ ဝစီကံနှင့် ကာယကံသို့ မရောက်အောင် ခဲယဉ်းစွာ တားယူရသည်။ အတ္တ၏ လှုံ့ဆော်မှုကြောင့် ဆင်ခြင်တုံတရားသည် ရံခါ အားနည်းတတ်သည်။ သို့သော် စိတ်ယုတ်ဖြင့် ယှဉ်ရာ စကားကို မဆိုမိရန် ကြိုးစားရသည်။ ထွက်မိသည့်အခါ လျှင်စွာ ရုပ်သိမ်းပစ်ရန် အားထုတ်ရသည်။ နုတ်သိမ်းပယ်ဖျက်နိုင်သော အင်အားကို လေ့ကျင့်ယူရသည်။ ထိုစိတ်ဆိုးစိတ်ပုပ်တို့သည် အခြေခံလူကျင့်ဝတ်ကို ဖျက်ဆီးရာ ကျသည်ဟု အတွေးရသည်။ ထိုအတွေးကို ရစေသော ကဗျာ လင်္ကာ အများအပြားရှိသည်။ ပုံစံပြလိုသည်။, မေဒါလမ်း ကဗျာရှည်ထဲမှ ဖြစ်သည်။

**မတက်ရလျှင်တော့၊ တသက်ပါ၊ မခံပေါင်....တဲ့။**
**ကနစို တုံးတိုသစ်က၊ ကြွေးဟစ် ရန်ထောင်။**
**မနက်က အသေကောင်၊ သူတောင်မှ တက်နိုင်သေး။**

ငါတုံးတို့ ကနုစိုသားပေပါ၊
ချောင်းဖျားကို ခါတခေါက်၊ ရောက်ရမယ်လေး....တဲ့။

ကျွန်တော်သည် တခါတရံ ကနုစိုတုံးတို့။ တခါတလေ ကနုစို တုံးတို့တွေကို မြင်ရလေသည်။

၇

**လက်ဝဲဂိုဏ်း၊ ကွန်မြူနစ်ဝါဒသူငယ်နာ** အမည်ရှိသော စာအုပ်ကို ဖတ်ရစဉ်က လယ်ကျီယင်၊ ကော့စကီ အစရှိသည့် လူများအကြောင်းကို သိရသည်။ အိန္ဒိယကိုယ်တိုင်က အလေးအနက် ချီးကျူးဂုဏ်တင်ခြင်း ခံခဲ့ရသော မေးလင့်၏ အကြောင်းကို တွေ့ရသည်။ တော်လှန်ရေး အတွေ့အကြုံနှင့် တော်လှန်ရေး သဘောတရားများကို လီနင် ရေးသားသည့် ကျမ်းထဲတွင် မေးလင့်သည် ဆိုရှယ်လစ်ဝါဒ သစ္စာဖောက်။ အိန္ဒိယ ရှိစဉ်ကာလက မေးလင့်သည် ဆိုရှယ်လစ် သူရဲကောင်း။ လီနင်၏ လက်ဝဲဂိုဏ်းကွန်မြူနစ်ဝါဒသူငယ်နာ ကျမ်းတွင် သစ္စာဖောက်တယောက် ဖြစ်နေလေပြီ။ အပြောင်းအလဲပေတကား။

အမည်များစွာကို တွေ့ရှိလာသည်။ ဘန်းစဘီနီး၊ ဘောဝါး၊ အက်ဒလာ၊ ထရော့စကီ အစရှိသည်။ ဝါဒဆိုင်ရာ ဝေါဟာရများကို တွေ့ရသည်။ ဖောက်ပြန်ရေးသမား၊ သင်းခွဲသမား၊ ပြင်ဆင်ရေးသမား စသည်ဖြင့်။

ထိုအချိန်အခါက မည်သူတွေ မည်သို့ ပြုလုပ်နေကြသနည်းဟု တွေးတော နေမိလေသည်။

၈

မက္ကဗက်၊ ရေသည်လင်မယားတို့သည် အတွေးထဲတွင် ရှင်သန်လျက် ရှိသည်။ ဗိသနိုးကို တိုက်သော ဖူနန်ကောရှင်



သီရိမာရ၏ ထိုးစစ်နှင့် မဟာခရီးသည် သံဃာတော် ကုမာရဇီဝ။

သွေးစွန်းခြင်း၊ ဆင်းရဲခြင်း၊ နယ်ချဲ့ခြင်းနှင့် ဖွံ့သတ္တိတို့၏ သင်္ကေတများအဖြစ် မြင်လာသည်။ တဦးတယောက်ချင်း၏ စရိုက်များကိုသာမက လူ့အဖွဲ့အစည်း၏ သဘာဝလက္ခဏာတွေကို သတိပြုမိသည်။ အလွှာလိုက်၊ အတန်းအစားအလိုက် စည်းရုံးခြင်း၊ ပြိုကွဲခြင်း။ သွေးစုပ်ခြင်း၊ သွေးစုပ်ခံရခြင်း။ နယ်ချဲ့ခြင်း၊ နယ်ချဲ့ခံရခြင်း။ ပဒေသရာဇ်ခေတ်၊ နယ်ချဲ့အရင်းရှင်ခေတ်၊ ဖက်ဆစ်ခေတ်၊ ဓားလှံလေးမြားမှ တူမီးသေနတ်၊ စက်သေနတ်၊ အဏုမြူ လက်နက် ဖြစ်ပေါ် တိုးတက်မှုတွေကို ဝါးဝါး မြင်ရသည်။ လူ့အကြောင်း၊ လူ့အဖွဲ့အစည်းဟောင်း အကြောင်း၊ လူ့အဖွဲ့အစည်းသစ် အကြောင်း။

ဝတ္ထုရေးမည်ကြံသော ကျွန်တော့်အဖို့ စာရွက် ပေါ်မှ တဆင့် တွေ့ရသော လူတွေကို သိရုံဖြင့် မလုံလောက်ဟု ထင်သည်။

ထိုလူတွေကို ကျွန်တော် ပြန်လည် ခေါ်ယူပြီး ဝတ္ထုရေးမည် ကြံရွယ်သည်မှ မဟုတ်။ ထို့ကြောင့် ဝက်ဝံနှင့် တွေ့စဉ် သစ်ပင်ပေါ်သို့ တက်ပြေးသူ၊ ကုလားအုတ်၊ သစ်ကျုတ်၊ တင်ကျီး၊ မေးလင့်တို့ သာမက ဖော့၊ ပဒုမ၊ ချဉ်ပေါင်ရွက်သည် ခေါင်မှိုင်း၊ ပေမယ်၊ အာကျူး၊ အနဝါ၊ ရာစကိုနီကော့ တို့သည် ကျွန်တော့် ဝတ္ထုများအတွက် မလတ်ဆတ်တော့။

ဤတွင် သစ်လွင်လျက် ရှိသော လေ့လာရန် မျက်မှောက် ထင်ထင်ရှိသော လူတွေကို မလေ့လာလျှင် မဖြစ်တော့ဟု ကျွန်တော် သိလေသည်။

အဖေသည် စာမျက်နှာတွေကို ဖတ်တတ်ရန် သင်ပေးသည်။ အမေသည် လူမျက်နှာတွေကို ဖတ်တတ်ရန် သင်ပေးသည်။ ထိုနှစ်ခုစလုံးကို ကျွန်တော်သည် ကောင်းစွာ မဖတ်တတ်သေးဟု သဘောရသည်။ လူကို ဖတ်ရခြင်းသည် လွယ်ကူသော အလုပ် မဟုတ်ဟု ဖတ်ကြည့်မှ သိနိုင်သည်။ စာဖတ်ခြင်းမှာ အနက် ပေါက်အောင် မဖတ်နိုင်က စာလုံးများကို လျှောက်ကြည့်ခြင်းသာ ဖြစ်ပေမည်။ ထို့အတူ လူကို ဖတ်သောအခါ အဇ္ဈတ္တ ပေါ်လွင်အောင် မဖတ်နိုင်လျှင် ဗဟိဒ္ဓ သွင်ပြင်ကို မြင်ရရုံသာ ရှိပေမည်။ ဤအကွက် မည်သည့် အင်္ဂဝိဇ္ဇာကျမ်းကမျှ အကူအညီ ပေးနိုင်လိမ့်မည် မဟုတ်။

တူရာတူရာကို ဥပမာပေး၍ ပြောသော် ရနိုင်မည် ထင်သည်။ အမှန်တရား ဟူသော စကား၊ အမှန်တရားဘက်မှာ ရပ်သည် ဆိုသော စကားကို ပြောသူ။ အချို့ကား ဟုတ်၏။ အချို့သည် အခွင့်အရေး ဟူသော ဝေါဟာရကို ရှင်ဖျက်ကာ အမှန်တရား ဟူ၍ လွှဲပြောင်းသုံးသည်။ မြို့ဝန်မင်းနှင့် သစ်ခုတ်သမားတို့ စစ်တုရင်ထိုးကြသောအခါ မြို့ဝန်မင်းဘက်မှ အကြံတော်ပေးလိုသူများ။ ဆားနှင့်ဓားကို လဲလှယ်ဖောက်ကားသူများ။ မိမိကိုယ် ငိုမ ဈေးပြိုင်စနစ်ဖြင့် ရောင်းချသူများ၊ ဝေသာလီပြည်ကို ပြိုကျအောင်ချောစားသော ဝဿကာရဗြာဟ္မဏလို လူစားများ။ ငမိုးရိပ်မိကျောင်းလို လူစားများ၊ ညောင်တစ်ပင်လို လူစားများ အစ ရှိသည်ဖြင့် အမျိုးအစား များလှစွာ၏။

အချို့ စာအုပ်တို့သည် အဖုံး ခမ်းနား၏။ အချုပ် အလုပ်သေသပ်၏။ စာရွက်အချောစား။ စာအုပ်အမည် ကြီးကျယ်



လှ၏။ အနှစ်သာရမှာ တန်ဖိုးမဖြတ်အပ်ဟု အမြင်ဖြင့် တွက်မိစေလောက်၏။ ဖတ်ကြည့်၍ ပြီးဆုံးခြင်းမရှိမီ လိမ်ညာထားသော စာအုပ် ဖြစ်ကြောင်း သိရသည်။ ထိုအခါ စာအုပ်ဖိုး ဆုံးရှုံးခြင်း အဖတ်တင်သည်။ လူဖတ်ခြင်းသည် တခါတလေ ထိုသို့ ဖြစ်တတ်သည်။ နှစ်ခုစလုံး၌ အရင်းအနှီး ပေးကာ ဝယ်ယူရခြင်း သဘောကား မကွဲ။

လူ၏ ကိုယ်စိတ်နှလုံး အမူအရာတို့သည် ဝတ္ထုတွင် ပဓာနကျသော ကုန်ကြမ်းများ ဖြစ်လေသည်။ တဦးတယောက်ချင်း ဖြစ်စေ၊ အလွှာလိုက် အတန်းအစားအလိုက်ကိုဖြစ်စေ လေ့လာသောအခါ ဤသို့ သိရလေသည်။ လူမှုဘဝက ဆုံးဖြတ်ပေးသော လူမှုအသိတွင် ကံသုံးပါးစလုံး အကျုံးဝင်ကြောင်း တွေ့ရလေသည်။ လူမှုဘဝကိုထွင်း၍ မမြင်နိုင်သရွေ့ ကုန်ကြမ်းအဖြစ်ဖြင့်သာ ရှိနေဦးမည်ဟု သိရသည်။

ဝတ္ထုကောင်း၏ လက္ခဏာနှင့် ညီညွတ်စေနိုင်သော အချက်များတွင် ဤအချက်သည် အရေးကြီးဆုံး အချက်တချက်ဟု ကျွန်တော် သဘောပေါက်သည်။ ထို့ကြောင့် ဝတ္ထုရေးရန် လက်တွန့်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

၈

**နှလုံးသားမြို့တော်**....သည် ပထမ လုံးချင်းဝတ္ထု။ ကျွန်တော်၏ ဆယ့်တခုမြောက် လုံးချင်း။ ရှေ့တွင် ရှိသော ဆယ်ခုကို ပုံမနှိပ်ဖြစ်ခဲ့။ တချို့ကို ဇာတ်လမ်းမကြိုက်။ တချို့ကို ဇာတ်ကောင် မကြိုက်၊ တချို့ကို အခန်းခွဲပုံ၊ တင်ပြပုံ မကြိုက်၊ တချို့ကို စကားပြော မကြိုက်၊ အရေး အသား မကြိုက်။ ထို့ကြောင့် ပုံနှိပ်ခြင်း မပြုခဲ့။ ဆယ်နှစ်အတွင်း တနှစ်တပုဒ် ရေးဖြစ်ခဲ့သည်။ တလောတုန်းက ထိုစာမူတွေကို

ပြန်ပြီး ဖတ်ကြည့်သည်။ အတော် ရယ်ရလေ၏။ ဝတ္ထု တပုဒ်၏ အစမှာ "ရဲဘော်တို့....ကနေ့ပေါ်ပေါက်လာတဲ့ ဆိုဗီယက်-တရုတ်ဂိုဏ်းကွဲမှု ပြဿနာဟာ ဆိုယင်...." ဇာတ်ကောင် စကားပြောခန်းဖြင့် ဖွင့်ထားသည်။ အခြား တပုဒ်တွင် "နိုင်ငံတော် ဆိုတာဟာ....တော်လှန်ရေး ရဲ့ အနှစ်သာရဟာ"ဟု စကားလုံးတွေနှင့် ရှည်လျားသော ဆွေးနွေးခန်းတွေ ပါဝင်နေသည်။ အခြား တပုဒ်တွင် ဇာတ်လိုက်မင်းသားက မင်းသမီး၏ သစ္စာဖောက်ခြင်း ခံရသောအခါ မင်းသမီး၏ မိသားစုကို ဝေဖန်သည်။ နေ့ရှင် ပေါက်စ ဆိုသော ဝေါဟာရကို ပြည့်ညှပ်နေအောင် သုံးထားသည်။ နယ်ချဲ့၊ ဖိနှိမ်ရေးကိရိယာ၊ ဖောက်ပြန်သော ကာလ၊ နေ့ရှင်လက်ဝေခံ၊ ပစ္စည်းမဲ့၊ ပုဂ္ဂလိက ပြည့်တန်ဆာ အိမ်ထောင်ရေးစနစ် စသည့် စကားလုံးတွေကို မိုးမွှန်အောင် ရေးထည့်ထားသည်။

ကျွန်တော် မှတ်မိနေသည်။ အိန်ဂျယ်၏ အိမ်ထောင်စု၏ အစ, နိုင်ငံတော်၏ ပုဂ္ဂလိကပိုင်ဆိုင်မှု၊ လီနင်၏ နိုင်ငံတော် နှင့် တော်လှန်ရေး၊ မတ်မှ စတာလင်တို့၏ အမျိုးသမီး ပြဿနာများ၊ နှစ်ဆယ့်နှစ်ကြိမ်မြောက် ကွန် ဂ ရက် အစီရင်ခံစာတို့မှ ကူးချပြီး ဇာတ်လိုက်တွေကို ပြောစေခြင်း၊ စာသားထဲတွင် ရေးပြခြင်းများ။

ယခု ထုတ်ဝေလျှင် အဆုတ်သော် ခံရရာ၏။ စာဖတ်သူ၏ အဆဲသော် ခံရရာ၏။ ကုန်ကြမ်းသက်သက်။ ထို့ပြင် ဇာတ်ကောင်တို့သည် အနှစ်သာရ မကွဲပြားပဲ အရပ်ပြော မပြောတတ်။ ကျမ်းဂန်ပြော ပြောသည်ကို တွေ့ရသည်။

ထို့ပြင် ဝတ္ထု၏ အခြေခံ အချက်အလက်များနှင့်လည်း ထိုဝတ္ထုတို့သည် မညီညွတ်။ ထို့ကြောင့် အဆိုးဆုံး အထွက်



အကောင်းဆုံး ဥပမာများ အဖြစ်သာ သိမ်းဆည်းထားလိုက်သည်။

၉

ဝတ္ထုတိုဖြစ်စေ၊ ဝတ္ထုရှည်ဖြစ်စေ ရေးပြီး၍ လေးငါးခြောက်လအကြာ ပြန်ဖတ်ကြည့်လျှင် အပြစ် အနာအဆာတွေ တွေ့ရသည်ချည်း။ အကြောင်းသိ သူငယ်ချင်းက "ဒီလိုဆို၊ ရေးပြီးပြီးချင်း မဂ္ဂဇင်းတိုက်တို့ စာအုပ်တိုက်တို့မပို့နဲ့။ ရေးပြီး ခြောက်လလောက်နေမှပို့ဖို့ တခါ ပြန်ဖတ်ပေါ့။ တခုမှ မင်း ပို့ဖြစ် ပုံနှိပ် ဖြစ်တော့မှာ မဟုတ်ဘူး။ စာဖတ် ပရိသတ် မျက်စိ အညောင်းသက်သာအောင် ကူညီပါကွာ"ဟု ပြက်လုံးထုတ်သည်။

**နှလုံးသားမြို့ဟောင်း**....ကို ကံအားလျော်စွာ ထုတ်ဖြစ်သွားသည်။ ထိုအချိန်တွင် ထုတ်ဝေသူ တချို့က ထုတ်ဝေစရာစာမူအခက်အခဲရှိ၍ ရေးပေးပါဟု ဆိုသည်။ စာမူ ရှားပါးခြင်းသည် ထုတ်ဝေသူလောကတွင် ရင်ဆိုင်နေရသော ပြဿနာဟု သိရသည်။ စာမူကောင်းတွေမစုဆောင်း မရှိသေးမီ ကျွန်တော့် ဝတ္ထုဖြင့် တပုဒ်စ နှစ်ပုဒ်စ ခုပေးလိုက်လျှင် ကောင်းမည်ဟု ကျွန်တော် တွေးသည်။ သစ်မရမီ ဝါးကိုပေါင်းကွပ်ပေးပုံမျိုး စိတ်ကူးရ၏။ ကျွန်တော့် စာမူသည် ဝါး။

စင်စစ်၊ ဝတ္ထု ရေးရသည်မှာ ကျွန်တော့် အဖို့ ခက်လှ၏။ **နှလုံးသားမြို့ဟောင်း**....တွင် အတွေ့အကြုံ ရခဲ့သည်။ စကားပြေ၏ အခက်အခဲမှ အစ ဇာတ်ကောင်စရိုက် ဖော်မှု အထိ အခက်အခဲတွေ ရင်ဆိုင်ရသည်။ စပ်မိ၍ ဆိုပါရစေ။ ထိုဝတ္ထုထဲမှ ဇာတ်ကောင်များကိစ္စ။ ဝင်းလှိုင်သည် ရိုးရာ အစဉ်အလာ၏ ပြယုဂ်။ ခိုင်သည် ခေတ်သစ် စိတ်ဓာတ်

အနေအထားတမျိုး၏ သင်္ကေတ။ အသွ ဘူ အိမ်သူမဖြစ် ဇာတ် အမျိုးအပေါင်းကို ပုံသဏ္ဍာန် ဖြင့် ပြန်လည် ဆန်းသစ်ခြင်း။ ဝင်းလှိုင်သည် အလုပ်၌ လေးနက်သန်မာသော သမိုင်းသုတေသီအဖြစ် ကျွန်တော် မရေး။ 'အလုပ်၌ နစ်မြုပ်သော သုတေသီ'မျိုးမဟုတ်။ အလုပ်ထဲတွင် နစ်နေပါက ခိုင်နှင့် စကားများရန် ရေးခွင့်ရမည်မဟုတ်။ ခိုင့်ကို လျစ်လျူရှုကာ အလုပ်၌ နစ်မြုပ်ထားသောကြောင့် ခိုင်က မကျေနပ်ကာ စကားများ ရန်ဖြစ်ပြီး ကွဲသော ဇာတ်သွားကို ကျွန်တော် မရေး။ ထို့ကြောင့် ဝင်းလှိုင်သည် မှန်တန်း။ 'အလုပ်၌ နစ်မြုပ်သော သုတေသီနှင့် မတူ'အောင် ရှောင်ရှားရေးရသည်။ ထိုဝတ္ထုတွင် ရေးသူက မည်သူ့ကိုမျှ အပြစ်မဆိုမိအောင် ကြိုးစားကြည့်သည်။ ရေးထောင့်မှာ မင်းသားဘက်မှ။ ရုပ်ရှင်စကားဖြင့် ဆိုရလျှင် ဇာတ်အသားရသူမှာ ခိုင်။ ဇာတ်ရုံတွေကို ခိုင်နှင့် ပင်းလှိုင်လောက် နေရာပေးမထား။ အချို့မှာ တကွက်တလေ၊ တခန်းတလေ။သို့သော် ရှိသော အကွက်၊ အခန်းတို့တွင် ပင်မဇာတ်ကို ထောက်ပံ့နိုင်အောင် သရုပ်ဆောင်နိုင် မဆောင်နိုင် စဉ်းစားရပေမည်။ ဇာတ်ကောင် ဇာတ်ရုံ ဖော်ပြပုံ နည်းနာများစွာ ကွဲပြားသည်။ လူလေးငါးဆယ်ကို ရှေ့နောက်တန်းစီပြီး ဓာတ်ပုံရိုက်ထားသော သင်တန်းဆင်း ဓာတ်ပုံသဖွယ် ရှိချင်ရှိမည်။ တခါတရံ ပန်းချီကားသဖွယ် ရေးနိုင်ခွင့်ရှိသည် ထင်၏။ ပန်းချီဆွဲသော ကဗျာဆရာတဦး၏ လက်ရာ ပင်လယ်ပန်းချီကားကို ကြည့်ဖူးသည်။ သောင်စပ်။ သောင်စပ်သို့ ခေါင်းဇော့သော လှိုင်းငယ်များ၊ ရေမွှားများ၊ ပင်လယ်ရေပြင်နှင့် ကျောက်ဆောင်စွန်း။ သောင်ခြေဝန်းကျင်ရှိ အချို့ အရာဝတ္ထုတို့မှာ အမျိုးအစား မခွဲသာ။ ရေပြင်နှင့် တိမ်တို့ ထိ



သော ဟိုအဝေးမှာ အပြာရောင်။ ကောင်းကင်ပြာနှင့် ပင်လယ်မျက်နှာပြင်ကို ခွဲမရ။ အမျိုးအစား ခွဲ၍ မသိနိုင်သော အရာဝတ္ထုတွေကို မပီမသ မြင်ရသော်လည်း၊ ပီပီသသမြင်ရလျှင်လည်း အကြောင်း မထူးဟု ထင်၏။ သေးငယ်မှုန်မွှားသည် ဖြစ်ငြား၊ ယင်းတို့၏ ကားတချပ်လုံးကို အကျိုးသက်ရောက်မှုမှာ ကြီးမားလှ၏။ ထိုသဘောအတိုင်းပင် ဇာတ်ရုံဇာတ်ပို့တွေကို အနီးအဝေးချိန်ကာ ကျွန်တော် ထည့်ခဲ့သည်။ မခင်အိ၊ ကြည်ကြည်၊ ဦးသိန်းဇံ၊ နော်အဲလစ်၊ စောကျော်ငြိမ်း၊ ကျော်ကျော် စသည်။

၁၀

**နှလုံးသားမြို့တော်း....** ကို ထုတ်ဝေပြီး တလ မပြည့်မီ တေးသံစုံတွေ ကြားရ၏။ ချစ်ခြင်း မုန်းခြင်းနှင့် ယှဉ်သော ထင်မြင်ချက်များ၊ မယှဉ်သော ထင်မြင်ချက်များ။ မဂ္ဂဇင်း အယ်ဒီတာ သူငယ်ချင်းက ''ကိုယ့်လူ ဖြစ်ပြီ။ ဆက်တိုက်ရေး။ အသက်မွေးဝမ်းကျောင်း လုပ်ယင်တောင် ဖြစ်နိုင်နေပြီ''ဟု ပြောသည်။ ကျွန်တော် အမှန်ပင် လန့်သွားသည်။ များမကြာမီ ဝေဖန်စာတွေ ရောက်လာ၏။ မိတ်ဆွေ သူငယ်ချင်းတွေက အားပေး စကားတွေ ပြောကြသည်။ တချို့က အောင်မြင်သွားပြီဟု ဆို၏။ ထိုအခါ ကျဆုံးခြင်းဟူသော စကားကို ကျွန်တော် သတိရလျက်ရှိသည်။ တချို့က ကျော်ကြားသွားပြီဟု ဆို၏။ ထိုအခါ ဂုဏ်သတင်းညှိုးမှိန်ခြင်း ဟူသော လောက ဝေါဟာရကို အမှတ်ရလျက် ရှိသည်။ ရွတ်နောက်သော သူငယ်ချင်းတဦးက ''မင်း စာအုပ်က တပတ်နှစ်ပတ်တည်းနဲ့ ပြိုက်ကနဲကုန်သွားတာ ဘဝင်မြင့်မနေနဲ့။ စက္ကူပြတ်နေတုန်း ဘာစာအုပ်ထွက်ထွက် အုပ်

ရှေ့နှစ်ထောင်တော့ တန်းပြီကုန်နေတာ။ ပြီးတော့....အဲဒီ ခေါင်ရေလေးက ကာတွန်းစာအုပ် အုပ်ရေရဲ့ ဆယ်ပုံ တပုံ တောင် ရှိတာ မဟုတ်ဘူး။ ကြက်ကန်း ဆန့်အိုးတိုးတာ ငါ့ လူ။ စာတော်ပဒိုသတ်က အားပေးတယ်ဆိုပြီး အောက်ခြေ လွတ်မသွားနဲ့ဦး။ သန်း ပေါင်း များ စွာ သော စာ ဇတ် ပရိသတ်၊ စာမတတ် ရှာတဲ့ ပရိသတ်လဲ ရှိနေသေးတယ်။ မတော်တဆ ကံစွန့်ကံကြြား ဖြစ်တာကို စာပေလောကမှာ မောဓိပင်နဲ့ ရွှေပလ္လင်ရပြီ မထင်လိုက်နဲ့ဦး''ဟု အိမ်သို့လာ ပြီး ပြောသွားသည်။ သူအပြန်တွင် သူငယ်ချင်းတဦး ရောက် လာသည်။ သူနှင့် မတွေ့ရသည်မှာ ဆယ်နှစ်ကျော်ပြီ။ အိမ် ပေါ်တက်ယင်း ဖမ်းသာ အားရ ပြောသည်။''ဝင်းအတော် ဟုတ်နေပါလားကွ။ တခေလာတုန်းကလဲ ဆုတွေ ဘာတွေ ရလို့။ ဒီဝတ္ထုကိုလဲ သတင်းစာထဲမှာ ဟိုကမျိုးကျူး ဒီက ချီးကျူးနဲ့။ ငါ အခု မစားလောက်လို့ စာအုပ် အငှားဆိုင် ဖွင့်ထားရတယ်။ တို့မြို့မှာတော့ ငါ့ဆိုင်က အကြီးဆုံး ဆိုင်။ မင်းဝတ္ထုကို နှစ်အုပ်တောင် ဝယ်တင်ထားရတာ။ ငှားရ တာ လက်မလည်ပါဘူး။ ငါက အဲဒါ ကျုပ် သူငယ်ချင်း ရေးတာ ဘာညာနဲ့ ကြွားပစ်လိုက်တာပေါ့။မင်း နာမည်ကြီး ပြီ။တိုင်းပြည်က မင်းကို သိပြီ။ ဝမ်းသာတယ်ကွာ။ ခု ရန်ကုန် ဆင်းပြီး စာအုပ်လာဝယ်ယင်း မင်းဆီ အချိန်လုလာရတာ မရောက်တာ ကြာလို့။ ကားဂိတ်မှာ လည်နေတယ်။ ဆိုက် ကားဆရာကလဲ ရပ်ကွက်ကိုတောင် အကြောင်ကြောင် ဖြစ် နေတယ်။ မင်းတို့ ရပ်ကွက်ထဲ ဟိုမေးမရ ဒီမေးမရနဲ့ နာရီ ဝက်လောက် ချာလည်ပတ်လည် ဖြစ်နေတယ်။ လမ်းထိပ် က မုန့်ဆိုင်ရောက်မှ မင်းငယ်နာမည် မေးဖို့ သတိရတယ်။



အဲဒီတော့မှ ချာတိတ်တယောက် လိုက်ပို့လို့ရောက်တာကွ'' ဟု မောသံစွက်လျက် ပြောနေသည်။

ဆိုရှယ်လစ်သရုပ်မှန် စာပေအရာဝင်သော ဝတ္ထုကို ရေးရန် ကြိုးစားပါဟု သူငယ်ချင်းတယောက်က ပြောသည်။ ကျွန် တော်က ကြိုးစားရမည် ဖြစ်ကြောင်း ဖြေခဲ့သည်။ ဆိုရှယ် လစ် သရုပ်မှန်စာပေ၏ ခေါင်းဆောင်နှစ်ဦးဖြစ်သူ ဆရာကြီး ဂေါ်ကီနှင့် ဆရာကြီး လူရွှင့်တို့၏ စာတွေကို သတိရသည်။ ထိုဆရာကြီးတို့၏ ဝတ္ထုတွေ၊ စာပေသဘော တရားတွေ၊ ဒေဇနဲ့ချက်တွေကို လက်လှမ်းမှီသရွေ့ ဖတ်ဖူးသည်။ ပါရမီ ရှင် ဆရာကြီးနှစ်ဦးကို ကြောက်ရွံ့ ရိုကျိုးစွာ မြင်လာသည်။ ကျွန်တော်သည် ပိုက်ဆံတမတ်ဖြင့် ငါးကြင်းခေါင်းကို ကိုင် မိပြီလား။ ရေးသားမှု အတတ်၊ အနုပညာ၊ ဘဝအတွေ့ကို၊ အယူအဆ ရေးရာတို့သည် ကျွန်တော့တွင် မည်ရွေ့မည်မျှ မည်သို့ မည်ပုံ ရှိနေပြီလဲ။ ဆရာကြီး ဂေါ်ကီက လီနင်နှင့် စပ်လျဉ်း၍ စာတပိုဒ်တွင် ရေးဖူးသည်။ လီနင်နှင့် တွေ့သည့် အချိန်ကျမှ လီနင့်ကို နားလည်လာကြောင်း၊ ယခင်က နား မလည်ခဲ့ကြောင်း ရေးသားထားသည်။ ထိုစာမျိုးကို ဖတ်ရ၍ ကျွန်တော် တုန်လှုပ်သည်။ အနုစိပ်လွန်းသော၊ တဆံခြည် အတိမ်းမခံသော၊ သိမ်မွေ့ နူး ရှ လွန်း သော ဆို ရှယ် လစ် သရုပ်မှန် စာပေ၏ သဘော သ ဘာ ဝကို နား လည် ရန် အားထုတ်သည့် အပိုင်း၌ပင် ခက်ခဲလှပေဦးမည် တကား။ သဒ္ဒါမှားခြင်းကို မည်သည့် ဆိုရှယ်လစ်နိုင်ငံကမျှ ခွင့်လွှတ် နိုင်မည် မဟုတ်။ ထိုနည်းတူ၊ မည်သည့် အရင်းရှင်နိုင်ငံကမျှ ခွင့်လွှတ်နိုင်မည် မဟုတ်။ ဝတ္ထု၏ အခြေခံလက္ခဏာတို့နှင့် ညီညွတ်ခြင်း ကင်းသော မည်သည့် ဝတ္ထုကိုမဆို မည်သည့် နိုင်ငံကမျှ ဝတ္ထု၊ ဝတ္ထုကောင်းဟု သဘောတူ နိုင် မည်

ကြောင်းပြောသည်။ ဆရာပါရဂူ၏ဝေသာလီစာအုပ်ကို မိန်းမအားအသိမပေးဘဲ ဝယ်ရကြောင်း၊ ယခုလတွင် စာအုပ်ဖိုး ငါးဆယ် ထိသွားကြောင်း၊ သူ့မိန်းမ မကြားအောင် ခပ်တိုးတိုး ပြောသည်။ သူ့မိန်းမသည် ကြက်မွေးနုတ်နေသည်။ သူသည် အလုပ်လုပ်ယင်း စကားကို ကရားရေလွှတ် ပြောသည်။ ဓားသွေးကျောက်တွင် တရွှမ်းရွှမ်း ဓားသွေးယင်း စာအကြောင်း ပေအကြောင်း ပြောသည်။ မေးသည်ကို ကျွန်တော် တိုးတိုးဖြေသည်။ ကြက်ခြင်းထဲမှ ကြက်တွေ တွန်သံ၊ ကကောင့်တကောင်ဆိတ်သံ၊ တိုးဝှေ့သံတွေကြောင့် ကောင်းစွာကြားဟန် မတူ။ တဟင်ဟင်နှင့် ပြန်ပြန်မေးသည်။ ကျွန်တော်က ပြန်ပြန်ပြောရ၍ သူ စိတ်မရှည်။ ကြက်ခြင်းကို ခြေဖြင့် ဝုန်းကနဲ ကန်လိုက်သည်။ အသံတွေ တိတ်သွားတော့မှ စာပေ ဝေဖန်ရေးအကြောင်းတွေ မေးသည်။ ထို့နောက်၊ ငယ်သူငယ်ချင်းတွေ၏ အကြောင်းကို ရေးရန် တိုက်တွန်းသည်။

''လူကိုတော့ သိတာပေါ့ကွာ။ နီးနီးကပ်ကပ် တအိမ်တည်း နေတဲ့ မိသားစုကိုတောင် လူချင်းသိတာများ ပါတယ်။ ဘဝကို ထွင်းပြီး သိမှ ရေးလို့ကောင်းတာ မဟုတ်လား။ မင်းဆို ငါ့သူငယ်ချင်းပဲ။ ဒါပေမယ့်....မင်းတယောက်တည်းရဲ့ ဘဝကို ငါသိအောင် လုပ်ရဦးမယ်။ လူတွေကို မင်း ဘယ်လို သဘောထားသလဲ ဆိုတာပါ ငါလေ့လာရမှာ။ အေးကွာ....ငါ့သူငယ်ချင်းထဲက ဆင်းရဲသားတွေ အကြောင်းပြီး ရေးဖို့ စီစဉ်ရမယ်။ ငါ့သူငယ်ချင်းထဲက ကလေကချေ ပစ္စည်းမဲ့ မဟုတ်တဲ့ တကယ့် ပစ္စည်းမဲ့တွေ အကြောင်းလဲ ရေးဖို့ ငါကြိုးစားပါ့မယ်။ ခုနေတော့ ငါ့ကလောင်က ဖွတ်ကျားပဲ့။ ရည်းစားစာတောင် အသက်ပါပါ မရေးမှ မရေး



နိုင်သေးတာ''ဟု ကျွန်တော် ပြောလိုက်၏။ သူသည် ရုတ်တရက် အဖြေမပေးသေး။ ကြက်လည်လှီးရန် ဓားကို တရှပ်ရှပ် သွေးယင်း တွေးနေ၏။

၁၃

လောကအကြောင်း လူ့အကြောင်းသည် ဝတ္ထုသမုဒ္ဒရာဟု ကျွန်တော် ယုံကြည်လေ၏။ မိမိကိုယ်မိမိ နားလည်အောင် ကြိုးစားယင်း ဝတ္ထုအတတ်ပညာကို ကျွန်တော် ဆည်းပူးရဦးမည်။ ဘဝအတွေ့အကြုံကို စုဆောင်းရဦးမည်။ အယူအဆ 'ရေးရာတွေကို အမြင်ကြည်လင်စွာ လေ့လာရဦးမည်။ တစတစနှင့် ကျွမ်းကျင်လာကောင်း၏ဟု အားတက်ရချေသည်။ ရင့်ကျက်ခြင်းသည် လေ့ကျင့်ခြင်း၏ ဒုတိယအမည်။ သို့သော်၊ နုမှည့်ဖြစ်မည် စိုးရသေးသည်။ နုမှည့်တို့ မည်သည် ပုပ်လွယ်၏။

ဆရာ တာရာက ကျွန်တော့်ကို သတိပေး၏။ လေးစား အပ်သော သတိပေးချက်။

....ပျူဂီတကို တူးဖော်ချင်သော ငြိမ်းကျော်သည် အချစ် ရင်ခုန်သံဖြင့် ယစ်မူးရီဝေနေပေသည်၊....ဟု ရေးသည်။

လူသက် သာ တနှစ်ပြီး တနှစ် ကြီးလာပြီး၊ ကလောင်သက်မှာ စာပေဘဝ အစပြုချိန်ကအတိုင်း နုနယ်နေမည်စိုး၍ ဆရာတာရာ သတိပေးခြင်း ဖြစ်ပေလိမ့်မည်။ ဆယ်ကျော်သက်တို့၏ လပ်ခုပ်သံတွင် ကျွန်တော် နစ်မျောသွားမည်ကို စိုးရိမ်မကင်း ဖြစ်ဟန် တူ၏။

ကာလများစွာတို့သည် ကျွန်တော့်အား အဆုံးအဖြတ် ပေးရန် စောင့်လျှက် ရှိပါစေသတည်း။

ကြောင်းပြောသည်။ ဆရာပါရဂူ၏ဝေသာလီစာအုပ်ကို မိန်းမအားအသိမပေးပဲဝယ်ရကြောင်း၊ ယခုလတွင် စာအုပ်ဖိုး ငါး ဆယ် ထိသွားကြောင်း၊ သူ့မိန်းမ မကြားအောင် ခပ်တိုးတိုး ပြောသည်။ သူ့မိန်းမသည် ကြက်မွေးနုတ်နေသည်။ သူသည် အလုပ်လုပ်ယင်း စကားကို ကရားရေလွှတ် ပြောသည်။ ခေါင်းသွေးကျောက်တွင် တရှမ်းရှမ်း ဓားသွေးယင်း စာအကြောင်း ပေအကြောင်း ပြောသည်။ မေးသည်ကို ကျွန်တော် တိုးတိုးဖြေသည်။ ကြက်ခြင်းထဲမှ ကြက်တွေ တွန်သံ၊ ကကောင့်တကောင်ဆိတ်သံ၊ တိုးဝှေ့သံတွေကြောင့် ကောင်းစွာကြားဟန် မတူ။ တဟင်ဟင်နှင့် ပြန်ပြန်မေးသည်။ ကျွန်တော်က ပြန်ပြန်ပြောရ၍ သူ စိတ်မရှည်။ ကြက်ခြင်းကို ခြေဖြင့် ဝုန်းကနဲ ကန်လိုက်သည်။ အသံတွေ တိတ်သွားတော့မှ စာပေ ဝေဖန်ရေးအကြောင်းတွေ မေးသည်။ ထို့နောက်၊ ငယ်သူငယ်ချင်းတွေ၏ အကြောင်းကို ရေးရန် တိုက်တွန်းသည်။

''လူကိုတော့ သိတာပေါ့ကွာ။ နီးနီးကပ်ကပ် တအိမ်ထဲဘည်းနေတဲ့ မိသားစုကိုတောင် လူချင်းသိတာများ ပါတယ်။ ဘဝကို ထွင်းပြီး သိမှ ရေးလို့ကောင်းတာ မဟုတ်လား။ မင်းဆို ငါ့သူငယ်ချင်းပဲ။ ဒါပေမယ့်....မင်းတယောက်တည်းရဲ့ ဘဝကို ငါသိအောင် လုပ်ရဦးမယ်။ လူတွေကို မင်း ဘယ်လို သဘောထားသလဲ ဆိုတာပါ ငါလေ့လာရမှာ။ အေးကွာ....ငါ့ သူငယ်ချင်းထဲက ဆင်းရဲသားတွေ အကြောင်း တွေး ရေးဖို့ စီစဉ်ရမယ်။ ငါ့သူငယ်ချင်းထဲက ကလေကချေ ပစ္စည်းမဲ့ မဟုတ်တဲ့ တကယ့် ပစ္စည်းမဲ့တွေ အကြောင်းလဲ ရေးဖို့ ငါကြိုးစားပါမယ်။ ခုနေတော့ ငါကလောင်က ဖွတ်ကျားပဲ။ ရည်းစားစာတောင် အသက်ပါပါ မရေးမှ မရေး



နိုင်သေးတာ''ဟု ကျွန်တော် ပြောလိုက်၏။ သူသည် ရုတ်တရက် အဖြေမပေးသေး။ ကြက်လည်လှီးရန် ဓားကို တရှပ်ရှပ် သွေးယင်း တွေးနေ၏။

၁၃

လောကအကြောင်း လူ့အကြောင်းသည် ဝတ္ထုသမုဒ္ဒရာဟု ကျွန်တော် ယုံကြည်လေ၏။ မိမိကိုယ်မိမိ နားလည်အောင် ကြိုးစားယင်း ဝတ္ထုအတတ်ပညာကို ကျွန်တော် ဆည်းပူးရဦးမည်။ ဘဝအတွေ့အကြုံကို စုဆောင်းရဦးမည်။ အယူအဆ 'ရေးရာတွေကို အမြင်ကြည်လင်စွာ လေ့လာရဦးမည်။ တစတစနှင့် ကျွမ်းကျင်လာကောင်း၏ဟု အားတက်ရချေသည်။ ရင့်ကျက်ခြင်းသည် လေ့ကျင့်ခြင်း၏ ဒုတိယအမည်။ သို့သော်၊ နုမှည့်ဖြစ်မည် စိုးရသေးသည်။ နုမှည့်တို့ မည်သည် ပုပ်လွယ်၏။

ဆရာ တာရာက ကျွန်တော့်ကို သတိပေး၏။ လေးစားအပ်သော သတိပေးချက်။

....ပျူဂီတကို တူးဖော်ချင်သော မြိမ်းကျော်သည် အချစ်ရင်ခုန်သံဖြင့် ယစ်မူးရီဝေနေပေသည်၊....ဟု ရေးသည်။

လူသက် သာ တနှစ်ပြီး တနှစ် ကြီးလာပြီး၊ ကလောင်သက်မှာ စာပေဘဝ အစပြုချိန်ကအတိုင်း နုနယ်နေမည်စိုး၍ ဆရာတာရာ သတိပေးခြင်း ဖြစ်ပေလိမ့်မည်။ ဆယ်ကျော်သက်တို့၏ ယပ်ခုပ်သံတွင် ကျွန်တော် နစ်မျောသွားမည်ကို စိုးရိမ်မဂ္ဂင်း ဖြစ်ဟန် တူ၏။

ကာလများစွာတို့သည် ကျွန်တော့်အား အဆုံးအဖြတ် ပေးရန် စောင့်လျက် ရှိပါစေသတည်း။

၁၄

သစ်ပင်ပါသို့ တက်ပြေးသော ခရီးသွားဖော်၊ ကုလားအုတ်၊ သစ်ကျုတ်၊ ကျီးနှင့် ဖေးလင့်တို့အား အမှုပေးဝေပါကုန်၏။ သာဓုအနုမောဒနာ ခေါ်နိုင်ကြပါစေ။

၁၅

သားရေ ကုန်သည်နှင့် စပါးကုန်သည်တို့ နှစ်ယောက်၏ ဘုန်းတော်ကြီးကျောင်းတွင် ခရီးတထောက် နားခြင်း၊ ကုန်သွား အဝယ်နှင့် ကုန်ဝယ်အပြန် စေတနာကို အမှီပြုကာ ကျောင်းထိုင်ဘုန်းကြီးသည် နေရာထိုင်ခင်း အပြောင်းအလဲဖြင့် ညွှဲဝတ်ပြုခဲ့သည့်ပုံပြင်ကို အထူးသတိရနေသည်။ ကျွန်တော်သည် စပါးကုန်သည်လော၊ သားရေကုန်သည်လော။ ထို့ပြင် ခရီးသည် အသွားလော၊ အပြန်လော။ စေတနာသည် နေရာထိုင်ခင်းကို ပြဋ္ဌာန်းပေတော့အံ့။

ငြိမ်းကျော်

၁၂၊၀၂၊၇၅

ဒုတိယ အကြိမ်

## ဒုတိယနိုပ်ခြင်းအမှာ

ဆယ်နှစ်အကြာတွင် အမှာပါအချက်အလက်တို့သည် ပြောင်းလဲခြင်း မရှိသေးပါ။ တခုတော့ ကျွန်တော် ပြောနိုင်ပါသည်။ ကျွန်တော်၏ ဝတ္ထု ရေးသော အတတ်သည် လွန်ခဲ့သော ဆယ်နှစ်ကထက် အနည်းငယ်, တိုးတက်လာပါသည်။

ငြိမ်းကျော်

၂၀–၉–၈၅

ရာဇဝင်ချုပ် ပထမစာစောင်

မိုးသားတွေ တိမ်တောင်ဖွဲ့၍ ရွေ့လာကြသည်။ တောင်ပင်လယ်အရပ်မှ ထွက်ခွာလာပုံမှာ မြန်လှ၏။ ခေါင်းတမော့သာသာအရောက်သို့ တိမ်ဦးစွန်းသည် အပြေးနှင်လာ၏။ နေအလင်းသည် မိုးတိမ်၏ ကျောပြင်ထက်၌သာ နားနေလိုက်ပြီ ထင်၏။ အပူရှိန်သည် အင်အားကို ဆုတ်ဆိုင်းစပြုလေပြီ။ အုံ့ပျသော အငွေ့ အသက်သည် ရင်ကို သိသာစွာ လာထိသည်။ အသက်ရှူရသည်မှာ ခြောက်တည့်ခြောက်သွေ့ မဟုတ်တော့။ အိမ်ခေါင်ထက်မြင့်နေသော ဝါးနက်ရုံရှိ ဝါးညွန့်ဝါးရွက်တို့သည် အမြှိမ်သက်ကြီး ငြိမ်သက်လျက် ရှိသေးသော်လည်း မုန်သုံလေပြည်သည် အပါး၌ရောက်လာပြီဖြစ်ကြောင်း သိလိုက်သည်။

ဆီးရေငွေ့ ပါသော လေထုသည် အစ၌ ခပ်ပါးပါး။ မကြာမီပင် ပန်းအိပင်သည် လှုပ်ရှားစပြုလာ၏။ ဆယ့်နှစ်ရာသီပွင့် သုံးလေးပွင့် ကြွေကျသွားသည်ကို မြင်ရသည်။ ဝါးညွန့်တို့သည် တဖျပ်ဖျပ်ခါနေကြသည်။ မိုးပိတောက်ပင်၏ အကိုင်းတို့သည်

နွဲ့နွဲ့လှပ်လှပ်နှင့်။ ရွက်ရင့်စိမ်းတို့သည် ပလူတောင်ပံခတ်လျက် ရှိလေသည်။ ဆယ့်ငါးနှစ်သားသို့ ရောက်နေပြီ ဖြစ်သော မိုး ပိတောက်ပင်သည် အရွယ်နှင့် မလိုက်အောင် မြင့်မြင့်မားမား၊ အကိုင်းအခက် စုံစုံညီညီ၊ အပွးအရွက် စည်စည်ကားကား။ မိုး ပိတောက်ပင်ပျိုသည် သည်ခြံတွင်းသို့ သူ့ကိုဆောင်ယူခဲ့သော၊ ရှင်သန်သည်အထိ သူ့ကို မွေးခဲ့သော အရှင်သခင် ကွယ်လွန်ခဲ့ ကြောင်း သိပုံမပေါ်။

‘မောင်မောင်ကျော်တို့ ဒီည ဒီမှာ လာအိပ်ကြဦးမှာ လား သား’

စိတ်ကို လွှင့်ထားမိသည့် အခိုက် အမေ့ အသံကို ရုတ်တရက် ကြားရ၏။ ပြတင်းပေါက်တွင် ထောက်ထားသော လက်နှစ် ဘက် ကြွလိုက်သည်။ မည်မျှကြာကြာ လက်ထောက်နေခဲ့သည် မမှတ်မိ။ လက်ဖနောင့်တွေ ကျဉ်လျက် ရှိသည်။ လက်ဖဝါး နှစ်ဘက်ကို ဖြန့်ချည်ဆုပ်ချည်ပြုယင်း အမေ့ဘက်သို့ ကိုယ်လှည့် လိုက်၏။ အမေသည် သင်ဖြူးဖျာ ပေါ်တွင် ကိုယ်တစောင်း လှဲ၍နေ၏။ ထက်ပိုင်း ခေါက်ကာ အုံးထားသော ခေါင်းအုံး ကြားမှ ပုတီးသည် ဖျာပေါ်သို့ မထိတထိ ကျနေသည်။

‘ပြန်လာကြမယ်လို့တော့ ပြောသွားတာပဲ။ ဒါပေမယ့် သိပ်မသေချာပါဘူး။ သူတို့လဲ တော်တော့်ကို ပင်ပန်း နေကြတာပဲ မဟုတ်လား။ ခုနစ်ရက်လုံးလုံး အအိပ်





ပျက် အစားပျက်နဲ့။ ဒီနေ့တော့ အိမ်ပြန်ပြီး နားကြ တယ်နဲ့တူပါရဲ့’

နွမ်းနယ်သော မျက်လုံးဖြင့် ကြည့်ကာ အမေက ပြောသည်။

‘ဟုတ်ပါတယ်။ သား သူငယ်ချင်း တွေကို အမေ တကယ်ပဲ ကျေးဇူးတင်ပါတယ်။ မင့်အဖေ မမာတုန်း ကလဲ သူတို့ပဲ ကူညီကြတယ်။ ဆေးရုံ တင်တော့လဲ မနေရရှာပါဘူး။ ဆုံးတော့လဲ ရက်လည်တဲ့ အထိပဲ။ တော်ကြပါတယ်ကွယ်။ ဂျိုးဇက်က ပိုပြီး ပင်ပန်းရှာ တယ်။ လူက သေးသေးညှက်ညှက်။ သူ့ဗလလေးနဲ့ ရေထမ်း၊ ကုလားထိုင်တွေ သယ်၊ စားပွဲတွေ သယ်နဲ့ လုပ်တာကိုင်တာကျတော့ ဖျတ်ကယ်ဖျတ်ကယ်နဲ့ မြန် လိုက်တာ’

ဂျိုးဇက်ကို ကြည့်လျှင် အမေ ပြောသည့်အတိုင်း လူက သေး သေး ညှက်ညှက်။ သူတို့လူသိုက်ထဲတွင် ဂျိုးဇက်သည် အသက် အကြီးဆုံး။ အသက် အစိတ် ရှိနေသော်လည်း ဂျိုးဇက်သည် အသက် အငယ်ဆုံးဟု ထင်ရလောက် အောင် နုနယ်သည်။ အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်သည်။ ခေါင်း တွင် ဆံပင်တချောင်းမျှ ထိုးထိုးထောင်ထောင် မရှိစေရ။ တိုက်ပုံ အင်္ကျီအိတ်ထဲတွင် အိတ်ဆောင်ဘီး တချောင်းတော့ အမြဲတမ်း ထည့်ထားသည်။ ထို့ပြင် နွေနွေ မိုးမိုး ဆောင်းဆောင်း တိုက်ပုံမချွတ်။ မျက်နှာတွင် မိုးပွင့် အဖွေးသားနှင့်။ အောင်ဒီ

ကလုံးရေမွှေးအနံ့သည် သူ့ကိုယ်မှအစဉ်ပျံ့လျက်ရှိစမြဲ။ သူသည် ဟိန္ဒူဖြစ်သော်လည်း ဟိန္ဒူဟု ခေါ်လျှင် မကြိုက်။ စကားပြောတိုင်း တို့ဗမာတွေ အနေနဲ့၊ တို့ဗမာ့ယဉ်ကျေးမှုအရ ဆိုယင် တို့ဗမာ့ဂီတက စသည့်စကား မကြာမကြာ သုံးတတ်သည်။ တခါတရံ အကျိုးအသန့်သော အောင်ထွက်နှင့် တင်မောင်လွင်တို့သည်ပင် သူ့စကားကို နှစ်မြှင့်သွားတတ်သည်။ ဂျိုးဇက်၏ စကားပြောကောင်းပုံကို အမေ မကွယ်လွန်မီက ချီးကျူးလေ့ရှိခဲ့သည်။ အချိန်တွင် သူသည် စကားပြောကောင်းရုံ သာမက ဂစ်တာတီး ရာ တွင် လည်း တော် သည်။ သီချင်းညည်းရာတွင်လည်း တော်သည်။ သီချင်းဆိုသောအခါ၊ သေး ငယ် လွန်း သော အသံကြောင့် နားထောင်မကောင်းဟု သူ့ကိုသူ ပြောသည်။

'ငါ အဆိုတော် မလုပ်ချင်ပါဘူး၊ ဂစ် တာ အ တီး သ မား ကောင်းပဲ ဖြစ်ချင်တယ်၊ ကျောင်းထွက်ပြီးတော့ကို လျှပ်စစ်ဂီတာအတီးကျင့်မယ်'ဟု ပြောဖူးသည်။ ပြော သည့် အ တိုင်းပင် ဉပစာအပိုင်းခကို ဆက် မ တက်။ လျှပ် စစ် ဂစ် တာ ကို တရက်မပျက် အ တီး ကျင့် သည်။ ဂျိုး ဇက် အ ဖို့ စား ရေး သောက်ရေး ပြဿနာမရှိ။ သူ့ မိဘသည် ရန်ကုန်တွင် ဝင်ငွေကောင်းသော ထမင်းဆိုင်ပိုင်ရှင်များ ဖြစ်၏။ မွေးချင်း ဟူ၍ များများစားစား မရှိ။ မာရီယာ အမည်ရှိ နှမတယောက်သာ သူ့တွင် ရှိသည်။ ဂျိုးဇက်၏ ဘဝသည် ပူပန်စရာ မရှိ။

'သြော်....ဒါထက်။ မောင်မောင်ကျော်ကတော့ အသိ





မပေးပါနဲ့လို့ အမေ့ကို ပိတ်ထားတာပဲ။ ဒါပေမယ့် အမေ ပြောရဦးမယ်'

ပြတင်းပေါက်ဘောင်တွင် နောက်မှီ လိုက်ယင်း မေးလိုက်၏။

'ဘာလဲ အမေ၊ မောင်မောင်ကျော်က အမေ့ကို ဘာများ ပိတ်ထားလို့လဲ'

'မင်း အဖေ ကိစ္စမှာ သုံးဖို့ စုံဖို့ ဆိုပြီး အမေ့ကို ငွေ နှစ်ရာ ကူတယ်'

သူ နှုတ်ဖူး တွန့်လိုက်မိ၏။

'ဟာ....ဒီကောင်ကလဲ။ ကျွန်တော် သူတို့ကို ပြောထားသားပဲ။ ကျွန်တော့်မှာ အဖေ့ကိစ္စအတွက် လုံလောက်ပါတယ်၊ ကူငွေပေးတာ ဘာတာ မလုပ်နဲ့လို့ ဆိုတဲ့ကြားက၊ တော်တော်စက်တာပဲ။ မဟုတ်ဘူး အမေရဲ့ ကိုယ့်ကိစ္စကြောင့် သူများမှာ တာ ဝန် ပို သွား ရ မှာ စိုးတယ်။ ဆရာ ဦးမြတ်စံဆီက ငွေငါးရာ ဓား လှည့်လိုက်တာလဲ ဒီကောင်တွေ အသိပဲ။ အမေ့ဆီမှာလဲ တထောင်နီးပါး ရှိပါသေးတယ်လို့ ကျွန်တော် ပြောပြထားတယ်။ အမေက ဘာလို့ လက်ခံလိုက်ရတာလဲ'

အမေသည် အားတုံ့ အားနာ မျက်နှာနှင့် ဖြေသည်။

'အမေ အတန်တန် ငြင်းပါတယ်။ သား မှာ ထား တဲ့ အတိုင်း သူ့ကို အမေ ပြောပါတယ်။ ဆွေမျိုးသားချင်းလို သူ့ကို သဘော မထားလို့လား ဘာလားလဲ အမေ့ကို ပြောသေးတယ်။ အမေတို့မှာ လုံလောက်တယ်

ဆိုတာလဲ သူသိပါတယ်တဲ့။ ဒါပေမယ့်....ဦးလေး ကိစ္စမှာ ကသိုလ် ပါဝင် ခွင့်တောင် မပြုတော့ဘူးလားလို့လဲ ပြောသေးတယ်ကွယ့်။ အမေက ပြောလိုက်ပါတယ်။ မောင်ထွေးအောင် သိယင် အဒေါ်ကို ဆူလိမ့်မယ်လို့။ ဆူပေစေဗျာတဲ့။ ဒီ ကောင် ကို ကြည့်ပြောလိုက်မယ်တဲ့။ အခုနေတော့ အဒေါ်က ပြောမပြလိုတ်နဲ့ဦးတဲ့'

'ဒီကောင် တော်တော်ဆိုးတဲ့ ကောင်ပဲ။ အဲဒီ ငွေကော အမေ....'

အမေသည် ခေါင်းကို တချက်ကုတ်ယင်း ထွေးအောင်ကို ပြောလိုက်၏။

'သူပေးတဲ့အတိုင်း အဝတ် ဗီရို ထဲမှာ သိမ်းထားတယ်။ တပြားမှ ယူမသုံးပါဘူး'

သည်ညှ မောင်မောင်ကျော် ပြန်လာလျှင် ပြောရပေဦးမည်။ ခက်သည်က မောင်မောင်ကျော့် အကြောင်းကို သိထား၍ ပြောပုံပြောနည်းကို တင်ကြို စဉ်းစားထားရမည်။ လူပုံ လူပန်းမှာ ခပ်နွဲ့နွဲ့ အရပ်က ရှည်ရှည်။ သို့ရာ တွင် စိတ်ထားကျတော့ မနွဲ့။ စိတ်မရှည်၊ တခုခုကို သူ မကျေနပ်လျှင် ရှူးရှူးရှားရှား ဖြစ်သည်မှာ သူ့ဓလေ့။ ဒေါသသည် သူ့ထက် တမိုက်ပို၍ မြင့်သည်ဟု အောင်ထွတ်က အမြဲ ပြောသည်။ သို့သော် မောင်မောင်ကျော့် ဒေါသသည် နာရီပိုင်း မိနစ်ပိုင်း အတွင်း၌ပင် အငွေ့ပြန် ခန်းခြောက်သွားသည်။ သူ့ဝသီမှာ





ဆဲရေးတိုင်းထွာသံဖြင့် စကာ ထိုအသံဖြင့်ပင် နိဂုံးချုပ်သည်ချည်း။ သူ့အကျင့်မှာ တခါတခါ ကြောက်စရာ ကောင်း၏။ သူပေးလျှင် ယူမှကြိုက်၏။ ကျွေးလျှင် စားမှကြိုက်၏။ မယူလျှင်ဖြစ်စေ၊ မစားလျှင် ဖြစ်စေ ကျေနပ်ခြင်း ကင်းသော အကြည့်ဖြင့် ဦးစွာကြည့်သည်။ ထို့နောက် 'ဒါက ဘာသဘောလဲကွ' အစချီကာ မေးမြန်းရန် နှုတ်ခမ်းကို ဟ၏။ ထိုအဟနှင့် မရှေးမနှောင်းပင် ဆဲသံ အစပျိုးလေ၏။ ထို အချိန်တွင် ရှင်းလင်းပြောပြရန် အားထုတ်ခြင်းသည် အချည်းနှီးဟု သူတို့ အားလုံး ကိုယ်တွေ့သိ သိခဲ့ကြပြီး။

သူ့စေတနာကို ပူလောင်သော စေတနာဟု တင်မောင်လွင်က ကင်ပွန်းတပ်သည်။ သူငယ်ချင်း တသိုက်ထဲတွင် မောင်မောင်ကျော့် အကြောင်းကို အခြားသူများထက် ထွေးအောင်က ပို၍ သိသည်။ မောင်မောင်ကျော်သည် သူနှင့် ပို၍ လက်ပွန်းတတီး အနေများသည်။ ထို့ပြင် မောင်မောင်ကျော်၏ အိမ်သည် အခြား သူငယ်ချင်းတို့၏ အိမ်ထက် အရောက်အပေါက်များရာ အိမ်ဖြစ်သည်။ မောင်မောင်ကျော်သည် သူ့လိုပင် တယောက်တည်းသော သား။ မောင်မောင်ကျော်၏ မိဘသည် သူ့ကို သူတို့သားလိုပင် သဘောထားသည်။ စီးပွားရေးချောင်လည်ကြသူများဖြစ်၍ သူ့အတွက် အင်္ကျီစ လုံချည်စများ ဝယ်ပေးတတ်သည်။ မှတ်မှတ်ရရမှာ သူ ပန်တျာကျောင်း တက်မည်ကို ကြားသောအခါ မောင်မောင်ကျော့် မိဘက ခေါ်သည်။ ဒက္ကရွှန်ရှပ်အင်္ကျီတဝတ်စာ၊ သက္ကလတ် တိုက်ပုံအင်္ကျီ

တဝတ်စာ၊ အင်းလေးလုံချည်တထည် ပေးသည်။ အင်္ကျီလုံချည်ချုပ်ခနှင့် တလစာ လမ်းစရိတ် မုန့်ဖိုးအတွက် ငွေငါးဆယ်ပေးသည်။ ထို့ပြင် ဆွစ်ကုမ္ပဏီလုပ် ကျောက်နှစ်ဆယ့်တလုံးထပ် ရိုးမားနာရီ တလုံးကိုပါ လက်ဆောင်ပေးသည်။ နာရီကိုယူရန် သူ အားနာသည်။ သူငြင်းသည်။ မောင်မောင်ကျော့ခေါ်ကာ ချက်ချင်းပတ်ခိုင်းသည်။ ပုံနှင့် အရောင်ကို သဘောမကျသေးလျှင် နာရီဆိုင်ကိုလာပြီး ကြိုက်တာ ရွေးယူဟု ပြောသေးသည်။ တလလောက်နေလျှင် သင်္ဘောဖြင့် ပါလာမည့်ပုံသစ်ပုံဆန်း နာရီတွေကို စောင့်ချင် စောင့်ဦး၊ သို့မဟုတ်သူ့သဘောဟု ပြောသေးသည်။

'အမေ့ကို အဲဒီငွေ နှစ်ရာပေးနေတုန်းက မောင်အောင်ထွတ်လဲ အနားမှာ ရှိတယ်၊ မောင်အောင်ထွတ် ကိုသား အရင်မေးကြည့်'

'အဲဒီကောင်ကလဲ တပြဿနာ၊ ရက်လည်ဆွမ်းကျွေးယင် ကြက်သားဟင်းဖိုး သူမထည့်ရယင် ဒီကို မလာဘူး ဘာညာနဲ့ အကျပ်ကိုင်လို့ ကျွန်တော် လျှော့ပေးခဲ့ရတယ်'

'သြော်….ဒါတော့ သားရယ်၊ သူ့ စေတနာကို ပစ်ပယ်ရာ မကျအောင်လဲ ဒီလိုပဲ လိုက်လျောရမှာပေါ့'

'အောင်ထွတ်က အဲ့သလို အစလုပ်လိုက်ထာနဲ့ တင်မောင်လွင်ကလဲ သေတ္တာဖိုး သူကုသိုလ်လုပ်မယ် ဖြစ်လာရော၊ သေတ္တာဖိုးအတွက် သူတာဝန်ယူမှာကို လက်





ပခံနိုင်ယင် အောင်ထွတ် ဥစ္စာကိုလဲ လက်မခံရဘူးတဲ့၊ ဒီတော့ ဂျိုးဇက်ကလဲ တထောင့်ကနေ ရှုပ်ရှုပ် လုပ်ထာပေါ့ အမေရေ၊ ရက်လည်တဲ့ နေ့အထိ ပရိသတ်ကို လက်ဖက်ရည်အချိုနဲ့ ဧည့်ခံဖို့ နို့ဆီသကြား လက်ဖက်ခြောက်ရယ်၊ ဆေးလိပ်ရယ်၊ ဘုန်းကြီးပွဲအတွက် အချိုပွဲကို သူ တာဝန်ယူမယ် ဖြစ်လာရော'

'သားတို့ ဆူညံဆူညံနဲ့ အဲဒါတွေပြောနေတာ အမေကြားသားပဲ'

'သင်္ဂြိုဟ်ဖို့ ငွေရေးကြေးရေးလုံလောက်ပါတယ် ပြောလဲမရဘူး၊ ဇွတ်ချည်းပဲ'

သပ်မိုးပေါ်သို့ တဖြောက်ဖြောက် ကျလာသော မိုးပေါက်သံကို ကြားရသည်။ ပြတင်းမှ တိုးလိုက်သော လေသည် ထွေးအောင့်ကျောကို တချက်ဝေ့၏။

'မောင်မောင်ကျော်ကို သား ပစ်ပြီး မဟောက်လိုက်နဲ့ဦး'

ခေါင်းညိတ်ပြလိုက်သည်။

'ဒီပြင်လူတွေကျတော့ သားလက်ခံလိုက်ရပြီး သူ့ကျမှဘာဘာညာညာ ပြောတယ်လို့ ထင်သွားမှာ စိုးလို့ကွယ်'

'ဒီပြင် လူဆိုတာကလဲ ဒီကောင်တွေ တသိုက်ပါ၊ မောင်မောင်ကျော့ကို ကျွန်တော် ကြိုပြောထားတယ်၊ အဖေ မမာတုန်းက ဆေးဖိုးဝါးခတို့၊ ဓာတ်စာတို့ဆို

ယင် သူက လိုလိုချည်း မဟုတ်လား၊ ဒီတော့ ဒီကိစ္စမှာ ဘာတာဝန်မှ မယူဖို့ ကျွန်တော် တောင်းပန်ခဲ့တယ်၊ ကျွန်တော့် ရှေ့ကျတော့ ကောင်းပြီး ကောင်းရှဲနဲ့၊ ငွေနှစ်ရာဆိုတာ နည်းသလား၊ ထားတော့ အမေရယ်၊ ငါးဆယ်မျိုး ခြောက်ဆယ်မျိုးဆို တော်ပြီပေါ့’

အမေသည် မည်သို့မျှ ပြန်မပြော။ အိမ်ရှေ့ဘက်သို့ လှမ်း၍ ကြည့်နေ၏။

‘အောင်ထွတ်တို့ကတော့ ထားပါတော့၊ သူက တိုက်နဲ့ ကားနဲ့၊ စပ်ကျယ်စက်ကြီး တခုလုံး နောက်ခံရှိနေတာ၊ တင်မောင်လွင်ကိုတော့ ကျွန်တော် တော်တော်အားနာတယ်၊ ညီအစ်ကို မောင်နှမကလဲ အများကြီး၊ သူ့ အလုပ်က အောက်တန်းစာရေးလေး၊ သူ့အမေ စက်ချုပ်တဲ့ ဝင်ငွေနဲ့ သူ့အစ်မ သက်န်းဆိုးလို့ ရတဲ့ ဝင်ငွေလေး ရှိတာ၊ တခုတော့ ရှိတာပေါ့ အမေရယ်၊ သူငယ်ချင်းတွေရဲ့ မေတ္တာစေတနာကို သိရလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတယ်ပေါ့’

ပြုံးလိုက်သော အမေ့မျက်နှာကို မြင်ရ၏။ မိုးစက်ကျသံတွေ စိပ်လာသည်။ သူ့ကိုယ်ကို မိုးစတွေ လာစဉ်သည်။ အမေ့ထံမှ မည်သည့် စကားမျှ မကြားရ။ အမေ့စိတ်သည် အဖေ့ထံသို့ လွင့်လေပြီဟု တွက်၍ ရ၏။ အမေ့ အာရုံသည် အဖေရှိရာသို့ အမျှင်တန်းလေပြီဟု နားလည်ရလေ၏။ ထိုအသွင်ဖြင့် ရှိနေသော အမေ့ကို မမြင်ရက်။ သည်နှစ်ထဲတွင် အမေ့





ရုပ်သွင်သည် မနှစ်ကထက် ပို၍ ကျလာ၏။ ဆံပင်ဖြူတွေ တိုးလာ၏။ အသားတွေ ညိုလာ၏။ ဝဝဖိုင့်ဖိုင့် ခန္ဓာကိုယ်သည် ကိုယ်အလေးချိန် လျော့လွန်းသောအခါ အိုစနာခိုင်မှန်းသိသွယ်သည် ထင်၏။ ယခုလို အအိပ်ပျက် အစားပျက် ရက်ဆက် ဖြစ်လာသောကြောင့် ခြောက်ဆယ်ကျော်ဟု ထင်ရအောင် ဆယ်နှစ်မျှ အသက်ပိုကြီးသွားလေ၏။ အမေ၏ပင်ပန်းမှုဒဏ်သည် အတော်ကြာခဲ့ပြီ။ အိပ်ရာတွင် အဖေလဲခဲ့သည်မှာ ခြောက်လနီးပါး။ ထိုကာလများအတွင်း အမေသည် နေ့မအိပ်ညမအိပ်ပြုစုသည်။ သို့သော် တခွန်းမညည်းညူ။ အဖေစားချင်သည် ဆိုသော ဟင်းကို စိတ်ရှည်လက်ရှည် ချက်ပြုတ် ကျွေးမွေးသည်။ ဆေးတိုက်ချိန်တွင် တစက္ကန့်မလွဲ။ သောင်းမည် ချည့်မည်စိုး၍ နှိပ်နယ်ပေးရာတွင်ပင် သားဖြစ်သူကို စိတ်တိုင်းမကျလှ။ ထို့ကြောင့် ပို၍ ပင်ပန်းရလေသည်။ အဖေ့ ရောဂါသည် အဆုတ်နာ။ လူနာဖြစ်သူကို အထူး ဂရုတစိုက် သန့်သန့်ပြန့်ပြန့်ထားကာမှ တော်ရုံကျမည် ဖြစ်သည်။ အမေသည် အဖေ့ကို လူနာတဦးကဲ့သို့ မထား။ အိပ်ရာမှ ထူပေး ထိုင်ပေးရသည့် အနေအထားသို့ ရောက်လာသည့်တိုင် အဖေ့ အဝတ်အစားတို့တွင် ချွေးနံ့ တစက်မငြိ။ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်နှင့် ခြင်ထောင်တို့သည် အစဉ်သဖြင့် ဖြူဖွေး သန့်ရှင်းလျက်။

အံ့ဩဖွယ်ကောင်းသည်ဟု ဆိုရမည်လား မသိ။

အမေသည် ဆရာဝန်၏ နှုတ်မှ စကားတခွန်းကို ကြားလျှင် ကြားချင်း မျက်နှာပျက်သွားသည်။ သို့ရာတွင် အဖေ့ရှေ့တွင် အမေသည် ရွှင်ရွှင်ပျပျ။ အားပေးစကားကို မသိမသာညှပ်၍ ပြောယင်း ကျုံ့ပြွနေသည့် အဖေ့စိတ်ဓာတ်ကို တင်ပေးသည်။ ချောင်းအဆိုး နည်းလိုက်လာသည်ဟု ရက်ခြားပြောလေ့ ရှိသည်။ မနေ့ကထက်စာလျှင် သည်နေ့ ထမင်းပိုပြီး စားသည်ဟု အဖေ့ကို အားတက်စကား ပြောတတ်သည်။ ပြင်းပြင်းထန်ထန် ချောင်းဆိုးလာသောအခါ အဖေ့ကို ပွေ့ထားသည်။ ရင်ဘတ်နှင့် ကျောကို အသာဖိထားသည်။ ထွေးအောင်က ပွေ့ပိုက်မည်ပြုတိုင်း ခေါင်းခါပြသည်။ အချိန်အဆမတတ်လျှင် နာမည်ကျင်မည် စိုးကြောင်း ပြောကာ တခြားကိစ္စတွင်သာ သားကို ခိုင်းသည်။ ဆေးတိုက်ရသော တာဝန်၊ ထွေးခံ ခံရသော တာဝန်မျိုးကိုသာ ထွေးအောင်အား ပေးလေ၏။ ထွေးခံ ခံပုံစနစ်ကိုပင် အမေခိုင်းသည့်အတိုင်း လုပ်ရ၏။ ထွေးခံထဲသို့ ရေကို လက်နှစ်လုံးသာသာ ထည့်ပြီး မင်နီလေးငါးစက် ထည့်ရသည်။ ထို့နောက် ဒက်တော ပိုးသတ်ဆေးရည် နှစ်စက် သုံးစက်ခန့် ထည့်ရသည်။ အဖေ ထွေးထည့်လိုက်ရာတွင် ချွဲ၊ သလိပ်တို့သည် ရေနီထဲတွင် ဘာမျှမထူးခြား။ သွေးမျှင် သွေးစက်တို့သည် အောက်ခံ ရေထဲတွင် မမြင်ရ။ မထွေးမီကပင် ရေတွေ နီရဲနေသည်ကို အဖေ မြင်သည်။ ဘာတွေလဲဟု မေး၏။ အခုလာတဲ့ ဒက်တောဆေးရည်တွေက အနီတွေဟု အမေက ညာပြော၏။ ထွေးပြီးသည်နှင့်

ဒုတိယအကြိမ်



ထွေးခံကို ငုံ့ကြည့်တိုင်း အဖေ စိတ်ဓာတ် ချောက်ချားသွားတတ်ကြောင်း အမေ သိသည်။ ထို့ကြောင့် ချောင်းဆိုးယင် သွေးပါမလာတော့ဘူးဟု ထွေးခံထဲကို ကြည့်ကြည့်ပြီး အမေ ပြောခွင့်သာသည်။ တံတွေးထွေးပြီးတိုင်း နှုတ်ခမ်းသုတ်ရန် အဝတ်ကို အထူးရွေးထားသည်။ အဖြူရောင်မဟုတ်စေရ။ အဝါ အပြာ စသော အရောင်နုကို မသုံး။ သွေးစွန်းလျှင် စွန်းမှန်း မသိစေနိုင်သည့် ရှားစေးရောင်ကိုမှ သုံးသည်။

အမေသည် သူ့စိတ်ကူးနှင့်သူ အဖေ့စိတ်ဓာတ် မပြိုလဲရေး အတွက် အမျိုးမျိုး ကြိုးစားနေသည်။ သို့ရာတွင် အဖေသည် အမေ့ ကြိုးစားပုံ ကြိုးစားနည်းတွေကို သိနေသည်။ အမေ ညာ ပြော နေ သ မျှကို အမှန်အတိုင်း သိနေသည်။ တနေ့တွင် အမေ ဈေးသွားနေခိုက် အဖေက ပြောသည်။ ‘မင်းအမေက အဖေ့ကို စိတ်ဓာတ်နဲ့ ကုနေတာကွ။ အဖေ စိတ်ကောင်းအောင် သူညာနေတာတွေ အဖေ အကုန် သိပါတယ်။ အေး....အဖေက သူ့ကို ပြန်ပြီး ညာရဦးမယ်။ အဖေ့ကိုယ် အဖေ သိပါတယ်ကွာ။ အဖေ မနေရပါဘူး။ သားက သားလိမ္မာပဲကွာ။ အဖေ စိတ်ဖြောင့်ပါတယ်။ အဖေ အခု ပြောတာတွေ မင်း အမေကို ပြန်မပြောနဲ့ဦးနော်။ စိတ်သိပ်ထိခိုက်သွားမှာ စိုးရတယ်’ ဟု ခပ်နွားနွား ပြောသည်။ စကား လုံး တို့ မှာ လေးလှသည်။ လေသံက တိုးလှသည်။ အဖေ့ကို ခေါင်းညိတ်ပြလိုက်သည်။ အမှန်မှာ၊ စကားဖြင့် ‘ကောင်းပါပြီ အဖေ၊ အမေ့ကို ကျွန်

ဒုတိယအကြိမ်

တော် ပြန်မပြောပါဘူး’ဟု ပြောချင်သည်။ စကားလုံးတွေ
က လည်ချောင်း ဆို့နစ်နေ၍ ပြောမရ။
‘သမီးလေး ကောင်းလိုက်တာကွာ။ ဒီနေ့ ဟင်းကလဲ အရသာ
ရှိလိုက်တာ’ဟု အဖေ ပြောသော အချိန်တွင် အမေ့ မျက်နှာ
သည် ဝင်းနေ၏။ ‘မုန့်ဟင်းခါးက တယ်ကောင်းတာပဲ။ ဗိုက်
သာဆန့်ယင် နောက်ထပ် တပန်းကန်လောက်တော့ အပျော့
ပေါ့’ဟု အဖေဆိုသော် အမေသည် ရွှင်နေ၏။ ‘နောက် ဆယ့်
ငါးရက် အရက်နှစ်ဆယ်ဆိုယင် လမ်းလျှောက်နိုင်မယ်လို့ ထင်
တယ်။ ခုတလော နေလို့ထိုင်လို့ တော်တော်ကြီး ကောင်းလာ
တယ်။ မောလဲ မမောတော့ဘူး။ ချောင်းလဲတယ်ပြီး မဆိုး
တော့ဘူး’ဟု အားတက် စကားဆိုသည်။ အမေသည် အဖေ
ပြန်လည် နေကောင်းလာပြီဟု ယုံကြည်နေပုံရ၏။ အဖေသည်
အမေ စိတ်ချမ်းသာစေရန် မျက်နှာထားမှအစ တမင် ပြင်ထား
သည်။

အစားအသောက်ကို ခါတိုင်းထက်ပို၍ စားရရှာသော အဖေ့
ဒုက္ခကို ထွေးအောင်သာ သိနေသည်။ စကားပြောလျှင် လေသံ
ကို ကြိုးစားပြီး မာထားရရှာသော အဖေ့ ပင်ပန်းမှုကို
အမေ မသိ။ ဆုံးသွားသည့်နေ့က အဖေသည် ပို၍ ဟန်ဆောင်
ကောင်း၏။ ‘ထမင်း ကျက် ပြီ လား’ ဟု မေး၏။ ‘ကျက်ပြီ၊
ဆာပြီလား၊ အခု စားမလား’ ဟု အမေ ဖြေ၏။ ‘သိပ်တော့
မဆာသေးပါဘူး။ ငါ ဗိုနတ္တပကာသနီ ဖတ်ချင်တယ်ကွာ။
မောင်မောင်ကျော်တို့ အိမ်မှာရှိတယ် ကြားတယ်။သွားငှား ပေး





...ပါ။ မင်း ပြန်လာယင် ထမင်းစားမယ်။ ထမင်းစားပြီး
...င် အဲဒါ ဖတ်မယ်။ သားက အဖေ့ကို ထူပေး။ ပြီးယင်....
...ချောကျောင်းမှာ သင်တဲ့ဟာတွေ အဖေ့ကို ပြောပြစမ်းပါ’
...ပြောသည်။ ထွေးအောင်က အဖေ့ကို ထူပေးသည်။
...မေသည် အိမ်ပေါ်မှ ကမန်းကတန်း ဆင်းသည်။ ခြံဝ
...ောက်တွင်သာ အမေရောက်လိမ့်ဦးမည်။ အဖေ၏ တအင်း
...င်း ညည်းသံကို ကြားရသည်။
...ောလိုက်တာကွာ’ဟု ပြောသည်။ ‘ရေ သောက် မ လား’ ဟု
...းသည်။ ‘ဟင့်အင်း’ဟု လေ သံ သာ သာ ဖြင့် ဖြေ သည်။
...လူးကိုး သောက်မယ် မဟုတ်လားဟင်’ဟု မေးသည်။ သူ့
...ထဲတွင် မေးတင်ထားသော ခေါင်းကို သိသာရုံယမ်းပြသည်။
...ကျယ်သံ ကြားရ၍ ထွေးခံကို ယူမည် စဉ်းစားသည်။ ဗယ်
...က်ဖြင့် အဖေ့ ကိုယ်ကို ထိန်းကာ၊ ညာလက်ဖြင့် လှမ်းပြီး
...မည် စိတ်ကူး၏။ ကိုယ်ကို ကိုင်းလိုက်မှ မီလိမ့်မည်။ လှုပ်ရှား
...က်လျှင် ပို၍များ မောနေမလား စိုးရိမ်သည်။ ထိုအခိုက်
...ဖေသည် ချွဲတချက် ဟပ်ထုတ်သည်။ နှုတ် ခမ်း သုတ် သော
...ဝတ်ကို လှမ်းယူလိုက်သည်။ မေးအောက်မှ ခံပေးမည် အပြု
...င် သွေးခဲတခဲသည် အဖေ့ လုံချည် ပေါ်သို့ ကျလာ၏။
...ထွေးအောင် မျက်လုံးတွေ ပြာသွားသည်။ နှုတ်ခမ်းကို သုတ်
...မည်အပြုတွင် နှုတ်ခမ်းထောင့် နှစ်ဘက်ကြားမှ သွေးစတွေ
...ကျလာ၏။ တုန်လှုပ်သော အသံဖြင့် အဖေ့ကို ခေါ်သည်။
...ခွန်း၊ နှစ်ခွန်း၊ လေးငါးဆယ်ခွန်း မကတော့။ အဖေ့ ခန္ဓာ

ကိုယ်သည် ပျော့ခွေကျသွား၏။ မောလွန်းသဖြင့် မထူနိုင်ပေ
အထင် ရှိသည်။ အဖေ့ ရင်ဘတ်ကို ငုံ့ကြည့်လိုက်သည်၊ ထွက်
သက် ဝင်သက်ကင်းလျက် ရှိချေပြီ တကား။

'အမေ'

သူ ခေါ်လိုက်တော့မှ အမေ့တွင် သတိ ပြန်လည် ဝင်လာပုံ
ရှိ၏။ သက်ပြင်းတချက်နှင့်အတူ မျက်လုံး ရွှေ့လာသည်။

'အမေ ဘာတွေ တွေးနေတာလဲ။ ကိုယ့် ကျန်းမာရေး
လဲ ကိုယ် ဂရုစိုက်ဦးမှပေါ့ အမေ။ ညကလဲ တညလုံး
အမေ မအိပ်ဘူး။ ခုလဲ နည်းနည်းလောက်တော့ မှေး
လိုက်ဖို့ ကောင်းတယ်'

ပြုံးသည်။ အမေ့ အပြုံးသည် အင်အားမရှိ။

'အမေ ကျေနပ်လောက်အောင် အဖေ့ကို ပြုစုခဲ့ရပြီ
အမေရယ်။ အမေ အခုလိုပဲ အစားအသောက် အနေ
အထိုင် ပျက်လိုက်လာယင် မမာမကျန်းဖြစ်မယ်။ အဲ
ကျယင် အမေလဲ စိတ်ချမ်းသာမှာ မဟုတ်ဘူး။ ကျွန်
တော်လည်း စိတ်ချမ်းသာမှာ မဟုတ်ဘူး။ ဒါလဲ အမေ
တွေးပါဦး'

ညှိုးနေသော မျက်နှာကိုမူ အမေ မဖျောက်ကွယ်နိုင်။

'ကွယ်....နေမယ်ဆိုယင် နောက်ဆယ့်ငါးနှစ် အနှစ်နှစ်
ဆယ်တော့ နေနိုင်ပါသေးတယ်။ ကျန်ခဲ့တဲ့ ဝါခေါင်
ကမှ ငါးဆယ်ပြည့်တာ'

အမေထံသို့ လျှောက်သွားယင်း ပြောသည်။

ဒုတိယအကြိမ်



'ဒါကတော့ အမေရယ်။ အမေတို့ပဲ ပြောပြောနေ
တာ၊ အမှည့်တဝင်းဝင်း အကင်း တဖြိုက်ဖြိုက် ဆို။
အငွေ့ဝ သုဝေဝ ဆို။ ကွေးသော လက်မဆန့်မီ ဆန့်
သောလက် မကွေးမီ ဆို။ နေစေချင်တာတော့ နေစေ
ချင်တာပေါ့။ အဖေ့ကို အသက် တထောင်ရှည်တဲ့
အထိ မသေစေချင်ဘူး။ အဖေက ကောငါတော့
သေချင်ပြီပေ့ ဆိုပြီး သေပစ်လိုက်တာမှ မဟုတ်တာ။
နေစေချင်လဲ နေမရ၊ သေစေချင်လဲ သေမရ၊ မနေ
စေချင်လဲ နေရ၊ မသေစေချင်လဲ သေရလို့ အဖေ
တဖွဖွ ပြောတာ အမေလဲ ကြားဖူးသားပဲ၊ မဟုတ်
ဘူးလား'

ရယ်သံကြားရ၏။ အမေ့ ရယ်သံသည် နှစ်နှစ်ခြိုက်ခြိုက် ရှိ
သောအခါတိုင်း ဤသို့နှယ် ဖြစ်လေ၏။ ထွေးအောင် သည်
ရော၍ ပြုံးယင်း ကြည့်သည်။ ပဲ့သွားသောကြောင့် ငွေကွပ်
ထားသည့် သွားတက်ပေါ်အောင်ပင် အမေ ရယ်လျက်ရှိ၏။

'ငါ့သားက တရားပြတဲ့နေရာမှာလဲ အလာကြီးပဲ၊ ဘယ်
ဆိုးလို့ တုန်း'

စကားအဆုံးတွင် အမေသည် လှဲနေရာမှ ထ၏။

'သား လက်ဖက်ရည် သောက်ဦးမလား'

သူ ခေါင်းခါပြသည်။

'သောက်ချင်ယင် ထမင်းစားပွဲပေါ်က ချိုင့်ထဲမှာ
ရှိတယ်၊ အပြည့်ကြီးပဲ'

ဒုတိယအကြိမ်

'ဘယ်လောက် ပြည့်ပြည့် များများ၊ အမေ့ အတွက် လောက်ရှံသာသာပါ'

လက်ဖက်ရည် ကြိုက်သော အမေ့ အကြောင်းကို သိသည်။ လက်ဖက်ရည်ကို ချိုင့်အပြည့် ဖျော်ထားပြီးနောက် တခေါ လျှင် တငုံ။ မည်မျှ များများ၊ ကုန်သည်ချည်းပင်။ အမေသည် ပြုံးရယ်ကာ လက်ဖက်ရည်ချိုင့် ရှိရာသို့ ထသွား၏။

ခေါင်းအုံးကို သူ လှမ်းယူလိုက်၏။ ထက်ပိုင်း ခေါက်ထားသည်ကို ဖြန့်သည်။ ခေါင်းအုံးအောက်တွင် ပုတီးကိုထားကာ ကိုယ်ကို လှဲလိုက်သည်။ ကိုယ်ကို ညာဘက်သို့ စောင်းလိုက်၏။ မျက်လုံးသည် ပြတင်းပေါက်သို့ ရောက်သွားသည်။ ရှာတော့မည် မဟုတ်တော့သော်လည်း လေပြည်ကို စေမြဲစေနေသည် မိုးတမန်ကြောင့် သစ်ရွက်တွေ လူးလွန့်လျက်။

ဖွဲ့တည်လာပြန်သော အနာဂတ် အတွေးတို့သည် ထိုသစ်ရွက်များလိုပင်။

❁

အတွေးလေလား အိပ်မက်လား မရေရာ။

နားထဲတွင် အသံတွေ ရောနေသည်။ အိပ်တန်းတက်ခါနီး အော်မြည်နေသော ကျီးသံ၊ စာကလေးတွေအသံ၊ လမ်းထဲရှိ ကလေးတွေ ကစားနေသံမှန်း တဖြည်းဖြည်း ကွဲပြားလာ၏။ ရေဒီယိုမှ သီချင်းသံကို ခပ်သဲ့သဲ့ ကြားရ၏။ ရေဒီယိုလာပြီဟု သတိပြုမိသည်။ ငါးနာရီခွဲပြီးပြီဟု အချိန်ကို မှန်းမိ၏။

ဒုတိယအကြိမ်



မျက်လုံးကို ဖွင့်၍ မရ။ ကျိန်းစပ်စပ် ဖြစ်နေသည်။ မျက်ခွံလေးနေသည်။ မျက်စိမှာ ဖန်တွတ်တွတ် ဖြစ်လျက် ရှိ၏။ အိပ်ရေးမဝတဝ။ တကိုယ်လုံးနာကျင်နေသည်။ အညောင်းဆန့်ပြီး ကိုယ်ကို တဘက်သို့ လှည့်မည်အပြုတွင် အမေ့ အသံကို ကြားရ၏။

'နိုးလိုက်မယ်လေ'

ညှိသည်တယောက်ယောက် ရောက်နေဟန်တူ၏။ မျက်လုံးကို ဖွင့်မည် အားယူဆဲတွင် မေးကနဲ ဖြစ်သွားချင်သေးသည်။

'ဟင့်အင်း....မနိုးပါနဲ့ အမေ၊ ကိစ္စအထူးအထွေမှ မရှိတာပဲ၊ သူ တော်တော်ပင်ပန်းနေတာပဲ၊ အိပ်ပါစေ အမေရယ်'

ရီထွေး၏ အသံဟု သိလိုက်ရသည်။ မျက်လုံးကို ဇွတ်ဖွင့်လိုက်၏။ အသံလာရာဘက်သို့ ကိုယ်ကို လှည့်လိုက်သည်။

'ဟော....ဟော ဟိုမှာ နိုးပြီ'

အမေက ပြောသည်။

'ကျွန်မတို့ စကားပြောနေတာနဲ့ နိုးလာတာ ထင်တယ်'

သူ့ကို ပြုံး၍ ကြည့်ယင်း ရီထွေး မေးသည်။

'ဟင့်အင်း မဟုတ်ပါဘူး၊ ရီထွေး ဘယ်အချိန်က ရောက်နေသလဲ'

'ကြာလှပြီ၊ ကိုအောင် အိပ်ခါစကတည်းက ရောက်နေတာ'

ဒုတိယအကြိမ်

အမေ့ကို လှမ်းကြည့်လိုက်သည်။ အမေသည် ခပ်ပြုံးပြုံး လုပ်၍ နေသည်။

'ဖြီးတာပါ၊ ရီထွေး ရောက်ယင် အမေက နိုးမှာပေါ့'

ရီထွေးသည် မျက်ခုံးကို ပင့်လိုက်သည်။ ကျုံ့ကျုံ့ထိုင်လိုက်ယင်း

'အမေက နိုးမလို့ပဲ၊ ကျွန်မက မနိုးပါနဲ့ ပြောလို့ မနိုးတာ၊ မယုံယင် အမေ့ကို မေးကြည့်ပါလား'

သူ ခေါင်းခါလိုက်သည်။

'မဖြစ်နိုင်ပါဘူး၊ မနိုးပါနဲ့လို့ ရီထွေး ပြောလိုက်တာ ခုနကမှပါ၊ ကြားလိုက်သားပဲ'

'အလကားပြောတာပါ၊ ရောက်တာ မကြာသေးပါဘူး၊ နာရီဝက်လောက်ပဲ ရှိဦးမယ်'

လှဲနေရာမှ ထထိုင်လိုက်သည်။ ထတော့မှ သမ်းချင်လာသည်။ ပါးစပ်ကို လက်ဝါးဖြင့် ကာပြီး အားပါးတရ သမ်းလိုက်သည်။ ညှော်ခန်းဝတွင် မတ်တပ်ရပ်နေသော အမေသည် သူ့ကို လှမ်း၍ ပြော၏။

'မျက်နှာလေး ဘာလေး သွားသစ်ဦးလေ။ ညသည်ကို ငုတ်တုတ်ထားပြီး တဝါးဝါးနဲ့ သမ်းလို့ ကောင်းနေလိုက်တာ'

'အိပ်ရေး မဝသေးယင်လဲ ပြန်အိပ်လေ'

ထိုင်ရာမှထယင်း [illegible]သည်။

ဒုတိယ အကြိမ်



'ဟင့်အင်း၊ မအိပ်ချင်ပါဘူး၊ ဒါထက်....ရီထွေး ထမင်း မစားရသေးဘူး မဟုတ်လား'

နှုတ်ခမ်းကို စေ့စေ့ထားကာ ပြုံးပြယင်း ခေါင်းခါသည်။ ရီထွေး နှုတ်ခမ်းသည် ရီထွေး၏ အလှဟု ထင်၏။

'အိမ်ကျမှပဲ စားမယ်'

'ကျွန်တော်တို့ အိမ်က ထမင်းကို ဘာဖြစ်လို့ မစားချင်ရတာလဲ'

'ဘာဖြစ်လို့မှ မဟုတ်ဘူး'

အမေ တခွန်းဝင်ပြော၏။

'ဒီမှာပဲ စားသွားပေါ့ သမီးရဲ့'

'သမီးမှ မဆာတာ'

'ကျွန်တော်ကလဲ ခုစားရမယ်လို့ ပြောတာ မဟုတ်ပါဘူး၊ ဆာတဲ့အချိန် စားပေါ့'

ရီထွေးသည် ခေါင်းကို ငုံ့၍ မော့ကြည့်သည်။ သူက ထပ်မံ ပြောလိုက်သည်။

'ဘာမဟိဒ္ဓိ ညာမဟိဒ္ဓိ အထက် ဆရာကြီး ဆေးတွေ ဘာတွေများ ထိုးထားလို့လား'

အမေ ရယ်လိုက်၏။ ရီထွေးသည် ရယ်ကျဲကျဲနှင့်

'အို ဘာဆိုင်လို့လဲ'

'မသိဘူးလေ၊ တချို့ကတော့ အဲသလို ဆေးတွေ ဘာတွေ ထိုးထားယင် အသုဘအိမ်က ထမင်းဟင်းကို ရှောင်ကြတယ်လို့ ကြားဖူးတာပဲ'

ဒုတိယ အကြိမ်

'ပေါက်ပေါက်ရှာရှာလဲ ကိုအောင်က ပြောတတ်တယ်နော်'

'ကဲ ထားပါတော့၊ ဒီမှာ ထမင်းစားမလား မစားဘူးလား၊ အဲဒါပဲ ရီထွေးဖြေ'

'မစားယင်....'

'မစားယင် ပြန်မလွှတ်ဘူး'

'အမလေး ကြောက်စရာကောင်းတဲ့ ညှော်သည် ထမင်းကျွေးနည်းပါလား၊ ဪ....လမ်းမှာ မောင်မောင်ကျော်နဲ့ တွေ့ခဲ့တယ်၊ သူက မှာလိုက်တယ်၊ သူ....'

'စကားမလွှဲနဲ့လေ၊ ထမင်းစားမလား မစားဘူးလား ဆိုတာ အယင်ဖြေဦး'

'ကိုအောင်က သိပ်ဗိုလ်ကျလွန်းတာပဲ၊ ကဲ....စားမယ် စားမယ်'

ရီထွေးက ခပ်ဆတ်ဆတ် လေသံဖြင့် ပြောလိုက်သည်။ သူသည် ရယ်မောကာ အိမ်ရှေ့သို့ ထွက်သွား၏။ အမေက ရီထွေးကို 'ထိုင်ဦးနော်' ဟု ပြောကာ မီးဖိုဆောင်သို့ သွား၏။ မျက်နှာ သစ်လိုက်တော့မှ လန်းလန်း ဆန်းဆန်း ရှိလာသည်။ အိမ်ပေါ်သို့ ပြန်တက်လိုက်သောအခါ ရီထွေးသည် စာရေးစားပွဲပေါ်ရှိ စာအုပ်တွေကို ကြည့်နေ၏။ မျက်နှာသုတ်ပဝါကို တန်းမှယူပြီး စားပွဲရှိရာသို့ သူလျှောက်လာ၏။ မျက်နှာသုတ်နေယင်း ပြောလိုက်သည်။

ဒုတိယအကြိမ်



'မောင်မောင်ကျော်က ရီထွေးကို ဘာမှာလိုက်သလဲ ဟင်'

သူ့ကို မကြည့်။

'မသိဘူး'

'အကောင်း မေးနေတာပါ'

'မောင်မောင်ကျော့်ကို လိုက်ရှာပြီး မေးယင် သိမှာပေါ့'

'စိတ်ဆိုး သွားတယ်ပေါ့လေ'

'စိတ်ဆိုးစရာ ရှိလို့လား'

'မသိဘူးလေ'

'မသိပဲနဲ့ ဘာလို့ မေးနေရသေးလဲ'

နှင်ယောက်စလုံး ပြိုင်တူလိုလို ရယ်မိလိုက်သည်။ ရီထွေးသည် စာအုပ်တွေကို တအုပ်ပြီးတအုပ် ဆွဲယူ ကြည့်နေရာမှ မျက်လုံးတချက် မခွာ။ သူက ကုလားထိုင်တွင် ထိုင်သည်။ မျက်နှာသုတ်ပဝါကို ပခုံးတွင် တင်လိုက်သည်။

'ထိုင်လေ'

ရီထွေးသည် မကြားယောင် ပြု၍ နေ၏။

'ရီထွေး မထိုင်နဲ့နော် ကြားလား၊ ကုလားထိုင်က ကြိမ်တွေ ပြတ်ကုန်မှာ စိုးရတယ် သိလား'

ကား အဆုံးတွင် ကုလားထိုင်ကို စားပွဲအောက်မှ ဆွဲထုတ်ပြီး ရီထွေး ထိုင်လိုက်၏။

ဒုတိယအကြိမ်

'ကျွန်တော်ကလဲ အဲသလောက် ဩဇာ အာဏာ ရှိတာ၊ ကျွန်တော့် အမိန့်ကို ဆန့်ကျင်ဘက်ပြုပြီး လိုက်နာကြတာ ချည်းပဲ'

ရီထွေးသည် နိုင်ငံတော်မှ မဟာဂီတ ဒုတိယတွဲကို ယူ၍ ကြည့်နေသည်။ ဖတ်ကြည့်နေပုံ မဟုတ်၊ တရွက်ချင်းလှန်ကြည့်နေခြင်းသာ ဖြစ်သည်။ ရီထွေး၏ သွယ် ပျောင်း သော လက်ချောင်းလေးတွေကို ငေး၍ ကြည့်နေမိသည်။ ခုကြည့်နေမှန်း သိလျက်နှင့် မသိဟန်ပြုကာ စာမျက်နှာ များမှ မျက်လုံး မပြောင်း။ ရီထွေး၏ ပါးမို့မို့သည် ညိုညိုညက်ညက်။ နှာတံမှာ သိပ်မစင်းသော်လည်း ကြည့်ပျော်သည်။ မျက်ခုံးသည် ပါးပါးမျှင်မျှင်။ မျက်တောင် ကျတော့ကော့နေသည်။ မျက်နှာကျသည် ဝိုင်းသည်ဟုလည်း မထင်စရာ။ သွယ်သည်ဟုလည်း မပြောသာ။

'မောင်မောင်ကျော်က မှာလိုက်တယ်'

'အင်း ကျွန်တော် မေးတုန်းက မပြောဘူး။ မမေးတော့မှ ပြောလာပြီ'

'နားထောင်တာ မဟုတ်ဘူး၊ စကားကို ဖြတ်ဖြတ်ပြီး ဝင်ဝင် ပြောတယ်'

သူက ဇက်ကို ပုပြပြီး ငြိမ်နေလိုက်၏။

'သူ ဒီညလဲ ဒီမှာ လာအိပ်မယ်တဲ့။ ထမင်းစားပြီးမှ လာခဲ့မယ်တဲ့၊ အောင်ထွတ်တို့ ဂျိုးဇက် တို့လဲ သူနဲ့အတူ ပါလာလိမ့်မယ်တဲ့'

ဒုတိယအကြိမ်



သူ ခေါင်းညိတ်လိုက်သည်။ ရီထွေးသည် တခုခုကို စဉ်းစားနေသလို ခေတ္တမျှ တွေ၍ နေသည်။ ထို့နောက် သူ့ကို မျက်လုံးစွေ၍ တချက်ကြည့်သည်။ တစုံတရာ ပြောတော့မည်ဟု အလိုလိုသိနေသည်။ ရီထွေး မျက်နှာသည် ခပ်တည်တည် ဖြစ်နေသည်။ မဟာဂီတစာအုပ်ကို စားပွဲပေါ်သို့ ပြန်ချလိုက်ပြီး သူ့ကို ကြည့်၏။

'ဘာလဲ ဘာပြောမလို့လဲ'

သူ အမေးတွင် နှုတ်ခမ်းတဘက်ကို တွန့်ပြသည်။

'ပြောစရာရှိတယ်'

'ပြောလေ'

ခုတ်တရက် မပြောသေး။

'ကိုအောင့်ကို မကျေနပ်ဘူး'

'ဟာ ဒုက္ခပဲ၊ ဘယ့်နှယ် ဇာချင်းမရှိ အဖျားမရှိ'

'ဟုတ်တယ်၊ တကယ် မကျေနပ်ဘူး'

သူ မျက်လုံးဝိုင်းသွားလေ၏။

'ဘာကို မကျေနပ်တာလဲ'

ရီထွေးသည် ခဏမျှ ငြိမ်သက်လျက် ရှိ၏။

'ဦးလေး ကိစ္စနဲ့ ပတ်သက်လို့'

'အဖေ့ ကိစ္စနဲ့ ပတ်သက်လို့၊ ဟုတ်လား'

ရီထွေး ခေါင်းညိတ်ပြ၏။

'ဟုတ်တယ်'

ဒုတိယအကြိမ်

'ရီထွေး မကျေနပ်စရာ ကျွန်တော် ဘာများ လုပ်မိလို့လဲ'

ဟင်းကနဲ ပင့်သက် မှုတ်သံ ကြားရသည်။

'ဦးလေးဆုံးတဲ့ နေ့က ရီထွေးလဲ ကူညီပါရစေဆိုတော့ ကိုအောင် ဘာပြောလဲ'

သူပြုံးလိုက်၏။ ရီထွေး၏ မကျေနပ်ချက်ကို သိလိုက်ပေပြီ။

'ဒါက ဒီလိုပါ....'

'ဒီလိုတွေ ဟိုလိုတွေ ဝေ့မနေနဲ့။ မောင်မောင်ကျော်တို့ကျတော့....'

'ဟာ ရီထွေးကလဲ။ ဒီကောင်တွေက တားမရ ပြုမရ ဇွတ်တရွတ်ကြီး....'

ခေါင်းကို ယမ်းလိုက်ယင်း ရီထွေး စကားလုပြော၏။

'အမှန်ကတော့ ကျွန်မကို အရာမသွင်းတာပါ'

စိတ်လှုပ်ရှားသွားသည်။ အထင်အမြင် မလွဲပါရန် စကားပြောမှ ဖြစ်မည်။ သည်ကို မလာခင် မောင်မောင်ကျော် နှင့် လမ်းမှာ တွေ့ခဲ့သည်ဆိုကတည်းက တထိတ်ထိတ်။ ရီထွေး၏ ကူပံ့စကားကို ငြင်းလိုက်သည်မှာ မောင်မောင်ကျော်တို့ အသိ။ မောင်မောင်ကျော်သည် စကားကို လိုရာ ရောက် အောင် လှည့်ပတ်ပြီး ပြောတတ်သော အတတ်၌ တဘက်ကမ်း ခတ်၏။ 'ရီထွေး ဟိုကောင့်ဆီ သွားမလို့လား။ ညကျယင် ကျွန်တော်တို့ လာအိပ်မယ် ဆိုတာကို ထွေးအောင်ကို ပြောလိုက်ပါ။ ဂျိုးဇက်တို့ အောင်ထွတ်တို့လဲ လိုက်လာလိမ့်မယ်။ ထမင်း စားပြီး





မှ ကျွန်တော်တို့ လာမယ်လို့ ပြောလိုက်ပါ။ ဒီကောင်လဲ စိတ်ခေတ်ကျနေမယ် ထင်တယ်။ ရီထွေး သွားပြီး အားပေး စကားလေး ဘာလေး ပြောပေးပါဦး။ အဒေါ်ကိုလဲ ကျွန်တော် ငွေနှစ်ရာ ကူတဲ့ကိစ္စ ထွေးအောင် မသိပါစေနဲ့လို့ ရီထွေး ပြောလိုက်ပါဦး' ဟု စကားပြောခဲ့မည်။ ထိုအခါ ရီထွေးက ငွေနှစ်ရာကိစ္စကို မောင်မောင်ကျော် ပြော၍ သိမည်။ 'ကျွန်တော့်ကိုလဲ ရီထွေးလိုပဲ ဘာမပေးရ ညာမပေးရ ပြောတာပဲဗျ။ ဟိုကောင်တွေကျတော့ သူလျှော့ရရော'ဟု စကား ဆက်တခု ထပ်ဖွင့်မည်။ ရီထွေးက အကြောင်းစုံ မေးမည်။ သည်တွင် ရီထွေးအဖို့ မကျေနပ်စရာ ဖြစ်လာခဲ့ပေမည်။

'မဟုတ်ပါဘူး ရီထွေးရယ်။ ကျွန်တော် သိပ်အားနာတတ် မှန်းလဲ ရီထွေး သိသားပဲ။ ကိုယ့်ကိစ္စကြောင့် ဒီမြင် လူမှာ ဒုက္ခပိုမှာ ဝန်လေးမှာ ကျွန်တော် သိပ်စိုးတယ်ဗျာ။ အရာမသွင်းလို့ ဘာလို့လဲ မဟုတ်ပါဘူး'

သူ့ စကားကို လက်ခံလိုပုံမရ။

'ကိုအောင့်စိတ်ထဲမှာ ကျွန်မကို မောင်နှမ သားချင်းလို သဘော မထားလို့သာ....'

'မဟုတ်ပါဘူး။ နည်းနည်းမှ မဟုတ်ပါဘူး'

'မောင်မောင်ကျော်ကတော့ ပြောလိုက်တယ်။ ဒီကောင်က မာန အခံသားတဲ့'

နှုတ်ခမ်းကြောတန့်အောင် မျက်မှောင်ချီလိုက်သည်။

'ဒီသတ္တဝါကလဲ ဘာတွေရှောက်ပြီး ချောက်တွန်းလိုက်မှန်းမသိဘူး။ မာနခံတာလဲ မဟုတ်ပါဘူး ရီထွေးရာ။ ဒီကောင်တွေ တသိုက်ကလွဲယင် ကျန်တဲ့ဘယ်သူ့ဆီကမှ အကူ လက်မခံခဲ့ဘူး။ သူတို့တောင် ဇွတ်ကြီးမို့လို့။ ဒါတောင် မောင်မောင်ကျော့ ငွေက အမေ့ဆီမှာ ဒီအတိုင်းပဲ။ ဒီညလာယင် အတင်း ပြန်ပေးရမယ်'

ရီထွေး၏ မျက်ခုံး၌ အတွန့်မပြေသေး။

'နားငြီးတယ်၊ ဆင်ခြေတွေတက်မနေပါနဲ့၊ ကျေတော့ မကျေနပ်ဘူး'

သူ ဆက်မပြော။ အိမ်ရှေ့သို့ မျက်နှာ လွှဲနေလိုက်သည်။ ဝါရှသော တိမ်ပါးကို ထွင်း၍ လာသော နေခြည်သည် ရွှေဝါရောင်အလင်းဖြင့် မြေပေါ်သို့ ကျလာ၏။ တခဏ အတွင်း၌ပင် အလင်းရောင်သည် မှိန်သွား၏။

ရွှေ့ရွှေ့မျှသာ လှုပ်နေသော ပိတောက်ကိုင်းကို သူ ငေးကြည့်နေ၏။

'ငါ့လခေး။ မင်းက ကြီးကျယ်လိုက်တာ။ အဲဒီ ငွေ မင်း ပြန်ပေးဝံ့ယင် ပေးလေ။ ပေးတဲ့နေ့မှာ မင်းနဲ့ ငါနဲ့ အပြတ်ပဲ မှတ်'

ထွေးအောင့် မျက်နှာသည် ဆက်၍ အပြောရခက်သော အနေနှင့် ရှိနေသည်။ 'မင်းလုပ်တာက ဘာ အပေါက်လဲကွ၊





အစောကြီးကတည်းက ငါပြောထားသားနဲ့၊ အမေ့ကို မင်း ငွေနှစ်ရာ ပေးခဲ့တယ်ဆို'ဟု စကားစလိုက်လျှင် စလိုက်ချင်း သူ့ဝသီအတိုင်း စလေတော့သည်။ သူ့စကားကို အတည်မှတ်ရခက်သည်။ တခါတလေတွင် စိတ်မထင်က မထင်သလို ဝဂလန့် ပြောချင် ပြောသည်။ ခြိမ်းခြောက်သံဖြင့် ရယ်သလိုမောသလို ပြောခြင်းသည် သူတကယ် စိတ်ပိုင်းဖြတ်ပြီးသားဖြစ်ချင် ဖြစ်တတ်သည်။

'မဟုတ်ဘူးလေကွာ။ ငါ ပြောတာက....'

ထွေးအောင့် လေသံသည် စောစောကနှယ် မာကျောခြင်း မရှိတော့။

'ဒီစကားကို ဒီတွင် ဖြတ်လိုက်တော့ ထွေးအောင်။ ခုနတုန်းက မင်းစကားကို ဆက်စမ်းပါဦး။ရီထွေး မင်းကို လာပြီး ရန်တွေ့ သွားတယ် မဟုတ်လား'

ချိုးဇက်က တချက် ရယ်သည်။ တင်မောင်လွင်သည် ပါးစပ်ကို ခပ်ဖြဲဖြဲထားသည်။

'မင်း ချောက်ချလိုက်တာပါ'

'ငါကတော့ ငြင်းလို့လားကွ'

'ကောင်းပါတယ်၊ ကောင်းပါတယ်'

တင်မောင်လွင့်ရယ်သံ ထွက်လာ၏။ ထွေး အောင် ကို ပြောသည်။

'မင်းက ပြောလိုက်ဖို့ကောင်းတယ်။ အမေ့ကိစ္စမှာ ရီထွေး မကူညီရတဲ့အတွက် စိတ်မကောင်း မဖြစ်ပါနဲ့

လို့။ ဒါကိုမှ မကူညီပဲ မနေနိုင်ဘူး ဆိုယင် ဂျိုးဇက်ကိစ္စကျမှဖြစ်ဖြစ်၊ အောင်ထွတ် ကိစ္စကျမှဖြစ်ဖြစ် ကူညီပါလို့’

ဂျိုးဇက်က အံ ကြိတ် ပြီး ကြည့် သည်။ တင် မောင် လွင် ကို အောင်ထွတ်က ဇက်ပိုးရိုက်လိုက်သည်။ တင် မောင် လွင် သည် ရှောင်လိုက်ယင်း ရယ်နေ၏။

‘တင်မောင်လွင်၊ မင်းကို ငါ ဓာတ်ဓာ သတိပေးရတယ်၊ မင်း စကားပြောယင် နိမိတ်မရှိ နာမာမရှိ’

‘အောင်မယ်....မင်း နေ့လိုလိုက အသည်းခွဲတယ် ဆိုပြီး ငိုကြီးချက်မ ဖြစ်နေတုန်းကတော့ သေချင်တယ် သေချင်တယ်နဲ့၊ ခုတော့ မသေချင်ပြန်ဘူးလား’

တင်မောင်လွင်သည် ဂျိုးဇက်၏ အတိတ်ကို ထိကနန်း တို့ကနန်း ဆိတ်လိုက်သည်။

‘မအေပေး’

အောင်ထွတ်က တင်မောင်လွင့်ကို လှမ်း၍ ဆဲသည်။

‘ဟေ့ ဟေ့ ငယ်နာမည်ကို မခေါ်ကြေးကွာ’

ဂျိုးဇက်က နောက်လိုက်သည်။ အောင်ထွတ်က တင်မောင်လွင့်ကို ပြောသည်။

‘မင်းကကော ခင်နှင်းဆီနဲ့ကွဲတုန်းက ဘယ်လောက်များကြောင်လိုက်သလဲ။ ဆိုက်ကူး မဆိုင်က အရက် ငါးမူးဖိုးသောက်ပြီး ငိုချင်းချတာ မေ့နေတယ်ပေါ့။ အဲဒီတုန်းက မင်း အရှက်မရှိတာကော ပြန်တွေးကြည့်ဦး။





ခင်နှင်းဆီတို့ အိမ်ဘေးမှာ ညကြီးသန်းခေါင် သွားသွား ငိုလိုက်ရတာ’

ပြန်တွေးစရာတခု ရလိုက်သည်။ ရယ်စရာတော့ ကောင်းသည်။ ဆိုက်ကူးမဆိုင် ဆိုသည်မှာ ကွက်သစ်လမ်းထိပ်က အရက်ဆိုင်ဖြစ်သည်။ တင်မောင်လွင်သည် တခါဘူးမျှ အရက်သောက်ခဲ့ခြင်း မရှိ။ ရည်းစားနှင့် ကွဲပြီဆိုသောအခါ အရက်နှင့် ဖြေညှိဟု အသည်းကွဲ ဝတ္ထုတွေထဲကအတိုင်း လိုက်လုပ်သည်။ တ ရှုတ် အ ကြမ်း ပန်း ကန် လုံး နှစ်လုံးစာ မျှသော အရက်ကို တ ကျိုက် ကျိုက် ထည့်လိုက်သည်။ သောက်ပြီး၍မှ နူတ်ခမ်းမသုတ်ရသေးမီ မူးပြီဟု ဆိုသည်။ လွန်ခဲ့သော သုံးနှစ်လောက်က ထိုအကြောင်းကို အစပြန်ဖော်တိုင်း တင်မောင်လွင် ရှက်နေတတ်သည်။ မောင်မောင်ကျော်က ပြောသည်။

‘ဒီကောင် အသည်းကွဲရတာက အတော်အရသာ ရှိတာ ညကိုးနာရီ ဆယ်နာရီဆို အပုပ်ချိန်ရောက်ပြီ။ အောင်ထွတ်က တယောနဲ့ ဒထွေးအောင်က မယ်ဒလင်နဲ့။ နွေခေါင်ခေါင်ချွေးပြန်နေရတဲ့အထဲ တဆောင်းသစ် ပြန်ပြီကို ညတိုင်း ဆိုလိုက်ရတာ။ ပြီးယင် နှောင်းသစ္စာ။ ပြီးယင် ပန်းညွန့် ညာကြေ။ ကိုချစ်ဆွေရဲ့ ချစ်ရေးခက်ခက်။ အဆုံးသတ်ပြီဆိုယင် အင်းယားကို မုန်းတယ်နဲ့’

တင်မောင်လွင်၏ ရယ်ကျဲကျဲ မျက်နှာသည် ခပ် မှိုင်း မှိုင်း ဖြစ်သွားသည်။

‘အင်းယားကို မုန်းတယ်က ရာဇဝင်နဲ့လေကွာ။ သူနဲ့

ငါနဲ့ အင်းယားမှာ စကားတွေ ပြောခဲ့တယ်။ နောက်ပြီး သူ့ကို ငါ ပထမဆုံး နမ်းခဲ့တဲ့ နေရာက အင်းယားမှာ'

အောင်ထွတ်က မျက်မှောင်ကုပ်ထားယင်း ပြောသည်။

'အမယ်လေး လွမ်းကောင်းအောင် အင်းယားမှာလေး ဘာလေးနဲ့၊ ဘုန်နှင်းသဘင်နောက်က ခြံစပ် ချုံထဲမှာ မျှား၊ အဒီတုန်းက ရေချိုးဆိပ်မှာ ကားရပ်ထားပြီး မင်းကို ငါစောင့်ရတာလေ။ မမှတ်မိတော့ဘူးလား'

တင်မောင်လွင်က လက်ကာပြသည်။ ပြီး တော့ ခေါင်း ညိတ်သည်။

'ဟုတ်ပါတယ်၊ ချုံကလဲ အင်းယားကနဲ့ ပုရဝုဏ်ပဲကွာ၊ မင်းကျေးဇူးကို ငါ မမေ့ပါဘူး၊ ဒီတော့ ဒီသီချင်းက အတိတ်ရဲ့ သင်္ကေတကိုးကွ'

ဂျိုးဇက်က ဂိုးဖလိပ် စီးကရက်ကို အားပါးတရ ဖွာနေသည်။ တင်မောင်လွင့်ကို တ ချက် ကြည့် ပြီး အောင် ထွတ် ဘက် သို့ မျက်နှာလှည့်လိုက်၏။

'ကျေးဇူးမမေ့ဘူးတဲ့ အောင်ထွတ်၊ ခင်နှင်းဆီနဲ့လဲ ကွဲပြီးရော မင်းကို ခဏခဏ ကျေးဇူးတွေ ထပ်တလဲလဲ တင်နေရတာပဲ မဟုတ်လား'

တင်မောင်လွင်က ရယ်လိုက်၏။ သူ ရည်းစားတွေ အပြိုင်ထား သည်၊ ရည်းစားတိုင်းနှင့် သွား ရောက် လည် ပတ် သည့် အ ခါ အောင်ထွတ်က ကားမောင်းပြီး လိုက်ပို့ရသည်။ သည်အချက်





ကို ဂျိုးဇက် ရည်ရွယ်ပြီး ပြောကြောင်း အားလုံး သိကြသည်။ တင်မောင်လွင်က အောင်ထွတ်ကို ပြန်ပြောသည်။

'ထားပါတော့၊ ငါနဲ့ ဂျိုးဇက် ဇာတ်လမ်းက ဇာတ်နယ်ဥ်တွေ၊ မင်းနဲ့ မောင်မောင်ကျော်လို ဇာတ်ကြမ်း မဟုတ်ဘူးကွ၊ မင်းတုန်းက ဆိုယင် ခင်မောင်သီးနဲ့ ရိုက်မယ် နှက်မယ် ဖြစ်တော့မလို့ မဟုတ်လား'

ကြည် လင် နေ သော အောင် ထွတ် ၏ မျက် နှာ သည် သိသိသာသာ တင်းသွားသည်။ လွန်ခဲ့သော နှစ်နှစ်ကျော်က သူတို့၏ အသိုင်းအဝိုင်းထဲတွင် ခင်မောင်သီး ဟူသော အမည်နှင့် ခင်မောင်သီး ဟူသော သက်တူရွယ်မျှ တယောက်သည် အပါအဝင် ဖြစ်ခဲ့သည်။ ခင်မောင်သီးသည် ဂျိုးဇက်နှင့် တနှစ်တည်း တက္ကသိုလ် ရောက်ခဲ့သည်။ တက္ကသိုလ် မရောက်မီက ခင်မောင်သီးသည် အောင်ထွတ် အိမ်တွင် နေခဲ့သည်။ လူ ပို လူ လျှံ ဆယ်ယောက်မက ကျွေးထားနိုင်သော အောင်ထွတ်တို့ အိမ်က ခင်မောင်သီးကို အစစ တာဝန်ယူခဲ့သည်။ တ က္က သိုလ်သို့ ရောက်သောအချိန်တွင် ခင်မောင်သီးသည် သူ့မိဘ အိမ်သို့ပြန်၍ နေသည်။ မူလတန်းပြဆရာ အလုပ်ကို တဘက်မှ ဝင်လုပ်သည်။ ကျောင်းတွင် နားလည်မှုဖြင့် တက်လာခဲ့ရာ ဥပစာတန်း အောင်ခဲ့သည်။ ထိုအချိန်တွင် ပြ သ နာ တခု ကြုံလေသည်။ ခင်မောင်သီးသည် သူငယ်ချင်း တယောက်၏ နှမကို ခိုးပြေးလေ၏။ မိန်းကလေးဘက်က သဘောမတူဟု ဆိုကြသည်။ ထိုသို့ ဆိုရုံမျှသာမက လက်ညှိုးတို့သည် ထွေးအောင် ထံသို့

တည့်တည့်မတ်မတ် ရုပ်ပုံလာချေသည်။ အောင်ထွတ်က အောင်သွယ်သည်ဟု ဆိုကြသည်။ သူတို့၏ နှမ၊ သူတို့၏ သမီး သည် ဆေးကျောင်းသူ ဆရာဝန်လောင်း။ ယခုသော် အောင်ထွတ်ကြောင့် ထိုကလေးမ၏ အနာဂတ်သည် ပျက်စီးရချေပြီဟု ဆိုကြသည်။ အောင်ထွတ်သည် ခင်မောင်သီး၏ သစ္စာမရှိမှု၊ စည်းမစောင့်မှုကို တားမြစ်ရန် တာဝန်ရှိသော တရားခံ အမှတ်နှစ်ဟု စွပ်စွဲကြသည်။ အမှန်တွင် ထိုမိန်းကလေးကို ခင်မောင်သီး ခိုပြေးတော့မှသာ ကြိုက်နေကြမှန်း သိသည်။ ဒါစက ရိပ်ဖမ်း သံဖမ်းမျှပင် မသိခဲ့။ အောင်ထွတ်က ရှင်းမပြတော့။ ပို၍ စွပ်စွဲကြသည်မှာ ခင်မောင်သီးတို့ လင်မယားအဖို့ ခိုကိုးစရာ မရှိ၍ အောင်ထွတ်က အိမ်ပေါ် ခေါ်တင်ထားရတော့သည်။ ဤတွင် မိန်းကလေးဘက်နှင့် သေလမ်း ရှင်လမ်း ပြတ်ရလေ၏။

အရိပ်နေနေ အခက်ချိုးချိုး လူစားမျိုးကို သူငယ်ချင်း အသိုင်းအဝန်းတွင် ရှိမည် မထင်ခဲ့။ ငယ်ပေါင်း တသိုက်တွင် တယောက်ထွန်းဆိုသော စကားသည် မှန်မည်လား မဆိုနိုင်။ ပထမတွင် အောင်ထွတ်သည် မြို့နေသေးသည်။ နောက်တော့ သူရင်ဆိုင်နေရသော စိတ်ညစ်စရာကို ဖွင့်ထုတ်ပြလေသည်။ ခင်မောင်သီးတို့ လင်မယားသည် သူတို့ အိမ်ရှိ လက်ဖက်ရည် ပန်ကန်လုံးက အစ တိတ်တဆိတ် ယူနေကြောင်း၊ သူသိခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း၊ ယခုအခါ တစတစ အတင့်ရဲပြီး သူ့စာအုပ်တွေကိုပါ ယူနေကြောင်း ပြောပြသည်။ တနေ့၊ သူတို့အားလုံး





အောင်ထွတ်၏ အိမ်တွင် ဆုံကြသည်။ ခင်မောင်သီးတို့ လင်မယား အပြင်ထွက်ခိုက်တွင် အခန်းတွင်းသို့ ဝင်ကြည့်ကြသည်။ အစတ်သေတ္တာတလုံးမှာ သော့မခတ်မိပဲ ရှိဟန်တူလေသည်။ ခင်မောင်လှိုင်က ဆွဲဖွင့်လိုက်၏။ အောင်ထွတ်၏ စာအုပ်များ အောင်ထွတ်တို့ အိမ်မှ ပျောက်သွားသော လက်ဖက်ရည်အချိုပန်းကန်စုံ၊ ထမင်းပန်းကန်ပြားများ သေတ္တာအပြည့်။ ဂျီးဇက်သည် စိတ်မြန် လက်မြန်။ သေတ္တာထဲမှ အကုန်ထုတ်ယူကာ ပြန်သိမ်းလိုက်၏။ ခင်မောင်သီးတို့ ပြန်လာသောအခါ သူတို့က ဘာမျှမပျက် နေကြသည်။ ခင်မောင်သီးတို့ လင်မယားသည် ပြန်ရောက် လာကတည်းက ရှက်ကိုး ရှက်ကန်း ဖြစ်နေသည်။ သုံးလေးရက် အကြာတွင် ပြောင်းပြေးကြသည်။ တလအတွင်း အရှုပ်အရှင်း ပေါ်လာသည်။ အောင်ထွတ်၏ အမျိုးသမီးကို ဘာတွေ သွားပြောသည် မသိ။ အဆင်မပြေ ဖြစ်လာသည်။ အောင်ထွတ်က ဖြေရှင်းရန် ကြိုးစားသည်။ သူ့အမျိုးသမီးက ခင်မောင်သီးတို့ လင်မယား ပြောပြတယ်ဟု ဇာတ်ရင်းကို ပြောသည်။

အောင်ထွတ်သည် တက္ကသိုလ် ရောက်သည့်နှစ်က အင်လျားဆောင်သူ တဦးနှင့် ဖြစ်ခဲ့ကြောင်း။ ကိုယ်ထိလက်ရောက် ကျူးလွန်ပြီးမှ အောင်ထွတ်က သစ္စာဖောက်ခဲ့ကြောင်း၊ အောင်ထွတ်သည် လူပျိုမဟုတ်တော့ကြောင်း ခင်မောင်သီးတို့ လင်မယားက ပြောပြသည် ဆို၏။ မဟုတ်ကြောင်း၊ အောင်ထွတ် ငြင်းသည်။ အမျိုးသမီးက မယုံကြည်။ သို့နှင့်ပင် ကွဲခဲ့ကြ

သည်။ သည့်တွင် အောင်ထွတ်သည် ခင်မောင်သီးတို့ လင်မယားကို ရိုက်မည် နှက်မည် ပြုသည်။ စိတ်ပြေရန် မနည်းကြီး ဖျောင်းဖျလိုက်ကြရသည်။

'တော်စမ်းပါကွာ၊ ဒီခွေးသား နာမည်ကို ကြားတောင် မကြားချင်ဘူး၊ လူ့လောကထဲမှာ အဲသလို သတ္တဝါမျိုးကို ဘယ်လို ခွေးသူတောင်းစားက လူဖြစ်အောင် လုပ်လွှတ်လိုက်တယ် မသိဘူး၊ ဒါတွင် ဘယ်ကမလဲကွ၊ ဒီကောင်က ငါ့ထက် တနှစ်စောပြီး ကျောင်းကို ရောက်တာ မဟုတ်လား၊ ငါ့အိမ်က ဆင်းသွားတော့ နောက်ဆုံးနှစ်လေ၊ ငါနဲ့ မျက်နှာချင်းဆိုင်နေရတော့ လဲ အမယ် ခပ်ပြောင်ပြောင်ပဲ ဆရာ၊ အကြောတင်း တင်းနဲ့'

အောင်ထွတ်က မဲ့ပြုံးဖြင့် ပြောသည်။ ဂျိုးဇက်သည် နဖူးပေါ်သို့ ကျလာသော ဆံပင်ကို မ တင်လိုက်ယင်း တလုံးချင်း ပြော၏။

'ကျမ်းဂန်တွေ ဘာတွေမှာ အဆိုရှိသားပဲ၊ အမိယုတ်သဖြင့် ယုတ်ညံ့ခြင်း၊ အဖယုတ်သဖြင့် ယုတ်ညံ့ခြင်း တဲ့ကွ၊ အဖအမိယုတ်ညံ့သဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးစလုံး ယုတ်ညံ့ခြင်း ရှိကုန်၏ တဲ့။ ကျေးဇူးတရားကို ဖော်ထုတ်ရန် ဝန်လေခြင်း၊ ထိန်ဖုံးခြင်း၊ ချေဖျက်ခြင်း ပြုတတ်ကုန်၏တဲ့၊ နောက်ပြီး.... အင်း....'





...ကားဆက်အနေးတွင် တင်မောင်လွင် ပြောသည်။

'မျိုးရိုးမသန့်ယင် ကျေးဇူးကန်းတတ်တယ်လို့ စကားပြေနဲ့ ပြောလဲ ရပါတယ် ဂျိုးဇက်ရာ၊ မင့်ဟာက စကား တလုံးတလုံး တင်းတောင်းလောက်၊ မြည်တောင်း လောက်'

...ဂျိုးဇက် မျက်နှာသည် တည်တည်ပင်။ သူ့စကားကို ဆူ...ဆက်သည်။

'ဟေ့ကောင်၊ မင်းကိုယ်မင်း ဗုဒ္ဓဘာသာဆိုပြီး ယံ မဂ်လာတောင် မရပဲနဲ့ ငါ့စကားကို လိုက်လိုက် မဖျက်နဲ့၊ ဒါကြောင့် ဘုန်းတော်ကြီးကျောင်း မနေဖူးတဲ့ မင်း တို့ဟာ နည်းနည်းကို ရှိင်းတယ်ဆိုတော့ ကြိုက်ချင်မှ ကြိုက်မယ်၊ ဟဲ....ဟဲ....'

...ဂျိုးဇက်သည် ဂုဏ်ယူသံဖြင့် ပြောရယ် ရယ်သည်။ ဂျိုးဇက် သည် ငယ်စဉ်က ဘုန်းကြီးကျောင်းတွင် နေခဲ့ဖူးသည်။ ...လောကနီတိအထိ စာတတ်ခဲ့ကြောင်း ဝင့်ဝါစွာ ပြောလေ့ရှိ သည်။ သူတို့ လူသိုက်ထဲတွင် ဂျိုးဇက်တယောက်သာ ဘုန်း ကြီးကျောင်း နေဖူးသူဖြစ်သည်။ ထိုတချက်နှင့် စကားနိုင် အလုံခံခဲ့ရသည်မှာ မနည်းတော့။ ဂျိုးဇက် ဝီးကရက်တိုကို ...မှာခံခွက်တွင် ထိုးချေလိုက်ယင်း

'ဒီစာတွေကို ဘုန်းကြီးစာဆိုပြီး မင်းတို့က 'တယ်အထင် မကြီးကြဘူး'

တင်မောင်လွင်က အသိမရှင်းဟန် မျက်နှာထားပြီး မေးသည်။



F, 5

‘ဘုန်းကြီးစာလို့ ငါဖြင့် မကြားဖူးပါဘူး ဂျိုးဇက်
စာကလေးလောက်ပဲ ရှိတယ်၊ ဧပ်ဝါဝါနဲ့ စာဘုန်း
တော့ မြင်လဲ မြင်ဖူးတယ်၊ ခုမင်းပြောတဲ့....’

‘ဟေ့ကောင် ငါးမူးဖိုး၊ မင်းပါးစပ်ကို ပိတ်ထားစ
အရက် ငါးမူးဖိုး သောက်ပြီး မူးလူချေရဲ့ လုပ်ခဲ့သေ
နောက်ကြောင်းကို ရည်စူးကာ ငါးမူးဖိုးဟု တင်မောင်လွ
ခေါ်တတ်ကြသည်။ ထိုသို့ ခေါ်လိုက်သော အခိုက်အတန့်
တင်မောင်လွင်သည် အတော်ကြာကြာ ငြိမ်သွားလေ
ကြောင်း သိကြသည်။ ယခုတွင်လည်း မောင်မောင်ကျော်
နောက်လိုက်သည်။

‘ဒီစာတွေဟာ လူတွေကို ယဉ်ကျေးစေတယ်၊ ပရိ
ကို ငြိမ်းစေတယ်၊ မင်းတို့ မျက်မြင်ပဲလေကွာ၊ မော
မောင်ကျော်နဲ့ မေသော်တို့ ကိစ္စတုန်းက မေသော်
အသည်းခွဲသွားလို့ ဒီကောင်ကြီး လိမ့်နေအောင်
တုန်းက မင်းတို့ အားလုံး တရားပြတာ ရခဲ့သလာ
တပက်ကနေ နှစ်ပက်၊ နှစ်ပက်ကနေ လေးပက်၊
ပက်ကနေ ရှစ်ပက် ကြာယင် ပုလင်းလိုက်ပါ မျိုချ
မယ်။ အဲ....လောကနီတိထဲက ဂူထ္ထိယ ကဏ္ဍကို
တခေါက်လား ရွတ်ပြလိုက်ရတယ်၊ မောင်မောင်ကျေ
ခံနိုင်ရည်ရှိသွားတယ် မဟုတ်လား’

မောင်မောင်ကျော်က မဲ့ပြုလေသည်။ တင်မောင်လွင်
ခေါင်းညိတ်ပြီး တခွန်း ဝင်ပြောသည်။

ဒုတိယ အကြိမ်



‘ဝမ်းသာလိုက်တာ၊ ဒီကုလား ဒီစကားပြောမယ်မှန်း
သိလို့ ငါက အကောင်းလဲ စကား ဝင်ဖျက်ပေးရသေး
တယ်၊ ကောင်းပါလေ့ကွာ။ ဟေ့ကောင် မောင်
မောင်ကျော်၊ ငါ့ကို ခုနလို ဟောက်ပါဦးလား’

တင်မောင်လွင့်ကို ဂျိုးဇက်က မျက်စောင်းထိုးသည်။ ကုလား
ဟု ခေါ်လိုက်ခြင်းကြောင့် မခံချင် ပုံရသည်။

‘ဘာကွ၊ ငါ့ကို ဘယ်လို ခေါ်တယ်၊ ဘာကုလားလဲ’

‘ဟိန္ဒူ ကုလားပါ ခင်ဗျာ....’

တင်မောင်လွင်က မျက်နှာသေလေးဖြင့် ဖြေသည်။ မောင်မောင်
ကျော်က ရယ်လိုက်သည်။ ရယ်သံမှာ ကျယ်လောင်လှ၏။
အောင်ထွတ်က တားသည်။

‘ဟေ့ကောင်၊ မင့် အသံပြကြီးနဲ့၊ ဟိုမှာ အမေ အိပ်
နေတယ်’

မောင်မောင်ကျော် သတိပြုမိဟန်တူ၏။ အားနာ သွားပုံရ၏။
ထွေးအောင်က ပြုံး၍ နေလိုက်သည်။ သူတို့ အားလုံးက
ထွေးအောင်၏ မိခင်ကို အမေဟုပင် ခေါ်ကြသည်။

‘ဒါတောင်၊ ဂူထ္ထိယကဏ္ဍကို တခေါက်ရွတ်ပြရုံ ရှိသေး
တာ၊ နှစ်ခေါက်များ ဆိုယင် မောင်မောင်ကျော် အိမ်
ထောင်ပြုချင်စိတ် ကုန်သွားနိုင်တယ်’

အောင်ထွတ်က ရယ်ကျဲကျဲနှင့် ဂျိုးဇက်၏ စကားကိုဆုံးအောင်
နားထောင်သည်။ ပြီးတော့မှ မေးသည်။

‘နော်လုလုကြောင့် မင်းခံရတုန်းကလဲ မင်းကိုယ် မင်း

ဒုတိယ အကြိမ်

ဒီနည်းနဲ့ပဲ ကုတာလား၊ ပြောပြစမ်းပါဦး၊ ဘယ်နှစ်ခေါက် ရှုတ်ယူရသလဲကွ’

ဂျိုးဇက်၏ ပါးစပ်သည် ပိတ်သွား၏။ တင်မောင်လွင်က ခပ်တိုးတိုး ရယ်လိုက်ပြီး။

‘ဂုဏ္ဍိယကဏ္ဍကို မင်း ရှုတ်ရှုတ်ပြတုန်းက ငါလဲ ကြွားသားပဲ၊ ငါတော့ ဘုန်းကြီးဝတ်ချင်စိတ်လဲ ပေါ်မလာဘူး၊ အိမ်ထောင်မပြု ချင်စိတ်လဲ ပေါ်မလာဘူး၊ ဩော်....မိန်းမ ဆိုတာ ဒီလို ဒီလိုပါလား၊ ဒီလို ကျွေးကောက်ပါလား၊ ဒီလို လုပ်တတ်ပါလား ဆိုတာ တစိမ့်စိမ့် နှလုံးသွင်းမိပြီး မင်း ညီမ မာရီယာကို တဖြည်းဖြည်း မြင်ယောင်လာတယ် ဂျိုးဇက်ရာ’

ဂျိုးဇက်က တင်မောင်လွင့် တင်ပါးကို လှမ်းပြီး ကန်လိုက်၏။ တင်မောင်လွင် ရှောင်သေး၏။ မလွတ်။ တင်မောင်လွင်သည် တင်ပါးကို အနာပြေပွတ်ယင်း ရယ်နေ၏။ အောင်ထွတ်က မောင်မောင်ကျော်ကို ကြည့်ကာ

‘မင်း ပြောသနပ်ကမှ အတော်ချဉ်တာ၊ မင်းကောင်မကလဲ အဟုတ် မဟုတ်ပါဘူး၊ မင်းနဲ့ပဲ ရုံးတက် ပြီး တိတ်တိတ် လက်မှတ် ထိုးထားပါ့မယ်လေးဘာလေးနဲ့ ပြီးတော့....သူ့မိဘက ဝန်ကြီး ယောက်ဖနဲ့ ပေးစားတော့လဲ မင်းကို စုံကန်သွားတာပဲ၊ သူတို့က ဂုဏ်ပကာသန မက်မော လိုက်တာမှ ပြောစရာ မရှိဘူး၊

ဒုတိယအကြိမ်



ဒီကြားထဲ မင်းက မေသော်ကို အနုကြမ်း စီး သလို ဝင်စီးပြီး လုဖို့ ကြိုးစားသေးတယ်’

မောင်မောင်ကျော်က မျက်နှာ မထားတတ်။ အောင်ထွတ်ကို ပြန်ပြောသည်။

‘အမယ်၊ မင်းတို့ကလဲ အဲသလိုပဲ လုပ်ဖို့ သဘောတူရဲ့နဲ့ များ၊ ခုမှ ငါ့ကိုချည်း အပြစ်ပုံချတယ်’

ဂျိုးဇက်က တခွန်း ဝေဖန်သည်။

‘မင်းက အဲဒီတုန်းက မှန်နေတာ ကိုးကွ၊ ဒီတော့ တို့ကပါ လိုက်ပြီး သဘောတူရတော့တာပေါ့။ ခုနေ ပြန်စဉ်းစားကြည့်မှ ကြက်သီး ထထလာတယ်။ ညညဆို မေခ့သော် သူ့အိမ်က လစ်လာနိုး လစ်လာနိုးနဲ့ မီးရထား လမ်းက သွား စောင့် လိုက် ရတာ တမိုးတွင်းလုံး တဆောင်းတွင်းလုံး၊ ဒီကြားထဲ သူ့အဖေက ရဲဝန်ထောက် မဟုတ်လား၊ အိမ်ကို သူခိုးကပ်လို့ ကင်းပုန်း ချ ပြီး တို့ကို အသေဆော်မယ့် သတင်း ကြို ပြီး ရလို့ ပေါ့၊ နို့မဟုတ်ယင် ခုလောက်ဆို တို့တတွေသေတာ သုံးနှစ်တောင်ကျော်ပြီ၊ ဒီကြားထဲ မေသော့် မိဘတွေကို သွားသတ်ပါမယ် တကဲကဲနဲ့’

မောင်မောင်ကျော်သည် နှုတ်ခမ်းကို စေ့ထား၏။ ထိုဇာတ်ကို ပြန်လည် အစ ဖော်တိုင်း သူ့မျက်နှာထားသည် ပြောင်းလဲသွားသည်။ အောင်ထွတ်သည် တွေးအောင်ဘက်သို့ လှည့်၍ ပြောသည်။

ဒုတိယအကြိမ်

'မောင်မောင်ကျော်တို့ ဖြစ်လိုက်မှဖြင့် အရာနဲ့ ကြောင်း ကြောင်းချည်းပဲ၊ ထွေးအောင်က မင်းဒဏ်ကို အခံရဆုံးပဲ မေသော် ပြန်လာမယ် ထင်ပြီး တရက် မပျက် စောင့်ရတာ နည်းလား၊ နှစ်နှစ်ကျော်၊ ကောင် မ လင်ယူတော့မှ ကိစ္စ ပြတ်တော့တယ်'

ငြိမ်ချက်သားကောင်းနေသော တင်မောင်လွင်က တချက် ဝင်ပြော၏။

'သူက ငါ့လိုသီချင်းပဒေသာနဲ့လွမ်းတာ မဟုတ်ဘူးကွ၊ စန္ဒရားချစ်ဆွေရဲ့ သူ့အလှည့် ခေတ်ပြားနဲ့ လွမ်းတာ၊ ချစ် အား ငယ် ရ သူ မယ် နဲ့ စ၊ ပြီးတော့ ခက်ခက်ကိုမှ လိုချင်တယ်၊ ချစ်သူ ဝေးဝေးသွားပါနဲ့လား၊ နောက်ဆုံးကျယင် ချစ်ရက်ကယ်နှောင်းကို ဆိုပြီး သူ့အသံကြီးနဲ့ လွမ်းလွမ်းဆွေးဆွေး ဆိုလိုက်တာ၊ အဲဒီတုန်းကတော့ သနားလို့ မပြောတာ၊ အခုမှ ပြောရမယ်၊ ဆိုလိုက်တော့ တကယ့်အလွမ်း၊ အသံကြီးကျတော့ မီးနေခန်းထဲ နွားဝင်တဲ့ အသံမျိုး'

မောင်မောင်ကျော်က ကြိတ်၍ ရယ်ယင်း ဆဲလိုက်၏။ အားလုံးက ရယ်ကြသည်။ တင်မောင်လွင်၏ ပြက်လုံးသည် မောင်မောင်ကျော်ကို ဖြောင့်ဖြောင့်မတ်မတ် ထိသွားသည်။ သူသည် လူပုံက ပိန်ပိန်သွယ်သွယ်။ အသံမှာမူ ဩဩ။ ကျယ်ကျယ်။ သူတို့အထဲတွင် သီချင်းအဆိုကောင်း အသံကောင်းမှာ တင်မောင်လွင်နှင့်ထွေးအောင်တို့ နှစ်ယောက်ဘည်း။ အောင်ထွတ်





…တော့ လူက အရပ်ရှည်ရှည်၊ ကိုယ်လုံးကိုယ်ဖန် တောင့်တင်း …လည်း အသံသေးသေး။ တိုးလည်း တိုးသေးသည်။ …င်ထွတ် သီချင်းဆိုလျှင် အသံမှာ တိုးတိုးညှက်ညှက်။ ဟစ် …ဆိုလိုက်ပါက အသံကြောင်ပြီး တိမ်ဝင်သွားတတ်သည်။ …ကြောင့် အောင်ထွတ်တွင် အမည်သစ်ရလာ၏။ အဆို …တ် တိုးကြောင်ကလေး။

'တခု အံ့ဩစရာကောင်းတယ်ကွ သိလား'

…က်က မျက်မှောင်ချီပြီး စကားစသည်။ သူ့စကားကို …င်မောင်ကျော်က ထောက်သည်။

'အင်း....ဆိုပါဦး၊ ဘာပါလိမ့်'

'လူတွေက ကံတူ အကျိုးပေးလို့ ဆိုရမလား မသိဘူး၊ ငါနဲ့ နော်လုလုနဲ့ ကြိုက်ကြတယ်၊ သိပ်မကြာဘူး တင်မောင်လွင်နဲ့ ခင်နှင်းဆီ၊ နောက်....မောင်မောင်ကျော်နဲ့ မေသော်တို့၊ အဲကွ....အသည်းကွဲတော့ တင်မောင်လွင်က ပထမ၊ ငါက ဒုတိယ၊ မောင်မောင်ကျော်တို့က နောက်ဆုံး၊ အောင်ထွတ်က မောင်ကျော် လွမ်းလို့ ကောင်းနေတုန်း စတယ်လာနဲ့ ကြိုက်တယ်၊ တနှစ်မပြည့်ခင် ထင်တယ်၊ ဟိုဘုရား အလောင်း လင်မယား ဝင်နှောက်လို့ ကွဲကြရော၊ တပြိုင်နက်လိုလိုချည်းကွ'

…င်မောင်လွင်သည် မည်သို့ တွေးမိသည် မသိ။ ပြုံးစေ့စေ့ …င့် ရှိနေ၏။ နောက်တော့မှ ပြောလေသည်။

'ဆေးရုံက လူမမာတွေလိုပေါ့ကွာ၊ သူ့ကို ကိုယ်က အားပေးရပေမယ့် ကိုယ်ကိုယ်တိုင်ကလဲ ရောဂါသည်၊ ကိုယ့်ကို သူက အားပေးရမယ်လို့လဲ သူကိုယ်တိုင် ကလဲ ရောဂါသည်၊ ရောဂါတက်လို့ ညည်းလိုက်၊ သူ့ ကိုယ် အားပေး ကိုယ့် သူ အားပေးနဲ့၊ ဆေးရုံ အတက် အဆင်းသာ ရွှေ့ဆင့် နောက်ဆင့် ကွာတာ'

သူ့စကားကို သဘောကျကာ ပြုံးမိကြသည်။ အောင်ထွတ်က ခေါင်းညိတ်လိုက်သည်။

'ခုလဲ ဒီလိုများ ဖြစ်လာဦးမလား မသိဘူး၊ ဒီတခါ ငါက ဈေးဦးပေါက် မြိုင်နဲ့ ငါနဲ့စွန့်လို့ တပတ်လား ခြားတယ်၊ တင်မောင်လွင်က သက်သက်နဲ့ ပြေလည် သွားတယ်လေ၊ နှစ်လလောက်နေတော့ မောင်မော ကျော်က ဂျပုမလေးနဲ့ ဖြစ်သွားတယ်၊ ကျန်တာက ဂျိုးဇက်နဲ့ ထွေးအောင်'

အောင်ထွတ်၏ စကားအဆုံးတွင် ဂျိုးဇက်က မျက်လုံးမြူးက ကြည့်သည်။ ထွေးအောင်က ငေးစိုက်စိုက် ခေါင်းကို မော့ သည်။

'ငါ တယောက်တည်းပါ ကွ'

ဂျိုးဇက်၏ အပြောကြောင့် ထွေးအောင် မျက်လုံး ဝိုင်းသွား သည်။ မျက်လုံးသုံးစုံသည် ထွေးအောင်ထံသို့ ရောက်နေ၏။ ဂျိုးဇက်သည် ကြိတ်ရယ် ရယ်ယင်း တဘက်သို့ မျက်နှာ လွှဲ ထား၏။ မောင်မောင်ကျော်က အောင်ထွတ်နှင့် တင်မောင်





လွင်ဘက်သို့ လှည့်ကြည့်ပြီး ဘယ်လိုလဲ သဘောဖြင့် မေး ဆချက် ငေါ့သည်။ တင်မောင်လွင်သည် ဂျိုးဇက်က မျက်နှာ ပြန်အလှည့်တွင် ပြောသည်။

'ထွေးအောင်မှာ ရည်းစားဆိုလို့ မူးယင် ရှူစရာတောင် မရှိတာ တို့ အသိပဲကွ'

ဂျိုးဇက်သည် ဂုဏ်ခြွေမျက်နှာနှင့်။ ပြောပြလိုဟန်မရှိသော မျက်နှာမျိုး ချိုးထားလေ၏။ တင်မောင်လွင်၏ စကားကို မည်သို့မျှ မတုံ့ပြန်သောကြောင့် အောင်ထွတ်က ထပ်ပြီး ပြောသည်။

'မင်းတယောက်တည်း ကျန်တယ်ဆိုတော့ ထွေးအောင် က ဘယ်အချိန်က ဘယ်သူနဲ့ ဘယ်လိုဆိုတာ ရှင်းဦးမှ ပေါ့ကွ'

ထွေးအောင် ပြုံးလိုက်သည်။ ကျိုစယ်နေကျ စကားတွေ ပြောတော့မည်ဟု သိပြီးဖြစ်သည်။ ဂျိုးဇက်ကို သူ ကြည့်သည်။ ဂျိုးဇက်သည် ကိုယ်နေဟန်ထား တည်ကြည်စွာဖြင့် ထိုင်နေ သည်။ မျက်လုံးကို ခပ်စင်းစင်းထားပြီး၊ ခေါင်းကို ဖြည်းဖြည်း ယမ်းသည်။ သူ့နေပုံထိုင်ပုံကို မောင်မောင်ကျော်က ပြုံး၍ ကြည့်ယင်း တင်မောင်လွင့် ပခုံးကို အသာ ပုတ်သည်။ 'မင်း အဲဒါ ကြည့်ထား၊ ဝက်မှေးမှေးနေတဲ့ မျက်လုံး၊ တွေ့ရ ခဲ့တယ်'ဟု ပြောလိုက်သည်။ တင်မောင်လွင်က ဂျိုးဇက်ကို မေးသည်။

'ဟေ့ကောင် ဆာဒူး၊ ပြောလေကွာ၊ မာရီယာနဲ့ မဟုတ်ဖူးဆိုယင် မင်း အခု ဖြေရမယ်'

ဂျိုးဇက်အဖို့ နှုတ်ခမ်းမလှုပ်လျှင် မဖြစ်တော့။ ထို့ကြောင့်၊

'အတိအကျကြီးတော့ မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမယ့် တော်တော် သေချာပါတယ်၊ သေချာတယ် ဆိုပေမယ့် လဲ သိပ်အသေအချာကြီးတော့ မယူဆနိုင်သေးဘူး ပေါ့၊ ဒါပေမယ့်....'

'ဟေ့ကောင်၊ မင်း ဗမာလိုမပြောနဲ့ ရှင်းရှင်းလင်း လင်း သိရအောင် ဟိန္ဒီဘာသာနဲ့ ပြောကွာ'

အောင်ထွတ်က ဂျိုးဇက်၏ စကားကို ဖြတ်၍ ဝင်ပြောလိုက် သည်။ သို့သော် ဂျိုးဇက်သည် မကြားဟန်ပြု၍ ဆက်ပြီး ပြောသည်။

'သမာဓိချစ် ချစ်နေကြတယ်လို့ ငါ ဆိုလိုတာပါ'

'ဘာကွ၊ မင့်စကားက သမာဓိချစ်တဲ့လား'

အောင်ထွတ်က မေးသည်။ ဂျိုးဇက်က ခေါင်းညိတ်သည်။

'အင်း....'

တင်မောင်လွင်က ဂျိုးဇက်၏ 'အင်း' အဆုံး၌ ခေါင်းကုတ် လိုက်၏။ တယောက်တည်း ညည်းသလိုနှင့် ပြောလေသည်။

'သမာဓိချစ်၊ နားမလည်ဘူးကွာ၊ သမာဓိချစ်ဆိုတာ မဂ္ဂဇိုင်ချစ်တို့၊ မြန်မာ့အလင်းချစ်တို့၊ ဗမာ့ခေတ်ချစ်တို့၊ ရန်ကုန် ဟံသာဝတီချစ်တို့၊ ကြေးမုံချစ်တို့နဲ့ တော် တော် ကွာသလား'





ဂျိုးဇက်သည် ခေါင်းကို လေးလေးပင် ညိတ်ပြ၏။

'ကွာတယ် ကွာတယ် တော်တော်ကြီးကို ကွာတယ်၊ တယောက်ကို တယောက် စိတ်ထဲကနေ ချစ်လိုက်ကြ တာ ဖျပ်ဖျပ်လူး၊ မပြောလဲ မပြောရဲ၊ တယောက်နဲ့ တယောက် ကြင်နာကြောင်း၊ မြတ်နိုးကြောင်း ပြလိုက် ရတာတွေလဲ အမော၊ ပြုံးလိုက်ကြ ရယ်လိုက်ကြနဲ့ အမယ်....တယောက်က ရယ်လိုက်ယင် တယောက်က ထွေးထားချင်တာ၊ ရယ်လိုက် ထွေးထားချင်လိုက်၊ ရယ်လိုက် ထွေးထားချင်လိုက်....'

မောင်မောင်ကျော်က လက်ကာပြသည်။

'တော်ပြီ၊ တော်ပြီ၊ ဒီလောက်ဆို နာမည်ကို ပါရိပ် မိပြီ'

'ရီထား'မဟုတ်လား'

တင်မောင်လွင်က ခေါင်းခါပြသည်။

'မဖြစ်နိုင်ဘူး၊ 'ရီလိုက်' ဖြစ်ရမယ်'

အောင်ထွတ်က အသံစူးစူးဖြင့် ထင်မြင်ချက် ပေးသည်။

'မဟုတ်နိုင်ဘူး၊ 'ရီချင်'က လွဲလို့ တခြားဘာမှ မဖြစ် နိုင်ဘူး'

ဂျိုးဇက်က ငြင်းသည်။

'ဟ....'ရီချင်'ဆိုတာ တရုတ်နာမည်ကြီးကွ'

တွေးအောင် ရယ်နေလိုက်သည်။ ရီထွေးကို ရည်ရွယ်ကြောင်း အားစကတည်းက သိ၏။ စမြိစနေကျ စကားဖြစ်သောကြောင့်

တခွန်းတပါဒမျှ မပြောပဲ နေလိုက်သည်။ သူတို့၏ ရယ်သံတေ ငြိမ်ကျသွားသောအခါ နား၌ ဟာသွား၏။ လုံ့ခြေတိတ်ခဲ့ပြီ ဖြစ်သဖြင့် အမေ့ အသက်ရှူသံကိုပင် ကြားနေရသည်။ အိပ်ခန်းသို့ ကြည့်လိုက်မိ၏။ အမေသည် အဖေအိပ်သော နေရာတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မော ကျလျက် ရှိလေသည်။

အဖေကွယ်လွန်ခဲ့ပြီ ဟူသော အသိသည် အိပ်မက်သဖွယ် ယုံမှာ ဝိုးဝါး။



၁

ဦးနှောက်နှင့် နှလုံးသားတို့သည် ထွေးရောယှက်တင် ဖြစ်နေသည်။ တခါတရံတွင် ဝေဒနာသည် အဆာချဲ့ချင်သည်။ တခါတလေတွင် တွေးမြင်သမျှသည် အဆုံးမရှိ။ အများအားဖြင့်မူ၊ အဖေ့ကို အောက်မေ့သော ဝေဒနာသည် အပေါ်ည်းမှာ ရှိနေသည်။ အဖေ ရှိစဉ်က ရှိနေသည်မှာ ထင်ထင်ရှားရှား မဟုတ်ဘဲသို့ ဖြစ်နေသည်။ အိပ်ရာထက်တွင် လဲနေသည်အထိ အဖေ့ အခြေအနေ ပြောင်းလဲ လာသည်။ ထိုသော် အဖေသည် သည်အိမ်ပေါ်မှာ၊ သည်အိပ်ရာပေါ်မှာ။ ထူးခြားသောအပြောင်းအလဲလို့ အမြင်မရှိ။ အဖေ့ ပြောင်းလဲမှုတို့သည် တရွေ့ရွေ့။ နောက်ဆုံး အရွေ့တွင်မူ မျက်လုံး၌ သိသိသာသာ ခြားနားပေစွ။ သား အမိ သား အဖ သုံးဦးသာ ရှိသော မိသားစုထဲမှ အဖေ၏ ထွက်ခွာသွားပုံသည် ထာဝရ ထွက်ခွာခြင်းဖြင့်။

တရွာတကျေးသို့ အဖေ အလည်အပတ် သွားဖူးသည်။ တရက်
နှစ်ရက်မှ တလ ကိုးသီတင်းကြာသည်။ အိမ်မှာ အဖေ မရှိသည်
ကို သိသလိုပင် ပြန်လာမည်ဟုလည်း သိနေပြီးသား။ ထို
ထွက်ပြီး ပြန်လာမည့်နေ့ကို တင်ကြိုသိလျက် ရှိ၏။ လွဲလျှင် တ
ရက်နှစ်ရက်။ အိမ်သို့ ပြန်ရောက်လာသော အဖေ့ကို ကြိုရသော
အချိန်သည် ပျော်စရာ အကောင်းဆုံး အချိန်ဟု ပြောပြခဲ့
သည်။ ထိုအခါ အဖေသည် ရယ်မောယင်း "အဖေ ခရီးထွက်
သွားတုန်းကတော့ မအောက်မေ့ဘူးလား" ဟု မေးသည်။အမေ
သည် သူဖြေမည့်အဖြေကို အဖေ့ နည်းတူ နားစွင့်ခဲ့သည်
"အဖေ ဘယ်နေ့ ပြန်လာမယ်ဆိုတာ သိနေတာပဲ၊ မအော
မေ့ပါဘူး" ဟု ဖြေသည်။ အဖေသည် သူ ကြီးပြင်းလာချိန်တွ
ထိုအကြောင်းကို မကြာခဏပြောကာ ပြုံးတတ်၏။ "ငါ့သား
မလိမ်တတ်ဘူးကွ၊ ဒီပြင် ကလေးတယောက်ယောက်သာဆိုယ
အောက်မေ့ပါတယ်လို့ ဖြေမှာပဲ၊ မအောက်မေ့တာကိုအော
မေ့တယ်လို့ ငါ့သားက မညာဘူး၊ မအောက်မေ့ဘူးဆိုတာက
သူ့ အကြောင်းပြန့်သူ ဟုတ်လို့ဗျ" ဟု အမေ့ကို ပြောသည်။
ပြန်လည် စဉ်းစားလိုက်သောအခါ အဖေ့မျက်နှာကို စေ့စေ
စပ်စပ် မြင်လာသည်။ မှတ်မိသမျှတွေက မြင်မြင်ထင်ထ
လေယူလေသိမ်း နူးညံ့သော အသံတွေကို ကြားယောင်သည်
အရပ်ရှည်သည်နှင့် အမျှ စိတ်ကပါလိုက်၍ ရှည်တတ်သလာ
မဆိုနိုင်။ အဖေ စိတ်ဆိုးသည်ကို တသက်နှင့် တကိုယ် တ
မျှပင် မတွေ့စဖူး။ အမေနှင့် စကား အပြော မတည့်သည်





တခါတရံ တွေ့ရသည်။ သို့သော် အော်ကြီးဟစ်ကျယ် မဟုတ်။
ရိုက်မည်နှက်မည် ရွယ်သည်ကိုမျှ မမြင်စဖူး။ အဖေ့ အပြုအမူ
အပြောအဆိုတို့သည် အေးချမ်းလှသည်။ အဖေနှင့် စာသော်
အမေသည် အနည်းငယ်မျှ ကြမ်းချင်သေးသည် ထင်ရ၏။ သား
ကို ဆူစရာရှိလျှင် ဆူသည်။ပြောစရာရှိလျှင် ပြောသည်။ ရိုက်
စရာရှိလျှင် ရိုက်သည်။ ခြောက်တန်း ခုနစ်တန်း ရောက်တုန်း
က သုံးလေးခါ ကျောင်းပြေးခဲ့သည်။ ထိုကျောင်းပြေးမှု
ကြောင့် အမေရိုက်၏။ အဖေကမူ သာသာအေးအေး ပြောပြ
တာ ဆုံးမသည်။ ပညာကြိုးစားသင်ယူသင့်ကြောင်း၊ ကျောင်း
မပြေးသင့်ကြောင်း၊ ပညာတတ်မှ ကိုယ့်ဘဝ ကိုယ်တာဝန်ယူ
နိုင်မည် ဖြစ်ကြောင်း၊ အမိအဖ ဆိုသည်မှာ လူ့လောကတွင်
ထာဝရ ရှိနေလိမ့်မည့်သူများ မဟုတ်ကြောင်း၊ အမိ အဖ မရှိ
တော့သည့်နောက် ကိုယ့် ခြေ ပေါ် တွင် ကိုယ် ရပ် သော အခါ
ပညာသည်သာ အဖော်ဖြစ်ကြောင်းပြောသည်။ အဖေ့ စကား
ကို ကြားရပြီးသည့်အချိန်မှစ၍ ကျောင်းမပြေးမိတော့။ အမေ
၏ အရိုက်ကို ထိုနေ့မှစ၍ မခံရတော့။
ဤသို့ဖြစ်လာခြင်းနှင့် ပတ်သက်ပြီး အမေက သူ့ကြောင့်
လိမ္မာသွားကြောင်း ပြောသည်။ အဖေကမူ သူနားဝင်အောင်
ပြောဆိုဆုံးမလိုက်ခြင်းကြောင့် သား လိမ္မာသွားကြောင်း ပြော
လေသည်။ တုတ်ကြောင့် လိမ္မာသည်။ စကားကြောင့် လိမ္မာ
သည်ဟူသော အမေနှင့် အဖေတို့၏ ရယ်ကာ မောကာ ငြင်း
ဆိုကြခြင်းမှာ သတိရတိုင်း စကားပွဲတပွဲ ပြန်လည် ဖြစ်လာ၏။

နှစ်ယောက်စလုံးက သူ့ကို ‘ဘယ်သူ့ကြောင့်က ပိုလို့မှန်သလဲ’ ဟု မေးသည်။ ‘အမေရိုက်ရလို့ လက်ညောင်းမှာ ကြောင့်ရော၊ အဖေပြောရလို့ အာညောင်းမှာကြောင့်ရော’ ဟု နှစ်ဘက်ကျေနပ်စရာ စကား သူဆိုသည်။ အဖေနှင့် အမေတို့ နှစ်ယောက်စလုံး ပြုံးရလေတော့၏။

အဖေက အမေ့ကိုဖြစ်စေ၊ သူစိမ်းတရံဆံကိုဖြစ်စေ ကလေးရိုက်ခြင်းနှင့် စပ်လျဉ်း၍ ဝေဖန်လေ့ရှိသည်။ ‘လူကို ရိုက်တာက နာတယ်ဆိုပေမယ့် ခဏနာတာ၊ စိတ်ကို ရိုက်တာကမှ စွဲတာ၊ စိတ်ကို ရိုက်ပြီး ဆုံးမရတယ်’ဟု ပြောသည်။ အဖေ့ အယူအဆသည် မည်မျှမှန်ကန်သည် မသိ။ သူ့စိတ်ထဲတွင် ယခုတိုင် စွဲနေသည်ကား အမှန်။ ထို့ပြင် အဖေသည် သူ့အပေါ်တွင် ထားရှိသော မျှော်လင့်ချက်တွေကို ပြောပြသည်။

ထိုနေ့ကို မည်သည့်ကာလတွင်မှ မေ့တော့မည် မဟုတ်နိုင်။ တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းတွေ ထွက်၍ သွားကြည့်သည့်နေ့။ စာမေးပွဲ ကျမည်ကို အစိုးရိမ်ကြီး စိုးရိမ်နေရသော နေ့။ နေ့မအိပ် ညမအိပ် ကျက်မှတ်ပြီး ဖြေခဲ့ရသော စာမေးပွဲက ပေးအပ်တော့မည့် အကြောင်းပြန်ကြားချက်။ ပထမဦးဆုံး ဖြေခဲ့ရသော စာမေးပွဲဖြစ်သဖြင့် နှစ်ကြိမ်စလုံး စိတ်လှုပ်ရှားမှု ပြင်းထန်လှ၏။ စာမေးပွဲခန်းတွင်းသို့ ခြေလှမ်းစဉ်ကတကြိမ်၊ အောင်စာရင်းစာရွက်ကို ကြည့်ရစဉ်ကတကြိမ်။ မိမိခုံအမှတ်ကို မတွေ့သောအခါ မျက်လုံးတွေ ပြာဝေသွား၏။ နှလုံးသွေးအခုန် မြန်လာ၏။ သားဖြစ်သူကို တက္ကသိုလ်





ကျောင်းသားကြီးဖြစ်စေချင်သော အဖေ့ကို ကွက်ကနဲ မြင်[illegible]၏။ အဖေ့ စကားတွေက နားဝ၌ ဘသိတတန်း ပေါ်လာ[illegible] စိတ်ကိုတင်းရသည်။ သူငယ်ချင်းများ၏ ခုံအမှတ်တွေကို [illegible]ကြည့်သည်။ မောင်မောင်ကျော်၊ အောင်ထွတ်၊ တင်မောင်[illegible] ရီထွေးတို့ အားလုံး စာမေးပွဲ အောင်ကြသည်။ ကျကျန်[illegible]သူမှာ သူတယောက်တည်း။

[illegible] သူပြန်ရောက်ချိန်တွင် အဖေနှင့် အမေတို့က အောင်စာ[illegible]ကို မမေး။ သားဖြစ်သူ၏ အပြန် ခြေလှမ်းကို မြင်ရ[illegible]ည်းက တွက်ဆနှင့်ပြီး ဖြစ်ဟန်ရှိသည်။ မမေးသော်လည်း [illegible] ပြောလိုက်သည်။ သူစာမေးပွဲ ကျကြောင်းကို အမေတို့က [illegible]စား ရေသောက်ကိစ္စလိုပင် ပေါ့ပေါ့တန်တန် သဘော[illegible]ဟန်ပြကြသည်။ ‘ရှေ့နှစ်ခါတော့ အောင်မှာပေါ့ကွယ်၊ [illegible]တန်းဆိုတာ နှစ်ချင်းပေါက် အောင်ဖို့ ခဲယဉ်းသားပဲ’ ဟု [illegible]က နှစ်သိမ့်သည်။ အဖေက ‘သားက အသက်ငယ်ပါ[illegible]တယ်၊ အမှန်ကတော့ သားအသက်နဲ့ဆိုယင် တက္ကသိုလ်[illegible] တော်တော် စောနေသေးတယ်ကွ၊ ဟိုမှာ လူပေါင်းစုံ၊ [illegible]ကိုယ်ကို မထိန်းနိုင်ယင် မဖြစ်ဘူး၊ သားက ဆယ့်ခုနစ် [illegible]ရှိသေးတာပဲ၊ နောက်ပြီး တက္ကသိုလ်မှာ အသင်းအဖွဲ့တွေ [illegible]များတယ်၊ ရှေ့နှစ်ခါလောက်မှဆို ခုထက် အသိဉာဏ်[illegible]မှာ၊ ရှေ့နှစ်တော့ အောင်အောင် ကြိုးစားပေါ့ကွာ၊ [illegible]လား’ဟု ပြောသည်။ ထိုစကားနှင့် တဆက်တည်းပင် [illegible]အပေါ်၌ ထားသော ရည်မှန်းချက်တွေကို ပြောလေသည်။

သူနှင့် စပ်လျဉ်းရာ အဖေ့ မျှော်မှန်းချက်တို့ကို ကြားရသော
အခါ ကြိုးစားချင်စိတ်တွေ ပို၍ တိုးလာသည်။ အားလည်း
တက်လာသည်။ တဘက်၌ ဝမ်းလည်း နည်းလာသည်။
အမေက စာမေးပွဲ ကျခြင်းနှင့် ဆက်၍ ထင်မြင်ချက်တခု
ပေးသည်။

စန္ဒရားသင်တန်း တက်နေသောကြောင့် ကျောင်းစာ လစ်ဟင်း
သည် ထင်ကြောင်း ပြောသည်။ အဖေက အမေ့ ထင်မြင်
ချက်ကို ခေါင်းခါပြသည်။ ပန်တျာကျောင်းတွင် ညနေသင်
တန်း တက်မည်ဆိုစဉ်ကပင် အဖေ သဘောတူခဲ့သည်။ ညနေ
သင်တန်းကို တနှစ်လုံး ရက်ပျက်မရှိ တက်ခဲ့သည်။ ထိုသင်တန်း
ပြီးသော် အချိန်ပြည့် နေ့ကျောင်းသားအဖြစ် တက်မည်ဆိုရာ
အဖေ ခေါင်းညိတ်ခဲ့သည်။ အထက်တန်းကျောင်းမှ ထွက်မည်
အလှတ်ပညာသင်ကျောင်းတွင် ညဘက်တက်ပြီး စာမေးပွဲဖြေ
မည်ဟု ပြောသည်။ ထို့ပြင် ကျမ်းစာကျောင်းဝင်းအတွင်းရှိ
ကရင် ဆရာမကြီး နေ့်အေးမူထံတွင် အနောက်တိုင်း သီချင်း
တွေ့ သင်ယူမည်ဟု ပြောသည်။ ‘ဂီတဘက်ကို သား ပိုပြီး
စိတ်ရောက်နေသလား’ဟု အဖေက တခွန်းမေးသည်။ ဆယ်
တန်းအောင်ပြီးလျှင် တက္ကသိုလ်တွင် ပညာဆက်သင်မည်၊ ဂီတ
ဘက်တွင်လည်း ထူးချွန်အောင် ကြိုးစားချင်သည်ဟု သူ ဖြေ
သည်။ ‘မင်း သိပ်ပင်ပန်းမှာပဲ။ ပန်တျာကျောင်းနဲ့ ညကျောင်း
က နေ့တိုင်းတက်ရမှာ၊ ဒီကြားထဲ ဒေါ်အေးမူဆီကို တပတ်





...ချက်ဆိုတော့ နားရတယ်ရှိမယ် မဟုတ်ဘူး’ဟု ကရုဏာ
...မျက်လုံးဖြင့် ကြည့်ကာ ပြောသည်။
...က တက္ကသိုလ်ဝင် စာမေးပွဲ ကျခဲ့သည်။ များစွာ စိတ်
...ရှားခြင်း မဖြစ်မိတော့။ စိတ်ဝင်စားမှုလည်း လျော့သွား
...သည်။ ထို့ပြင် အဖေ မကျန်းမမာ ဖြစ်လာသောကြောင့်
...အလွတ်ပညာသင်ကျောင်း ဆက်မတက်ဖြစ်။ ညဦးပိုင်း၊ ညနေ
...ပိုင်းတွင် အဖေ့ကို ပြုစုရေးတာဝန် ယူရပါက အမေ့အတွက်
...နည်းတလမ်း သက်သာရာရမည် တွေးမိ၏။ စာမေးပွဲ နီး
...တော့မှ ကိုယ့်ဘာသာကိုယ်ကျက်ပြီး အလွတ်ဝင် ဖြေမည်ဟု
...အမေ့ကို ပြောသည်။ အမေက သားသဘောပဲလေဟုဆိုသည်။
...အဖေက စာမေးပွဲ မဖြေနိုင်မည် စိုးကြောင်း ပြောသေးသည်။
...ဝင်ရိုးပြောင်းထားခြင်း မရှိ၍ တကြောင်း၊ သိပ္ပံဘာသာရပ်
...ထားခြင်း မဟုတ်၍ တကြောင်း ဖြေနိုင်မည်ဖြစ်သည်ဟု သူ
...ပြသည်။ ‘ဒီလိုဆိုလဲ အကောင်းသားပဲ။ သား စန္ဒရား
...တော့ ကျင့်ချိန် ပိုရတာပေါ့’ဟု အဖေ ပြောသည်။
...သည်နှစ် အောင်စာရင်း နှစ်ခုကို ကြည့်ခဲ့ရ၏။ ထင်ထားသည့်
...အတိုင်းပင် တက္ကသိုလ်ဝင် စာမေးပွဲကို မအောင်မြဲ မအောင်
...။ ပန်တျာကျောင်းတွင် ဒုတိယနှစ်သင်တန်းသားအဖြစ် တက်
...ရောက်ကိုမူ အလိုလိုသိနေသည်။ အာရုံထက်သန်နေသည်မှာ
...ကြီးတွေ၊ ဘွဲ့တွေ၊ ဂီတ သင်္ကေတတွေ၊ စန္ဒရားခလုတ်တွေ။
...ကျားကုတ် ကျားခဲ ကြိုးစားပါလျက်နှင့် ကြိမ်ဖန်များစွာ
...ရှုံးခဲ့ရသောကြောင့် ကျောင်းစာမေးပွဲကို စိတ်နာလာ

သည်။ ကွန်တိုမြေပုံ ဖတ်ရှုခြင်းနှင့် နော်ရထာမင်းစော၏ ပုဂံနိုင်ငံတော်ထူထောင်ခြင်းတို့သည် ဦးနှောက်ထဲတွင် ပါးလုပ်လုပ် ဖြစ်စပြုလာ၏။ မြန်မာ့ပုံပြင်သုံးဆယ် စာအုပ်နှင့် ရတနာကျွန်းတို့ထဲမှ ဇာတ်လမ်းတွေကို မေ့ချင်စိတ်တွေ ဝင်လာ၏။ ပဒေသရာဇာ၊ မြဝတီဝန်ကြီး၊ ငယ်တိုးအတွင်းဝန်၊ ဦးနေဦး မမြလေး၊ ရှုပင်၊ ဝဂ္ဂနာ၊ ဂျိုးဇက် အမည်တို့ကို နားကြားရင့်လာသည်။ ဒိုရေမီဖာ၊ ဝမ်းတူးသရီးနှင့် မေဂျာမိုင်နာစကေးတို့ကို အပြောအဆို ပြုလာရသည်။

ထိုအချိန်တွင် အားတက်စရာတွေ ရှိလာသလို အားပျက်စရာတွေ ပေါ်ပေါက်လာခဲ့သည်။ သူငယ်ချင်းတွေက စိတ်ဓာတ် ဖေးမ ပေးဖော်ရကြသည်။ အနုပညာလုပ်ငန်းတွင် တိုင်ပင်ဖော် တိုင်ပင်ဖက်တွေ ဖြစ်နေကြသည်။ တအားတက်လာရသည်မှာ ဂျိုးဇက်၏ အပြောင်းအလဲကြောင့်။ ကျောင်းဆက်မတက်ချင်တော့ဟု ဆိုသည်။ ဂီတလောကတွင် နေတော့မည်ဟု ပြောသည်။ ကျောင်းပြီးအောင် တက်ပါဟု ဝိုင်းဝန်းတိုက်တွန်းသော်လည်း မရ။ ဂျပ်ဇ်တီးဝိုင်း တဝိုင်းစာ တူရိယာပစ္စည်းတွေ ဝယ်သည်။ သူ့အသိုင်းအဝိုင်းသည် ကရင်သူငယ်ချင်းများ၊ တရုတ်သူငယ်ချင်းများသာ ဖြစ်သည်။ ဂီတကို အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် သဘောထားကာ အားကြိုးမာန်တက် လေ့ကျင့်တော့မည်ဟု ဂျိုးဇက် ပြောသည်။ အောင်ထွတ်ကမူ အပျော်တမ်း တယောသမား အဖြစ်နှင့်ပင် နေဦးမည်၊ ကျောင်းပြီးအောင် တက်မည်ဟု ပြော

ဒုတိယအကြိမ်



သည်။ တင်မောင်လွင့်အဖို့မူ ထူးထူးခြားခြား မရှိ။ သက်ကြီးအကျသိုလ်တွင် ဆက်တက်မည် ကြံပြီး အချိန်မရ၍ မတက်ဖြစ်ခဲ့။ နေ့တွင် ရုံးစာရေး၊ ညတွင် အလွတ်ပညာသင်ကျောင်းဆရာ။ သိချင်း အဆို ဝါသနာပါသည့် အလျောက် အဆိုပျောက်။ ကျောင်းတွက်စရာမလို၊ အလုပ်တွက်စရာ မလို။

'တချိန်ချိန်ကျယင် တို့တတွေ ဂီတလောကမှာ နေရာတနေရာ ရရမယ်လို့ ငါတွက်တယ်၊ ငါတို့ ခုထက်ပိုပြီး ကြိုးစားကြရမယ်'

ဂျိုးဇက်က ဟောကိန်းထုတ်ခဲ့သည်။ ထိုဟောကိန်း မှန်ကန်သာအောင် မည်ရွေ့မည်မျှ ကြိုးစားရမည်ကို အားလုံး သိသလို တွေးအောင်လည်း သိသည်။ သူတို့ ကြိုးစားရခြင်းမှာ နောက်ဆံတင်းစရာ မရှိလှ။ သူနှင့် မတူဟု သိပြီးဖြစ်၏။ ထိုအကြောင်းကို တွေးအောင် ပြောပြလိုက်သည်။

'ကြိုးစားမယ့်သာ ကြိုးစားရမှာ၊ စိတ်က မဖြောင့်ဘူးကွ။ ငါ့ဘဝက မင်းတို့နဲ့ မတူဘူးလေ၊ ခုဆိုယင် အဖေအငြိမ်းစား ယူလိုက်လို့ ရထားတဲ့ ကရုဏာကြေးရယ်၊ ပင်စင်တဝက်ရောင်းလို့ ရထားတဲ့ ငွေလေးရယ်၊ အမေက အထည်လေး ဘာလေး ဟိုလ ပေးရောင်း ဒီလပေးရောင်းနဲ့၊ ခုထိ အဖေ မမာတော့ အမေက အရောင်းအဝယ် မလုပ်နိုင်တော့ဘူး။ ရှိတဲ့ ငွေလေး ထိုင်စားတာမျိုး ဖြစ်နေတယ်။ ဒီကြားထဲ အဖေ့ အခြေအနေက သိပ်မဟန်တော့ဘူး'

ဒုတိယအကြိမ်

စိတ်မကောင်းစွာဖြင့် နားထောင်နေကြသည်။ အောင်ထွတ်က အစီအစဉ် တခု ပြောပြသည်။ တင်မောင်လွင်မှ တပါးကျန်သုံးဦးက တလငါးဆယ်စီငွေစုပြီး ပေးမည်ဆို၏။ ထိုအစီအစဉ်ကို ထွေးအောင် လက်မခံ။

'လောလောဆယ်တော့ အဲ့ဒီ ငွေ ငါ မလိုသေးပါဘူးကွာ၊ ထားလိုက်ပါဦး၊ ခုထိတော့ အမေ့ လက်ထဲမှာ ငွေလေးငါးထောင် ရှိနေသေးတယ်၊ လက်သာ ကိုယ်ကျွတ်ဖြစ်ယင်တော့ မင်းတို့ ငွေကို လိုကောင်း လိုလိမ့်မယ်၊ ပြီးတော့....ငါစဉ်းစားတယ်၊ အလုပ် တခုခု ဝင်လုပ်မလားလို့၊ တလ တရာရရ တရာ့ငါးဆယ် ရရပေါ့ကွာ'

တင်မောင်လွင်က သဘောမတူဟန် မျက်နှာနှင့်

'အလုပ်ဝင်လုပ်ယင် ပန်တျာကျောင်းက ထွက်ရမှာ၊ နှစ်နှစ်ပဲ ကျန်တာ အောင့်အီးပြီး ဖြစ်သလို ရုန်းတာပေါ့ကွာ၊ တော်ကြာ....အလုပ်လုပ်လို့ရတဲ့ ငွေကလဲ မဖြစ်စလောက်၊ ပန်တျာကျောင်းလဲ ထွက်နဲ့၊ ဟိုမရောက် ဒီမရောက် ဖြစ်သွားမှ ဒုက္ခ'

ဂျိုးဇက်နှင့် အောင်ထွတ်တို့က တင်မောင်လွင်နှင့် တသဘောတည်းရှိကြသည်။ မောင်မောင်ကျော်ကမူ အောင်ထွတ် ပြောသည့် ငွေစုပြီး ပေးသော စနစ်ကို သဘောကျကြောင်း ပြောသည်။ သို့သော် ထွေးအောင်က ခေါင်းခါသည်။

'ဒီလိုလုပ်လေ၊ အလုပ် ထွက်လုပ်ရမယ့် အခြေအနေမျိုး





ရောက်မြို့ဆိုယင် အလုပ်တော့ ထွက်မလုပ်နဲ့၊ တို့ပြောတဲ့ အစီအစဉ်ကို မင်း လက်ခံလိုက်ပေါ့။ မင်းကို ငါတို့က ပန်တျာကျောင်း တက်နိုင်းတဲ့ အလုပ် လုပ်ခိုင်းတယ်ကွာ၊ ဒီလို အလုပ်လုပ်ရတဲ့အတွက် တို့က မင်းကို လခ ပေးမယ်၊ ဒီသဘောပဲ'

'အေးကွာ၊ အဲဒီအချိန်ကျယင် ငါ အဲဒါ လက်ခံမယ်၊ မင်းတို့ ကျေနပ်ပေါ့'

…ငယ်ချင်းတို့၏ စေတနာကို သိသည်။ သူတို့ ထောက်ပံ့မည့် …ကို လက်ခံရမှာ ဝန်လေးလှသည်။ အားနာလှသည်။ ကိုယ့် …ကိုယ်ပြန်ကြည့်တော့ တစက်ကလေးမျှ အားတက်ဖွယ်မရှိ။ …တ်ငယ်စရာတွေကိုသာ မြင်နေသည်။ မပြည့်စုံလှန်းသော ထို…တွင် ထိုသို့သော အနုပညာကို စိတ်ကူးမိသည်ကပင် ရူးရာ…နေပြီလား။ တခါတလေ မေးကြည့်မိသည်။ ကျောင်းမှာ …ရေးကျင့်၊ ဆရာ ဦးမြတ်စံ အိမ်တွင် ဖြစ်စေ၊ ဆရာမကြီး …နော်အေးမူ အိမ်တွင် ဖြစ်စေ စန္ဒရားကျင့်၊ အိမ်မှာ စန္ဒရား …ရှိ။ စန္ဒရား ဝယ်နိုင်ရန် ဝေးစွ။ လမ်းစရိတ် ပြဿနာကပင် …တက်နေတတ်သေးသည်။ စိတ်ပျက် ညစ်ညူးလှန်းသောအခါ …ကိုယ့်ကိုယ်ကို စိတ်ထဲမှ ရယ်ပစ်မိလိုက်၏။ ပန်ဘျာကျောင်း …ညာသင် ထောက်ပံ့ကြေးက တလငါးဆယ်။ ဆရာမကြီး နော် …အေးမူဆီတွင် ပေးရသော သင်တန်းကြေးက တလ သုံးဆယ်။ …ကျန် နှစ်ဆယ်ကို လက်ဖက်ရည်ဖိုး၊ လမ်းစရိတ်ဖိုး ထားရ…သည်။ မည်သို့ချွေတာချွေတာ မလောက်။ အမေ့ထံမှ တောင်း

ရသည်။ အဖေ့ ကျန်းမာရေး ဆိုးရွားလာချိန်တွင် ငွေက ကြေးကျ ပိုများလာသည်။ ထိုအခါမျိုးတွင် အမေ့ထံလက်ဖြ ရသည်ကို အားလည်း အားနာသည်။ မျက်နှာပင် ပူလာသည် ရင်ထဲတွင် အစဉ်သဖြင့် မလုံမလဲ။

အဖေ့အတွက် မျှော်လင့်ချက် မရှိပြီဟု သိရသော အချိန်တွ လက်ထဲ၌ ငွေတထောင် မပြည့်တော့ဟု အမေ ဖွင့်ပြောသည် မတော်တဆ တိမ်းပါးသွားလျှင်ပင် ဆောင်ရွက်ရမည့် ကိ အဝဝ အတွက် ငွေမလုံလောက်ဟု သူ တွက်ကြည့်နားလည လိုက်သည်။ ထိုအချိန်တွင် အနာဂတ်ကာလကို ရှုပ်ထွေးစွ တွေးနေမိသည်။ စိတ်ဓာတ်တွေ ယိမ်းယိုင်လျက် ရှိသည်ကို အ လိုလို သိနေသည်။ ထိုအခါကာလသည် မျှော်ကိုးချက် မှန်သမျ ကို ဖွဲ့ယူတိုက်စားနေသော ကာလဟု နေ့စဉ် မှတ်တမ်းထဲတွ ရေးဖြစ်စေခဲ့သည်။

အမှန်တွင် အဖေ မရှိတော့သော သည်အချိန်သည် ထိုအချိ များထက် ဝေဒနာများစွာ ဖြစ်ပေါ်စေရာ အချိန် ဖြစ်သည် ယခုပင် စတင် စဉ်းစားရချေပြီ။ ထမင်းတလုတ်ကို ရအောင် ရှာဖွေရချိမ့်မည်။ ထမင်းလုတ်ကို ရှာဖွေရာတွင် စန္ဒရားလေုတ တွေကို ကျောခိုင်းရကောင်း ကျောခိုင်းရမည်လား စိုးရိမ်နေ သည်။

●

အမေသည် ဘူ့သဘောကို သိလိုသော မျက်လုံးဖြင့် လှမ်းရှု ကြည့်သည်။ ချက်ချင်း မျက်လုံး လွှဲသည်။





အမေ့စကားတို့သည် အခြေအနေကို အလွယ်ကူဆုံး ညွှန်ပြ နေသည်။ တခုခု ပြုလုပ်ရတော့မည်ကို အဖေ ကွယ်လွန်ပြီး ရက်မလည်မီကပင် တွေးတောထားပြီး ဖြစ်သည်။ မနေ့က အိမ်ရှင် အဘွားကြီး ရောက်လာသည်။ မြင်ကတည်းက သိပြီ။ ထိုအဘွားကြီး လာနေကျရက်မှာ လေးငါးရက် လွန်လာမှန်း သတိပြုမိသည်။ အဖေနှင့် ပတ်သက်ပြီး စိတ်လက်မချမ်းမသာ ဖြစ်နေမည်ဟု လူမှုရေးအရ ငဲ့ညှာသောအနေနှင့် လဆန်းလျှင် ဆန်းချင်း ခါတိုင်းကဲ့သို့ ရောက်မလာ။ နောက်ကျပြီးမှ လာ သော်လည်း အိမ်လခလာတောင်းခြင်းသာ ဖြစ်သည်။ အမေ က အိမ်လခ ငွေလေးဆယ် ပေးလိုက်သည်။

ထိုငွေကို လှမ်းကြည့်ယင်း လစဉ်ဝင်နေရမည့် ငွေကို သူ မှန်း ဆလိုက်၏။ အိမ်လခ လေးဆယ်၊ မီတာခတဆယ်။ သူ့အတွက် လမ်းစရိတ် အစ ရှိသည်က သုံးဆယ်။ သား အမိ နှစ်ယောက် စားစရိတ်က အငတ်ခံစားနိုင်သည်ထားဦး၊ တရာထက်မနည်း။ တရာထားပြီးတွက်လျှင် တလ ဝင်ငွေ တရာ့ရှစ်ဆယ်ထက်လျော့ က မဖြစ်။ အမေ့လက်ထဲတွင် ရှိနေသော ငွေကလေးမှာ တနှစ် စာ ထိုင်စားလောက်သည်မဟုတ်။ သူ အလုပ် တခုခု ဝင်လုပ် မည်ဆိုလျှင် အလုပ် တခုတည်းနှင့် မလောက်ငနိုင်။ ဆယ်တန်း မအောင်သေးသော သူ့အဖို့ တရာနှစ်ဆယ့်ခြောက်ကျပ် အလုပ် ကိုပင် အကပ်အရပ်နှင့်ရှာမှ ရမည်။ ရသည့်အခါတွင် အိမ်အ တွက် လိုနေသေးသည့် ငွေကို သတင်းစာပို့ အလုပ်၊ ညစောင့် အလုပ် တခုခုထပ် လုပ်ပြီး ဖြည့်ရမည်။ ထိုအခါ ပန်တျာ

ကျောင်းကို သံယောဇဉ် ဖြတ်ရပေမည်။ ကျောင်းမတက်တော့လျှင် တရာ့ငါးဆယ်လောက်နှင့် လုံလောက်စရာ မြင်သည်။ စန္ဒရားအတီးကို ဆရာမကြီး နော်အေးမူထံတွင်သာ သွားပြီး သင်လျှင် ဖြစ်သည်။ သို့တစေ ဆရာမကြီးသည် မြန်မာသီချင်းကြီးများကိုမူ သင်ပေးနိုင်သူ မဟုတ်။ မြန်မာသီချင်းကြီးများကို အခြားဆရာ တဦးဦးထံတွင် ဖြစ်စေ၊ ဆရာဦးမြတ်စံထံတွင်ဖြစ်စေ အချိန်ရလျှင် ရသလောက် သွားတက်မည်ဟု တဘက်မှ တွေးကြည့်သည်။ အလုပ်ဝင်လိုက်ပြီဆိုက ကျောင်းတက်သလို အချိန်မှန်မှန်တက်ကာ လေ့ကျင့်သင်ယူရသကဲ့သို့ တာပြေးမည် မဟုတ်ဟု စိတ်နှောင့် နေသည်။ အနာဂတ်ဘဝအတွက် တခုတည်းသော ရည်မှန်းချက်သဖွယ် တဖြည်းဖြည်း ဖြစ်လာသော ဂီတနှင့် ကင်းကွာလိမ့်မည်ကား အနည်းနှင့် အများ။ စားနေဝတ်ရေး ပြဿနာက ရှေ့တန်းသို့ တက်ခြင်းမက တက်လာချိန်တွင် ရှေ့ရေးအလို့ငှာ ကြိုးပမ်းအားထုတ်ရမည့် စိတ်ကူးတို့သည် ပြယ်လာလေ၏။ လောလောဆယ် အခြေအနေကို မည်သို့ အဖတ်ဆယ်ရမည်မှာ အရေးတကြီး ကိစ္စ။ နောင်ခါလာ နောင်ခါချေးဟု သဘောပိုက်ကာ ရင်ဆိုင်ရပေလိမ့်မည်။

'ကျွန်တော် အလုပ်တခု အမြန်ဆုံး ရှာမယ် အမေ'

အမေသည် အိမ်ရှေ့ ကတ္တရာလမ်းဆီသို့ ငေးကြည့်နေ၏။ မျက်တောင် မခတ်တမျှ ရှိ၏။ အတန်ကြာမှ သူ့ဘက်သို့ မျက်နှာလှည့်သည်။ မီးဖိုချောင်မှ ထွက်စပြုခိုက်ဖြစ်၍လား မဆိုနိုင်။





ချွေးစနှင့် အဆီပြန်နေသည်။ ဝင်းဝါသော အမေ့ မျက်နှာသည် အတော်အသင့် ပြည့်ဖြိုးလာ၏။ ပါးစုန့်နှစ်ဘက်သည် ...ခင်ကနှယ် ပြည့်တင်းခြင်းကား မရှိသေး။

'သား အလုပ်လုပ်ယင် ပန်တျာကျောင်းက ထွက်နေရဦးမယ်'

စိတ်မကောင်း ဖြစ်နေသော အမေ့ကို ခေါင်းဝါ ပြလိုက်သည်။

'ဘယ်တတ်နိုင်မလဲ အမေရာ၊ ဖြစ်တဲ့နည်းနဲ့ ကြံဖန်ရမှာပေါ့'

အမေ ပြုံး၏။ ညာဘက် အပေါ်နှုတ်ခမ်းထက်ရှိ မှဲ့သီးသည် မြင့်တက်သွားလေ၏။

'သား ပန်တျာကျောင်းက မထွက်ပါနဲ့၊ အမေ စိတ်ကူး တခု ရတယ်'

'ဘာလဲ အမေ'

...ထုံးမယ် ဆေးပေါ့လိပ်ကို မီးညီအောင် ညှိကာ ရှိုက်ဖွာလိုက်ပြီး ပြောပြသည်။

'အကြော်ဆိုင် ထွက်ရယင် ကောင်းမလားလို့'

...ခင်ထဲ၌ လေးကျသွားသည်။ အမေ့ စကားသည် တကိုယ်လုံး... ဆွဲပြီး နှစ်ပစ်လိုက်သလား ထင်ရအောင် ဖြစ်သွား၏။ စကားအဆုံးတွင် ဆေးလိပ်တချက် ဖွာသည်။ မီးခိုးကို ရှေ့တည့်တည့်သို့ မှုတ်ထုတ်ယင်း အဖေ ထိုင်နေကျ ပက်လက်...ကုလားထိုင်ဆီသို့ ငွေကနဲ ကြည့်သည်။ ပြန်လည်ပြောလိုသည့်

စကားလုံးတို့သည် လည်ဝ၌ ထစ်နေ၏။ ပြောသင့်ချိန်ကို လွန် သည်ထက် လွန်လာသည်။ အမေ့ ထံသို့ အငေးသား ရောက် နေသော မျက်လုံးကို လွှဲပစ်လိုက်၏။

'အမေ အကြော်ဆိုင် ထွက်မှာကို သား ရှက်များ ရှက် နေသလား ဟင်'

နွတ်ခမ်းသို့ ရောက်လုရောက်ခင် စကားတို့သည် ထိုအမေ ကြောင့် လွင့်စဉ် သွားပြန်သည်။ ရုတ်ခြည်း ပြန်မဖြေလျှင် ပို၍ အတွေးလွဲတော့မည်။ အားတင်းပြုံး ပြုံးယင်း ခေါင်းကို သာ အဦးဆုံး ခါပြလိုက်ရ၏။ နွမ်းပါးလွန်းသော သူ့မျက် နှာထားကို အမေသည် ခပ်တွေတွေဖြင့် ကြည့်လေ၏။

'မဟုတ်ပါဘူး အမေရယ်။ အကြော်ဆိုင်ထွက်ယ အမေ ဘယ်လောက် ပင်ပန်းမယ်ဆိုတာ တွေးမိလို့ပါ ဒီအထဲ အညှော်ခံလိုက်ရမယ့် ဖြစ်ခြင်း၊ တော်ကြာ နေထိုင်မကောင်း ဖြစ်မှာလဲ စိုးရသေးတယ်။ ပြီး တော့ ပင်ပန်းသလောက် ရတာကျတော့ တွက်ခြေ မကိုက်....'

'ဒါတော့ မဟုတ်ဘူးကွယ့်။ အမေ နည်းနည်းပါးပါး စုံစမ်းပြီးပြီ။ တညနေထွက်ယင်တောင် ကိုယ်တွက် မကျန်ဘူးဆိုဦးတော့ကိုးကျပ်တဆယ်လောက်ကအနည်း ဆုံး။ ဒါ ညနေ ငါးနာရီလောက်ထွက် ကိုးနာရီ လောက် ဆိုင်သိမ်း။ တနေ့လုံး ထွက်မယ်၊ ဆိုင်





အရောင်းကော ဖောက်သယ်ပေးကော ဆိုယင် အစိတ် ဆိုတာ အောက်ထစ်'

အမေ့ လေသံသည် အားရရွှင်လန်းလျက် ရှိကြောင်း သိ ရသည်။

'အကြော်ဆိုင်ထွက်ဖို့ နေရာကော အမေ စဉ်းစားပြီးပြီ လား'

ခေါင်း ညိတ်ပြယင်း

'လမ်းဟိုဘက်မှာ အကြော်တဲ ထိုးလိုက်မယ်လေ'

ဆေးပေးလရုံး၏ လက်ဝဲဘက် ဝင်ပေါက်ဘေးတွင် အကြော် တဲ ထိုးမည်ဟု အမေ ရည်ရွယ်ဟန် တူ၏။

'အညှော်နံ့နဲ့ဆိုတော့ ကောင်းပါ့မလား အမေ။ ပြီး တော့....ဖဆပလရုံးထဲက ဟာတွေကလဲ အချိုးတမျိုး ပါ။ အမေ့ ဆိုင်ကြောင့် နေရာရှုပ်တယ် ဘာညာနဲ့ ပြောလာဦးမယ်'

အမေ ခေါင်းခါပြသည်။

'ဘုန်းကြီးကျောင်း မြောက်ဘက်ထောင့်မှာ သွား ကြော်မယ်။ ဒီဆိုင်မှာက ကြော်လဲ နည်းနည်းပါးပါး ပါ။ ရုံးထဲက ပြဿနာလုပ်လာစရာ မရှိပါဘူး။ အမေ သွားပြီး ပြောပြီးပါပြီ။ ခုလောလောဆယ်တော့ ည နေပိုင်းပဲ ထွက်ကြည့်ဦးမယ်။ ဗူးသီးကြော်၊ ငုက် ပျောကြော်နဲ့ ပဲကြော်လေးလောက်ပဲ ကြော်ကြည့် ဦးမယ်လေ'

အမေသည် သူ့စိတ်ကူးနှင့်သူ အစီအစဉ် ပြည့်ပြည့်စုံစုံ ဆွဲထားဟန်ရှိ၏။

'တခုတော့ ကောင်းတာပေါ့လေ။ ဒီအလုပ် ဆိုတော့ ကျွန်တော်လဲ အမေ့ကို ကူပြီး လုပ်ပေးနိုင်တာပေါ့။ ကောင်းပါတယ်၊ အမေညနေပိုင်း အကြော်ဆိုင် ထွက်တဲ့အချိန် ကျွန်တော်လဲ အားနေမှာပဲ'

'မအားလဲ ကိစ္စမရှိဘူးလေ။ ဒီလောက်ကတော့ အမေလဲ လုပ်နိုင်ပါတယ်။ သားက ညနေပိုင်း ဒေါ်အေးမူဆီမှာ စန္ဒရားသွားတက်ရဦးမယ် မဟုတ်လား'

'ဒါက နေ့တိုင်း သွားတက်ရတာမှ မဟုတ်တာ။ တနင်းလာ၊ ဗုဒ္ဓဟူးနဲ့ သောကြာ သုံးရက်တည်းပါ။ ပြီးတော့....ခုနစ်နာရီဆို ကျမ်းစာကျောင်းက ကျွန်တော်ပြန်လာမှာပဲ။ အမေ့ဆီကို ရှစ်နာရီလောက် ပြန်ရောက်မယ်။ ဆိုင်သိမ်းချိန် ကျွန်တော်ရှိနေမယ် မဟုတ်လား။ ရပါတယ် အမေရာ။ မနက် အစောကြီး အကြော်ထကြော်တာ ကျွန်တော် လုပ်ပါ့မယ်'

အမေ့ အသံသည် ခပ်လွင်လွင် ထွက်လာသည်။ ကြည်နူးသော မျက်နှာကို မြင်ရသည်။ သားအမိ နှစ်ယောက် ရှာဖွေစားသောက်ရမည့် လုပ်ငန်းတခုကို မြင်ယောင်နေဟန်ရှိသည်။ မိမိကို ကူညီမည့် သားကို ဝမ်းသာစိတ်ဖြင့် ရယ်မောပြီး အားပေးလိုက်ခြင်း ဖြစ်ဖွယ်ရှိ၏။

'သားက အာကြော် ကြော်တတ်လို့လား'





ထိုမေးခွန်းကြောင့် ကိုယ့်ကိုကိုယ် ပြုံးမိသွား၏။

'ဒါတော့ အမေ ဘယ်လိုကြော်တယ်ဆိုတာ ကြည့်ယင်း မေးယင်း တတ်သွားမှာပါ'

ဝိတ်မျက်လုံးကို အမေ့တွင် တွေ့ရ၏။ အမေသည် စကားစကို ဆောက်။ အိမ်ရှေ့သို့ ငေးကြည့်နေ၏။ လမ်းတဘက် မျက်နှာချင်း ဆိုင်နေရာတွင် အကြော်ဆိုင်ကို စိတ်ကူးဖြင့် ဆောက်ကြည့်နေခြင်း ဖြစ်နိုင်သည်။

'တော်ကြာ နေနည်းနည်းချိုယင် ဈေးသွားရဦးမယ်။ ဒယ်အိုးဝယ်ရမယ်။ သံယောက်မရယ်၊ အကြော်စစ်တဲ့ ဟာရယ် သွားဝယ်ရမယ်။ အကြမ်းပန်းကန်လဲ ဆယ့်လေးငါးလုံး ဝယ်ရမယ်။ ရေနွေးကြမ်းအိုးလဲ သုံးအိုးလောက် ဝယ်ရမယ်။ ဒန်ပန်းကန်ပြားနဲ့ အချဉ်ရည်ထည့်ဖို့ ဒန်ခွက်လေးတွေ ဝယ်ရဦးမယ်။ မီးခွက်ကလဲ နှစ်ခုလောက်ရှိမှ။ အချဉ်ရည်ထည့်ဖို့ ဖန်ပုလင်းကတော့ အိမ်မှာ ရှိတယ်'

ဝယ်ခြမ်းရမည့် ပစ္စည်းပစ္စယတွေကို ရေတွက်နေသည်။ ထွေးဆောင်က သတိရသွေ့ စဉ်းစားပြီး ပြောသည်။

'ထိုင်ခုံလေးတွေလဲ လုပ်ရဦးမယ်။ စားပွဲဝိုင်းလေး သုံးခုလောက် ထားမှ ဖြစ်မယ်။ လက်သုတ်ပဝါ ကော အိမ်မှာရှိရဲ့လား အမေ။ လေးငါး ခြောက်ထည်တော့ လိုလိမ့်မယ်'

အမေသည် မျက်မှောင်ချိ၍ စဉ်းစားနေ၏။

'အသစ်က သုံးထည်လောက်တော့ ရှိတယ်။ ကိစ္စမရှိဘူးလေ။ အမေ ဒီညနေ သုံးထည်လောက် ထပ်ဝယ်လာခဲ့မယ်။ စားပွဲခင်းဖို့ ပလတ်စတစ်စားပွဲခင်းလဲ ဝယ်ရမယ်။ နို့မဟုတ်ယင် ခုံမှာ ညစ်ပတ်ကုန်မယ်။ ကျန်တာတွေတော့ မနက်ဖြန်ကျမှ သွားဝယ်ရမယ်။ ဝယ်စရာက အများကြီး။ ပဲဆီတပုံးလောက် ဝယ်ရမယ်။ဆိုဒါမှုန့်၊ ရှုရကာရည်....အင်း....ညကျမှ စာရင်းလုပ်ရမယ်။ ဆိုင်အတွက် သုံးတာကို အိမ်သုံးနဲ့ မရောပဲ သပ်သပ် ထားမယ်။ ဒါမှ ဘယ်လောက် အရင်း၊ ဘယ်လောက် ကျန်တယ်ဆိုတာ သေသေချာချာ သိရမှာ'

နဖူးတွင် စို့နေသော ချွေးစတွေကို အင်္ကျီ လက်ဖျဉ်ဖြင့် တို့ကာ ပြောနေ၏။ ဝဝဖိုင့်ဖိုင့် ခန္ဓာကိုယ်နှင့် ပြေးဟယ် လွှားဟယ် လှုပ်ရှားရမည့် အမေ့ကို သနားလာသည်။

'အကြော်ဆိုင် ဘယ်နေ့ ဆောက်မလဲ အမေ'

'သန်ဘက်ခါလောက် ဆောက်မယ်။ ကိုမောင်စိန့် ဝါးဆိုင်ကို တော်ကြာ အမေ ဈေးအသွားမှာပဲ ဝင်ခဲ့မယ်။ ခနိုက လေးငါးဆယ်ဆို ရပါတယ်။ မျှင်ဝါးက ဘယ်ဈေးလဲ မသိဘူး။ စားပွဲဝိုင်းနဲ့ ထိုင်ခုံလေးတွေကိုလဲ သူ့ဆိုင်က လက်သမား အတိုးကြီးကို မေးမြန်းပြီး အပ်ရမယ်။ ဈေးထဲမှာ ဝယ်လို့တော့ ရသားပဲ။ ဈေးနည်းနည်းကြီးတယ်။ ကိုယ့်ဟာကိုယ် သစ်ရှိုင်း





ပျဉ်ပြားဝယ်ပေးပြီး လက်ခနဲ့ မှာယင် သက်သာမယ်။ ငါးကျပ် သက်သာ သက်သာ၊ တဆယ် သက်သာ သက်သာပေါ့ကွယ်'

ပြောပြီးပြီချင်း မီးဖိုဆောင်အဆင့်မှ ထလိုက်သည်။ ငှဲ့ထားပြီးသား ရေနွေးကြမ်းပန်းကန်လုံးကို ငုံ၍ယူသည်။ အေးလှယ်အောင် မှုတ်လိုက်၊ တရွေး နှစ်ရွေးစာ သောက်လိုက်နှင့် ရှိသည်။

'မထူးပါဘူး။ ခုပဲ ဈေးသွားလိုက်တော့မယ်'

စောနေသော အမေ့ကို ကြည့်ယင်း ပြုံးလိုက်၏။ အကြော်ဆိုင်နေရာရှိမည့်ဘက်သို့ လှမ်းပြီး ကြည့်မိသည်။ ကုက္ကိုပင်၏ အရိပ်ကြောင့် နေရောင်ကွယ်လျက် ရှိသည်။

၂

'ဘာတွေများ စဉ်းစားနေတာလဲ ပြောစမ်းပါဦး'
ရီထွေး မေးသည်ကို မဖြေ။ ခေါင်းကို အသာအယာ ယမ်း
လိုက်သည်။ မျက်လုံးကို ဆယ့်နှစ်ရာသီပင်ဘက်သို့ ရွှေ့ထာ
သည်။

'ကိုအောင် စိတ်ညစ်နေသလား ဟင်....'
ပုဏ္ဏားကွယ်ကို ကျောမှီထားရာမှ ခွာလိုက်၏။ ရီထွေး
ကြည့်လိုက်သည်။

'ကျွန်တော် ဘာမှ မဖြစ်ပါဘူး ရီထွေးရာ။ ဘာရ
မဟုတ်ပါဘူး။ ဟိုတွေး ဒီတွေး ရှောက်ပြီး တွေးမိ
တာပါ'

'မသိရဘူးလား....'
လေသံမှာ ပျောင်းညွတ်လှ၏။ ကြင်နာစိတ်ကို ရီထွေး၏ လေ
သံတွင် တွေ့ရသည်။





'ဘာလုပ်ဖို့လဲ ဟင်'
...အမေးကြောင့် ရီထွေး ပြုံးလေသည်။

'ဘာလုပ်ဖို့မှ မဟုတ်ဘူး။ သိချင်တာဟာ သိချင်လို့ပဲ
ပေါ့'
...တွေးအောင့် ရယ်သံ ခပ်တိုးတိုး ထွက်သွား၏။ ရီထွေးကို
...စိုက်စိုက် ကြည့်လိုက်၏။ သေးသွယ်ဖြူဖွေးသော မျက်နှာ
...ည် ဝင်းဝင်းလဲ့လဲ့။

'အစုံပဲပေါ့၊ အဖေ့ကို တွေးမိတယ်။ အမေ အကြော်
ဆိုင် ထွက်နေရတာကိုလဲ မကြည့်ရက်ဘူး၊ ကျွန်တော်
ယုံကြည်တဲ့ အလုပ်တခုအတွက် အမေ အပင်ပန်းခံနေ
ရတာပါ ရီထွေးရာ၊ တခါတလေတော့ အဘက်ဘက်
က မပြည့်စုံလွန်းလို့ စိတ်ဓာတ်ကျလာတယ်၊ စိတ်ထဲ
မှာ သိပ်ခြောက်သွေ့လွန်းနေတယ်'
...ပြည် နီထွေးသော နှုတ်ခမ်းကို ရီထွေး ခပ်တင်းတင်း
...ထားသည်။

'အိမ်မှာ လူတယောက် လျော့တယ်ဆိုယင် သိပ်သိသာ
တာပဲ မဟုတ်လား။ ဦးလေး ဆုံးသွားတာ နှစ်လ
တောင် မပြည့်သေးတော့ အဲသလို ဖြစ်မှာပေါ့လေ။
ရီထွေး သဘောအရဆိုရင် စိတ်ဓာတ် ကျမသွား
စေချင်ဘူး။ အဒေါ်က အကြော်ဆိုင် ထွက်ရတာ
ကိုအောင် ပန်းတျာကျောင်း ဆက်တက်ဖို့ အတွက်ပဲ
မဟုတ်လား။ ပိုပြီး ကြိုးစားချင်စိတ်တွေ ထားပြီး

လုပ်မလဲ အဒေါ် ပင်ပန်းရကျိုးနပ်မှာ။ ဒါ....ကိုအောင် သိပါတယ်လေ၊ မဟုတ်ဘူးလား'

ခေါင်းညိတ်ပြလိုက်သည်။ ပြီးမှ ပြောပြသည်၊

'ကြိုးစားတာကတော့ ကြိုးစား နေမှာပဲ၊ ဂီတလောက မှာ တနေရာရအောင် အများကြီး ကြိုးစားရမယ် လေ။ ဒါပေမယ့်.... ကိုယ့်အခြေအနေ ကိုယ် ကြည့်ပြီး နည်းနည်းတော့ အားလျော့တာပေါ့လေ'

'အင်း ဒါတော့ ဒါပေါ့၊ ဒါပေမယ့် သေသေချာချာ စဉ်းစားကြည့်မယ်ဆိုယင် ကိုအောင်က ရီထွေးထက် စာယင် အများကြီး ကံကောင်းပါသေးတယ်'

ရီထွေး စကားကို သူ သဘောမပေါက်။ ရီထွေး ရိပ်မိဟန် တူ၏။ ထို့ကြောင့်

'ကိုအောင်ကမှ ဒီအသက်အရွယ်အထိ မိစုံဖစုံနဲ့ နေခဲ့ ရတာ၊ ရီထွေးဆို ဘယ့်နှယ် လုပ်မလဲ။ ရီထွေး လေး ငါးနှစ် သမီးလောက်က အမေဆုံးသွားတာ၊ အဲဒီလို လဲ တွေးကြည့်စမ်းပါဦးလေ'

နှစ်သိမ့်ဖွယ်ရာကို ရီထွေးတွင် အသင့်ရှိပြီး ဖြစ်ဟန်တူသည်။

'ဒါပေမယ့်၊ ရီထွေး မှာက အစ်မတယောက် ရှိတယ်၊ မိသားစုမှာ သုံးယောက် ကြီးတောင်။ ဒါလောက် မခြောက်သွေ့ လှပါဘူး။ ခုဆို တမတယောက်နဲ့ ဘာပဲ ပြောပြော ပြည့်ပြည့်စုံစုံ ရှိခဲ့တာကလဲ အမှန် ပဲ'





'ဒါလောက်လဲ မဟုတ်သေးပါဘူး ကိုအောင်ရယ်၊ တချို့ဆိုယင် မိမဲ့ဖမဲ့ဘ၀နဲ့ လောကကို ရင်ဆိုင်လာကြ တာတွေ မနည်းပါဘူး။ ကိုအောင့်မှာ အမေ တယောက်လုံး ရှိနေသေးတာ နည်းတဲ့ အားမှ မဟုတ် တာ၊ ပြီးတော့၊ကိုအောင် ရည်ရွယ်ထားတဲ့ ဂီတ ကိစ္စ တွေကိုဆက်လုပ်နေနိုင်သေးတယ်။ ဒီအခွင့်အလမ်းဟာ စိတ်ဓာတ် မြှင့်ပေးတဲ့ အရာ မဟုတ်ဘူးလားလို့'

ရီထွေး သည် ရေနွေးကြမ်းကရားကို ကရွတ်ပေါ်မှ မလိုက် ၏၊ သူ့ရှေ့ရှိ အကြမ်းပန်းကန်လုံးထဲသို့ ငှဲ့ထည့်သည်။ကရွတ် ပေါ်သို့ ကရားကို ပြန်တင်ချိန်တွင် ထွေးအောင် ခေါင်းညိတ် ပြီး ပြော၏။

'ဟုတ်ပါတယ်၊ တခါတလေတော့လဲ စိတ်ဓာတ်ကျ တာပေါ့ ရီထွေးရာ'

သာသောကထက် ကြည်လင်လာသော ထွေးအောင့် မျက်နှာ ကို ကြည့်ကာ ပြုံး၏။

'ခုကော....'

'နည်းနည်း တက်လာတယ်'

'ဒါဖြင့် နာနတ်ယို စားလိုက်ဦး'

ရီထွေးသည် သူကြိုက်သော နာနတ်ယိုကို ၀ယ်လာသည်။ စားပွဲပေါ်သို့ နာနတ်ယိုကို တင်ခါစက မြည်းရုံသာ မြည်း ကြည့်ခဲ့သည်။ မစားဖြစ်သေး။

'ရီထွေးလဲ အကြော်စားလိုက်ဦး။ အမေ့ လက်ရာ
လေ'

ပန်းကန်ပြားထဲတွင် ထည့်ထားသော ဗူးသီးကြော်၊ ငှက်ပျောကြော်နှင့် ပဲခြမ်းကြော်တွေကို ရီထွေး ကြည့်လိုက်၏။ ထို့နောက် နာနတ်ယိုကို တဇွန်းခကော်ယူလိုက်ပြီး ထွေးအောင်ကို ပေးသည်။

'အင့်လေ၊ စားလို့ကောင်းတယ် မဟုတ်လား'

ဇွန်းကို သတိထားပြီး လှမ်းယူသည်။ သို့သော် ရီထွေး၏ လက်မနှင့် လက်ညှိုးကို ထိမိသွားသည်။

'စားမှာပေါ့၊ ဖြည်းဖြည်း ပေါ့၊ ရီထွေး ကကော အကြော် မစားတော့ဘူးလား'

နာနတ်ယိုကို စားပြီး ဇွန်းကို ပန်းကန်ထဲတွင် ပြန်ချထား လိုက်၏။ ရီထွေးသည် ငှက်ပျောကြော်ကို လှမ်းယူလိုက်၏။ သူ မေးသည်။

'ငှက်ပျောကြော်က သိပ်ပူမျှား ပူနေလားဟင်'

ရီထွေးက ခေါင်းခါပြသည်။ တကိုက် ကိုက်လိုက်၏။

'ကျောင်းက ဒီနှစ်ဆို ပြီးပြီနော်'

သူ့ကို ရီထွေးက ခေါင်းညိတ်ပြသည်။ ငှက်ပျောကြော်ကို မျိုချလိုက်ပြီးမှ

'ကိုအောင် ပန်းချီကျောင်းက နောက်တနှစ်ဆို ပြီးပြီ မဟုတ်လား'

'အင်း'





'ပြီးယင် ဘာလုပ်မလဲ'

'စန္ဒရားတီးစားရမယ်လေ'

'ကိုအောင့်ကို ရီထွေး ထင်ပါတယ်၊ သိပ်တော်တဲ့ စန္ဒရားဆရာတယောက် ဖြစ်လာမယ်လို့ ကျိန်းသေ ထင်ပါတယ်'

'ဘာဖြစ်လို့'

ဖြင့် ဝင်းနေသော ရီထွေး၏နှုတ်ခမ်းသည် အပြုံးဖြင့် ရှိနေ သည်။

'ကိုအောင် သိပ်ကြိုးစားတယ် မဟုတ်လား။ ညနေပိုင်း တက်တုန်းကတည်းက အချိန် ရှိသရွေ့ လေ့ကျင့်နေ တာပဲ။ ဆရာဦးမြတ်စံဆီမှာရော ကျမ်းစာကျောင်းက ကရင် ဆရာမကြီး ဆီမှာကော အားလပ်ရက်ဆို မရှိ သလောက်။ တနေ့ တနေ့ ဒီ ဂီ တ နဲ့ ပဲ။ ပန်းချီ ကျောင်းက ကျောင်း သား တွေ ထဲမှာ အတော်ဆုံး အကြိုးစားဆုံးလို့ ဆရာဦးမြတ်စံက ပြောတာ ရီထွေး ကြားလိုက်ရသားပဲ'

ကျူးစကားဆိုသော ရီထွေးကို ကြည့် နေ ရ သော် လည်း ျက်နှာမထားတတ်။ ထို့ကြောင့် စကားလွှဲလိုက်၏။

'အိမ်မှာသာ စန္ဒရားရှိယင် ခု ထက် လေ့ကျင့်လို့ ပို ကောင်းမှာ'

'ရီထွေးက ပိုက်ဆံမရှိလို့ပါ။ ရှိယင် ကိုအောင့်အတွက် စန္ဒရားတလုံး ဝယ်ပေးချင်ပါတယ်'

စေတနာ စကားကို သူယုံသည်။ ရီထွေးသည် ရင်ထဲ ရှိသည့် စိတ်ရင်းအတိုင်း ပြောတတ်သည်ဟု သိသည်။ ထိုစကားသည် သူ့ကို နှစ်နှစ်ကာကာ ပြုံးလိုက်မိစေသော စကား။ မည်သို့မှ ပြန်မပြောနေလိုက်သည်။ နာနတ်ယိုကို သုံး လေးဇွန်း ခပ်စား ယင်း မြုံနေလိုက်သည်။ ရီထွေးသည် ငှက်ပျောကြော်ကို ကုန် အောင် စားလိုက်၏။ လက်သုတ်ပဝါဖြင့် လက်တွင် ပေနေ သော ဆီတွေကို သုတ်သည်။ ထိုနောက် ပိုက်ဆံအိတ် ပေါ် တွင် တင်ထားသော လက်ကိုင်ပဝါကို လှမ်းယူပြီး နှုတ်ခမ်း သန့်သည်။ ပြတ်သွားသော စကားတို့ကို ပြန်မဆက်မိကြ၊ မည်မျှ ကြာရှည်သွားသည် မသိ။

'ဘာမှလဲ မပြောတော့ဘူးလား'

အမေ့ အကြော်ဆိုင်ဘက်သို့ ငေးကြည့်နေသော သူ့ကို ရီထွေး ၏ စကားက လှုပ်ရှားသွားစေသည်။

'ရီထွေးကမှ ဘာမှ မပြောတာ'

'ကိုအောင်က စဉ်းစားနေတာကိုး'

'ဟင့်အင်း....စဉ်းစားနေတာ မဟုတ်ပါဘူး'

'ဒါဖြင့်....ဘာလို့ ငိုင်နေလဲ'

သူ မျက်တောင် တချက် နှစ်ချက် ခတ်လိုက်ပြီး ဖြေသည်။

'ရှေ့ရေးအတွက် တွေးရတာတွေက မတွေးတဲ့ကြားက ဝင်ဝင်လာလို့ ရီထွေးရဲ့'

စကား အဆုံးတွင် ရီထွေးသည် တစုံတခုကို သတိရဟန်ဖြင့် မေးလိုက်၏။





'ဒါထက်....ကိုအောင် ဒီနှစ် ဆယ်တန်း ဖြေဦးမလား'

သူ ရုတ်တရက် မဖြေ။ အတန်ကြာမှ

'အခြေအနေ အရပ်လေ။ ဒါပေမယ့်....မဖြေ ဖြစ်ဖို့က ပိုများပါတယ်။ ဘာပြုလို့လဲဟင်'

ရီထွေး ၏ မျက် လုံး ဝိုင်း တို့ သည် သူ့ နှုတ် ခမ်း ကို ကြည့် နေ၏။

'ဖြေမယ်ဆိုယင် စာမေးပွဲနီးတော့ မမခင်ရီရဲ့ ယောက်မ ဆီက ဆယ်တန်းမှတ်စုတွေ ရီထွေး ပြန်ပြီး ကူးယူပေး မလို့'

သူ့ ခေါင်းသည် ဆတ်ကနဲ မော့သွားရလေ၏။

'အမလေး။ ဘာသာစုံ မှတ်စုတွေကို။ ရီထွေး ပင်ပန်း လိုက်မယ့် ဖြစ်ခြင်း'

'ဘယ်လို ဘယ်လို၊ ပြန်ပြောစမ်းပါဦး'

...အောင် ပြုံးလိုက်၏။

'ကူးရမယ့်စာတွေက အများကြီး မဟုတ်လား။ အဲဒါ ကြောင့် ပြောတာပါ'

ရီထွေး၏ ချိုသာသော မျက် စောင်း တ ဝေ့ ကို သူ တွေ့ ရ လေ၏။

'ခုနှစ်တန်းလောက်ကတည်းက အမြဲ ကူးပေးရတဲ့ဟာ။ ခုမှ အဆန်း လုပ်ပြီး....'

သူ ရယ်လိုက်သည်။ ရီထွေးသည် လွန်လေပြီးသောအခါက အကြောင်းအရာတွေကို စွဲစွဲမြဲမြဲ အမှတ်ရနေပုံရှိ၏။ တက္ကသိုလ်

ဝင်စာပေးပွဲကို ပထမဆုံးအကြိမ် ဖြေခဲ့စဉ်က ကျောင်းမတက်
ဖြစ်သောနေ့တွင် သင်သည့် စာတွေကို ရီထွေး ကူးပေးထား
မှတ်စုများဖြင့် ဖြေခဲ့သည်။ ထို့ပြင် သင်ခန်းစာ တချို့က
ရီထွေးက ပြောပြသည်။ ရှင်းပြသည်။ ပြန်လည် သင်ပေးသည်
ဒုတိယ အကြိမ်မြောက် တက္ကသိုလ်ဝင် စာမေးပွဲကို ဖြေခါနီး
တွင် ရီထွေး ဤသို့ပင် ကူခဲ့သည်။ တတိယ အကြိမ် ဖြေခဲ့သည့်
မနှစ်က စာမေးပွဲအတွက် လိုအပ်သမျှ မှတ်စုကို ရီထွေးပင် ရှာ
ဖွေရေးကူးပေးသည်။ သည်နှစ်တွင် သင်ရိုးညွှန်းတမ်း ပြောင်း
ထား၍ ကြည့်ရမည့် စာတွေက အသစ်တွေ များနေသည်။

'ဟိုတုန်းကတော့ ဟိုတုန်းပေါ့။ ခုတော့ ရီထွေးလ
နောက်ဆုံးနှစ် ဖြေရမှာ မဟုတ်လား။ ရီထွေးအတွက်
ပိုပြီး အရေးကြီးတဲ့အချိန်မှာ ကျွန်တော့်အတွက် တခါ
အလုပ်ပို လုပ်ပေးနေရမှာ စိုးတယ်။ အားနာတယ်လေ'

အံ့ဩပြုံးဖြင့် ရီထွေး ပြုံးသည်။

'ခုတလော ကိုအောင့်ဆီက စကား အဆန်းတွေချည့်
ကြားနေရပါကလား'

'ဘာများပါလိမ့်'

'ရီထွေးကို အားနာတာတို့ ဘာတို့ပေါ့။ အရင်က
ဒါမျိုး မကြားခဲ့ရပေါင်'

'ဩော် ရီထွေးရယ်။ ကျောင်းသားပေါက်စန အရွယ်
တွေမှ မဟုတ်တော့တာ'





'ရယ်ချင်လိုက်တာ။ ကိုအောင့် ပြောပုံက တကယ့်
လူကြီးကြီးလား အောက်မေ့ရတယ်'

'အရွယ်နဲ့ အတွေ့အကြုံက စကားပြောလာတာကိုး'

'သဘောကျတယ်ကွယ်။ တကယ်ပဲ....ကိုအောင် သိပ်
ပြောင်းလဲသွားတာပဲ'

...ထွေးပင် သူ့အပြောင်းအလဲကို သတိပြုမိကြောင်း ပြောနေ
...ပြီ။ သူ ပြန်မပြော။

'သိပ် အောင်မြင်ကျော်ကြားတဲ့ စန္ဒရား ဆရာကြီး
ဖြစ်လာယင်၊ ခုထက်များ ပြောင်းလဲသွားမလား မသိ
ဘူး။ ခုပုံအတိုင်း ဆိုယင် သေချာပါတယ်'

...ပြုံးသည်။ ရီထွေးထံမှ မျက်လုံး လွှဲလိုက်သည်။

'အဲဒီစကားကို ကျွန်တော် ကောင်းကောင်း နားမလည်
ဘူး။ ဘာကို ပြောတာလဲ'

'ဩော် အဲဒီကျယင် ချီးကျူးတဲ့ လူတွေ ချဉ်းကပ်တဲ့
လူတွေ ဝိုင်းဝိုင်းလည် နေတော့ ရီထွေးတို့ကို ကိုအောင်
မှတ်မှ မှတ်မိပါ့မလား စိုးလို့ပါ'

'မဆိုင်ပါဘူး။ ကျွန်တော့် အပြောင်းအလဲဟာ ဒီလို
အပြောင်းအလဲ ဟုတ်မှာ မဟုတ်ပါဘူး။ ပြီးတော့
စိတ်ထဲမှာ ဖြစ်နေတာတွေက ပညာမာန်နဲ့ ပတ်သက်
တာတွေ၊ ကျော်ကြားမှုနဲ့ ပတ်သက်တာတွေမှ မဟုတ်
တာ။ အဖေ မရှိတဲ့ နောက် ဒီအပြောင်းအလဲဟာ
ပထမဆုံး အကြိမ်ပဲ။ လူတွေအကြောင်းရယ်၊ ကိုယ့်

ဘဝ အကြောင်းရယ်၊ ရှေ့ရှောက် ဘယ်လိုရပ်တည်မယ်၊ ရင်ဆိုင်ရမယ်ဆိုတာတွေပါ ရီထွေးရာ။ အဲ အဆုံးသွားတာဟာ ကျွန်တော့်အတွက် ပညာတစ် တိုးတယ်၊ သိလား'

ရီထွေး၏ မျက်ခုံးသည် တွန့်သွား၏။ ထွေးအောင့် စကား တွေးကြည့်နေဟန် ရှိ၏။

'ဘယ်လို တိုးတာလဲ၊ ဘာလဲ ဟင်'

မဲ့ပြုံး ပြုံးပြီး ချက်ချင်း ဖျောက်ပစ်လိုက်၏။ ပြီးမှ ခပ်လေ လေး ပြောသည်။

'လူတွေ အကြောင်း နားလည်လာတယ်'

'လူတွေ အကြောင်း....၊ ဟုတ်လား'

'ဟုတ်တယ်။ ပတ်ဝန်းကျင်အကြောင်း၊ ဆွေတွေ မျိုးတွေ အကြောင်း၊ အပေါင်းအသင်းတွေ အကြောင်း'

'ဘာဖြစ်လို့လဲ၊ ဟင်....ကိုအောင်'

'အမေ့ဘက်က ဆွေမျိုးကော အဖေ့ဘက်က ဆွေမျိုးကော၊ အဖေဆုံးတာ တယောက်မှ လာဖော် မရဘူး သူတို့က သိပ်ကြီးကျယ်နေကြတယ် မဟုတ်လား ကျွန်တော်တို့က ဆင်းရဲတယ်လေ၊ ပြီးတော့....ကျွန် တော်တို့ သားအမိကို သနားသလိုလို ကရုဏာသက် သလိုလိုနဲ့၊ ပြောတော့ ခပ်နှိမ်နှိမ်။ အဖေ မရှိတော့ ကျွန်တော်တို့က သောင်ပြင်လွတ်တဲ့ ခွေး ဖြစ်ရပြီပေါ့ လေ။ တချို့က အမေ့ကို ပြောတယ်။ ဒေါ်မြ





ရယ်တဲ့ ရှင့်သားကို ဘာပြုလို့ ပန်းတျာကျောင်း တက် ခိုင်းရတာလဲတဲ့။ အလုပ်လေး ဘာလေး ဝင်လုပ်ခိုင်း ပါလားတဲ့၊ ရှစ်ဆယ့်နှစ်ကျပ်ပဲ ရရ အလုပ်ဝင်ခိုင်းဖို့ ကောင်းပြီတဲ့။ အသက်ကြီးမှ ကြော်ဟယ် လှော်ဟယ်နဲ့ ပင်ပန်းဆင်းရဲ လုပါတယ်တဲ့။ အမေက....'

'ဘယ်သူက ပြောတာလဲ ကိုအောင်'

မှာ မနူးညံ့။ မခံချင်စိတ်ကို မျက်နှာတွင် အထင်း တွေ့ရ၏။

'အမျိုးထဲကလဲ ပြောတာပဲ။ ရွာနီးချုပ်စပ်ကလဲ ပြော တာပဲ။ အဲဒါ အမေက 'ကျွန်မ သားကို ပန်းတျာ ကျောင်း တက်ခိုင်းတာဟာ ကျွန်မ လုပ်စေချင်တဲ့ အလုပ်ပဲလို့ ပြောလွှတ်တယ်တဲ့။ အပေါင်းအသင်းထဲက တချို့ဆိုယင် ဘာပြောတယ် မှတ်လဲ။ စားရေးသောက် ရေး ဒီလောက် ကသိလင်တ ဖြစ်တဲ့ကြားမှာ စန္ဒရား သင်တန်း တက်တယ်ဆိုတာ သိပ် စိတ်ကူးယဉ်တာတဲ့။ ကိုယ်ပိုင်စန္ဒရားတလုံး မဝယ်နိုင်ပဲနဲ့ တက်ကိုင်တာမှ ခေါင်းထိပ်ဖျားတဲ့။ လူဆိုတာ တန်ရာတန်ရာ မှန်းရ တယ်တဲ့။ အမှန်းမဟုတ်လို့ ဟိုမရောက် ဒီမရောက် ဖြစ် နေရတာတဲ့။ ပြောရမယ်ဆို အများကြီးပါပဲ ရီထွေး ရာ'

'ကိုအောင်က ပြန်ပြောပစ်ဖို့ ကောင်းတယ်။ ဘာလို့ ငုံခံနေရလဲ'

'တိုက်ရိုက်လာပြောတာမှ မဟုတ်တာ၊ ပြန်ပြီးကြား
လောက်တဲ့ နေရာက တဆင့်စကားလှင့်တာကို၊ တချို့
ဆို လမ်းတွေ့ယင် မတွေ့သလိုလို လုပ်သွားတာလဲ မရှာ
ပါဘူး။ နှုတ်ဆက်တာတောင် စကားဟာဟ ပြန်
ပြောချင်တာမျိုးလဲ ခုမှ တွေ့ဖူးပါရဲ့၊ တချို့က လမ်
မှာ တွေ့ယင် ဘာပြောတယ် မှတ်သလဲ၊ မင်း ဘယ်မှာ
အလုပ်လုပ်နေသလဲတဲ့။ ကျွန်တော်က ပန်းချီကျောင်
ဆက်တက်နေတုန်းလို့ ဖြေတော့ အလုပ်တခုခု လုပ်
လားတဲ့၊ မအေ့ လုပ်စာ ထိုင်စားနေသေးတာကိုးတဲ
တယောက်က ဘာပြောတယ် ထင်လဲ။ သူတို့ရုံးမှာ
မင်းစေတနေရာ လစ်လပ်နေတယ်တဲ့၊ လုပ်ချင်ယင် 
ပြောပေးမယ်တဲ့၊ ဟင်း….စေတနာစကား ရှေ့တ
တင်ပြီး ကျွန်တော့်ကို နှိမ်သွားတာ'

'ရှိတွေးသာ ဆိုယင် အဲဒီ လူကို ဆွဲထိုးပစ်မိမှာပဲ'
ဒေါသသံကို ပီပီ ကြားရသည်။

'တူသားပေသား တော်တော် ကျနေတော့ စိတ်ထိ
ထားနိုင်ခဲ့တယ်၊ အထင်သေးပါစေလေ၊ အထင်သေ
လို့ ကျွန်တော် အစားလဲ မပျက်ပါဘူး၊ အအိပ်
မပျက်ပါဘူး၊ စန္ဒရားအတီးလဲ မပျက်ပါဘူး၊ တလော
ကလုံးက ဝိုင်းပြီး မြှောက်စားနေလဲ ကျွန်တော် 
သလိုပဲ နေမှာပါ၊ ကျွန်တော့် အလုပ်ကို အပျက်ခံပြ
ဝမ်းနည်းနေမှာလဲ မဟုတ်ဘူး၊ ဝမ်းသာလုံး ဆို့





မှာလဲ မဟုတ်ဘူး၊ လုပ်စရာရှိတာ လုပ်နေမှာပဲ၊ လူ
တွေရဲ့ သဘောကို ကျွန်တော် သိစပြုလာပြီပဲ'
ရှိတွေးသည် ခေါင်းတဆတ်ဆတ် ညိတ်ကာ နားစွင့်ထား၏။
သူက ဆက်ပြောသည်။

'သိန်းပေါင်း မရေမတွက်နိုင်အောင် များပြားတဲ့ အသိ
အကျွမ်းတွေ မိတ်သင်္ဂဟတွေနဲ့ ကျွန်တော် မနေချင်
ပါဘူး၊ သေတဲ့အထိ သူငယ်ချင်းစိတ်၊ ရဲဘော်ရဲဘက်
စိတ်နဲ့ အပေါင်းအသင်းဆိုတာ လက်ချိုး ရေတွက်လို့
ရပါတယ်၊ ခုဆို မောင်မောင်ကျော်တို့ အောင်ထွတ်တို့
လူသိုက် ရှိတယ်၊ ဆိုးတူ ကောင်းဖက်စိတ် ရှိကြတယ်
လေ။ ကျွန်တော်နဲ့ ပတ်သက်လို့ သိပ်နားမလည်ပဲနဲ့
ချီးကျူးသံ သန်းပေါင်း များစွာကို မကြားချင်ပါ
ဘူး။ ကဲ့ရဲ့သံလဲ မကြားချင်ပါဘူး။ ဒီသူငယ်ချင်း
တွေရဲ့ ကရုဏာမကင်းတဲ့ ဆဲသံလေးကို ကြားရတာ
လောက် အားရှိမယ် မထင်ပါဘူး'

သူ့စကားကို ပြုံး၍ နားထောင်နေယင်း မေးသည်။

'ရှိတွေးကိုကော ကိုအောင် ထည့်ပြီး အသိအမှတ်ပြုရဲ့
လား'

နောက်ပြောင်သော လေသံမဟုတ်မှန်း သိသည်။ ထို့ကြောင့်
ရှိတွေးကို မျက်လုံးအဝိုင်းသားဖြင့် ကြည့်လိုက်၏။ ရှိတွေး၏
မျက်နှာထားမှာ တည်တည်။

'မေးမှ မေးတတ်ပလေဗျာ။ ရှိတွေးနှယ်။ ကျွန်တော့်

လောကထဲမှာ အဖေရယ်၊ အမေရယ်၊ ဂျိုးဇက်ရယ်၊ တင်မောင်လွင်ရယ်၊ မောင်မောင်ကျော်ရယ်၊ အောင် ထွတ်ရယ်၊ ရီထွေးရယ်၊ ဆရာဦးမြတ်စံရယ်၊ ဆရာ နော်အေးမူရယ်၊ ပန်တျာကျောင်းရယ်၊ ဒါပဲ’

‘တော်သေးတာပေါ့။ ရီထွေးက အလယ် အလတ် လောက်မှာ နေရာ ရထားတော့’

ထွေးအောင် ရယ်လိုက်သည်။

‘ဒါက တစ်နှစ်သုံးလေး နေရာထားပြီး ရေတာမှမဟုတ် တာပဲ၊ တော်တော်လဲ ကတ်သီးကတ်သတ် ပြောတတ် တယ်’

‘ရီထွေး ပြုံးမည့်နှယ်။

‘ကိုအောင် ညာတာပါ’

ရီထွေးသည် ထိုင်နေရသည်မှာ ညောင်းလာသလား မဆိုနိုင် နေရာ ရွှေ့ထိုင်၏။

‘ညောင်းနေတယ် မဟုတ်လား။ ပက်လက်ကုလားထိုင် ပေါ်မှာ ထိုင်ပါလား’

‘မညောင်းပါဘူး။ ကိုအောင် ထိုင်ချင်ထိုင်လေ’

‘ဟင့်အင်း၊ ကျွန်တော် မထိုင်ချင်ပါဘူး။ ပုဏ္ဏားကွယ် စောင်းနဲ့ ကျောနဲ့ ကြိတ်ပြီး အညောင်း ဖြေနေတာ ပါ။ ရီထွေး ပြန်ချင်နေပလား’

‘မပြန်ချင်သေးပါဘူး။ ဘာဖြစ်လို့လဲ’

‘အေးအေးဆေးဆေးမှ မထိုင်တာ’





...သွား နှုတ်ခမ်းစေ့လိုက်၏။ ဖျာပေါ်မှ ထကာ အိမ်ရှေ့ ...ဆင့်သို့ ဆင်းသည်။ ပက်လက် ကုလားထိုင်တွင် ဖြည်းဖြည်း ...ထိုင်း

‘ခုန စကားကို လွှဲမပစ်နဲ့ဦးလေ’

...ကားတွေ ရောနေ၍ သူ မှတ်မှတ်ရရ မရှိ။

‘ဘာစကားပါလိမ့်’

‘ကိုအောင် ညာတာပါ ဆိုတဲ့ စကားလေ’

... သတိရသွားသည်။

‘ဪ ဒီစကားလား။ ကျွန်တော် ညာမှ မညာတတ် တာ။ အစဉ်လိုက်ထားပြီး ပြောတာမှ မဟုတ်တာပဲ။ ပါးစပ် အဆင်သင့်သလို ပြောလိုက်တာပဲ’

...ငင်းလဲ့သော ရီထွေး မျက်နှာကို ခပ်ငေးငေး ကြည့်လိုက် ...သည်။ မျက်လုံးရွှေ့ကျလာသော အမြင်ကို လည်တိုင်လောက် ...တွင် ရပ်လိုက်သည်။ သူ့ မျက်လုံးကို ရီထွေး လိုက်ကြည့်နေ ...သည်။ မျက်လုံးချင်း တစိုက်သာ ဆုံပြီး ဘုရားစင်ဘက်သို့ လွှဲ ...လိုက်၏။

‘တကယ်လို့ အစဉ်လိုက်ဆိုယင် ရီထွေးက မောင်မောင် ကျော်တို့ရဲ့ ရှေ့မှာလား၊ နောက်မှာလား’

‘ရှေ့မှာ’

...ထွေးသည် လေတဝေ့ဝေ့တွင် လှုပ်လှုပ်ဆိုင်းဆိုင်း ဖြစ်နေ ...သော ပိတောက်ပင်ကို ငေးကြည့်နေသည်။ တခဏ အတွင်း ...လာရုံမျှ အသွင် ပြောင်းသွားသော ရီထွေး မျက်နှာကို

မျက်ခြည်မပြတ် ကြည့်မိလျက်ရှိ၏။ အဝေးသို့ လွှင့်ထားသော
ရီထွေးမျက်လုံးမှာ မျက်တောင်မခတ်။ တံတောင်ဆစ်ကို လက်
ယာဘက် လက်တန်းတွင် ထောက်ထားသည်။ ဖွဖွဆုပ်ထား
သော လက်သည် ညာဘက် ပါးခြေနှင့် မေးအကြားတွင် ထိ
လျက်သား ရှိ၏။ လက်ဝဲ လက်တန်း ပျဉ်ထိပ်ကို လက်တင်ထား
သည်။ လက်သူကြွယ်နှင့် လက်ခလယ် နှစ်ချောင်းဖြင့် ခပ်တင်
တင်းချိတ်ထား၏။

'ကိုအောင့် ချစ်သူနဲ့ဆိုယင်ကော ရီထွေးက....'

'ရွှေ့မှာပဲ၊ ပြီးတော့....'

စကားတည်ဆောက်လိုက်ပုံ အနေအထား မှားသွားကြောင်
ထွေးအောင် သိလိုက်သည်။ ဆက်၍ ပြောလိုက်လျှင် စကာ
ကျ တော့မည်ကို မှန်းဆနေမိသည်။ တန့်သွားသော ထိုအခိုက်
တွင် ရီထွေး သူ့ဘက်သို့ မျက်နှာမူသည်။ မဆက်နိုင်သော
သူ့စကားကို ရီထွေး နားစွင့်ထားလေဟန်ရှိ၏။ စောင့်မျှ
သာ စောင့်နေရသည် သူ့ အသံထွက်မလာ။

'ပြောလေ။ စကားကလဲ တိုးလို့ တန်းလန်းကြီး'

ပြောမည့် စကားသည် အလှည့်အလှဲဖြစ်မည်ဟု ရီထွေး ကြာ
လျှင် ကြားချင်း သိနိုင်လိမ့်မည် ထင်၏။

'ကိုယ့်ဘာသာကိုယ် တွေးမိပြီး ရယ်ချင်လို့ စကားဆ
မရတာ'

'ဘာဖြစ်လို့လဲ'

'ချစ်သူတို့ ဘာတို့ဆိုတာ ဘာကို ခေါ်မှန်း ကောင်





ကောင်း မသိတဲ့ ကျွန်တော်က ချစ်သူရဲ့ရှေ့မှာ ဦးစား
ပေးထားသလေး၊ ဘာသလေး ပြောနေတာကို တွေး
မိလို့'

...ထွေးသည် မေးရှေ့ထိုးပြကာ မယုံပေါင် သဘောဖြင့် ပြုံး
...

'ကိုအောင့် စန္ဒရားဘေးမှာ ဝိုင်းနေတဲ့ ကောင်မလေး
တွေကို ရီထွေး မြင်ဖူးသားပဲ။ ချောချောလှလှလေး
တွေလေ။ မသိတာကျနေတာပဲ'

'ဩော် ဒါကတော့ ကျွန်တော့်ကို ဝိုင်းတာမှ မဟုတ်
ပဲ။ စန္ဒရားကို ဝိုင်းတာပါ'

'ဟင်....မသိယင် ခက်မယ်။ ရတနာဆောင် ညစာစားပွဲ
တုန်းကလေ။ ဟိုက အော်တိုရေးခိုင်း၊ ဒီက အော်တို
ရေးခိုင်းနဲ့။ လက်မောင်း ပွတ်ကျမလား စိုးရတယ်။
ဖြူဖြူနွဲ့နွဲ့ ခပ်ချောချော ကောင်မလေးနဲ့ စကားလက်
ဆုံ ကျနေလိုက်တာ'

'အဲဒီ ကောင်မလေးက ရီထွေးနဲ့ ညီအစ်မဆိုယင် ယုံ
လောက်တယ်နော်'

...သည့်အဓိပ္ပာယ်ဟု ကဲ့ပြားဟန်ဖြင့် မရှိ။ ခပ်ပြုံးပြုံးဖြင့်
...ပြောသည်။

'စကားလွှဲ မြန်ပြီ၊ ဆိုပါဦး....အဆောင်ကို သွားတော့
ဘာတွေ ပြောဖြစ်ခဲ့ကြသေးလဲ'

...အောင်က အားပါးတရ ရယ်လိုက်ပြီးမှ

'အဲသလောက်များ သတ္တိကောင်းယင်လား ကျွန်တော
စွံနေတာ ကြာလှပြီ၊ ဘယ်မိန်းကလေးဆောင်ကိုမျှ
တယောက်တည်း သွားရဲလို့တုန်း'

'တယောက်တည်း မသွားဖို့ဘူးဆိုတော့ ရီထွေး
အဖော် လိုက်ပါလို့ ခေါ်ဖို့ ရိုက်တာလား'

'အင်း....ဒါပေါ့'

'ဒါဖြင့် ဘယ်နေ့ သွားမလဲ၊ မနက်ဖြန် သွားမလာ

'ဟင့်အင်း....ခု သွားမယ်'

ရီထွေးသည် ကုလားထိုင် လက်တန်းနှစ်ဘက်ပေါ်တွင် လက်
ထောက်ကာ ထမည်ပြု၏။ ရှုတ်နောက်သော အမူအရာ
သဘောကျ၍ ထွေးအောင် ပြုံးလိုက်သည်။ ထိုစဉ် ရီထွေ
သည် ကိုယ်ကို ကြုပြီး ဖြစ်သည်။

'ကဲ....ထလေ၊ သွားမယ်ဆို'

'ဩော်....ရီထွေးရယ်၊ ယုတ္တိတန်၏ မတန်၏ ဆိုတာ
နည်းနည်းလဲ စဉ်းစားကြည့်ပါဦး၊ ကျွန်တော်
ဘာကောင်မှလဲ မဟုတ်သေးတဲ့ ပါမွှားတကောင်
ဘာဆို ဘာမှ မရှိတာ ရပ်သိမြည်သိ၊ နေစရာ ကို
ပိုင် တဲဖုတ်တောင် မရှိတဲ့ သတ္တဝါကို ဘယ်သူက ကြို
မတဲ့လဲ၊ အဖေ ရှိတုန်းကမှ မြေတိုင်းစာရေးကြီးရဲ့သာ
လို့ ခေါ်မယ်ဆို ခေါ်နိုင်သေးတယ်၊ ဟဲ....ဟဲ....ဒုိ
အကြော်သယ်သား၊ ဘယ်မိန်းကလေးက စိတ်ဝင်
မတုန်း၊ ပြီးတော့....ရည်းစားရှိပြီဆိုယင် သွားချင်

ဒုတိယအကြိမ်



သွားဖို့၊ ရုပ်ရှင်ပြဖို့၊ အစားအသောက် ကျွေးဖို့ဆို
ခြူးတပြား မရှိ။ ဘုန်းကြီးကျောင်းထဲက သဲပုံစေတီ
ကို ရည်းစားလိုက်ပို့၊ အမေ့ဆိုင်က အကြော်ကျွေး၊
လမ်းဘေးက ရုပ်ရှင်ပြ၊ ဒါတောင် မနည်းကြိုးစား
ရမှာ၊ ဟဲ....ဟဲ....'

ကြတ်ရယ်သံနှင့်ရော၍ ထွေးအောင်က ခပ်ရွှင်ရွှင် ပြောလိုက်
သည်။ ရီထွေးသည် ပါးစပ်ကို လက်ဝါးဖြင့် ကွယ်ကာ ရယ်
နေသည်။

ရယ်သံတွင် လှိုင်းဂယက်တွေ ပဲ့ထင်ထပ်လျက် ရှိသည်တည့်။

ဒုတိယအကြိမ်

၃

ခလုတ်ပေါ်မှ လက်ကို အသာကြွလိုက်ယင်း ဆရာ့မျက်နှာကို လှမ်းကြည့်လိုက်သည်။ ဆရာသည် စန္ဒရားပေါ်တွင် တံတောင် ဖြင့် ထောက်ထားသည်။ စန္ဒရားသံ တိတ်သွားတော့မှ မှိတ် ထားသော မျက်လုံးကို ဖွင့်လိုက်သည်။ ပွင့်လာသော မျက် လုံးသည် သူ့ထံသို့ ရောက်လာ၏။ ဆရာ့ထံမှ အဖြေကို စောင့်နေလေသည်။

'အင်း....အဲဒါ မှန်တယ်၊ မင်းတခု သတိထားရမှာက အဲလီဂရက်တို တီးတိုင်း နည်းနည်းလေး နှေးနှေးနေ တယ်၊ နောက်တချက်က ဗယ်သံမှာ ကော့ဒ်အဝင် မှန်တယ်၊ ဒါပေမယ့် ဂျီဖလက်အလုံးက တခြားတဲ့ လုံးထက် မဆိုစလောက် စောစောပြီး အသံထွက်လာ





တယ်၊ အခုတီးတဲ့ လက်အတိုင်း အမြဲတမ်း မှန်နေ အောင် ကျင့်ဖို့လိုတယ်'

ခေါင်းကို နှိမ့်၍ ညိတ်ပြလိုက်သည်။ သူ့လက်သည် စန္ဒရား ခလုတ်များပေါ်သို့ ပြန်ရောက်သွားသည်။ မျက်လုံးသည် ...ကော်တစာရွက်ပေါ်သို့ ရောက်သွားသည်။ ညာဘက် လက် ချောင်းတို့သည် ခလုတ်အဖြူနှင့် အနက်တို့၏ ကြားတွင် ပြေး သွားနေသည်။ ဗယ်ဘက် လက်ချောင်းတို့သည် အဖြူနှင့် အနက်တို့ပေါ်တွင် အတက်အဆင်း ထိတွေ့နေသည်။ ဗယ်သံ သည် ခပ်ဖွဖွ ရှိနေရာမှ ခပ်ပြင်းပြင်း တချက် ထိခတ်သံဖြင့် ...က်လာသည်။ အထစ်အငေါ့ ဖြစ်လေ့ရှိသော အပိုဒ်ကို ကျော်သွားသည်။ ထိုအပိုဒ်သို့ အရောက်တွင် ဆရာဦးမြဝါစံ က မှန်သည်ဟူသော သဘောဖြင့် ခေါင်းညိတ်ပြသည်။ အသံ ...လိုက်သောအခါ ဆရာသည် တချက်ပြုံး၏။

'အဲဒီနေရာက သိပ်အရေးကြီးတယ်၊ နုတ်မှာပြထား တယ်၊ ဖြူရီယိုဆို လေ၊ လက်အဆဖော့လိုက်တာနဲ့ မှန် တိုင်းဟိုက်တဲ့ အာရုံ အကျိုးသက်ရောက်မှုက ပျက် တက်တက် ဖြစ်သွားမယ်၊ ဒီသဘောကို ဒီအပိုဒ်မှာ မိအောင် ဖမ်းရတာပဲ'

...ကားအဆုံးတွင် ဆရာသည် လက်ပတ်နာရီကို ကြည့်သည်။ ...က်ကျင့်သား ကျအောင် တီးမည် စိတ်ကူးသော်လည်း ဆရာ့ ...ကို အားနာ၍ ပြန်မည် ဆုံးဖြတ်လိုက်၏။ စန္ဒရားအဖုံးကို ခပ်ဖြည်းဖြည်း ဆွဲပြီး ပိတ်လိုက်၏။ နားထဲတွင် သည်တီးကွက်၏

ဝယောက်အည် ပဲ့ထင်ထပ်ဆဲ။ ထိုင်ရာမှ ထလိုက်သည်။ သင်္ကေ
စာအုပ်၊ သီချင်းစာအုပ်၊ မှတ်စုစာအုပ်နှင့် စမေဝုဒ် သင်
စာအုပ်တို့ကို စန္ဒရားပေါ်မှ ယူလိုက်၏။ လက်ပတ်နာရီ
ကြည့်လိုက်၏။ ငါးနာရီထိုးခါနီးပြီ။ သင်တန်းသားတေ
တယောက်မျှ မရှိကြတော့။ ကျောင်းဆင်း သွားသည်မှ
တနာရီနီးပါးမျှ ရှိချေပြီ။ ဆရာ့ထံတွင် သီးသန့်တက်ထားသော
သီချင်းတွေ လေ့ကျင့်သည့်အခါတိုင်း အချိန်ပိုလေ့ ရှိသည်
ဆရာသည် ထိုနေ့မျိုးတွင် သူ့အတွက် အချိန်ပို၍ နေရသည်
တခုအဆင်ပြေသည်။ ဆရာသည် အိမ်ထောင်သည် မဟုတ်။ တ
ပျိုကြီးဘဝနှင့်ပင် ရှိလေသည်။ ဆရာ့ဘဝကို ကြည့်ကာ အား
ကျခဲ့သည်။ ဆရာ့တွင် အစ်မဖြစ်သူ အပျိုကြီးနှင့်။ ပူပန်စရာ
မရှိ။ ကမာရွတ် ကင်ပွန်းခြံတွင် သွပ်မိုး ပျဉ်ထောင်အိမ်တလုံး
ကို တလောကပင် ဝယ်လိုက်သည်။ အစ်မကြီးက အိမ်တွင် အိမ်
ဆိုင် တည်ထားသည်။ ဆရာ့ဝင်ငွေနှင့် ချောင်ချောင် လည်
လည် ရှိကြသည်။ မနှစ်တုန်းက ဆရာသည် အိမ်တွင် စန္ဒရား
သင်တန်းဖွင့်ခဲ့သည်။ အချိန်မရခြင်း၊ လူဝင်လူထွက် များခြင်း
ကြောင့် သင်တန်းပိတ်ခဲ့သည်။ ဆရာ့ အိမ်သည် သူ၏ စားအိမ်
သောက်အိမ် ဖြစ်နေသည်။ သင်တန်းမရှိတော့၍ ကျောင်းပိတ်
ရက် အားတိုင်းတွင် ဆရာ့ထံသို့ သူရောက်နေစမြဲ။ ဆရာ့ အိမ်
က စန္ဒရားသည် သူလေ့ကျင့်ရာ ပစ္စည်း။

'နောက်တပတ်လောက်နေယင် ညာသပြေဘောင် တက်
ပေးမလား ဆရာ'

ဒုတိယအကြိမ်



ဦးမြတ်စံက ခေါင်းညိတ်ပြသည်။ ဆရာသည် အားရကျေနပ်
သော အပြုံးဖြင့် ပြုံးပြလေသည်။ စိတ်ထဲတွင် ရွှင်ရွှင်ပျပျ
ဖြစ်သွားသည်။ ဆရာသည် သူကြိုးစားသမျှနှင့် စပ်လျဉ်း၍
ဆက်ကုန် လွှတ်ပေးထားသည်။ ဒုတိယနှစ် သင်ခန်းစာများကို
သူ လေ့ကျင့်ပြီးပေးပြီ။ လာမည့် တတိယနှစ်အတွက် သင်ရိုး
ကိုပင် ကြို၍ တက်စပြုနိုင်ခဲ့သည်။ အပတ်တကုတ် ကြိုးစား
နေပုံကိုကြည့်ကာ "မောင်ထွေးအောင်က ပညာလောဘဖော့
တော်တော်ကြီးတာပဲကိုး" ဟု ပြောလေ့ရှိသည်။ မနှစ်တုန်းက
မူ အဖြေကိုရှာမရ။ ပြောစရာ စကားကို ကြားရသောအခါ
ပြောစရာ အဖြေ အသင့်ရှိနေသည်။ သူ့ကိုယ်အလေးချိန်ကို
အမေ့ အကြော်တွေနှင့် ချိန်စက်ကြည့်မိကြောင်း ပြောပြခဲ့
သည်။ သူရပ်တည်နေရသော အချိန်တိုင်းကို အမေ့ အကြော်
တွေနှင့် တိုင်းဆကြည့်မိကြောင်း ပြောပြခဲ့သည်။
အခန်းထဲမှ အထွက်တွင် ဆရာ့ကို ဦး စား ပေး လိုက် သည်။
ဝရန်တာ အတိုင်း လျှောက်လာခဲ့သည်။ လှေကား တထစ်
အဆင်းတွင် ဆရာက သမင်လည်ပြန်ကြည့်ကာ

'ဆရာမ နော်အေးမူဆီမှာ တက်တာကော ဘယ်ရောက်
နေပလဲ'

ဆရာ့ခြေ မြေအချတွင် သူ တထစ်ကျော်ကာ ဆင်းယင်း ဖြေ
သည်။

'ဒီတရက်နှစ်ရက်အတွင်း ဗီသိုဗင်ရဲ့ မွန်းလိုက်ကို စတက်
တော့မယ် ဆရာ'

ဒုတိယအကြိမ်

ဆရာသည် မျက်မှောင်ချီ၍ စဉ်းစားလိုက်၏။ နဖူး အရေး အကြောင်းများကို အထင်းသား မြင်နေရသည်။

'အီးဖလက်မိုင်နာနဲ့ တီးတာတဲ့ဟာထင်တယ်။ ကောင်းကောင်း မမှတ်မိတော့ဘူး။ ဟုတ်ရဲ့လား မသိဘူး'

'ညကမှ သင်္ကေတစာအုပ် ပြန်ကြည့်ရတယ်ဆရာ။ အီးဖလက်မိုင်နာ မဟုတ်ဘူး။ စီရှပ်မိုင်နာပါ ဆရာ'

သတိရသွားဟန်ဖြင့် ပြုံးသည်။

'အင်း....အင်း....ဟုတ်တယ်။ မောင် ထွေး အောင် က အချိန်ရှိသရွေ့ စန္ဒရားတီးဖို့ပဲ ကြိုးစားနေတာကိုး။ ပညာကို လိုလို လားလား နဲ့ အဲသလို နေမှလဲ လူက အဆက်မပြတ် တိုးတက်နေမှာကွ'

ဦးမြတ်စံ၏ ဗယ်တက်ဘေားမှ ခပ်လှမ်းလှမ်း လျှောက်၍ လိုက်လာယင်း ဖြေလိုက်သည်။

'ကျွန်တော် ကျောင်းဆက် တက်ဖို့အတွက် အမေ ရုန်းကန်ရတဲ့ တာဝန်က နည်းတာမှ မဟုတ်တာ ဆရာရယ်။ ကျွန်တော့် တာဝန်ကို အမေ ထမ်းထားရတဲ့ အချိန်တိုင်းမှာ စက္ကန့်တိုင်းကို အလဟဿ အဖြစ် မခံရဲဘူး ဆရာ။ သွားရ လာရ အညောင်းထိုင်ရတာ ပင်ပန်းတာကို ကျွန်တော် မမှုနိုင်တော့ဘူး။ အိမ်မှာ စန္ဒရား မရှိလို့ပါ။ ရှိသာရှိယင် တနေ့ကို အိပ်ချိန် သုံးနာရီပဲ ထားပြီး လေ့ကျင့်နေမှာပဲ။ ဒီပညာနဲ့ပဲ အမေ့ကို





ပြန်ပြီး မြန်မြန် လုပ်ကျွေးနိုင်အောင် ကြိုးစားရတာ ဆရာ'

...ကို တချက် ငဲ့ပြီး ကြည့်ကာ ခေါင်းညိတ်ပြ၏။

'ခုပဲ မင်း စန္ဒရားတီးစားမယ် ဆိုယင် တီးစားလို့ရပါပြီကွာ။ မောင်ထွေးအောင် ဆရာနဲ့တွေ့တာ သုံးနှစ်ရှိပြီ။ ဒါပေမယ့် မင့်လက်က ဆယ့်နှစ်ဝါလောက် ရှိပြီလို့ ထင်ရတယ်။ ဒါ....ဆရာ အမှန်အတိုင်း ပြောတာ။ ဒီလိုကြားလို့ ကြိုးစားချင်စိတ်ကိုလျှော့မချနဲ့။ တတ်ပြီလို့ အထင်ရောက်လို့ မရဘူး။ ဆရာ အခု အသက် လေးဆယ်။ စန္ဒရားတီးလာတာ နှစ်ပေါင်း အစိတ် ကျော်ပြီ။ ခုထိ ဆရာကိုယ်တိုင် သူများဆီက သင်ယူရတုန်း လေ့ကျင့်နေရတုန်း'

...ရောင်ခြည်သည် အပူရှိန်လျော့စွာ ကျလျက် ရှိသည်။ ဂစ်...နီလမ်းပေါ်တွင် စွေတစောင်းကျနေသော နေခြည်ကို ငုံ့...ကြည့်ယင်း ဆရာ့ စကားကို နားစိုက်ထား၏။

'ငါတီးသလိုတီး၊ ငါတီးတာနဲ့တူပြီလား၊ တူယင် တတ်ပြီဆိုတာ ဂီတမှ မဟုတ်တာ၊ စန္ဒရားဖြစ်ဖြစ် တခြား တူရိယာဖြစ်ဖြစ် တီးတတ်ထာ တီးတတ်ထာ တခြား။ ဂီတကို ဖန်တီးတာ ဖန်တီးတာ တခြားပဲ မောင်ထွေးအောင်။ ဒီနေရာမှာ ဒီအလုံးတီး ဒီအသံမြည် ဆိုတာက ဂီတရဲ့ အသေးငယ်ဆုံး အခြေခံလေး ရှိသေးတာ။ ဒီသဘောကို မင်းသိသားပဲ'

'ဟုတ်ပါတယ် ဆရာ'

'တောင်တွေမှာ တနေရာဟာ အမြင့်ဆုံး နေရာမှာ ရှိ တယ်။ အမြင့်ဆုံးတောင်ထိပ်ကို ရောက်ပြီးယင် ဆက် တက်စရာ မရှိတော့ဘူး။ အရှည်လျားဆုံး မြစ် ဆိုတာ လဲ ဒီလိုပဲ။ ဆက်လိုက်သွားယင် တနေရာမှာ မြစ် ကြောင်းဆုံးတာ တွေ့ရမယ်။ ပညာကျတော့ အထွတ် အထိပ်လဲ မရှိဘူး။ အဆုံးလဲ မရှိဘူး။ ဒါကို မသိယင် မသိတဲ့လူဟာ ခြေစုံရပ်တဲ့နေရာမှာ ဆုတ်နစ်ဖို့ အသင့် ပြင်နေတာနဲ့ ဘာမှ မခြားတော့ဘူး'

'ကျွန်တော် အမြဲ ကြိုးစားနေမှာပါ ဆရာ'

'ဆရာ ဒါကို ယုံကြည်ပါတယ်၊ အေး....အေး....အမြဲ သတိရှိပေါ့ကွာ။ မင်းကြိုးစားရမှာတွေက အများ ကြီးပဲ၊ အမေ့အတွက်ပေါ့....ဟုတ်လား။ ဒါထက် အဒေါ့်ကိုလဲ ပြောလိုက်ပါကွာ။ သတိရကြောင်း ပေါ့'

'ဟုတ်ကဲ့။ အမေက ဆရာတို့ မောင်နှမကို ထမင်း ဖိတ် ကျွေးဦးမယ်လို့ ပြောတယ်။ ဆရာတို့ အားမယ့်ရက် ကို မေးခိုင်းတာ ကျွန်တော်မေးဖို့ မေ့နေတယ်'

'ဖြည်းဖြည်းပေါ့ကွာ။လာတော့လာပါဦးမယ်'

ဆရာသည် စကား မဆက်တော့။ လမ်းကို ဖြတ်ကူးကြပြီး နောက်၊ ကိုယ့်အတွေးနှင့် ကိုယ် ရှိကြသည်။ ဂီတနှင့်ပတ်သက် ၍ မေးစရာ စကားအနည်းအကျဉ်း ရှိနေသေးသော်လည်း နှုတ်





ဆိတ်နေလိုက်သည်။ဘုရားလမ်းဘူတာ ဝင်ပေါက်သို့ အရောက် တွင် ဆရာ့ မျက်နှာသည် တမျိုး ဖြစ်သွားသည်။ တခုခုကို သတိရဟန်ဖြင့် ဖြတ်ကနဲ လှည့်ကြည့်သည်။

'ကောင်းကွာ။ ခုမှ သတိရတော့တယ်'

ထွန်းအောင်က အရေးတကြီး မျက်နှာဖြင့် မေးသည်။

'ဘာပါလိမ့် ဆရာ'

'လေးနာရီ ထိုးခါနီးတုန်းက ဆရာ ရုံးခန်းထဲ သွား တယ်။ ဆရာလဲရောက်ရော မင်းဆီကိုဖုန်းလာတယ်ကွ'

'ဘယ်သူဆက်တာလဲ ဆရာ'

'မင်းနဲ့အတူ ဆရာ့ဆီ လိုက်လိုက်လာတဲ့ ဟိုကလေးမ လေးလေကွာ။ ဟို....အင်း....ရီထွေး ဖုန်းဆက်တယ်။ ဆရာနဲ့တွေ့တော့ မင်းကို မှာပေးပါတဲ့။ ကျောင်းဆင်း ယင် သူ့ဆီကို လာပါတဲ့။လေးနာရီခွဲမှာ ပီတာပင်က နေ သူစောင့်နေမယ်တဲ့။ ဆရာက မင်းကို ခေါ်ပေးရ မလားဆိုတော့ နေပါစေတဲ့။ အဲဒါလေးသာ ပြော ပေးပါတဲ့။ ဆရာက ဆရာမကြီးနဲ့ ကျောင်းကိစ္စတွေ စကားဆက် ပြောနေရသေးတယ်ကွာ။ မေ့သွားတယ် ကွာ'

ဆရာသည် စိတ်ပျက်သံဖြင့် ညည်းလိုက်၏။ လက်ပတ်နာရီကို ကြည့်လိုက်သည်။ ငါးနာရီ ထိုးပြီးပေပြီ။ သည်အချိန် အထိ တော့ ရီထွေး စောင့်နေမည် မထင်။ အကြောင်းတခုခု ရှိ၍သာ ချိန်းခြင်းဖြစ်မည်ဟု တွေး၏။ ကျောင်းဆင်းချိန်ထက် နောက်

ကျပြီး ဆင်းတတ်သည်ကို ရီထွေး သိသည်။ စောင့်ချင်လည်း စောင့်နေလိမ့်မည်ဟု စဉ်းစားမိ၏။ ပိတာပင် စားသောက်ဆိုင်သို့ ယခုချက်ချင်း ရောက်သွားချင်သည်။ ဆူးလေဘုရားလမ်းသို့ ရောက်အောင် ခပ်သုတ်သုတ်လျှောက်ဦးတော့၊ ဆယ်မိနစ်သာသာ ကြာပေလိမ့်မည်။ လေးနာရီခွဲ အရောက် မျှော်လင့်နေသူအဖို့ အလွန်ဆုံး နောက်ထပ် နာရီဝက်သာ တိုး၍ စောင့်လိမ့်မည်။ ငါးနာရီဆယ့်ငါးမိနစ်အထိ စောင့်မည် မထင်။ ငါးနာရီလောက်မှ သူပြန်တတ်ကြောင်း ရီထွေး သိပြီး ဖြစ်၍ စောင့်ကောင်းစောင့်မည် အောက်မေ့သည်။ သို့သော် လေးနာရီခွဲ အရောက် လာပါဟု ဆရာ မှတဆင့် မှာကတည်းက လေးနာရီတွင် သူများနည်းတူ ကျောင်းဆင်းပါဟု ရီထွေး ဆိုလိုရာကျသည်။

‘ဒီအချိန်အထိတော့ စောင့်မယ် မထင်ဘူး’

ဆရာသည် သူ့ကို အကဲခတ်ယင်း ပြောသည်။

‘ရှိ မရှိတော့ မသိဘူး။ သွားတော့ သွားလိုက်ဦးမယ် ဆရာ’

သူ့ကို ပြုံး၍ ကြည့်၏။

‘ချိန်းထားတာ ရောက်မလာလို့ မင်းကို စိတ်ကောက်ယင် ဆရာ မေ့သွားလို့ ဖြစ်ရတာပါလို့ ပြောပြီး ချော့လိုက်ပေါ့ကွာ။ သိပ်မကျေနပ်လို့ ပြဿနာ ဖြစ်မယ်ဆိုယင် ဆရာ လာပြီး သက်သေခံပေါ့မယ်’

ဒုတိယအကြိမ်



ရှုတ်နောက်သော လေသံမှန်း အသိသာကြီး သိသာ နေ သည်။ ထွေးအောင်သည် ရှက်သွေး မျက်နှာဖြင့်။

☸

‘အကြောင်းထူး မရှိယင် မလာရတော့ဘူးတဲ့လား’

ရီထွေး၏ အဝိုင်းသား မျက် လုံး ကို ကြည့် ယင်း မေး လိုက်သည်။

‘မလာရဘူးလို့ ဘယ်သူက ပြောလို့လဲ’

‘မသိဘူးလေ။ ကျွန်တော်ထိုင်ထိုင်ချင်း ‘အကြောင်းထူး ရှိသလား’ဆို။ ရီထွေးပဲ မေးတာပဲ’

နှစ်ယောက်ထိုင် ဆိုဖာ ပေါ်တွင် ကိုယ်တစောင်း မှီနေရာမှ တည့်တည့် ပြင်ထိုင်သည်။ ထိုနောက် ထွေးအောင်ကို ပြုံးပြသည်။ ရီထွေးနှုတ်ခမ်းကို တစိုက်မျှကြည့်ပြီး မျက်လွှာချထားလိုက်၏။

‘အမှတ်တမဲ့ မေးနေကျ စကားမျိုးပါ။ ပြီးတော့....ကိုအောင် လာမလည်တာ ကြာပြီ မဟုတ်လား။ ခုမှ ဖြုန်းကနဲ ရောက်လာတော့ အကြောင်းထူးတခုခု ရှိမယ်လို့ မှန်းမိတယ်လေ။ ဒါကြောင့် မေးတာပါ’

စိတ်ထဲမှာ ရယ်ပစ်လိုက်သည်။ ရီထွေး ဟန် ဆောင် ကောင်းသည်ဟု ထင်လိုက်၏။ ပိတာပင်သို့ လာရန် ချိန်းသည့် ကိစ္စကို တွေ့တွေ့ချင်း ပြောမည်၊ ရန်တွေ့စကား ဆိုမည်ဟု တွက်ခဲ့၏။ သို့သော် တခွန်းမဟ။ ပိတာပင်သို့ သူ ရောက်သောအခါ ရီထွေးကို မတွေ့။ အနီးအနားတွင် ရှိများလေမည်လား ရှာ

ဒုတိယအကြိမ်

ကြည့်သေးသည်။ အင်းဝတိုက် ပိတ်သွားမှန်း သိသော်လည်း စိတ်မှန်းနှင့် သွားရှာခဲ့သေးသည်။ သို့နှင့် အိမ်ကို ပြန်မည်၊ အိမ်ရောက်ပြီးမှ ရီထွေးတို့အိမ်သို့ ပြန်ထွက်မည် စိတ်ကူးခဲ့၏။ သို့သော် အာအီးတီဂိတ်သို့ အရောက်တွင် ထောင်ဝ ဂိတ်ဆုံး အထိ မစီးတော့။ ရီထွေးတို့ အိမ်သို့ တဆက်တည်းလာခဲ့သည်။ အိမ်သို့ပြန်ရောက်ပြီးမှ တခါ ပြန်ထွက်ရလျှင် မိုးချုပ်သွားမည် စိုးသည်။ ကုန်းမြင့်အကွေ့ပေါ်သို့ ရောက်ချိန်တွင်ပင် နေလုံး ကွယ်စပြုချေပြီ။

'ဒါ အခု အိမ်ပြန်မရောက်သေးဘူး ထင်တယ်'

ခေါင်းညိတ်ကာ ရီထွေးအား အဖြေပေးလိုက်၏။ ရီထွေး အမေးကို 'အင်း' လိုက်၏။ ရီထွေးသည် ဇီဇင်ဘာ ကျောင်းပိတ်ရက်ရှိသည်ကို သိပြီးဖြစ်သည်။ သည်နေ့ကျောင်း တက်ပြီးလျှင် မနက်ဖြန်မှ စ၍ အားလပ်သည်ကို သိပြီးဖြစ် သည်။ မနေ့ကပင် စကားဝိုင်းတွင်ပြော၍ ရီထွေး ကြားပြီး သား။ ဆီလျော်သက်ဆိုင်ခြင်းမရှိသော စကားတွေဖြင့် တခုခု ကို ဖုံးကွယ်နေဟန် ရှိလေ၏။ မျက်လုံးကို အိမ်ရှေ့ မြက်ခင်း စပ်မှ အရှေ့ဘက်တပြင် ရောက်လေရာရာသို့ လွှဲထားလိုက်သည်။ နားသည်မူ ရီထွေးထံသို့ ရောက်လျက်ရှိ၏။ သွေ့ခြောက်လျက် စိမ်းနေသော မြက်ခင်းသည် အမြင့်တွင် မကြာခဏ ထပ်နေ သည်။ နှင်းဆီပင်တွေ၊ ဒေလီယာပင်တွေ၊ ခေါင်ရန်းပင်တွေ၊ စံပယ်ပင်တွေကို ဝေ့ကြည့်နေမိသည်။ အနီရဲရဲ၊ အဝါ၊ အဖြူ၊ ပန်းရောင် အဆင်အသွေးတို့သည် အမြင့်အောက်ခြေတွင် မပိ





... အရောင်ပြေးများ ဖြစ်နေကြသည်။ အဝေးမြင် ကုန်းမြင့် ...တွင် တောရိုင်းပင်မျိုးတွေ ခပ်ဝပ်ဝပ် ရှိကြသည်။ အရှေ့ ... အမြင့်ကုန်လွှတ်၍ ကြည့်လိုက်ယင်း ခြံထောင့်ရှိ သကြား ...ကြီးက ကာဆီးထားလေသည်။

'ကိုအောင်....'

...ထွေးထံသို့ မျက်လုံးကိုသာ စောင်း၍ ကြည့်လိုက်သည်။

'ဗျာ....ဘာပြောမလို့လဲ ရီထွေး'

... ဘာသံမျှ ဆက်၍ မကြားရ။ သူ မမေးပဲ မနေနိုင်တော့။

'ရီထွေး ကျွန်တော့်ကို စိတ်ကောက်နေတယ် မို့လား'

...ခေါင်းခါပြသည်ကို သူမြင်ရသည်။ အသံကို မရေးမနှောင်း ...ကြားရသည်။

'မကောက်ပါဘူး၊ စိတ်ကောက်စရာ ဘာရှိလို့လဲ'

...သံကို အကဲခတ်ကြည့်ရုံမျှဖြင့် ထိန်ဝှက်ထားမှန်း သိလွယ် ...သည်။

'ရှိပါတယ်'

...ထွေးသည် အညာပုံးဖြင့် ခေါင်းခါပြသည်။ စကားလုံး ကွဲ ... စေနိုင်သော လေသံဖြင့်သာ ပြောသည်။

'မရှိပါဘူးကွယ်၊ ဘာမှ မှ မရှိတာ'

... မျက်လုံးချင်း ဆုံလိုက်၏။

'ဒီနေ့ ရီထွေး ဖုန်းဆက်တဲ့ ကိစ္စလေ'

...က်ချင်း ငြင်းသည်။

'မဆက်ပါဘူး၊ ဘယ်သူ့ဆီကို ဆက်သို့တုန်း'

'ဆရာ ဦးမြတ်စံဆီကို ရီထွေး ဖုန်းဆက်တယ်ဖေ
ကျွန်တော့်ကို ပီတာပင်....'

'အို....မဟုတ်တာ၊ မနက်က တမနက်လုံး ရီထွေ
ကျောင်းမှာ၊ ဗဟို စာကြည့်တိုက်ကို သွားတယ
အင်းလျားဆောင်က သူငယ်ချင်း တယောက်ဆီသွ
တယ်၊ ညနေ လေးနာရီလောက် အိမ်ပြန်ရောက်အော
လာရတယ်၊ မမတို့ လင်မယားရယ်၊ ဖေဖေရယ် ခ
စမတ် သွားမှာမို့ လေးနာရီထက် နောက်မကျပဲ ပြ
လာရတယ်၊ မယုံယင် ဖေဖေတို့ ပြန်လာသော့ မေ
ကြည့်၊ အင်း....ဆိုပါဦး၊ ဖုန်းဆက်တဲ့ ကိစ္စက....'

စကား တဝက်လောက်မှစ၍ ထွေးအောင့် မျက်နှာ အ
အထား ပြောင်းလာသည်။ ရီထွေး တမင်ညာပြောနေသည်
လည်း ထင်သည်။ အမှန်အတိုင်း ပြောပြနေခြင်းလည်း ဖြစ်
သည်။ အကယ်တန္တု၊ ရီထွေး စကား မှန်ရာဟု ဆိုလျ
တယောက်ယောက်က နောက်ပြောင် ချိန်းဆိုခြင်းသာ ဖြစ်လ
မည်။ ဆရာ ဦးမြတ်စံများ နောက်ပြောင်ခြင်းလားဟု ထေ
မိပြန်သည်။ ခပ်တည်တည်နှင့် ကျီစယ်တတ်သော ဆရ
အကြောင်းကို သိထား၍ အစဉ်းစားရ ခက်လာသည်။ တ
တယောက်က ဆရာ့ထံသို့ ဖုန်းဆက်သည်ဆိုလျှင် မိန်းကလေ
သံဖြင့်သာ ဆက်ရမည်။ ယောကျ်ားကလေးအသံ မိန်းကလေ
အသံဟူ၍ တယ်လီဖုန်းထဲတွင် ခွဲခြားရန်ပင် မလိုအပ်။ သိသ
ပြီးသား ဖြစ်သည်။ 'ရီထွေးက ဆက်ခိုင်းလို့ပါ'ဟု စကာ





...ဆရာ့ထံ ဖုန်းဆက်ခြင်းလားဟု တွေးကြည့်သည်။ ဆရာ့
...မေးလိုက်ရ။

'ဪ....ဖုန်းဆက်တယ်တဲ့၊ ရီထွေးက ဆက်တယ်လို့
ဆရာပြောတာပဲ၊ လေးနာရီ ထိုးခါနီးမှာတဲ့၊ ရီထွေး
ပီတာပင်မှာ လေးနာရီခွဲလောက် စောင့်နေမယ်၊
ကျွန်တော့်ကို လာဖို့ မှာတာတဲ့၊ အဲဒါ ဆရာက
ချက်ချင်းပြောဖို့ မေ့သွားတယ်၊ ပြန်တော့မှ ဘူတာရုံ
ဘက်က ကျွန်တော် ခွဲထွက်မယ် လုပ်တုန်း ဆရာပြော
တာ'

'ဟုတ်လား၊ ဖြစ်မှဖြစ်ရလေ၊ ဒါနဲ့ ကိုအောင် ပီတာ
ပင်ကို ထလိုက်သွားရတာပေါ့'

'အင်းပေါ့၊ ဆရာပြောတော့ပဲ ငါးနာရီထိုးပြီးပြီ၊ ဟို
ရောက်တော့ ငါးနာရီနဲ့ မိနစ်နှစ်ဆယ်လား ရှိနေပြီ။
ဘယ်သူမှ မရှိဘူး'

'ဘယ်သူမှ မရှိမယ့်သာ မရှိတာ၊ ဘယ်သူကများ ကို
အောင့်ကို ဖုန်းဆက်ပြီး ချိန်းသလဲမှ မသိတာ'

...တွေးသည် ပန်းခင်းဘက်သို့ လှည့်ကြည့်ကာ ပြော၏။ ထို
...ားကို ကြားရသောအခါ အံ့ဩလာရသည်။ တယောက်
...ောက်က ရီထွေး မှာလေဟန်နှင့် နောက်မှန်း ထင်ရှားလာ
...ည်။ မောင်မောင်ကျော်တို့ လူသိုက်ထဲမှပင် ဖြစ်မည်။
...ကြိမ်တခါမျှ သည်သို့ မနောက်ပြောဖူး၍ ခွဲခြားတွေးမရ။

'ဘယ်သူများ တမင်ချောက်တွန်းသလဲ မသိဘူး'

'ပီတာပင်ကို တကူးတက သွားလိုက်ရတာ ကိုအော ပင်ပန်းမှာပေါ့၊ သနားပါတယ်'

'ဘယ်သူမှလဲ တခါမှ အဲ့သလို မနှောက်ဖူးဘူး မဟု လား၊ ဒီတော့ အ ုတ်မှတ်တာပေါ့'

'နှောက်တာတော့ ဟုတ်မယ် မထင်ပါဘူး'

နားမလည်။ ဖယောင်းပုဆိုးတွင် အကွက် ဖော်ထားသော နဂါးရုပ်တွေကို ကြည့်နေရာမှ ခေါင်းမော့ လိုက်သည်။ ကြည့်နေသည်ကို သိလျက် မသိဟန် ပြုထားသော ရီတွေး အငေးသား ကြည့်နေလိုက်၏။ ပုလဲလည်ဆွဲသည် ရှပ်စက အပြာနု အင်္ကျီပေါ်တွင် ရောင်ပြန်ဟပ်ကာ ငြိမ်သက်လျ ရှိ၏။

'နှောက်တာ မဟုတ်ယင်....'

ရယ်သံလွင်လွင် ကြားရသည်။ ရင်ညွန့်ပေါ်မှ ကျော်၍ နေသော ပုလဲသွယ်သည် လှုပ်လှုပ်ရွေ့ရွေ့။ ရီတွေး၏ ရ သံသည် သူ့စကားကို တန့်သွားစေခဲ့သည်။

'တကယ်ပဲ၊ ငါးနာရီထိုးတဲ့အထိ ပီတာပင်မှာ အောင့်ကို ထိုင်စောင့်သေးတယ်၊ အဲဒီမှာ နာရီဝ ကြာတယ်၊ သိပ်ထိုင်ရတာ မကောင်းဘူးလေ၊ ရီတွေ အတူ သူငယ်ချင်းနှစ်ယောက် ပါလာလို့ အဲသလောေ စောင့်နိုင်တာ။ ကြာတော့ မထင်ဘူးလေ။ ဒါနဲ့ ပြန်လာခဲ့တာ။ အလုပ် သိပ်များနေလို့လား၊ ဆ





ဦးမြတ်စံပဲ မပြောလို့လား၊ ကိုအောင်ပဲ စောစော ပြန်သွားလို့လား၊ ရှောက်တွေးပြီး စိတ်ဖြေရတာ'

သူ့ မျက်နှာသည် ဝင်းကနဲ ဖြစ်သွားသည်။

'ခုန ကျွန်တော် ပြောပါကောလား....'

'ဟုတ်ပါတယ်။ အကျိုးအကြောင်း သိရလို့ စိတ်ပြေ သွားတာ....ဟင်း....'

ထွေးအောင် မျက်ခုံး ပင့်လိုက်သည်။

'ဩော် ဒါဖြင့်၊ စောစောတုန်းက စိတ်ကောက်နေ တယ်ပေါ့'

'အင်းပေါ့။ မိန်းကလေးတန်မဲ့နဲ့ အကြာကြီးထိုင်လဲ စောင့်ရသေး၊ လာလဲ မလာဆိုတော့ စဉ်းစားကြည့် ဦးလေ'

'အင်းလေ၊ အဲဒါကြောင့် ရှိလိုရှိငြား ကျွန်တော် လာ သေးတာပဲ။ ပီတာပင်မှာ မတွေ့လို့ အင်းဝတိုက်ဘက် တောင် သွားကြည့်မိသေးတယ်'

ရီတွေးက နာခေါင်း တွန့်လိုက်ပြီး

'အို....ဆိုင်ပိတ်ချိန်ကြီး သွား ကြည့် တယ်။ အ ရူး ကျ ဇနေတာပဲ'

'ရီတွေး စောင့်နေပြီ၊ စောင့်နေတာ ကြာလှပြီ၊ သွား မတွေ့ယင် စိတ်ဆိုးလိမ့်မယ်၊ မတွေ့ယင် ဒုက္ခပဲ ဆိုပြီး သိပ် စိတ် စော ခဲ့ ပါ တယ်။ ရီတွေး ဖုန်းဆက်တာကို အောင်ထွတ်တို့ ဂျိုးဇက်တို့သာ အဲသလိုမေ့ပြီး အချိန်

လွန်တော့မှ ပြောယင် ကျွန်တော် သိပ်စိတ်ဆိုးမိမှာပဲ
ဆရာ့ကျတော့ စိတ်မပြစ်မှားစံ့ဘူး။ မီလိုမိပြြား ...
လိုတွေပြြား ဒုန်းစိုင်းပြီး ပီတာပင်ဆီ ခြေဦးတည်
တာ။ ဟုတ်ပါတယ်၊ ရီထွေး ပြောသလို အရှုံးကျ...
တာပါပဲ'

သူ့ကို လှမ်းကြည့်ကာ ရီထွေး ပြုံးနေသည်။ သူ့ နှုတ်ခမ်း...
ကြည့်သည်။

'မတွေ့တော့ ခေါင်းကို နောက်သွားတာပဲ။ ဘယ်လို...
ရှာရမယ် ဆိုတာ စဉ်းတောင် မစဉ်း စား တတ် တေ...
ဘူး။ကားဂိတ်ဘက်လျှောက်ယင်းနဲ့တွေ့များတွေ့မလာ...
မှန်းပြီး ကြည့်ပါသေးတယ်။ စိတ်ကို ညစ်လိုက်တာ...
တအားပဲ'

'ကောင်းတယ်။ သူ့ အပြစ်နဲ့သူ၊ စိတ်အညစ်တော...
နည်းသေးတယ်'

'ဒါတော့ ရီထွေးရာ....ဆရာဦးမြတ်စံက ပြောဖို့မေ့သွ...
တာ ကျွန်တော် ဘယ်တတ်နိုင်ပါ့မလဲလို့'

ရီထွေး ခေါင်းခါသည်။ နောက်ကျောမှီယင်း ပြောသည်။

'မေးပါလားလို့'

'ဘာမေးရမှာလဲ'

'ဆရာ့ကို တွေ့တွေ့ချင်းကျွန်တော့်ဆီကို ဖုန်းလေး ဘာ...
လေးများ လာသလား။ လာယင် ဘယ်သူက ဘာမှာ...





သလဲ ဆရာ ဘာညာနဲ့ မေးပါလား။ အဲသလို ဆို
ဆရာ သတိရမှာပေါ့။ မဟုတ်ဘူးလား'

'မဟုတ်ဘူး။ ဖြစ်သင့်တာက ရီထွေးတို့ ကျောင်းကို
လိုက်လာပြီး ဆရာ့ကို သတိပေးသင့်တာ။ 'ခုနတုန်းက
ကျွန်မတို့ ဖုန်းဆက်တဲ့ကိစ္စ ဆရာ ပြောဖြစ်အောင် ပြော
ဖို့ မမေ့ပါနဲ့'လို့ လာပြောသင့်တာ'

[illegible]ထွေးသည် တဟင်းဟင်းနှင့် ရယ်လျက် ရှိသည်။ နောက်မှီ
[illegible]တွင် လက်မောင်းတင်ကာ၊ ညာဘက်နားသယ်ကို လက်
[illegible]ါးဖြင့် ထောက်သည်။

'အမှန်ကတော့ လာမလို ပါ။ သူငယ်ချင်းတွေက ပန်
တျာကျောင်းကို တ ခေါက် မှ မ ရောက် ဖူး ကြ ဘူး
မဟုတ်လား။ စိမ်းနေတော့ မလိုက်ချင်ဘူးတဲ့။ တနေ
ရာရာကို ချိန်းတဲ့။ ဒါနဲ့ လှည်းတန်းကနေ ဖုန်းဆက်
တာ၊ ဆရာက 'မောင်ထွေးအောင်နဲ့ စကားပြော
မလား၊ ခေါ်ပေးမယ်လေ'တဲ့။ အားနာတာနဲ့ ဆရာ့
ကိုပဲ မှာလိုက်တာ။ ကိုအောင် မလာတော့ သူငယ်ချင်း
တွေကို အားနာလိုက်တာ'

'ကျွန်တော်ကလဲ ရီထွေးတို့ကို အားနာတာ အမှန်ပါ။
ဘာကိစ္စနဲ့ ချိန်းမှန်း မသိဘူး မဟုတ်လား။ ဒီတော့
မတွေ့ကာမှ ပိုစိတ်ပူ စိတ်စောရတာပေါ့။ ဒါနဲ့ ကား
ဂိတ်က ဆင်းဆင်းချင်း ရီထွေးဆီ တခါတည်း ပြေးလာ
ရတာ'

'ပြေးလာတာတော့ မဟုတ်ပါဘူး။ လမ်းလျှောက်
တာ ရီထွေး လှမ်းမြင်နေသားပဲ။ ကိုအောင် ဒီလ
မယ် ဆိုတာ မှန်းမိတယ်။ ဒါကြောင့်လဲ ဖေဖေ
ခရစ်စမတ်ပွဲသွားတာ လိုက်မှ လိုက်မသွားတာ။ ပီ
ပင်မှာလဲ မတွေ့၊ အိမ်လာတော့လဲ အိမ်တံခါး ပိ
ဆိုယင် သိပ်စိတ်ပူသွားမှာ စိုးလို့'

သူ ခေါင်းခါလိုက်၏။

'မပူပါဘူး'

ပြုံးစေ့စေ့ မျက်နှာကို ရီထွေး မြင်ရသည်။ ရီထွေး မျက်
သည် သူ့ မျက်နှာနှင့်။

'ကိုစ္စကတော့ ဘာမှ မရှိပါဘူး။ ကိုအောင်နဲ့ တွေ့
တခုခု သွားစားကြမယ်။ ပြီးယင် အတူတူ ပြန်မ
ဒါပါ။ ကိုအောင်နဲ့ တွေ့ယင် စိတ်ညစ်နေတာလဲ သ
သာ သွားမယ် ထင်လို့'

စိတ်ညစ်ဆိုသော စကားလုံးသည် နားတွင် သိသိသာသာ
သွားသည်။ သူ့မျက်နှာသည် တဖြည်းဖြည်း တည်လာ၏။

'ရီထွေး ဘာနဲ့ပတ်သက်ပြီး စိတ်ညစ်နေတာလဲ'

ချက်ချင်း ပြောရမည်ကို တုံ့ဆိုင်းနေဟန်ရှိ၏။

'ဒေါ်လေး တော်တော် မမာဘူး ကိုအောင်'

'ကျွန်တော် သိတယ်လေ'

'မနက်တုန်းက ရီထွေး ဝင်ခဲ့တယ်။ ပိန် လိုက် တာ
ကမ္ဗလာနံ့ရှုပ် ပေါက်နေတော့တာပဲ။ မျှော်လင့်ချ





မရှိမှန်း မြင်လိုက်ကတည်းက သိသာပြီးသားပဲ။ မနေ့
ညက ဒေါ်လေးတို့ အိမ်နီးနားချင်း လူကြီးတချို့
လာကြတယ်'

ဒေါ်လေး အကြောင်းကို ရီထွေးနှင့် စကားစပ်တိုင်း ကြား
ရသည်။ ဒေါ်လေးဆိုသူမှာ ရီထွေးဖခင် ဦးမြေသိန်း၏ တ
ယောက်တည်းသော နှမ အရင်း။

'ဖေဖေ့ကို လာပြောတာ 'မထားထားတော့ မျှော်
လင့်ချက် မရှိတော့ပါဘူးတဲ့'။ 'မထားထားက ဦးမြေ
သိန်းကို တွေ့ချင်လို့ ကျွန်တော်တို့ လာပြောပြတာပါ'
တဲ့။ 'နောက်ဆုံး အကြိမ်အဖြစ်နဲ့ အတွေ့ခံစေချင်ပါ
တယ်၊ ကျွန်တော်တို့ မေတ္တာရပ်ခံပါတယ်'တဲ့။ အဲဒါ
တွေ လာပြောတာ။ ဖေဖေက ခေါင်းခါလိုက်တယ်။
'လာပြောကြတဲ့ ပုဂ္ဂိုလ်တွေကို ကျေးဇူးတင်ပါတယ်။
ဒါပေမယ့် ကျွန်တော် မလိုက်လျောနိုင်တဲ့ အတွက်
တော့ ဝမ်းနည်းပါတယ်။ အားနာပါတယ်'တဲ့။ ဒေါ်
လေးတို့ အိမ်ရှင် အဘိုးကြီးက 'ဦးမြေသိန်းလဲ ဗုဒ္ဓ
ဘာသာဝင် တယောက်ပဲ'တဲ့။ 'လူတယောက်ကို ဘဝ
ကူးကောင်းအောင် ကူညီတာဟာ ကုသိုလ်တမျိုးပါပဲ'
တဲ့။ 'မထားထားဟာ သူ့အစ်ကိုကို အင်မတန် တွေ့
ချင်နေတာပါ'တဲ့။ 'စကားတခွန်း နှစ်ခွန်းပြောချင်တဲ့
လက္ခဏာ ရှိပါတယ်'တဲ့။ 'ကျွန်တော်တို့ သဘောက
တော့ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ်အဖြစ် လာတွေ့

စချင်ပါတယ်’တဲ့။ ‘မထားထား စိတ်မဖြောင့် အယူ
မဖြောင့် ဖြစ်မှာကိုလဲ တွေးပါဦး’တဲ့။ ဖေဖေကတော့
ခါးခါးသည်းသည်းပဲ’

ပြောယင်းနှင့် စိတ်လှုပ်ရှားလာဟန် တူ၏။ စကားကို ခဏ
ဖြတ်လိုက်သည်။

‘ရီထွေးတို့ မမခင်ရီတို့က အဘိုးကြီးကို မပြောကြဘူး
လား’

‘ဝင်ပြောဖို့ နေနေသာသာ ဖေဖေ့ မျက်နှာကြည့်ယင်း
နဲ့ ကြောက်တောင်လာတယ်။ အဲသလောက် မျက်နှာ
ထား တင်းတာမျိုး တခါမှ မတွေ့ဖူးဘူး။ ‘ထား
ထားက ကျွန်တော့်ကြောင့် စိတ်မဖြောင့် အယူမဖြောင့်
ဖြစ်စရာ မရှိပါဘူး’ တဲ့။ ‘သူ့လင်ကိုသာ သူ အယူ
မဖြောင့် စိတ်မဖြောင့် ဖြစ်မှာပါ’တဲ့။ ကျွန်တော် မတွေ့
နိုင်ပါဘူး’တဲ့။ ဖေဖေ သိပ် စိတ်အမှတ်ကြီးတာပဲ
ကိုအောင်ရယ်....’

ရီထွေး လေသံမှာ ကြေကွဲသံတွေ ဆိုင်းလျက် ရှိသည်။ ညိုး
နွမ်းလှသော မျက်နှာကို မြင်ရသည်မှာ စိတ်မသက်သာ။ ဆင်
ဝင်အစပ်ရှိ စွယ်တော်ပင်ဆီသို့ မျက်လုံးလွှဲမိသည်။ ဦးပြေ
သိန်း၏ သဏ္ဌာန်၊ ဒေါ်လေး ထားထား၏ အသွင်တွေက
ဦးနှောက်ထဲတွင် ဝေ့တက်လာ၏။ ဦးပြေသိန်း၏ ကိုယ်ကာယ
သည် ကိုယ်နေပြေပြေ။ အသားဝါ။ မျက်နှာကျသွယ်သွယ်။
အရပ်မနိမ့်လှ။ စကားပြော နူးညံ့သည်။ လေချိုသည်။ အမှတ်မဲ့





ဆုံးဖြတ်လျှင် စိတ်သဘော ပျောင်းညွတ်လွယ်သူဟု ထင်စရာ။
နူးရှအကြည့်ဖြင့် ကြည့်သော မျက်လုံး၊ ပါးလှာ၍ အလျား
ဆန့်သော နှုတ်ခမ်းတို့သည်မှ ဖြတ်သား ခက်ထန်တတ်ကြောင်း
ပြနေဘိသို့။ ဒေါ်လေး ထားထားသည် အစ်ကိုနှင့် ရုပ်ချင်း
ဆင်သည်။ အစ်ကိုထက် ခေါင်းမာပုံ၊ တဇွတ်ထိုးလုပ်တတ်ပုံ
တွေသို့ အဖြစ်အပျက်များအရ သိသာသည်။ မျက်နှာပေါ်
တွင်မူ ထိုစိတ်ခေတ်တွေကို မတွေ့ရ။

‘ကြားရတာ စိတ်မကောင်းစရာပဲ ရီထွေးရယ်။ ဦးလေး
ရဲ့ စိတ်ခေတ်ကို အံ့လဲ အံ့ဩရတယ်။ လန့်လဲ လန့်
တယ်’

‘မနေ့ညက ဧည့်သည်တွေလဲ ပြန်သွားရော။ ဘယ်သူ့
ကိုမှ စကားမပြောပဲ ဘုရားခန်းထဲ ဝင်နေတယ်။ မမ
တော့ ညက ငိုလိုက်တာ။ သူ့ကို ချော့မော့ရတာနဲ့
ရီထွေး မငိုနိုင်အားဘူး။ ဖေဖေ့ကို အကဲခတ်ရတာလဲ
တင်းမယ့်သာ တင်းထားရတာ စိတ်တော်တော် ထိခိုက်
နေပုံပါပဲ’

ထိုမောင်နှမ၏ ပြဿနာနှင့် စပ်လျဉ်း၍ ကြားရတိုင်း စိတ်
ချမ်းမြေ့ဖွယ်ရာ မဖြစ်ခဲ့။ မနှစ်က ထင်၏။ ဒေါ်လေး ထား
ထားက ဦးပြေသိန်းထံတွင် ကလေးနို့မှုန့်ဗူးဖိုး လာတောင်း
သည်ဟု ကြားရသည်။ ဦးပြေသိန်း၏ ဖြတ်တောက်သော
စကားကို တကြိမ် ကြားခဲ့ရသည်။ နောက်တကြိမ်မှာ ဒေါ်
လေး ထားထား မကျန်းမာစဉ်က ကိုဝင်းဇင်နှင့် ဦးပြေသိန်း

တို့ စကားပြောကြသည်။ ဆေးဖိုးဝါးခငွေချေးရန် ကိုဝင်းဇင်
လာပြောခြင်း ဖြစ်သည်။ ယတိပြတ်စကားဖြင့် ပြောလွှတ်ခဲ့
သည်ဟု ကြားရသည်။ ရီထွေးတို့ ညီအစ်မကို ဦးပြေသိန်းက
တားမြစ်ချက်ထုတ်ခဲ့သည်။ ဒေါ်လေး ထားထားထံသို့ မသွား
ရ၊ မတွေ့ရ၊ အကူအညီအထောက်အပံ့ မပေးရဟု ဦးပြေသိန်း
က ပြောခဲ့သည်။ ထို့ပြင် 'ရေဗီယိုနားထောင်တာလဲ ကြည့်
နားထောင်ကြ။ ဟိုအကောင့် သီချင်းလာယင် မဖွင့်မိစေနဲ့
ကြားရယင်တော့ ရေဗီယိုကို ပေါက်ခွဲပစ်မိလိမ့်မယ်'ဟု ပြော
သည်။ ဟိုအကောင်ဆိုသည်မှာ ဒေါ်လေး၏ ယောကျ်ား ကို
ဝင်းဇင်ကို ဆိုလိုသည်။ ကိုဝင်းဇင်သည် ကာလပေါ်ပိုင်း
တချို့တွင် ဝင်းဇင်အမည်ဖြင့် သီချင်းဆိုနေသူ ဖြစ်သည်။
နာမည် ထင်ရှားစပြုနေသော အဆိုတော်တဦး ဖြစ်လေသည်။

'ဟင်....တော်ပါပြီလေ။ ဒီအကြောင်းတွေ မပြော
တော့ပါဘူး။ စိတ်ချမ်းသာစရာတွေမှ မဟုတ်တာ။
ကဲ....ကိုအောင် ကောထိုင်ဦး'

ရီထွေးသည် ပြောပြောဆိုဆို ထသည်။ ရီထွေး၏ နောက်
ကျောကို တချက်မျှ လှမ်းကြည့်သည်။ စိတ်မောစရာ အ
ကြောင်းတွေကို ခေါင်းထဲမှ ဆွဲထုတ်နေရသည်။ ငြိးနောက်
နောက် ဖြစ်နေသည်တို့ကို အနယ်ကျအောင် လျှော့ထားလေ
သည်။ အိမ်ရှေ့ လသာဆောင်သို့ ရီထွေး ပြန်လည် ပရောက်
လာမီအတွင်း စိတ်သည် နောက်ကျိကျိဖြင့် ရှိနေဦးမည်
ထင်၏။

ဒုတိယအကြိမ်



ကျက်လုံးသည် စွယ်တော်ပင်ဆီသို့ ရောက်သွားပြန်သည်။
ပြန့်သော ရွက်မှာနှစ်ခုသည် မျက်တောင်စင်းပြီ။ အိပ်တော့
သည်။
သသာဆောင်တခုလုံးကို ခင်းထားသော ဖယောင်းပုဆိုးတွင်
အိမ် အလင်း ရောင်ပြန်သည် မှေးမှိန်မှိန်။

ဒုတိယအကြိမ်

## ၄

ဆယ်နာရီ ထိုးပြီးတော့မှ ဆိုင်သိမ်း၍ ပြီးသည်။ အမေသည် ပက်လက်ကုလားထိုင်တွင် အမောဖြေကာ ထိုင်နေသည်။ အမေ နွမ်းနယ်လျက် ရှိကြောင်း အမြင်ဖြင့်ပင် သိနိုင်သည်။ မျက်နှာသည် ရွှင်ရွှင်ပျပျ။ ငွေရေတွက်နေသော သားဖြစ်သူကို ခပ်ငေးငေး ကြည့်နေသည်။ အမေ့ကို ပြောယင်း ထလိုက်သည်။

'လေးဆယ့် တကျပ်နဲ့ ခြောက်ဆယ့်ငါးပြား အမေ'

အမေသည် ငါးသေတ္တာဗူးခွံ ဆေးလိပ်ခွက်ကို လှမ်းယူကာ

'ညနေတုန်းက ထမင်းစားယင်း အမေ အံဆွဲထဲထည့်ထားတာက နှစ်ဆယ့်ခုနစ်ကျပ်အတိ။ အမေ့ကို ကူဖော်လောင်ဘက် လာလုပ်နေတဲ့ မသိန်းရင်ကို အမေ နှစ်ကျပ်ပေးလိုက်တယ်။ အကြော်တွေလဲ လေးငါး





ခြောက်ခု ပေးလိုက်တယ်။ ထမင်းလဲ အိမ်ပြန်မစားနဲ့ ဆိုပြီး အမေပဲ ကျွေးလိုက်တယ်။ သူ့ခမျာလဲ သနားစရာကွယ်။ သူ့တောကျွဲကလဲ အိပ်ရာထဲမှာ။ သားတွေ သမီးတွေကလဲ မိုက်ကြတယ်။ မနက်စာ ညစာတောင် မမှန်ချင်ဘူး။ အမေ့ကို လာကူပေးနေတာကလဲ သူ့အခက်အခဲ ရှိမှန်း သိပါတယ်။ မနက်က နှစ်ကျပ် ပေးလိုက်သေးတယ်'

အမေသည် သူ့ငယ်သူငယ်ချင်း အဘွားကြီးအကြောင်းကိုပြောယင်း ဆေးလိပ်မီးညှိသည်။ ထွေးအောင်က စာရေးစားပွဲ၏ အံဆွဲထဲမှ ငွေစက္ကူနှင့် လက်ထဲမှ ငွေစက္ကူကို စီလိုက်သည်။ ဗီရိုသော့ကို ယူပြီး ဖွင့်သည်။ ဗီရိုထဲရှိ အံဆွဲကို သော့ဖွင့်သည်။ အံဆွဲထဲသို့ ငွေစက္ကူတွေကိုသာ ထည့်ပြီး ပြန်ပိတ်သည်။ ဗီရိုတံခါးကို သော့ပြန်ခတ်ပြီး ငွေအကြွေကိုမူ စားပွဲအံဆွဲထဲသို့ သော့နှင့် အတူ ထည့်သည်။ အံဆွဲကို ပြန်သွင်းယင်း

'တင်မောင်လွင် လာသေးလား အမေ'

'ဘာပြုလို့လဲ သား'

'ဒီကောင် ရိုထွေးဆီက ဝတ္ထုစာအုပ် ငှားထားတာ ကြာပြီတဲ့။ ရိုထွေး မှာလိုက်လို့၊ စာအုပ်က ရိုထွေးရဲ့ ခဲအိုက ရုံးစာကြည့်တိုက်က ငှားလာတာတဲ့။ သူ့တွေ့ယင် အဲဒါ ပြောမလို့။ ဒီကောင်ကလဲ စည်းကမ်း မရှိပါဘူး။ ငှားသွားတာပဲ တလလောက် ရှိနေပြီတဲ့'

အမေသည် မီးမညီသော ဆေးပေါ့လိပ်ကို အကြမ်းကရား ဗန်းထဲရှိ ရေစက်ကို တို့ယူကာ ညှိနေသည်။ တဘက်ခေါင်းမြီး စွဲနေသော ဖက်ကို ရေစ ဆွတ်လိုက်သည်။

'မအားလို့ ဖြစ်မယ်။ ဒီနေ့ ရုံးပိတ်ရက်ပဲ။ ပေါ်မလာ ဘူးကွယ်။ သား သူ့ဆီ သွားမယ်ဆိုလဲ မနက်ကျမှ သွားပေါ့။ ခုတော့ ညဥ့်နက်နေပြီ။ အေးလဲ သိပ် အေးနေတယ်။ အပြင်မှာ ပိုအေးတယ်လေ။ အအေး မိမှာ စိုးရတယ်'

အမေသည် စကားဆုံးခါနီးတွင် အိမ်ရှေ့သို့ အမှတ်မဲ့ ကြည့်သည်။ စူးစူးစိုက်စိုက် ကြည့်သော အမေ့မျက်လုံးကို တွေ့ရသည်။ အလယ်ပုဏ္ဏားကွယ်နှင့် ကွယ်နေသောကြောင့် နောက် တလှမ်း ဆုတ်ပြီး ကြည့်လိုက်သည်။ မောင်မောင် ကျော် နှင့် တင်မောင်လွှင်။ ရှေ့မှ အလျင် တက်လာသော မောင်မောင် ကျော်က ပြောသည်။

'မင်းများ လာမလားလို့ ပါကစ္စတန် လက်ဖက်ရည် ဆိုင်ကနေ တို့ စောင့်နေကြသေးတယ်'

'ခုပဲ ဆိုင်သိမ်းပြီးတယ်။ အမေ့ကိုတောင် တင်မောင် လွှင် လာသေးလားလို့ ငါ မေးတာ ပါးစပ် ပိတ်ရုံ ရှိသေးတယ်'

မောင်မောင်ကျော့် နောက်မှ ကပ်လျက်သား ပါလာသော တင်မောင်လွှင်က ကပ္ပတန်စီးကရက်ကို ပါးစောင်းတွင် ခဲထား ကာ ပြုံး၏။ လက်ထဲတွင် ဝတ္ထု စာအုပ် နှစ်အုပ် ကိုင်ထား





သည်။ အောက်က ဝတ္ထုကို ဘာဝတ္ထုမှန်း မသိသော်လည်း အပေါ်က ဝတ္ထုကိုမူ မြင်နေရ၏။ အောင်လင်း၏ ချစ်နှင်း မှန်မှန်။

'ဟော့ကောင်၊ ရီထွေးက ငါ့ကိုမှာလိုက်တယ်။ မင်း သူ့ဆီက ငှားတဲ့....'

'ညနေကပဲ ငါ သွားပေးပြီးပြီ'

တင်မောင်လွှင်က စီးကရက်ကို လက်ကြား ညှပ်ယင်း ပြေ သည်။ ထို့နောက် ထွေးအောင်ကို မေး၏။

'မင်းနဲ့ ရီထွေးနဲ့ ဘယ်တုန်းက တွေ့လိုလဲ'

'မနေ့က'

'ဪ....ဒါကြောင့်ပါ ငါ ပေးလိုက်ပါပြီကွ။ မင်း သိပ်စိတ်မပူပါနဲ့။ ငါ့ကြောင့် မင်းတို့ မယားညီအစ်ကို ချင်း စကားမများစေရပါဘူးကွာ....ဟဲဟဲ....'

ထွေးအောင် ပြုံးလိုက်သည်။ မောင်မောင်ကျော်က ကြမ်းပြင် ပေါ်တွင် ထိုင်လိုက်၏။ တင်မောင်လွှင်သည် ပြတင်းပေါက် သို့ သွားပြီး ထံထွေးတချက် ထွေးသည်။

'သား ဖျာခင်း ပေးလိုက်ဦးလေ။ ကြမ်း ပေါ် မှာ မကောင်းပါဘူးကွယ်'

မောင်မောင်ကျော်က လက်ကာပြယင်း "ကိစ္စမရှိပါဘူး အမေ။ အခြား လူတွေမှ မဟုတ်တာ" ဟု ပြောသည်။ တင်မောင်လွှင် က ထွေးအောင် ဘေးတွင် ကပ်၍ ထိုင်သည်။

'ဖျာတွေ ဘာတွေ ခင်းမနေပါနဲ့ အမေရယ်။ ကျွန်

တော်တို့က ဖျာပေါ်မှာ မထိုင်တတ်ဘူး။ ယောက္ခ
လောင်း အိမ်ကျမှ ဆိုဖာပေါ်မှာ ထိုင်တာ'

ရိုက်ထွေးတို့ အိမ်တွင် ဆိုဖာရှိကြောင်း တင်မောင်လွင် ဆိုလို
သည်ဟု အားလုံး နားလည်သည်။ အမေသည် ရိုက်ထွေးတို့
အိမ်သို့ ဆွမ်းကျွေး၊ ဘုရားကိုးဆူပူဇော်လုပ်တိုင်း ရောက်ဖူးနေကျ။
တင်မောင်လွင်၏ စကားကြောင့် အမေက ပြုံးကာ မျက်နှာ
လွှဲနေ၏။

'မင်း မြှောက်မြှောက်ပေး၊ ကြားလား။ တော်ကြာ
ဦးပြေသိန်းနဲ့မင်းနဲ့ နပန်းလုံးရမယ့် ကိန်းလဲ ဆိုက်ရော
ငါနဲ့ တွန်းမလှတ်နဲ့'

မောင်မောင်ကျော်က ပြောယင်း ရယ်နေသည်။ တင်မောင်
လွင်က မပြုံးမရယ်။

'ဒါလောက် မြှောက်ပေးနေတာတောင် သူတို့ သမီး
ရည်းစား တဝမ်းကွဲက ခုထိ ငြိမ်ချက်သား ကောင်းနေ
တုန်း။ လျှော်တဲ့ကောင်တွေက တက် ကျိုးသာ ကျိုး
သွားမယ်။ လှေကတော့ တလက်မ မရွေ့ပေါင်ဗျာ'

တင်မောင်လွင်၏ စကားကြောင့် ထွေးအောင်ကပါ ရော၍
ရယ်သည်။ မောင်မောင်ကျော်က ဆွယ်တာ အင်္ကျီလက်ရင်
တံထောင် နှစ်ဘက်တွင် ဆွဲ၍စုပြီး 'သူများများ ပြော
မယ်ဆိုယင် တတ်တယ်'ဟု တင်မောင်လွင့်ကို ကြည့်ယင်း
ပြောသည်။ အမေသည် ဆေးလိပ်ကို ငါးသေတ္တာခွက်ထဲသို့





...ချယင်းနှင့် ပြုံးနေ၏။ ငွေကုပ်ထားသော သွားတက်
... မီးချောင်းအလင်းဖြင့် လက်လျက်ရှိ၏။

'မုန့်ကြိုတ်ထားတာ မနက်ကျမှ အစောကြီး သွားယူ
ရမှာလား အမေ'

...အောင်သည် အမေ့ကို လှည့်ကြည့်ပြီး မေးသည်။

'ဟင့်အင်း....ရှစ်နာရီလောက်တည်းက မသိန်းရင် သွား
ယူပေးထားတယ်။ မနက်ကျမှ သွားယူယင် ကသီနေ
ဦးမယ်'

...အောင်က ခေါင်းတဆတ်ဆတ် ညိတ်နေလိုက်သည်။

... တခုခု သတိရဟန်ဖြင့်....

'မီးဖိုထဲက ဒန်အိုးထဲမှာ ကုလားပဲတွေ ကျွန်တော်
ရွှေးထားတာ အမေတွေ့လား'

...သည် ခြေတပိုက်တွင် ပိုင်းနေသော ခြင်တွေကို မြင်းမြီး
...ဖြင့် မောင်းထုတ်နေယင်း ပြော၏။

'အင်း အမေ ပြာထားတာတွေ ရှိတယ်။ သား မတွေ့
ဘူးနဲ့ တူတယ်။ လေးလုံးဝင် အိုးထဲမှာ အမေ ထည့်
ထားတယ်'

'မတွေ့ဘူး အမေရဲ့။ ဒါထက်....ဖိုးကြွမ်းက ကုန်နေပြီ
ပဲ အမေရဲ့၊ မနက်ဖြန်မို့ 'ငှက်ပျောကြော် ဘယ်နှယ်
လုပ်မလဲ'

'မနက်ဖြန် မနက်ပိုင်း ငှက်ပျောကြော် မကြော်ဘူး
လေ။ ပဲခြမ်းကြော် အော်ဒါ မှာထားတာ ကြော်ရ

ဦးမယ်။ ပဲခြမ်းကြော် ရှစ်ရာကျော်၊ ဗူးသီးကြော်
သုံးရာ။ မနက်ရှစ်နာရီလောက် လာယူကြလိမ့်မယ်
အမေတို့ ဆိုင်အတွက်တော့ ညနေလေးနာရီလော
ပဲ သွားကြော်တော့မယ်’
ထွေးအောင့် စိတ်ကူးထဲတွင် လုပ်ရမည့် အလုပ်တွေကို
စားပြီးသား ဖြစ်နေသည်။
‘ဒါဖြင့် ကုလားပဲခြမ်း ဖောက်ဖို့ ကျွန်တော် လုပ်လို
မယ်လေ။ ဗူးသီးစိတ်ဖို့ ဗူးသီးလဲ မမြင်ပါလ
အမေရ’
‘အမေ စီစဉ်ပြီးပြီ။ မနက်သုံးနာရီလောက် ကျ
မသိန်းရင်ဆီ အမေ ဝင်ယူရုံပဲ။ ခုလောက်ဆို မသ
ရင် လုပ်နေရောပေါ့။ အမေ သွားကြော်ရုံပဲ။
လဲ လေးငါး ခြောက်ကျပ်လောက် အမေ ပေးလ
မယ်။ ညနေကတည်းက ကုလားပဲခြမ်းကော၊ ဗူး
ကော၊ ဆော်ဒါမှုန့်ကော၊ ဆီပုံးကော သူ့ပေးလ
ပြီးပြီ။ ထင်းတို့ ဒယ်တို့တော့ မနက်က သူ့သားအ
ကောင် အမေ့ လာခေါ်တော့မှပဲ ယူသွားမယ်’
အမေသည် ပက်လက်ကုလားထိုင်မှ ထလိုက်သည်။
အဆင့်ပေါ်သို့ တက်သည်။ တင်မောင်လွင်သည် စီးက
တိုကို ဆေးလိပ်ပြာခံခွက်ထဲတွင် ထိုးချေပြီး မီးသတ်သည်
‘အမေ ပြောပြတာနဲ့ပဲ ထွေးအောင် ပင်ပန်း
အလုပ်များမှာ မြင်ယောင်လာတယ်’





င်မောင် ကျော်က ဝါးကနဲ ရယ်သည်။ အမေသည်
ဝသီအတိုင်း ခပ်တိုးတိုး ရယ်နေသည်။ ထွေးအောင်ကမူ
င်မောင်လွင့်ကို ပြုံး၍ ကြည့်လေသည်။ မောင်မောင်ကျော်
နွား ဆေးပေါ့လိပ်တလိပ်ကို ဆေးလိပ်ခွက်ထဲမှ လှမ်းယူ
ည်။ ကြာဖူးဖက်မှ မှတ်ကာ အစီခံကို လက်ညှိုးလက်သည်း
ဖွပြီး သန့်လိုက်၏။ ထို့နောက် ထွေးအောင်ကို ပြော
ည်။
‘မင်းက အပေါင်းအသင်းတွေ ရှေ့ကျယင် အမေ့ကို
ကူကက် လုပ်ရသလိုလိုနဲ့ မင်္ဂလာယူပြီး တကယ်လဲ
ဟုတ်တာ မဟုတ်ပဲနဲ့။ ဟိုဟာ လုပ်စရာ ရှိသလိုလို၊
ဒီဟာ လုပ်စရာ ရှိသလိုလို။ ပြီးတော့….အမေ လုပ်ကိုင်
ပြီးတာတွေချည်း။ အလကား အာချောင်နေတာ’
မေသည် အရယ်မပျက်။ အင်္ကျီချိတ်မှ သိုးမွေးအင်္ကျီကို
တ်ယင်း ‘ခုမှ အေးလာတယ်။ စောစောတုန်းကတော့
ိုနွား ကပ်နေလို့လား မသိဘူး။ ချွေးတလုံးလုံးနဲ့’ ဟု
ပြောသည်။
‘ဒါလောက်တော့ မပြောပါနဲ့ကွာ။ ထွေးအောင်
ကြော်တဲ့ အကြော်ကျတော့ မင်း မျိုလိုက် ဆို့လိုက်
တာ။ အမေ့ဆီက အကြော်စားချင်ယင် ထွေးအောင်
မကောင်းကြောင်း ပြောပြီ။ ထွေးအောင်ကို ခိုင်းချင်
ယင် အမေ ကြော်တာ မရှုဘူးလို့ ပျဉ်းတဲ့ပျဉ်းတဲ့
ဖြစ်တယ်လို့ မင်း ပြောပြန်ရော။ ထွေးအောင်ကို

ပြောတာကျတော့ ငါမခံနိုင်ဘူး။ ဟဲ...ဟဲ...ပြေ
တာ နည်းသေးလို့'

ထွေးအောင်သည် ရေနွေးကြမ်းငှဲ့နေယင်း ရယ်သည်။ အ
သည် သိုးမွေး ဆွယ်တာ ဝတ်ယင်း ရယ်လျက် ရှိ
မောင်မောင်ကျော်သည် ဆေးလိပ်မီးညှိကာ ပြုံးနေ၏။ 
မောင်လွင်သည် သက္ကလတ် တိုက်ပုံအိတ်ထဲမှ ဆယ်လိပ်
ကပ္ပိတန် စီးကရက်ဗူးကို ထုတ်သည်။ မောင်မောင်ကျော်
စီးကရက်ဗူးကိုတလှည့် မျက်နှာကိုတလှည့်ကြည့်၍ ပြောသည်

'ဘူဇွာ ဆန်လိုက်တာ'

တင်မောင်လွင်သည် စီးကရက်တလိပ်ယူပြီး ဗူးကို ကြမ်းပေ
တွင် ချလိုက်၏။ နှုတ်ခမ်းတွင် ဟန်ပါပါ ခဲပြီး အိတ်ထ
မီးခြစ်ကို ထုတ်ယူသည်။ ကြေးမီးခြစ်ပြားမှာ ကြည့်မကော
အောင်ပင် ပိန်လိန် တွန့်ချိုင့်လျက် ရှိသည်။ မီးညှိယ
ပြန်ပြောသည်။

'မင်းတို့ စာသမား ပေသမား နိုင်ငံရေးသမားတွေ
ဘယ်လိုလဲကွ။ စီးကရက် သောက်တာနဲ့ပဲ ဘူဇွာ
ရရောလား။ ဘာမှန်းလဲ မသိဘူး။ ဘူဇွာတို့ ဘူ
တို့နဲ့။ ကြည့်၊ ဒီမှာ လီနင်က ငါ့ကို လက်ဆောင်ပေ
ခဲ့တဲ့ မီးခြစ်။ အောက်တိုဘာ တော်လှန်ရေးတုန်း
အမှတ်တရ ပစ္စည်း'

မောင်မောင်ကျော်က ဟားကနဲ ရယ်ပစ်လိုက်သည်။ 
မောင်လွင်က ဆက်၍ ပြောသည်။





'ငါးပြားစေ့ အသစ်ကိုင်လိုက်တာနဲ့ မနုရှင်လို့ ပြောလို
ပြော၊ လုံချည်အသစ် ဝတ်လာတဲ့နေ့ကျယင် အရင်းရှင်
လို့ ပြောလိုပြောနဲ့။ ကြိုးနီစနစ်တို့ ဆိုတာလဲပါရဲ့၊
ကော်လာဖြူရော၊ ပညာတတ်ရော၊ သွေဖည်ရေးသမား
ဆိုတာလဲ ကြားရပါရဲ့။ တိုးတက်တယ်တဲ့။ ဖောက်ပြန်
ရေးသမား၊ ပြန်လည် ပြုပြင်ရေးသမား ဆိုတာလဲပါ
တယ်။ ပလက်ဖောင်းပေါ်မှာ လမ်းလျှောက်နေရတဲ့
လူအချင်းချင်း၊ အင်္ကျီ ကုပ်ပြဲဝတ်နေရတဲ့ လူအချင်း
ချင်း၊ ဘတ်စ်ကားတိုးစီးရတဲ့ လူချင်း မနုရှင်ပေါက်စ
အချောင်သမားလို့ ပြောလိုပြောနဲ့။ ငါမသိလို့ မေး
ပါရစေဦး။ အဲဒါ ယဉ်ယဉ်ကျေးကျေး ဆဲတာလား
ဟင်'

မောင်မောင်ကျော်က ရယ်နေယင်း နှာခေါင်းရှုံ့လိုက်သည်။ 
ထိုစကားလုံးမျိုးကို မောင်မောင်ကျော်နှင့် အောင်ထွတ်တို့၏ 
အသိုင်းအဝိုင်းတွင် သူ အကြား များခဲ့သည်။ အထူးသဖြင့် 
မောင်မောင်ကျော်နှင့် တက္ကသိုလ်ကျောင်းသား အသိုင်းအဝိုင်း 
ကြားတွင် ကြားခဲ့သည်။ စေတနာရှင် ဦးချစ် လက်ဖက်ရည် 
ဆိုင်၊ အင်းဝဆောင် စားသောက်ဆိုင်တန်း၊ တကာသ၊ လှည်း 
တန်း ခေါက်ဆွဲဆိုင်တို့တွင် အောင်ထွတ်တို့ လူ သိုက် ဆုံကြ 
တိုင်း ထိုစကားလုံးတွေကို တိုးတိုးကျယ်ကျယ် မရွေး ကြား 
နေကျ။ တင်မောင်လွင့် စကားကြောင့် မောင်မောင်ကျော်

မှာ အောင့်သက်သက် ဖြစ်သွားဟန်ရှိသည်။ သို့သော် အပြုံး
မပျောက်။

ထွေးအောင်က စကားဖြတ်သည်။

'ကဲ....အပြင် ထွက်မယ် မဟုတ်လား'

တင်မောင်လွင်က ခေါင်းညိတ်ပြသည်။

'အမေ ကျွန်တော် သူတို့နဲ့ အပြင် လိုက်သွားဦးမယ်'
အမေက "အေး....အေး....အနွေးထည် ဝတ်သွားဦး" ဟု ပြော
သည်။ မောင်မောင်ကျော်က 'သူငယ်ချင်းတွေနဲ့ သွားတာ
ကျတော့ အမေ့ကို ပြောလို့။ ရည်းစားနဲ့သာ ချိန်းထား
ကြည့်ပါလား။ ရည်းစားနဲ့ချိန်းထားလို့ သွားတွေ့လိုက်ဦးမယ်
အမေရယ်လို့ ပြောမလား။ ဝေးသေး" ဟု မီးဖိုဆောင် တံခါး
ဝတွင် ထိုင်နေသော အမေ့ကို လှမ်းပြော၏။ အမေက ပြုံး
သာ နေ၏။

'ကဲ....မောင်ကျော်ရွှဲ့ရေ'

တင်မောင်လွင်က ထိုင်ရာမှ အထတွင် မောင်မောင်ကျော်
ခေါ်၏။ မောင်ကျော်ရွှဲ ဆိုသော အမည်မှာ ဟာသစာရေး
ဆရာ ဇင်အောင်၏ သိုက်သမိုင်း အလှောင်အပြက် ဝတ္ထုမျာ
ထဲမှ ဇာတ်ကောင် အမည်။ တပြေး တည်း ပြေးနေရသော
ဆရာကြီး ဦးကြောင်ဘီလူး၏ တပည့်ဖြစ်သူ မောင်ကျော်ရွှဲ့
မောင်မောင်ကျော်က အလိုက်သင့် ထူးကာ ပြက်လိုက်၏။

'ဟုတ်ကဲ့ ဆရာကြီး။ ပြေးကြစို့ရှဲ'

သူတို့ နှစ်ယောက် ထိုင်ရာမှ အထတွင် ထွေးအောင်က မေး၏





'ဟိုကောင်တွေကော ပြန်လာဦးမှာလား'

ောင်မောင်ကျော် မြေသည်။

'အောင်ထွတ်က အစည်းအဝေးရှိလို့ ပေမာဂနိုင်ဘက်
ကို သွားတယ်။ ဂျိုးဇက်က ပြန်လာမယ် မလာဘူး
ပြောမသွားဘူးကွ'

င်မောင်လွင်က ဖိနပ်ချွတ်တွင် ရပ်ယင်း ပြောသည်။

'ငါ့ကိုပြောတော့ ပြန်လာမယ်လို့ ပြောသွားတာပဲ'

မ်ပေါ်မှ အဆင်းတွင် မောင်မောင်ကျော်က ထွေးအောင်၏
းနားသို့ ကပ်ကာ တိုးတိုးပြော၏။ ထွေးအောင်က ဖလန်
ည် လက်ရှည် အနွေးထည်ကို ကြယ်သီးတပ်ယင်း နားထောင်
၏။

'ငါတို့ အခြေအနေ သိပ်မကောင်းဘူးကွ'

ေးအောင် မျက်မှောင်ကုပ်လိုက်၏။ ဘာမျှမ မပြော။ ခြံထဲ
အဆင်းတွင် တဦးကို တဦး စကားမပြောမိကြ။
ောင်းလေအေးသည် ငြိမ်သက်လျက်။
ရောင်သည် ခေါင်းရင်းဘက် သပြေပင်ခွကြားမှ ဆင်းလျက်
၏။

ကျောင်ကျောက်စားပွဲပေါ်တွင် ဆေးလိပ်တိုတွေများလာသည်။
ာတွေ များလာသည်။ ဆိုင်အလုပ်သမား အိန္ဒိယ အမျိုး
သား အဘိုးကြီးက လက်ဖက်ရည် သုံးခွက် ထပ်မံချပေးသည်။

စောစောက သုံးခွက်ကို ပြန် ယူ သွား သည်။ ဒန် ဗန်း ကို ယူ
လာပြီး စားပွဲပေါ်မှ ဆေးလိပ်တို၊ ပြာ စတွေကို ကော
တည်သည်။ ထိုနောက် အဝတ်စိုဖြင့် စားပွဲကို သန့်ရှင်းေ
သည်။ ထိုအလုပ်သမား ထွက်သွားတော့မှ တင် မောင် လွင်
ပြောသည်။

'ငါတော့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး။ ခေါင်း
မီးတောက်နေတယ်'

ထွေးအောင်သည် သူ့ မျက်နှာကို ကြည့်ယင်း သက်သက်
ပြေး၍ မြင်ယောင်နေသည်။ ထို့ပြင် ယခုအချိန်တွင် သ
သက် မည်သို့ရှိမည်ကို မှန်းဆကြည့်မိသည်။ အစဉ်သဖြင့် ပျော်
ပျော်ရွှင်ရွှင်နေတတ်သော သက်သက်သည် ပူပန်သောကများ
ဖြင့် ရှိနေလိမ့်မည်ဟု တွေးရသည်။

'ယူမှ ဖြစ်မယ်ပေါ့'

မောင်မောင်ကျော့် အမေးကို တင်မောင်လွင်က ငေးမှိုင်မှိုင်
မျက်နှာနှင့် ဖြေသည်။

'အင်း'

မောင်မောင်ကျော်က ခေါင်းကုတ်သည်။ ဆံပင် ဘုတ် သိုက်
သည် ပို၍ပွလာ၏။ ဆေးလိပ်ကို အတွင်ဖွာယင်း လမ်းမဆီသို့
လှမ်းပြီး ကြည့်နေ၏။ ထွေးအောင် မေးသည်။

'မင်း အိမ်ကို ပြောမပြရသေးဘူးလား'

ခေါင်းခါပြသည်။ ချစ်နှင်းမှုန်မှုန်ဝတ္တု မျက်နှာဖုံး ပန်းချီကို
ကြည့်နေရာမှ





'အိမ်မှာက မင်းသိတဲ့အတိုင်း ယောကျ်ားလေး ဆိုလို့
ကုလားဗူ တယောက် ရှိတာ။ ဒီကောင်က လေးငါး
တန်းကျောင်းသား။ ငချိတ်။ ကျန်တာက အာလူးမ၊
ပူဘူးမ၊ ပြီးတော့ အစ်မရယ် အမေရယ်။ ဒီကိစ္စကြီး
အသိပေးရမှာ မျက်နှာပူစရာကြီး'

ထွေးအောင် ခေါင်းညိတ်ပြလိုက်၏။ မောင်မောင်ကျော်က
သက်ပြင်းချယင်းနှင့် တခွန်း ဆဲလိုက်သည်။

'စောစောကတည်းက ပြောပါလား နွားရဲ့။ ပြဿနာ
စကတည်းက သိရယင် တမျိုးတဖုံ ကြံရတာပေါ့'

တင်မောင်လွင်သည် မျက်နှာငယ်လေးနှင့်ပြန်ပြောသည်။

'တမျိုးတဖုံကျတော့လဲ သက်သက်က သဘောတူမှာ
မဟုတ်ဘူး။ ငါကိုယ်တိုင်ကလဲ သက်သက်ကို သိပ်ချစ်
တာ။ ဒီတော့....တခုခု စီစဉ်ရမှာပေါ့ကွာ'

မောင်မောင်ကျော်က ချက်ချင်း မေးသည်။

'ဘယ်လို စီစဉ်ချင်လဲ'

'ယူလိုက်ကြရုံ ရှိတာပေါ့'

ထွေးအောင်က ပြုံး၍ ပြောလိုက်၏။

'ဟေ....ဒါတော့ မင်းပြောမှလားကွ။ ခုမေးနေတာက
အဲဒီ ယူရေး ကိစ္စကို ဘယ်လို စီစဉ်မလဲလို့ မင်းကို ပြော
နေတာ'

တင်မောင်လွင်သည် မလုံမလဲ ပြုံးနေသည်။ မဖြေ။ သက်ပြင်း
ရှည် တချက် ချပြီး ညည်းသည်။

'လက်ထဲမှာလဲ တပြားမှ မရှိဘူးကွ'

မောင်မောင်ကျော်က

'မင်းချမ်းသာတာတွေ ကြွားမနေနဲ့။ ဒါ တို့အားလုံး သိပြီးသား။ မင်း ဖြစ်ချင်တာ ပြော။ အတတ်နိုင်ဆုံး တို့ လိုက်လုပ်ပေးမယ်။ နှစ်ဘက်လူကြီးချင်း ပြောပြီး ဆိုပြီး အေးအေးဆေးဆေး စီစဉ်မလား။ ခိုး ပြေးမလား။ ပြော'

တင်မောင်လွင်သည် တွေ၍ နေ၏။

'သက်သက်တို့ အိမ်က သဘောမတူတာ ငါသိတယ်။ သွားပြောယင်တော့ လက်ခံဖို့ မလွယ်ပါဘူး။ အတိုး ကြီးနဲ့ အဘွားကြီးက သက်သက်ကို တဦးတည်းသော သမီးမို့ သိပ်ချစ်ကြတာ....'

'အဘွားကြီးကို အကျိုးအကြောင်း ဖွင့်ပြောပြီးမှ စီစဉ် ယင် ကောင်းမယ်။ ဒီလို လုပ်မယ်။ ငါတို့က အဲဒီ အ ကြောင်းတွေ မင်းအဘွားကြီးနဲ့ အစ်မကို သွားပြော မယ်။ သူ့တို့က သက်သက် အမေကို သွားပြောလိမ့် မယ်။ ပြေလည်သွားယင် ကျန်တဲ့ အပိုင်းတော့ တို့ကြည့် ကျက်လုပ်လိုက်မယ်။ ငါရယ် အောင်ထွတ်ရယ်၊ ကျိုး ဇက်ရယ် ရှိတယ်ကွာ'

တင်မောင်လွင်သည် ကော်ဖီ ဖျော်နေသော အလုပ်သမား ဆီသို့ အကြောင်းမဲ့ ငေးကြည့်နေ၏။ စိတ်ကောက်ကျဆင်းနေ

ဒုတိယအကြိမ်



ဟန်တူ၏။ ထွေးအောင်၏ အိမ်မှာ တုန်းကလို လန်းဆန်းခြင်း မရှိ။

'နှစ်ဘက် အဆင်ပြေသွားယင် ပြီးတာပါပဲကွာ။ ငါလဲ ရုံးက သာရေး နာရေးအဖွဲ့ထဲက ငွေချေးယင် ဖြစ်ပါ တယ်'

သူ့စကားအပြီးတွင် ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြသည်။ မောင်မောင်ကျော် က လက်ဖက်ရည် တကျိုက် သောက် ယင်း အရှေ့ဘက်သို့ ငေးနေသည်။ ထွေးအောင်သည် လက် ဖက်ရည် ပန်းကန်လုံးထဲတွင် ရောင်ပြန်ထင်နေသော လဝန်းကို စိုက်၍ ကြည့်နေ၏။ မောင်မောင်ကျော်က အရှေ့သို့ စိုက် စိုက်ကြည့်ကာ 'ဟိုမှာ လာနေတာ အောင်ထွတ် မဟုတ်လား' ဟု ပြောသည်။ ထွေးအောင်က သူ မေးငေါ့ပြရာသို့ မျက်လွှာ လှန်ကြည့်သည်။ တင်မောင်လွင်က သမင်လည်ပြန် လှည့် ကြည့်သည်။ ကျုံစင်းစတိုးနှင့် ဘိုးစိန်ခေါက်ဆွဲဆိုင်စပ်ကြား ရှေ့တွင် ခေါင်းငိုက်ဆိုက်ဖြင့် လျှောက်လာသော အောင်ထွတ် ကို တွေ့ရ၏။ အောင်ထွတ်သည် မာတ်တိုင်အလွန်တွင် ပါကစ္စ တန် ကဖီးဘက်သို့ လှမ်းကြည့်သည်။ သူတို့ကို မြင်ဟန်တူ၏။ ဈေးရုံဘက်သို့ လမ်းဖြတ်ကူးလာ၏။ သူ့ကို ငေး၍ ကြည့်နေ ကြသည်။ စားပွဲအနီးသို့ ရောက်သောအခါ ထွေးအောင်က ခွေးခြေအလွတ်တခု သွားယူကာ နေရာလုပ်ထားလိုက်၏။ သူ့ ကို ကြည့်ရသည်မှာ မောနေဟန် တူ၏။

'လက်ဖက်ရည်ပဲလား'

ဒုတိယအကြိမ်

မောင်မောင်ကျော်၏ အမေးကို ခေါင်းခါပြသည်။

‘ကြက်သားဟင်းနဲ့ နံပြားစားမယ်ကွာ။ ခုထိ ညစာ မစားရသေးဘူး။ အစည်းအဝေးက မပြတ်ခဲ့ပါဘူး။ လေရှည်မယ့်သာ ရှည်နေကြတာ။ ဒီကြားထဲ ညဉ့်နက်လာတော့ ဝါခင်းထဲက အိမ်ရှင်က ညဥ့်နက်ပြီ ဘာညာပြောလာဘယ်ကွ။ အဲဒီအိမ်က ထွန်းဇံနဲ့ ဆက်ပြီး သိရတာ။ ဒီကောင် လုပ်ပုံ မပိုင်တာပေါ့။ ဟင်း.... ဒီပုံနဲ့ဆို ကားကနဲ့ နေအောင် ဒုက္ခရောက်မှာတော့ မြင်သေးတယ်ကွာ’

လေသံမှာ မောနေ၏။ စကားတဝက်တွင် ခွေးခြေပေါ်သို့ စိတ်လျှော့ပြီး ထိုင်ချလိုက်သည်။ မောင်မောင်ကျော်က ဆိုင်ရှင် ထိုင်နေရာ ငွေသိမ်း စားပွဲဆီသို့ လှည့်ကြည့်ကာ ကြက်သားဟင်းနှင့် နံပြား မှာလိုက်သည်။ တင်မောင်လွင်သည် အောင်ထွတ်ထံသို့ စီးကရက်ဗူး ကမ်း၏။ အောင်ထွတ်က ခေါင်းခါသည်။ ‘ပြီးမှ သောက်မယ်ကွာ’ဟု ပြောသည်။ အောင်ထွတ်သည် ပန်းကန်ပြားထဲသို့ ရေနွေးကြမ်းငှဲ့ထည့်စဉ် မောင်မောင်ကျော် ပြောသည်။

‘ဒီမှာလဲ အရေးတော်ပုံတခု ပေါ်နေတယ်ကွ’

အောင်ထွတ်သည် အကြမ်းကရားကို ချထားယင်း မောင်မောင်ကျော်ဆီသို့ မျက်နှာမူသည်။

‘ဆိုပါဦး’

တင်မောင်လွင့်ဘက်သို့ မေးငေါ့ပြကာ





‘ဒီကောင့် ကိစ္စပေါ့။ အခု သက်သက်မှာ ကိုယ်ဝန်သုံးလ’

‘မြတ်စွာဘုရား’

အောင်ထွတ်က အထိတ်တလန့် မြည်လိုက်သည်။ ဆိုင်ထဲသို့ ဝင်လိုက်ခါစက မှုန်နေသော မျက်နှာမျိုးကို အောင်ထွတ်တွင် တွေ့ရတော့။ ပါးစပ်အဟောင်းသားနှင့် ရှိနေသည်။

‘တကယ်လားကွ’

အောင်ထွတ်၏ မေးခွန်းကို ထွေးအောင်က ခေါင်းညိတ်ပြကာ အတည်ပြုပေးလိုက်သည်။

‘တကယ်ပေါ့ အောင်ထွတ်ရာ။ တင်မောင်လွင့် မျက်နှာကြည့်ပါလား။ မျောက်သေကို ဖိနပ်နဲ့ ရိုက်ထားတဲ့ မျက်နှာလေ’

မောင်မောင်ကျော်က ရယ်ပြီး ပြောသည်။ အောင်ထွတ်သည် တွေ၍နေသည်။

‘ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ၊ အမျိုးသမီးဘက်ကိုအလေးအနက် ထားပြီး စဉ်းစားရမယ့် ကိစ္စပဲ။ ခု မင်းတို့ ဘယ်လို စီစဉ်ကြလဲ’

မောင်မောင်ကျော်က ရှင်းပြသည်။ အောင်ထွတ်သည် ခေါင်းညိတ်ညိတ်နှင့် နားထောင်နေသည်။ အစီအစဉ်ကို ကြားရသောအခါ ‘ အေး အဲဒီ အစီအစဉ် ကောင်းသားပဲ” ဟု ပြောသည်။ ထို့နောက်၊ သူ့ ရှေ့သို့ လာချ ပေးသွားသော ကြက်သားဟင်းနှင့် နံပြားကို ပလုတ်ပလောင်း စားလေသည်။

သူစားသောက်နေစဉ် အတွင်း စကားဝိုင်း မစဖြစ်။ တယော
တခွန်းစီလောက်သာ ရှိသည်။ မောင်မောင်ကျော်က သူ
အိမ်၏ စီးပွားရေး အခြေအနေ ကျဆင်းသည့် အကြော
ထွေးအောင်က အသံလွှင့်မည့် သီချင်းများ အကြောင်း၊
မောင်လွင်က ရှေ့ရေးအကြောင်း တစစီ၊ တဆစ်စီ ပြော
သည်။
ပြန်သောအခါ၊ လဝန်းသည် အနောက်အရပ်တွင် ရောက်
ပေပြီ။

တွေးတောခြင်းဆိုသော အလုပ်ကို မလုပ်တတ်သည့် ဦးနှော
မျိုး ရှိချင်သည်။
အိမ်သို့ပြန်ရာ ကတ္တရာလမ်း တလျှောက်တွင် အသွား အ
ကင်းလျက်။ အနောက်ဘက်သို့ မျက်စိတဆုံး ငေးကြည့်သည်
လရောင်သည် ကတ္တရာလမ်းတွင် ရောင်ပြန်ဟပ်နေသည်။
တိုင်မီးရောင်သည် ခပ်မှိန်မှိန် ဖြစ်နေ၏။ စကားပြောဖော်
မလာ၍ တိတ်ဆိတ်ခြင်းသည် အဆ များစွာ ကြီးစိုးဟ
လေ၏။ လက်ထဲတွင် ဆေးပေါ့လိပ် တတို။ သောက်
ဖြစ်၍လား မသိ။ မူးနောက်နောက် ဖြစ်ချင်သည်။ သို့သော
အေးလွန်းသော ဆောင်းလေဒဏ်ကို အတန်ငယ် ခံနိုင်ရည်ရှိ
သည် ထင်ရ၏။ ဆောင်းလေသည် ရှေ့နောက်ဝဲယာမှ
ရောက်လာသည်။ အတွေးတွေလိုပင်။





...ကျပ်စိုးရိမ်သော စိတ်တို့သည် တင်မောင်လွင်နှင့် သက်
...တို့၏ကိစ္စမှ အစပြုလာသည်ထင်၏။ ဘဝကိစ္စ၊ မိန်းမသား
...ယောက်၏ ဂုဏ်သိက္ခာ၊ ယောကျ်ား တယောက်၏ တာဝန်
... သူတို့နှစ်ယောက်ကို တပြိုင်နက် မြင်နေသည်။ တင်မောင်
...ကို စိတ်ထဲမှ ချီးကျူးရသည်။ တာဝန် မယူဟု ခေါင်း
...င်ခဲ့လျှင် သက်သက်အဖို့ တွေးကြည့်ရန်ပင် မရဲ။ သည်
...နာကို အဆင်ပြေအောင် စီမံကြမည့် မောင်မောင်ကျော်
... ကျေးဇူးတင်သည်။ အဆင်ပြေပါစေဟု ဆုတောင်း
...။ ရက်များ မကြာမီ တင်မောင်လွင်တို့နှင့် စပ်လျဉ်းသော
...အမည်းကို သိရပေလိမ့်မည်။ တင်မောင်လွင့်ကို ကြည့်ရ
...မှာ စိတ်ညစ်နေမှန်း သိနိုင်သည်။ သို့သော်၊ ရင်သွေး ဟူ
...ာ သံယောဇဉ်ကြောင့် စိတ်တင်းထားနိုင်ပုံကို အကဲခတ်
...ရသည်။ ပျော်ပျော်နေယင်း စိတ်ညစ်ခံသော လူစားမျိုး
... တွေးမိသည်။ အိမ်ထောင်ရက်သား ကျသွားသည့်တိုင် ထို
...ကျင့်သည် ရှိနေမည် ထင်သည်။ ကလေးတွေ ဘာတွေနှင့်
...လာချိန်တွင် ဂီတဘက်ကို စိတ်ဝင်စားမှု လျော့သွားမည်
...းဟု စိုးရိမ်မိသည်။ သူ့ သီချင်း သုံးလေးပုဒ်ကို ရေဒီယိုမှာ
...ားခဲ့ရပြီ ဖြစ်သည်။ အဆိုမပိုင်နိုင်သေး၍လား၊ ဂီတဘက်၌
...ားနည်း၍လား၊ စာသား မကောင်းလှသေး၍လား မဆိုနိုင်။
...ပြား မရခဲ့သေး။
...မည့် အသံလွှင့်ဝိုင်း တပတ်တွင်မူ ပို၍ ကြိုးစား ကြည့်မည်
...ကူးထား၏။ မောင်မောင်ကျော် ရေးထားသော သီချင်း

တွေထဲမှ စာသားအကောင်းဆုံး နှစ်ပုဒ်သာ ရွေးယူလိုက်မ
ကျန် သီချင်း စာသားတွေ အားလုံးကို မောင်ဆွေနွယ်
သာ ယူမည်။ တူရိယာဘက်တွင် တယော သုံးလက် အ
ထိုးကွက် ထည့်ရန် ကြံထားသည်။ နှစ်လက်ကိုမူ ငှားရမ
တလက်အတွက်မူ အောင်ထွတ်ကို သုံးမည်။ အောင်ထွ
အစောကြီးကတည်းက လေ့ကျင့်ထားခိုင်းမည်။ သည်ကေ
က လက်ကွက်ပီသည်။ အဆွဲ အငင် တော်သည်။ သို့သေ
သင်္ကေတဖြင့် ထိုးရန် ပျင်းသည်။ ယခု တခေါက်သီချင်းတ
ခါနီးကျလျှင် ပြောဦးမှဟု အောက်မေ့၏။ တခါတလေ
တော့ သူငယ်ချင်းတွေကို အားမရ။ ဂျီးဇက်ကား ကျ
တွေလိုမဟုတ်။ သူ့ဂစ်တာဝိုင်းကို ကျွမ်းကျင်အောင် ကြိုး
မွှမ်းမံလျက်ရှိသည်။ လွန်ခဲ့သည့် ညက အင်္ဂလိပ်ပိုင်း အစီအ
တွင် သူ့ဝိုင်းနှင့်သူ့လက်သံကို ကြားခဲ့ရသည်။ အားရကျေ
ဖွယ်ရှိသည်။ တင်မောင်လွင်သည် သူတို့ လူသိုက်တွင် အော
ထွတ်နှင့် တတန်းတစားတည်း အပျင်းကြီးသူ ဖြစ်သည်။ အ
ကောင်း အသံကောင်း ဖြစ်ပါလျက် သီချင်းစာသားကို
လွှတ်၍ မဆိုနိုင်။ အလွှတ်မရ၊ အရမကျက်။ မောင်မောင်
တွင် ရှိသော ချွတ်ယွင်းချက်က တမျိုး။ သီချင်း ဆို
သူ၏ အသံကို ထည့်သွင်းမစဉ်းစား၊ မမိနိုင်သော အသံအ
အမြင့်တွေ ဖြစ်နေတတ်၍ တီးဝိုင်းတိုက်တော့မှ စကားလုံး
ပြင်ယူရသည်။ ထိုအချက်ကို ပြောသောအခါ ပြုံးစေ့စေ့
နေသည်။ ပြီးတော့၊ ပြန်ပက်သည်။

## ဒုတိယအကြိမ်



‘ရီတွေး သီချင်းတန်းက ပြင်ရဘူးလား’
ဆင်ခြေမှာ သည်တချက်ပင်။ ရီတွေးအတွက် ရေးလာသော
င်းကို တခွန်းမျှ မပြင်ခဲ့ရ။ ထိုသီချင်းမှာ ဓာတ်ပြား ရခဲ့
။ လူကြိုက်များခြင်း မရှိသောကြောင့် သောတရှင်လိုရာ
န်းမှ လွှင့်ပေးခြင်းမှု မခံရ။ မကြာခဏ ကြားနေရသော
င်းများ စာရင်းတွင်ကား ဝင်၏။ ဂီတသမား လောကတွင်
သူး၏ ခွဲခွဲခြားခြား အမည်ရှိ သီချင်းသည် ဆိုပုံ ဆိုဟန်
င့်မနိမ့်ဟု ချီးကျူးခြင်း ခံရသည်။ သီချင်းကြီးအခံ ရှိ
ာ ပင်ကို ကြိုးစားမှုရှိသော ရီတွေးသည် ငါးပုဒ်မြောက်
ု ထိုသီချင်းကို ဓာတ်ပြားရအောင် ဆိုနိုင်ခဲ့သည်။ ကိုယ်
ိုင်းပိုင်ရှိလျှင် တခါ လွှင့်တိုင်း ဓာတ်ပြား လေးငါးချပ်
ည်းဆုံး ရအောင် ဖန်တီးနိုင်မည်ဟု တွက်သည်။
ွားဝိုင်းတွင် အကူဖြည့်သဘောဖြင့် လုပ်နေရ၍ ကိုယ့်စိတ်
ကိုယ်ကို အားမရ။ တူရိယာစုံစုံ ထည့်ချင်သည်။ အသံ
ျိုးအစားအလိုက် နေရာ ချထားချင်သည်။ အကျိုးသက်
က်မှုအလိုက် သူ့နေရာနှင့်သူ တူရိယာသံတွေ ဖက်စပ် ပေး
သည်။ ဝိုင်းပိုင်ရှင်၏ မျက်နှာကို ကြည့်ရသေး၏။ ငွေကြေး
ောင့်တင်း။ ထို့ကြောင့် ကျေနပ်၍ လွှတ်လိုက်သော
င်းဟူ၍ကား တပုဒ်မျှမရှိခဲ့။ ရုပ်ပျက် ဆင်းပျက်ကြီး ဖြစ်
ည် အထိမူ မရှိခဲ့။ သည်တချက်ဖြင့် ကိုယ့်ကိုယ်ကို နှစ်သိမ့်
ားပေးရသည်။ စိတ်တိုင်းကျ ဖြစ်မှသာ အသံသွင်းရမည်ဆို
ျှင် တပုဒ်မျှ အသံသွင်း ဖြစ်လိမ့်မည် မထင်။ ယုတ်စွအဆုံး၊

## ဒုတိယ အကြိမ်

ကိုယ့် စန္ဒရား အကွက်တွေကို ပြန်ပြီး နားထောင် ကြည့်
အခါ လစ်ဟာနေသည်ဟု ခံစားရသည်။

'သီချင်းတိုက်ဘုန်းက မင်း ဟာမိုနီထည့်ထားတာ
အသံလွှင့်ရုံကျမှ ပြင်တာက တမျိုး ပိုကောင်းတယ်

အောင်ထွတ်က ပြောသည်။

'စိတ်ကူးရတိုင်း ကောင်းသထက်ကောင်းအောင် မ
ယင် ဖြစ်တာပေါ့ကွာ။ အိမ်မှာ စန္ဒရား ရှိကြည့်
လား။ ခုဟာက သီချင်းတိုက်တော့မှ သူများ စ
နဲ့။ ဒီတော့ အချိန်မရဘူး။ ကျောင်းမှာ ကျတော့
ကျောင်းသင်ခန်းစာရှိသေးတယ်။ ဆရာ့ အိမ်မှာ ဆို
က ဆရာ တက်ပေးတဲ့ဟာကို လေ့ကျင့်ရသေးတ
ဆရာမ နော်အေးမူဆီကျလဲ ဒီလိုပဲ။ တခါတ
ရေချိုးနေယင်း တီးကွက်သစ်တွေဝင်လာတယ်။ တ
တလေ အကြော် သွားကြော်ယင်း စိတ်ကူးရတ
အိပ်ခါနီးတို့ အိပ်ရာကနိုးတဲ့ အချိန်တို့ ရတဲ့စိတ်ကူ
မင်းစဉ်းစားကြည့်။ ပါးစပ်နဲ့ရွတ်ပြီး သကေ်တ
မှတ်ထားရတယ်။ စန္ဒရားသာရှိယင် အတွဲအဖက် အ
ဆိုတာ စမ်းယင်း ဝင်လာမယ်'

ထိုစကားကို အမေ ကြားသောအခါ မျက်နှာ မကောင်း
နေတတ်သည်။ အမှတ်မဲ့ ဖြစ်ကာ သုံးလေးခါ ညည်း
ပြောမိသည်။ အမေ့ မျက်နှာကို အကဲဖမ်းမိချိန်မှစ၍ မ





နေလိုက်သည်။ အမေသည် စန္ဒရားမရှိသော စန္ဒရားသမား
းဖြစ်သူကို အားပေးစကား ပြောကြားလေသည်။

'အမေ အကြော် ကြော်လို့ ရတဲ့ ပိုက်ဆံကို ခြစ်ခြစ်ခြုတ်
ခြုတ်သုံးပြီး စုရမယ်။ တနှစ် နှစ်နှစ် ဆိုယင် စန္ဒရား
တလုံး ဝယ်နိုင်မယ်။ အို ကွယ်....အမေ အငတ်ခံပြီး
စန္ဒရားဝယ်ဖို့ ပိုက်ဆံစုမယ်ကွယ်'

ရင်ထဲတွင် ဆို့နစ်သွားစေတော့ ဟူသော ရည်စူးချက်ဖြင့်
မပြောလိုက်ခြင်း အလျဉ်း မဟုတ်။ သို့သော် ရင်ထဲတွင်
ခါ သွားသည်။

'ဒီအတွက်တော့ အမေငွေမစုစေချင်ဘူး။ အမေ့ဟာ
အမေ စားပါ သောက်ပါ။ လှူပါ တန်းပါ။ အမေ
အလုပ်လုပ်ရတာ သိပ်ပင်ပန်းပါတယ်။ ကျောင်းဆက်
တက်နိုင်အောင် ကျွန်တော့်ကို ကျွေးမွေး ထားတာ
ကပဲ အမေပေးတဲ့ ပညာ အမွေ ဖြစ်နေပြီပဲ။ စန္ဒရား
ဝယ်ဖို့ ဆိုတာကတော့ ဖြစ်လာမှာပါ။ ကျွန်တော် ဒီ
ပညာနဲ့ အသက်မွေးတဲ့အခါ ဝယ်နိုင်မှာပါ။ မဟုတ်
ဘူးလား အမေရဲ့'

မေသည် ခေါင်းညိတ်ယင်း သူ့သဘောကို အသိအမှတ်ပြု
ည်။ သို့ရာတွင်

'အစက အမေ ပိုက်ဆံစုတာ အိမ်လေးတလုံး ဝယ်ဖို့
ကွယ့်။ ဒါပေမယ့် စန္ဒရားရှိယင် သား အလုပ်လုပ်တဲ့
အခါ ခုထက် အဆင်ပြေမယ်။ အဲဒီကျမှသာ စန္ဒရား

တီးလို့ရတဲ့ငွေနဲ့ အိမ်ဝယ်တာပေါ့။ ခု အမေ အကြေ
ဆိုင်ထွက်ထာ ခြောက်လရှိပြီ။ မင်းအဖေ ကိစ္စတုန်
ဆရာ ဦးမြတ်စံဆီက ချေး လှည့်ထားတာ ငွေ ငါးရာ
ဆပ်ပြီးပြီ။ ခု အမေတို့ လက်ထဲမှာ ခြောက်ရာလော
စုမိနေပြီ။ စားပြီး သောက်ပြီး တလ တလကို နှစ်
စုနိုင်တယ်ထားဦး။ နှစ်နှစ် ဆိုယင် ဝယ်နိုင်ပြီ။ ကြ
သွန်ကြော်နဲ့ ပဲကြီးကြော် အမေ တိုး လိုက် ဦး မ
ခုပုံအတိုင်းသွားယင် အလွန်ဆုံးနှစ်နှစ်။ ဟင်း....ဟင်
အကြော်ဆိုင် ထွက်ခါစ တလ နှစ်လလောက်တုန်
ဖြင့် ဆက်လုပ်ရမှာတောင် အမေ စိုးရိမ်လာ တ
ဦးချစ်တီး အိမ်ကို အားကိုးနေရတာချည်းပဲ'

စကားသတ်ပြီး ရယ်နေသည်။ အမေ့ ရယ်သံသည် စားဝတ်
ရေး အစက်အခဲ များ ကို ကျော် ဖြတ် ခြင်း ကြီး စွာ
လျှောက်လာခဲ့ရသူ၏ နောက်ပြန်ကြည့် ရယ်သံမျိုး။ ဦးချစ်
၏ အိမ်ဆိုသည်မှာ အပေါင်ခံသောအိမ်ကို ဆိုသည်။ တရား
အပေါင်ခံသော အိမ်မဟုတ်။ ရပ်ထဲရွာထဲရှိ ဆင်းရဲသား
အားထားနေရသော အိမ် ဖြစ်သည်။ အဝတ်အထည်မှ
ရွှေတိုငွေစ အထိ လက်ခံသည်။ အစိုးရ အပေါင်ဆိုင်
အတိုးအနည်းငယ်များသည်။ ထိုအိမ်သို့ အမေ ထဘီ
သွားပေါင်ကာ အကြော်ကြော်ရန် အရင်းရှာရပုံကို
အမှတ်တရ ပြောခြင်း ဖြစ်သည်။
အကြော်ဆိုင် ထွက်ခါစ တလ နှစ်လမှာ အဆင်မပြေ။





င်း မကျွမ်းကျင်ခြင်းကြောင့်လည်း ဖြစ်မည်။ အကြော်ဖောက်
သည် မဆက်မိသေးခြင်းကြောင့်လည်း ဖြစ်မည်။ ဆိုင်စား
တ်သဂ်ဟ မရသေးခြင်းကြောင့်လည်း ဖြစ်မည်။ အရင်းပြုတ်
သွားသည်မှာ လေးငါးခြောက်ကြိမ်မက ဖြစ်ခဲ့လေသည်။ ထို
အခြေအနေတွင် အမေ စိတ်မပျက်ခဲ့။ တရက်စ နှစ်ရက်စ ဆိုင်
ထွက်နိုင်အောင် ဖြစ်ခဲ့သည်။ ထိုအကြောင်း တွေးအောင်ပင်
အခါက မသိခဲ့။ နေမကောင်းချင်သလို ဖြစ်နေတာနဲ့ ဒီနေ့
အကြော်မကြော်ဘူး။ ဒီနေ့တော့ နားမလား အောက်မေ့လို့။
ကြားသူ စိတ်ကောင်းအောင် ကြံဖန်ပြီး ပြောသည်။ ဒုတိယ
အကြိမ် အရင်း မရှိသောအခါကျမှ တွေးအောင် သိသည်။
စိတ်ရှုပ်ထွေးခဲ့ရသည်။ သည်အကြောင်းကို သူငယ်ချင်းတွေ
သိအောင် မျိုသိပ်ထားရသည်။ အမေသည် ပါတိတ် ထဘီ
နှစ်ထည်ကို ဦးချစ်တီး အိမ်သို့ ပို့ကာ ငွေရင်းရှာရသည်။
ဒေါ်မြရီအကြော်ဆိုင်ဟု နာမည်မထွက်မီ ရုန်းကန်ခဲ့ရသည်မှာ
စိတ်မောစရာတွေချည်း ဖြစ်လေသည်။ မနှစ်က တနှစ်ကတုန်း
ကမူ ကျောင်းမှအိမ်သို့ တန်း၍ ပြန်သည်။ လမ်းခုလတ်တွင်
ဝင်စရာမရှိ။ သည်နှစ်တွင် ဆရာဦးမြတ်စံ၏ အိမ်သို့ ဝင်စရာ
ရှိတတ်သည်။ တီးဝိုင်းကိစ္စအတွက် ဂီတ မိတ်ဆွေတို့နှင့် ဆွေး
နွေးတိုင်ပင်ချင် တိုင်ပင်ရတတ်သည်။ ထို့ကြောင့် လသုံး မီး
ရထားလက်မှတ်မလုပ်၊ မီး ရ ထား ဖြင့် မ သွား ဖြစ် တော့။
ဘတ်စ်ကား စီးရသောကြောင့် အကုန်အကျ ပို၍ များလာ
သည်။ ဤတွင် ဘတ်စ်ကားခသည် စိတ်ရှုပ်စရာ တခု ဖြစ်လာ

သည်။ အပြန်ခရီးတဝက်စာအထိသာ ပါချင်ပါသည်။ သုံးပုံ နှစ်ပုံအထိသာ ခရီးစရိတ် ပါချင်ပါသည်။ ထိုအခါ လက်မှတ်ရောင်းကို ပြောပြပြီး ကားဆက် စီးရမှာ အားနာသည်။ ကားခိုးစီးရမှာလည်း မရဲ။လက်မှတ်စစ် တက်လာပြီး ကားဆယ်ပြား၊ ဆယ့်ငါးပြား ထပ်ဆုတ်ပါဟု ပြောလျှင် ခက်ချေမည်။ ထိုကြောင့် စကားနည်း အရှက်မကွဲရအောင် လက်မှတ်ယူထားသည့် မှတ်တိုင်အဆုံးတွင် ကားပေါ်မှဆင်း၏။ အိမ်သို့ရောက်အောင် ပြန်ရသည့်နေ့တွင် ပို၍ ပင်ပန်းသည် ထင်၏။ ကျမ်းစာကျောင်းရှိ ဆရာမကြီး နော်ဖ်အားမူထံတွင် စန္ဒရားတက်ရသော နေ့တွင်ကား ခရီးတချက် ထောက်ရ၍ မထောင်းတာလှ။ အိမ်မှအထွက်တွင် အပြန် လမ်းစရိတ်အတွက် ပါတတ်သည်က များ၏။ သို့သော် မိတ်ဆွေသင်္ဂဟနှင့် တွေ့သောအခါ ရင်တထိတ်ထိတ် ဖြစ်ရသည်။ သူက လက်ဖက်ရည် တိုက်လျှင် ကိုယ်က ဆေးလိပ်ပြန်တိုက်သင့်သည်။ သည်တွင် အပြန် လမ်းစရိတ်မှာ မလုံလောက်တော့။

ပထမဆုံးအကြိမ်တုန်းကမူ စိတ်ထိခိုက်မှုမှာ ပြင်းထန်လှသည်။ အားငယ်စိတ်တွေက ပဲ့ကျလာ၏။ သိမ် ငယ် စိတ် သည် ဦးခေါင်းတခုလုံးကို ဝါးမျိုသွားပြီးလားအောက်မေ့ရ၏။ မေးနှင့် ရင်ဘတ်သည် ထိပင်ထိတော့မည်လား ထင်ရ၏။ နောက်တကြိမ် ကြုံရသောအခါ အနည်းငယ် သက်သာရလာသည်။ စိတ်ပျက်အားလျော့ခြင်းသည် ရှိတော့ရှိနေသေး၏။ ထိုဝေဒနာတွေ ဆိုင်းနေချိန်တွင် အမေ့ကို အထူးသတိရသည်။ တမ်း

ဒုတိယ အကြိမ်



တခဲ့သည်။ သို့ရာတွင် အမေ့ကိုမူ အသိမပေး။ ကုန်းကြောင်းလျှောက် အပြန်ခရီးကို မမှတ်မိနိုင်အောင် ကြုံလာရသောအခါ ငိုးသွားသည်။ သည် အ ဖြစ် တွေကို ရင်ထဲတွင် အလုံခြုံဆုံး သိမ်းထုပ်ထားခဲ့သည်။ အမေ့ စီးပွားရေး ပြေလည်လာချိန်တွင် ပြန်ပြီး စဉ်းစားကြည့်သည်။ ပြုံးမိသည်။ သည်တော့မှ သူငယ်ချင်းတွေကို အိမ်အပြန် ခြေကျင်ရေး အကြောင်း ပြောပြခဲ့သည်။ သူတို့က တဖြစ် တောက်တောက်နှင့် ပြောသည်။ ထိုစဉ်က မပြောခဲ့သည့်အတွက် အပြစ် တင်သည်။ သူတို့ အသိုက်ထဲမှ ရီထွေးကို မည်သူက သွားပြောခဲ့သည် မသိ။ ရီထွေးနှုတ်မှ အပြစ်ဆိုစကားကို ကြားရ၏။

မည်သို့ကြောင့်မူ မသိ။ ထိုစကားကို လာ၍ ပြောသော ရီထွေး၏ မျက်နှာကို စွဲစွဲမှတ်မှတ် ရှိနေသည်။ ရီထွေး၏ ထိုနေ့က အသံကိုလည်းကောင်း၊ စကားလုံးတွေကိုလည်းကောင်း၊ မျက်နှာရိပ်ကိုလည်းကောင်း တန်းတန်းမှန်းမှန်း ရှိလျက်တည်။

'ကိုအောင်ရယ်....ရီထွေး ရင်နာလိုက်တာ။ ဒီအခက်အခဲတွေကို တခြားလူကို ပြောမပြတောင် ရီထွေးကိုတော့ ပြောပြသင့်ပါတယ်'

မှိုင်းမှိုင်းညိုညို မျက်နှာကို ယခုတိုင် ဖယ်ဖျောက်မရ။

'ရီထွေးကို ကိုအောင် ပစ်ပယ်လွန်း အားကြီးပါတယ်'

အံအား ကင်းမဲ့သော လေသံကို နားဖြင့် နှစ်၍ ကြားနေသည်။

'ကိုအောင်က ရီထွေးအပေါ် မာနကြီးလွန်းပါတယ်။

ဒုတိယ အကြိမ်

ရီထွေးဆီက အကူအညီ ယူလိုက်ရမှာကို အောက်ကျ
တယ်လို့ ထင်နေသလားမှ မသိတာ'

ဝမ်းနည်း လိုက်လှဲ့နေသည် ထင်ရ၍ သူ တွေးသလို မဟုတ်ကြောင်း မနည်း ဖြေရှင်း ယူရသည်။ ရီထွေး စကား မဆို နားလည်အောင် သူပြောခဲ့သည်။ ရီထွေး သဘောပေါက်မည် ထင်သည်။

'အဲဒီအခြေအနေတွေ ရီထွေး သိသွားယင် ကူညီတာ
တော့ ကူညီတာပေါ့။ ဒါပေမယ့် သိလိုက်ရလို့ စိတ်
မကောင်း ဖြစ်မှာ စိုးတယ်။ ဒါကြောင့်ပါ။ တခြား
ဘာကြောင့်မှမှ မဟုတ်ပါဘူး'

ရီထွေး၏ သံယောဇဉ်ကို ပိုးတဝါး မှန်းဆ ကြည့်ခဲ့သည်။ အမှန်းအဆသည် ရင်ထဲတွင် နွေး၍ လာစေသည်။ လှမ်းနေသော ခြေလှမ်းကိုမူ နှေး၍ သွားစေသည်။ ကတ္တရာလမ်းနှင့် ဖြည်းဖြည်းချင်းထိနေသော ခြေသံကို ကြားရသည်။ မျက်လုံးကို တည့်တည့် ထားလိုက်သည်။ လရောင်သည် ကမ္ဘာမြေ အနှံ့ ကျရောက်လျက်ရှိ၏။ လမ်းဘေး နှစ်ဘက်ရှိ အိမ်ခေါင်မိုးတွေပေါ်တွင် လရောင်သည် စွေကျနေ၏။ သစ်ရွက်တွေပေါ်တွင်မူ နှင်းစက်နှင်းစတို့နှင့်အတူ ဖိတ်ဖိတ်လက်နေ၏။

စိတ်နှလုံး ညွတ်နူးဖွယ် သည်ညမျိုးတွင် ရီထွေးကို သတိတရ ရှိလွန်းသည်။

ဘေးချင်းယှဉ်၍ လျှောက်လာလိုက်စေချင်သည်။ စကားတွေ အများကြီး ပြောဖြစ်လိမ့်မည် ထင်သည်။ အရွယ် မတိုင်မီက





အကျွမ်းတဝင် ရှိခဲ့၍လား မဆိုနိုင်။ မြတ်နိုး ကြင်နာစိတ်သည် လရောင်မြေကျသကဲ့သို့ ဖြစ်နေသည်။

အကယ်၍ ကိုယ့်ဘဝကိုယ် မေ့လျော့နေခဲ့လျှင် ဖွင့်ပြောဖြစ်ခဲ့သည်မှာ ကြာလှပေပြီ။ ကိုယ့်ဘဝကိုယ် နားမလည်ခဲ့လျှင် ချစ်သည့် စကားကို ရီထွေးအား ပေး၍သိစေခဲ့ပြီ။ ကိုယ့်အသည်းနှလုံးကို စေချင်ရာ စေ၍ မဖြစ်သော အခြေအနေတွေ အနေအထားတွေက ပိတ်ကာထားသည်။ ကိုယ့်ဘဝ ပမာဏကို ကိုယ်သာ အသိမြင်ဆုံး။ ရေရေရာရာ တည်ဆောက်ပြီးသား မရှိသေး။ အားတက်ဖွယ် ရှေ့ခရီးကို မြင်သာရုံမျှသာသာ။ ကြိုးပမ်းအားထုတ်မှုပေါင်းများစွာဖြင့် အမှန်ပင် ဖန်တီး ရယူနိုင်မည်ဟု အတပ် သိနေသော်လည်း အနာဂတ် ကာလသည် ယခုအချိန်တွင် မပီ။ မှုန်ပျပျ။

ရီထွေးနှင့် တွေ့ဆုံရသည့်အခါတိုင်း သည်အတွေးတွေ ပိုမိုဝန်းရံလာသည်။

နှုတ်ခမ်းအစုံကို တငေးတမော ကြည့်မိရာတွင်ဖြစ်စေ၊ မျက်လုံးအစုံကို တဝေ့တဝိုက် ကြည့်မိရာတွင်ဖြစ်စေ၊ အမျိုးအမည် မသိရသေးသော လှုပ်ရှားမှုသည် ရင်၌ ဖြစ်လေ၏။ ရီထွေး ရယ်သံ စကားပြောသံတွေက အာရုံတွင် အစဉ် ထင်ရှားနေမြဲ။ အကြင်နာဖြင့် ယှဉ်သော ဖြေသိမ့် စကားတို့သည် ထာဝရ အသက်ရှင်နည်းမျိုးနှင့် ရှင်သန်နေမည်ထင်သည်။ အစွဲလမ်းဆုံး စကားတို့ကို ရီထွေး နှုတ်မှ အမြဲတစေ ကြားနေရမည်ဟု မှန်းမိ၏။

'စိတ်ညစ်စရာတွေနဲ့ ရင်းလာခဲ့ရတဲ့ ဘဝဟာ တချိန်မှာ ပျော်ရွှင် ချမ်းမြေ့စရာတွေ ရလာမှာပါ ကိုအောင်ရယ်'

အဖေအေးကို သယ်ဆောင်ထားသော လေပြည်သည် အမြွာခွဲ၍ ဓတ်သွားသည်။

'လူတိုင်းလူတိုင်းမှာ စိတ်ညစ်စရာ ဆိုတာက ရှိကြတာပဲပေါ့ ကိုအောင်ရာ။ အမျိုးအစား အကြီးအငယ်သာ ကွဲပြားမှာပါ။ အဆန်းမှတ်လို့'

ဝင်သက်ကို ရှိုက်လိုက်သည့် တခဏတွင် နှာဝ နှစ်ဘက်စလုံးတွင် ခပ်စူးစူး အေးသွားသည်။

'သိပ်မကြာခင် အချိန်မှာ ကိုအောင်ဟာ အောင်မြင်ထင်ရှားတဲ့ စန္ဒရား ဆရာတယောက် ဖြစ်လာမှာပါ။ ရီထွေး ဒီအတိုင်း မျှော်လင့်ပါတယ်။ ရီထွေး ပြောတာ မမှားပါဘူး။ စောင့်ကြည့်လေ'

ပင်စောက် ပင်နွယ်တို့ရှိ ဆောင်းရွက် သစ်တို့သည် ယုန်အိပ် အလင်းအောက်တွင် ပြုံးပြက်သွား၏။

'ကြိုးစားနေတဲ့ လူတယောက်အဖို့ အမြဲတမ်း မိုးခဲပြာဖုံး မဟုတ်ဘူး ကိုအောင်ရေ့။ ခုဆို ကိုအောင့်လက်ကို သတိပြုလာကြရပြီ။ အတိုက်အခိုက်တွေ ရှိလာယင်လဲ စိတ်မပျက်နဲ့ ကြားလား။ မလိုမုန်းထား ဖြစ်တဲ့ လူက ကိုအောင့် စန္ဒရား လက်ကို နှာခေါင်း ရှုံ့ပြပေမယ့် အဲဒီ လူက စိတ်ထဲမှာတော့ ကြွက်ပြီး ဝန်ခံရမှာပဲ'





အမေ့ အကြော်တဲကို လှမ်းပြီး မြင်နေရသည်။ ထိုင်းမှိုင်း ရှပ်ထွေးနေသော အတွေးတို့သည် အကြော်တဲ အောက်သို့ ဝင်သွားသည် ထင်ရ၏။ တပျံ့စိဖြစ်နေသော စိတ်သည် သုံးပွင့်ဆိုင် ဓိခနောက်သဖွယ် ဖြစ်သွားသည်။ အဖေ။ အမေ။ ထို့နောက် ရီထွေး။

သူ့ လက်သံ အခန်းမှ စန္ဒရား လက်သံ အသံလွင့်သည့် နေ့က အဖေ့ကို အောက်မေ့စိတ်သည် တမံခတ်၍ မရ။ အဖေသာရှိလျှင် ကြည်နူးဝမ်းမြောက်သော မျက်နှာဖြင့် သူ့ကို ခဏခဏ လှမ်းကြည့်နေမည် ထင်သည်။ အမေသည်ပင် ရေဒီယို ခပ်ကျယ်ကျယ်ဖွင့်၍ တပြုံးပြုံးနှင့် နား ထောင် နေ သေး သည်။ ရီထွေး ဆိုလျှင် ဝမ်းသာစိတ်ကို အဖုံးအကွယ်မဲ့ ဖြစ်ခဲ့သည်။

'စာမေးပွဲ အောင်တဲ့အခါ ပျော်တာထက် ပိုပျော်တယ် သိလား'

ထိုစကားကိုပြောစဉ်က ရီထွေး၏ မျက်လုံးထဲရှိ ကြည်နူးပြုံးကို ခံစားလိုက်ရသည်။

'ကိုအောင့်လက်သံကို အသံဖမ်းထားတယ်။ ဝိုင်းနဲ့လွင့်တုန်းက ဟာတွေကိုလဲ အကုန်ဖမ်းထားတယ်။ ကိုအောင်နဲ့ ပတ်သက်တာမှန်သမျှကို တခွေသပ်သပ် ဖမ်းပြီး သိမ်းထားမယ်'

မျှော်တွေးကြည့်မြန်သော် လှပသော လမ်းစကို မြင်ရသည်ဟု သူမှတ်မိ၏။ အနုပညာဝါသနာချင်း တပြေးတည်း ရှိကြသည် ဘို နှစ်ဦးစလုံး အသိ။ သည်အပေါ်တွင် အခြေစိုက်သော

တွယ်တာမှုသည် ပိုမို မြဲမြံလိမ့်မည်ဟု ယုံကြည် ထားသည်။ ရီထွေးတွင် သူ့နည်းတူပင် ဖြစ်လိမ့်မည် ထင်၏။ ထိုအခါ မျိုးတွင် ရီထွေး၏ ရင်ကို ထွင်း၍ သိမြင်လိုသည်။ တစ္စန်းတစ အားဖြင့် တွေးကြည့်၍ ရခဲ့သော်လည်း ကိုယ့်ဘက်ကို ကိုယ် ပိုတွက်ရာကျမည် စိုးသည်။

ရီထွေးလို မိန်းကလေးကို လျော့တွက် ရာကျ ခဲ့ လျှင် ကျမ်း ဝင် ရင်းနှီးမှုသည် ပြိုပျက်ခဲ့မည် ကြာချေပြီ။ သဘောသကာယ ကောင်းသော်လည်း စိတ်ဆတ်သည်ကို ငယ်စဉ်ကပင် သတိမူမိ သည်။ စေတနာကို အလွဲတုံ့ပြန်တတ်သူတိုင်းကို ရီထွေးသည် အပြော ပက်စက်စွာ ပြောတတ်သည်။ အကြောင်း မသိသူ အချို့ ဆိုလျှင် ရီထွေးကို မာနကြီးသည်ဟု အမြင်သက်သက် ဖြင့် ဆုံးဖြတ်ကြသည်။ အမှန်၌မူ ရီထွေး ထိုသို့မဟုတ်။ ဣန္ဒြေ ကြီးလွန်းသော မျက်နှာထားကြောင့် ထင် စ ရာ ဖြစ် ဟန် ရှိ သည်။ ရီထွေး၏ ဖြူစင်စိတ်ကို မမြင်နိုင် သူတို့အဖို့ သည်လို ပင် ထင်ကြေးရှိမည်။ သည်အချက်နှင့် စပ်လျဉ်း၍ စကား ပြောခဲ့ဖူးသည်။

'တယောက်ကို တယောက် နားမလည် ပဲနဲ့ ပြောဆို ဝေဖန်တာမျိုးကျတော့ ရီထွေး မမှုပါဘူး။ အပေါ ယံ အဝေးကြည့်သက်သက်နဲ့ ထင်မြင်ချက် ပေးတာကို မတတ်သာမှ နားထောင်လိုက်။ ပြီးယင်....နား ထဲ က ချက်ချင်း ထုတ်ပစ်လိုက်။ ဒါမျိုးကို ရှင်းလင်းတာတို့ ဘာတို့ ရီထွေး ဝါသနာမပါဘူး။ အမှန်တော့ ပြော





မယ့်သာ ပြောနေရတာ။ ကိုအောင်တောင် ရီထွေးကို နားလည်မှ နားလည်ရဲ့လား မဆိုနိုင်ဘူး'

ထိုစဉ်က''နားလည်ပါတယ်''ဟု သူဖြေခဲ့သည်။ ဘာကို နား လည်တာလဲဟု ရီထွေး မမေးခဲ့၍ တော်သေးသည်။ မေး များ မေးခဲ့ပါက ဖြေစရာ ကျပ်မည် ကောန်။ သည်အမေး ဆီသို့ အာရုံရောက် မလာအောင် အသံသွင်းရမည့် ကိုစ္စတွေဖြင့် ယပ်ပစ်ရသည်။

တခုတော့ သိသာ မှတ်သားမိသည်။ ရီထွေးထံသို့ သွားပြီး စကား စမြည်ပြောရသောအခါ နှုတ်အ့ချင်သည်။ သိချမ်း တိုက်သည့်နေရာ၊ အခြားနေရာ၊ ကိုယ့်အိမ် ကိုယ့်ယာတွင် တွေ့ဆုံရသောအခါတွင် ဖိတ်လက်ပေါ့ပါးသည်။ ရီထွေးတို့ မိသားစု၊ ရီထွေးတို့ ခြံဝင်း တိုက်တာတို့တွင် နှုတ်ဆွံ့စေသော အရှိန်အဝှမ်းတွေ ရှိနေတည်ဟု မှန်းဆမိ၏။

'မောင်ထွေးအောင်က သိပ် အေး တာ ပဲ။ စကားလဲ နည်းလိုက်တာ'

ရီထွေး အစ်မ ဒေါ်ခင်ရီက မကြာခဏ ပြောလေ့ ပြောထ ရှိ၏။

'စကားလေး ဘာလေး ပြောပါဦးကွ။ မောင်ထွေး အောင်က နားထောင်သူပဲဖြစ်နေတယ်။ရောက်ကတည်း က တောက်လျှောက်ပြောနေတာက သမီးချည်း'

ရီထွေး၏ ဖခင်က ရယ် ရွှန်း ဖတ် ရွှန်း ပြော ဖူး လေ သည်။ အသုံးစုံကို ပြန်လည် တွေးတောမိသောအခါ အ သက် ရှု ရ

သည်ပင် မဝချင်။ အိမ်ရှေ့အရောက်တွင် အမေ့ကိုလှမ်းပြီး မြင်သည်။ အမေ အိပ်ရာမှ နိုးပြီ။ အကြော် သွားကြော်ရန် ပြင်ဆင်နေပုံရ၏။

အိမ်ဝင်းစပ်တွင် လရောင်ကျနေသည်မှာ ပျောက်တိ ပျောက်ကျား။



တောက်ဝါနှင့် အသားဝါတို့ကို ခွဲမရဟု ထင်ချင်သည်။ ကြိုန်အကြိုရေချမ်းသည် ကိုယ်လုံးဆွတ်မျှကားမဖြစ်ခဲ့။ ညာ က်ပခုံးနှင့် ဒူးအထက်တွင် ရေစွန်းသည်ဟု ဆိုရရုံသာ။ လေး င်းပွင့်စိမ်း အပြောက်မှမ်းသော အဖြူခံအင်္ကျီ လက်စက ည် စိုပြည်သော အသားအရေပေါ်တွင် တင့်တယ်နေသည်။ နပ်ခါးရောင် အောက်ခံ အညိုရောင် လေးထောင့်ကွက်တုံး င်သော ထဘီကို တင်းတင်းရင်းရင်း ဝတ်ထားသည်။

'ရှီထွေးလေ ပိတောက်ပွင့်ကို သိပ်ချစ်တာ။ ပိတောက် ပွင့်တော့မှာကို စောင့်ရတာကပဲ ပျော်စရာ ကောင်း တယ် ထင်တယ်။ အပင်မှာ ဝေနေတာမြင်ရယင် ဘယ် လို ကြည်နူးမှန်း မသိဘူး။ ပန်တော့လဲ ကိုအောင့် အမြင်ပဲ။ တခက်ပါ။ ပိတောက်နံ့ကို သိပ် စွဲ တာပဲ'

ပြောယင်း ပြုံးသည်။ ကြည့်၍ ယဉ်စေသော ပါး ကွက် အရေးအကြောင်းတို့သည် မို့လာ၏။

'ကိုအောင် မနက်အစောကြီးထဲက ခူးထားတာ လား' အင်္ကျီအိတ်ထဲရှိ ဆေးပေါ့လိပ်ကို ထုတ်ယူယင်း မေးလေသည်။

'အင်း။ အမေနဲ့ အကြော် ကူကြော်ပေးပြီး ပြန်လာ တော့ ငါးနာရီခွဲပြီးပြီ။ ဘယ်အချိန်က ပွင့် နေ မှန်း မသိဘူး။ ဒါနဲ့ တက် ခူး လိုက် တာ။ ဘုရား စင် ကြည့်ပါလား။ အားရပါးရကို တင်ထားကာ။ ရီထွေး ဖို့လဲ သပ်သပ် ချန်ထားပြီး ခေါင်းရင်းအိမ် ခြေရင်း အိမ် ဝေပေးလိုက်သေးတယ်။ ဒီနှစ် သိပ်ပွင့်တာပဲ ဟို အပေါ်ဆုံးက အခိုင်တွေကျတော့ တက်မဖြစ်ဘူး လေ။ အကိုင်းက သေးသေးလေးတွေ'

အပေါ် နှုတ်ခမ်းသည် ခပ်တွန့်တွန့် ဖြစ်သွား၏။ စိုးရိမ်စိတ် ကြောင့် မျက်လုံးဝိုင်းသွားခြင်း ဖြစ်ဟန်တူ၏။

'နည်းနည်းပါးပါးဆို တော်ရောပေါ့။ အပင်ကတုံး ဖြစ်အောင် ခူးပစ်တာမျိုးကျတော့ အပင်ကို အားနာ စရာကြီး။ ကဗျာဆရာ ဦးဇော်ဂျီရဲ့ ပိတောက်ပန်း ကဗျာထဲကလိုပေါ့။ ဖတ်ဖူးတယ် မဟုတ်လား'

ခေါင်းညိတ်ကာ သူဖြေသည်။

'ဖတ်တော့ ဖတ်ဖူးတယ်။ သိပ်မမှတ်မိဘူး'

နှုတ်ခမ်းနီ ပြေပြေဆိုးထားသော ရီထွေး၏ နှုတ်ခမ်းသည် လှုပ်လာ၏။





'ဒီလို ကိုအောင်ရဲ့၊ မဒူးချော်စမ်းပါနဲ့, နှစ်ဆန်းခါတော် မိုးမို့, ဇမ္ဗော်ရည်ပြေပြေ လိမ်းကာပါ့, ခပ်သိမ်းနယ် စုံစုံသို့, ပွင့်ငုံကို....ပွင့်ငုံကို၊ ဟင်....ရွတ်ပြခါမှပဲ မေ့ လိုက်ရသေးတယ်'

သူက စဉ်းစားလျက် ရှိသော ရီထွေးကို ကြည့်ယင်း ဆက် လိုက်သည်။

'ပွင့်ငုံကို လင့်ကုန်ကြတော့လို့, ခေါင်းကြွကာ တဝေ ဝေနဲ့, သူလဲလေ လောကီသားလိုပါ....'

'ကြွားချင်လှပေလိမ့်မယ်။ ဟင်း....အဲဒီအပိုဒ်တော့ မှတ် မိနေတယ်။ ကိုအောင်က ရရဲ့သားနဲ့၊ သိပ် မမှတ်မိဘူး လေး ဘာလေးနဲ့။ အဲဒီ ကဗျာထဲကလိုပေါ့။ အပင်မှာ အပွင့်ချန်ထားဦးမှပေါ့'

ရီထွေးက မှတ်မိသော အပိုဒ်ကို ဝင်ပြီး ဖြည့်သည်။ သူ ပြုံးလိုက်သည်။ စကားမဆက်။ ပြုံးလျက်သာ နေသောကြောင့် ရီထွေး မေးလေသည်။

'ဘာ ပြုံးတာလဲ ကိုအောင်'

ချက်ချင်း မဖြေဖြစ်သေး။ ထို့ကြောင့်၊ ထပ်ပြီး မေး၏။

'ကိုအောင်၊ မေးနေတာ ဖြေဦးလေ'

မဖြေလျှင် ဆက်၍ ဆက်၍ မေးနေဦးမည်ပင်။

'သြော်....ခုနတုန်းက ကျွန်တော် ပြောတယ် မဟုတ် လား။ အပေါ်က အကိုင်းလေးတွေက သေးသေး လေးတွေ ဆိုတော့ ရီထွေး စိုးရိမ်သွားဟန်တူတယ်'

'အင်းပေါ့၊ စိုးရိမ်တာပေါ့'

'ပင်ကတုံးဖြစ်အောင် မခူးပါနဲ့။ ဟိုအပေါ်ဆုံးက အခိုင်တွေ တက်ခူးယင် အကိုင်းကျိုးကျပြီး ကျွန်တော် လိမ့်ကျမှာ စိုးလို့ မခူးပါနဲ့လို့ ပြောတာမှ မဟုတ်တာ၊ ပိတောက်ပင်ကို အားနာလို့ ပြောတာကိုး။ မသိပါ ဘူးဗျာ'

သူ ပြောပြီး ရယ်ချလိုက်၏။ ရီထွေးသည် ခပ်ယဲ့ယဲ့သာ ပြုံး သည်။

'မဟုတ်ပါဘူး။ စကားက ပိတောက်ပန်း ကဗျာဆီ အယင် ရောက်သွားလို့ ကိုအောင့် အတွက် ပြောမယ့် စကားကို မေ့သွားတာ'

'ဒီလိုပဲ မေ့တတ်သလား'

သိမ်မွေ့သော အားနာမှုကို သူတွေ့လေသည်။ မဖြေ၍ သူ ထပ်မေးသည်။

'မေးနေတယ်လေ၊ မဖြေတော့ဘူးလား'

မျက်လွှာလှန်ပြီး တချက်ကြည့်သည်။ ရီထွေး မျက်လုံးအစုံ သည် လဲ့နေ၏။

'ဘာဖြေရမှာလဲလို့'

'မေ့တတ်သလား ဆိုတာလေ'

စကား အမိပ္ပာယ်ကို မည်သည် အတိုင်းအတာအထိ တွေး နေသည်ဟု သူမမှန်းဆတတ်။ ရီထွေး ဘာကြောင့် မဖြေသေး မှန်း မသိ။

ဒုတိယအကြိမ်



'မဖြေဘူးလား။ မဖြေယင် ရေလောင်းရမှာပဲ'

ရီထွေး ပြုံးသည်။ ထို့နောက် အပြုံးထွက်သော အသံဖြင့် ပြန်ပြောသည်။

'ဒါမျိုး အဆန်းမှတ်လို့။ ကိုအောင့် နှစ်စဉ်မပျက် ဝတ္တရားပဲဟာ။ ပိတောက်ပန်းတွေ လာယူဖို့ မှာမယ်။ အပြန်ကျယင် ရေလောင်းလွှတ်မယ်။ မဟုတ်ဘူးလား'

'နှစ်စဉ် မပျက်ယင် သိပ်ကောင်းမှာပဲ နော်'

သူ့ကို နားမလည်နိုင်သော အကြည့်ဖြင့် ကြည့်သည်။ သည် စကားကို အမှတ်မထင် ကြားရ၍ ရင်ထဲတွင် နွေးသွားသည်။ ...ကြည်ခြင်းကား မဖြစ်မိ။ လေသံမှာ တိုးသည်။ ညည်းတွားသံ ...န်နေသည် ထင်၏။

'ဘာဖြစ်လို့လဲ ကိုအောင်။ ဘယ်နှစ်တုန်းက ပန်းမပေး ရေမလောင်းပဲ နေခဲ့ရလို့လဲ'

ပြောတော့မည့် စကားကို ချင့်ချိန်ရသေးသည်။

'ရှေ့နှစ်တွေ ရှေ့နှစ်တွေကို ကျွန်တော် ပြောတာပါ'

'စိတ်ချ။ နှစ်တိုင်း နှစ်တိုင်း ပန်းလဲ ပေးရစေ့မယ်၊ ရေလဲ လောင်းရစေ့မယ်'

'မထင်ပါဘူး'

'ဘာဖြစ်လို့'

'ခုနေတော့ ဟုတ်မှာပေါ့လေ။ ဟုတ်မှာပေါ့'

'ကြောင့်ကြလွန်းလိုက်တာ'

'ဘာဖြစ်လို့ဆိုတာတော့ ရီထွေး နားလည်မှာပါ'

ဒုတိယအကြိမ်

ရီထွေး၏ မျက်နှာသည် နှုတ်ခမ်းအရောင်နှင့် စပ်ဆင်ဆင်
သွားသည်။ အစွန်းစားဆုံး စကားတခွန်းကို ဆိုလိုက်မိ
နောက်၊ကိုယ့်နှလုံးသွေးခုန်သံကိုပင် ပြန်လည်·ကြားနေရသည်
ရီထွေးနှင့် မျက်နှာချင်းဆိုင်ရမှာ ဝန်လေးလာသည်။ ခပ်
လွဲဖြစ်နေသော ခြေအစုံသည် ငြိမ်သွား၏။ ခြေခုံနှစ်ဘ
အကြားရှိ မြေကြီးကို အာရုံမဲ့ စိုက်ကြည့်နေမိသည်။ ချတ်
ထားသော သံကြိုးဖိနပ်ဆီသို့ မျက်လုံး ရောက်သွားသည်
နောက်ဖြီးပါးနေသော ဖိနပ်သည် မြေပေါ်တွင် ချထားသည်
အတိုင်း။ အမြင်တွေ၌ အမှတ်သညာ ရှိမနေသည် မှန်ပြ
နားသည်မှု ရီထွေး စကားကို အကြိုစောရှုပင် နေလေ
အိမ်ရှေ့ကတ္တရာလမ်းပေါ်မှ ဖြတ်သွား ဖြစ်လာသူတို့၏ အသံ
ကားသံ၊ သစ်ရွက်ခတ်သံတွေကိုသာ ကြားနေရ၏။ စောင့်သ
စောင့်သော်လည်း ရီထွေး နှုတ် တစ မဟ။

ကြာတော့၊ ပူပန်စိတ်တွေ ဝင်လာသည်။

ရီထွေး စိတ်ခုသွားပြီလားဟု စိုးရိမ်လာသည်။ စကား
တခွန်းကြောင့် ယခင့် ယခင်က ခင်မင်မှုတို့ ပျက်စီးသွား
လား။ ငယ်သူငယ်ချင်းတဦး၏ လမ်းခွဲတော့မည့် ငြိမ်သက်မှု
လား။ လက်ဖြောက်တဖျစ်တီးအချိန်အတွင်း ရီထွေး၏ လ
ညိုးသည် သူ့ မျက်နှာ တည့်တည့်သို့ ကျရောက်လာမည်လာ
စူးရှပူလောင်သော မျက်တောင့်ဖြင့် ရီထွေး ကြည့်မျှား ကြ
နေသလား။ရှက်ဒေါသသည် ရီထွေး၏ ဦးခေါင်း၌ ထက်ဝ





ခွေနေပြီလား။ ပင့်ကူတမျှင်စာ နေရာ မရှိလောက်အောင်
ကျက်အောက်အုံသွားတို့ စေ့ကပ်လျက် ရှိလေပြီလား။
ကြည့်မည် စိတ်ကူးသော်လည်း လိပ်ပြာမရဲ။ လွှတ်ကနဲ ထွက်
သွားသော စကားသည် နှုတ်၌ မရတော့။ စကားအားဖြင့်မှု
ခုမှ ကျ ဖြစ်သွားသည်ဟု ရီထွေး သိလိမ့်မည် ထင်သည်။
အတန်ကြာသောအခါ ရီထွေး၏ သက်ပြင်းချသံ တိုးတိုးကြား
၏။ မျက်နှာချင်းဆိုင်မိစေမည့် စကားကို ကြားရလေသည်။
'စိတ်မောလိုက်တာ ကိုအောင်ရယ်'
မျက် လွှာ ချ ထား ယင်း နေ သည်။ လက် ပိုက် ထား က
သက် မှန်မှန် ရှူနေသည်။ မျက်နှာသည် စောစောကနှင့်
ခြေဦးသာ ကွာသည်။ ရှက်ငွေ့ လွှာလွှာပါးပါးဖြင့်။ စိတ်
ပ်ရှားနေသည်ကား သူနှင့် မခြားဟု သိနိုင်လေသည်။ ကွပ်
စ်ပေါ်တွင် ထိုင်လျက်သား ရှိသော ရီထွေး၏ ကိုယ်အထက်
ငးသည် ရုပ်တုနှယ်။ ခြေနှစ်ဘက်သည် ရှေ့နောက် အသာ
ယာ လှုပ်နေ၏။
'ကျွန်တော် တောင်းပန်ပါတယ် ရီထွေး'
က်နှစ်ဘက်ကို ဖြေလိုက်သည်။ မျက် လုံး ချင်း ဆုံသည်။
ထွေး အကြည့်သည် ရင်ထဲသို့ စီးဆင်းလာသည် ထင်၏။
'မတောင်းပန်ပါနဲ့ ကိုအောင်ရယ်။ တောင်းပန်စရာ
စကားမျိုးမှ မဟုတ်တာ။ ယောကျ်ားလေး တယောက်
အနေနဲ့ ဒီစကားကို ပြောပိုင်ခွင့် ရှိပါတယ်။ ရီထွေး
နားလည်ပါတယ်'

ထို စကား ကြောင့် ထွေးအောင် အနေရ အထိုင်ရ ခက်သ
သည်။

'အမှန်တော့ ကိုအောင့်ကို ချီးကျူးရမယ်'

အံ့အားသင့်သွားသည်။ 'ဘာဖြစ်လို့လဲ' ဟူသော မေးခွန်း
ခါထိုင်းလိုသာ ဆိုလျှင် မေးမိမည်။ ယခုသော် နှုတ်ခမ်း
အလှုပ်ရ မလွယ်။ သို့ရာတွင် သူ့ မျက်နှာ အလှည့်တွင်
မေးခွန်းကို ရီထွေး မှန်းဆနိုင်မည် ထင်၏။

'တခြား ယောကျ်ားလေး တယောက်သာ ဆို
ဒီစကားမျိုးကို အစောကြီးကတည်းက ပြောခဲ့မှာပါ
ကိုအောင် ခု အချိန်မှ ပြောတဲ့အထိ နေနိုင်ခဲ့တာ
ချီးကျူးမိတယ်'

သူ တခွန်း ပြင်သည်။

'နေနိုင်ခဲ့တာ မဟုတ်ပါဘူး။ နေခဲ့ရတာပါ'

ရီထွေး နှုတ်ဆိတ်သွား၏။ နှစ်ဦးစလုံး စကားပြတ်သွားသည်
အသံမဲ့သော စကားတွေကို သူပြောမိသည်။
ရီထွေး ကြားချင်လည်း ကြားလိမ့်မည်။ ရီထွေး ကိုယ်တိုင်
ထိုစကားတွေ ပြောချင်လည်း ပြောနေလိမ့်မည်။

'ရီထွေး'

မျက်လုံးကို အရှေ့ဘက်သို့ လွှဲထားကာ ခေါ်သည်။ ထူး
မကြားရ။

'နားထောင်နေတယ် ကိုအောင်'

ဒုတိယအကြိမ်



သပြေပင်နှင့် ကောရာဇ်ပင် နှစ်ပင်ကြားမှ ကျနေသော နေခြည်
ကို ငေးကြည့်လျက်သား ရှိကြသည်။

'ကျွန်တော် ရီထွေးကို ဘယ်လိုနားလည်ရမလဲ ဟင်....'

'ကိုအောင် ဘယ်လို နားလည်ချင်သလဲ'

'ကိုယ့်အလိုအတိုင်းကိုယ်ဆွဲပြီး နားလည်သလို ဖြစ်သွား
မှာ စိုးတယ်'

'ဒါဖြင့် ကျွန်မ ဘာပြောရမလဲ ရှင်'

ဖြတ်ကနဲ လှည့်ကြည့်လိုက်သည်။ ရီထွေး၏ နှုတ်ခမ်းသည်
ခပ်စူစူ။ ကြိတ်၍ ပြုံးသော အပြုံး တမျိုး ရှိနေပြီထင်၏။

'ရီထွေး ကျွန်တော့်ကို ချစ်လားဟင်'

'ရှင်....'

'ကျွန်တော့်ကို ရီထွေး ချစ်လားလို့ မေးတာပါ'

'ဪ....ဖြစ်မှဖြစ်ရလေ'

'ဗျာ....ဘာဖြစ်လို့လဲ'

ထွေးအောင် တအံ့တသြ မေးလိုက်၏။ ရီထွေး ပြုံးနေ၏။
ခေါင်းကို တဆတ်ဆတ်ညိတ်ကာ ခြံဝသို့ လှည့်ကြည့်သည်။

'ဪ....ကိုအောင်ရယ်။ ကိုအောင်ပြောရမယ့်စကား
ကို စကား အဖတ်တင်နေမှာ စိုးလို့ ရီထွေးကို တဘက်
လှည့်နဲ့ ပြောခိုင်းနေတာကိုး'

ဘင်းကျပ်နေသော စိတ်သည် ယခုမှ ပြေသွား၏။

'ဒီသဘောနဲ့မဟုတ်ပါဘူး။ ရီထွေးကို ကျွန်တော် ချစ်
နေတာ ကြာလှပြီပဲ'

ဒုတိယအကြိမ်

စကားဆက်မည် စိတ်ကူးစဉ် ခြံဝသို့ ဝင်လာသော မမခင်ရီကို တွေ့ရ၏။ ထိုအခိုက် ကျီစယ် ရယ်မောသံ တိုးတိုးကို ရီထွေး နှုတ်မှ ကြားရလေသည်။

❀

မမခင်ရီ၏ နောက်ကျောတွင် သကြံ့န်ရေစိုနေ၏။

'ဒီမှာ မထိုင်နဲ့ မမရယ်။ အိမ်ပေါ်မှာ သွား ထိုင်ရအောင်'

ထွေးအောင်က ကွပ်ပျစ်ပေါ်မှ ဆင်းကာ ပြောလိုက်သည်။

'နေပါစေကွယ်။ အောက်ပိုင်း တခုလုံးလဲ စိုနေတာ့ သဲတွေနဲ့။ ဒီမှာပဲ ထိုင်ကြတာပေါ့။ အဒေါ်ကော...'

'အမေ ဈေးသွားတယ်။ ပြန်လာခါနီးပါပြီ'

ကွပ်ပျစ်တွင် တင်ပါးလွဲထိုင်ယင်း မမခင်ရီ မေးသည်။

'ဆိုင်က ညနေပိုင်းကျမှ ထွက်မယ် ထင်တယ်'

ထွေးအောင်က တရုတ်စကားပင်တွင် ခပ်မှိုမှိုနေယင်း

'ဒီနေ့ ဆိုင်မထွက်ဘူး မမရဲ့။ မနက်က အော်ဒါ မှာထားတာတွေပဲ သွားကြော်ပေးလိုက်တယ်။ မမ တွေ့ချင်တဲ့ လူနဲ့ တွေ့ခဲ့ရဲ့လား'

'အင်း....တွေ့တော့ တွေ့ခဲ့ပါတယ်။ ဒါပေမယ့်....ဆင်း ကားစက်က ပစ္စည်းမစစ်ဘူး။ အပ်လိုင်းသွားတာကလဲ မမှန်ချင်ဘူးလေ။ ဒီအပတ်အတွင်း ရအောင်တော့ ရှာပေးလိုက်ရမှာပဲ။ တို့ ဒီက ပြန်ယင် ဒေါ်လေးဆီ ဝင်ပြောပြလိုက်ဦးမယ် နော်'





မနက်က အမေ ဈေးသွားချိန်တွင် သူတို့ညီအစ်မ ရောက် လာသည်။ မမခင်ရီသည် ရောက်ရောက်ချင်း ပြန်ထွက်သွား သည်။ အပ်ချုပ်စက်တလုံး သွားကြည့်မည်ဟု ဆိုသည်။ တ လောတုန်းက အသည်းအသန် ဖြစ်နေသော ဒေါ်လေး ထား ထား ပြန်လည် နေကောင်းလာပြီ ဖြစ်၍ စားရေးသောက်ရေး ပြဿနာ ရှိလာသည်။ သူ့ယောကျ်ားမှာ မယားငယ်ထံသို့ ပြန်ရောက်သွားသည်။ ကလေးနှစ်ယောက်နှင့် အစစအရာရာ အခက်အခဲ တွေ့လာသည်။ သွားနိုင် လာနိုင် ထူထူထောင် ထောင် ဖြစ်လာချိန်တွင် မမခင်ရီတို့ ညီအစ်မက ထောက်ပံ့နေ ကျထက် ပို၍ ငွေအရင်းအနှီး ထုတ်ပေးခဲ့သည်။ သုံးလေးရာ ခန့်ရှိမည် ထင်အည်။ သို့သော်၊ ဒေါ်လေးက အလကားမပေး ပါနှင့်၊ ချေးထားသည့်သဘော ထားပါ၊ ငွေအစား အပ် ချုပ်စက်အဟောင်းတလုံး ဝယ်ပေးပါဟု အကူအညီတောင်း သည်။ အချုပ်အလုပ်လက်ရာ မညံ့လှသော ဒေါ်လေးထား ထားအဖို့ အပ်ချုပ်စက်တလုံးရှိလျှင် စားဝတ်နေရေး ပြေလည် လိမ့်မည်ဟု သူတို့ညီအစ်မ တွက်မိကြသည်။ ဒေါ်လေးအတွက် ကူညီနေသည်တို့ကို အဖေ သိသွားလျှင် မိုးမီးလောင်မည် ထင်ကြောင်း၊ ရင်တထိတ်ထိတ် ရှိနေကြောင်း ရီထွေးတို့ ညီအစ်မက မကြာခဏ ပြောသည်။

'မင်း ဘယ်မှ လျှောက်မလည်ဘူးလား မောင်ထွေး အောင်'

'ဟိုနား ဒီနားလောက်တော့ လျှောက်ဖြစ်မလား မသိ

ဘူး။ သူငယ်ချင်းတွေ လာမှာပါ။ သူတို့ မလာယင်တော့ ဘယ်မှ သွားဖြစ်မှာ မဟုတ်ပါဘူး'

ရီထွေးကို ကြည့်လိုက်သည်။ မျက်မှောင် ချိုကာ ပြောသည်။

'အို....အိမ်မှာပဲ နေပေါ့။ ဘာလို လျှောက်လည်မှာလဲ။ သင်္ကြန်ရေပက်ခံလည်တာ မူးဟယ် ရူးဟယ်နဲ့ ရန်တွေ ဘာတွေ ဖြစ်မိယင်လဲ့ မကောင်းဘူး။ မသွားပါနဲ့၊ မလည်ပါနဲ့'

မမခင်ရီက လှည့်ကြည့်သည်။ ထင်မြင်ချက် ပေးသည်။

'ရိုးရိုးတန်းတန်း ရေပက်ခံ ထွက်တာကတော့ ဘာမှ မဖြစ်ပါဘူး။ အရက်တွေ ဘာတွေ သောက်ယင် အနောက်အပြောင် လွန်ပြီး ဖြစ်တတ်တာပေါ့'

'ကျွန်တော်က အရက်ကို အလွန်အကျွံ သောက်တာမှ မဟုတ်တာ'

ရီထွေး၏ မျက်စောင်းကို မြင်ရ၏။

'ဒါဖြင့်၊ အလွန်အကျွံ မဟုတ်တဲ့ အထိတော့ သောက်တယ်ဆိုပါတော့'

သူ ပြုံးလိုက်၏။

'ယောကျ်ားလေးပဲ ရီထွေးရာ။ သောက်တော့သောက်ဖူးတာပေါ့'

'ရီထွေး အဲဒါကို သိပ်မုန်းတာပဲ။ ကိုအောင် ဆေးလိပ်သောက်တာကိုတောင် မျက်စိထဲ ကြည့်မရဘူး။





ဦးလေးရှိတုန်းက ကိုအောင် ဆေးလိပ်မသောက်တတ်သေးပါဘူး။ ခုမှ အပေါင်းအသင်းကြောင့် ဆေးလိပ် လက်ကြား တညှပ်ညှပ်နဲ့။ ဟင်း....'

ခင်ရီက ရီထွေး၏ စကားကို သဘောကျသဖြင့် ခပ်တိုးတိုး ယ်နေသည်။ ရီထွေးကို ကြည့်လိုက်သော သူ့မျက်လုံး၏ အဓိပ္ပာယ် မည်သို့ ရှိကြောင်း မမခင်ရီ သိအံ့မထင်။

'အမယ်၊ ပြောလိုက်တာများ သူမွေးထားတဲ့ ကလေးကျနေတာပဲ'

ခင်ရီက ရယ်သံနှော၍ ပြောသည်။ ရီထွေးသည် တည် ည်ပင်။

'မဟုတ်ဘူး မမခင်ရီရဲ့။ အရင်တုန်းကတော့ မပြောသင့်လို့ သူ့ကို မပြောခဲ့တာ။ စုထားတာတွေ ခုမှ ပြောလိုက်ဖြစ်တာ။ တကယ်ပဲ သူ့ကိုယ်သူ ရောမ လူကြီး ကြီးလို့ မှတ်နေတာ။ အပေါင်းအသင်းက နည်းနည်း စုံလာပြီကိုး'

ထွေးအောင် တချက် ရယ်သည်။

'အပေါင်းအသင်းကြောင့်လို့ မပြောပါနဲ့ ရီထွေးရာ'

'ဩော်....အပေါင်းအသင်း သူငယ်ချင်းတွေကို ထိလို့ နာတယ်ပေါ့လေ ဟုတ်လား'

သူ့အကြည့်ကို ရီထွေးမှတပါး မည်သူ တဦးတယောက်မျှ းလည်မည် မဟုတ်။ စိတ်ထဲတွင် မချင့်မရဲ။ မမခင်ရီ ာက်လာသည်မှာ နည်းနည်း စောသည်ဟု တွေးမိသည်။

မမခင်ရီ ရောက်လာကတည်းက ရီထွေး ပြောပုံ ပြောလက်မှာ ပိုင်ပိုင်စိုးစိုး။ နှစ်ယောက်တည်းသာ နားလည်နိုင်သော စကားတွေကို ရီထွေး စတင်ပြောစပြုသည်။ အချစ်ဆိုသော အရာသည် နှစ်ဦးစလုံး၏ ရင်ထဲသို့ အသိပေး၍ ဝင်ရောက်လာခဲ့ပြီ။ ထွေးအောင်ကို ရီထွေး ခပ်တွေတွေဖြင့် ကြည့်နေသည်။ ရီထွေး၏ အာရုံသည် နောက်ပြောင်နေစဉ်၌ပင် အခြားသို့ လွင့်သွားဟန် ရှိလေ၏။

'ရီထွေး ဒီနေ့ ဘယ်လို ဖြစ်လာတာလဲ။ ရောက်ကတည်းက ဘုခွကန့်လန့်ချည်းပဲ။ အဟုတ်ပြောတာ မမရွှေ မမအမြင် မမအကြားပဲလေ။ အိမ်က ထွက်လာကတည်းက ဦးလေး ဆူလွှတ်လိုက်လို့လား။ လမ်းမှာ သူ့ကို ပိုးနေတဲ့ ဟာတွေက ရေလောင်းလွှတ်လိုက်လို့လား မသိဘူး'

ရီထွေးကို လှမ်းပြောစဉ် မမခင်ရီကို တဆက်တည်းရော၍ ပြောလိုက်သည်။ ရီထွေးသည် နှုတ်မေး စူလိုက်၏။ စူးရှသော အကြည့်ဖြင့် ကြည့်သည်။ ချစ်မြတ်နိုးဖွယ် အကြည့်ဟု ထွေးအောင် ခံစားရသည်။

'သူ့လို မှတ်လို့'

'အို....ဘာဆိုင်လို့လဲ'

မမခင်ရီကို မေးငေါ့ကာ ထွေးရီပြော၏။

'အရင်က ရီထွေးတို့ ပြောတာဆိုယင် ဘယ်တော့မှ ခံမပြောဘူး။ ခု ကြည့်ပါလား။ သူ့ အပေါင်းအသင်း





ထိတာနဲ့။ သူ့ဟာ သူ ရည်းစားစိတ်မွှန်ပြီး'

မမခင်ရီက မျက်လုံးအဝိုင်းသားဖြင့် ထွေးအောင်ကို ကြည့်၏။

'ဘာရယ်၊ ရည်းစားစိတ်မွှန်....ဟုတ်လား'

မမခင်ရီက ပြက်လုံး မေးခွန်း ထုတ်သည်။ ရီထွေးက ရှုမြှုတ်ခမ်းကိုပို့၍ ချွန်ပြသည်။ မျက်ခုံးကို ပင့်ကာ မပြောချင်ပြောချင် အမူအရာ လုပ်သည်။

'ကိုအောင်က အရင် ကိုအောင် မဟုတ်တော့ဘူး မမရီရေ့။ နာမည်ကျော် စန္ဒရားဆရာ ဖြစ်သွားပြီ မဟုတ်လား။ ခု....ရည်းစားတွေ ဘာတွေနဲ့။ သိပ်မကြာသေးပါဘူး'

'ဟုတ်လား....မောင်ထွေးအောင်'

'ကျွန်တော်ကတော့ မရှင်းချင်တော့ပါဘူး။ သူ အသိဆုံးပဲ။ သူ့ကိုပဲ မေးကြည့်ပါတော့'

အသေ အချာ ဂရုပြုလျှင် ရီထွေး မျက်နှာ မ ထား တတ်ကြောင်း သိနိုင်သည်။ ထွေးအောင်က ပြောပြီးပြီးချင်း မျက်နှာလွှဲကာ နေသည်။ မမခင်ရီသည် ကျီစယ် စကားဟုသာ နားလည်လျက် ရှိသည်။ ထွေး အောင် မှာ ရယ် ချင် စိတ် ကို ကြိတ်မှိတ်ကာ ထားရ၏။ တပြုံးတလှည့် စရ၍ ပျော်နေသည်။

'သကြံန်မှာတော့ အဖော်မဲ့စွာ လျှောက်လည်ရတဲ့ ဝဋ်ကျွတ်သွားပြီလေ။ ခုဆို သူငယ်ချင်းတွေလဲ မခေါ်တော့ဘူး။ နှစ်ယောက်တည်း လျှောက်လည်ရမယ်။

ကိုယ့်ဘာသာကိုယ် လုံခြုံလှပြီ ထင်ပြီး ရည်းစားထား လိုက်တာ ရီတွေး ဘယ်ကနေ ဘယ်လို သိသွားမှန်း မပြောတတ်ပါဘူးကွာ။ တကယ်ပဲ....လူမိတာ နာတယ် ဆိုတာ ဒါမျိုး ထင်ပါရဲ့'

ရီတွေးသည် မပွင့်တပွင့် ပြုံး၏။ ထိုတပွင့်စ နှစ်ပွင့်စကို တွေး အောင်က ရင်ထဲသို့ အရောက်ယူ၏။ တယောက်နှင့်တယောက် စကားမဆက်မိကြသော ထိုအခိုက်အတံ့တွင် များပြားလှသည့် စိတ်ကူးတွေ ဖြန့်ကြက်လျက်ရှိ၏။ ရီတွေး၏ အဆင်းသဏ္ဌာန် သည် အတွေးထဲတွင် စွဲစွဲထင်ထင် ရှိနေသည်၊ ခါတိုင်း မြင် နေကျ အဆင်းဟန်ပန်နှင့် အသံတို့သည် သည်းခြေ အာရုံ စွန်ကုပ်အပိုခတ်ရာကျသွားသည်။ ထိုအာရုံသည် နှုတ်ခမ်းကို အင်အားတခုဖြင့် ဖွင့်နေသည်။ ထိုအင်အားတွင် သိလိုစိတ် တခုတည်းသာ ရှိဟုတ်ဟန် မတူ။ ရီတွေး ဖြေမည့် အဖြေတွေ ကို ကြားလိုစိတ်ပါ ပါဝင်လိမ့်မည် ထင်သည်။

မမခင်ရီ ရောက်လာသောကြောင့် မေးမဖြစ်၊ သိမရ၊ ကြား မလွယ် ဖြစ်သွားသည်။ ထွေပြားသော အတွေးများကြောင့် လား မသိ။ စိုးစဉ်းမျှမူ ထိုင်းမှိုင်းသွားသည်။ အမေ ဈေးမှ ပြန်ရောက်ပြီး စကားပြောကြသည်ကိုလည်း စိတ်မဝင်စား။ သင်္ကြန်အတက်နေ့ ဆွမ်းကျွေးသို့ လာရန် ဖိတ် သွား သော မမခင်ရီ၏ အသံကိုလည်း နားမဝင်။ ရီ တွေး တို့ ပြန်သွား သောအခါ အမေ ဝယ်လာသော အတာပန်းအိုးကို ခေါင်း ရင်းဘက် ဂရန်တာထောင့် စင်ပေါ်တွင် တင်လိုက်သည်။





အတာအိုးသည် သင်္ကြန်ကိုသာ ကြိုသည် မဟုတ်တော့ဟု သိလိုက်၏။

တင်မောင်လွင့် မျက်နှာသည် ဝမ်းမြောက်ဝမ်းသာ ခံစားမှုကို အထိန်းအဝှက်ကင်းစွာ ဖော်ပြလျက် ရှိလေသည်။ မျှော်လင့် ထားသော အကြောင်းအရာတခု ပေါ်ပေါက်လာ၍ မအံ့သြ သလိုတော့ ရှိနေသည်။ ကြားလျှင် ကြားချင်းမှု တခဏမျှ အံ့အားသင့်သွားဟန်ဖြင့် ငြိမ်ကာ တခုခုကို တွေးနေ၏၊ သူ့ စကားအဆုံးတွင် အားပါးတရ ပြုံး၍ ပခုံးကို လှမ်းပုတ် သည်။

'ငါ တကယ်ပဲ ဝမ်းသာတယ်ကွာ တွေးအောင်ရာ။ မင်း အချစ်ကို သူလက်ခံတယ်လို့တော့ ရီတွေး မပြော ဘူးပေါ့ ဟုတ်လား'

'အင်း....အပြောရရှက်မှာပေါ့ကွာ'

'ဟုတ်တာပေါ့။ မင်း ပြန်ပြောလို့ သိရသလောက်နဲ့ပဲ သူ မငြင်းဘူးဆိုတာ ထင်ရှားပါတယ်။ မင်းတို့ နှစ် ယောက်က ဘက်ညီ ပါတယ်။ ငယ်သူငယ်ချင်းလဲ သူငယ်ချင်း၊ ဝါသနာချင်းလဲ အတူတူ ဆိုတော့ စိတ် ချမ်းသာစရာတွေချည်း ဖြစ်လာမယ်လို့ ငါယုံကြည် ပါတယ်'

'ငါ သူ့ကို ချစ်နေတာ ကြာပါပြီ ဘင်မောင်လွင်ရာ။

ဒါပေတဲ့....ခုမှ ဖွင့်ပြော ဖြစ်တာပါ။ ဒါကို ရိုထွေ
ကိုယ်တိုင်လဲ သဘောပေါက်ထားပုံ ရှိပါတယ်'

'ဟာကွာ....ဒါကတော့ သူမပြောနဲ့။ တို့တောင် သေ
ကနေ အမြင်သာကြီးပဲ'

ထွေးအောင်သည် ပါးစပ် အဟောင်းသားနှင့်။ တင်မောင်လွ
အပြောကို နားမလည်နိုင်သလို ပြန်ပြီး ကြည့်နေသည်။

'မြင်သာတယ်၊ ဟုတ်လား'

တင်မောင်လွင့် ဟက်ဟက်ပက်ပက် ရယ်သံကို ကြားရပြီး
နောက်

'အေးပေါ့ကွ။ ကာယကံရှင်တွေက သိချင်လဲသိမယ်
သတိထားမိချင်မှ ထားမိမယ်။ အောင်ထွတ်တို့ နေ့
တာ မလွန်ဘူး။ မင်းတို့ နှစ်ယောက်ကို ရည်းစ
တဝမ်းကွဲလို့ ခေါ်တာ။ ခုအချိန်မှာ တခုပဲ ကွာ
တယ်။ မကျေငြာခဲ့တာနဲ့ ကျေငြာလိုက်တာ။ ဒါပဲ
ငါ တခုတော့ ပြောချင်တယ်။ ချစ်သူဘဝနဲ့ အချိ
အကြာကြီး နေကြတာမျိုးတော့ မဖြစ်စေချင်ဘူး
ခုဆို ရိုထွေး ကျောင်းပြီးသွားပြီ။ မင်းလဲ ပန်တျာ
ခုတနှစ်ပဲ ကျန်တော့တယ်။ ကိုယ့်ကိုယ်ကို အားကိုး
ရှုန်းရမယ့်အတူတူ စောစောစီးစီး ယူပစ်လိုက်တာ
ကောင်းတယ်။ ငါနဲ့ သက်သက်ကို ကြည့်လေ။ ဟုတ်
ဘူးလား'

တင်မောင်လွင့် လေယူလေသိမ်းမှာ ယခင်ကထက် အတန်ငယ်





...င်းလဲလျက်ရှိ၏။ အိမ်ထောင်သည် တဝသို့ ရောက်သွား၍
... မသိ။ အပြောအဆို အတွေးအခေါ်တွေ မသိမသာ
...င်းလဲနေ၏။ သူကိုယ်တိုင်ပင် အမှတ် ထားမိချင်မှ ထားမိ
...သည်။ အိမ်ထောင်ရေး အတွေ့အကြုံများကို သူငယ်ချင်း
...ထဲတွင် အစောဆုံး တွေ့ကြုံခဲ့သူအဖြစ် ရယ်ကာ မောကာ
...မ့်မှ ထောင် ပြလေ့ရှိသည်။ သူနှင့်သက်သက်တို့ လက်ထပ်
...သော လက်ထပ်ခဲ့ရသည်။ အဘက်ဘက်မှ အဆင်မပြေ။
...အရာရာ အခက်အခဲ။ သက်သက်၏ မိဘဘက်က သဘော
...နိုင်ဟု ခေါင်းခါသည်။ သက်သက်၌ ရှိနေသော ကိုယ်ဝန်
...ဖျက်ချရန် ကြိုးစားသည်။ သက်သက် ခေါင်းခါသည်။ ထို
...က် တင်မောင်လွင့် နောက်သို့ ခိုးရာ လိုက်ခဲ့သည်။ တပတ်
...တွင်း သတင်းစာ ကြေငြာချက်တွေကို သက်သက် ဖတ်ရ
...သည်။ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း အမွေပြတ် ကြော်ငြာ
...ကြောင်း။ သက်သက်သည် တင်မောင်လွင့်ကို ပြုံးရယ်စွာကြည့်
သတင်းစာကြော်ငြာကို ဖတ်ပြသည်။ သူငယ်ချင်းများကို
... ဖိတ်ကြားသော မင်္ဂလာ အခမ်းအနားတွင် သတင်းစာကို
...ကာ သူ့ယောကျ်ားကို နောက်ပြောင်နေသည်။

'ကျွန်မကို ကျွန်မ မိဘက အမွေပြတ်လိုက်ပြီ ဆိုတော့
ရှင်တို့ သူငယ်ချင်းက ငိုလိုက်တာ တအားပဲ။ ယောက်ျမ
အမွေတွေ ဆုံးပါပြီဆိုပြီး'

...တ်နောက်သော သက် သက် နှင့် တင် မောင် လွင် တို့ ကို
...ောင်ထွတ်က ကြယ်နီနှင့်မစိန်ခင်ဟု အမည်ပေးသည်။ ထိုမင်္ဂ

လာပွဲသို့ ရီထွေး လာသည်။ ရီထွေးသည် သက်သက်နှင့် မ
နီး။ ထွေးအောင်၏ အိမ်တွင် တင်မောင်လွင်နှင့်အတူ သုံးေ
ခါသာ မြင်တွေ့စကားပြောဖူးသည်။ မင်္ဂလာအခမ်းအနား
ကျမှ သက်သက်နှင့် ရင်းနှီးကျွမ်းဝင်သွားသည်။ သက်သ
တော်တော် ပျော်တတ်တာပဲ။ ချစ်စရာ ကောင်းတယ်။
ဆွေမျိုးတွေရဲ့ အမွေပြတ် စွန့်လွှတ်ကြောင်း ကြော်ငြ
ဣန္ဒြေမပျက် ဖတ်ပြနိုင်တာက ထားပါတော့။ ဘာမှ
သလိုပဲ ရယ်ရယ်မောမောနဲ့။ စိတ်ဓာတ်က အံ့ဩစရာပဲ။
သက် အဲသလောက် ခံနိုင်ရည်ရှိတာ တင်မောင်လွင် မြင်
တော့ အတော် စိတ်ချမ်းသာမှာပဲ။ အားလဲ တက်မှာပဲ
ကိုအောင်''ဟု ရီထွေး ပြောသည်။ သူငယ်ချင်းတွေ အာ
က သက်သက်ကို ချီးကျူး စကားပြောကြသည်၊ ထိုနေ့
မင်္ဂလာပွဲလေးသည် လုပချမ်းမြေ့စွာဖြင့် ပြီးခဲ့သည်။

'သက်သက် ဆိုလို့ သက်သက်ကော နေထိုင် ကော
လား'

'ကောင်းပါတယ်။ ငါလဲ မင်းတို့ အိမ်အလည်
လာမယ်နဲ့။ သူလဲ ဂျင်ဂျီလည် နေ တာ ပါ ပဲ
ကျောင်းတဘက် အိမ်မှုကိစ္စတဘက်နဲ့။ အိမ်ခွဲမနေ
က အမေတို့ အစ်မတို့နဲ့ဆိုတော့ ဒါလောက် မပင်
ဘူးပေါ့။ အိမ်ခွဲနေတော့ နည်း နည်း က သိ လင်
နိုင်တာပေါ့ကွာ'

သက်သက်၏ အလုပ်သည် အလယ်တန်းပြ ဆရာမ။ လက်





နှစ်လလောက်အထိ တင်မောင်လွင်တို့ အိပ်တွင် နေကြ
ည်။ အိပ်စရာ နေစရာ မြေမချသာအောင် ကျဉ်းလွန်း၍
ပိုင်းဘက်တွင် အိမ်ငှား နေကြသည်။ ထိုအိမ်သို့ ပြောင်း
တခေါက်နှစ်ခေါက် ရောက်ခဲ့သည်။ နေ့တွင် ထိုလင်
သား နှစ်ယောက်စလုံး အလုပ်သွားကြ၍ အိမ်တံခါး ပိတ်
က်။ ညနေပိုင်းတွင်မှသာ တွေ့နိုင်သည်။ ညနေပိုင်းကျတော့
မေ့ အကြော်ဆိုင်ကို ကူရသည်။ တချို့နေ့များတွင် ဆရာ
မြတ်စံထံ စန္ဒရား လေ့ကျင့်ခန်းယူ၊ ဆရာမကြီး နော်အေးမူ
တွင် သီချင်းတက်။ ကိုယ့်ကိစ္စနှင့် ကိုယ် အလုပ်တွေ ရှုပ်ကာ
င်မောင်လွင်တို့ အိမ်သို့ မဝင်ဖြစ်။ တင်မောင်လွင်က အိမ်
ာင်သည် ဖြစ်သွား၍ အရောက် အပေါက် နည်းလာသည်။
အိမ်ကို ဗဟိုပြုကာ ဆုံနေကျ သူငယ်ချင်းတသိုက်သည်
ဘလောတွင် မတွေ့မဆုံမိကြ။

'သက်သက်က နည်းနည်း ဝလာတယ်ကွ'

င်မောင်လွင့်ကို နောက်လိုက်၏။

'ဗိုက်တွင် ကွက်ပြီး ဝလာတာ မဟုတ်လား'

စကားကြောင့် ရယ်သည်။ ထွေးအောင်ကို ပြောသံတွင်
ယ်သံစွက်လျက် ရှိ၏။

'ခုမှ ခြောက်လကျော် ဆိုတော့ မီးပုံးပျံလောက် မဝ
သေးပါဘူးကွ။ ဟဲ....ဟဲ....မင်း ခု ငါ့ကို နောက်တယ်
နော်။ မှတ်ထား....မင်း အလှည့် ရောက်လာဦးမှာပါ။
မင်းနဲ့ ရီထွေး သတင်းကို အိမ်ကျယင် သက်သက်ကို

ပြောရဦးမယ်' ဒါထက်....ဟိုကောင်တွေကော သိ
ပြီလား'

ထွေးအောင် ခေါင်းခါပြသည်။

'မလိုဘူးလေ။ မင်းသိယင် ရွှေမောင်းသံလို သတင်း
မှာ ငါ သိပြီးသားပဲ'

တင်မောင်လွင်သည် သွားအဖြီးသားနှင့် ရှိနေသည်။

'ဂျိုးဇက်က ဒီနေ့ ညနေ ငါ့ဆီ လာမယ်လို့ မ
ပြောသွားတာပဲ။ ဒီကောင်များ အဲဒီ သတင်း
ယင် မင်းမလွယ်ဘူး။မင်း အဟားခံရမှာ သေချာ

မည်သို့မျှ ပြန်မပြောလိုက်။ ယခုမှ သတိရသည်။ ရီထွေး
အိမ်တွင် မနက်ဖြန်ကျလျှင် ဆွမ်းကျွေးရှိသည်။ သူတို့အ
ကို ဖိတ်ထားသည်။

'မနက်ဖြန်ကျယင် ရီထွေးတို့အိမ်က မင်းတို့ကို
ကျွေးဖိတ်ထားတယ်။ မင်းလဲ တွေ့တဲ့သူ ပြောလို
ငါ့ဆီ ဒီကောင်တွေ ရောက်လာယင်လဲ ပြော
မယ်။ မုန့်ဟင်းခါး ကျွေးမယ်တဲ့။ မနက် ခုနစ်
က ဆယ့်တနာရီ အတွင်းတဲ့။ မင်းတို့ လင်မယား
သွားလိုက်ပါကွာ'

'မင်းကကော မသွားဘူးလား'

'သွားမယ်လေ'

'မင်းတို့ နှစ်ယောက်ရဲ့ မင်္ဂလာ ဆွမ်း ကျွေး လို့
လျှောက်ပြောလိုက်မယ်။ သယ့်နှယ်လဲ'





ထွေးအောင့် မျက်နှာမှာ နီသွားသည်။ တင်မောင်လွင် က
ပြုံးစစနှင့် ကြည့်နေသည်။ ထို့နောက် တခွန်း ပြောသည်။

'အတော်ပဲ။ မနက်ဖြန်ကျမှ အသစ်ကျပ်ချွတ် သမီး
ရည်းစားရယ်၊ မင်းနဲ့ မင်း ရည်းစားဘက်က ဆွေမျိုး
တွေရဲ့ မျက်နှာကို သေသေချာချာ ကြည့်ထားရဦး
မယ်။ ဟား....ဟား....'

ပြန်ခါနီးတွင် တင်မောင်လွင် ရယ်ပွဲ ဖွဲ့စရာတွေ မပြောတော့။
အောင်ထွတ်နှင့် မောင်မောင်ကျော်တို့ နှစ်ယောက်အကြောင်း
ကို စိုးရိမ်သံဖြင့် ပြောသွားသည်။ သူ မပြောမီကတည်းက
တည်ရှိနေသော စိုးရိမ်မကင်းစိတ်သည် အထုအထည်ကြီး လာ
သည်။ ထိုအခါ သူနှင့် သူ့အကြောင်းတို့သည် သတ်မှတ်၍
ရအောင်ပင် သေးငယ်သွားလေသည်။ တိုင်းရေး ပြည်ရေး
ပါက်နှင့် ကျေးဆိုသော စကားသည် တင်မောင်လွင် ပြန်သွား
ပြီးနောက် အိမ်ထဲတွင် ဝဲလည်လျက် ရှိလေသည်။ တီးတိုး
စကားများစွာသည် နေရာတကာတွင် ကြွေကျလျက် ရှိလေ
သည်။ အဆောင်နေ ကျောင်းသား မဟုတ်သော မောင်
မောင်ကျော်နှင့် အောင်ထွတ်တို့ နှစ်ယောက်သည် အဆောင်
တွင် အိပ် အဆောင်တွင် နေ အဆောင်တွင် စားလျက် ရှိကြ
သည်။ ကျောင်းပိတ်ချိန်မှန်ပါလျက် မောင်မောင်ကျော်တို့
လူသိက်ကို အတွေ့ရနည်းလာသည်။

ခေတ်တခေတ်၏ အတွေ့အပြောင်းသည် ဘဝအတွေ့အပြောင်း
သက် တလစောခဲ့သည်ကို မှတ်မှတ်ရရ ရှိလေသည်။

၆

ချစ်ကျွမ်းဝင်စ ကြင်နာစတွင် ကြည်နူးစရာတွေ ပေါ ပေါက်လိမ့်မည် တွေးခဲ့သည်။ ချမ်းမြေ့ဖွယ်တွေသာ ဝိုင်း လည်လျက် ရှိလိမ့်မည်ဟု စဉ်းစားကြည့်ခဲ့သည်။ စိတ်ကူးသ သက်တို့ဖြင့် တွေးယူကြည့်လျှင်မူ နှစ်ဦးတည်း၏ ဘဝကို စိတ်ကူးတွေကို ဖြုတ်ပယ်ပြီး မြော်မြင်ကြည့်သောအခါ ရင် ဆိုင်ရမည်တို့မှာ ရေတွက်မစွမ်းသာ။ ရီထွေးကို ပြောခဲ့သော ချစ်စကားသည် လွယ်လွယ်ကူကူ တွေးဆပြီး ပြောခဲ့သော စကား မဟုတ်ခဲ့။ သည်နည်းတူပင်၊ အိမ်ထောင်ရေးနှင့် ပတ် သက်သော လျှာထားချက်တွေကို အကြောင့်ကြ ကြီးစွာဖြင့် ချမှတ်ကြည့်သည်။ ကိုယ့်အင် ကိုယ့်အား အနေအထားတွေကို ကိုယ်အသိဆုံး။ မည်မျှ ကြိုးစားရမည်ကို နားလည်သည်။ တည်ဆောက်ရမည့် ပမာဏကို မြင်နေသည်။ တွေးတောစရာ







ပေါင်း များစွာတို့သည် စန္ဒရားခလုတ်များပေါ်တွင် ပိနေ သည်။ သံစဉ်တခုနှင့် တခုအကြားတွင် သောကသည် မသိ သော ညပ်လျက်သား ရှိချေသည်။ မမြင်ကွယ်ရာ အရပ်မှ ကျရောက်လာမည့် အနှောင့်အတားတို့ကို မနေသာ တင်ကြို မှန်းယူထားမိသလို ခံစားနေရသည်။ ကိုယ့်ကိုယ်ကို ပြန်လည် ကြည့်သောအခါ လွင်တီးခေါင်တွင် တယောက်ထီးတည်း လျှောက်နေရဘိသို့။ သို့သော်၊ အားတော့ အားမငယ်လှ။ ရီထွေး တယောက်လုံး သူ့အပါးတွင် ရှိခဲ့ချေပြီ။

'အမြဲတမ်း၊ မောင့်အပါးမှာ ရှိနေယင် သိပ်ကောင်း မှာပဲ၊ အင်အားသစ်တွေ အမြဲတိုးနေမယ့်လို့ မောင် ထင်တယ်'

သူ့လက်ဖဝါးကို ဆုပ်၍ ရီထွေး ဆိုသည်။

'သိပ်မကြာခင် ကာလမှာ ဖြစ်လာမယ်လို့ ရီထွေး ထင် တယ်။ မောင်လဲ အဲလို ယုံတယ် မို့လား'

မောင်ဟု ခေါ်စ နှုတ်မရဲသော သံနေသံထားမှ တပါး၊ မျက်နှာသည် ပကတိအတိုင်း။

'မောင်တို့ သတ္တိရှိရလိမ့်မယ်။ ရင်ဆိုင်ရမှာတွေ၊ ရှုန်း ကန်ရမှာတွေက အများကြီး'

'ရီထွေး ဆုတောင်းပါတယ်ကွယ်'

'ဆုငဲ့တောင်းပေါ့။ ကိုယ်တိုင်ကိုယ်ကျလဲ....'

'သိပါတယ် မောင်ရယ်။ သိပါတယ်'

တစုံတရာ သူပြန်မပြောမီ၊ ရီးထွေး မေးသည်။

'ဒါထက်၊ တို့ ဘယ်တော့လောက် လက်ထပ်မယ်လို့ မှန်းသလဲ ဟင်....'

ရုတ်တရက် မဖြေနိုင်အောင် ဖြစ်သွားရသည်။ သူ့အဖြေကို ရီထွေး စောင့်နေသည်။ သူတွေးနေစဉ်အချိန်အတွင်း ရီထွေး ဝင်ပြောသည်။

'ရီထွေး သဘောကတော့ နှစ်နှစ်အချိန်ယူပြီး ပြင်ဆင်မယ်။ ခြောက်ဆယ့် လေးခုနှစ် အောက်တိုဘာဖြစ်ဖြစ် နိုဝင်ဘာဖြစ်ဖြစ် လက်ထပ်မယ်။ အဲဒီအချိန်ကျယင် မောင်လဲ ကျောင်းပြီးသွားပြီ။ မောင့်အဖို့လဲ စီးပွားရေး အခြေအနေကောင်းတဲ့အပိုင်း ရောက်ပြီ။ ရီထွေးလဲ ငွေစုနိုင်ပြီ။ ခုလကစပြီး တလတကုစုသွားမယ်။ လက်ထပ်တဲ့ အချိန်မှာ ငွေနှစ်ထောင်ကျော်လောက် လက်ထဲမှာ ရှိနေပြီပေါ့။ မောင် ဘယ်လို သဘောရသလဲ'

သူ ခေါင်းညိတ်ပြလိုက်သည်။ ရီထွေး အလုပ်ဝင်ခဲ့သည်မှာ နှစ်လခန့် ရှိပေပြီ။ လေကြောင်း သယ်ယူပို့ဆောင်ရေးတွင် အလုပ်ဝင်ခဲ့ကြောင်း သိရသည်။ လခမည်မျှရသည်မည်သည့် ရာထူးဟု မေးမကြည့်မိခဲ့။ နားစွန်နားဖျား ကြားရသည်မှာ မြန်တမ်းဝင်အရာရှိဟု ဖြစ်သည်။ သူ့ဖခင်၏ အစွမ်းကိုမှ နားလည်ပြီး ဖြစ်သည်။ ရီထွေး ဘွဲ့ရပြီးပြီးချင်း ထိုနေရာတွင် အလုပ်ရခဲ့သည်မှာ မဆန်း။ အစိုးရ အပြောင်းအလဲတွင် ရီထွေး ဖခင်သည် ယခင်ကထက် ကြီးမားသော ရာထူးကြီးတခု





ကို ကိုင်ခွင့်ရလေသည်။ သူ့ဖခင်ကို အကြောင်းပြု၍ ပြောသည်လား၊ မပြောသည်လား မဝေခွဲနိုင်သော စကား ကြားရသည်။

'မောင် ပန်တျာ ကျောင်းဆင်းပြီးယင် ယဉ်ကျေးမှုဌာနမှာပဲ အလုပ်လုပ်မယ်လို့ ရည်စူးထားသလား'

မဆိုင်းမတွ ဖြေခဲ့သည်။

'ဟင့်အင်း....အပြင် ဝိုင်းတွေမှာ မောင် လျှောက်တီးမယ်။ သီချင်းကြီး ဝိုင်းရော၊ ကာလပေါ် ဝိုင်းရော။ ပြီးတော့....ရုပ်ရှင်နောက်ခံတို့ ဘာတို့မှာ တီးခွင့်ရတဲ့အထိ မောင် ကြိုးစားမယ်။ ကိုယ်ပိုင် ကာလပေါ်ဝိုင်း တဝိုင်းလဲ ယူထားချင်တယ်'

'မောင့်စိတ်ကူးကောင်းသားပဲ။ လုပ်ငန်းခွင်ဝင်လို့ ငွေတွေဘာတွေ ရပြီဆိုယင် သုံးဖြုန်း မပစ်နဲ့ဦး။ တို့ကတို့ ခြေထောက်ပေါ် တို့ ရပ်ကြမှာ မဟုတ်လား။ ငွေမက်လို့တော့ မဟုတ်ပါဘူး။ အိမ်ထောင်တခု တည်ဆောက်ဖို့ အတွက် ငွေလိုတာက အမှန်ပဲ မဟုတ်လား မောင်ရဲ့။ အိုးခွက်ပန်းကန်ကအစ နေဖို့ထိုင်ဖို့ အထိ'

'မောင် သိပါတယ်။ တအိုးတအိမ်စာဆိုတာ နည်းနည်းနောနော အရင်းအနှီးမှ မဟုတ်ထာ'

ပြောနေစဉ်အတွင်း ရီထွေးတစုံတရာကို တွေးမိဟန်တူ၏။

'အိမ်ခွဲနေမှာကို ရီထွေး ပြောတာ မဟုတ်ဘူးနော်'

သူ ဘာမျှ မပြော။

'သက်သက်တို့ဆီ ဒီကအပြန် ခဏ သွားရအောင်နော်။ မွေးများ မွေးပြီးလား မသိဘူး'

ထွေးအောင် ပြောပြသည်။

'လိုပါသေးတယ်။ ရှေ့လလောက်ကျမှ မွေးမယ် ထင်တယ်။ ကိုးလကျော်ကျော်လေး ရှိသေးတာ'

အထူးတဆန်း အကြည့်ဖြင့် သူ့ကို ကြည့်သည်။ အံ့အားတသင့် ပြောသည်။

'အမယ်၊ မောင်က ဘယ်ဆိုးလို့တုန်း။ ဒါတွေ ဘာတွေ ပါ သိလို့ပါလား'

'ဗဟုသုတ ဆိုတာ ဒီလို စုဆောင်းရတာပဲဗျ။ ကိုယ်မဆိုင်ဘူး ဆိုပြီး၊ ပစ်ပယ်ထားလို့ မရဘူးလေ။ ဆို လာတဲ့ နေ့ကျမှ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေ လုပ်နေဦးမယ်။ ကြိုကြိုတင်တင်ပေါ့။ ဟုတ်ဘူးလား'

ရီထွေးက မျက်မှောင်ချိ ပြုသည်။ သူ့လက်ကို ထွေးအောင် လက်မှ လွတ်အောင် ရုန်းကြည့်သေးသည်။ ရီထွေး၏ ကိုယ် သည် ရှေ့သို့ ကိုင်းကျလာ၏။ မွေးပျံ့ပျံ့ရနံ့သည် နှာဝသို့ ခေတ္တရောက်လာသည်။ ရီထွေးသည် ရုန်းနေယင်းနှင့် အိပ်ရာ သို့ လှမ်းကြည့်သည်။

'မောင်....လွှတ်လယ်။ တော်ကြာ....အမေ ပြန်လာယင် မကောင်းဘူး'

'ကောင်းပါတယ်။ အသိ ပေးပြီးသား ဖြစ်သွားတာ ပေါ့'





'ဒါဖြင့်....မောင် အမေကို ပြောမပြရသေးဘူး ဆိုပါ တော့'

'အမေ့ကို ပြောမပြပြီး ကြွားချင်တယ်။ ပြောပြရမှာ ရှက်လို့'

...့မျက်နှာကို ငဲ့စောင်းပြီး တမင်ကြည့်သည်။ လှောင်ပြုံးဖြင့် ...ပြောသည်။

'မှန်းစမ်းပါဦး။ ရှက်တဲ့ မျက်နှာ၊ ကြည့်ချင်လို့'

...ားတိုက်ကိုယ်ကို စောင်းပြီး မျက်နှာငဲ့သည့်အခိုက် သူ့လက် ...ို ထွေးအောင် စပ်ဆတ်ဆတ် ဆွဲလိုက်သည်။ ကိုယ်ကို မဟန်နိုင် ...လဲကျလာသည်။ ထွေးအောင့် ရင်ထဲသို့ ရောက်လာသည်။ ...ထွေးက ကိုယ်ကို ပြန်မတ်သည်။ မျက်နှာချင်းဆိုင် ဖြစ်သွား ...သည်။ ရီထွေး ပခုံးနှစ်ဘက်ကို ထွေးအောင် ဆုပ်လိုက် ...သည်။ ရီထွေး မရုန်း။ မျက်လုံး နှစ်စုံ ဆုံဖြစ်သည်။ နား ...င် ဘာမျှ မကြား။ ရင်တွေ ခုန်နေသည်သာ နှစ်ဦးစလုံး ...သည်။ မျက်တောင် မခတ်နိုင်အောင် ကြည့်နေမိကြသည်။ ...ွေးအောင် လက်မောင်းနှစ်ဘက်ကို ကိုင်ထားသော ရီထွေး ...၏ လက်ဖဝါးတို့သည် ပြေကျသွားသည်။ ထွေးအောင် ဆွဲ ...ာ အလိုက်သင့် ပါလာသည်။ လက်တဖဝါးစာအကွာတွင် ...ထွေး သူ့ကို လှမ်းဖက်သည်။ ထွေးအောင် ဖက်သလို တအား ...င်ဖက်ထားသည်။ တယောက်နှင့် တယောက် ရင်ခုန်သံကိုပင် ...ကြားရသည်။ ပါးချင်း ကပ်ထားလိုက်သည်။ လွတ်မည်စိုး၍ ...င်းကျပ်နေအောင် ဖက်ထားကြရာမှ ရီထွေးက လက်ကို

ဖြေသည်။ ထွေးအောင်က လက်ကို ဖြည်းဖြည်းလျှော့
သည်။ ပါးချင်း ခွာစပြုသည့်အခိုက်တွင် ထွေးအောင် ညာ
ပါးပေါ်သို့ ရီထွေး၏ နှာတံစင်းစင်း ထိကပ်လာ၏။

'မောင်ရယ်'

ခေါ်သံကား မဟုတ်။ ရီထွေးက စောစောကလို
မပျက် ပြန်ပြီး ထိုင်လိုက်သည်။ ထွေးအောင်သည် သူ့
ဘက် လက်ကို အသာဆွဲယူလိုက်၏။ ရီထွေးသည် လဲ့နေ
မျက်လုံးအစုံဖြင့် ကြည့်ယင်း လက်ကို အလိုက်တသင့် ပေးလိုက်
၏။ လက်ခုံဖြူဖြူဖွေးဖွေးကို ထွေးအောင်က ငုံ၍ နမ်းလိုက်
သည်။ လက်ကို လွှတ်လိုက်သောအခါ ရီထွေးသည်
ရှုတ်ယင်း မြုံးကြည့်နေသည်။

'သိပ်ချစ်တာပဲလား မောင်ရယ်'

ဖြည်းညင်းစွာ ခေါင်းညိတ်ပြလိုက်သည်။

'ဝမ်းသာပါတယ် မောင်ရယ်။ ရီထွေးကို မောင်
မသွားပါနဲ့ မောင်ရယ်'

'အို....မောင်က ဘာလို့ ခွဲသွားရမှာလဲ'

'ကွဲကွာသွားရမှာကို ကြောက်လို့ပေါ့'

'မဟုတ်တာကွယ်။ မောင် သစ္စာရှိပါတယ် ရီ
ရယ်'

'သိတယ် မောင်ရယ်။ ဒါပေမယ့်....တွေးပူပြီး အ
အားငယ်တာကို ဘယ်လိုလုပ်မလဲလို့'

'ဖြစ်မှ ဖြစ်ရလေ'







ထွေး မပြောတော့။ ပန္နားကွယ်တွင် ကျောမှီယင်း ကြမ်း
ဆီသို့ ငေးကြည့်လျက် ရှိ၏။ မိုးရွာပြီးစ လေပြည်ထဲတွင်
မေ့အကြော်ဆိုင်မှ ဆီကြော်နံ့တွေ ရောနှောပါလာလေ
သည်။

၉

ဒေါနုလမ်းမှ ပြန်ထွက်လာချိန်တွင် ခြေလှမ်းတွေ တုံ့နေသည် ရင်ထဲတွင် ဝမ်းနည်းခြင်း၊ မကျေနပ်ခြင်းတို့ မွှေနေသည် ရိဋ္ဌေးကို မတွေ့ခဲ့ရ၍ စိတ်ပျက်သွားသည့်ကြားထဲတွင် ဦး သိန်း၏ စကားလုံးတွေက အနှောင့်အယှက် ဖြစ်နေသည် နားထောင်ယင်းနှင့် ထပြန်ချင်စိတ် ပေါက်လာသည်။ ထို သို့ သွားကတည်းက ဆရာဦးမြတ်စံပါ တပါတည်း ပါခဲ့လျှ စကားစဖြတ်၍ ကောင်းမည်။ ဆရာက လိုက်မလာ။ ဆ သည် လမ်းတလျှောက်တွင် စကားတပြောပြောနှင့် လိုက် သည်။ အနေအထိုင် အပြောအဆိုတွေ သတိကြီးစွာထာ ဆုံးမသည်။ မင်းတို့ လူငယ်တွေကို ဆရာနားလည်အော ကြိုးစားပါတယ်။ တက်ကြွတဲ့စိတ်ကို ချိုးဖဲ့ပစ်ရာ ကျသွ မှာ စိုးရိမ်ပါတယ်။ သတိမပေးယင်လဲ အလေ့တကြ





ရာယ်ဖြစ်မှာ ပူရတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ တပည့်ရာ၊ တိတမံ ဉာဏ်မြေကတုတ်တဲ့ စသည်ဖြင့် ပြောလာသည်။ ပြင် ယခုတပတ်လှင့်မည့် သီချင်းများနှင့် ပတ်သက်ပြီး ကြဉာဏ်ပေးသည်။ လမ်းကွေ့သို့ ရောက်သည်တွင် 'ဆရာ ယင် ခဏလိုက်ခဲ့ပါဦးလား' ဟု မေးသည်။ 'ဘယ်လဲ' ဟု မေးသည်။ 'ရိဋ္ဌေးတို့အိမ် ခဏဝင်မလို့ ဆရာ' ဟု ပြောလိုက် ည်။ ဆရာသည် မဖြေမိ ပြုံး၏။ ထိုနောက် ဦးပြေသိန်း၏ ထူးအမည်ကို စကာ '....အဲဒီ ဦးပြေသိန်းတို့အိမ် မဟုတ် း' ဟု မေးသည်။ သူ ခေါင်းညိတ်ပြသည်။ ဆရာက ခေါင်း ခါယမ်းကာ 'မလိုက်ချင်ဘူးကွာ' ဟု ပြောသည်။ စိတ်ထဲ င် မခွဲခြားနိုင်သော အကျိတ်အခဲတခုက အမှတ်မဲ့ပေါ်လာ ည်။ တစုံတရာ ပြဿနာများ ရှိခဲ့ဖူးသည်လားဟု တွေးမိ ည်။ သို့ရာတွင် မည်သို့မျှ မမေးမြန်းခဲ့။

သို့ ဝင်လိုက်ချိန်အထိ ဆရာ့စကားနှင့် စပ်လျဉ်းရာ တွေးတွေ လိုက်ပါလာသည်။

ဝင်အောက်သို့ ရောက်သောအခါ အရှိန်လျှော့၍ မောင်း လာသော လင့်ရိုဗာကားကို မြင်ရသည်။ ကားပေါ်သို့ ကြည့်လိုက်သည်။ မမခင်ရီ၏ ယောကျ်ား အင်ဂျင်နီယာ န်းသန်းကို တွေ့ရ၏။ ဦးအုန်းသန်းက သူနှင့် ဘေးတိုက် ဆိုက်တွင် စက်မသတ်ပဲ ရပ်လိုက်၏။ ဦးအုန်းသန်းသည် ဖော်ရွှေရွှေပင် နှုတ်ဆက်သည်။ မေးရိုးကားကား နှုတ် ပါးပါးနှင့် စကားပြော မြန်သော ဦးအုန်းသန်းကို ပြုံး

ပြုံးရယ်ရယ်နှင့် ပြောလိုက်သည်။ သူနှင့် စကားပြော
ဦးအုန်းသန်း၏ ဘေးတွင် ထိုင်နေသော လူရွယ်တယော
သတိပြုမိသည်။ ဆံပင်ကို သပ်ရပ်ရပ်ရပ် ဖြီးထားသ
မျက်နှာဝိုင်းဝိုင်း၊ အသားဖြူဖြူ။ လည်စည်းကို မြင်ရသ
ဇီဂရီမျက်မှန်တွင် နေကာမှန်အပို တပ်ထားသည်။ ဦး
သန်းက သူ့ဂီတဝိုင်းအကြောင်း မေးသည်။ မိုးဦးကျ
လှုင်ခဲ့သော ဝိုင်းနှင့် မာတ်ပြားရသော သီချင်းအကြော
ပြောသည်။ ထိုနောက် 'ရီတွေး အပြင်သွားတယ်ဗျ။ မ
အဘိုးကြီးတော့ ရှိတယ်။ ညကတော်င် ရီတွေးနဲ့ အဘိုးကြ
ခင်ဗျားသီချင်းအကြောင်း ပြောကြတယ်။ ဘာမှန်း
သတိမထားမိဘူး'ဟု ပြောပြီး 'သွားစရာရှိလို့ဗျာ'ဟု
ဆက်သည်။

အိမ်ထဲသို့ ရောက်သောအခါ မမခင်ရီက ပြုံး၍ ဆိ
သည်။

'အမျိုးသားနဲ့ ဘာတွေများ စကားလက်ဆုံ
တာလဲ'

'ရောက်တတ်ရာရာပါ။ အပြင်ထွက်ခါနီးကျမှ ဦး
သန်းက စကားကောင်းနေတာ။ ဒါတောင်....
ပါလာတဲ့ ညွှဲသည်ကို အားနာလို့ စကားဖြတ်
တာနဲ့ တူပါတယ်'

'အဲဒီ ညွှဲသည်က သူ့ကို စောင့်နေတာ ကြာ





ခုမှ အိမ်က ထွက်ဖြစ်ထာ။ ဒီနေ့ သူတို့ဌာနမှာ အစည်း
အဝေး ရှိတယ်တဲ့'

'ဟင်....တနင်္ဂနွေနေ့လဲ အလုပ်ဆင်းရတာပေါ့'

'နားရက်ဆိုတာ မရှိသလောက်ပါပဲ။ ဖေဖေလဲ ဒီလို
ပဲ။ ခု တနင်္ဂနွေကျမှ အစည်းအဝေး မရှိတာ။ဟိုဘက်
အပတ်တွေတုန်းက အမြဲတမ်း။ တခါတလေ အတွင်း
ဝန်ရုံးမှာပဲ အိပ်ရတယ်။ ခုလဲ တံတားဆောက်ဖို့ ကိစ္စ
အတွက် အရေးပေါ် အစည်းအဝေးတဲ့။ ခုန တား
ပေါ်က ညွှဲသည်ကို သိတယ်မဟုတ်လား'

'ဟင့်အင်း'

'ဒု အင်ဂျင်နီယာချုပ်လေ။ ဦးအုန်းသန်းနဲ့ ကျောင်း
နေဘက်။ မမက မောင်တွေးအောင် သိမယ် ထင်တာ။
မင်းတို့ သူငယ်ချင်း ခင်မောင်သီးရဲ့ အစ်ကိုလေ'

'ဟုတ်လား။ ကျွန်တော်က ခင်မောင်သီးကိုပဲ သိထာ'

'မမတို့ သိတာ တပတ်လောက် ရှိသေးတာ ခင်မောင်
သီးနဲ့အတူ လာတော့မှ သိရတာ'

ခင်ရီက ကော်ဖီ သွားဖျော်သည်။ ယွန်းဗန်းကို စားပွဲ
ပေါ်သို့အချတွင် ဟာလဝါမုန့် ပန်းကန်ပြားကိုပါ တွေ့ရ၏။
ကော်ဖီကို သောက်လိုက်စဉ် မမခင်ရီက ဟာလဝါ ပန်းကန်
ကမ်းပေးသည်။ "စောစောကလာတဲ့ ညွှဲသည် လက်ဆောင်နဲ့
ညွှဲသည်ကို ပြန်ကျွေးရတာ"ဟု ပြောသည်။ ထို့နောက်
မင်း နည်းနည်းလေး စောလိုက်ယင် ရီတွေးနဲ့ တွေ့မှာပဲ။ ခုန

လေးတွင် ထွက်သွားတာ'' ဟု ပြောပြသည်။ ဟာလဝ
တဇွန်းစားယင်း ''ဆရာဦးမြတ်စံနဲ့ ကိစ္စတခုရှိလို့ လိုက်သွားတာ
အဲဒီ အိမ်မှာ နည်းနည်း ကြာနေတာ။ ဆရာကိုတောင် မိ
ဓဏာလိုက်ဖို့ ကျွန်တော်ခေါ်သေးတယ်။ ကိစ္စရှိလို့ လိုက်မလာ
တာ''ဟု ပြောပြလိုက်သည်။ မမခင်ရီက ''ပန်းတျာကျောင်း
ဆရာဦးမြတ်စံလား''ဟု မေး၏။ သူကော်ဖီသောက်နေရာက
၍ ခေါင်းကိုသာညိတ်ပြလိုက်၏။ မမခင်ရီ၏ မျက်နှာသည်
စကနှယ်မဟုတ်။ အမည်ပေးခြင်းငှာ မစွမ်းသော မျက်နှာ
မျက်နှာကဲကို သိရှိခံစားလိုက်ရ၏။ တကြိမ်တခါမျှ စကား
ဖူးခြင်းမရှိသော ဆရာ့ အမည်သည် ထိုအိမ်သားများနှင့်
သို့ ပတ်သက်ခဲ့ပါလိမ့်ဟု တွေးမရ။

'ရီတွေး ဆရာနဲ့ သိတယ်'

ကော်ဖီပန်းကန်ကို ဗန်းထဲသို့ ထည့်ယင်း ပြောလိုက်၏။
စက်လုမတတ်ဖြစ်သွားသော မမခင်ရီ၏ မျက်လုံးအစုံကို
လိုက်ရလေသည်။

'ရီတွေးနဲ့ သိတယ်။ ဟုတ်လား....'

'ဟုတ်ကဲ့'

'ဒီကောင်မလေး တခါမှ အဲဒီ အကြောင်း မပြော

ဘူး'

'ဆရာ့ကို မမ သိလား'

ခေါင်းခါခြင်း ကင်းစွာဖြင့် ပြောသည်။ လေသံမျှသာ။

'ဟင့်အင်း....သိတော့ မသိပါဘူး။ ကြားဖူးတာပဲ

ဒုတိယအကြိမ်



တယ်။ ဦးမြတ်စံက နာမည်ကြီး စန္ဒရားဆရာပဲကွယ်။
ကြားဖူးတာပေါ့'

အခိုက် စာကြည့်ခန်းတံခါးဝရှိ အပြာနုရောင် ခန်းဆီးသည်
ပ်သွားသည်။ ဦးပြေသိန်းသည် သတင်းစာကို ကိုင်ထား
ည်။ သူ့ကို မြင်၍ ''ဩော်....မောင်တွေးအောင်''ဟု နှုတ်
ကဲ်သည်။ မျက်နှာသည် ခံစားမှုကင်းမဲ့နေသော မျက်နှာဖြင့်
င်ရှိသည်။ ဦးပြေသိန်းကို ငယ်စဉ်အခါကပင် မြင်တွေ့ ဆက်
ံ့ုးသည်။ ပြုံးခြင်း ရယ်ခြင်း မတွေ့စဖူး။ မာကျောသော
က်နှာမဟုတ်။ နူးညံ့သောအသွင်ကို မတွေ့ရ။ စိတ်လှုပ်ရှား
ာ် မျက်နှာတွင် မတွေ့စေရသောသူမျိုးဟု ထင်သည်။
ါင်းရင်းဘက်အစွန်ရှိ ဆိုဖာပေါ်တွင် ခပ်ဖြည်းဖြည်း ထိုင်
င်း

'ညကပဲ မင်းတို့ သီချင်းဝိုင်းအကြောင်း စကားစပ်မိ
သေးတယ်'

က်၍ ပြောမည့် စကားကို တွေးအောင် စောင့်နေသည်။
ပြေသိန်းသည် သတင်းစာကို ရေဒီယိုဂရမ်ပေါ်သို့ လှမ်းတင်
ိုက်၏။

'သမီးဆိုဖို့ ပေးထားတဲ့ သီချင်းက ဘယ်သူရေးတာလဲ
ကွယ့်'

'စုရေးကြတာပါ။ တယောက်တည်း ရေးတာ မဟုတ်
ပါဘူး ဦးလေး'

'ဘယ်သူတွေလဲ၊ မင်းကော ပါသေးလား'

ဒုတိယအကြိမ်

'ကျွန်တော်က နည်းနည်းလေးပါ။ မောင်ဆွေနွယ်ရယ် တင်ဝင်းလှိုင်ရယ်၊ ဒေါက်တာငွေစိုးရယ်၊ မြင့်စိုးလှိုင်ရယ်....အကြောင်းအရာကို မောင်မောင်ကျော်က ရေးတာပါ။ စာသား ထည့်တော့ သူတို့ ထည့်တာပါ။ ကျွန်တော်က အဆိုထောင့်တဲ့နေရာမှာ နည်းနည်းပြင်ရုံ တွင် ပါပဲ'

'အဲဒီ သီချင်းရေးဆရာတွေက ဘယ်ကတုန်း'

'မောင်မောင်ကျော့် သူငယ်ချင်းတွေပါ။ အားလုံး ရန်ကုန်တက္ကသိုလ်ကပါ'

ဦးပြေသိန်း၏ မျက်ခုံးသည် တွန့်လျက်ရှိ၏။ တခုခုကို စဉ်းစားနေဟန်ရှိ၏။

'မောင်မောင်ကျော် ဆိုတာ မင်းတို့နဲ့ ပါပါ လာတဲ့ အရပ်ရှည်ရှည်ပိန်ပိန်ပါးပါးနဲ့ သူငယ်လေးမဟုတ်လား အခု ခရီးထွက်သွားတဲ့'

'ဟုတ်ကဲ့ ဦးလေး။ ကျွန်တော့် သူငယ်ချင်း ထဲက သူရယ်၊ အောင်ထွတ်ဆိုတာရယ် သွားကြတယ်။ ဘာဖြစ်လို့လဲ'

နောက်မီပေါ်သို့ လက်မောင်းတင်လိုက်ယင်း

'သူ့သီချင်းကို ဦးလေး မကြိုက်ဘူးကွယ့်'

'ဟုတ်ကဲ့၊ ဒါက ဒီလိုပါ....'

ခေါင်းတချက် ညိတ်ပြီး လက်ဝါးကာကာ တားသည်။ ထွေးအောင် စကားဖြတ်လိုက်ရ၏။

ဒုတိယအကြိမ်



'ဟိုတခေတ်တုန်းကတော့ အဲဒီ သီချင်းမျိုးတွေ လိုအပ်တာ အမှန်ပဲကွယ်။ ခုတော့....ဒီဘက်ခေတ် ဒီဘက်စနစ်ကို တတိုင်းတပြည်လုံး တည်ဆောက်လာကြတဲ့အချိန်မှာ ဒီသီချင်းတွေ မလိုအပ်တော့ဘူး ထင်တယ်။ ပြီးတော့....သီချင်းတပုဒ်လုံးက အနိဋ္ဌာရုံတွေ ချည်းပဲ'

'ခင်ဗျာ....'

'နောက်ပြီးတော့.... ပဒေသရာဇ်စနစ်တို့ အာဏာရှင်စနစ်တို့ဆိုတာ မရှိတော့ဘူးကွယ်။ ဒါတွေကို တိုက်စရာမလိုတော့ဘူး။ မင်းတို့က ငယ်သေးတော့ နားယောင်လွယ်လို့ ဦးလေး ပြောပြရတာ။ ဟုတ်လား'

'ခင်ဗျာ....'

'ပြီးတော့....အဲဒီ သီချင်းက ကွန်မြူနစ်လေသံ ပေါက်နေတယ်'

'ဗျာ....ကွန်မြူနစ်လေသံ....'

'အင်း။ မင်းတို့ လူငယ်တွေက လူငယ် သဘာဝအလျောက် နိုင်းနိုင်းချိန်ချိန် သိပ်မရှိနိုင်ဘူးပေါ့ကွယ်။ လူကြီးတွေဆီမှာ သင်ခန်းစာတွေ အများကြီး ယူဖို့ လိုသေးတယ်။ စာရေးတာ သီချင်းရေးတာက အစ နည်းယူသင့်သေးတယ်။ ဘာရေးယင် ဘာအဓိပ္ပါယ် ရောက်တယ်ဆိုတာ။ ပြီးတော့....ဒီသီချင်းကို ဘယ်မှာ ဆိုရမှာလဲ။ အသံလွှင့်ရုံမှာ သွင်းဖို့တော့ ဟုတ်ဟန်မတူဘူး'

ဒုတိယအကြိမ်

'ကျောင်းမှာ ဆိုဖို့ပါ'

'ခု ကျောင်းပိတ်ထားတာပဲ'

'ကျောင်းပြန်ဖွင့်ယင် ဆိုဖို့ပါ'

'သမီးကိုတော့ ညကတည်းက ဦးလေး ပြောလိုက်ပြီးပါ ပြီ။ မင်းကိုတော့ ခုမှ ပြောရမှာ။ ဒီသီချင်းကို သမီး မဆိုရဘူးလို့ ဦးလေး ပြောခဲ့ပြီးပြီ'

'မဆိုရဘူး....ဟုတ်လား....ဦးလေး'

မမခင်ရီသည် ယွန်းဗန်းကိုမကာ ထသွားသည်။ ဦးပြေသိန်း၏ စကား တဝက်ကျော်ကတည်းက မမခင်ရီ မျက်နှာမလှ။ ထွေး အောင်ကို အားတုံ့ အားနာ ဖြစ်နေပုံရ၏။

'ဟုတ်တယ်၊ ဦးလေး သဘောမတူဘူး'

မည်သည့်စကားမျှ ထွေးအောင် မပြောမိတော့။ စိတ်မကောင်း ဖြစ်သွားသော မိမိ၏ မျက်နှာကို တတ်အားသရွေ့ ပြင်ကာ နေရသည်။ ဦးပြေသိန်းသည် တိုင်းပြည် တည်ဆောက်ရေး အကြောင်းများကို ပြောနေသည်။ သူနှင့် ကျောင်းနေဘက် ဗိုလ်မှူးကြီးများ၊ ဗိုလ်မှူးချုပ်များ၏ အမည်ကို ဖော်ပြကာ စိမ်ပြေနပြေ ပြောပြသည်။ ထွေးအောင် နားသည် အာရုံနှင့် ကဏ္ဍကောစ ဖြစ်လျက် ရှိ၏။ ရီထွေး အလွတ်ရနေအောင် သီချင်း တိုက်ထားပြီးမှ ပြဿနာ ပေါ်လာရသည့် အတွက် အားလျော့နေသည်။ ဦးပြေသိန်း၏ စကားလုံးတွေကို မကြား တချက် ကြားတချက်။





ထိုင်ရာမှထ၍ ပြန်မည်အပြုတွင် မမခင်ရီကို မမြင်ရ။ တမင် ရှောင်နေဟန် တူ၏။

ဒေါနုလမ်း မြေညီညီ မဟုတ်တော့ပြီတကား။

၉

အိမ်ရှေ့ အဆင့်တွင် မိန်းမစီး ပိန်းတန်းဖိနပ်တရံ တွေ့ရသည်။ သဲကြိုးက ပလတ်စတစ် အကြည် ပိုက်လုံးပျော့။ အနင်းမှာ ရေနံစေ့ရောင်။ ရီထွေး ဖိနပ်ဟု ထင်သည်။ အိမ်ပေါ်သို့ လှမ်းကြည့်လိုက်သည်။ စာရေးစားပွဲတွင် တခုခုရေးနေသော ရီထွေးကို တွေ့ရ၏။ ရီထွေး သူ့ကို သတိပြုမိဟန် မရှိ။ လှေကားအဆင့်ပေါ်သို့ သူတက်တော့မှ ခြေသံကြားဟန် တူ၏။ လှည့်၍ ကြည့်၏။

'ပြန်တော့မလို့။ မောင့် ဆီကို စာရေးနေတာ'

သူ လာ၍ မတွေ့သောအခါမျိုးတွင် စာရေးပြီး အကျိုး အကြောင်း မှာထားနေကျ။

'ရောက်နေတာ ကြာလှပြီ၊ မောင့်ကို စောင့်ယင်း ပျင်း လို့ အမေ့ကို အကြော်ကူကြော် ပေးလိုက်သေးတယ်။ အမေက အညော်သိပ်မိမယ်ဆိုပြီး ပြန်လွှတ်လို့ ဒီမှာ ပြန်ပြီး နေရတာ။ ဝတ္ထုဖတ်ယင်း မောင့်ကို စောင့်တာ ဝတ္ထုပြီးခါနီးပြီ။ ညနေ အိမ်ကို မောင်လာဖို့ ဒီမှာ စာရေးနေတာ။ ကံကောင်းလို့၊ နောက် သုံးလေး မိနစ်ဆိုယင် ရီထွေး ပြန်ပြီ'

ဖိနပ်ချွတ်နေစဉ် လှမ်းပြီး ပြောသည်။ အပေါ်ဆင့်သို့ လှမ်းတက်သော ခြေမှာ နှေးကွေးလွန်းနေ၏။ စားပွဲနားသို့ ရောက်သော် ရီထွေးသည် သူနှင့် ကပ်လျက်သား ကုလားထိုင်ကို ခပ်ခွာခွာတွန်းကာ ထိုင်စရာပေး၏။ ထွေးအောင်သည် တိုက်ပုံအင်္ကျီချွတ်မည်ပြု၏။ ရီထွေးက ကူပြီး ချွတ်ပေး၏။ ထို့နောက် တန်းတွင် သွားချိတ်သည်။ ဘောင်းချင်းယှဉ်၍ ထိုင်မိတော့မှ

'မောင့်ကြည့်ရတာ ပင်ပန်းလိုက်တာ။ ချွေးတွေလဲ စို့လို့'

လက်ကိုင်အိတ်ကို ဖွင့်ပြီး လက်ကိုင်ပဝါကို ယူသည်။ ထွေးအောင်ကို ပေးသည်။

'အင့်လေ....သုတ်လိုက်ဦး'

နှာသီးဖျားတွင် တင်နေသော ချွေးစကို လက်ကိုင်ပဝါဖြင့် တို့ရုံသာ တို့လိုက်၏။ ရေမွှေးနံ့သည် အခိုက်အတန့်အားဖြင့် စိတ်ကို လန်းဆန်းသွားစေသည် ထင်၏။ လက်ကိုင်ပဝါကို ပြန်ပေးလိုက်သည်။ သူ့အပေါ် နှုတ်ခမ်းတဝိုက်မှ ချွေးစက်တွေကို ရီထွေး ဖွဖွ သုတ်သည်။ ပြီးမှ လက်ကိုင်ပဝါကို လက်ကိုင်အိတ်ထဲသို့ ပြန်ထည့်လေသည်။

'မောင် ဘယ်သွားနေတာလဲ ဟင်....'

'ဆရာ ဦးမြတ်စံခေါ်လို့ သွားတာ။ သူ့အသိ အိမ်တအိမ် ခဏသွားတယ်။ နောက် ကမာရွတ်ကနေ ဒီကို ပြန်လာတာပဲ။ ဆရာလဲ ပါလာတယ်။ မောင်





ရီထွေးတို့ အိမ်ကို သွားတော့ ဆရာ မလိုက်တော့ဘူး။ သွားစရာ ရှိတယ်နဲ့ တူပါတယ်။ ခု ရီထွေးတို့ အိမ်က မောင်ပြန်လာတာ'

နှုတ်ခမ်း မပွင့်သော အပြုံးသည် အမော ပြေစေသည် ထင်၏။

'မောင့်ကို မနက်ကတည်းက စောင့်နေတာ။ မလာလို့ ဒီကို လိုက်လာတာ။ မောင်က အိမ်ကို သွားတော့ လွဲကုန်တာပေါ့'

တွေပြားနေသောကြောင့် ထင်၏။ ပြန်လည်ပြီး နှစ်နှစ်ကာကာ မပြုံးမိ။

'မောင် ဖေဖေနဲ့ တွေ့ခဲ့လား'

ခေါင်းညိတ်ပြလိုက်၏။

'ဘာပြောသေးလဲ ဟင်....'

အင်အားချို့ငဲ့လွန်းသော အကြည့်ဖြင့် ရီထွေးကို ကြည့်လေသည်။ စိတ်လက်ညှိုးနွမ်းသော သူ့ကို ရိပ်မိမည် ထင်သည်။ သူ့ဖခင်နှင့် တွေ့ခဲ့သည်ဟု ကြားရချိန်တွင် သိချင်းကိစ္စကို သိခဲ့ပြီဟု သဘောပေါက်သည်။ မည်သည့်စကားတွေ ပြောခဲ့ကြသည်ကို သိချင်သည်။ မောင်က ဘာတွေ ပြန်ပြောခဲ့သည်ကိုလည်း ကြားချင်သည်။ အချေအတင်စကားတွေများ ပြောဖြစ်ကြသလားဟု စိုးရိမ်သည်။

'ဟိုသီချင်းနဲ့ ပတ်သက်ပြီး ပြောလိုက်တယ်။ ရီထွေးကို ဆိုခွင့် မပေးဘူးတဲ့'

'ညကလဲ ရီထွေးကို အဲသလိုပဲ ပြောတယ်။ ညက စာသားကို ယူကြည့်ပြီး ပြောတာ။ နောက်ပြီး ဘာ ပြော သေးလဲ'

ခေါင်းခါလိုက်သည်။ အစအဆုံး ပြန်ပြောချင်စိတ် မရှိ။

'ပြောတာကတော့ အစုံပါပဲ။ သူ့အလုပ်အကြောင်း တွေ၊ တော်လှန်ရေးကောင်စီရဲ့ မူဝါဒတွေအကြောင်း ပြောတာလဲပါတယ်။ အကြာကြီးပါပဲ'

'မောင်ကကော သီချင်းကိုစွကို ဘာပြန်ပြောလိုက်လဲ'

'အံ့အား သင့်နေရတာများလို့ ဘာမှပြန်မပြော မိခဲ့ပါ ဘူး။ ရီထွေးကို ဆိုခွင့်မပြုဘူးလို့ ပြောတဲ့ နောက် ဘာပြောလို့ကော အကျိုးထူး လာမှာတဲ့လဲ။ မဟုတ် ဘူးလား'

ရီထွေးသည် ခေါင်းကိုသာ ညိတ်ပြသည်။ အိမ်ရှေ့ ခြံဝင်း ထဲသို့ ငေးကြည့်လျက် ရှိလေသည်။ စိတ်ပင်ပန်းမှုသည် ရီထွေး ၏ ကိုယ်စိတ်နှလုံး သုံးပါးစလုံးကို ဖုံးအုပ်စ ပြုလေပြီ မှတ် ရ၏။ မွန်းတည့်ခါနီး နေရောင်သည် အရှိန်ပြင်းပြင်း ကျ နေ၏။

'မောင် ထမင်းစားပြီးပြီလား'

'အင်း....ဆရာ့အိမ်မှာ စားလာခဲ့တယ်။ ရီထွေးကော'

'အစောကြီးကတည်းက စားခဲ့တာ'

'ဒါဖြင့်....ခု ဆာနေမှာပေါ့။ အကြော် စားမလား သွားယူလိုက်မယ်'





'ဟင့်အင်း....စောစောတုန်းက ဆိုင်မှာ စားခဲ့ပြီးပြီ'

'မောင်ပြန်လာတော့ ဆိုင်မှာ ဒေါ်သိန်းရင်ကိုပဲ တွေ့ တယ်။ အမေ ဘယ်သွားလဲ မသိဘူး'

'ပဲဆီက တပိဿာ လေးကျပ်အထိ တက်မယ်ကြားလို့ ဆီတပုံး နှစ်ပုံး သွားဆွဲထားမှဆိုပြီး ဈေးဘက် ထွက် သွားတယ်။ မကျင်ခဆိုင်မှာ ဆီပုံးသွားဝယ်တာနဲ့ တူ ပါတယ်'

ထွေးအောင်သည် အင်္ကျီချိတ်ရှိ တိုက်ပုံအင်္ကျီ အိတ်ထဲမှ ဂိုး လိတ်စီးကရက်ဗူးကို နှိုက်ယူလိုက်၏။ စီးကရက်ကို နှုတ်ခမ်း တွင် တေ့ထားစဉ် ရီထွေးသည် စားပွဲပေါ်ရှိ ယမ်းမီးခြစ်ကို ကောက်ယူသည်။ မီးခြစ်ဆံကို ထုတ်ယူနေသော ရီထွေးကို သူ ကြည့်သည်။ ယမ်းခေါင်းနှင့် မီးခြစ်အနှောင့် ထိခတ်သွား၏။ မီးတောက်နေသော မီးခြစ်ဆံကို လက်ဝါးနှစ်ဘက်ဖြင့် လေကာ သည်။ ထွေးအောင်က လည်ငိုက်ကာ ရှေ့တိုး၏။ စီးကရက်၌ မီးစွဲတော့မှ ရီထွေးသည် လက်ဝါးနှစ်ဘက်ကို ခွာသည်။ မီးခြစ် ဆံကို ခါကာ ငြိမ်း၏။ ငြိမ်းသွားသော မီးခြစ်ဆံကို ပြာခံ ခွက်ထဲသို့ ထည့်လိုက်၏။

'ခုတလော၊ မောင် စီးကရက်တွေ သိပ်သောက်လွန်း တယ်'

စီးကရက် မီးခိုးကို အပေါ်သို့ မှုတ်ထုတ်ယင်း ငွေ့ငွေ့ပြုံး၏။

'စိတ်ညစ်ညစ်နဲ့ စွတ်ပြီး သောက်နေမိတာပဲ'

'ရီထွေး မသိရဘူးလား မောင်'

ရင်ထဲတွင် ဗလုံထနေသော အကြောင်းတွေကို မပြောပြချင်။ စီးကရက်ကိုသာ တရှိုက်ပြီးတရှိုက် ရှိုက်နေလိုက်သည်။

'အဖေ့ကို အောက်မေ့တာလဲ ပါတယ် ထင်တယ်'

ရီထွေး စိတ်မှန်းတော်သည်ဟု ချီးကျူးလိုက်သည်။ အဖေ ကွယ်လွန်ခဲ့သည်မှာ တနှစ်ပင် ကျော်လာပေပြီ။ အမှုမဲ့အမှတ်မဲ့ နေလိုက်သောအခါ မနေ့က တနေ့ကလိုပင် ထင်သည်။

'အောင်ထွတ်တို့ မောင်မောင်ကျော်တို့ အတွက်လဲ ပါ မယ် ထင်တယ်'

ရီထွေး၏ အထင်သည် မလွဲ။

'အောင်ထွတ် အမျိုးသမီး မြိုင်ကို တွေ့ရယင် ပိုစိတ်ထိ ခိုက်တယ်။ မောင်မောင်ကျော်တို့က နှစ်ယောက်စလုံး မရှိကြတော့ ဒါလောက် ပြဿနာ မရှိဘူး'

စကားအဆုံးတွင် စာအုပ်စင်ပေါ်၌ တင်ထားသော မယ်ဒလင် ကို လှမ်းယူလိုက်၏။ ပန်းပေါဝန်ထဲမှ အတောပိုဒ်ကို စမ်း လိုက်သည်။ တစ်ကြိုးက အသံကျနေသည်။ ခလုတ်ကို အသာ လှည့်ကာ ကြိုးညှိလိုက်၏။ ရီထွေး ဆိုခဲ့သော သီချင်းများ ထဲမှ ခေတ်ပြားရခဲ့သည့် ခွဲခွဲခြားခြားကို အသံစမ်းနေသည်။ ရီထွေးသည် သူ့ကို ကြည့်လေသည်။ မှုန်ကုပ်ကုပ်မျက်နှာထို့ သဘောပေါက်စွာ စိုက်၍ ကြည့်ယင်း

'မောင် ဘာမှ မလုပ်ပဲ ခဏ နားနေလိုက်ပါလား'

ဗယ်သံ အတွဲကို တီးလိုက်ယင်း ရပ်လိုက်၏။ စီးကရက်ခဲထား သံဖြင့် မေးသည်။

ဒုတိယ အကြိမ်



'ဘာဖြစ်လို့လဲ'

'မောင့် ကြည့်ရတာ သိပ်စိတ်လှုပ်ရှားနေတယ်။ နား လိုက်ပါ။ စိတ်တွေ ခဏဖြစ်ဖြစ် လျှော့ချထားလိုက် ပါလားကွယ်....ဟင်'

ရီထွေးသည် မယ်ဒလင်ကို လှမ်းယူသည်။ အလိုက်သင့် လှမ်း ပေးလိုက်၏။ မယ်ဒလင်ကို စာအုပ်စင် ပေါ်သို့ ပြန်တင်ထား ကာ ကုလားထိုင်တွင် မှီလိုက်၏။ ဗယ်လက်ကြားရှိ စီးကရက် ကို ရီထွေး ယူသည်။ လက်ချောင်းတွေကို လျှော့ပေးလိုက် ၏။ ရီထွေးသည် စီးကရက်ကို ပြာခံခွက်ထဲသို့ထိုးချေပြီး ထည့် လိုက်၏။

'စီးကရက် သိပ်သောက်တော့ နှလုံး အားနည်းမယ် လေ။ ဗီကြားထဲ ဟိုတွေးဒီတွေးနဲ့ စိတ်တွေ တိုလာ ဦးမယ်။ မောင် ဒေါသတွေ ဘာတွေ ဖြစ်လာယင် ဘယ်သူ့ကိုမှ ဘာမှ သွားမပြောနဲ့။ တွေ့ကရာတွေ ရှောက်မလုပ်နဲ့။ ဒေါသ ပြေသွားအောင် ရီထွေးကို- ပဲဆူ၊ ရိုက်ချင်လဲ ရိုက်လိုက်ဦး။ ရီထွေး ပြောတာ မောင် နားလည်လား'

စိုးရိမ်စိတ်နှင့် ကရုဏာတို့၏ ခွဲခြား မရသော ပေါင်းစပ်မှုကို ကြားမြင်လိုက်ရလေသည်။ အေးမြသော လေညှင်း တခုသည် ရင်ထဲတွင် ဖြတ်သန်းတိုက်ခတ်သွားသည်။

'မောင့်ကို စိုးရိမ်နေတယ် ထင်တယ်'

ဒုတိယအကြိမ်

ခေါင်းအညိတ်တွင် ရင်ညွန့်ပေါ်မှ ဆံမြိတ်စတို့သည် အပေါ်
သို့ ရွေ့ရွေ့ တက်သွားလေ၏။

'ဘနေ့လောက် လျှောက်လည်ရအောင်နော်'

'ဘယ်သွားမလဲဟင်'

'မောင့်သဘောပေါ့။ ရုပ်ရှင်လဲ ကြည့်ချင်တယ်။ အဲ
နေ့ကျယင် အင်းဝတိုက်မှာ စာအုပ် သွားဝယ်ရမယ်။
မောင့်ကို လက်ဆောင်ပေးဖို့'

'မလိုပါဘူးကွယ်။အချစ်ဆိုတဲ့ လက်ဆောင်ထက် ဘယ်
လက်ဆောင်ကများမွန်မြတ်ဦးမှာလဲ ရီတွေးရယ်'

'ဟာဟ....မောင်က ကဗျာဆံ လိုက်တာ'

ညစ်မှိုင်းနေသော အတွေးတွေ လွင့်စဉ်စပြုလာ၏။ စားပွဲတင်
တံတောင်တင်ကာ ပြုံးကြည့်နေ၏။ ညှတ်နူးစေသော အကြည့်
ကို မြင်လေ၏။ မျက်တောင်အခတ်ကျလှ၏။

'မောင့်ကို တနေ့ တနေ့ အခုလိုပဲ ထိုင်ကြည့်နေချင်
တယ်'

'ဟိုက်၊ အဲဒါမှ ဒုက္ခပဲ။ မောင် ဘာအလုပ်မှ မလုပ်ပဲ
ထိုင်ပြီး အကြည့်ခံနေရမှာပေါ့'

'အင်းပေါ့'

'အလုပ်တောင် သွားမလုပ်ရတော့ဘူးလား'

'မလုပ်နဲ့ပေါ့'

'ဘာနဲ့ သွားစားမလဲ'





'ရီတွေးကို မေမေ အမွေပေးခဲ့တဲ့ စိန်လက်စွပ်တကွင်းနဲ့
စိန်လက်ကောက်တရံ ရှိတယ်လေ'

'အဲဒါ ကုန်တော့ကော'

'အဲဒါကုန်တော့ ဒီအတိုင်းနေလိုက်ရုံပေါ့'

'ဘားစရာမရှိတော့ ဘယ့်နှယ်လုပ်မလဲ'

'မသိဘူးလေ။ မောင့်ကိုပဲ ထိုင်ကြည့်နေမယ်'

'တကယ်'

'စောင့်ကြည့်ပေါ့'

'ရီတွေး စိတ်ကူးယဉ်တတ်နေပြီပဲ'

'မောင့်ကို ချစ်တဲ့နေ့ကမှ စ တာပါ'

'အစာအိမ်နဲ့မဆက်တဲ့ အချစ်မှန်သမျှဟာတဲ့'

'ရီတွေး သိပါတယ်....မရင့်ကျက်တဲ့ အချစ်ချည်းပဲတဲ့၊

'ဟုတ်တယ် မဟုတ်လား။ မောင်မောင်ကျော် ဒီစာ
အုပ်ထဲမှာ ရေးထားတာလေ'

...မောင်ကျော်ရေးသည့် ဝတ္ထုစာအုပ်ကို စာအုပ်ပုံပေါ်မှ
...ပြယင်း၊ ရီတွေးပြောသည်။ ထိုဝတ္ထုမှာ လွန်ခဲ့သော
... ထုတ်ဝေခဲ့သည့် စာအုပ်ဖြစ်သည်။

'ပြန်မှနဲ့တူတယ်၊ ထွက်လာတာ ကြာလှပြီ'

... နောက်ဆံတင်းနေသည်။ ပြန်မည်ကို မတားသင့်မှန်း
...သည်။ သို့သော်

'စောစောတုန်းကတော့ မောင့်ကို ထိုင် ကြည့် နေချင်
တယ်ဆို'

ခေါင်းကို ငဲ့လိုက်၏။

'ခု ပြောတာမှ မဟုတ်တာ'

'ခုနတုန်းကပဲ ရီထွေး ပြောတာလေ'

'မဟုတ်ဘူး။ လက်ထပ်ပြီးမှ ပြောတာ။ ခုနေက

ဘယ်လိုလုပ်မလဲ။ မောင် သိရက်သားနဲ့'

'မောင် သိပါတယ်။ တမင် နောက်တာပါ'

ရီထွေး မျက်နှာ မရွှင်ပျ။

'မောင်ကတော့ နောက်တာပါ။ ဒါပေမယ့်...နို

စိတ်ထဲမကောင်း ဖြစ်ဖြစ်သွားတယ်'

ရယ်မောစရာ စကားတွေဖြင့် မမ့ ဖျောက်ပေးလိုက်သည်။ ပြုံးရယ်ရယ် ဖြစ်လာတော့မှ ပြန်မည်ပြင်သည်။ ထိုစဉ် သမားနှစ်ယောက်က ဆီပုံးတပုံးစီရွက်ကာ ခြံထဲသို့ ဝင်လာ ထိုနှစ်ယောက်၏ နောက်မှ အမေ ရောက်လာ၏။ တံစက် အောက်သို့ အရောက်တွင် ဆီပုံးတွေကို ကူပြီးယူသော ကို ပြုံးပြ၏။ နေရောင်ခြည်ထက်ပင် အလင်းသာသည် မှတ်၏။



န်စပြုလာသည်နှင့် အကြော်ဆိုင်တွင် လူစည်ကားလာလေ အမေသည် ခန္ဓာကိုယ်နှင့် မလိုက်အောင် လျင်မြန်နေ၏။ ကိစ္စနှင့် ပတ်သက်သမျှတွင် ဖျတ်လတ်လျက်ရှိသော အမေ့ ကြည့်ကာ အံ့အားသင့်ရသည်။ ညနေ ပိုင်း တွင် ဆိုင်၌ သည် မဟုတ်။ မနက် ခြောက် နာ ရီ လောက် မှ ရှစ် ကိုးနာရီသာသာ အထိ အကြော်ဆိုင်မှာ ထိုင်စရာ ခုံ မရှိ။ စားပွဲခုံကို ကိုးခုံအထိ တိုးရသည်။ တကယ်တမ်းတိုး လျှင် ဆယ့်လေးငါးခုံတိုးဦးတော့ ခုံအပြည့် လူအပြည့် မံမည်။ နေရာက ကိုယ်ပိုင်နေရာမဟုတ်။ သူတပါး အ က်အအုံ ရှေ့မျက်နှာစာတွင် ဆိုင်ဖွင့်ထားရ၍ နေရာချဲ့ ိုင်း မဖြစ်။ ယခုပင်လျှင် ဆယ်ပေပတ်လည် အကြော်တဲ တန်းစီပြီးချထားသော စားပွဲဝိုင်းတွေကြောင့် နေရာ လွန်းသည်။ အမေ့တွင် ကူဖော်လောင်ဖက် ဟူ၍

ဒေါ်သိန်းရင် တယောက်သာ ရှိသည်။ သူက အချိန်ပြည့်
ညီနိုင်။ အမေ့ဆိုင်မှာ အကြော်နာမည်ရသောဆိုင်
သည်မှုမက၊ တမြို့လုံးရှိ မုန့်ဟင်းခါး၊ကြာဆံကြီးခေါက်
တွေ အားလုံးကို ပဲခြမ်းကြော်၊ ဗူးသီးကြော် ဖောက်သည်
ရသဖြင့် အမေ မအားလပ်။ ဆိုင်ရောင်းအတွက် ငှက်
ကြော်၊ မှိုကြွပ်ကြော်၊ ဗယာကြော်၊ အာလူးကြော်
ရသည်။ ရာသီစာဖြစ်သည့် ငါးဖယ်၊ ပုစွန်တွေလှိုင်သည့်
ကြော်လိုက်သေးသည်။ အလှူအတန်း အခမ်းအနား
အတွက် အကြော်ဆိုလျှင် အမေ့ဆိုင်မှ။ သည်တော့
ပို၍ ပင်ပန်းသည်။ ပင်ပန်းသလောက် ဝင်ငွေတိုးသည်
ငွေကို မြင်ရ၍ အမေ လောဘကြီးလာဟန်တူ၏။ အနာ
မယူ။

'ရွှေ့နှစ်ခါ ဒီအချိန်ဆိုယင် စန္ဒရားတလုံး ဝယ်
ဒီနွေမှာ အလှူအတန်း များများပေါပေါ်စေဆု
ရတယ်။ အကြော် အော်ဒါများများရယင် မိုး
ဝယ်နိုင်ပါတယ်ကွယ်'

အမေ့ကို ပြောမရ။ တားမရ။ စန္ဒရားတလုံးဝယ်ရန်
ကူးသည် ထက်သန်နေသည်။ အပြင်ဝိုင်းတွေမှာ စန္ဒရား
ပြူလာ၍ ဝင်ငွေအထိုက်အလျောက် ရလာသည်။ တဝိုင်း
အနည်းဆုံး ငွေလေးဆယ်။ တချို့ဝိုင်းက ငါးဆယ်
ဆယ်ပေးသည်။ သီချင်းတိုက်ပေးရာတွင် အချိန်ပေးခြင်း
သူ့အဖို့ အထာမကျသေးသရွေ့ စိတ်ရှည်လက်ရှည်





ချပေးခြင်း၊ အခြားတူရိယာ ပညာသည်များနှင့် အဆင်ပြေ
ခြင်း၊ သီချင်းအချို့ကို တေးသွားသွင်းပေးခြင်းတို့ကြောင့်
နာမည် ရလာသည်။ ဂီတလောကနှင့် အသံလွှင့်ရုံ တေးဂီတဝိုင်း
များတွင် သူ့သတင်း ပျံ့စပြုလာ၏။ ဟိတ်ဟန်မထုတ်တတ်
သောကြောင့် ခင်မင်သူတွေ များလာ၏။ ထို့ပြင် လုပ်ငန်း
သဘောတွင်လည်း မြန်မြန်ဆန်ဆန်ပြီးစီးအောင် ဆောင်ရွက်
နိုင်သဖြင့် နယ်ပယ်ကျယ်ဝန်းလာ၏။ ဂီတ သင်္ကေတကို
ကျွမ်းကျင်အောင် ကြိုးစားခဲ့၍ အလုပ်တွင်ကျယ်လာပုံ ကိုယ်
တွေ့ သိရ၏။ သီချင်းတပုဒ်ကို ကိုယ်တိုင် ဖန်တီးရသော
အတွေ့အကြုံတွေ တိုးလာသည်။ လေမှုတ်တူရိယာနှင့် အခြား
ကြိုးတပ် တူရိယာတို့၏ အသံဖက်ပုံကို သဘောပေါက်သည်
ထက် ပေါက်လာသည်။ အသံအမျိုးအစား၊ အနိမ့်အမြင့် ကွဲ
ပြားသော တူရိယာပစ္စည်းတွေနှင့် ပတ်သက်၍ သင်္ကေတခွဲခြား
ပုံကို ကျွမ်းကျင်စ ပြုလာသည်။ သူ့ထက်ဝါရင့်သော တူရိယာ
ပညာရှင်တွေကို မေးမြန်းသည်။ မှတ်သားထားသည်။ ဝိုင်း
တဝိုင်းလုံးကို ဦးဆောင်ရသော ဂီတမှူး၏ လုပ်ငန်းကို လုပ်
ခါစက အမှားအယွင်း အနည်းငယ် ရှိခဲ့သည်။ တလအတွင်း
လေးငါးဝိုင်း လွှင့်ပြီးသောအချိန်တွင် ဂီတမှူး တာဝန်ကို
ဆောင်ရွက်လာနိုင်သည်။ ထိုအချိန်တွင် ဂီတနှင့် ပတ်သက်
သမျှကို ရှာဖွေငှားရမ်းဖတ်သည်။ သမ္မာရင့်သူတွေကို မေး
သည်။ စိတ်ကူးရသည်တို့ကို ဖန်တီးကြည့်သည်။ အောင်မြင်
သည်လည်း ရှိ၏။ တိမ်းပါးသွားသည်လည်း ရှိ၏။ ပြန်လည်

နားထောင်သည်။ စဉ်းစားသည်။ ဝေဖန်သည်။ မြင်သည်။ ထပ်မံ ကြိုးစားကြည့်သည်။

'မင်း တော်တော့်ကို ကြိုးစားထားတာကိုးကွ' တဝိုင်းထဲ ဆိုနေကျ ဂျိုးဇက်က ချီးကျူးသည်။ ဂျိုးဇက်တို့ ဂျပ်ဇ်ဝိုင်းမှာ သူနှင့်တတွဲတဖက်တည်း။ သူ့အစွမ်းအစကို ကောင်းစွာ ထုတ်သုံးနိုင်ခဲ့သည်မှာ မြို့အိမ် ကာလပေါ် တူရိယာအဖွဲ့ကို အသံသွင်းသည့်နေ့။ သီချင်းအားလုံး ခုတ် မြားရသည်။ ကိုတင်လှိုင် တပုဒ်၊ ချိုပြုံး တပုဒ်၊ ကိုမောင် မောင်ကြီး တပုဒ်၊ ကြည်ကြည်ဝင်း တပုဒ်၊ ခက်ခက် တပုဒ်၊ အဆိုတော်သစ် ကိုအောင်လှိုင်း တပုဒ်၊ ညွှန်သည် အဆိုတော် ကိုသန်းလှိုင် တပုဒ်၊ လွှင့်စဉ်က အချိန်မရ၍ တဝက်တပျက် သာ ကြားခဲ့ရသည့် သံပြိုင်တပုဒ်၊ စုစုပေါင်း သီချင်းရှစ်ပုဒ်။ ခုတ်မြား ရှစ်ချပ်။ ထိုဝိုင်းကို အသံသွင်းစဉ်က ဂီတအတွေ့ အကြုံများစွာ ရခဲ့သည်။ ထို့ပြင် ထိုနေ့က စန္ဒရားဆရာတဦး နှင့် သိခွင့်ရခဲ့သည်။ စန္ဒရားချစ်ဆွေ၊ ကြည်ကြည်ဝင်း၏ သီ ချင်း အသံသွင်းပြီးခိုက်၊ အသံဖမ်းတာဝန်ခံအဖြစ် ဆောင်ရွက် ပေးသော ဦးလေးကိုမြကြီးက သူ့ကို ခေါ်ကာ မိတ်ဆက် ပေး၏။ 'နောက်ပေါက်တွေထဲမှာတော့ တော်တော်ကြောက် စရာကောင်းတဲ့ ပညာရှင်ကလေးတွေပဲ'ဟု ဦးလေးကိုမြကြီးက အရွှမ်းဖက်၍ ပြောသည်။ သူမျက်နှာ မထားတတ်။ စန္ဒရား ချစ်ဆွေက ခေါင်းတညိတ်ညိတ်နှင့် ပြုံးပြသည်။ ဘယ်အချိန်က အနားသို့ ရောက်နေမှန်း မသိသော ဗုံဆရာ ဦးလေး ကိုအုန်း





ာင်က 'ရင်ထဲမှာ တနုံ့နုံ့ ခံစားရတဲ့ ဒဏ်ရာဒဏ်ချက် ားတွေ ရလာယင် ခုထက် ရသမြောက်လာမယ်။ နားထောင် ပိုကောင်းမယ်'ဟု ဝင်နှောက်သည်။

နေ့က အကြောင်းတွေကို အိမ်ရောက်ရောက်ချင်း အမေ့ကို ပြောပြလိုက်သည်။ သူ့စကားထဲမှ သံစဉ်၊ မိတ်ဖက်သံ၊ လက် ါက်ဆိုသော ဝေါဟာရတွေကို အမေ နားမလည်ပေ။ ါင်းတညိတ်ညိတ်နှင့်သာ နားထောင်ယင်း ပြုံးနေသည်။ ားဖြစ်သူကို အသိအမှတ်ပြုလာကြခြင်း၊ ချီးမွမ်းကြခြင်းဟု ၍ သဘောပေါက်သည်။ သူ့စကားအဆုံးတွင် 'အိမ်မှာသာ ားရှိယင် ငါ့သား ဒါထက် ပိုပြီးတော်မှာ'ဟု ပြော ည်။ အမေ့ ပီတိသည် သူ့ရင်သို့ပင် တဖန် ပြန်လည် အန္တ ်လေ၏။

ားအမိနှစ်ယောက် အေးအေးဆေးဆေး စကားစမြည်ပြော င်သည်မှာ ဆိုင်သိမ်းပြီးတော့မှသာ။ သူ ဂီတမှူးအဖြစ် ာဝန်ယူ အသံလွှင့်သော ဝိုင်းတွေ ရေဒီယိုမှ လာသောအခါ အမေ့မှာ ဗျာများရလေသည်။ ညရှစ်နာရီ ဆယ့်ငါးမိနစ်တွင် ေဒီယိုနားထောင်လိုက် အကြော်ဆိုင်သို့ ပြန်သွားလိုက်နှင့်။ ုတို့ နေသော ပတ်ဝန်းကျင်မှာ လက်လုပ်လက်စားများ၊ က်ရှိအလုပ်သမားများသာ ရှိသည်။ စာပေအနုပညာဂီတကို ခံစားနိုင်အောင် အလုပ်ပိနေကြသူတွေ။ သို့သော် ထိုနေ့ ထိုရက်တွင် တွေးအောင်တို့ဝိုင်း သီချင်း လာ မည် ကို ကား သိနေကြသည်။ အမေ ပြောပြထားခြင်းသာ ဖြစ်နိုင်သည်။ ထို

ညမျိုးတွင် ပတ်ဝန်းကျင် တဝိုက်ရှိ လူငယ် လူလတ်ပိုင်းသည်
ဆန်းသီရိဆံပင်ညှပ်ဆိုင်သို့ ရောက်နေကြသည်။ ရင်းနှီးသူ အ
ချို့က ထေးအောင်တို့ အိမ်သို့ ရောက်နေကြသည်။ ရေဒီယို
သူတို့က ခပ် ကျယ် ကျယ် ဖွင့်ထားကြသည်။ ထေးအောင်
လွှင့်သည့်သီချင်းတွေကို နားထောင်ကြခြင်းပင် ဖြစ်သည်။
စန္ဒရား တီးပေးရသော ဝိုင်းဖြစ်စေ၊ ဂီတမှူး အဖြစ် ဆော
ရွက်ရသော ဝိုင်းဖြစ်စေ အသံလွှင့်မည့်နေ့တွင် အမေပို၍ ပျော်
ရွှင်နေသည်။ အိမ်သို့ အလည်အပတ် လာသူများကို "ဒီ
ရှစ်နာရီ ဆယ့်ငါးမှာ ကျွန်မသားရဲ့ ဝိုင်းအသံလွှင့်လိမ့်မယ်" ဟု
ပြောတတ်စမြဲ။ အမေသည် ရေဒီယိုမှ ကြားနေရသော ဂီ
သမားတို့၏ အမည်နာမကို သားဖြစ်သူ၏ နှုတ်မှ ကြား၍သာ
ရသည်။ ရွှေပြည်အေး၊ ဦးဘသန်း၊ မောင်ကိုကို၊ စန္ဒ
လှထွဋ် စသည် စသည်။ ဆရာဦးမြတ်စံက မိတ်ဆက်ပေး
အစချီကာ ဂီတပညာရှင်တွေ၏ အမည်ကို ကြားရသည်။ အ
တုန်းက မှတ်နိုင်သေးသည်။ နောက်တော့ ရောကုန်သည်
အဆိုတော် အမည်တွေမှာ နားပင်လျှံသည်။
သူ့ကို ပြောသည့်စကား၊ သူငယ်ချင်း တွေ နှင့် ပြောသည်
စကားထဲတွင် အကြားရများလာ၏။

'ဒီနေ့နောက်ကျသွားတယ် အမေရဲ့။ ဆရာ စစ်ကိုင်
လှရွှေဆီမှာ ခေတ်ဟောင်း သီချင်းတွေ တက်နေတ
'ဆရာရွှေပြည်အေးဆီက တေးထပ်ကွက်ပြောက် တတ်
ရတယ်။ သိပ် ကောင်း တာ အ မေ ရာ။ အမေ နာ





ထောင်ကြည့်စေချင်တယ်။ စည်းသမား မျက်စိလည်
လိမ့်မယ်'
'ဟော့ကောင် တင်မောင်လွင်။ ငါဒီနေ့ ဆရာချစ်ဆွေ
ဆီက 'အင်းယားအမှာတော်ပုံ' ရလာခဲ့တယ်။ သီချင်း
တိုက်တဲ့ နေ့ကျမှ တီးပြမယ်'
'အောဝမ်းခြံမှာ ဆရာမောင်ကိုကို ရုပ်ရှင်နောက်ခံ သွင်း
နေတာမို့ ညက တညလုံး အဲဒီမှာ။ အားရစရာ ပျော်
စရာကြီးပဲ ရှိတေ့ရာ'
'ဆရာ ဦးဘသန်းဆီက လျှပ်ပန်း အကွက်တမျိုးရလို့
တက်ခဲ့သေးတယ်'
'နေ့လယ်က ဂျိုးဇက်တို့ လာခေါ်လို့ ဆရာ့ဆီ ခွင့်နေ့
ဝက်ယူပြီး လိုက်သွားရတယ်။ ပန်းသာရုပ်ရှင်က ကား
တကားမှာ အဖွင့်သီချင်းတီးဖို့ ဆိုပြီး ခေါ်တာ။ ငွေ
ပြီးသား စန္ဒရားဆရာက အရေးတကြီး ကိစ္စနဲ့ နယ်
ထွက်သွားလို့တဲ့။ ဟိုကျတော့ အဆင်ပြေပါတယ်
အမေရာ'

အမေသည် သူရလာသော ငွေကြေးကို မသုံးရက်။ ယုတ်စွ
အဆုံး သူ့ ငွေထဲမှ ငါးကျပ်တန်ကိုပင် ကျပ်တန် ငါးရွက်ဖြင့်
မလဲလှယ်။ စက္ကူအိတ်တလုံးဖြင့် သိမ်းသန့်ဖယ်ထားသည်။ သုံး
ပါဟု သူပြောသည်။ အမေ ခေါင်းခါသည်။ "အပြင်ဝိုင်းတွေ
မှာ တီးတာလဲ ကြည့်တီးပေါ့။ ကျောင်းပျက်ပြီး စာမေးပွဲ
ကျမှာ စိုးတယ်။ နောက်ခြောက်လ ခုနစ်လဆိုယင် ကျောင်းပြီး

တော့မှာပဲ။ အဲဒီတော့မှ ဝီရိယစိုက် လုပ်ပေါ့။ ခု ငါ့ သား ကြည့်ရတာ ပင်ပန်းလိုက်တာ''ပြောယင်း၊ ''နည်းနည်းတောင် ပိန်သွားတယ်''ဟု ဆိုသည်။ အမေ ပြောမည် ပြောထိုက်သည်။ တနေ့ တနေ့ သီချင်းတိုက်က ညနေပိုင်း၊ ကျောင်းက တနေ့ လုံး၊ ကျောင်းဆင်းလျှင် ဆရာမကြီးနေ်အေးမှုထံတွင် သီချင်း တက်၊ နားရက်ဒ္ဓပင် အိမ်ကပ်ရသည် မရှိ။

'စန္ဒရား ကိုယ်ပိုင်ရှိယင် သား သီချင်းတိုက်တဲ့အခါ ဘယ်မှ မသွားရတော့ဘူး။ အိမ်မှာပဲ သီချင်းတိုက် ကြပေါ့။ မဟုတ်ဘူးလား'

ထိုစကားကို မကြာခဏ ပြောကာ ပြုံးလိုက်တိုင်း ငွေကွပ်ထားသော သွားတက်လဲ့လဲ့ကို မြင်ရ၏။

❀

ဆရာဦးမြတ်စံက အံကြိတ်ထားသည်။ စကားဆက်မည် အပြု တွင်မှ ဖြေလိုက်လေသည်။

'....အဲဒီတုန်းက ဆရာ့ကိုယ်ဆရာ အတော် ထိန်းရတာ။ ဝမ်းနည်းတာရော ဒေါသဖြစ်တာရော အကုန်ရောနေ တယ်။ စိတ်က တော်တော် လေသွား သေး တယ်။ ဦးပြေသိန်းဘက်က ကြည့်ယင် မှန်ချင်မှန်မှာပေါ့ကွာ။ ဒါပေမယ့်....မခင်ရီ အားနည်း ပျော့ညံ့တာလဲ ပါပါ တယ်။ သူ့အမိး ဘီအေ အိုးဗိုကြီး ကို ဆရာ့လို စန္ဒရားနည်းပြလေးနဲ့ ဘယ်သဘောတူနိုင်မှာလဲ။ သူ့





ညီမ ထားထားက အဆိုတော် ဝင်းဇင်နဲ့ ခိုးရာလိုက် ပြေးတော့ ဆရာတို့ အခြေအနေ ပိုဆိုးလာတာပေါ့။ အင်ဂျင်နီယာ ကိုအုန်းသန်း ဆိုတဲ့ လူနဲ့ ပေးစားမယ် စီစဉ်တယ်လေ။ မင်း စဉ်းစားကြည့်လေ....မခင်ရီကို အိမ်ခန်းထဲမှာ ပိတ်လှောင်ထားတာ မဟုတ်ဘူး။ ဆရာ နဲ့တွေ့နေတာပဲ။ ခိုးပြေးတာမျိုး၊ နှစ်ဦး သဘောတူ ရုံးတက် လက်မှတ်ထိုးတာမျိုး လုပ်မယ်ဆို လုပ်လို့ရ တာပဲ။ မခင်ရီက မျက်ရည်ပဲ ကျနေတာ။ ဒီလိုကျ တော့ သတ္တိမရှိဘူး။ ကိုယ့်ချစ်သူ သူများလက် ပါ သွားတာကို ငုတ်တုတ်ထိုင် ကြည့်နေရတာမျိုး။ ဘယ် လောက် ကသိကအောင့် ဖြစ်စရာကြီးလဲ'

သည်ဇာတ်လမ်းကို အံ့ဩရသည်။ ထို့ပြင် ဆရာနှင့် မမခင်ရီ တို့ အဖြစ်ကို ကြားရမှ သိလေသည်။ ဆရာသည် မျိုသိပ် နိုင်လွန်းသူလား မသိ။ တခါတလေမျှ စကားစ မထွက်။ ဆရာနည်းတူပင် မမခင်ရီထံမှ ရိပ်ဖမ်းသံဖမ်းပင် မသိခဲ့ရ။ မမ ခင်ရီမှာ မိန်းမသားဖြစ်၍ ထိုအဖြစ်ကို ဖုံးကွယ်ထားခြင်း ဖြစ် နိုင်သည်။ မမခင်ရီနှင့် ဆရာတို့၏ ဘဝေတာဝါ အကြောင်း ဆက်ကို ရီထွေး သိရမည်ဟု တွေးသည်။ သို့ရာတွင် ရီထွေး၏ စကားတို့တွင် အငွေ့အသက်မျှ မမြင်ရ။ ဆရာနှင့်ရီထွေးကို သူ မိတ်ဆက် ပေးခဲ့သည်။ ရီထွေးသည် ကျောင်းသို့ လာသည်။ ဆရာနှင့် စကားစမြည်ပြောသည်။ ဆရာ့ အိမ်သို့ တခေါက် နှစ် ခေါက် ရောက်ဖူးသည်။ ဆရာ၏ အစ်မကြီးနှင့် တွေ့မြင်စကား

ပြောဖူးသည်။ မည်သည့်ထောင့်ကမျှ ထိုအဖြစ် သနစ်နှင့် စပ်လျဉ်းရာ လေသံကိုမျှ မကြားရ။

တလောတုန်းက ရီထွေးတို့အိမ်သို့ လမ်းကြုံ၍ လိုက်ခဲ့ပါလားဟု သူ ခေါ်သည်။ ဆရာ ငြင်းသည်။ ထို့ပြင် ဆရာသည် ရီထွေးတို့ မိသားစုနှင့် မပတ်သက်လိုသော မျက်နှာဖြင့် ဦးမြေသိန်း၏ အမည်ကို ဖော်ကာ မေးသည်။ မမခင်ရီနှင့် တွေ့သောအခါ ဆရာ့ အမည်ကို သူ့ စကားတွင် တည့်သွင်းခဲ့သည်။ အမှတ်မဲ့ပင်။ သို့တစေ မမခင်ရီ၏ လေယူလေသိမ်းနှင့် စကားအစအနတို့မှာ တခုခုကို စဉ်းစားမိစေသည်။ အိမ်သို့ ပြန်ရောက်သောအခါ ရီထွေးကိုတွေ့၍ မေးမည် စိတ်ကူးသေး၏။ နောက်တော့ စကားပြောယင်းနှင့် မေးရန် မေ့လျော့သွားသည်။ သည်နေ့ကျမှ စကားက သွားပြီး ဆက်မိသည်။

နေ့လယ် ထမင်းစားချိန် ကျောင်းလွှတ်ချိန်တွင် ရီထွေး ရောက်လာသည်။

သူ့လက်ထဲတွင် စာအုပ်ကြီးနှစ်အုပ်။ အရွယ်က စွယ်စုံကျမ်း အရွယ်။ တအုပ်လျှင် လက်သုံးလုံးကျော် ထုသည်။ လေး၍ ထင်၏။ လက်နှစ်ဘက်ဖြင့် ပိုက်ထားရသည်။ ရီထွေး ရောက်လာသောအချိန်တွင် ဆရာသည် ထွေးအောင်နှင့် စကားပြောနေသည်။ ရီထွေးသည် စားပွဲပေါ်သို့ စာအုပ်ကြီး နှစ်အုပ်ကို ချလိုက်ယင်း "ကိုအောင့်အတွက် ဝယ်လာတာ။ ပြည်သူ့စာပေစာအုပ်ကို မနေ့က ရောက်တော့ ဒီစာအုပ် နှစ်အုပ် တွေ့တယ်။ ဒါနဲ့ ဒီနေ့ သွားဝယ်လာတာလေ"ဟု ပြောသည်။

ဒုတိယအကြိမ်



အုပ်ကို အနှောင့်ဘက်မှ မြင်နေရ၏။

သြခြင်းသည် ပထမ လာ၏။ ဝမ်းမြောက်ခြင်းသည် ဒုတိ လာ၏။ တတိယမှာ အားနာခြင်း။ လှပခန့်ငြားသော စာ ုပ်၊ မိမိ လုပ်ငန်းနှင့် ဆိုင်သော စာအုပ်၊ ကျောင်းအုပ်ဆရာမ ြီး၏ အခန်းထဲရှိ စာအုပ် ဗီရို ထဲတွင်သာ မြင်ဖူးသော စာ ုပ်။ အတွဲနှစ်တွဲ။ ပထမတွဲကို လှမ်းယူပြီး အဖုံးဖွင့်လိုက်၏။ ာဘီဆင်းဗက်ပြုစုတည်းဖြတ်သော ကမ္ဘာ့ဂီတ။ လက်ဝဲဘက် ျမျက်နှာတွင် ခေါမသူ၏ ကိုယ်တပိုင်း ကျောက်ထွင်း ရုပ်တု တ်ပုံ။ သုံးလေးရွက် လေးငါးရွက်လှန်လိုက်သည်။ ဂီတ ရာကြီး ဘက်၏ အတ္ထုပ္ပတ္တိ။ ထို့နောက် ဗီသိုဗင်၊ ရှိုပင်။ ပင်ဂီတ။ ဒုတိယတွဲကို လက်ရောက်ရာ လှန်ကြည့်လိုက်သည်။ တပညာရှင်တွေ ရေးထိုးထားသော လက်မှတ်များ။ နီကိုလာ င်စကီ ကော့ဆကော့။ စာအုပ်ကို အသာပြန် ပိတ်လိုက်သည်။ ျော်ရှင်နေသော မျက်နှာဟု ဆရာပင်လျှင် သိမည်ထင်သည်။ ုံးသားရေမှာ မိကျောင်းသားရေနှင့် တူသည်။ အဖုံးပေါ် င် ခေါမသူ ခေါမသား နှစ်ယောက်က စောင်းပြားကို ပင့် ြောက်နေဟန်။ ဈေးကြီးမည်မှာ သေချာသည်။ တရာ နှစ်ရာ ျမည် ထင်သည်။ စာအုပ်တွေကို သူ ကြည့်ပြီး သော အခါ ရီထွေးသည် ပထမတွဲ၏ အဖုံးကို လှန်၏။ ရေခံစာမျက်နှာ ပေါ်တွင် "အောင့်အတွက်"ဟု ရေးပြီးအောက်တွင် လက်မှတ် ုးသည်။ လက်မှတ်အောက်တွင် မျဉ်းဆွဲကာ နေ့စွဲထိုးသည်။ ုတိယတွဲကိုလည်း သည်လိုပင် ပြုသည်။

ဒုတိယအကြိမ်

ရီထွေး ပြန်သွားတော့မှ ဆရာနှင့် စကားပြောမိသည်။

'ကလေးမလေးက မင်းအပေါ် တော်တော်သံယော

ကြီးတာပဲ'

သည်စကားကို တစုံတရာ ပြန်မပြောမိ။ အခြား မေးခွန်းတ

သာ လွှတ်ကနဲ မေးမိသည်။

'ရီထွေး အဖေနဲ့ ဆရာနဲ့ သိသလား'

ကြည်လင်သော မျက်နှာတွင် ရုတ်တရက် မှိုင်းသွား

လွန်ခဲ့သော ခုနစ်နှစ် ရှစ်နှစ်ခန့်က သိခဲ့ကြောင်း ဖြေသည်။

ခင်ရီကိုကော သိမှာပေါ့ဟု သူ မေးသောအခါ ဆရာ

ပြုံး၏။ တခွန်းစ နှစ်ခွန်းစ ပြောယင်းနှင့် လွန်လေပြီး

အကြောင်းတွေကို ပြန်လည်ပြောပြသည်။ အံ့အားသင့်ရလွ

ဆရာ့ စကားကြားတွင် ဝင်မမေးမိ။ ဒေါ်လေး ထား

ကိုဝင်းဇင်တို့၏ အမည်တွေကိုပါ ကြားလာရသည်။

'ဦးပြေသိန်းရဲ့ ဘဝကို မင်း သိ သ လား မောင်

အောင်'

'ရီထွေးပြောပြလို့ အနည်းအကျဉ်းလောက်တော့

ဖူးပါတယ် ဆရာ။ ငယ်ငယ်က သိပ် ဆင်း ရဲ တယ်

ကိုယ့်ဝမ်းကိုယ်ကျောင်း။ ကိုယ့်ဒူးကိုယ်ချွန်ပြီး

ဘဝကို ရောက်လာတာလောက်ပဲ ကြားဖူးတယ်'

ဆရာ ခေါင်းညိတ်သည်။

'ဦးပြေသိန်း လူမမယ် အရွယ်မှာကတည်းက မိဘ

ဖြစ်ခဲ့တယ်။ ဦးလေးတွေ အဒေါ်တွေ လက်ထဲမှာ





ပြင်းခဲ့ရတာတဲ့။ ဆယ်နှစ်သားအထိ ကျောင်းမနေခဲ့ရ

ဘူးတဲ့။ ရွာက ဘုန်းကြီးက ခေါ်မွေးစား၊ အတန်း

ကျောင်းတွေ ဘာတွေထား၊ အဲဒီကနေ ဆယ်တန်း

အောင်ခဲ့တာ။ ဘီအက်စ်စီ အောင်တဲ့ အချိန် အထိ

ဘုန်းကြီးကျောင်းမှာပဲ နေ ခဲ့ ရ တာ။ နောက်....နိုင်ငံ

ခြား ပညာတော်သင် သွားတယ်။ အဲဒီနှစ်မှာ ဆရာ

ဘုန်းကြီး ပျံလွန်တော်မူတယ်။ ပညာတော်သင် အဖြစ်

နဲ့ ဘွဲ့နှစ်ခု ရအောင် ယူပြီး ပြန်လာတာ။ အိမ်ထောင်

ပြုတော့ ရီထွေးတို့ အမေက မိုးကုတ်သူ။ သူဆယ်တန်း

အောင်တော့ အ လုပ် ဝင် လုပ် တယ်။ အဲဒီအချိန်မှာ

သူ့ညီမ ထားထားကို ရန်ကုန် ပို့ထားတယ်။ ဘော်ဒါ

ထားတယ်။ သူ့ ညီမကို သူ တော် တော် ချစ် တယ်။

ဦးပြေသိန်းက သူ့ ညီမကိုကော သူ့ သမီးတွေကိုကော

မကြာခဏ ပြောတတ်တဲ့ စကားရှိတယ်။ ဆင်းရဲတွင်း

နက်လွန်းတဲ့ ဘဝက လာခဲ့ရလို့ အဲဒီဘဝကို ပြန်ကျမှာ

ကြောက်တယ်တဲ့။ ဆွေစဉ်မျိုးဆက် တဆင့်ပြီး တဆင့်

မြင့်သွားအောင် ကြိုးစားရမယ်တဲ့။ ဒါ....ဦးပြေသိန်းရဲ့

လက်သုံးစကားပဲ။ ဆရာနဲ့ မခင်ရီ ကွဲရတာ ဒီလက်သုံး

စကားကြောင့်လို့ ဆိုချင် ဆိုနိုင်တယ်လေ'

...တယောက် အကြောင်း ရေးဖွဲ့ထားသော ဝတ္ထု တပုဒ်ကို

...တ်ရသည် နှင့် မခြား ကြားရလေသည်။ ထိုစကားကို ပြော

နေစဉ် ဆရာ့ လေ ယူ လေ သိမ်းမှာ အုံ့ ဩ ဖွယ် ကောင်း

အောင် တည်ငြိမ်လျက်ရှိသည်။ အခြားသူ တဦးတယောက် အကြောင်းခြင်းတကို ပြန်လည် ပြောပြသည့်နှယ် ခံစားမှု နေဟန်ပေါက်၏။ ပြောပြခါစတွင် တွေ့ရသော စိတ် ရှားမှုအသွင်အပြင်တွေက တစတစ ပျောက်ကွယ်သွား၏။

'ရှီထွေး ပြောဖူးတယ် ဆရာ။ 'အမေ ပြောပြတဲ့ ငယ်ငယ်က အကြောင်းတွေ နားထောင်ရတဲ့ နားထောင်ယင်း ရင်ထဲမှာ ဆို့လာရတယ်'တဲ့။ အော ခြေနင်းပြားဘဝက စလာခဲ့လို့လား မသိဘူး။ အဲဒီ လူတွေအပေါ်မှာ အဖေ ကိုယ်ချင်းစာတယ်။ တ နိုင်သလောက် ကူညီယောက်ပံ့တာ တွေ့ရတယ်။ ဒါပေ မယ့် 'အဲဒီဘဝကို အိပ်မက်တောင် မယောင်လို့ မ ချင်ဘူး'တဲ့၊ အဲသလို ရှီထွေး ပြောပြတယ်'

ဆရာ ပြုံးလေသည်။

'မခင်ရီက ဆရာ့ကို နောက်ဆုံး တွေ့ခြင်းအနေ ယောကျ်ားမယူခင် လာတွေ့တယ်။ အဲ့သလို လာမတွေ့ ဆံခင် ညက သူ့အဖေက သူ့ဘဝအစကနေ ပြန် ပြောပြတယ်တဲ့။ အဒေါ်တွေ ဦးလေးတွေ လ ထဲမှာ နေခဲ့ရတုန်းက ကျွဲခိုင်း နွားခိုင်း ခိုင်းတာတွေ မဝရေစာ စားရတာတွေ၊ ပခုံးပေါက်အောင် ရေထမ်း ရတာတွေ၊ ရာသီကုန် မုန့်ပဲသားရေစာ လျှောက် ရောင်းရတာတွေ၊ ပွဲဈေးမှာ မြေပဲဆားလှော်ရောင်း ယင်း ပွဲလန့်လို့ ထွက်ပြေးရတော့ မြေပဲဆားလှော်

ဒုတိယအကြိမ်



ကျန်ခဲ့တာတွေ၊ အဲဒါကြောင့် အဒေါ်က ရိုက်တာ တွေ၊ အဒေါ်ကို အကျိုးအကြောင်း ပြန်ပြောတာ ပြောရကောင်းလားဆိုပြီး ဓားမနဲ့ လှမ်းပေါက်လို့ လက်ခုံဟက်တက်ပြဲရတာတွေ အစုံပေါ့။ ထမင်းအငတ် ထားတာတွေ၊ နှိပ်စက်တာတွေလဲ ပါတယ်။ အဲဒီ ဘဝနဲ့စခဲ့တာ၊ နောက်.... သူတို့ အမေ ကွယ်လွန်ပြီး အိမ်ထောင်မပြုပဲ နေခဲ့တာ သူတို့ကို ငဲ့လို့ဆိုတာလဲ ပါတာပေါ့'

ဦးပြေသိန်း၏ ငယ်စဉ်ဘဝကို သိရသောကြောင့်လား မသိ။ သူ့ကိုယ်သူ အားတက်လာသည်။

'ကြိုးစားတာကတော့ လက်ဖျားခါလောက်တယ်နော် ဆရာ'

'အတုယူထိုက်ပါတယ်ကွာ'

'ကျွန်တော့်ကိုယ် ကျွန်တော် ဒုက္ခရောက်လှပြီထင်နေ တာ သူနဲ့ စာယင် ဘာဟုတ်သေးလဲ'

'ဟုတ်တာပေါ့ကွာ။ ဇွဲ လုံ့လနဲ့ ပေးလာတဲ့ အခွင့် အရေးကို အမိအရ ဖမ်းဆုပ်ထားနိုင်တယ်လို့ ဆိုရမှာ ပေါ့။ တချို့ဆို သူ့လောက် ဘဝ မဆိုးဘူး၊ တချို့ ဆို သူ့ထက် ဘဝဆိုးတယ်၊ ဒါပေမယ့်.... သူ့လို ဖြစ်မလာကြဘူး။ ကိုယ့်ပုဂ္ဂလိက ဘဝကို ပျိုးထောင် ထိန်းသိမ်းတဲ့ နေရာမှာတော့ ဦးပြေသိန်းက စံပါပဲ။ ဒါပေမယ့်....အေးပေါ့ကွာ၊ တချို့ဟာ ကျတော့လဲ

ဒုတိယအကြိမ်

ပြောလို့ မကောင်းဘူးပေါ့။ သူ့သမီးနဲ့ သဘော
မတူလို့ ပြောတယ် ဖြစ်ဦးမယ်....'

လေသံမှာ ဆုတ်ဆိုင်းဆိုင်းနှင့် ပြတ်သွား၏။ ဆရာ့ မျက်နှာကို အကဲခတ်ကြည့်လိုက်၏။ မရဲ့မရဲဖြစ်နေသော်လည်း မေးမိသွား၏။

'ဘယ်....ဘယ်လိုဟာမျိုးလဲ ဆရာ'

ဆရာသည် ဖြေချင်ဟန် မရှိ။ ချိန်ဆနေလွန်းမှန်း သိသာသည်။ အတန်ကြာမှ လေးပင်စွာ ဖြေ၏။

'အနုပညာကိစ္စတွေ ဘာတွေကျတော့ မြင်ပုံကတမျိုးကွ။ နိုင်ငံ့တိုင်း နိုင်ငံတိုင်းမှာ အနုပညာယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး အခန်းကဏ္ဍတခုအနေနဲ့ ထားကြတယ် မဟုတ်လား။ ဆရာတို့ဆီမှာလဲ ဒီလိုပဲလေ။ ဝန်ကြီးဌာန တခုအနေနဲ့ကို ထားပေးတယ် မဟုတ်လား။ အဲသလို ဖြစ်နေလို့သာ နည်းနည်း အသိအမှတ်ပြုသလို ဘာလိုလို သဘောထားတာ၊ ဝမ်းထဲမှာကျတော့ ဖက်ခွက်စားသာသာ။ ပါးစပ်က ဖွင့်ပြောယင် မကောင်းတတ်လို့ ဆိုတာမျိုး။ ဒီလိုလူစားမျိုးတွေ မနည်းပါဘူး။ အဲဒီအထဲမှာ ဦးပြေသိန်းလဲ အပါအဝင်ပဲ။ အပျင်း ဖြေစရာလေး တခုလို တွက်တာပေါ့ကွာ။ အင်းပေါ့လေ....လူဆိုတာ ချတ်ယွင်းချက်နဲ့ ဘယ်ကင်းမလဲ။ ဒါနဲ့ ပတ်သက်ပြီး ဦးပြေသိန်းကို ဆရာ စိတ်မကွက်ခဲ့ပါဘူး'

ဒုတိယအကြိမ်



စိတ်ဆိုးမည် မထင်သော မေးခွန်းကို ရယ်မောယင်း သူ မေးလိုက်သည်။

'ဒါနဲ့ ပတ်သက်လို့ စိတ်မကွက်ခဲ့ဘူးဆိုတော့ မမစင်ရဲ့နဲ့ ပတ်သက်တဲ့ အပိုင်းမှာတော့ ဦးပြေသိန်းကို ဆရာ စိတ်ကွက်ခဲ့တယ်ပေါ့'

ဆရာသည် ဟက်ဟက်ပက်ပက် ရယ်၏။ ပြန်မည်ပြင်သော ခြေလှမ်းကို စသည်။ သူက ကမ္ဘာ့ဂီတ စာအုပ်ကြီးနှစ်အုပ်ကို ပိုက်ကာ ဆရာ့ဘေးမှ လိုက်ခဲ့၏။ ဆရာ့ ရယ်သံသည် လှေကားထစ်သို့ ရောက်သည်အထိ ခပ်မျဉ်းမျဉ်း ရှိသေးသည်။ ထို့နောက် ဆရာ နှုတ်ခမ်းပြင်သည်။ တခုခု ပြန်ပြောတော့မည်ဟု သိနေသည်။ သိသည့်အတိုင်းပင်။

'ဒီမေးခွန်းကို ဆရာ မဖြေပါဘူး။ ဟောဒီ....မင်းလက်ထဲက ကမ္ဘာ့ဂီတဆိုတဲ့ စာအုပ်ကို မင်းဖို့ လက်ဆောင် လာပေးတဲ့ ကောင်မလေးနဲ့ မင်းနဲ့ ပတ်သက်လာတဲ့ နေ့ကျယင် မင်းပဲ ဆရာ့ကိုယ်စား အဖြေပေးပေးပေါ့'

ပြိုင်တူလို ရယ်လိုက်ကြသည်။ သူ ပြန်မပြော။ တခြား စကားကို ပြောသည်။

'ဆရာတို့ အကြောင်းကို ရီထွေး ဘာမှ ပြောမပြတာ အံ့စရာပဲ'

'အဲဒီတုန်းက သူက ခုနစ်တန်းလောက် ရှိဦးမှာပါ'

'ဒါပေမယ့် ရီထွေး သိနိုင်ပါတယ်'

'သိချင်လဲ သိမှာပေါ့ကွာ'

ဒုတိယအကြိမ်

'ဆရာ့ကို ရီထွေး မမှတ်မိပဲ မနေပါဘူး'

'ဒါတော့ မပြောတတ်ဘူး'

'ဆရာက ရုပ်ပြောင်းလွန်းယင်လဲ ထားတော့။ ဆရာနဲ့ ကျွန်တော် သိတာ ကျွန်တော် ညနေပိုင်းတက်ကတည်းက။ လေးနှစ်ဆိုပါတော့။ တွေ့စတုန်းနဲ့ အခုနဲ့ ဆရာ ဒီအတိုင်းပဲ'

'လက်ဖက်ရည်သောက်ချင်လဲ ရိုးရိုးပဲ ပြောပါကွာ။ မမြှောက်ပဲနဲ့လဲ ရပါတယ်'

ဟု ရယ်လိုက်၏။

'ဆရာနဲ့ ရီထွေးနဲ့ကို ကျွန်တော် မိတ်ဆက်ပေးတာ ကျွန်တော် ပထမနှစ်တက်လို့ ကျောင်းပိတ်ခါနီး။ အဲဒီတုန်းကဆို သာပြီး မှတ်မိရမှာပေါ့။ ရီထွေးက မမှတ်မိဘူးထားဦး၊ ဆရာကကော'

ဆရာသည် အရယ်အပြုံးကင်းသော နှုတ်ခမ်းကို ဖွင့်လေ၏။

'နေပူထဲ ချထားတဲ့ ပန်းချီကားလိုပေါ့ကွာ။ ကြာတော့လဲ....ဆေးတွေ ပြယ်လာတာပေါ့။ မှုန်လာတာပေါ့။ ခပ်ဝါးဝါးဆိုပါတော့'

ဂျူဗလီဟော အဆောက်အအုံ၏ အရိပ်သည် အရှေ့ဘက် လမ်းမပေါ်သို့ ရှည်ရှည်လျားလျား ကျနေသည်။ နေဝန်းမကွယ်မချင်း အရိပ်အားနည်းစွာဖြင့် ပို၍ပို၍ ရှည်မည်ဟု သတိပြုမိသည်။



၆

ညှော်ခန်းဖွဲ့စည်းပုံသည် ဥရောပဆန်သည်။ လျှာထိုးအခင်းသည် ဖိတ်ဖိတ်ထနေ၏။ ကျွန်းသား အရောင်သည် ထင်းနေ၏။ နံရံနှင့် အခင်းတို့သည် ရောင်ပြန် ဟပ်လျက် ရှိသည်။ နံရံပျဉ်သည် ကျွန်းကွက် ပီပီသသ ပေါ်သောကြောင့် မျက်လုံးမလွဲနိုင်စရာ။ စန္ဒရားအရိပ်သည် နံရံတွင် ထင်နေသည်။ နံရံ၌ ချိတ်ထားသော ယေရှုခရစ်တော်၏ ဆီဆေး ပန်းချီကားသည် စန္ဒရားအဖုံးမှ တဆင့် ဖြတ်လာ၏။ ပန်းချီကားအရိပ်တွင် စန္ဒရားခလုတ်၏ အဖြူအနက်ရောင်တွေ ကပ်နေ၏။ လက်ယာဘက် မရောက်တရောက်တွင် သူ့လက်ကို အဖုံး၌ ရောင်ပြန်တွေ့ရ၏။ အသံ အနုအပြင်းအလိုက် လက်ချောင်းတို့၏ အနေးအမြန် အဖိအဖော့ကို တွေ့ရ၏။ ဗယ်ညာ လက်ချောင်းတို့ ရောယှက်ကာ မိတ်ဖက်သံ

တွဲလုံးများ နှိပ်လိုက်သည်။ အသံထိန်းခြေနင်းကို ခြေမဖြင့် ထိန်းသည်။ မျက်လုံးသည် သင်္ကေတစာအုပ်သို့ ရောက်နေသည်။ သီချင်းချတော့မည့် နေရာသို့ ရောက်လာသည်။ ရေစီးသံသဖွယ် အသံစီးဆင်းရမည့် တီးကွက်ကို အထစ်အငေါ့မရှိ ကျော်လာသည်။ စတုတ္ထမြောက် အနားသတ်အတွက် လက်အပြင်တွင်

'ဒိုမိနင့် ဆဲဗင်း၊ ဖတ်စ်'

ကြိမ်ကုလားထိုင်ပေါ်တွင် ထိုင်ကာ နားထောင်ကြည့်နေသော ဆရာမကြီး နော်အေးမူက သတိပေးသည်။ ဗယ်လက်ညာလက် မမှား။ ဆရာမကြီးက ဒုတိယ၊ တတိယ၊ စတုတ္ထဟူ၍ စည်းအလိုက် ခေါ်သည်။ သူ့ လက်ချောင်းတွေက တလုံးမကြွင်း တလုံးမယွင်း။ သူ လှည့်ကြည့်လိုက်သည်။ ဆရာမကြီးသည် ထူထဲသော မျက်မှန်ကို ကျော်ကြည့်သည်။ ပြီးမှ မှန်ကို ထွင်းကာ မျက်လုံးအဝိုင်းသား လုပ်ပြသည်။ ခေါင်းတချက် ညိတ်သည်။ ကျေနပ်သဘောကျသော အမူအရာ။

'ရပြီလား'

'ဟုတ်ကဲ့'

ဆရာမကြီးကို အသာအယာ ခေါင်းညိတ်ပြပြီး မျက်လုံးကို သမင်လည်ပြန် ကြည့်နေသော ရီထွေး ထံသို့ လှည့်လိုက်သည်။ စန္ဒရားအဖုံးပိတ်မည်အပြုတွင် ဆရာမကြီးက လက်ကာပြသည်။ မပိတ်နှင့် ဆိုလိုသည်သာမက သူ စန္ဒရားတီးမည်ဟု ထွေးအောင်ကို ပြောခြင်းလည်း ဖြစ်၏။ ထွေးအောင်သည်





ကြိမ်ထိုင်ခုံမှ ထကာ ရီထွေး ရှိရာသို့ လျှောက်လာ၏။ ချောမွတ်နေသောကြောင့် သတိထားကာ ဖြေးဖြေးနင်းရ၏။

'သန်ဘက်ခါ တနင်းလာနေ့မှာ ဆရာမ မအားဘူး ကိုထွေးအောင်။ တနင်းလာနေ့အစား အင်္ဂါနေ့ကျမှ အသစ်တပုဒ် တက်ပေးမယ်'

နွှာကိုယ် သေးကွေးလှသော်လည်း အသံမှာ ကြည်လင် ာကျောသည်။ မျက်နှာထား ချိုသော်လည်း စည်းကမ်းစနစ် ာရာတွင် မချိုသာ။ တင်းကျပ်တိကျသည်။ အသက် ခုနစ် ာယ်နားသို့ နီးနေပြီ ဖြစ်သော်လည်း ဖျတ်လတ်သည်။ ဆရာကြီး၏ တပည့်တပန်းများမှာ အမျိုးအားဖြင့် ကရင်အမျိုးသား အမျိုးသမီးတွေသာ ဖြစ်သည်။ ဆရာမကြီးထံတွင် ာုံးနှစ်ကျော် ပညာသင်ခဲ့သည့်တလျှောက် မြန်မာ တပည့်မှာ ာူ တယောက်တည်း။ ဂျိုးဇက်၏ ဆက်သွယ်ပေးမှုကြောင့် ာင်တန်းတက်ခွင့် ရခဲ့ခြင်း ဖြစ်သည်။

'ကဲ....ဒီက ညွှန်သည်ကို အားနာဦး။ စောင့်နေတာ ကြာလှပြီ'

ာူ ခေါင်းအညိတ်တွင် ရီထွေးကို မေးထိုးပြကာ ပြောာည်။ ရီထွေး ပြုံးနေ၏။ ထိုနောက် ကြိမ်ခြင်းကို လှမ်းယူကာ ာိုင်ရာမှ ထ၏။ သူတို့နှစ်ယောက်စလုံးက နှုတ်ဆက်သည်။ ာူတို့ကို ခေါင်းညိတ်ပြသည်။ အိမ်စည်းရိုး ပုဏ္ဏရိပ်ပင်တန်းကို ာွန်သောအခါ စန္ဒရားသံကို ကြားရသည်။ တိတ်ဆိတ်သော ာတ်ဝန်းကျင်ကြောင့် သုံးလေးအိမ်ကျော်လာသည်အထိ စန္ဒ

ရုံးသံကို ကြားနေရသည်။ ချော်ရောင်တွက်နေသည့် အုတ်လမ်းပေါ်သို့ နေရောင်ခြည် ကျရောက်လာခြင်း မရှိတော့။ အုတ်ဆိုင်းလျက်ရှိသော သရက်ပင်များ၊ စိန်ပန်းပင်များ၊ ယူကလစ်ပင်များ၊ ချယ်ရီပင်များကြောင့် ကျနေခြည်သည် မတိုးပေါက်နိုင်။ အနိမ့်အမြင့် ခပ်မြေမြေနှင့် အကွေ့အကောက်ဖြစ်နေသည့် အုတ်လမ်းသည် လျှို့မြောင်ကြားက လမ်းကလေးသဖွယ်။ လမ်းတဘက် တချက်စီတွင် ပုဏ္ဏရိပ်ပင်တန်းသည် ခါးစောင်းအမြင့်မျှ ရှိ၏။ ပုဏ္ဏရိပ်ပွင့် အဝါတွေ၊ အနီတွေက ရွက်စိမ်းဖျားအကြားတွင် အသီးနီ အသီးစိမ်းတို့နှင့်အတူ ကြိုးကြား ကြိုးကြား တွေ့ရ၏။

လမ်းအမြင့်ကို တက်ပြီး ဗယ်ဘက်သို့ အချိုးတွင် ဘုရားရှိခိုးကျောင်း၏ အရှေ့တောင်ပိုင်းကို ပင်လယ်ကဗွီးပင်များဝန်းရံလျက် မြင်ရ၏။ သွေ့စပြုသည့် မြက်ခင်းနှင့် မြေဆီမထိ မနင်းမိဘဲပင် မြေနံ့ကို ရလေ၏။ မိုးအကုန်၏ အငွေ့အသက်ကို သိသိမှတ်မှတ် ရလေပြီ။

'စောင့်လိုက်ရတာ လူ့ကို ညောင်းလာတာပဲ'

ရီထွေး၏ လက်မောင်းနှင့် သူ့ လက်မောင်းတို့ အမှတ်မဲ့ ထိသွားလေသည်။

'ရီထွေးကို မောင် ပြောသားပဲ။ ပြန်လာကတည်းက ရီထွေး အိမ်ကို တန်းပြန်လို့။ စနေနေ့ နေ့ဝက်ရုံးဆင်းတာ ညနေမှ အိမ်ပြန် ရောက် တယ် ဆို တော့ ဘယ်ကောင်းမလဲ။ ခု နေပဲ ဝင်တော့မယ်။ ပြီးတော့ ဒီမှာ





သင်တန်းတလဲ ဖျက်လို့ မဖြစ်လို့။ ရက် ပျက် ရှိ ယင် အဘွားကြီးက သိပ်မကြိုက်ချင်ဘူး။ ဒါ....'

'အို....မောင်ကလဲ စကားကြော်ရှည်လိုက်တာ။ အိမ်ကိုပြောလာပြီးသား။ ပုဇွန်တောင်က အမေ့ အမျိုးအိမ်သွားမယ်၊ သူငယ်ချင်း တယောက်ဆီလဲ ဝင်မယ်။ မိုးချုပ် ချင် ချုပ် မယ် လို့ အမေ့ကိုကော မမကိုကောမနေ့ညတည်းက ပြောပြီးသားပါ။ တန်းပြန်ဖို့က ကားတဆက်တည်း စီးသွားရတဲ့ ဟာပဲ။ တမင် လိုက်လာတာကို ပူစရာ မရှိ ပူနေပြန်ပြီ'

ဆရာမတယောက်၏ လေသံမျိုး။ ချစ်သူ့ အပြောထက် မဆိုလောက် သာသာလွန်လွန် ရှိ၏။ ထွေးအောင်က ပြုံးရုံသာ နေလိုက်၏။ ချစ်သောသူအား လွှမ်းမိုးခွင့် ပေးထားခြင်းသည် ကြည်နူးဖွယ်တခုဟု ခံစား သိရှိရ၏။

'နိုင်တယ်ပေါ့လေ၊ ဟုတ်လား'

'မောင့် စန္ဒရားလက်သံက နားထောင်လို့ သိပ်ကောင်းတာပဲ'

'နိုင်တယ်ပေါ့လေဆိုတဲ့ အမေးကို မဖြေတော့ဘူးလား'

'ရှမ်ရှင်ကလဲ ကားကောင်းဆိုတော့ အရသာရှိလိုက်တာ'

'မောင် မေးနေတာကို မဖြေတော့ဘူးလား'

'ဆိတ်သားကင်ကို လမ်းလျှောက်ယင်း စားရတာ သိပ်ပါးစပ်တွေ့တာပဲ'

'မဖြေနဲ့တော့'

'ဩော်....နိုင်တယ် ဆိုတဲ့ စကားလား။ မနိုင်ထား ဘယ်ဖြစ်မလဲ မောင်ရယ်။ နိုင်မထားယင် မိရီထွေး ကျန်ရစ် ဖြစ်သွားနိုင်တယ်လေ။ ခုတောင် သိပ်မလ ဘူး ဖြစ်နေပြီ'

ဘုရားရှိခိုးကျောင်းရှေ့သို့ ရောက်သောအခါ ရီထွေး ရပ်လို ၏။ စကားကို ဖြတ်လိုက်၏။ ရွှေဖလားရောင် နေခြည်သ သူ့မျက်နှာပေါ်သို့ ဖျော့ဖျော့ ထိုးနေသည်။ အနောက်ဘ ကောင်းကင်ဆီသို့ မျက်လုံးမှေးကာ ကြည့်၏။ 'နေဝင်တာ ဗီကံနေ ထိုင်ကြည့်ချင်တယ်။ နေလုံးပျောက်တော့မှ ပြန်ကြ အောင်''ဟု ပြောသည်။ သူ့ အလိုကို မည်သည့်အခါက ထွေးအောင် မငြင်းတတ်ဟု သူအသိ။ ထို့ကြောင့် ဘုရား ကျောင်း၏ မျက်နှာစာဘက်သို့ ရီထွေး ခြေလှမ်းသည်၊ အု ရှေ့တွင် ခြေစုံရပ်သည်။ ခြင်းကို ဦးစွာ ချထားသည်။ သ ထိုင်သောအခါ သူ့ဘေးတွင် ထွေးအောင် ထိုင်၏။ ဘေးခ ထိနေ၏။

'လှလိုက်တာကွယ်။ တိမ်နီတွေကြားထဲက အပြာတ ကြီး သွက်နေတာ။ ကြည့်စမ်း မောင်ရယ်'

တိမ်အဆင်အသွေးတွေကို ရီထွေး ငေးယင်း ပြော၏။ ထွေ အောင်သည် သူ့မျက်လုံးကို အနောက် ကောင်းကင်သို့ သာရွှေ့၍ ရ၏။ ခြေတလှမ်း အကွာတွင် နှစ်လံသာသာ လျားအနံရှိသည့် နှင်းဆီခြံမှာ နေရောင် နောက်ခံဖြင့် ကြ





ကောင်းနေ၏။ စစ်အတွင်းက သံချပ်ကာကား၏ ချိန်းကြိုးကို င်းဆီခြံစည်းရိုးအဖြစ် ဒေါင်လိုက် ကာထားသည်။ အပွင့်မဲ့ သော နှင်းဆီပင်တို့သည် အရွက် ဝေလျက်။ ပွင့်ဖပ်ဖြူ နည်းအကျဉ်းက စည်းရိုးအပြင် မြက်ခင်းစပ်တွင် ကြွေကျနေ ။ အဖူးတချို့သည် လေမလာသဖြင့် မလှုပ်။ လှစ်ဟစ ပြုံးနေ သော ပွင့်ချပ်အကြားမှ ပွင့်ဖပ်နီ သုံးလေးဖူးကို မြင်နိုင်သည်။ ီအချိန်တွင် ပင့်သက်ရှိုက်သံနှင့်အတူ ကြားရ၏။

'ဒေါ်လေး အတွက် စိတ်မကောင်းဘူး မောင်ရယ်။ ကလေး နှစ်ယောက်စလုံးကို ခေါ်ထားချင်လိုက်တာ။ မိဒွေး လက်ထဲမှာ ကလေးတွေ စိတ်ဆင်းရဲရှာမှာပဲ'

ကြည့်နေသည့် စိတ်တွင် အညစ်အမှုန် တစနှစ်စ ကပ်ငြိလာ၏။

'အဖေက စိတ်မြင်းလိုက်တာ။ တချက် သွားမကြည့် ဘူး။ သင်္ဂြိုဟ်တော့လဲ မသွားဘူး'

ဆုဂေါ် ပျောက်ခါစတွင် ပြန်ဖြစ်သည်။ ဆေး ဝါး အစား အသောက် အနေအထိုင် အဆင်မပြေ၍ ရောဂါဝင်လာသည်။ သည်တချိတွင်မူ ဒေါ်လေး ထားထား နာလန်ပြန်မထူတော့ ချေ။ ဆယ်ရက်ကျော်မျှ ဝေဒနာ အပြင်းအထန် ခံစားလိုက် သည်။

'ဒါပေမယ့် ဒေါ်လေးဆုံးလို့ ရက်လည်တဲ့ နေ့ကျတော့ ဘုန်းကြီးကျောင်းကို ဆွမ်းအုပ် ပို့တယ်လေ။ ဘာအ ထိမ်းအမှတ်လို့တော့ ပါးစပ်က ဖွင့်မပြောဘူး။ သူ့ ညီမအတွက် ရည်စူးပြီး ရက်လည်ဆွမ်းအုပ် ပို့တာမှန်း

တော့ အသိသာကြီးပေါ့။ ဘုန်းကြီးကျောင်းကို သူ ကိုယ်တိုင် ဆွမ်းအုပ်ချိုင့်ဆွဲပြီး ပို့တာ။ အပြန်မှာ ဘာ ပြောတယ်မှတ်လဲ။ ထားထားကိုတဲ့၊ သူ့ကိုယ်နဲ့ ထပ် တူ ချစ်တယ်တဲ့။ ခု သူ့ဦးနှောက်တွေ ပွင့်ထွက် ကျ မလား ခံစားရတယ်တဲ့။ တကယ်လို့ သူ့ကိုယ်ထက် များ ပိုလို့ချစ်ယင် ခုဆို သူပါလိုက်လို့ သေဖြစ်ခဲ့ပြီတဲ့။ အဲဒီတော့မှ အန့်ထွက်လာတာ။ ပြီးတော့ ပြောသေး တယ်။ သူ့ကိုယ်ထက် ချစ်ရတဲ့ လူဟာ သမီးတို့ နှ ယောက်တည်းကိုပဲတဲ့။ အဲဒီနေ့က အမေ့အတွက်ကော ဒေါ်လေးအတွက်ပါ စိတ်ထိခိုက်ရတယ် မောင်ရယ်'

ပါးမို့မို့ကို ငေးကြည့်ယင်း ထွေးအောင် ခေါင်းညိတ်ပြလိုက် ၏။ မချမ်းသာစရာ အဖြစ် တခုကို မြင်ယောင်လာသည် လည်တိုင်စင်းစင်းကို ကြည့်နေခိုက် ရီထွေး သူ့ဘက်သို့ မျက် နှာလှည့်သည်။ ရီထွေး၏ မျက်လုံး အစုံတွင် မျက်ရည်တွေ တလဲ့လဲ့။

'ဟင်း....စိတ်ညစ်စရာတွေ။ မောင် စောစောက ပျော် နေတာလေးတွေ ပျောက်ကုန်မှာ စိုးရတယ်'

ခေါင်းကို ခပ်ဖြည်းဖြည်း ခါပြလိုက်၏။ ရီထွေးသည် ညစ်ကျ နေသော စိတ်ကို အတင်းဖယ်ရှားပစ်ဟန် ရှိ၏။ လန်းဆန် သော မျက်နှာနေ မျက်နှာထားကို ရအောင် ကြိုးစားယူသည် အကြောင်းအရာတွေ လွှဲပစ်သည့် စကား စ၏။

'ငွေစုတာ သုံးရာ ရပြီ'





သက်ထပ်ချိန်တွင် ငွေကြေး အသင့်ရှိအောင် စုဆောင်း ထား ည် ဆိုခဲ့သည်။ 'မင်္ဂလာရန်ပုံငွေ' ဟု ရီထွေး ခေါ် ဝေါ် သည်။

'ကမ္ဘာ့ဂီတစာအုပ်ကို မဝယ်ခဲ့ယင် လေးရာပေါ့'

ရီထွေး ပြုံးယင်း ခေါင်းခါ၏။

'ဒါ မဆိုင်ပါဘူး။ မောင့် လုပ်ငန်းအတွက် မရှိမဖြစ် တဲ့ စာအုပ်ပဲဟာ။ ဝယ်ရမှာပေါ့။ ရီထွေးမှာ ပိုက်ဆံ မရှိလို့၊ ရှိယင် စန္ဒရား ဝယ်ပေးပြီးပြီ။ လက်ဝတ်လက် စားတွေကျတော့ မထုခွဲချင်သေးဘူးလေ။ နေစရာ မြေတကွက် အိမ်လေး တလုံး ဝယ်ရဦးမယ် မဟုတ် လား'

ထွေးအောင်က ချက်ချင်း ခေါင်းခါပြီး ပြော၏။

'ထားလိုက်ပါ။ အဲဒီ ပစ္စည်းတွေကို။ ရီထွေး က လဲ အမေ့လိုပဲ။ စန္ဒရား ဝယ်ပေးချင်တဲ့ လူတွေကလဲ များလိုက်တာ'

ရယ်သံလွှင်လွှင်သည် အပြာရောင် ကောင်းကင်ကိုပင် စွန်းသွား ည် ထင်၏။

'ရီထွေးထက် အမေက ပိုပါတယ်။ အမေက စကားစပ် မိတိုင်း သူ့သား စန္ဒရားဝယ်ဖို့ ငွေစုနေတာ ဘယ် လောက်ရပြီ ဘယ်လောက်ရပြီ အမြဲ ပြောတယ်။ အမေ က မောင့်ကို သိပ်ချစ်တာနော်'

'ဆယ့်လေးငါးနှစ် ဂျသားလောက်တုန်းက တင်ပါးမှာ

အရှိုးပေါ်အောင် အမေ ရိုက်ဖူးတယ်။ တခါက လတ်
လွန်သွားလို့ နှုန်း သိပ်ယူရတယ်။ အဲ ဒီ က တည်း က
သနားသွားဟန်တူပါတယ်။ မရိုက်လဲ မရိုက်တော့ဘူး။
ပိုလို့ ချစ်လာတယ်လို့လဲ ထင်တယ်'

'မောင်လဲ အဲဒီကတည်းက လိမ္မာ သွားတယ် ဆိုတာလဲ
ထည့်ပြောဦးလေ။ အဲသလို အ ရိုက် ခံ ရ ပြီးတဲ့နောက်
မောင် ကျောင်းမပြေးတော့ဘူး မဟုတ်လား'

သူ့အကြောင်းကို ရီထွေး သိနေခြင်းကြောင့် အံ့ အား သင့်
သွား၏။ မျက်ခုံးကို တွန့်လိုက်မိ၏။

'ဘယ်သူ ပြောပြလဲ'

'သိတာပေါ့လို့'

'အမေ ပြောပြတာ မဟုတ်လား'

မဖြေ။ ပြုံးနေသည်။ ချိတ် ထား သော ခြေ ကို ဖြေ သည်။
ညောင်းလာဟန်တူ၏။ ခြေ ချောင်း လေး တွေ ကို ဆန့်ချည်
လှုပ်ချည်ပြု၏။ ထို့နောက် ချိန်းကြိုးပေါ်သို့ ခြေစုံတင်သည်။

'မောင်နဲ့ မတွေ့တဲ့အခိုက် အမေ့ အကြောင်းဆိုင် ထိုင်ပြီး
မောင့် အကြောင်းတွေ မေးမေးနေတယ်ပေါ့'

'မမေးပါဘူး။ အမေက ပြောပြတာ။ မောင့်ကို အမေ
က အရှိုးထင်အောင် ရိုက်လိုက်မိတဲ့နောက် မောင်
ခုထိမသိတာ တခု ရှိတယ်'

ပို၍ အံ့ဩကာ မေးလိုက်သည်။

'ဘာလဲ ဟင်'





'ရိုက်မိလေခြင်းဆိုပြီး မောင့်ကွယ်ရာမှာ အမေ မျက်
ရည်ကျရတာ'

င်ထဲတွင် အေးကာ ကျင်သွား၏။ ယခု မှ ပင် သိ ရ သည်။
ကြည်နူးခြင်းလား၊ ဝမ်းနည်းခြင်းလား၊ ခြားခြားနားနား
ပွဲလှ။ အမေ့မျက်နှာကို ပြေး၍ မြင်သည်။ အမေ့ထံသို့ ယခု
င် ပြေးသွားလိုက်ချင်သည်။ အမေ၏ ထိုစဉ်က ယူကျုံးမရ
ဝေဒနာကို ထိုအချိန်သို့ နောက်ပြန်ဆုတ်ပြီး တောင်းပန်ချင်
သည်။ သူ့ကြောင့် အမေ မျက်ရည်ကျရသည့် အတွက် ခွင့်
လွှတ်ပါရန် စကားဆိုချင်သည်။

'အဲဒါကို မောင် လုံးလုံး မသိဘူး'

'ဘယ်ပြောပြမလဲ။ မောင် အဲဒါသိယင် ရောင့်တက်ပြီး
မလိမ္မာမှာ စိုးလို့တဲ့။ ဟုတ်တာပေါ့၊ ချစ်မှန်း သိယင်
ဆိုးတတ်တယ် မဟုတ်လား။ သိပ်ချစ်မှန်းသိယင် အဲဒါ
ကို အခွင့်ကောင်းယူပြီး ဆိုးမှာ စိုးလို့နေမပေါ့'

အတွေးတခု ရ၍ ထွေးအောင် ပြုံး၏။

'မထင်ပါဘူး'

'ဘာဖြစ်လို့....'

'ရီထွေး အပေါ် မောင် ဘယ်မှာ ဆိုးလို့တုန်း'

တ်ခမ်းမဲ့ပြုပြီး မျက်စောင်း ထိုးသည်။ တိမ်လွှင်ပြင်သို့ လှမ်း
ကြည့်ယင်း ပြောသည်။

'မဆိုးပေလို့သာပဲ။ ဆိုးများဆိုးယင် ဟင်း....'

'ဩော်....ဒါတော့ ရီထွေးရယ်။ ဘယ်သူမဆို ကိုယ့်ချစ်

သူနဲ့ကိုယ် ယုယုယယ ပိုက်ပိုက် တွေးတွေး နေ
တာပေါ့'

'ကျွန်မက မိန်းကလေး မောင်ရယ်။ ပန်တဲ့ အချိန်
ခူးစေချင်တယ်။ မပန်ခင် ခူးထားတော့ နွမ်း
မယ်လေ'

မျက်နှာချင်း ရီတွေး မဆိုင်။

'နွမ်းတော့မှ စွန့်ပစ်ခဲ့မှာ ရီတွေး စိုးတယ် ထင်တ

'မဟုတ်ပါဘူး။ မောင့်ကို ယုံပါတယ်။ ဖြစ်သင့်
ထိုက်တာကို ပြောတာပါ'

'အဲဒီနေ့က မောင့် သတိတွေ စောင့်စည်းမှု တွေ
ရီတွေး အမြင်ပဲလေ'

'ဟုတ်ပါတယ်။ ဒါကြောင့်လဲ မောင့်ကို ရီတွေး
ကျူးခဲ့တာပဲ။ အဟုတ်လဲ ကျေးဇူးတင်ပါတ
ရီတွေး စိတ်ကိုလဲ မောင်သိမှာပါ။ မောင့်ကို အ
သင့် အကြောင်းသင့် ပြောပြီး သတိပေးမယ်။ ဒီကြ
ထဲကနေ မောင်က ဟင့်အင်း တခွန်းပြောလာ
နှစ်ခါ သတိမပေးချင်တော့ဘူး။ မောင့်ကို
လောက် ချစ်တယ်ဆိုတာ မောင်အသိ၊ မြတ်နိုး
တွေ သဒ္ဒါတာတွေလဲ ပြောစရာ မကျန်ဘူး။
အထင်လွဲတာ မခံနိုင်တော့ မောင် ဆိုးဖြစ်သွာ
လေ။ စိမ်ကိုနိုးချထားတာက နှစ်နှစ်အတွင်း။
မကျခင် ဟိုဟာ ဒီဟာကြောင့်....'

ဒုတိယ အကြိမ်



'မောင် နားလည်ပါတယ်။ နားလည်မှု ရှိပါတယ်'

စကားကို ဖြတ်၍ သူ ဝင်ပြောသည်။ စကားလုပ်၍ ပြော လာရသည်အထိ ဖြစ်စေခဲ့သော ကိုယ့်ကိုယ်ကို မကျေနပ်။ ရှက်စိတ်သည် ဦးနှောက်တွင် ရစ်ပတ်လာ၏။ ရီတွေး၏ အသံ သည် နူးညံ့လှပေ၏။ အပြစ်တင်ခြင်း၊ မြူစူခြင်း အမှန်ပင် ကင်း၏။ စကားလုံးတို့သည် ပျားရည်ကဲ့သို့ ချိုမြသည်။ သို့ သော် ထိုပျားရည်၌ မိမိကြောင့် ကျလာသော ဖုန်မှုန့်တွေကို တွေ့ရသည်သို့ ရှိလေ၏။ လိပ်ပြာမသန့် ဖြစ်သွား၍လား မဆိုနိုင်။ အသားချင်းမထိအောင် ကိုယ်ကို မသိမသာ ရွှေ့ လိုက်မိသည်။ ရီတွေး သတိထားမိပုံရ၏။ လှည့်ကြည့်ယင်း တချက်ပြုံးလေသည်။

'ဒီလောက်အထိ ရည်ရွယ်ပြီးတော့ ပြောတာ မဟုတ်
ပါဘူးကွယ်'

ထိုစကားကို အမှုမဲ့ အမှတ်မဲ့ပင် နေလိုက်သည်။

'စိတ်ဆိုးသွားလား မောင်'

ရှက်စိတ်ကြောင့် သူ့အပြုံးက မပီသ။ ခေါင်းကို ခါ၍ အဖြေပေးလိုက်သည်။

'ဒါပေမယ့်....မောင့်မျက်နှာ တမျိုးဖြစ်နေပါတယ်'

'ဘာမှ မဖြစ်ပါဘူး'

'ဟင့်အင်း....ရီတွေး မယုံဘူး။ မောင့်စိတ်ထဲမှာ တခုခု
ဖြစ်သွားတာ မျက်နှာပေါ်မှာ ပေါ်နေပါတယ်'

'မဟုတ်ပါဘူး။ ရီတွေး ထင်လို့ပါ'

ဒုတိယ အကြိမ်

'မောင် ညာတာ။ မပြောယင် ဒီကနေ မပြန်တော့ဘူး'

'ဟာ မဟုတ်တာ။ မညာပါဘူး'

'ဒါဖြင့်၊ ခုနတုန်းက မောင် ဘာလို့ ဟိုဘက် ရွှေ့ထိုင်လိုက်သလဲ'

မဖြေလျှင် မဖြစ်ဟု သိလိုက်သည်။

'မောင် စိတ်မလုံဘူးလေ'

'ဘာဖြစ်လို့'

အမှန်အတိုင်း ပြောလိုက်ရလေသည်။

'ကိုယ့်ကိုယ်ကို စဉ်းစားမိပြီး ရှက်လာလို့'

'ရှင်....'

'ဘာဖြစ်လို့လဲ ဟင်'

'ရှက်လာလို့ ဆို'

'အင်းပေါ့၊ ရီတွေး စကားတွေက မောင့်ကိုယ်မောင် မှန်ထဲ ပြန်ကြည့်ရသလို ဖြစ်လာတယ်လေ'

'သြော်....မောင်ရယ်၊ ရီတွေး ကတော့ မရှက်ရတော့ဘူးတဲ့လား။ မှတ်မိလား၊ အဲဒီနေ့ကလေ။ အိမ်ပြန်ရောက်လို့ အတော်ကြာတဲ့အထိ ရင်တွေတုန်တာ မပျောက်ဘူး သိလား။ မျက်နှာတခုလုံး ထူအမ်းနေသလား ထင်ရတယ်။ မောင်....နောက် မဆိုးချင်နဲ့တော့နော်'

ဒုတိယအကြိမ်



သူ ခေါင်းညိတ်လိုက်၏။ ရီတွေးသည် ချိန်းကြိုးပေါ်မှ ခြေကို ရုပ်လိုက်၏။ နှစ်ယောက်ယှဉ်၍ ပြန်လာချိန်တွင် အလင်းရောင်သည် မတိမ်ကောသေး။ သို့ရာတွင် သစ်ပင်သဏ္ဍာန်တို့သည် ရုပ်လုံး မကြွတော့။ မည်းမည်းနက်နက်။

ဒုတိယအကြိမ်

## ၁၀

သူငယ်ချင်းတွေ တယောက်မကျန် ပြန်လည်တွေ့ဆုံခြင်း အထိမ်းအမှတ်အဖြစ် စားပွဲ သောက်ပွဲ တခု ကျင်းပသည်။ အမေက မုန့်ဟင်းခါး ချက်ကျွေးသည်။ ကော်ဖီနှင့် မုန့်ကို ရီထွေးက တာဝန်ယူပါရစေ ဆို၏။ တင်မောင်လွင်တို့ လင်မယားက ကပ္ပတန် စီးကရက် တတောင့် ယူလာသည်။ ထိုပွဲသို့ အောင်ထွတ်က မြိုင်ကို ခေါ်လာသည်။ မောင်မောင်ကျော်က ဂျူပု မလေးဟု သူငယ်ချင်းတွေ ခေါ်ဝေါ်သည့် နော်ဇာလွင်ကို ခေါ်လာသည်။ ဂျိုးဇက်က သူတို့ကို ကြည့်ကာ မြက်လုံးတွေ ထုတ်နေသည်။ မောင်မောင်ကျော်၊ နော်ဇာလွင်နှင့် အောင်ထွတ်တို့က သူတို့ အတွေ့အကြုံတွေကို ပြန်လည် ပြောပြသည်။ ရယ်စရာ သဘောထားကာ ပြောကြသည်။ တဝါးဝါး တဟားဟားနှင့် ဖြစ်နေကြသည်။





'စီအတွေ့အကြုံက ရည်းစားပါးကို နမ်းရသလိုတော့ ဘယ်မွှေးမလဲ၊ ဘယ်လာနှုးညံ့ မလဲကွ။ ပြီးတော့.... ရည်းစားက နမ်းမလို့ ရွယ်လို့ ပါးတဘက် လှည့်သလို အီစီကလီ မူလကျီ သွန့်နီလုပ်လို့ ရတဲ့ဟာမျိုးမှ မဟုတ်တာ'

ာပ်မောင်ကျော်က ဥပမာ နှိုင်းသည်။ နော်ဇာလွင်သည် ခစ်ခစ် ရယ်နေသည်။ သူပြောသမျှကို ထွေးအောင်နှင့် ထွေးတို့ နှစ်ယောက်က တငေးတမောနှင့် နားထောင်နေသည်။ သည်ပွဲတွင်မှ သက်သက်၊ ရီထွေး၊ နော်ဇာလွင်နှင့် မြိုင်တို့ လေးဦးသား ပိုမို ရင်းနှီးသွားသည်။ နော်ဇာလွင်သည် အမျိုးသမီးသုံးဦး၏ မေးသမျှကို ဖြေရသည်။ တခါတခါ၊ အမေက ဝင်မေးသည်။ အနေအထိုင် အစားအသောက်မှအစ အတွေ့အကြုံအဝဝကို နော်ဇာလွင်က စီကာပတ်ကုံး ပြောပြသည်။ အောင်ထွတ်နှင့် မောင်မောင်ကျော်တို့က သူတို့ ကြားလိုက်ရသည့် အပတ်တွင် မြခြူးအိမ်မှလွှင့်ခဲ့သော သီချင်းတွေ အကြောင်း မေးသည်။ သီချင်းဝိုင်းတွေ အကြောင်း မေးသည်။ ဒကာသိပန်ဝိုင်း၊ ဥသာဝတေး တေးသံ၊ မြတ်ဆုဝေနှင့် သခုမအောင်သံ ဝိုင်းတွေ အကြောင်း မေးလေသည်။ ဂျိုးဇက်နှင့် ထွေးအောင်က တလှည့်စီ ဖြေရသည်။ မြဝတီ ငွေတာရီတို့ ကိုသာ ဖတ်ခဲ့ရကြောင်း၊ ရှုမဝ၊ သွေးသောက်တို့ကို မဖတ်ခဲ့ရကြောင်း၊ ဝတ္ထုစာအုပ်တွေ မဖတ်ရကြောင်းကို မောင်မောင်ကျော်က ပြောသည်။ သွေးသောက်နှင့် ရှုမဝမဂ္ဂဇင်းတွင် သူ့

ဝတ္ထုတိုတွေပေးထားကြောင်း၊ ယခု ရှာဖွေ ကြည့်သောအခါ မတွေ့ရကြောင်း၊ မထည့်ပဲထားသလော၊ ပယ်လိုက်သလော သွားမေးဦးမည် ဖြစ်ကြောင်း၊ ယမုန်နာစာပေသို့ ပေးထားသော လုံးချင်းဝတ္ထုကိုစွအတွက် မနက်ဖြန်ခါတွင် သွားမေးရမည့်ဖြစ်ကြောင်း ပြောသည်။

ကင်းကွာနေသော ပတ်ဝန်းကျင်၊ ဝေးကွာနေသော သူငယ်ချင်းတွေနှင့် ပြန်လည်ဆုံတွေ့ရသည်မှာ နှစ်ရက်သာရှိ၍ ပြောမကုန်၊ မေးမကုန် ဖြစ်လျက်ရှိသည်။ ထို့ပြင် အောင်ထွတ်ထံမှ သတင်းဆန်း တခု ကြားရသည်။ သူခြေငြိမ်သွားအောင် သူ့မိဘက အကြောင်းပြကာ အိမ်ထောင်ပြု ခိုင်းနေခြင်း ဖြစ်သည်။ မြိုင့်မိဘများနှင့် ပြောဆိုပြီးပြီ ဆို၏။ လာမည့် တ နှစ်လ အတွင်း လက်ထပ်ရန် နှစ်ဘက်မိဘ စီစဉ်နေကြပြီ ဟု ကြားရ၏။ အောင်ထွတ်က သူ့ဖခင်အကြောင်းကို ပြောသည်။

'အဘိုးကြီးက ဘာပြောတယ် မှတ်လဲ။ မိန်းမယူပြီးယင် စွပ်ကျယ်စက်မှာပဲ မန်နေဂျာ ပြန်လုပ်တဲ့။ မင်း သူငယ်ချင်းတွေနဲ့ တိုင်ပင်ပြီး သီချင်းဝိုင်းတဝိုင်း ထောင်တဲ့ သူ့စကား နားမထောင်ယင် အိမ်ပေါ်က ခုဆင်းထ ကွ။ ကျောင်းလဲ ဆက်မတက်နဲ့တဲ့။ ဘီအယ်လဲ မတက်နဲ့၊ အီးဒီလဲမတက်နဲ့။ ကျောင်းဘက်ကို ခြေဦးလှည့်တာ ကြားရယင် အသေပဲတဲ့။ သူရိုက်သတ်မယ်တဲ့။ မိဘ စိတ်ဆင်းရဲအောင် လုပ်တဲ့ ကောင်တဲ့ဗျ။ အဘိုးကြီး စိတ်ဆိုးမှာ စိုးလို့ ခေါင်းညိတ်ပြလိုက်ပါတယ်'





မြို့မြို့ ဖွေးဖွေး ဝဝ ကစ်ကစ် ကိုယ်ကို လှုပ်သွားအောင်ပင် မြိုင်က ရယ်နေသည်။ မျက်နှာဝိုင်းတွင် ကြည်နူးငွေ့တွေ ဆိုင်းနေ၏။ မြိုင်နှင့် အောင်ထွတ်တို့ နှစ်ယောက်ကိုကြည့်ကာ ဂျိုးဇက်က စ၏။

'ရာဝင်အိုးမှာ ဖားပျံ့ကပ်နေသလိုပေါ့ကွာ'

အားလုံးက ရယ်ကြသည်။ တင်မောင်လွင်က ဂျိုးဇက်ကို ပြန်ပြီး နောက်၏။

'လောကနီတိဆရာကြီး ဂုတ္ထိယကဗျာကို ရွတ်မပြတော့ဘူးလားကွ'

ဂျိုးဇက်က ခေါင်းခါယင်း

'ငါကိုယ်တိုင် အဲဒါကို ဖတ်လဲမဖတ်တော့ဘူး။ ရထားတာတွေတောင် မေ့ပစ်လိုက်ပြီကွ'

အောင်ထွတ်က အံ့ဩဟန်နှင့်

'ဟ....ဘယ်လို ဖြစ်သွားတာလဲ'

အမျိုးသမီးတွေကို တချက် လှမ်းကြည့်ကာ

'အမျိုးသမီးတွေ ရှေ့မှာပြောရတာ အားနာစရာကြီး။ ဒါပေမယ့်....ပြောရမှာပဲ။ ဒီလိုကွာ၊ အမျိုးသမီး ဆိုတာ ဝေ့လည်လည် ဖြစ်တယ်၊ ခက္ခ ကောက် တယ် ဘာညာနဲ့ လောကနီတိက ဆိုတယ် မဟုတ်လား။ ရောင်စုံဖဲပြားတွေကို လေထဲမှာ လှည့်တဲ့အခါ ကြည့်ရတာ ဘယ်လောက် လှသလဲ။ ဟဲ....ဟဲ....အဲဒီ အလှကို ငါ မြင်တတ်ပြီကွ'

အမျိုးသမီးတွေက ပြုံးနေသည်။ တင်မောင်လွင်က ဂျိုးဇက်ကို စေ့စေ့ကြည့်ကာ အောင်ထွတ်ကို ပြော၏။

'တွေ့လား၊ မင်းတို့နဲ့ မတွေ့တဲ့ကြားမှာ ငါ့ ကလေး စကား ဘယ်လောက် တတ်လာတယ် ဆိုတာ'

'ဟုတ်တာပေါ့၊ ငါးမူးဖိုးရယ်....။ ဒီစကား တွေ က ယောက္ခမအိမ် မင်း မ တက် ရ ခင် သင်ပေးခဲ့တာတွေ ပါ။ ခု မင်း ယောက္ခမ အိမ် ရောက်သွားကတည်းက ငါ စကား မသင်ရတာ တလလောက် ရှိပြီ'

ဂျိုးဇက်က ဘခွန်းမခံ၊ ပြန်ပြော၏။ အကြောင်း သိများ ဖြစ်၍ ရယ်လိုက်ကြ၏။ တင်မောင်လွင်သည် ယောက္ခမများ နှင့် အဆင်ပြေ၍ သက်သက်တို့ အိမ်ပေါ်သို့ ရောက်သွားသည် မှာ တလခန့် ရှိပေပြီ။ သက်သက်သည် ဂျိုးဇက်၏ အပြော ကြောင့် တခစ်ခစ် ရယ်နေသည်။ အောင်ထွတ်က သက်သက်ကို မေးသည်။

'သက်သက် ကြားလိုက်လား။ ငါးမူးဖိုး ဆိုတာ သိ လား'

သက်သက်က ခေါင်းညိတ်ပြယင်း ပြုံးနေ၏။ တင်မောင်လွင်က ဂုဏ်ယူသံဖြင့် ပြောသည်။

'ငါက ရှိုးသားပါတယ်ကွ၊ ငါ့ဇာတ်လမ်းစုံကို အစော ကြီးကတည်းက ပြောပြပြီးသား။ မင်းတို့လို လူတဘက် သားကို တပတ်ရိုက်မထားဘူး၊ သိလား။ ဒီမယ် မြိုင်၊ အဆိုတော် တိုး ကြောင် ကလေး အကြောင်းကို သိ





လား။ နော်ဇာလွင် က ကော မောင်မောင်ကျော့် အကြောင်း ဘယ်လောက်သိလဲ။ မောင်မောင်ကျော်က မေသော်ဆိုတဲ့ ကောင်မလေး နဲ့ ဗျ။ အောင်ထွတ်က စတယ်လာနဲ့။ ကောင်မလေးတွေက သူတို့ကို ကန်လဲ ထုတ်လိုက်ရော ချောင်း ထဲ ကို ဆင်းသေကြ မလို့။ ကျွန်တော်တို့ အဆွဲကောင်း အချော့ကောင်းလို့'

…ဇာလွင်က မောင်မောင်ကျော်ကို လှည့်ကြည့်ကာ "ဟုတ် …း"ဟု မေး၏။ မောင်မောင်ကျော်သည် မျက်နှာ နီနေ …ည်။ မဖြေ။ စပ်ဖြီးဖြီးလုပ်နေသည်။ မောင်မောင်ကျော့် …ကြည့်ကာ ရယ်လိုက်ကြ၏။ အောင်ထွတ်က မြိုင့် မျက်နှာ …ခပ်ဝှက်ဝှက် လှမ်းကြည့်သည်။ အောင်ထွတ် အမူအရာ …ကြောင့် ဝါးကနဲ ဖြစ်သွားကြ၏။ အောင်ထွတ်က တင်မောင် …ကို ပြောသည်။

'မင်းကသက်သက်ကို ပြောပြခဲ့ယင် မသကာ ခင်နှင်းဆီ နဲ့ပတ်သက်တာလောက် ဖြစ်မှာပါ။ မင်းနဲ့ ဖြစ်ခဲ့သမျှ ကောင်မလေးတွေရဲ့ စာတွေ အားလုံး ငါ့ဆီမှာ မင်း သိမ်း ခိုင်း လို့ သိမ်း ထား ရ တာ တွေ ခုထိ တစောင် မလျှော့ ရှိတယ်'

…စကားကြောင့် တင်မောင်လွင့် နှုတ် နည်းနည်း လေးသွား… မြိုင့် ပခုံးကိုဖက်ထားသော သက်သက်က

'အဲဟုတ်လား ကိုအောင်ထွတ်။ ကျွန်မကို ပေးပါလား'

…ောင်ထွတ်က တင်မောင် လွင့် ကို 'ဘယ့်နှယ် ရှိစ' အ

ကြည့်ဖြင့် ကြည့်သည်။ တင်မောင်လွင်သည် ရယ်ကျဲကျဲ [illegible] နေသည်။ နော်ဇာလွင်သည် ခစ်ကနဲ ရယ်လေ၏။ ဂျိုး[illegible] အားပါးတရ ရယ်သံက ထွက်လာပြီး

'ခုနတုန်းကတော့ သူ့အသံချည်းပဲ။ ခုတော့ [illegible] တဲ့ကို ချီးကားကြိတ်ထားတဲ့အတိုင်း၊ ပါးစပ်က[illegible] ဟစ်ဟ ဟစ်နဲ့'

ဂျိုးဇက် ပြောပုံကြောင့် သက်သက်က ပြုံးသည်။ ထိုနေ[illegible] စကားဝိုင်းသည် အသံဆိတ်သွား၏။ ထိုအချိန်တွင် မောင်[illegible] ကျော်က တခွန်းပြောသည်။

'နေပါဦး၊ ခု ဒီနေ့ ကျေးမွေးတဲ့ အစမ်းအနား[illegible] ဘာအထိမ်းအမှတ်လဲကွ'

ရီထွေး ထံသို့ မောင်မောင်ကျော် လှမ်းကြည့်သည်။ [illegible] ချက်ကို ရိပ်မိဟန် ရှိ၏။ ရီထွေး ပါးနှစ်ဘက်သည် နီ[illegible] ထွေးအောင်က ပြုံးစေ့စေ့နှင့်။ အောင်ထွတ်သည် တ[illegible] တည်း ညည်းသလို ညည်းလိုက်သည်။

'လျှိုလဲ လျှိုနိုင်ကြပါပေတယ်။ သကြိန်တွင်[illegible] ကြေငြာချက် ထွက်တယ်ဆိုတာ ငါတော့ မယုံ[illegible] ကွာ။ ခုနစ်တန်း ရှစ်တန်းလောက်က ကိစ္စကို [illegible] တော့မှ အသိပေးတာ ငါ မကျေနပ်ဘူး'

ရီထွေးသည် မျက်နှာပေါ်လွဲလွဲထားကာ ပြုံးနေ၏။ နော်[illegible] လွင်၏ ပြည့်ဖြိုးဝင်းဝါသော လက်မောင်းကို ရီထွေ[illegible]





[illegible]ထားလေသည်။ ဂျိုးဇက်က ချောင်းဟန့်သံ တမင်တကာ [illegible]၏။ ပြီးမှ ပြောသည်။

'လက်ဖွဲ့ပစ္စည်းလေး ဘာလေး ရှာထားဦးမှ။ အနှီးတွေ မီးမကင်းဆေးတွေ ဝယ်ထားရယင် ကောင်းမယ်။ ဆရာကြီး တင်မောင်လွင်ရဲ့ လမ်းစဉ်အတိုင်းဆိုယင် မလွယ်ဘူး။ ရှေ့ကျဲက ရှိုလူးထားတော့ နောက်က လိုက်မယ့် ကျဲတွေကလဲ ခိုးစားတာ ဝါသနာပါချင် ပါနေမယ်'

[illegible]က်သက်သည် ခေါင်းကို ငုံ့ပစ်လိုက်၏။ တင်မောင်လွင်သည် [illegible]ပ်အဟောင်းသား။ ရီထွေး၊ နော်ဇာလွင်နှင့် မြိုင်တို့သည် [illegible]က်နှာအထားရ ခက်သွားကြသည်။ ထွေးအောင်က ဂျိုးဇက် [illegible] အံကြိတ်ပြလေသည်။ ဂျိုးဇက်သည် သိလျက်နှင့် ဆက်၍ [illegible]ပြောသည်။

'ဗယာကြော်၊ ဂဗာကြော်၊ နိုင်ဂံကြော် စာရေးဆရာကြီးတို့ အတွဲကကော။ ဘယ်အချိန် ဘယ်အခါမှာ စုလျားရစ်ပတ် လက်ထပ်တော်မူကြမယ်လို့ မှန်းထားသလဲ'

[illegible]ော်ဇာလွင်က မောင်မောင်ကျော်ကို လှမ်းကြည့်သည်။ မောင် [illegible]ောင်ကျော်က စကားအကောင်း ပြောသည်။

'မင်းအသိပဲ။ သူ့အဖေနဲ့ ငါ့အဖေက နိုင်ငံရေးကမ္ဘာ ရန်တွေ။ ခု သူ့သမီး အဲလို အဲလို ဖြစ်သွားတာ ငါ့ ကြောင့်လို့ စွပ်စွဲတယ်လေ။ မေးကြည့်ပါလား နော်

ဇာလွှင်ကို။ သူ့သမီးကိုလဲ ဆူလိုက်တာ။ သမီး

သမီးဟာတဲ့၊ ပါမောက္ခအဖြစ် နှစ်စေ့လို့

မယူရခင်၊ အဖေ အလုပ်ပြုတ်အောင် လုပ်တာလား

ခုမှ ပိုမလွယ်တာ'

ထွေးအောင်က ဝင်ပြောသည်။

'မင်းတို့ ပြဿနာက ရှိမိယိုနဲ့ ဂျူလီယက် ဇာတ်

လိုပဲ'

အောင်ထွတ်က ထင်မြင်ချက်ပေးသည်။

'ဒီဇာတ်က အလွမ်းနဲ့ သိမ်းတာ။ ဒါမျိုးတော့

မခံနိုင်ကိုယ့်လူ။ ဆရာကြီးရဲ့ လမ်းစဉ်ကို လိုက်နာ

လိုက်နာပစ်လိုက်'

ဆရာကြီး ဆိုသူမှာ တင်မောင်လွှင်ကို ရည်စူးခြင်းဖြစ်

သက်သက်သည် တင်မောင်လွှင့် ကျောကို အသာလှမ်း

နော်ဇာလွှင်က ရှက်ရယ် ရယ်နေ၏။ ကိုယ့်အကြောင်း

အကြောင်းတွေကို ရယ်ကာ မောကာ ပြောနေချိန်တွင်

အောင်သည် အမေ့ အကြော်ဆိုင်ကို ငေးကြည့်လျက်

သည်။ အမေသည် သူတို့ဝိုင်းတွင် တခဏသာ နေနိုင်

စားရသောက်ရသော ထမင်းဟင်းများ အကြောင်းကို

ဖူးနားဝရောကာ တခွန်းနှစ်ခွန်းမေးပြီး အကြော်ဆိုင်

သွားရသည်။ အောင်ထွတ်နှင့် မောင်မောင်ကျော်တို့က

အောင်ကို စီးပွားရေး အခြေအနေ မေးသည်။ အဆင်

ပြေကြောင်း သူပြောလိုက်၏။ ရယ်ပွဲဖွဲ၍ ပါးစပ်တွေ ညော





လာသောကြောင့် စောစောကလို အသံမစည်။ သို့သော်၊

ရွှေ့ရေးတွေ တိုင်ပင်ဖြစ်သည်။

ဂီတာကိစ္စကို အောင်ထွတ်က စ၍ ပြောသည်။

'လေးငါးရက်နေယင် ငါ အသံလွှင့်ရုံ သွားမယ်။ တို့

ကိုယ်ပိုင် ဝိုင်းတဝိုင်း လျှောက်ထားရအောင်။ ဝိုင်း

ခေါင်းဆောင်အဖြစ် ထွေးအောင်ပဲ တာဝန်ယူ။

ဘယ့်နှယ်လဲ'

ထွေးအောင် ခေါင်းညိတ်ပြလိုက်သည်။ ဂျီးဇက်က ဝင်ပြော

သည်။

'ငါ့'အရွှေ့လေ'ဝိုင်းနဲ့ မင်းတို့ဝိုင်းနဲ့ ပေါင်းထားလိုက်

တာပေါ့။ မဟုတ်ဘူးလား'

အရွှေ့လေဆိုသည်မှာ ဂျီးဇက်တို့၏ ဂျပ်ဇ်ဝိုင်းအမည်။ လူငယ်

လူလတ်တို့ အသိများလာသော ဝိုင်းတဝိုင်းအဖြစ်သို့ပင် ရောက်

ပေပြီ။

'ကောင်းတာပေါ့။ ဟေ့ကောင် အောင်ထွတ်....မင်း

အဘိုးကြီးကို စန္ဒရားတလုံး ဝယ်ခိုင်းကွာ။ သီချင်း

တိုက်တဲ့အခါ သူများဆီ သွားသွားနေရတာ မနိုင်

ဘူးကွ'

မောင်မောင်ကျော်က အကြံပေးသည်။ အောင်ထွတ်က ပြော

သည်။

'ငါ့ကို ဘာလုပ်ညာလုပ်ပြောတဲ့နေ့က ငါပြောလိုက်

ပါတယ်။ ကျွန်တော် ဝိုင်းတဝိုင်းထောင်ယင် လိုတာ

တွေ အဖေဝယ်ပေးမလားလို့ ငါမေးတယ်။ မင်း ခြေ
ငြိမ်ယင်၊ ဒါကိုပဲ တစိုက်မတ်မတ် လုပ်ယင် ဝယ်ပေး
မယ်တဲ့။ ငါ ဝယ်ပြီးလဲ အိမ်မှာ မထားပါဘူး။
ဒီကောင့်ဆီ ပို့ထားမယ်'

ထွေးအောင်ဘက်သို့ မေးငေါ့ပြသည်။ အောင်ထွတ်က ဆက်၍
ပြော၏။

'ညက တယော နည်းနည်းပြန်စမ်းကြည့်တယ်။ လက်
တွေ စိမ်းနေလိုက်တာ။ တယောနဲ့ ပြတ်သွားတာ သုံး
လနဲ့ ဆယ့်တရက်လောက်ပဲ ရှိသေးတယ်။ အေး
ကွာ....အဲဒီ ဝိုင်းကိစ္စကော ဝယ်ဖို့ပြုဖို့ ကိစ္စကော ဒီလ
ထဲမှာ ငါလုပ်မယ်။ သီတင်းကျွတ် အပြီးလောက်မှာ
ဒီကိစ္စတွေ ပြီးလိမ့်မယ်ထင်တယ်။ တကယ်လို့ တို့ဝိုင်းဝိုင်း
မရသေးပဲ သုံးလေးလစောင့်ရမယ်ဆိုယင် 'မြရှုံးအိမ်'
ဝိုင်းကို တို့အစအဆုံး တာဝန်ယူလိုက်တာပေါ့။ ကုန်
ကျစရိတ် တို့ပဲ ခံလိုက်မယ်လေ'

တင်မောင်လွင်က အောင်ထွတ်ကို ပြောသည်။

'ကောင်းတယ်ကွ။ အဲဒီ အစီအစဉ် ကောင်းတယ်။ ဒါ
ထက် ထွေးအောင်။ အသံသွင်းရမယ့် ရက်ချိန်းကော
ရပြီလား'

'နိုဝင်ဘာ လကုန်ထဲမှာ'

ထွေးအောင့် အဖြေအဆုံးတွင် အောင်ထွတ်သည် ရုတ်တရက်
ရသော သူ့စိတ်ကူးကို ပြောသည်။





'မစ္စတာ ဝေါင်းဆီမှာ ဗိုင်လိုဖုန်း တလုံး ရောင်းမယ်
ကြားရတယ်။ နက်ဖြန်သန်ဘက်လောက်တော့ သွား
မေးကြည့်ဦးမယ်။ ရယင်တော့ ဆွဲထားလိုက်မယ်'

ထွေးအောင်က ထင်မြင်ချက် ပေးသည်။

'ရှိဦးမယ် ထင်တယ်။ ဝယ်နိုင်ယင်တော့ ဝယ်ထားတာ
အကောင်းဆုံးပဲ သူငယ်ချင်း။ လိုအပ်တာတော့ အမှန်
ပဲ။ ဗိုင်လိုဖုန်းရှိထားယင် ဟန်ကျတာပေါ့'

'ဂျပ်ဇ်နဲ့ပတ်သက်လို့ကတော့ မင်း ဘာမှ ဝယ်စရာမလို
ဘူး အောင်ထွတ်။ ငါတို့မှာ အပြည့်အစုံပဲ'

...းဇက်က ပြောပြသည်။ အောင်ထွတ် ခေါင်း ညိတ် ပြ ၏။
...င်မောင်လွင်က သီချင်း ကိစ္စ ပြောသည်။

'သီချင်းတွေကို ခုထဲက ရှာထားမှ'

...ောင်မောင်ကျော်က ''ငါ ခရီးသွားနေတုန်းက စဉ်းစားထား
...ာ လေး ငါးပုဒ် ရှိတယ်''ဟု ပြောသည်။ ထွေးအောင်က
''ငါစိတ်ကူးရလို့ ရေးထားတာ တပုဒ်နှစ်ပုဒ်လောက်ရှိတယ်''ဟု
ပြောသည်။ တင်မောင်လွင် မျက်စောင်းထိုးသည်။ မကျေနပ်
...ဖြင့် ပြောသည်။

'ငါ့ဖို့ မဟုတ်ဘူး မဟုတ်လား။ ရီထွေး ဆိုဖို့ မင်း စပ်
ထားတာ ဖြစ်မှာပါ'

...ီထွေး ပြောသည်။

'ကိုတင်မောင်လွင်ဆိုဖို့ တပုဒ်ပါပါတယ်။ ကျွန်မ သိပါ
တယ်'

ထေးအောင် ရယ်နေလိုက်သည်။ အောင်ထွတ်က တင်မော[illegible] လွင်ကို ကြည့်ယင်း

'မင်း ဆိုဖို့ ငါ ရေးထားတာ ရှိပါတယ် မပူပါနဲ့'

ဂျိုးဇက် မေး၏။

'ဘာလဲ၊ ခေါင်းစဉ်က 'ခင်နှင်းဆီရဲ့ ငါးမူးဖိုး' ဆို[illegible]
မဟုတ်လား။ စာသား အစကို ငါ မှတ်မိပါတယ်[illegible]
ဘာတဲ့....ဆိုက်ကူးမရဲ့ ဆိုင်မှာကွယ် မျက်ရည်ကျရတယ်[illegible]
အရက်ဖြူ ငါးမူးဖိုးစိမ်တဲ့ မောင့်အသည်းဝယ်‚ စ[illegible]
ပေါက်တော့မယ်....ဟုတ်တယ် မဟုတ်လား'

သက်သက်သည် သူ့ယောကျ်ားကို ကြည့်ကာ တဟားဟား[illegible] ရယ်နေ၏။ သံနေသံထားဖြင့် ဆိုသောကြောင့် ဂျိုးဇက်[illegible] ပွဲကျသွားလေသည်။

ညနေပိုင်းသို့ ရောက်တော့မှ လူစုခွဲ ဖြစ်ကြသည်။ မျက်နှာအားလုံး ကြည်ကြည်စင်စင်၊ ရွှင်ရွှင်ပျပျ။



[illegible]ပေးစကားကို အမေသည် တိုးတိုးဆိုနေ၏။ ဆိုပြီးသောအခါ [illegible]ကြပန်းထဲမှ ကန်တော့ပစ္စည်းတွေကို မျက်တောင်မခတ် ကြည့် [illegible]၏။ လိမ္မော်သီး၊ ကိုးခင်းပတ်ဗူးကြီး၊ မအုံးမယ် ဆေးပေါ့ [illegible]ပ် ငါးဆယ်စည်း၊ လက်ဖက်စုံ တထုပ်၊ ငှက်ပျောဖီးကြမ်း [illegible]ဖီး၊ ဖယောင်းတိုင်တထုပ်။ ဖယောင်းပုဆိုးပေါ်ရှိ စက္ကူအိတ် [illegible]တွင် ပါတိတ် ထဘီ တထည်။ အမေသည် ထိုပစ္စည်းတွေကို [illegible]ကြည့်ကာ မျက်လုံး လဲ့ထား ခြင်း ဟု သိ သည်။ အမေ့ ကို [illegible]ကြည့်ရက်၍ ဘုရားစင်ကို မော့ကြည့်နေလိုက်သည်။

[illegible]မေသည် အဖေ့ကို သတိရနေဟန်ရှိ၏။

[illegible]စ်က တနှစ်က တမြန်နှစ်က သားအမိ သားအဖ သုံးဦး [illegible]အိမ်ထဲတွင် ရှိခဲ့ကြပုံကို မြင်ယောင် အမှတ် ရ နေ ပုံ ပင်။

သားဖြစ်သူက ဝါကျွတ်ကာလတွင် ကန်တော့နေမြဲ ဖြစ်သည်ကို တွေးတောမိပုံရ၏။ အမိနှင့် အဖကို သား မြင် နေ ရာ မှာ သည်နှစ်တွင် အဖ မရှိတော့ပြီ။ ခင်ပွန်းကို တမ်းတစိတ်သည် နှလုံးအိမ်တွင် လှောင်ထားသလို ဖြစ်နေသည်။ သားဖြစ်သူ၏ အောင်မြင်မှုတွေကို မြင်စေချင်သည်။ အဆက်အသွယ် ကောင်းတွေ၊ အခွင့်အလမ်းတွေ၊ ကြိုးစားမှု အလျောက် နေရာရလာခြင်းတွေ ကြားသိစေချင်သည်။ မည်မျှ ဝမ်းသာလိုက်မည် မသိ။ တွေးကြည့်ရုံနှင့် သွားလေသူ၏ မျက်နှာကို ပီတိမျက်နှာမျိုးဖြင့် မြင်လာသည်။ အပြင်၌သာ၊ အသက်ရှင် ထင်ရှား ရှိနေလျှင် ထိုဖအေကြီးကို တစိမ့်စိမ့် ကြည့် နေ လိုက် မိ မည်။ အတွေးထဲရှိ ခင်ပွန်းသည်ကို သူ့လက်ယာဘက်တွင် ထိုင်ခိုင်း ထားသည်။

အသိ ဝင်လာသောကြောင့် ဇွ နွေ့ ဆည် လိုက် ရ သည်။ သော် မျက်ရည်ဝိုင်းနေသော မျက်လုံးအစုံကို သား တွေ့ သွား တွေ့သွားနိုင်သည်။ ထို့ကြောင့် မျက်နှာချင်းမဆိုင်။ ဗန်း စက္ကူအိတ်ကို ပူးတွဲ မ,ကာထလိုက်ရ၏။ မီးဖိုဆောင်ဘက် သူ ထွက်သွားတော့မှ တွေးအောင်သည် ပုဆစ်တုပ် အထိုင် ဖျက်သည်။ ထိုနောက် စားပွဲတွင် သွားထိုင်သည်။ အမေ သည် မီးဖိုဆောင်ထဲမှ တော်တော်နှင့် ထွက်မလာ။ ကြိုတင် ငိုနေသည် ထင်၏။

ထိုခဏတွင် တင်းထားသော စိတ်သည် ရွှေ့ ရွှေ့ လှုပ် လှုပ် ဖြစ်လာ၏။

ဒုတိယအကြိမ်



ရင်ဝတွင် ဆို့ထစ်နေသည်။

လူ့ဘဝကို အတွေးခြေလှမ်း တလှမ်းချမိသည်။ တွေ့ကြုံဆုံကွဲဟူသော အသံကို မကြာခဏ ကြားရ ဖတ်ရဖူးသည်။ မသေမီ၊ မခွဲမီ စိတ်ချမ်းချမ်းသာသာ နေချင်သည်။ စားဝတ်နေရေး မကြောင့်မကြ မတောင့်မတ ဘဝကို လိုချင်သည်။ သေပြီးသည့်နောက် ရုပ်ဒြပ်ကား မကျန်ရစ်။ ယုံကြည်ရည်စူးရာကို မသေမီတွင် အကောင်အထည်ဖော်။ လူတွေအားလုံး တယောက်ကိုတယောက် ချစ်ခင်နားလည်စွာ ဆက်ဆံကြလျှင် မည်မျှ ကောင်းမည်နည်းဟု တွေးသည်။ အမုန်းတွေ အာဃာတတွေ အငြိုးတွေ ထားကြ၊ တိုက်ကြခိုက်ကြ၊ သတ်ဖြတ်ကြနှင့်။ စိတ်မချမ်းမြေ့စရာတွေ ဖြစ်သည်ကား အမှန်။ သို့သော်လည်း လူဆိုသည်မှာ အမျိုးမျိုး။ တညီတည်းညီအောင် တိဖြတ်၍ရသည်မဟုတ်။ အလှာတွေ အတန်းအစားတွေ ကွဲကွဲပြားပြား။ ဘဝ၏ အနက်အဓိပ္ပာယ်သည် လေးနက်ရှုပ်တွေးသည်ဆိုသောစကားကို မငြင်းချင်။ ကိုယ့်တယောက်တည်း၏ဘဝ အဖေအမေ မိသားစု၊ အပေါင်းအသင်း၊ ကျင်လည်ရာ ဂီတလောက။ သဘောထားတွေ၊ ကိုယ်ကျင့်တရားတွေ၊ မျိုက်တွေ၊ ဆက်နွယ်ပုံတွေ၊ ဆက်ဆံရေးတွေ၊ အသိဉာဏ်ကိစ္စတွေ၊ ရပ်တည်ရမည့်အနေအထားတွေ တန္ဒယ်ငင်တစင်ပါ အတွေးနစ်မိသည်။ အတွေးသည် သတ်သတ်မှတ်မှတ် မရှိ။ ထိုနောက် အစသို့ ပြန်ရောက်လာသည်။ အသက်ရှင်ခြင်း၊ လှုပ်ရှားခြင်းနှင့် သေခြင်း။

ဒုတိယအကြိမ်

ဦးနှောက်ထဲသို့ သတိပြန်ဝင်လာသောအချိန်တွင် အမေ့ကို အကြော်ဆိုင်မှာ မမြင်ရသေး။ ဒေါ်သိန်းရင် အိမ်ပေါ်သို့ တက်လာသော ခြေသံကြောင့် အတွေးတွေ ပြတ်သွားသည်။ ထိုစဉ်၌ ရင်သည် သိသိသာသာ သက်သာလျက် ရှိပြီကို မှတ်သားမိ၏။

'မမြရီ....ဆော်ဒါမှုန့် ရှိသေးလား'

'ဪ....မသိန်းရင်၊ လာ....လာ....ရှိတယ်'

မီးဖိုဆောင်ဘက်မှ အမေ့ ဖြေသံမှာ နှာခေါင်းသံပါနေသည်။ ဒေါ်သိန်းရင်က 'မုန့်နှစ်နည်းနည်း ဖျော်ထား မလား အောက်မေ့လို့' ဟု ပြောကာ မီးဖိုဆောင်ထဲသို့ ဝင်သွားသည်။ ထွေးအောင်သည် စားပွဲပေါ်ရှိ သီချင်းစာရွက်တွေကို ကြည့်လိုက်သည်။ မောင်မောင်ကျော် ရေးထားသော သီချင်းကို တေးသွားသွင်းရဦးမည့် တာဝန်ကို သတိရသည်။ သူရေးသော သီချင်းစာသားတွင် ခေါင်းစဉ် မတပ်ရသေး။ ဖြည်းဖြည်း စဉ်းစားပြီးမှ သီချင်းအမည်ပေးမည် စိတ်ကူးသည်။ မောင်ဆွေနွယ်၊ တင်ဝင်းလှိုင်နှင့် ဒေါက်တာ ငွေစိုးတို့၏ သီချင်း တပုဒ်စီ ရထားပြီးပြီ။ အောင်ထွတ်လာလျှင် မေးကြည့်ရဦးမည်။ စန္ဒရားချစ်ဆွေ ရေးပေးမည်ဆိုသော သီချင်းကို အချိန်မီ ရမှရပါမည်လား။ ရလျှင်၊ တလွှင့်စာ သီချင်း လုံလောက်ပေပြီ။ မောင်ဆွေနွယ် သီချင်းစာသားအတွက် အသံ တချို့ တဝက် ရှာ၍ ရထားပြီ။ အဆိုပျိုးပေးသော တီးကွက်ကို ပြန်ပြီးစမ်းရန် စားပွဲဘေးသို့ ကိုယ်ကို လှည့်လိုက်သည်။ သတ္တု





ကြိုးများပေါ်ရှိ လက်စတ်နှစ်ခုကို ယူလိုက်သည်။ အသံထိန်း ကို လွှတ်လိုက်သည်။ လျှပ်စစ်ခလုတ်ကို လှမ်းဖွင့်လိုက်၏။ ...ကာလည်သံတို့သည် အလူမီနီယံပိုက်လုံးများထဲမှ တိုးတိုး ...က်လာသည်။ လက်ခတ်နှင့် သတ္တုချောင်းတို့ ထိသံသည် ...င်းဂယက်များသဖွယ် ဂယက်ထနေ၏။ ဇိုင်လိုဖုန်း တူရိယာ ...သည် ဆွတ်ပျံ့ဖွယ်အသံ အမျိုးအစား။ စန္ဒရားဝင်မှမည့် ...ရာတွေကို စိတ်ကူးဖြင့် ထည့်ကြည့်သည်။

'နားထောင်လို့ ကောင်းလိုက်တာ'

...ွေး အသံ။ လှည့်ကြည့်သော် ရီထွေး သူ့ထံ လျှောက် ...၏။

'တခါထပ်ပြီး နားထောင်ကြည့်ဦးမလား'

...ခေါင်းညိတ်သည်။ သတ္တုလှိုက်သံ ထွက်လာ၏။ သံစဉ်နိမ့်မြင့် ...င်းဂယက်တွေ ရိုက်ခတ်နေ၏။ အချသံ၏ ပဲ့တင် သံ ...ပျောက်သွားတော့မှ အသံထိန်းကို ပြန်လွှတ်လိုက်သည်။ မီး ...လုတ် ပိတ်လိုက်သည်။ ထိုစဉ် ဒေါ်သိန်းရင်၏ ခြေသံကို ...ကြားရသည်။ ဒေါ်သိန်းရင် ဆင်းသွား၍ မကြာမီ မြေကြီးပေါ်သို့ ...ဆက်ခါနီးမှ အမေ့ ခြေသံကို ကြားရ၏။ အမေ့ကို ...ထွေးက လှမ်းပြောသည်။

'ဟော....အမေ....အိမ်ထဲမှာကိုး။ သမီး ဆိုင်ကို ကြည့် ခဲ့သေးတယ်။ ကလေးမလေး တယောက်ပဲ တွေ့ရ တယ်'

အမေသည် နှာရည်မစင်သေးသော အသံဖြင့် ပြောသည်။ အသံမှာ ငိုပြီးခါစအသံဟု ထွေးအောင်ကသာ ရိပ်မိသည်။

'ဩော်....မသိန်းရင့် သမီးကလေး ထိုင်နေတာ၊ ဒေါ်ဒါမှုန့်ကုန်လို့ အိမ်ပြန်ယူနေတာ သမီးရဲ့'

သူတို့အနီးသို့ အမေ လျှောက်လာ၏။ မျက်နှာလွှဲပစ်လိုက် သော်လည်း နီနေသော မျက်လုံးအစုံကို ထွေးအောင် မြင် လိုက်ရသည်။

'သမီး ထမင်းစားပါလား။ ကြက်သားဆီပြန်ချက် တယ်။ မဲဇလီဟင်းချို ချက်တယ်။ ပဲတီပင် တို့စရာ လေ။ စားသွားနော်၊ မွှိန်မှာပါ'

ရီထွေးသည် ပြုံး၍ ခေါင်းခါပြ၏။

'ဟင့်အင်း၊ သမီးစားလာပြီးပြီ။ အမေ့ဖို့ ချောက်ချိုး သီးတွေ ဝယ်ခဲ့တယ်။ ဟိုမှာ'

စားပွဲဝိုင်းပေါ်ရှိ စက္ကူအိတ်ကို မျက်လုံးဖြင့် ပြသည်။ အမေသည် ကုလားထိုင်တွင် ထိုင်ယင်း စက္ကူအိတ်ကို ကြည့် က 'တလုံး နှစ်လုံးဆို တော်ရောပေါ့ သမီးရယ်။ များလိုက် တာ'ဟု ပြောသည်။ ထိုနောက် 'ထိုင်လေ သမီး'ဟု ပြော သည်။ ရီထွေးက ထွေးအောင် အပါးမှ ခွာကာ အမေနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်သည်။

'ဒီနေ့ သူ ဘယ်လျှောက်လည်သေးလဲ အမေ'

'တနေ့လုံး ဘယ်မှ မသွားပါဘူး။ စောစောတုန်းက





အမေ့ကို ကန်တော့ဖို့ ပစ္စည်း ဈေးပိုင်း ထွက်ဝယ်တာ ပဲ ရှိပါတယ်'

'အမယ်....လိမ္မာသားပဲ'

အမေက ပြုံး၍ ကြည့်သည်။ ထွေးအောင် ပြောခါနီးမှ သားဆီသို့ တချက် ကြည့်၏။

'လိမ္မာတယ်လေ။ ခင်ဗျား လိုမှ မဟုတ်ပဲ'

ရီထွေးသည် နှုတ်ခမ်းစူပြသည်။ ထိုနောက် မေးသည်။

'တနေ့လုံး ဘာလုပ်နေလဲ'

ထွေးအောင်သည် မျက်ခုံး ပင့်ကာ မဖြေချင် ဖြေချင် အမူ အရာ တမင် လုပ်၏။

'ကျွန်တော့် သီချင်းကို အချောသတ်ပါတယ်။ ကျွန် သီချင်းတွေအတွက် တေးသွားရှာရပါတယ် ခင်ဗျာ'

'ကျောင်းအားရက်မှာ အမေ့ကို ကူမလား မှတ်တယ်။ တေးသွားရှာသလေး ဘာလေးနဲ့၊ အပါးခို အပျင်း ကြီးနေတာ ကြားကောင်းအောင် ပြောတယ်'

အမေ့ ရယ်သံကြောင့် နှစ်ဦးသား ပြုံးလေ၏။

'အမေ့ ရွှေ့မှာမို့ မင်္ဂလာယူနေတာလေ'

ထွေးအောင်က ပြက်လိုက်၏။ ရီထွေး ငြင်း၏။

'မင်္ဂလာယူတာ မဟုတ်ပါဘူးရှင်။ မယုံ အမေ့ကို မေး ကြည့်ပါလား။ အမေ့ကို အကြော် ကူကြော်ပေးဖူး ပါတယ်။ အချဉ်စပ်ဖို့ ငရုတ်သီး ထောင်းပေးဖူးပါ

တယ်။ ကိုအောင့်လို မဟုတ်ပါဘူး။ ဟုတ်တယ် မဟုတ်
လား အမေ'

အမေသည် ထိုနှစ်ယောက်ကို ကြည့်ယင်း ခေါင်းတညိတ်ညိတ်နှင့် အပြုံး မပျောက်။

'ဟုတ်ပါတယ်ကွယ်။ ငါ့သမီးက အများကြီး အဖော်
ရပါတယ်'

'တွေ့လား'

သူ ရယ်ပစ်လိုက်၏။

'အမေ့ကို စည်းရုံး ထားတာတွေ၊ စည်းရုံး ထားတာ
တွေ'

'ဒါပေါ့'

ကြည်နူးမှု မျက်နှာရိပ်သည် အမေ့တွင် အထင်းသား။ အမေက ရှောက်ချိုသီးအိတ်ကို မေးထိုးကာ

'သမီးလဲ စားဦးလေ'

'ဟင့်အင်း....အမေပဲ စားပါ'

'ကျွန်တော်တော့ မစားရဘူး ဆိုပါတော့'

'ဘယ်သူက အဲလို ပြောလို့လဲ'

'ခုန အမေ့ကို ပြောတာလေ၊ အမေပဲ စားဆို။ ကျွန်
တော်ကျတော့ မစားနဲ့လို့ ပြောရာမကျဘူးလား'

'မရည်ရွယ်ပါဘူး'

'လေကြောင်းပို့ဆောင်ရေးမှာ အလုပ်လုပ်တယ် မပြော
ရဘူး။ လေက အမျိုးမျိုး'

ဒုတိယအကြိမ်



'ကိုအောင်ကလဲ အသံရှာတဲ့ နေရာမှာ သိပ်တော်တဲ့
စန္ဒရားဆရာလို့ မပြောရဘူး။ အသံမှာ အဓိပ္ပာယ်တွေ
အမျိုးမျိုး ဖွင့်ဆိုချက် ပေးလို့'

အမေသည် ကိုယ်ကို ကုလားထိုင်မှ အသာကြွသည်။ "ဆိုင်ကို သွားလိုက်ဦးမယ်။ လူကျလာယင် မသိန်းရင် နိုင်မှာ မဟုတ်ဘူး"ဟု ပြောသည်။ "သမီးလဲ ကူလုပ်ပေးမယ်လေ"ဟု ရီထွေး ပြောယင်း ထမည်ပြု၏။ "နေ....နေ....ဟိုမှာ မသိန်းရင် သမီးလေးလဲ ရှိနေတာ။ သမီးတို့ ဘာသာ အေးအေးနေပါ၊ ရပါတယ်"ဟု ပြောယင်း ထသွား၏။ ထွေးအောင်က မင်္ဂလာယူပြန်ပြီဟု ပြောသည့် မျက်လုံးဖြင့် ရီထွေးကို ကြည့်လိုက်သည်။ သူ့ကို မျက်စိတဘက် မှိတ်ပြသည်။ အမေ မကြားလောက်တော့မှ

'အမေ့ကို ကပ်ပြီး ညာစားနေတာ'

'ကိုယ့်အမေကို ကိုယ့်ဘာသာ ညာစားတာ မောင့်အပူ
လား'

'ဒီ အပြောတွေနဲ့ အဘွားကြီးကို လက်မောင်း ဖြုတ်အောင် မြေးချီခိုင်းဦးမှာ သေချာပါတယ်'

'ဟုတ်လား....'

'ဒီနည်းနဲ့ပဲ အဘွားကြီး မြေးတွေ ထိန်းရတာနဲ့ ဥပုသ်
မစောင့်နိုင်မှာကို မြင်ပါသေးရဲ့'

'ဟုတ်လား....'

ဒုတိယအကြိမ်

'ချွေးမက ချတိုင်းအဘွားကြီးကလဲ အဟုတ်မှတ်နေတယ်'

'ဟုတ်လား....'

နောက်နောက် ပြောင်ပြောင်နေလှုက် ရှိသော ရီထွေး စကား ဆက်ပြောလျှင် 'ဟုတ်လား' တွေဖြင့် ရှိနေမည်။ ထို့ကြောင့် စူးစူးစိုက်စိုက် ကြည့်၍သာ နေလိုက်၏။မျက်လုံးကို တနေရာ တနေရာတွင် ခပ်ကြာကြာ ထားမည် စိတ်ကူးသည်။ ဆံပင်၊ ဆံနွယ်မျှင်မျှင်၊ နဖူး၊ နှာတံ၊ နှုတ်ခမ်း၊ မေးစေ့၊ လည်တိုင်၊ လည်တိုင်ကို လွန်မည် အပြု၌

'ဪ....မောင့်ကို ပြောပြရဦးမယ်'

တစုံတရာကို သတိရသံဖြင့် ပြောသည်။ ထွေးအောင်က မျက်လုံးကို လှမ်းကြည့်သည်။ အကြည့်နှင့်အတူ။

'ဘာလဲ ဟင်'

ချစ်စရာ ကောင်းသော လျှောင်ရယ်သံကို ကြားရ၏။

'ဘာမှ မဟုတ်ဘူး။ မောင့် မျက်လုံးကို ပြန်ခေါ်တာ'

ထွေးအောင်သည် ထွက်သက်ကို တအား မှုတ်လိုက်၏။ အင်း အစဉ် ပျက်သွားရ၍ ခေါင်းကုတ်လိုက်သည်။

'ရှားတယ်ကွာ။ အတတ်ပညာက အစုံပဲ။ ဒါကြောင့်လဲ မိန်းမ ဆိုတာဟာတဲ့....'

'ဘာလဲ၊ ဂုတ္တိယကဗျာကို ရွတ်ပြမလို့လား'

ဂျီးဇက်ကို သူတို့ပြောနေကျအတိုင်း ရီထွေးက စကားလုကာ ဝင်ပြောသည်။ ထို့ကြောင့် ရယ်၍သာ နေလိုက်သည်။

'ဪ....ခုမှ သတိရတယ်'





ရီထွေးက ကိုယ်ကို ရှေ့သို့ ငိုက်ကာ ပြော၏။ ထွေးအောင် ခေါင်းခါပြလေသည်။ မျက်နှာ မလှည့်။

'တော်ပါတော့ဗျာ။ ဒီတခါ ဘာကို ပြန်ခေါ်ဖို့ ထပ် ကြံတာလဲ'

'အကောင်း ပြောမလို့ပါ မောင်ရဲ့။ ဒီမယ်....'

'ဟင့်အင်း၊ အယုံအကြည် မရှိ အဆို တင်သွင်းပြီးပြီ'

'အကောင်းပြောမလို့ပါဆို။ ဒီလို မောင်ရဲ့။ ညက မမရီ နဲ့ စကားစပ်မိတယ်....'

သူ လှည့်ကြည့်လေသည်။

'ဆရာဦးမြတ်စံအကြောင်း စကားရောက်သွားတာပါ။ ဘာကနေ ဘယ်လို စကားစပ်သွားတယ် မမှတ်မိဘူး။ ပြောတာတော့ ရီထွေးက စပြောတာ။ မမရီက ကို မြတ်စံနဲ့ ထွေးနဲ့ ရင်းရင်းနှီးနှီး ရှိကြသလားတဲ့။ အင်း လို့ ဖြေလိုက်တယ်။ ထွေးကို မမရီရဲ့ ညီမလို့ကော ကိုမြတ်စံ သိသလားတဲ့။ ရီထွေး ဖြေလိုက်တယ်။ မှတ် မိချင် မှတ်မိ မှာပေါ့လို့။ ထွေးကကော ကိုမြတ်စံကို မှတ်မိတယ် မဟုတ်လားတဲ့။ ခေါင်းညိတ်ပြလိုက်တယ်။ ကိုမြတ်စံရဲ့ စကားတွေထဲမှာ မမရီနဲ့ ပတ်သက်တာ ဘာကြားရသလဲတဲ့။ ကြားမှ မကြားဖူးတာ မကြား ဖူးဘူးလို့ ပြောလိုက်တယ်'

'မောင် သိနေတာကော မမခင်ရီသိလား'

'ဟင့်အင်း။ တာပြောတယ် ထင်လဲ'

'ဆိုစမ်းပါဦး'

ရီတွေးသည် တည်ငြိမ်စွာ ပြောပြသည်။

'ဆရာဦးမြတ်စံတော်ကြောင်း၊ သဘောပြည့်ဝကြောင်း သူ့ကို သိပ်ချစ်တဲ့ အကြောင်းတွေ ချီးကျူးစန်းဖွင့်တယ်။ ပြီးမှ....ဆရာ့ကို ခုထိ သူချစ်နေတယ် ဆိုတာ ပြောတယ်။ သူ့ကို ဆရာ သိပ်စိတ်နာနေမှာပဲတဲ့။ သူ့ကိုယ်သူလဲ အပြစ်တင်မိပါတယ်တဲ့။ ဆရာက သူနောက်ဆုံးအကြိမ် သွားတွေ့ချိန်အထိ၊ ခွင့်လွှတ်နိုင်ခဲ့လို့ ပိုပြီး ယူကျုံးမရ ဖြစ်တယ်တဲ့။ ခုတလော ဆရာ့ကို အောက်မေ့ နေမိတယ်တဲ့'

'အောက်မေ့တယ်၊ ဟုတ်လား'

'အင်း။ မမရီ မျက်ရည်လေးတွေ ဝိုင်းလို့ မောင်ရေ့။ ပြောနေယင်းလေ'

'ခုမှတော့ ဘာတတ်နိုင်တော့မှာလဲ'

'ဟုတ်တာပေါ့ကွယ်'

ထိုနောက် တိတ်ဆိတ်သွားသည်။ ပြောစရာ စကားတွေ ကုန်သွားခြင်းတော့ မဟုတ်။ ပြောစရာစကားတွေ များလွန်း၍ စကား အစ မထွက်နိုင်သည့် ပုံမျိုး။ စကားပြတ်နေချိန်တွင် ရီတွေး မျက်လုံးသည် သူ့ထံသို့ တဝေ့ဝေ့ ။ မသိယောင်ပြုကာ အိမ်ရှေ့သို့ သူ လှမ်းကြည့်လိုက်သည်။ အုမေ့ဆိုင်မှ ရေနံဆီမီးခွက် အလင်းရောင်ကို စည်းရိုးပင်တွေ အကြားမှ မြင်ရပေပြီ။



၁၂

အကြော်ဗန်းကိုကိုင်ကာ အိမ်ပေါ်သို့ အမေ လှမ်းပြီး တက်လိုက်သည်။ တင်မောင်လှိုင်က 'ခု အချိန်က စပြီး အမေ ဒေါ်မြရီရဲ့ အကြော်နဲ့ ညှော်ခံတဲ့အခမ်းအနားကို စတင် ဖွင့်လှစ်ကြောင်း ကြေငြာအပ်ပါတယ်' ဟု အော်ပြောယင်း အမေ့ထံသို့ ပြေးသွား၏။ အမေ့ရယ်သံနှင့်အတူ အားလုံး၏ ရယ်သံတွေ ထွက်လာ၏။ အမေ့ လက်မှ ဗန်းကို သွားယူပြီး စားပွဲပေါ်သို့ တင်လိုက်၏။ အမေသည် ပေသွားတက် ပေါ် အောင် ပြုံးနေ၏။ စန္ဒရားဘေးတွင် ရပ်၍ ကြည့်နေသည်။ တွေးအောင်က ဂျီးဇက်တို့ ဂစ်တာသမားတွေအတွက် ရေးပေးထားသော သဂေ်ီတမှ အပိုဒ်တပိုဒ်ကို ပြင်ရေးပေးနေသည်။ အောင်ထွတ်သည် တယောကြိုး ညှိနေသည်။ တွေးအောင် ရေးလိုက်သော အပိုဒ်ကို လက်ညှိုး ထောက်ပြကာ ဂျီးဇက် မေး၏။

'ဒီမှာ ဘီဖလက်ပြီးတော့ ဘာဝင်မလဲ'

'ဘာမှ မဝင်ဘူးလေ။ အသံရှိန် ဆွဲယူမယ်လေ။ ဟော ဒီ တဘားလုံး'

'အင်းလေ၊ ဟောဒီ ဘားကျမှ ဂျီဖလက်နဲ့၊ အတီးပိုင် ပြန်ကျော့မယ်လေ'

'ဩြော်....ဟုတ်ပြီ၊ ဟုတ်ပြီ။ ထရမ်းပက်က နောက် ဘားမှ ဝင်မယ်ပေါ့'

'အင်း'

ထရမ်းပက် ဆရာက 'နောက်ဘားမှာမှ မဝင်ချင်ဘူးဗျာ။ ဒီဘားမှာပဲ ဝင်သောက်ချင်ပြီ' ဟု နောက်သည်။ ထိုအခိုက် 'သား ပုံးတူတ်တော့မလား' ဟု အမေက သူ့ကို မေး၏။ ထွေး အောင် မဖြေရသေးမီ၊ မောင်မောင်ကျော်က 'ဟာတွတ်တာ ပေါ့။ ဆာနေတယ် အမေရဲ့' ဟု ဝင်နောက်သည်။ ထွေး အောင်က အမေ့ကို မော့်ကြည့်လိုက်၏။ အမေသည် သူ့ကို ပြောလေ့ပြောထ ရှိသော ပန်တျာဗန်းစကားတချို့ကို သုံး တတ်လာမှန်း သတိထားမိ၏။

'ကျွန်တော့် ဘာသာ ကျွန်တော် ခူးစားပါ့မယ်။ ကိစ္စ မရှိပါဘူး'

'စားယင်လဲ စား။ တနာရီတောင် ခွဲနေပြီ။ မနက်က လက်ဖက်ရည်နဲ့ ပေါင်မုန့်ပဲ မင်းဝမ်းထဲ ရှိတာ။ အချိန် မှန်မှန် စားဖို့ ပြောတာလဲ မရဘူး'





ရှုကာဖြင့် ယှဥ်သော မြည်တွန်တောက်တီး ပြုခြင်းသည် မေ့ မလေ့ပင် ဖြစ်လေသည်။

'ခု စားလိုက်ပါလား။ ရီတွေး သွားခူးလိုက်မယ်'

ားနာစွာဖြင့် ခေါင်းယမ်းလိုက်ယင်း

'နေပါစေ။ ကျွန်တော် ခုသွားစားပါ့မယ်'

မေက ရီထွေးကို လှမ်းပြောသည်။

'သမီး မလုပ်နဲ့၊ နေ....နေ....မီးဖိုဆင့်က မနည်းကြည့် နင်းရတာ။ ခွာတ်သိမ့် နို့မဟုတ်ယင် ကြမ်းပေါက် ကျွံမှာ သေချာတယ်'

ွေးအောင်က ထိုင်ရာမှ ထသည်။ အမေက သူ့ရှေ့မှ က်သွား၏။ 'ထမင်းပဲ ပန်းကန်ထဲ ထည့်ရမှာ။ ဟင်းတွေ သုပ်တွေက စားပွဲပေါ်က အုပ်ဆောင်းအောက်မှာ ပြင်ပြီ ား' ဟု ပြောသည်။ 'ဟင်းချို နွှေးလိုက်မယ်၊ ခဏစောင့် င် စောင့်ပါလား' ဟု လှည့်မေး၏။ 'ဟင့်အင်.... မနွှေး နဲ့၊ ဒီအတိုင်းပဲ စားတော့မယ်' ဟု ထွေးအောင် ပြောလိုက် ည်။ ထမင်းစားခန်းအဝသို့ အရောက်တွင် 'ပုံးလေး ဘာ ေး တွတ်ကြဦးမလား' ထွေးအောင်က ဧည့်ခန်းဘက် ို လှည့်ပြီး မေးသည်။ 'တွတ်တွတ်'၊ 'စားပြီးပြီ' ဖြေသံ တွ ကြားရသည်။

မင်း တလုတ် နှစ်လုတ် စားနေခိုက်တွင် တင်မောင်လွင်၏ ချင်း အော်ဆိုသံကို ကြားရသည်။ 'သူ့မျက်နှာ ကျွန်တော့် သည်းစွဲနေတယ်၊ သူသာကျွန်တော့်ဘဝ၊ သူသာ ကျွန်တော့်ရဲ့

ကမ္ဘာ....။’ တပိုင်း တစနှင့် ရယ်လိုက်သည်။ “ဇာတ်သရုပ် ကျတော့လဲ ခူးခပ် ကျွေးချင်တဲ့ လူတွေ ဝိုင်းလို့....သာရ သာရ” ဟူသော ဂျိုးဇက်၏ ပြက်လုံးကို ကြားရသည်။ “ဟုတ်တာပေါ့၊ ကိုငှက်ရိုးရယ်။ ကျုပ်တို့မျှား ကျ အဖြစ်ဆိုးလိုက်တာ။ ရည်းစား တကောင် ဆယ့် ငါးပြား အော် ရောင်း တောင်မှ မ ဝယ် နိုင်တဲ့ အဖြစ်ပေကိုးဗျ” ထ ရမ်း ပက် ဆ ရာ က စကားထောက်၏။ တင်မောင်လွင် ‘ချစ်တယ် သို့သော်ငြားလည်း,အတိတ်ရဲ့ အ ကျဉ်း သား’ ဟု ဆိုလိုက်သံကို ကြားရ၏။ ရီထွေးကို နောက်ပြောင် ကြောင်း သိသာသည်။ စန္ဒရားသံကိုကြားရသည်။ ဟိုခေါ သည်ခေါက်နှင့်။ မည်သူလုပ်နေမှန်း မသိ။ “ဟုတ်ကဲ့၊ ကြ လိုက်စမ်းပါ့၊ ဟိန္ဒူဂီတပညာရှင် စန္ဒရားမောင်ကြောင်လျှော ရေ့။ ဟော....ဗယ်သံညာသံနဲ့ ဆိုတော့ ကြောင် နှစ်ကော လျှောက်တဲ့အတိုင်းပါပဲ။ ဖနောင့်တွေ တံတောင်တွေ ခေါ တိုက်လေးတွေနဲ့ ကြိုးစားလိုက်စမ်းပါဦး”ဟူသော တင်မော လွင် အသံ ကြားရသည်။

တပန်းကန် ကုန်လုချိန်တွင် မီးဖိုဆောင်ထဲသို့ ရီထွေး လာသည်။ ထမင်းစားပွဲဘေးတွင် ငုတ် တုတ် ထိုင် သည်။ နှစ်ဘက်သည် ပန်းနုသွေး။

‘မောင့်သူငယ်ချင်းတွေက အား ကြီး နောက် တာ မကောင်းဘူးကွယ် သိလား’

ဒုတိယအကြိမ်



စိမ်းတရံဆံတွေရှိနေ၍ စိတ်တိုသွားဟန်တူသည်။ ထွေးအောင် ကားလွှဲလိုက်သည်။

‘ရီထွေး ရှိတတ်သလား’

‘ဘာဖြစ်လို့လဲ မောင်’

‘ငါးဆုပ်ကျွေးမလို့၊ မောင့် စားလက်စကြီးမို့ မေးတာ’

‘အဆန်း လုပ်မြန်ပြီ’

‘ရီထွေး ဝင်လာမလား စောင့်နေရတာ။ လှမ်းခေါ်လို့လဲ မကောင်းဘူးလေ။ ဟိုကတွေက နောက်ဦးမှာ။ပြီးတော့....မိန်းကလေးတွေလဲ ရှိတယ် မဟုတ်လား’

‘ဝင်လာမလို့ပဲ။ အမေက ထမင်းဝိုင်း နားမှာ ထိုင်နေတာကိုး။ အမေ ဆိုင်ကိုသွားသွားချင်း မောင့်ဆီ ထလာလို့လဲ မကောင်းဘူးလေ’

ထွေးအောင်သည် ဟင်းပန်းကန်ထဲမှ ငှန်းကို ကိုင်လိုက်သည်။ ငါးဖယ် ငါးဆုပ် ဟင်းဖတ်ကို ခပ်ယူလိုက်သည်။ ရီထွေး၏ ငယ်တိုးတိုး ပြောသံကို ကြားရ၏။

‘ငှန်းနဲ့ ခပ်ကျွေးယင်တော့ မစားချင်ဘူး’

လတ်သို့ ရောက်နေသော ငှန်းကိုကိုင်ယင်း တန်းလန်း ဖြစ် နေ၏။

‘လက်နဲ့က ထမင်းတွေ ဟင်းတွေ ပေနေတဲ့ ဥစ္စာ။ မကောင်းပါဘူး’

‘ဟင့်အင်း၊ လက်နဲ့ပဲ ခွံ့ကျွေးရမယ်’

ဒုတိယအကြိမ်

ထို့ကြောင့် ဇွန်းကို ထမင်းပန်းကန်ပေါ်တွင် ငှဲ့လိုက်သည်။ ငါးဆုပ်ဖတ်သည် ထမင်းဖြူပေါ်တွင်။ ဇွန်းပြန်ထားပြီး ငါး ဖတ်ကို လက်ညှိုးနှင့် လက်မကြားတွင် ညှပ်လိုက်သည်။ လိုက်ချိန်၊ ရီထွေး ပါးစပ် မစေ့မီ လူရိပ်ကို ဖျပ်ကနဲ မြင် သည်။ သူ့အမူအရာကြောင့် ရီထွေး မျက်လုံးဝိုင်းသွား၏။ ကြည့်ရာသို့ ကြည့်လိုက်သည်။ မီးဖိုဆောင် အပေါက်ဝတွင် တင်မောင်လွင်သည် ခြေစုံရပ်လျက်။ မျက်နှာသုံးခု ဆုံတော့ တင်မောင်လွင်သည် ပါးစပ်ကို လက်ဝါးနှစ်ဘက်ဖြင့် ပိတ် ထားသည်။ ရယ်သံကို ပိတ်နေခြင်းပင်။ ထိုတွင် သုံးယော ရယ်သံ ပြိုင်တူ ထွက်သွားသည်။ ထို့ကြောင့် ညှော်ခန်းတ တွင် ရုတ်တရက် တိတ်သွားသည်။ ဂျူးဇက်၏ လှမ်းအော ပြောသံကို ကြားရသည်။

'ပြတ္တာတွေ မြူးတယ်ဟေ့၊ ဆန်ရေစပါး ရှားလိမ့်မယ်'

မောင်မောင်ကျော်သည် ဆံပင်ကို လက်ဖြင့် သပ်လိုက်၏။ ထေ အောင်က သူ့စကားကို ခေါင်းညိတ်ကာ ထောက်ခံသည် မေးကြောတင်းထားသည့် အောင်ထွတ်သည် မျက်နှာတယ် မလျော့။ စားပွဲပေါ်တွင် ချထားသော ကမ္ဘာ့ဂီတစာအုပ် ဆတ်ကနဲ ပုတ်လိုက်ယင်း

'ဒီစာအုပ်ထဲမှာ ဘယ်မလဲ ဗမာ့ဂီတအကြောင်း၊ ဗမာ





ဂီတပညာရှင်တွေ အတ္ထုပ္ပတ္တိ၊ မြန်မာ့အသံက အသံ လွှင့် အစီအစဉ် တချပြီးတဲ့အခါ တီးတဲ့ တီးလုံးလေး အကြောင်းပဲ တွေ့ရတယ်။ ဒီစာအုပ်ထဲမှာ တို့ဂီတကို ဆေးဖော်ကြောဖက် လုပ်ပြီး ထည့်မထားလို့ ဝမ်းပန်း တနည်း ဒေါသဖြစ်နေတာတော့ မဟုတ်ဘူး။ တို့ဂီတကို သူများသိအောင်လဲ လုပ်ရမယ်၊ သူများဂီတကို တို့က သိအောင်လဲ လုပ်ရလိမ့်ဦးမယ်။ တို့ဆီမှာက ဘယ်သူ့ မူ ဘယ်ဝါ့မူ ဆိုတာ ငြင်းကောင်းတုန်းကွ'

သွေးအောင်က အင်းလိုက်လိုက်၏။ မူပြဿနာနှင့် စပ်လျဉ်း ၍ စိတ်ညစ်စရာတွေ ကြုံခဲ့ရဖူးသည်။ ဦးဖြူ၏ မူကို ရယူး၍ ီးမိလျှင်၊ ဦးနီ၏ အသိုင်းအဝိုင်းက နှာခေါင်းရှုံ့ပြသည်။ ီးနီ၏ တီးကွက်ကို တီးမိလျှင် ဦးဖြူ၏ အသိုင်းအဝိုင်းက ထို း လည်းကောင်း။ တကျောင်းတဂါထာ၊ တဆရာတကွက် ာန်း၍ မူကွဲမှန်သမျှကို သူရအောင် ယူသည်။ စန္ဒရားနှင့် လက် ကြုံကြိုက်၍ တီးမည်ပြုသောအခါ သေးဘိကို ကြည့်ရ သည်။ မသင့်မြတ်သော ဂိုဏ်းတို့၏ အကြားတွင် အနေအထိုင် အပြောအဆိုမှ အစ အရာရာ ဆင်ခြင်ရသည်။ အနေမတတ်လျှင် သာစု၍ မရနိုင်သည့်ပြင် ဂိုဏ်းချင်း ကြိတ်ချေရာကြား၌ အမှုန့် ဖြစ်သွားနိုင်၏။ ချီးကျူးစရာတွေ့၍ ချီးကျူးမည် ကြံလျှင် တယောက်ချင်းတွေ့မှ ချီးကျူးရဲသည်။ အစုအဝေးနှင့် ရှိရာ နေရာ မျိုးတွင် ရေငုံနှုတ်ပိတ် နေရ၏။ အဖြူကို ချီးမွမ်းလျှင် အမည်းက မျက်နှာလွှဲထား၏။ အမည်းကို ချီးမွမ်းလျှင် အဖြူ

က မျက်နှာလွှဲ ထား၏။ အစကမူ ထိုပတ်ဝန်းကျင် ထိုလော
တွင် အသက်ရှူ မဝပင် ဖြစ်ခဲ့သည်။ နေသော အတော်
လေ့ကျင့်ယူပြီးသောအခါ နေတတ်သွားသည်။

'တကယ့် ပညာရှင်ကြီးတွေကျတော့ ဒါတွေ မြင်
ခပ်အေးအေးပဲ နေကြတော့တယ်နဲ့ တူပါတယ်
လက်တဆုပ်စာလောက်ရှိတဲ့ တစုနှစ်စုကြောင့်
တယ်'

တွေးအောင် ပြောသည်။ မောင်မောင်ကျော်နှင့် အောင်ထွ
က ပြိုင်တူလိုလို ခေါင်းညိတ်သည်။

'ဒီကြားထဲ နားခါးရတာ တမျိုးရှိသေးတယ်။ မြန်
ဂီတဟာတဲ့ ဘုန်းတော်ဘွဲ့ချည်းပဲတဲ့။ ပဒေသာ
ခေတ်ရဲ့ ကျေးကျွန်ပဲတဲ့။ အဲဒီခေတ်က နန်းတွင်း
ဂီတကို ကွက်ပြီး ကြည့်တာလေ။ လူထုတေးသံတွေ
ဘယ်သွားထားမလဲ။ လူထုတေးသံတွေဟာ လူ
ဂန္ထဝင်ဂီတပေါ့။ သီချင်းကြီးမှန်သမျှ မီးရှို့ပစ်ဖို့
တာလဲ ကြားဖူးပါတယ်။ ကာလပေါ် သမား
ကာလပေါ်မှ ကာလပေါ်။ သီချင်းကြီးနဲ့ သီ
ဏလေးတိုက်ပွဲကလဲ ရှုပ်နေတာ'

မောင်မောင်ကျော်က ပြောသည်။ တွေးအောင်က
လေ့တ်ကို တလုံးနှစ်လုံး တို့လိုက်သည်။

'ဟိုမှာတုန်းက စကားများရတာ မင်း မှတ်မိ
မောင်မောင်ကျော်'





'ဘာပါလိမ့်'

'ငါနဲ့ သတ္တဝါတကောင်နဲ့ စကားများရတာလေ။ အဲ
ဒီ ငနဲက လက်ရှိ ဗမာ့ဂီတဟာတဲ့၊ မနေ့ရှင် မျှော်မြေ
ရေးအဆင့်မှာ ရှိတယ်ဆိုတာလေ။ ငါက သူ့ကို တိုက်
တွန်းလိုက်တယ်။ ခင်ဗျားကိုယ်ပိုင် အသံလွှင့်ရုံတခု
ဆောက်ပါ။ ခင်ဗျားဖြစ်စေချင်တဲ့ သီချင်းတွေ သွင်း
ပေးပါ့မယ်လို့။ သူကပြောတယ်။ လက်ရှိဂီတဟာတဲ့
ပြည်သူလူထုနဲ့ ဝေးကွာလှတယ်တဲ့။ ငါပြန်ပြောလိုက်
တယ်။ ခင်ဗျားပြောတာ ဟုတ်ပါတယ်၊ ရပ်ကွက်
တကွက်မှာ ရေဒီယိုဝယ်ပြီး နားထောင်နိုင်တဲ့အိမ် ဆယ်
အိမ်မရှိပါဘူး။ ဒီတော့ ကင်းကွာတာပေါ့ဗျာလို့။
မင်း မေးလိုက်တာလဲ တော်တော်ကောင်းတယ်'

မောင်မောင်ကျော်က သတိရဟန်ဖြင့်

'ပြေဒ် စန္ဒရားချစ်ဆွေရဲ့ ပင်လုံထိပ်ထားဦးကို ရေဒီယို
က ဏာခဏ လွှင့်ပေးတာ ခင်ဗျား ကြားဖူးလားလို့
ငါမေးလိုက်တာလား'

တွေးအောင်သည် သဘောကျ၍ ပြုံးနေသည်။ အောင်ထွတ်က
ဆေးပေါ့လိပ် မီးညှိပြီး ပြောသည်။

'နေရာတကာမှာ အမိုက်ဆိုတာကတော့ ရှိနေမှာပေါ့။
အနုပညာသမား လိုလိုနဲ့ အယောင်ဆောင် နေတဲ့
အမိုက်တွေကို သတိထားရမယ်'

'တို့ စာပေလောကမှာလဲ ဒီလိုပါပဲကွာ။ စာသမား

ပေသမားလိုလိုနဲ့ ရှောက်ရှုပ်နေတဲ့ အမှိုက်တွေ အများကြီး'

မောင်မောင်ကျော်၏ စကားအဆုံးတွင် အောင်ထွတ်က ပြောသည်။

'ထွေးအောင်၊ မင်းလဲ သထိကြီးကြီးနဲ့နေ။ ဂီတလောက မင်းနာမည်ရလာပြီ။ ဒီတော့....လိုသူ မလိုသူ အမျိုးမျိုးတွေနဲ့ ရင်ဆိုင်ရလိမ့်မယ်။ မင်းကို ခုတုံးလုပ်ပြီး ၊ကိုယ်ကျိုးရှာမယ့်ဟာတွေကို မျက်ခြည်ပြတ်မခံနဲ့။ တချို့ကျတော့ မင်းကို ငုံ့ပြီး ငါ မပြောဖြစ်တာ တယ် သဘောမကျချင်ဘူး။ မင်းဆီလာတဲ့ မျက်နှာတွေ ခြေလှမ်းတွေက တမျိုးတွေ။ အဲဒီဟာတွေက မင်းကို ခုအချိန်မှာ ဂီတလောကရဲ့ ဘုရင်တဆူ ဖြစ်စေချင်ကြမှာပဲ။ ဒီတော့မှ မင်းလုပ်ပေးယင် အနည်းဆုံး ဂီတလောကရဲ့ ဥပရာဇာ နေရာလောက်တော့ ရမယ် မဟုတ်လား။ အေး....လောဘက ဥပရာဇာနေရာလောက်နဲ့ ရပ်ယင် တော်သေးရဲ့။ မင်းနေရာကို လိုချင်လာယင် မင်းကို ဖယ်ရှားဖို့ ကြိုးစားလိမ့်မယ်။ အဲဒီအခါမျိုးကျတော့ မင်းကို ဂီတလောကရဲ့ နန်းကျဘုရင် ဖြစ်စေချင်မှာပဲ။ မင်းက ထုံလို့ ဒါတွေ ကြိုပြောနေရတာ'

ဆေးလိပ်ကို ဖွာယင်း ပြတင်းပေါက်ဆီသို့ အောင်ထွတ် ငေး





နေ၏။ မောင်မောင်ကျော်သည် စန္ဒရားခလုတ်ပေါ်တွင် မထိတထိ ရှိနေသော လက်ချောင်းတွေကို ကြည့်နေသည်။ စိုးရိမ်စိတ်နှင့် သတိပေးစကား ပြောနေကြသော သူငယ်ချင်းတွေကို ကျေးဇူးတင်လေသည်။ အောင်ထွတ်က မီးခိုးမှုတ်ပြီး အလေးအနက် ပြော၏။

'စေတနာထားပါ။ ကူညီပါ။ ရိုးသားပါ။ ဒါပေမယ့်....မအပါနဲ့။ စင်းစင်းကြီး မတွေးပါနဲ့။ ကွက်ကျော် မြင်ပါ။ လျင်ပါ။ သတိမလစ်ပါနဲ့'

မောင်မောင်ကျော်က တခုခုကို သတိရဟန်နှင့် ပြုံးလိုက်၏။

'ဂျိုးဇက် မနေ့ကပြောတဲ့ စကားကို သတိရလို့။ သူ့ဟာသူ ဘာဖြစ်လာတယ်တော့ မသိပါဘူး။ မေးတော့ မဖြေဘူး။ ဒါပေမယ့်.... ဘာပြောတယ်မှတ်လဲကွ။ ခွေးဟာချမ်းယင် ပြာပုံတိုးတာတဲ့။ ပြာပုံထဲ အိပ်နေတဲ့ ခွေးကို သနားပြီး၊ အဖိုးတသိန်းတန်တဲ့ မြကမ္ဗလာစောင် ခြုံပေးမိလို့ လှည့်အကိုက်ခံရသလိုပဲတဲ့။ ခွေးကို စောင်ခြုံပေးယင် အကိုက်ခံရမှာပဲတဲ့။ အကိုက် မခံရအောင် ခွေးကို စောင်ခြုံမပေးနဲ့တဲ့။ ဘယ်သူနဲ့ ဘာဖြစ်လာတယ်တော့ မသိရဘူး။ ဒေါ်တော့ တော်တော်ကန်လာပုံပဲ။ ဥပမာက တော်ဘော် စားတဲ့ ဥပမာ။ အဲဒါ သွားသတိရတယ်'

မီးခွက်ကိုင်ပြီး ခြံထဲသို့ ဝင်လာသော အမေ့ကို မြင်ရသည်။ သူ ထလိုက်၏။ ဆိုင်းသိမ်းရမည်။ အောင်ထွတ်နှင့် မောင်

မောင်ကျော် တို့ကပါ ဆင်းပြီး လိုက်လာ၏။ ဆိုင်သိမ်းပြီးစီးတော့မှ မောင် မောင် ကျော် က ‘ငါ့ဆီမှာ တကျပ်တော့ရှိသေးတယ်။ တို့လက်ဖက်ရည် သွားဟဲ့ရအောင်ကွာ’ဟု ပြောသည်။



၁၃

လမ်းထိပ်သို့ ရောက်သောအခါ ကားပေါ်မှ ဆင်းလိုက်သည်။ တင်မောင်လွင်တို့ အုပ်စုက လက်ပြ၍ နှုတ်ဆက်ကာ နောက်သည်။ ရီထွေးသည် သက်သက်ကို ရှက်ပြုံးဖြင့် နှုတ်ဆက်လိုက်သည်။ လမ်းကွေ့သို့ ကားရောက်သွားချိန်တွင် သူ့ကို လှည့်ကြည့်ယင်း ပြုံးလေ၏။

‘ဘာလဲဟင်....ရီထွေး’

‘အမေက ရီထွေးကို လာချော့တာ သတိရလို့’

အသံသွင်းစဉ်က ရီထွေး အဆို နှစ်ကြိမ် မှားခဲ့သည်။ တကြိမ်မှားသွားကတည်းက ကိုယ့်ကိုယ်ကို စိတ်တိုသွားသည်။ တီးမှုတ်နေသူတို့ကို အားနာ လာသည်။ ဒုတိယ အကြိမ် အသံ ပြန်သွင်းသောအခါ စိတ်ပူလွန်း၍လား မသိ။ သတိထားသည့်ကြားမှ ထပ် မှား သွား ပြန် သည်။ ထွေးအောင်က ‘ဟာ....

ရီထွေးကလဲ။ စောစောတုန်းကလဲ ဗီအပိုဒ် ဗီအလုံးမှာပဲ'ထု လှမ်းပြောသည်။ ရီထွေး ရင်ခုန်သွား၏။ ထွေးအောင့် အသံ မှာ ဒေါက်ငန်းသံမဆန်။ သို့သော် ဆူလိုက်သည်ဟုတော့ ရီထွေး သိသည်။ ထို့အတွက် ရီထွေး မျက်နှာ တကွက်မပျက်။ စန္ဒရားဘေးတွင် ရပ်လျက် နားထောင်နေသော အမေသည်မူ မျက်နှာ မထားတတ် ဖြစ်နေ၏။ တတိယအကြိမ် သီချင်း မြန်သွင်းသောအခါ ချောချောမောမောပင်။ ရီထွေး ဆိုပြီး ပြီးချင်း၊ အမေက လက်ယပ် လှမ်းခေါ်သည်။ သူ့အပါးသို့ ရီထွေး ရောက်လာသည်တွင် ချီး ကျူး စကား ပြော သည်။ ထိုနောက် 'သမီး ဆိုတာ ကောင်းသထက် ကောင်းစေချင်လို့ ခုနတုန်းက မောင်ထွေးအောင်က ပြောတာ။ အပြစ်တင်တာ မဟုတ်ပါဘူး'ဟု စကား ဖာ ထေး သည်။ 'ကိစ္စ မရှိပါဘူး အမေရဲ့။ သမီးကိုက သတိလစ်ပြီး မှားမှား သွားတာကိုး'ဟု ရီထွေး ဖြေသည်။

'မောင် လှမ်းပြောလိုက်တာ၊ အသံ နည်းနည်းမာသွား တယ်။ ပြောပြီးမှ ရီထွေး စိတ်ဆိုး စိတ်ကောက်သွား မလားလို့ တွေးမိတယ်'

'မဆိုးပါဘူး၊ မကောက်ပါဘူး။ မောင် စိတ်တိုချင်တို နေမယ်လို့ တွေးမိပါတယ်။ အလုပ်ကလဲ များလိုက် တာ။ မောင်တော့ ဘယ်လို နေမယ်မသိဘူး။ မြင်ရ တဲ့သူကတော့ ခေါင်းတောင် မူးမလား ထင်ရတယ်။ မောင် ပင်ပန်းတာ သိပါတယ်'





အသံလွှင့်ရုံသို့ ရောက်မှ လေမှုတ်တူရိယာသမားတွေနှင့် သီချင်း တိုက်ရသည်။ သင်္ကေတတွေကို တင်ကြို ရေးထားသော်လည်း ပြင်တန်ပြင်ရသည်။ ဖြည့်တန် ဖြည့်ရသည်။

'သီချင်းကလဲ နည်းနည်း အဆိုရကပ်တာ မောင် သိပါ တယ်။ ဖြုန်းကနဲ နားထောင်ယင်တော့ မသိသာဘူး လေ။ ဆောင်းရက်ကြုံမှ ဆိုတဲ့နေရာမှာ ရက်နဲ့ ကြုံ စကားလုံး နှစ်လုံး ကြားမှာ ဝဲထားတဲ့ အသံက ခက်ပါ တယ်'

'ဆိုလို့တော့ အာတွေ့ပါတယ် မောင်ရဲ့။ အဲဒီ နေရာမှာ ပိုကောင်းတယ်။ နွေ ညှိုး မိုး ကုန်,ဆောင်း ရက် ကြုံ မှ, နှင်းအလှ သင်းမြနိုင်မြဲမို့ ပါလေ,လွမ်းငွေ့ဝေသော သမုဒယ စာပန်းချီမခွေ့,ချမ်းမြေ့စေသော လူ့ဘဝ ရာသီနွေ....,တဲ့။ အဲဒီမှာ နှုံကြီးဝင်လိုက်တော့ ရင်ထဲ မှာ လှိုက်သွားတာပဲ'

သီချင်း နေရာတွင် ရီထွေးသည် ဖေ်တိုးတိုး ညည်းဆို ဆိုပြ သည်။ ကတ္တရာလမ်းအကွေ့သို့ အရောက်၌ ရီထွေး မေးသည်။

'မောင် အဲဒီ သီချင်းကို ဘာရည်ရွယ်ချက်နဲ့ ရေးခဲ့တာ လဲဟင်'

'မလှမ်းချင်ဘူးဆိုတဲ့ သဘောပါပဲ။ ဘဝမှာ အနိမ့် အမြင့်တွေ ကြုံရမယ်၊ အတိုက်အခိုက်တွေ ကြုံရမယ်၊ စိတ်ညစ်စရာ ပျော်စရာတွေ ရင်ဆိုင်ရမယ်။ အစပိုဒ် မှာ ပါသွားပဲ၊ ပုဂ္ဂလိကဆန်သော ဘဝနဲ့ ယှဉ်တွဲမကျ

'မမှန်သော အလှကို ပယ်ကာရယ်....ဆိုတာ ရီထွေးနား လည်ပါတယ်။ အရှုံးမပေးနဲ့၊ ခြောက်သွေ့တဲ့ ဘဝကို စိုပြည်လာအောင် ကိုယ်ကိုယ်တိုင် တည်ဆောက်ယူရမယ်။ ဒါပဲလေ'

ရီထွေးက ခေါင်းညိတ်ပြယင်း ပြောသည်။

'သီချင်း နာမည်ကလဲ ကောင်းတယ်။ ဘဝများရဲ့ နွေမိုးဆောင်း'။ အဓိပ္ပာယ်လဲ ရှိတယ်'

သူက နှုတ်ခမ်းစေ့ပြီး တင်းပြလိုက်၏။ ထိုနောက်

'ဖြည်းဖြည်း မြောက်ပါ ရီထွေးရာ။ တိမ်တွေတောင် ဆံပင်ကြားထဲက ဖြတ်သွားနေပြီ'

ရယ်သံမှာ ကြည်လင်နေသည်။ ရယ်သံသည် မြောက်တက်မှု ပြန်လာသော လေညင်းနှင့်အတူ၊ အအေးပတ်လည်ဖြင့် ရှိလေ၏။ ရီထွေး၏ စိတ်လက် ချမ်းမြေ့ပုံကို အပီအသ မြင်နေရလေသည်။ လှလှပပနှင့် ပြင်ပြင်ဆင်ဆင် မြင်ရ ပေါင်းများခဲ့ သော်လည်း သည်နေ့လောက် လှသည် မထင်ခဲ့။ သည်နေ့နှယ် အာရုံမစွဲ။ ခြေလှမ်းဟန်၊ လက်လှုပ်ဟန်၊ ခေါင်းအငဲ့အမော့ တို့သည် ပျော့ပျောင်း ဖျတ်လတ်သည်။ အကြည့်တွေ၊ အပြုံး အရယ်တွေမှာ အနက်မငုပ်၊ ရှင်ပျမှု တခုတည်းသော အဓိပ္ပာယ် ဖြင့်။ သူ့စိတ်နှလုံးကို ကိုယ်သင်းရနံ့က ချည် နှောင် ခြင်း ကြီးစွာဖြင့် ချည်နှောင်ထားသည်။ ရီထွေးကို အဝေးတွင် ထားပြီး ကြည့်သည်။ အနီးတွင် ထားပြီး ကြည့်သည်။ ကြည်နူးခြင်း သည် ရင်ထဲသို့ ကြွေကျမြဲ ကြွေကျလာလေသည်။





'အသံသွင်းနေတုန်းက မောင့်ကို ကြည့်ယင်း အတွေး တခု ရလာတယ်'

သမင်လည်ပြန် မော့ကြည့်သည်။ ထွေးအောင်သည် သန့်ပြန့် သော လေကို အားပါးတရ ရှူလိုက်သည်။

'ဘာပါလိမ့်'

'အေးနေတဲ့ အသံသွင်းခန်းထဲမှာ မောင့် နဖူးနဲ့ နှာသီး ဖျားလေးတွေ ချွေးစို့လာတာ မြင်ရလို့'

'စိတ်မောနေရလို့နဲ့ တူပါတယ်'

"တို့လက်ထပ်ပြီးယင် မောင့်လုပ်စာကို မစားရက်ဘူး၊ တကယ်ပဲ။ မောင်ရှာလို့ရတာ အမေ့ကိုကျွေး၊ မောင် သုံးချင်ရာသုံး၊ ရီထွေး လုပ်စာကို မောင်စား။ ဂီတ သမားဆိုတာ တီးဟယ် မှုတ်ဟယ် ဆိုဟယ်နဲ့၊ လက် ကြော မတင်းဘူးလို့ မသိတဲ့ လူ တွေ ပြော ကြ တာ ကြားဖူးပါတယ်။ ဘယ်လောက် စိတ်ပင်ပန်း လူပင် ပန်းဖြစ်ရတယ်ဆိုတာ ရီထွေးအမြင်ပဲ"

"အလုပ်ဆိုတာ သက်သာတဲ့အလုပ်ရယ်လို့ ဘယ်အလုပ် မှ မရှိတာ။ တမျိုးစီ အင်အား စိုက်ရတာပဲ ကွာမှာ ပေါ့။ မောင် ပင်ပန်းတကြီး ရှာဖွေရတဲ့၊ ရိုးရိုးသား သား ရှာဖွေရတဲ့ ငွေကို ရီထွေး သုံးကို သုံးရဲရမယ်။ မတရားသဖြင့် လိမ်လည် ရှာဖွေထားတဲ့ ငွေတသိန်း လိပ်ပြာ မသန့်ပဲနဲ့ သုံး မ လား။ စန္ဒရားတီးလို့ ရတဲ့

ငွေလေးငါးဆယ်ကို လိပ်ပြာသန့်သန့်နဲ့ သုံးမလား။ မဟုတ်ဘူးလား”

တိုက်ပုံအင်္ကျီ လက်မောင်းစကို အသာကိုင်ကာ၊ ကုန်းမြင်း အတက်တွင် အားယူသည်။ အမူအရာမှာ မဝံ့မရဲ။ ပတ်ဝန်းကျင် လူသွားလူလာ များသောလမ်း၌ မဟုတ်သော်လည်း ရိုထွေး ဣန္ဒြေထိန်းလျက် နေသည်။

“ဒါတော့ ဒါပေါ့။ မောင့်ကိုသနားတာကိုး မောင်ရဲ့”

ကရုဏာကို ပေးအပ်ခြင်း ခံရသူအဖို့ ကြည်နူးခြင်းသည် ရင်အနှံ့ဆွတ်ပျံ့လာစမြဲ။ သို့တစေ၊ လိုက်လှဲသော အငွေ့သက်မှာ ကြေကွဲခြင်းနှင့် ဝမ်းနည်းခြင်းတို့ကြောင့် ဖြစ်လာသလား မခွဲခြားတတ်။ ပြန်လည် ပြောဆိုသင့်သည့်စကားတွေပင် နှုတ်ခမ်းအဝသို့ ထွက်မလာနိုင်။ အကြင်နာစကားတို့သည် အချစ်ကို ပိုမို ပျပ်ဝပ်ကျိုးနွံသွားစေသည်ဟု ခံစား သိမှတ်လိုက်၏။ ခြေလှမ်းပေါင်း လေးငါးခြောက်ဆယ် ကျော်လာသည့်တိုင်၊ နှစ်ဦးစလုံး စကားမဆိုဖြစ်။ အရှေ့ဘက်သို့ကျနေသောကိုယ် အရိပ်ကို ကိုယ်မြင်နေရာမှ၊ ညာဘက်ကိုယ်ပေါ်သို့ နေခြည် နွေးနွေးအထိတွင်။

“မောင် ကိုတင်မောင်လွင်နဲ့ ဒီနေ့ တွေ့ဦးမယ် မဟုတ်လား”

“အင်း....ညကျယင် ဆုံကြဦးမှာ။ ဒီနေ့ သူ ညကျောင်း မသွားဘူးတဲ့။ သူ့နေရာမှာ ဆရာ တယောက်ယောက် အစားဝင်ဖို့ ပြောထားတယ်တဲ့။ ဘာပြောမလို့လဲ”





“ဪ.... တခြား မဟုတ်ပါဘူး။ သူဆိုခဲ့သမျှ ထဲမှာ ဒီသီချင်းကို နားထောင်ရတာ အကောင်းဆုံးပဲလို့ ရိုထွေး ချီးကျူးလိုက်တယ်လို့ ပြောလိုက်ပါ”

ထွေးအောင် ခေါင်းညိတ်သည်။

“ညည တယ်အချိန်မှ လက်ဖက်ရည်ဆိုင်က ပြန်လဲ”

“ဘာဖြစ်လို့လဲ”

“အမေကပြောတယ်။ ညညကျယင်တဲ့၊ အမေ့ကို ဆိုင်ကူ သိမ်းပြီးယင် လက်ဖက်ရည်ဆိုင်ကို ထွက်ကြရောတဲ့။ ဆယ့်တနာရီ ဆယ့်နှစ်နာရီလောက်မှ ပြန်လာတတ်တယ်တဲ့”

“အင်းလေ၊ ဒီပြင်လူတွေနဲ့မှ မဟုတ်ထာ၊ ဂျိုးဇက်တို့ အောင်ထွတ်တို့နဲ့ဥစ္စာပဲ။ လက်ဖက်ရည်ဆိုင်မှာ စကား ပြောယင်းဘာယင်း၊ စိတ်ကူးတွေရတတ်ထာပဲ ရိုထွေး ရဲ့။ ဟေးလားဝါးလား နေပစ်ထာမှ မဟုတ်တာ”

“ပြောလိုက်ယင် ဆင်ခြေချည်းပဲ။ ခုနေတော့ နေဦး ပေါ့လေ၊ ကိစ္စမရှိဘူး။ နောက်ဆိုယင်တော့ စည်းနဲ့ ကမ်းနဲ့ကြပ်မတ်ရမယ်၊ အဟုတ်ပြောတာ မရယ်နဲ့။ အားလုံးကို သူ့အချိန်နဲ့သူ ကန့်သတ်ပေးရမယ်”

ယ်နေရာမှ “ဟာ....ပိုင်လှချည်လား”ဟု ထွေးအောင်ပြော၏။

“‘နောက်ဆိုယင်တော့’ ကာလကို မရောက်ခင် အားရအောင် နေထားဦးမှပဲ”ဟု ဆက်ပြီးပြောသည်။

“လက်ထပ်ပြီးယင်တော့ အချိန်ဇယားကို ဆွဲပေးထားမှ

ဖြစ်မယ်။ထမင်းစားချိန်၊ ရေချိုးချိန်၊ အိပ်ချိန် အထိ အကျ မောင်လိုက်နာရမယ်။ ပျက်ကွက်ယင် ဆုံးမ ထားဝယ် ကြိမ်လုံးတလုံး ဆောင်ထားရမယ်။ ပြော မရယင် ကြိမ်လုံးပဲ”

“လက်ဖက်ရည်ဆိုင်သွားချိန်တော့ မပါဘူးလား”

“ရီထွေး ကိုယ်တိုင် လက်ဖက်ရည်ဆိုင်လိုက်မယ်။ မြို သင့်ယင် ထမြန်ခိုင်းမယ်လေ”

“ချစ်သူကို လက်ထပ်လိုက်တာဟာ သူငယ်ချင်းတွေကို ကွာရှင်းပစ်ရာမကျယင် ပြီးတာပါပဲ”

မစုံ့တစုံ နှုတ်ခမ်းကိုမြင်လျက်နှင့် မသိယောင်ပြုပြီး နေ လိုက် သည်။

“အဲလိုဆိုလဲ သူငယ်ချင်းတွေနဲ့ပဲ နေပေါ့။ ရီထွေးကို မချစ်နဲ့ပေါ့”

“အို....ဘယ်သူက ဘာပြောလို့လဲ”

“ဒါဖြင့်၊ ခုနက ပြောလိုက်တဲ့စကားက ဘာအဓိပ္ပာယ် လဲ....ကဲ....ပြောပါဦး”

“ဒီစကားက မောင်ပြောတဲ့စကားမှ မဟုတ်ထာ။ ထင် မောင်လွင်နဲ့ သက်သက်တို့ ယူခါနီးတုန်းက ဂျိုးဇက်ထ တင်မောင်လွင့်ကို ပြောတဲ့စကား။ ဒါကိုမောင်က ပြန် ပြောပြတာများ”

“တတ်တယ်။ စကားကို ဟိုလှည့်ဒီလှည့်နဲ့”

နှစ်ဦးစလုံး ရယ်လိုက်သည်။ ဒေါနလမ်းဝကို လှမ်း၍ မြ





နေ၏။ မြေနီလမ်းကို နင်းလာခဲ့ပြီ။ အကြောင်းရင်းကို မစူး စမ်းတတ်၊ သို့သော်၊ စိုးရိမ်မကင်း စိတ်သည် ခပ်ပျပျ ထင်လင လေ၏။ အမှတ်မဲ့ မေးခဲ့သည်။

“မောင် ရီထွေးကို ခုလို အိမ်လိုက်ပို့တာ ကောင်းပေါ့ မလားဟင်”

ရီထွေး အကြည့်သည် အံ့ဩကြည့်။

“အဆန်းလုပ်ပြန်ပြီ မောင်ကလဲ။ ခုနစ်တန်း ရှစ်တန်း တုန်းက ကျောင်းပွဲတော် ညဘက်မှာ မောင်တို့ သူ ငယ်ချင်းတသိက်ပဲ လိုက်ပို့နေကျ။ သွားစရာ လာစရာ ရှိလဲ မောင်လိုက်ပို့နေတာပဲ။ ခုလဲ ဒီအတိုင်းပဲ။ ဘာ ထူးလို့လဲ။ ဘာဖြစ်လို့လဲ ဟင်”

“ဘာမှမဖြစ်ပါဘူး”ဟု ပြောလိုက်သည်။ ရီထွေးပြော သည်။ နှစ်သိမ့်စကား ဖြစ်သည်။

“တို့နှစ်ယောက် ပြောင်းလဲသွားတာ အိမ်က မသိပါ ဘူး။ မောင့်ဘာသာမောင် စိတ်မလုံလို့ပါ”

ထွေးအောင် ပြုံးလေသည်။

“မမခင်ရီ သိတယ်ဆို”

“သိတယ် ဆိုတာ ရိပ်ဖမ်း သံဖမ်း ပါ။ အဖေ မသိ ပါဘူး”

“မမခင်ရီ သိတာ သေချာပါတယ်။ ရိပ်ဖမ်း သံဖမ်း မကပါဘူး။ ဘာဖြစ်လို့ဆို ရီထွေးကို မေးတယ်မဟုတ် လား။ ထွေးတို့ နှစ်ယောက် သူငယ်ချင်း အဆင့်ကနေ

လွန်ခဲ့ပြီ မဟုတ်လားလို့ မေးတယ်ဆို။ ရွှေထွေးပဲ ပြန်ပြောပြတာ။ ရွှေထွေး ဘာမှပြန်မဖြေပဲ နေခဲ့တယ်ဆို"

"အင်းလေ။ အဲဒါ ဘာဖြစ်လို့တုန်း"

"မဟုတ်တာကို မဟုတ်ပါဘူးလို့ လွယ်လွယ်ပြောထွက်ပေမယ့်၊ ဟုတ်တာကိုမဟုတ်ဘူးလို့ မငြင်းချင်တဲ့အခါ တိတ်တိတ်နေလိုက်ကြတယ်မဟုတ်လား။ဒီတော့ သိမှာပေါ့"

ရွှေထွေး မျက်ခုံးတွန့်သည်။ လမ်းထဲသို့ အဝင်ဖြစ်သောကြောင့် လူချင်းနည်းနည်းခွာကာ လျှောက်သည်။

"သိလဲ ဘာဖြစ်လဲ"

"မမခင်ရွှေက အဘိုးကြီးကို ပြန်ပြောချင်ပြောမှာ"

"အို....ပြောလဲ ဘာဖြစ်လဲ မောင်ရဲ့။ တယောက်နဲ့ တယောက် သမက်နဲ့ ယောက္ခမ၊ မရွှေနဲ့ မတ် တော်စပ်တယ်လို့ ကြေငြာပြီးသားဖြစ်သွားတာပေါ့။မဟုတ်ဘူးလားလို့"

ပြတ်ပြတ်တောက်တောက် ပြော ဟန် ကြောင့် သူ ရယ်လိုက်သည်။အိမ်ထဲသို့ရောက်သောအခါ ရွှေထွေးသည် ပြုံးစေ့စေ့လုပ်နေ၏။ ညှိသည်တချို့ရောက်နေ၍ စိတ်သက်သာရရ၏။ သုံးလေးကြိမ် မြင်ဖူးနေသော ရွှေထွေး၏ အစ်ကို သုံးဝမ်းကွဲ ဆရာဝန်က ရွှေထွေးကို "ဟာ....အဆိုတော်ကြီး ပြန်လာပြီ" ဟုပြောယင်း နှုတ်ဆက်သည်။ မမခင်ရွှေနှင့်ဦးပြေသိန်းက သီချင်းသွင်းခဲ့သည်မှာ ပြေလည်မည် ထင်ကြောင်း ပြောသည်။ ခဲအို





ဦးအုန်းသန်းက သီချင်းပုဒ်ရေ မည်မျှ မည်မျှ မေးသည်။ အဆိုတော်တွေကို မေးသည်။ဦးအုန်းသန်း၏မိတ်ဆွေ အင်ဂျင်နီယာက မည်သည့်နေ့တွင် ရေဒီယိုမှ လွှင့်မည် အကြောင်း မေးသည်။ ထိုမိတ်ဆွေကို တခါမြင်ဖူးသည်။ ခြံဝ။ ကားပေါ်တွင်။ ဂီတကို ဝါသနာပါဟန် တူ၏။ သီချင်းသမျှ မေးနေသည်။ ထွေးအောင်က ပြန်လည် ပြောပြနေရသည်။ ထိုသူ့ဘေးရှိ ခင်မောင်သီး သည် မျက်နှာ စပ်လှဲလှဲနှင့် နေသည်။ စကားတခွန်းမဆို။ မသိလေဘိသည့် အသွင်နှင့်။ စိတ်အနှောင့်အယှက် အတော်အတန် ဖြစ်သွား သော်လည်း မျက်နှာတွင် မပေါ်လွင်စေခဲ့။

စကားကောင်းနေ၍ မောင်ရွှေပျိုးချိန်မှ အိမ်သို့ ပြန် ဖြစ် ခဲ့လေသည်။

---

အကြော်ဆိုင် စောစောသိမ်းရသည်။ တန်ဆောင်တိုင်ပွဲတော်မှ စ၍ ဆိုင်မှာ လူပြတ်သည် မရှိ။ သည်နေ့ညတွင် ကိုးနာရီမထိုးမီ အကြော်ပြတ်သွားသည်။ အအေးခေတ် သိသိသာသာ တိုးလာလေလေ၊ အကြော်ရောင်းကောင်းလေဟု အမေက ပြောသည်။ နတ်တော်လဆန်းမှ စ၍ အအေးပိုလာသည်။ ထိုရာသီတွင် ပဲခြမ်းကြော်၊ ငှက်ပျောကြော်၊ ကြက်သွန်ကြော်ထက် ဗူးသီးကြော်ကို ပို၍ ရောင်းကောင်းသည်။ အမေသည် ဆောင်းရာသီ၏ ပွဲတော်ရက်များကို စိတ်စောနေသည့် စကား

မျိုး ပြောတတ်သည်။ 'လွတ်လပ်ရေးပွဲကျယင် ဆိုင်နေရာသွား ဆွဲထားရမယ်။ ပွဲတော် မစခင် တပတ်လောက်ကတည်းက ရောင်းရမှာ။ ဆယ်ရက် ဆယ့်တရက်ဆို မနည်းဘူး။ ပွဲတော်ရက်ကို သုံးလေးရက်တော့ လုပ်မယ် ထင်တယ်။ ကြက်သွန်မြိတ်တို့၊ နံနံပင်တို့၊ ဆလတ်ရွက်တို့ ဈေးက မယူတော့ဘူး။ ခြံထဲမှာ တခါတည်း ဖောက်သည် သွားယူထားမယ်'ဟု စိတ်ကူးပြီး ပြောသည်။ ထွေးအောင်က ပင်ပန်းမည် စိုးကြောင်း ပြောသည်။

'အမေ ဒါလောက် မလုပ်စေချင်ဘူး။ လဲမှာစိုးရတယ်၊ ခုဆို ကျွန်တော့်ဘက်က ဝင်ငွေအတန်အသင့် ရှိလာပြီပဲ အမေရယ်'

အမေသည် သူ့အကြောင်းပြချက်နှင့်သူ။

'မလဲပါဘူး။ ခု အမေ အရင်ကထက်တောင် ဝလာတယ်။ မသိန်းရင်က အမေ့ကို မမြရီ အညွှာနဲ့ တည့်လို့ တူပါရဲ့။ အသားအရေကို စိုပြည်ပြီး ဝလာတယ်တဲ့။ စီးပွားဆိုတာ မိုးရေလိုပဲကွယ့်။ မိုးရွာတုန်း ရေခံရတယ်။ သားမှာ စန္ဒရားတလုံး လိုသေးတယ် မဟုတ်လား'

ထွေးအောင် ခေါင်းခါသည်။

'ခု ဗီစန္ဒရား ရှိနေသားပဲ'

အမေ လက်မခံ။

'ဒါက မောင်အောင်ထွတ်ဟာပဲကွယ့်။ သား ကိုယ်ပိုင်





ပစ္စည်းမှ မဟုတ်တာ။ သူက သားကို ပြောတယ် မဟုတ်လား။ ဗီန္ဒရားက သူ့အဖို့ အသုံးမဝင်ဘူးတဲ့။ သူ ပိုင် ပိုက်ဆံနဲ့ ဝယ်တာ မဟုတ်တော့ အလကားပေးဖို့လဲ မလွယ်ဘူးတဲ့။ ဒါကို တဖြည်းဖြည်း အရစ်ကျပေးသွားယင် ပေးပေါ့တဲ့။ သူ့အဖေကလဲ သဘောတူတယ်တဲ့။ လေးထောင့် ရှစ်ရာကို ရှစ်ရာဖယ်လိုက်၊ လေးထောင်ပဲ ပေးတဲ့။ ဒီအတွက် အမေတို့ ပေးနိုင်အောင် ကြိုးစားရမယ်လေ'

'ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့်....ဒီအတွက်ငွေရအောင် ရှာရတာ အမေ သိပ်အပင်ပန်းခံနေတယ်။ မြင်ရတာ ကျွန်တော် စိတ်မချမ်းသာဘူး။ အမှန်တော့ အခမ နားနားနေနေ နေသင့်ပြီ။ နောက် သုံးလေးလ ဆိုယင် ကျွန်တော် ကျောင်းပြီးပြီ။ အဲဒီကစပြီး ကျွန်တော် အလုပ်ခွင်ထဲ ခြေစုံပစ်ဝင်မယ်။ အမေ့ကို အေးအေးဆေးဆေး နေစေချင်တယ်။ ကျွန်တော်က လုပ်ကျွေးရမယ့် အလှည့်မှာ အမေ ဘာမှ မလုပ်စေချင်တော့ဘူး။ အချိန်တွေ အများကြီး ရှိပါတယ် အမေရာ။ တဖြည်းဖြည်း ဖြစ်လာမှာပါ'

အမေသည် ပြုံး၍ နေသည်။ ရည်စူးရာကိုမူ အလျှော့ပေးဟန် မရှိ။

'ခု အမေတို့ လက်ထဲမှာ ထောင့်လေးရာကျော် စုမိပြီ။ လွတ်လပ်ရေးပွဲမှာ ရောင်းဖို့ ရှိသေးတယ်။ အင်း....

ပြီးတော့ ကျိုက်ဝိုင်းဘုရားပွဲ မိုးကောင်းဘုရားပွဲ ရှိသေးတာပဲ။ ဒီရုံမှာ ရွှေမန်းတင်မောင်တို့ မြို့တော်သိန်းအောင်တို့ ပန်တျာကြည်လင်တို့ ဝင်ဦးမယ် ကြားတယ်။ မိုးမကျခင် နှစ်ထောင့်လေးငါးရာလောက် ကျန်မယ်ကွယ့်’

သူ့စကားကို အမေသည် ဦးနှောက်ထဲသို့ ထည့်သွင်းမိဟန်မရှိ။ ထို့ကြောင့် သူပြုံး၍ နေလိုက်သည်။ အမေက ဘာပြောမည် မသိ။ နှုတ်ခမ်းပြင်သည်။ သို့သော် အိမ်ရှေ့သို့ ခေါင်းတည်ပြီး ကွေ့လာသော ဂျစ်ကားကြောင့် မပြောဖြစ်။ အောင်ထွတ်ဖြစ်မည်။ ကားပေါ်တွင် မည်သူတွေ ပါလာမည် မသိ။ လှမ်းကြည့်လိုက်သည်။ ဂျိုးဇက်ကို ဦးစွာ တွေ့ရ၏။ သူ့နောက်တွင် အောင်ထွတ်။ အိမ်ပေါ်လှမ်းတက်ယင်း ပြောသော ဂျိုးဇက် အသံကို ကြားရသည်။

‘စွပ်ကျယ်စက်က မန်နေဂျာ ပါလာတယ်ကွ။ မင်းကို လာခေါ်တာ’

လာခေါ်ပုံကို ထောက်လျှင် အကြောင်းတခုခု ရှိနေပြီဟု သိလိုက်၏။ အောင်ထွတ်သည် မည်းကျုတ်ကျုတ် မျက်နှာ စပ်ဖြီးဖြီး လုပ်ထား၏။ ကုလားထိုင်တွင် ထိုင်တော့မှ အောင်ထွတ် ပြောသည်။ မင်္ဂလာကိစ္စ တိုင်ပင်ရန်ဟု ပြော၏။ မြိုင်နှင့် လက်ထပ်တော့မည်။ နှစ်ဘက်သဘောတူ အစီအစဉ် ရေးဆွဲပြီးပြီ၊ ရက်သတ်မှတ်ရန်သာ ကျန်သည်ဟု ပြောပြသည်။ ရိပ်သာတွင် ဧည့်ခံပွဲလုပ်မည်ဆို၏။ ‘မင်းကြိုက်သလို ပြော





လေ၊ ငါတို့ လိုက်လုပ်ပေးမယ်၊ ဧည့်ခံဂီတာကိစ္စလဲ ငါတာဝန်ယူပါတယ်’ဟု ထွေးအောင် ပြောသည်။ ‘ငါ့သားတွေလဲ တယောက်ပြီးတယောက် အိမ်ထောင်ကျကုန်ပြီ။ အမေတို့ ဆီတောင် လာပြုလည်နိုင်ပါတော့ မလားမသိဘူး။ တင်မောင်လွင်ဆို အရင်ကလို တနေ့တခေါက် မရောက်တော့ဘူး’ဟု ပြုံးရယ်ကာ ပြောသည်။ ဂျိုးဇက်က အောင်ထွတ်ကို ကြည့်ကာ လှောင်ရယ်တချက်ရယ်၏။ အောင်ထွတ်က ‘ဟာ အမေကလဲ ကျွန်တော်က ဗိုကောင်တွေလို မဟုတ်ပါဘူး။ အမေ ကျွေးတဲ့ ချဉ်ရေဟင်းနဲ့ ငါးနုသန်းခြောက် ဆီစွဲဖွဲလေးကို မမေ့ဘူးမှတ်’ဟု ပြောသည်။ အမေသည် မည်သူ့ကိုမျှ မကြည့်ပဲ ‘အင်းပေါ့ကွယ်။ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ပေါ့’ ဟု ပြောသည်။ ဂျိုးဇက်က ထွေးအောင်ကို လက်ညှိုးထိုးကာ

‘လာပါလိမ့်ဦးမယ်၊ ဟောဒီ တယောက်’

အောင်ထွတ်က ထွေးအောင်ကို မေးသည်။

‘မင်းနဲ့ ရီထွေးတို့ကကော ဘယ်တော့တုန်း’

အမေသည် ပြုံးနေ၏။ ထွေးအောင်သည် အောင်ထွတ်ကို ပြုံးကာကြည့်နေသည်။

‘အမေက ချွေးမ အလိမ္မာရလို့ ကံကောင်းပါတယ်။ ကျွန်တော့်မှာသာ မြိုင်ဆိုတဲ့ ကလေးမလေးက ချွေးမ အလိမ္မာ ဖြစ်ပါစေလို့ ပူနေရတာ’

ဂျိုးဇက်၏ အပြောင်အပြက် စကားကြောင့် ရယ်ပွဲဖွဲ့မိကြသည်။

အဆုံးတွင် အောင်ထွတ် တခွန်း ပြော၏။ ရယ်မောထားသော မျက်နှာတွင် ဒေါသက ခပ်ငွေ့ငွေ့ ရောလာ၏။

'မနေ့က ငါ ရီထွေးတို့ အိမ်ကိုသွားတယ်ကွ။ တို့မကြာ လိုက်ရတဲ့ ဝိုင်းတုန်းက လွင့်တဲ့ သီချင်းတွေ ပြန်ကူး သူ့ဆီက တိပ်ခွေသွားယူတာ။ အဲဒီမှာ ခင်မောင်သီး ငါနဲ့ အဝင်အထွက်ပဲ။ ခြံဝမှာ ငါနဲ့ သွားတိုးနေ တယ်လေ။ မျက်နှာ ပျက်နေပေမယ့် ခပ်တင်းတင်း ဆရာ။ ဒီကောင့် မြင်လိုက်မှ မေ့နေတာတွေ ပြန် ပေါ်လာတယ်'

ဂျိုးဇက်က အောင်ထွတ်ကို ခပ်စွေစွေ ကြည့်ပြီး

'စတယ်လာကို သတိရပြီး၊ ခင်မောင်သီးကို ပိတ်ထိုး ချင်တာ ထင်ပါရဲ့ကွာ။ ဒေါသမထွက်ပါနဲ့ အောင် ထွတ်ရာ။ အိမ်ပေါ် တခါ ပြန်ခေါ်တင်ပြီး ဇွန်းထို ပန်းကန်တို့ စာအုပ်တို့ ထပ်လှူပါဦးလား'

နှုတ်ခမ်းစေ့ကာ မျက်ခုံးကုပ်နေသည်။ ကတုံး ဆံ တောက် အသားဖြူဖြူ၊ မျက်နှာပြည့်ပြည့်၊ အရပ်သင့်သင့်၊ မျက်မှန် တဝင်းဝင်းနှင့် မာန်ပါပါ သွားလာ လှုပ်ရှား တတ် သော ခင်မောင်သီးကို မြင်နေဟန်တူ၏။ ကြယ်သီးရင်စေ့၊ တိုက် တကားကားနှင့် သန့်ပြန့် တည်ကြည်သော အမူအရာကို မှတ် မိနေပုံရ၏။ အပြောအဆို အနေအထိုင်တွင် လူကြီးလူကောင်း သဖွယ် ဟန်ပန်အပြည့်နှင့် တမင် အားထုတ်ထားတတ်သော ခင်မောင်သီး၏ သဏ္ဍာန်သည် အမြင်၌ ထင်းလာ၏။ သူတို့ က





က်ထဲတွင် ခင်မောင်သီးသည် ဝင့်ဝင့်ဝါဝါ ရှိခဲ့သည်။ တို့ကဲ့သို့ ပိုသီပတ်သီ မဟုတ်။ သပ်သပ်ရပ်ရပ်၊ အကြောင်း ိလျှင် အထင်ကြီးလောက်အောင် ဟိတ်ဟန် အပြည့်ရှိသည်။ လာတုန်းက ရီထွေးတို့ အိမ်တွင် မျက်နှာချင်းဆိုင်မြင်ရပုံကို းအောင် ပြောပြလိုက်၏။

ဇက်က မဲ့ရွဲ့ပြကာ

'တုံးတယ်ကွာ။ ဒီဝဲစားအကြောင်း ပြောမနေစမ်းပါ နဲ့။ ကျက်သရေယုတ်လွန်းလို့။ သွားကြရအောင်'

းအောင်သည် ထိုင်ရာမှ ထပြီး ပင်နီအပေါ် အင်္ကျီကိုထပ် ်လိုက်သည်။ အိမ်ပေါ်မှ အဆင်းတွင် အောင်ထွတ်သည် ကင်အင်္ကျီအိတ်ထဲသို့ လက်နှိုက်ယင်း "ငါ့ဆီမှာ ရီထွေးက ကို ပေးလိုက်တဲ့ စာတစောင်ပါတယ်။ ဖတ်ချင်ယင် ်ဖက်ရည်တိုက်ရမယ်"ဟု ပြောလေသည်။

# ၁၄

'အိမ်ရှင်ကလဲ တော်တော်ကို အသုံးမကျတာ။ အိမ်
တော့ မှန်မှန် ယူပြီး၊ မီးဖိုဆောင်အခင်း မြင်ပေ
ဆိုတော့ နေ့ရှေ့ညရှေ့နဲ့'

မောင်မောင်ကျော်သည် မီးဖိုဆောင်ထဲတွင် သံရိုက်ယင်း
နေသည်။ မနေ့ညက အမေ ကြမ်းပေါ်က ကျ သည်။
အလေးချိန်နှင့် ကိုယ်မထိန်းနိုင်သောကြောင့် ဒဏ်ပို၍
သွားသည်။ ထိုအချိန်တွင် တင်မောင်လွင်နှင့် အောင်ထွ
နှစ်ယောက် ရောက်နေကြသည်။ တင်မောင်လွင်က စန္ဒရား
ဆွေ၏ သီချင်းတွေကို တီးခိုင်းသည်။ အောင်ထွတ်က
နှင့် ဝါးလိုက်သည်။ တင်မောင်လွင်က လှိုက်လှဲခံစားရှာ
သည်။ အမေသည် ပက် လက် ကု လား ထိုင် တွင် ထိ
နားထောင်နေသည်။ ဘယ်အချိန်က ထသွားသည် မသိလို
မီးဖိုဆောင်ဘက်မှ ဝုန်းကနဲ ကြမ်း ကျိုး သံ ကြား ရ သည





ယောက်စလုံး အပြေးထသွားလိုက်သည်။ အမေ့ ညာခြေ
ည် ကျိုးထွက်သွားသော ကြားပေါက် ထဲသို့ ကျနေ၏။
ဝသည် ကြမ်းပေါက်တွင် ထစ်နေ၏။ အမေသည် ထိုင်
က်သား ဖြစ်နေ၏။ တကျွတ်ကျွတ်နှင့် စုတ် သတ် နေ ၏။
မေကို ဝိုင်းမ,ပြီး ခြေကို ဆွဲ ထုတ် သော အ ခါ ကြမ်းပြင်
သည် ညှပ်ထားသကဲ့သို့ဖြစ်နေ၏။ ထွေးအောင်သည် သံချက်
်နေသော ကြမ်းကို ဆွဲ၍ ဟလိုက်သည်။ အောင်ထွတ်နှင့်
င်မောင်လွင်က အမေ့ကို ပွေ့ကာ ဆွဲ ပြီး မ, လိုက် ၏။
မေသည် ခြေထောက် ထောက်သည်။ နာကျင်သွားဟန်တူ
သွားကို တင်းတင်းစေ့ကာ စုတ် သတ် သည်။ အ ချိန်
ည်မျှ ကြာသည် မသိ။ ထဘီအောက်နားမှာ သွေးတွေ စုတ်
သွား၏။

မ်ရှေ့ခန်းသို့ ခပ်ဖြည်းဖြည်း တွဲခေါ်ရသည်။ ကုလားထိုင်
ါတွင် ထိုင်စေပြီးမှ ဒဏ်ရာကို ကြည့် ကြ သည်။ ညို့ သ
ည်းတခုလုံး အရေပြားလန်နေသည်။ ခုံ ညင်း ပေါ် တွင်
း၊ စတော့စို့ နေ၏။ ကြွက်သားနှင့် ညာဘက်အသားတွင် မြူနေ
ာအတန်း ပေါ်နေ၏။ အဆီပြင် ပေါ်အောင် သံချောင်း
င်သွားပုံရ၏။ အပေါ်ပိုင်းတွင် ပို၍ နက်မည် ထင်သည်။
း၊ တွေ ထွက်လာသည်။ ထွေးအောင်သည် တင်ချာပုလင်း
း ယူလာ၏။ ဂွမ်းလိပ်ကို ဖြည်သည်။ "သတိထားပြီး ဆင့်
န်းပေါ်နင်းတာ ဘယ်နှယ် ဘယ့်နှယ် ဖြစ်သွားမှန်း မပြော
တ်ဘူး" ဟု အမေ ပြောသည်။ "ဆေးတိုက်ကို သွားယင်

ကောင်းမယ်”ဟု အောင်ထွတ် ပြောသည်။ ဆေးတိုက်
ပိတ်ကုန်ချိန်ပင် လွန်လာပြီ။ ဆယ့်တနာရီ ထိုးခါနီးပြီ။
ခြေထောက်မှ ဒဏ်ရာကို ငုံ့ကြည့်ယင်း အမေ ပြော၏။

‘မနက်ဖြန်ကျမှ သွားပြမယ်။ ဆေးတိုက်တွေ ပိတ်
ပြီပဲ။ ရပါတယ်၊ တင်ချောထည့်ရုံနဲ့ ရပါတယ်။
သိပ်အများကြီးမှ မဟုတ်တာကွယ်’

အမေ့ ခြေထောက်သည် သွေးတွေ လိမ်းထားသလို ဖြစ်
သည်။ ကြည့်ယင်းကြည့်ယင်းနှင့် သွေးစီးကြောင်းတွေ များ
သည်။ တင်မောင်လွင်သည် ကြိုးစတစ သွားယူပြီး ဒူးအထ
စည်းသည်။ အောင်ထွတ်က ကြွေဇလုံထဲသို့ ခွာတ်ဗူးထဲမှ
နွေးလောင်းချပြီး ရေအေးနှင့်စပ်သည်။ သွေးစေးတွေကို
နွေးစိမ်ဂွမ်းစဖြင့် သုတ်ပေးသည်။ ထွေးအောင်က တင်
ဆွတ်ထားသောဂွမ်းစဖြင့် ဒဏ်ရာကိုတို့သည်။ စပ်ဟန်တူသ
အမေသည် စုတ်သပ်လျက်ရှိ၏။ တင်မောင်လွင်က အဝ
တစယူကာ ပတ်တီးစည်းပေးသည်။ ဖြစ်စတုန်းကမူ
နေ၍ အမေ တချက်မညည်း။ နာရီပြန်နှစ်ချက်သုံးနာရီလော
တွင် အမေ့ ညည်းညူသံ သဲ့သဲ့ ကြားရသည်။
မနက်အစောကြီးတွင် အောင်ထွတ် ရောက်လာသည်။ အမေ
ကို ဂျစ်ကားပေါ်တွင် တင်ပြီး ဆေးတိုက်သို့ လိုက်ပို့ပေးသည်
ဆေးတိုက်တွင် ငါးမိနစ်သာသာ ကြာသည်။ ဆေးထိုး
ထည့်ပေးသည်။ အိမ်ပြန်ရောက်သောအခါ အောင်ထွ
ဂျီးဇက်နှင့် မောင်မောင်ကျော်ကို ခေါ်သွားသည်။ စွပ်ကျ





စက်ထဲရှိ ထင်းရှူးသေတ္တာ တလုံးကို သယ်လာကြသည်။
သေတ္တာကို ဖျက်ပြီး မီးဖိုဆောင်ထဲရှိ အင်္ဂေအပျက် နေရာ
တွင် ထင်းရှူးပြားတွေကို အစားထိုးသည်။
အမေသည် ညက အနာကိုက်၍ အိပ်ရေးပျက်၍ မှေးမည်
အပြုတွင် အကြော်စကား ပြောသည်။

‘မသိန်းရင်က ကျိုက်လပ်ပြန်သွားတာ အမေ လက်
မောင်းပြုတ်တာပဲ။ နို့ မဟုတ်ယင် ဒီနေ့ မနက် အ
ကြော်တွေ သူကြော်ပေးယင် ဖြစ်တာပဲ။ ဖောက်သည်
တွေတော့ အကြော်မရလို့ ဒုက္ခပဲ’

‘ဒီလိုဆိုလဲ ကျွန်တော် သွားကြော်ယင် ဖြစ်တာပဲ။
အမေ အဲသလိုဖြစ်တော့ အကြောင်းကိစ္စလဲ ကျွန်တော်
မေ့သွားတယ်’

‘အို နေပါစေ။ သား ကြော်လို့ ဘယ်ဖြစ်မလဲ။ ကျောင်း
နဲ့။ တခြားကိစ္စကလဲ အများကြီး။ ရွာမ အကြော်ဖိုက
ခုတလော သွားယူကြဖို့ ပြောလိုက်တယ်၊ ဘယ်တတ်
နိုင်မလဲ’

## ၁၅

ညီမ သို့ဟုတ် နှမတယောက်သာဆိုလျှင် ဆူလိုက် ငေါက်လိုက်မိမှာ သေချာသည်။ ဆရာဦးမြတ်စံတို့ အိမ်သို့ သွားနေ၍ အပြန်နောက်ကျသွားသည်။ ထောင်ဝထိပ်သို့ ရောက်သော် မျက်လုံးသည် ကြည့်ကျင့်ပါမြဲအတိုင်း အကြော်ဆိုင်သို့ လှမ်းကြည့်သည်။ မီးတိုင်တွေကို မီးညှန့်လှပ်လှပ်ဖြင့် မြင်ရသည်။ ရင်ထဲတွင် ထိတ်ကနဲ ဖြစ်သွား၍ ခပ်သုတ်သုတ် လျှောက်ရသည်။ သူ့ကို တွေ့သော် 'ဟော....သားပြန်လာပြီ'ဟု ပြောသည်။ သို့သော် အမေ့မျက်နှာသည် မလှုံမလဲ။ အကြော်အိုးသည် ဖျစ်ဖျစ်မြည် ဆီပွက်လျက် ရှိ၏။ အညှော်နံ့သည် ဆောင်းလေထဲတွင် အပြည့်အသိပ်။ စားသောက် နေ ကြသူတွေ ရှိသောကြောင့် အပြစ်တင်စကားကို မဆို။ 'အမေ ဖယ်၊ အိမ်ပေါ်သွားနေတော့၊ ကျွန်တော်ဆက်ကြော်ပြီး ရောင်းလိုက်





မယ်'ဟု သူပြောလိုက်သည်။ အမေသည် အကြော်အိုးနားမှ မထချင် ထချင် ထယင်း 'အမေသိပါတယ်။ အနာပျောက်နေလို့ ဆိုင်ထွက်တာပေါ့ကွယ်'ဟု ပြောယင်း 'သား အင်္ကျီ လုံချည် သွားလဲပါဦး' ဆိုလိုက်ပြန်သေးသည်။ သူ ခေါင်းခါသည်။ 'နောက်နှစ်ပတ်လောက်နေမှ ဆိုင်ထွက်ပါအမေရဲ့၊ ဒူးခေါင်းအောက်မှာက နည်းနည်း ယဉ်းနေသေးတယ်'ဟု ညကပင် တားထားသော သားသည် စိတ်မကြည်လင်နေပြီဟု သိသည်။ မီးဖိုနားမှ အခွာတွင် မီးလျော့နေသောဘက်ကို ထင်းစနှစ်ချောင်း ထိုးထည့်လိုက်သေးသည်။

ထိုညက မုန့်နှစ်တွေ၊ စိပ်ပြီးသား ဗူးသီးတွေ ကျန်နေသေးသော်လည်း ဆိုင်ကို အတင်းသိမ်းပစ်လိုက်သည်။ အညှော်နံ့က အမေ့ထံ ရောက်မည် ကြောင့်။

အမေ့ကို မကျေနပ်။ ဟင်း ဆီသတ်သည်ကိုပင် အမေ့ကို မလုပ်စေခဲ့။ မနက်အစောကြီး သူကိုယ်တိုင် ဈေးသွား၊ ထမင်းဟင်းချက်၊ အညှော်ထွက်မည့်ဟင်းကို ရှောင်ပြီး ချက်ခဲ့သည်။ အညှော်လုပ်သည့်အခါ အမေ့ကိုခြင်ထောင်ထဲတွင် အညှော်ရှောင်ခိုင်းသည်။ ဆိုင်ပိတ်ထားရသည်မှာ တပတ်ရှိပြီ ဖြစ်ကြောင်း၊ ခြေထောက်အနာပျောက်ပြီဖြစ်ကြောင်း ညက ပြောသည်။ ဆယ့်လေးငါးရက်နားပါဟု ပြောခဲ့သည်။ သည်နေ့ အမေဆိုင်ထွက်သည်။ ဆိုင်သိမ်းပြီးနောက် အမေသည် သူ့ကို ချော့သည်။ စိတ်ကောက်ပြေရန် ရယ်စရာ မောစရာတွေ ညှပ်ပြီး ပြောသည်။

သူက 'အမေ အပြောရခက်တယ်'ဟု အပြစ်ဆိုသည်။ အပြ
ဆိုခိုက် တင်မောင်လွင်တို့ လင်မယား ရောက်လာသည်။ ထိ
လင်မယားကလည်း အမေ့ကို အပြစ်ပြောသည်။ အမေသည်
သားသမီးတွေက ကရုဏာမကင်း ပြောဆိုလာသောအခါ ငြိ
နေသည့် မိစင်သဖွယ် တင်မောင်လွင်တို့ လင်မယားကို ပြုံး၍
ကြည့်နေ၏။ ဘာမျှမူ ပြန်မပြော။

ထိုည သန်းခေါင်ကျော်သောအခါ အမေသည် တဟင်းဟင်း
နှင့် ညည်းသည်။ အိပ်ရာမှ လန့်နိုးပြီး အမေ့ အိပ်ခန်းသို့
သွား၍ မီးဖွင့်ကြည့်လိုက်သည်။ အမေ့ နဖူးကိုစမ်းလိုက်သည်။
ခြစ်ခြစ်တောက် ပူနေသည်။ ဘာလုပ်ရမှန်းမသိ၊ အမေက
'ငန်းနီကျော် သောက်ရယင် ကောင်းမယ်'ဟု မေးရိုက်သံဖြင့်
ပြောသည်။ ဆေးတိုက်ပြီး နာရီဝက်အကြာတွင် ညည်းသံ
ပျောက်သွား၏။ အမေ အိပ်ပျော်သွားဟန် ရှိ၏။ သို့သော်
ထွေးအောင် ပြန်၍ အိပ်မရ။ မိုးစင်စင်လင်းသောအခါ အမေ့
ကိုယ်သည် ပူနေမြဲ။ အိမ်ရာမှ အထတွင် ခြေထော့ သွား၏။
အနားနေရာတဝိုက်မှာ နှိုနေ၏။ ရောင်နေသည်။

ဆေးတိုက်မှ ဆရာဝန်ရောက်လာသောအခါ ဆေးနှစ်လုံး
ထိုးပေး၏။ သောက်ဆေးသုံးမျိုး ပေးခဲ့၏။ အဖျားရှိန်သည်
မကျ။ အံနာကိုက်သည်ဟု ပြောသည်။ တတိယမြောက်ညတွင်
ကယောင်ကတမ်းတွေ ပြောသည်။ ဆရာဝန်က နောက်တနေ့
မနက်တွင် ဆေးရုံတင်ရန် ပြောသည်။

ဆေးရုံသို့ ရောက်သည်မှာ လေးရက်ရှိပြီ။ ဆရာဝန်ကို မေး





ကြည့်သောအခါ သံဆိပ်တက်ခြင်းဖြစ်သည်ဟု ဖြေသည်။ ထို
ရက်များအတွင်း ကျောင်းမှ ခွင့်ယူထားရ၏။ ဖျားသည့်နေ့က
၍ ထမင်းမစား။ နို့နှင့် ပေါင်မုန့် နည်းနည်း စားသည်။
ဆေးရုံတင်သည့် မနက်မှ အစပြုကာ ဆေးရုံတွင် သူနေရသည်။
ကြီးဇက်နှင့် မောင်မောင်ကျော်တို့က အိမ်လာစောင့်ကာ နေ
ကြသည်။ သူ့အတွက် ထမင်းဟင်းနှင့် အမေ့အတွက် နွားနို့၊
ပေါင်မုန့်တွေ ပို့ပေးကြသည်။ အမေ အစာမစား။ အနာ
ကိုက်ခြင်း အဖျားတက်ခြင်းကြောင့် အိပ်မပျော်။ အပူချိန်များ
သောအခါ သတိလစ်နေတတ်သည်။

ဆေးရုံက ဆင်းနိုင်ပြီဟု ပြောသည့်နေ့မှာ ဆေးရုံ ရောက်၍
ခြောက်ရက်မြောက်။ အမေ့ အခြေအနေမှာ စိုးရိမ်စရာကောင်း
သည် ထင်၏။ ဆေးရုံမှ ပြန်ရောက်သောနေ့က အခြေအနေမှာ
တိတ်သိပ်မပူရ။ ထိုညက နွားနို့ တခွက် သောက်သည်။ ပေါင်
မုန့်တယှက်ကုန်သည်။ စကားပြောသံမှာ အားမနည်းလှ။ တိုက်
တိုက်ဆိုင်ဆိုင်ပင် ထိုညသည် မြမြူးအိမ်ဝိုင်းကို ရေဒီယိုမှ လွှင့်
ပေးသည့် ည။

အမေသည် ခုတင်ပေါ်တွင် ပက်လက်လှဲကာ ရေဒီယို နား
ထောင်သည်။ အိမ်တွင် တင်မောင်လွင်မှ တပါး မောင်မောင်
ကျော်၊ အောင်ထွတ်၊ ကြီးဇက်တို့ ရှိကြသည်။

အမေ့ မျက်နှာသည် ရွှင်နေသည်။ လန်းနေသည်။

၁၆

ငှက်ချေးခံတွင် နှင်းတွေ စိုစွတ်လျက် ရှိချေပြီ။
အအေးဆုံး ည၊ အအေးဆုံး အချိန်။
ခြင်ထောင်တိုင်ဖုံး အစတို့တွင် နှင်းရိုက် ထား သည် ကို
ရ၏။ ခုတင် ခေါင်းရင်း ပျဉ်ပေါ်တွင် ရေငွေ့ပျံနေသည်
အခင်း ပျဉ်ချပ်မှာ နှင်း ရည် လိမ်း ထား သကဲ့သို့ ရှိသည်
ပိတောက်ကိုင်းပေါ်မှ ဆင်းလာနေသော နှင်း ပေါက်
အမေ ကိန်းအောင်းရာ သေတ္တာပေါ်သို့ သုံး လေးစက်
၏။ သေတ္တာပျဉ်ဖုံးကိုထွင်းကာ အမေ့ မျက်နှာက ပေါ်
၏။ အသက်ကုန်စက အမေ့ မျက်နှာသည် ဝေဒနာ
မစွန်းထေး။ သူ့လက်ပေါ်တွင် ဝိညာဉ်ချုပ်သွားသည်
အားလုံးကို မမေ့မကျန်။ ထွက်သက် ဝင်သက် ရှိနေ
ကြောင်း သိနိုင်သည့် လျှာဖျား ငြိမ်သွားချိန်တွင် နား





သွားချေ၏။ မျက်လုံးထဲတွင် ပြာသွား၏။ အာရုံတွေ
ပေါက်ကွဲသွားပြီ ထင်ရသည်။
အောင်ထွတ်သည် ဟနေသော အမေ့ နှုတ်ခမ်းကို စေ့ပေး
သည်။ မျက်ခွံကို ပိတ်ပေးလိုက်သည်။ မောင်မောင်ကျော်
က 'သူငယ်ချင်း....အမေ့ကို အိပ်ရာပေါ်မှာ ပြန်လှဲပေးလိုက်
ပါကွာ' ဟု ဆို့ဆို့နင့်နင့် ပြောသည်။ ဂျီးဇက်သည် အိမ်ရှေ့
ခန်းကို ရှင်းနေသည်။ အမေ့ ခေါင်းပုံကို ဖြုတ်ယူကာ ဘုရား
စင်ပေါ်သို့ တင်လိုက်သည်။ တင်မောင်လွင်က အမေ့ လက်
နှစ်ဘက်ကို ကိုယ်ပေါ်သို့ လက်ယှက်တင်ပေးသည်။
အမေ့ကို ကြည့်ယင်းနှင့် မျက်လုံးထဲတွင်မပီ။ ဝါးလာသည်။
နှုတ် ခမ်း တင်း တင်း စေ့ ပြီး အံ ကြိတ် လိုက် သည်။ မျက်
တောင်ခတ်ပစ်ပြီး မျက်ရည်သိမ်းရသည်။ အမေ့ အပါးမှ
ထကာ နောက်ဖေး ရေကပြင်သို့ ထွက်ခဲ့သည်။ အဆင့်တွင်
ခြေချထိုင်လိုက်သည်။ တံခါး ဘောင် တွင် ကိုယ်မှီထားလိုက်
သည်။ သန်းခေါင်ချဉ်းသော လရောင်သည် ကြည်လင်စွာ
ကျလျက်။ ရက်တိုးခဲ့သော လွတ် လပ် ရေး ပွဲတော် ကျင်းပရာ
ကွင်းဆီမှ အသံတွေကို တချက် တချက်၌ ကြားရသည်။ ဝါး
ရုံပင်ရိပ်သည် မြေပေါ်တွင် မလှုပ် မယှက်ဖြင့် ရှိလေ သည်။
လွတ်လပ်ရေးပွဲတော်တွင် အကြော် အကြီးအကျယ် ရောင်းချ
မည်ဟု ဆိုခဲ့သည်။ အမေသည် အကြော်ဆိုင်ကို စိတ်များ
စွဲနေသလားဟု တွေး၏။ စင်စစ် အကြော်သည် သားဖြစ်သူကို
အမှီပြုပြီး ပေါ်ပေါက်လာရသော အရာတခု။ သားအတွက်

အကြော်တွင် အာရုံစိုက်ရခြင်း။ သားဖြစ်သူ၏ ရှေ့တဝခရီး
အကြော်တံဖြင့် တည်ဆောက်ပေးခြင်း။ ပူပြင်းသော နေ့
သည်းထန်သော မိုးပေါက်၊ ပိန်းပိတ်သော နှင်းထုကြား
သားအမိနှစ်ယောက် လျှောက်ရမည့်လမ်းကို အမေက
ဆောင် လျှောက်ခဲ့သည်ဟု သဘောပေါက်သည်။

အစကနဦး ရှန်းကန်ကြရစဉ်က အမေသည် အားတ
မလျှော့ခဲ့။ စလုတ်ကန်ကင်းတိုက်၍ လဲသည့်ပြိုသည်တွင်
ခြည်း အားယူထလိုက်သည်နှင့် တူလေသည်။ အမေ့မျက်
သည် စိတ်ပျက်လွယ်သူ၏ မျက်နှာမျိုးမဟုတ်သည်မှာ
အထိုက်အလျောက် အခြေတည်လာချိန်တွင် သားကိုသာ
စားပေးခဲ့ပုံတွေ အစဉ်လိုက် မြင်လာသည်။

‘အမေက အိမ်နဲ့ဆိုင် ဆိုင်နဲ့အိမ်။ အဝတ်အစား
လောက် မလိုပါဘူး။ သားက အပြင်ပတ်ဝန်းကျင်
မှာ လိုလို နေရတာ’

အင်္ကျီ လုံချည်တွေ တလ တထည် နှစ်ထည် ဝယ်ပေး
ပြောသည်။ သူ ငြင်းသော် ထိုစကားကိုသာ လက်သုံး
နေကျ။

‘ဆီပြန်ဟင်းကို သားစားလိုက်ပါ။ အမေက လမ်းထိပ်
မုန့်ဟင်းခါးဖြစ်ဖြစ် လက်သုပ်ဖြစ်ဖြစ် ထမင်းနဲ့
ယင် ရပါတယ်။ ဆိုင်မှာလဲ ပုစွန်ကြော်ရှိတယ်။ သား
က သွားဟယ် လာဟယ်နဲ့။ ကျောင်းကျတော့
နေဦးမယ်’





ဟင်းကောင်း ကျွေးကောင်းကို ချန်ထားမည် စိုး၍ ဟင်း
တွေကို ထမင်းပန်းကန်ထဲသို့ ပုံပေးသွားသည်။ ဟင်းနံ့တွေ
နှာဝတွင် ရလာသလို ဖြစ်လာသည်။ အမေ့ရုပ်သွင်ကို လရောင်
ဖြင့် ရုပ်တုထုထားသလို အာရုံတွင် ထင်လာ၏။ အမေ့ ချွေးနံ့
လေးတွေကို ပျံ့ပျံ့သင်းသင်း ရလာသည်။

စွန့်ခွာသွားပြီဖြစ်သော အမေ့ကို ခေါ်လျှင် ထူးတော့မည်
မဟုတ်၊ မေးလျှင် ပြောတော့မည် မဟုတ်။ သားကို ချစ်သည်
ဆိုသော အမေသည် သားကို ထားရစ်ခဲ့လေပြီ။ သားအတွက်
ငွေရှားဝယ်မပေးချင်တော့ဘူးလားဟု မေးချင်သည်။ စကား
မဆို၊ အသက်ပျို့ပြီးသား ရုပ်ကလာပ်ကိုသာ အမေ ထားရစ်
ခဲ့ချေပြီတကား....။

သေတ္တာခေါင်းရင်းတွင် သတ္တုဆေးလိပ်ခွက်ကို မြင်ရသည်။
မအုံးမယ် ဆေးပေါ့လိပ်နှင့် ယမ်းမီးခြစ်တဗူး။ ခုတင်ခေါင်း
ရင်းရှိ စားပွဲဝိုင်းပေါ်တွင် ပန်းအိုးတလုံး၊ နှင်းဆီ သုံးလေး
ပွင့်၊ သောက်ရေတဖန်ခွက်။ အမေ့ ဦးခေါင်းရှိမည့် နေရာကို
မှန်းပြီး မြင်ကြည့်သည်။

ဆေးပေါ့လိပ်မှ မီးခိုးတွေ ထွက်နေသည်ဟု အောက်မေ့
သည်။

# ရာဇဝင်ချုပ် ဒုတိယစာစောင်

## ၁၄

ပက်လက်ကုလားထိုင်မှ ထလိုက်သည်။ စန္ဒရားဆီသို့ ဦးတည်လိုက်သည်။ ထိုင်ခုံကို စန္ဒရားနှင့် ကပ်ထားရာမှ ခွာလိုက်သည်။ ထိုင်နေကျ နေရာတွင် ထားလိုက်သည်။ စန္ဒရားအဖုံးကို မဖွင့်မိသေး။ အတွေးတွေ ရှုပ်ယှက်ခတ်နေသည်။ တယောက်မဟုတ်လျှင် တယောက်ယောက်က သူ့ကို စိတ်ပြေလက်ပြေ စကားတွေ ရှာဖွေပြောနေတတ်သည်။ အနားတွင် ယခု မရှိကြ။ အပြင်သို့ ခဏ ထွက်သွားကြသည်။ မိုးချုပ်မှ ပြန်ရောက်မည်ဟု ပြောသွားသည်။ တဦးတယောက် ရှိနေသောအခါ ဝေဒနာသည် ပြန့်ပွားလာရန် မလွယ်၍လား မဆိုနိုင်။ ထူးခြင့်ရှိသော ဆင်သဖွယ်၊ ဝေဒနာပုခက်လွှဲကာ ရွှေ့ရှံသာ ရွှေ့ခဲ့လေသည်။ တယောက်တည်း ဖြစ်နေသောအချိန်တွင်ကား ထူး ပြွတ်စပြုလာလေ၏။





ထိုင်ခုံတွင် ဆတ်ကနဲ ထိုင်လိုက်သည်။ စန္ဒရားအဖုံး ဖွင့်သည်။ အတော်မြည်သွားသည်။

သည်စန္ဒရားနှင့် လက်နှင့် မထိသည်မှာ တလနီးပါးရှိပေပြီ။ ခလုတ်တွေကို အကြာကြီးစိုက်၍ ကြည့်နေမိသည်။ ခလုတ်ခုံ ဗယ်ညာစွန်းကို လက်ဝါးဖြင့် ထောက်ထားသည်။ ခေါင်းသည် ငိုက်စိုက်စိုက်။ စန္ဒရား ဗယ်ဘက်ဘေးရှိ ကြိမ်ကုလားထိုင်သို့ မျက်လုံး ရောက်သွားသည်။ အမေထိုင်နေကျ နေရာ။ စန္ဒရားတီးသည်ကို ထိုင်ပြီး ကြည့်နေကျနေရာ။ သည်နေရာမှာ လစ်ဟာလျက်ရှိလေသည်။ ငွေကွပ်ထားသော သွားတက်ကိုလည်း မတွေ့ရတော့။ နှုတ်ခမ်းပေါ်မှ မှဲ့ကို အပေါ်သို့ တွန်းတက်အောင် ပြုံးတတ်သော မျက်နှာကိုလည်း မမြင်ရတော့။ အမေသည် စကားတွေ၊ အရယ်အပြုံးတွေ အလုံးစုံကို အမေ့နည်းတူ သိမ်းဆည်း ယူငင် သွားပါဘကားဟု စူးစူးနင့်နင့် သိလိုက်သည်။

ညာလက်ခလယ်သည် အစွန်ဘက် အနက်လုံးကို စတင်ထိသွားသည်။ ကြေကွဲစရာ တေးသွားကို ခပ်ဖွဖွ တို့နေမိသည်။ လက်အကျတွင် ကျသလို တီးနေမိသည်။ မှိုင်ထဲမှ အကွက်တွေသို့ လက်ရောက်နေသည်။ ဗယ်သံအတွဲအဖက်ကို အနိမ့်အမြင့် ချဲ့ကာ လိုက်နေလိုက်သည်။ ဗျိုင်းတောင်အလိုက် စည်တိုခေါက်သံပေါက်နေ၏။ ညာသံတေးသွားသည် မျောက်မင်းအူသံ တေးသွားမျိုး။ စိတ်သည် ပို၍ ယောက်ယက် ခတ်လာ၏။ အဖြူအနက် တွဲဖက်သံများ ကစားမိလာသည်။ ရေစီးသံ

ပျောက်ကာ လေပြင်းတိုက်သံ၊ မုန်တိုင်းတိုက်သံနှင့် မိုးကြိုးထစ်သံတွေကို သက်ပြင်းပြင်း 'တီးလိုက်သည်။ နားထဲတွင် အရောင်အသွေးနှင့် အရှိန်တွေကို ခံစားလာရသည်။ ပြင်းထန်သော အသံကြီးတွေ ပေါ်လာ၏။ အသံထိန်းကို ခြေစုံပိနှင်းကာ အသံကုန် လွှတ်ထားသည်။ အသံတို့သည် ကျဲလာ၏။ စည်းသည် နှေးလာ၏။ လေးတွဲ့သော ဗယ်သံတို့သည် ကြိုးကြား ကြိုးကြား ထွက်လာ၏။ လက်အကျ ပျော့ပျောင်းလာ၏။ သို့သော် ချောက်ချားဖွယ် ကောင်းလာသည်။ သေခြင်းကို ဖော်ကျူးသော တေးသွားကို အဆုံးသတ်လိုက်သည်။ ဖွင့်ထားသော်လည်း ကြည့်မြင်ခြင်း မပြုသည့် မျက်လုံးအိမ်တွင် မျက်ရည်စတွေ စို့လာ၏။ သတိလစ်သွားသော သူ့နှယ် အဖုံးကို ဝုန်းကနဲ ပြန်ပိတ်သည်။ အဖုံးပေါ်တွင် လက်မောင်းနှစ်ဘက် ယှက်ပြီး တင်၏။ ဗယ်လက်ကောက်ဝတ်ပေါ်တွင် မေးတင်သည်။

ရင်ဝတွင် ဆို့ထစ်နေသမျှကို ဖယ်ပစ်လိုက်သည်။ တစုံတရာ ခုခံနေ၍ တင်းကျပ်နေသော ရင်သည် သက်သာလာသည်။ နှုတ်ခမ်းတွေ ဆတ်ဆတ်တုန်လာ လေသည်။ နှုတ်ပေးကို အတင်းစေ့ကာ အသံမထွက်အောင် ကြိုးစားရသည်။ တုန်ခါနေသော ကိုယ်ကြောင့် အနေအထား ပျက်လာသည်။ နှုတ်ခမ်းသည် လက်ခုံနှင့် ဖိကပ်သွားသည်။

'မောင်ရယ်....'

ပခုံးနှစ်ဘက်ကို ဖွဖွဆုပ်လိုက်သော ထိတွေ့မှုနှင့်အတူ ရီထွေး၏





ခေါ်သံ။ မျက်ရည်စတွေ တင်နေသော မျက်နှာကို ရီထွေးဘက်သို့ မလှည့်လို။ သူ့ဗယ်ဘက်ဘေးတွင် ခြေစုံရပ်လျက်သား ရှိသော ရီထွေးနှင့် မျက်နှာချင်း မဆိုင်ချင်သေး။

'တိတ်ပါတော့ မောင်ရယ်။ ဒီလောက် ဖွင့်ထုတ်လိုက်ရပြီပဲ'

ပြန် မပြောနိုင်။ ဆို့ထစ်နေသည်။

'မောင် သိပ်စိတ်ပင်ပန်းနေပြီ။ စိတ်ထိခိုက်တာက ရီထွေးလဲ မောင့်လိုပါပဲ'

ဗယ်လက်မောင်းသည် ရီထွေး၏ ခါးနှင့် ဖိကပ်နေသည်။ ရီထွေး၏ ဗယ်လက် အထိအတွေ့သည် ပခုံးပေါ်မှ ပျောက်သွားသည်။ နောက်စေ့ ဆံပင်တွေကြားသို့ ရီထွေး၏ လက်ချောင်းတွေ ဝင်လာ၏။

'မောင် အားငယ်နေသလားကွယ် ဟင်....'

သူ့ပခုံးကို အလိုက်သင့် လှည့်ယူလိုက်သည်။ သူ့လက်နှစ်ဘက်သည် စန္ဒရားအဖုံးပေါ်မှ ကြွလာသည်။ ရီထွေးသည် စန္ဒရားတွင် ကိုယ်ကို ခပ်စောင်းစောင်း မှီလိုက်သည်။ ကိုယ်ချင်းတူရူ အရောက်တွင် သူ့ကို ဆွဲယူလိုက်၏။ ထွေးအောင်ခေါင်းမဖော်။ ရီထွေးသည် ထွေးအောင့် လက်နှစ်ဘက်ကို ခါးတွင် တင်ပေးလိုက်သည်။ ထွေးအောင်က ဖွဖွဖက်သည်။ သူ့ခေါင်းကို ရင်ထဲသို့ သွင်းလိုက်ယင်း ရီထွေး ပြောသည်။

'မောင်နဲ့ အတူ ရီထွေး ရှိတယ်လေ။ မောင် ဘာလို့ အားငယ်ရမှာလဲ'

ရီထွေး၏ ရင်ခွင်ထဲတွင် မျက်နှာကို ဖိအပ်လိုက်သည်။ ငယ်စဉ်က အမေ့ ရင်ခွင်ထဲတွင် ဝင်ခဲ့သည်တို့ကို ရေးရေး မှတ်မိနေသည်။ အမေသည် ရီထွေးလိုပင် ဆံပင်တွေကို သပ်ပေးသည်။ တလှိုက်တမောကြီး ခံစားလိုက်ရ၏။ ပါးပေါ်တွင် ပူနွေးလာသည်။ တချက်ပြင်းပြင်း ရှိုက်မိသည်။ ရီထွေးသည် သူ့ကို ပေ်တင်းတင်းတိုး၍ ဖက်လိုက်၏။ ကျောနှင့် လည်ကို တအားဆွဲ၍ဖက်သည်။ ကလေးဘဝတုန်းက အမေတုတ် ပြင်ချိန်တွင် အဖေသည် သည်လိုဖက်ကာ တားဆီးပေးပုံတွေ မြင်လာသည်။ ရီထွေး ခေါင်းကို ကျစ်နေအောင် ဖက်ထားမိသည်။ အတော်ကြာသောအခါ ခေါ်သံတိုးတိုးကြားရသည်။

'မောင်'

နှုတ်ခမ်းမဖွင့်ပဲ ထူးသည်။

'ဟင်'

'တော်တော့နော်၊ မောင် မငိုနဲ့တော့။ မောင် သိပ်မောနေတယ်ကွယ်'

ရင်တွင် ပါးအပ်ထားယင်း ခေါင်းညိတ်ပြလိုက်သည်။ ရီထွေးသည် ရင်ခွင်ထဲတွင် သူ့ကို ထားယင်း

'မောင် ငိုတာ တွေ့တော့ ရီထွေး ရင်နာရတယ်ကွယ် သိလား'

မျက်နှာ မော့ယူပြီး စကား အဆုံးသတ်သည်။ ရီထွေးသည် လက်ကိုဖြည်လိုက်၏။ သူက ဖက်ထားရာမှ လွှတ်လိုက်သည်။ မျက်ရည်စတွေကို လက်ခုံ လက်ဝါးတွေဖြင့် သုတ်ပေးသည်။





ထွေးအောင့် ပါးနှစ်ဘက်ကို လက်ဖဝါးကပ်ကာ ဆွဲမော့သည်။ အမော့တွင် ထွေးအောင့် နဖူးကို တချက်မွှေးသည်။ ထိုနောက် လှချင်းခွာသည်။ မော့ထားသော မျက်နှာကိုပြန်လည်အတည့်တွင် ရီထွေး ရင်သို့ မျက်လုံးရောက်လေ၏။ အကျီတွင်မျက်ရည်စတွေ စွန်းစိုလျက်ရှိ၏။ မျက်လွှာကို လှန်အကြည့်တွင် ရီထွေး ပြုံးပြသည်။ ထိုနောက် နောက်တလှမ်း ဆုတ်သည်။ မျက်လုံးချင်း စေ့စေ့ ဆုံတော့မှ မြင်ရသည်။ ရီထွေးသည် ကြိမ်ကုလားထိုင်တွင် ထိုင်ယင်း ကြည့်နေသည်။

နှစ်သိမ့်ပေးရသူ၏ မျက်လုံးအစုံတွင်လည်း မျက်ရည်ဝန်းလည်လျက်ပါတကား။

၁၈

'စာမေးပွဲက ရွှေ့လထဲမှာပဲ သူငယ်ချင်းရာ။ ဒါ...
ပြီးယင် ပြီးပြီပဲ။ ဆရာ ဦးမြတ်စံလဲ မင်း အခြေအ...
တွေ အကုန် သိတာပဲ မဟုတ်လား'

မင်္ဂလာဆောင်မှ အပြန်တွင် ပြန်ပြီး သယ်ယူလာသော စန္ဒ...
ကို နေရာတကျ ချထားယင်း ဂျိုးဇက်က ပြော...
အောင်ထွတ်နှင့် မြိုင်တို့ လက်ထပ်ပွဲတွင် ဥည့်ခံဂီတကိုတာဝန်...
ထား၍သာ ဆောင်ရွက်ရသည်။ စက်ရုပ်သဖွယ် ဖြစ်နေသည်...
အဆိုတော်တွေနှင့် တူရိယာပညာရှင်တွေအတွက် လိုလေ...
မရှိအောင် အစစစီစဉ်ပေးရသည်။ ကိုယ် ကိုယ်တိုင်လည်း ...
ရား ဝင်တီးရသည်။ စိတ်ကား မဖြောင့်။ နေရေးထိုင်...
ကိစ္စတွေ ဝင်လျက်ရှိသည်။ အမေ ကွယ်လွန်သောအခါ ...
စုဆောင်းခဲ့သော ငွေ ထောင့်ငါးရာ ကျန်ခဲ့သည်။ ငွေ...
ထောင်ကျော်ကို သင်္ဂြိုဟ်စရိတ်အဖြစ် သုံးခဲ့သည်။ အမေ့...





ထဲမှ သုံးရာကျော်ခဲ့သည်။ သူရှာခဲ့သော ငွေသုံးရာကျော်ကို အမေသည် သေသေချာချာ သိမ်းထားသည်။ တလပြည့် ဆွမ်းကျွေးသောအခါ အမေ့ ငွေဖြင့် စီစဉ်ရမည်။ အမေ့အတွက် ကုသိုလ်ကောင်းမှုကို အမေ့ ငွေဖြင့် သုံးချင်သည်။ တခြား တချပ်မျှ လက်ဝယ်မထားချင်။ မလောက်လျှင် သူ့ ငွေထဲမှ ဖြည့်သုံးမည် စိတ်ကူးသည်။

ဝင်ငွေမရှိလျှင် ရပ်၍မဖြစ်။ တလ လျှင် လေး ငါး ပိုင်း တွင် စန္ဒရားလိုက်တီးမှ ဖြစ်မည်။ ထိုအခါမှ တရာ့ လေး ငါး ဆယ် ရမည်။ ကျောင်းပျက်ရက်တွေ ထိခိုက်မည် စိုးရသည်။ အသံလွှင့်ပိုင်းတွေ အတွက် စန္ဒရား တီးရသည်မှာ လက်တင် သက်သက်မဟုတ်။ ရေဆုံးရေဖျား သိချင်းတိုက်ပေးရသည်။ တလလျှင် ကျောင်းပျက်ရက် သုံးရက်ထက် ပိုလျှင် မသင့်။ တွေးယင်းနှင့် စိတ်ညစ်လာရသည်။ သူငယ်ချင်းတွေက သူ မပြောမိကပင် တွေးထားနှင့် ရှိဟန်တူ၏။ တယောက်နှင့် တယောက် ထိမ်...ကြက်ခြင်း မရှိ၍ တယောက် အကြောင်းကို တယောက်က အိတ်...သွန် ဖာမှောက်သိပြီး ဖြစ်သည်။

...အိမ်လခအတွက် သူ တာဝန် ယူသည်ဟု အောင်ထွတ် ပြောသည်။ လမ်းစရိတ်အတွက် တလလေးဆယ်ကူညီမည်ဟု မောင်မောင်ကျော်က ပြော၏။ 'ငါကတော့ မင်းတို့ သိတဲ့အတိုင်းပဲ၊ ...ဒိုင်မပြေလည်တော့ တလ နွားဆေးလိပ် ငါးဆယ်ထုပ် နှစ်...ထုပ်ထောက်မယ်ကွာ'ဟု တင်မောင်လွင်က ပြောသည်။ ဂျိုး...ဇက်က 'ငါ မင်းနဲ့အတူ နေမယ်။ ထမင်းချိုင့် မှာစားမယ်။

တယောက် အတွက် တလမှ လေးဆယ်ပဲ။ နှစ်ယောက် တွက်မှာမယ်။ မြို့ထဲဆိုယင်တော့ ငါ့ဆိုင်မှာ သွားစားယင် ပြီးတာပဲ။ ဒီနေ့က လှမ်းလွန်းနေတော့ ဒီလိုပဲလုပ်တာ ကောင်းပါတယ်'ဟု ပြော၏။ သူ့အနေအထားတွေကို တည်ငြိမ်အောင်စီစဉ်ခြင်းဟု နားလည်သည်။ အမှန်တွင် လေနေသော စိတ်ကိုတနေရာရာတွင် စွဲမြဲအောင် မပြုနိုင်သေး။ စန္ဒရား ခလုတ်နှင့်လက်နှင့် ထိလိုက်တိုင်း အနာဂတ် စိတ်ကူးတွေလှုခဲ့သည်။ ထိုစိတ်ကူးတို့သည် မွေးထုံလျက် ရှိခဲ့သည်။ စိမ်းလန်းစိုပြည်သော စိတ်ကူးတို့သည် ကြားယောင်ပြူ ကြည့်ရသော စန္ဒရားသံ၌ပင် ဝေဝေဆာဆာ။

အမေနှင့် စပ်လျဉ်းသော ရည်စူးချက်သည် လွင့်စဉ်ခဲ့ရချေပြီး သူ့လုပ်စာကို အမေ စားမသွားခဲ့ရ။ အဖေ ရှိစဉ်က မပင်မပန်းနေခဲ့ရသော အနေအထားကို ပြန်လည် ဖြစ်စေမည်ဟု တွေးတောထားခဲ့သည်။ ဥပုသ် ဆောက်တည်ခြင်း၊ အနားယူခြင်းကင်းခဲ့ရှာသော အမေ့ကို မြင်ရ၍ ရင်မသက်သာ။ အဖေရှိစဉ်ကနှယ်အေးငြိမ်းစွာ နေစေမည် ရည်စူးနိုင်ချိန်တွင် အမေ့ကိုပါ ဆုံးရှုံးခဲ့ရပြန်သည်။ အမေ၏ ပျောက်ကွယ်သွားခြင်းသည် အနာဂတ်လမ်းစတွေကို မကြည့်မြင်လိုသော စိတ်တွေဖြစ်လာစေ၏။

သွေ့တည့် သွေ့ခြောက် ဖြစ်နေသည်။ ရေရေရာရာ ဘာမျှမရှိ။

'ထွေးအောင် အရက်သောက်မလား'

ဒုတိယအကြိမ်



ကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်လိုက်ချိန်မှာ ဂျိုးဇက်မေးသံကြားရ၏။

'ဘယ်မှာ သွားသောက်မလဲ'

'နန်းကြီးမှာ'

နန်းကြီးပျော်ပွဲစားရုံသည် ဈေးအလွန် ရုပ်ရှင်ရုံနှင့် ကပ်လျက်တည်ရှိ၏။ လူအဝင်အထွက် များသောကြောင့် ထွေးအောင်မသွားချင်။ ထိုအကြောင်း ပြောလိုက်သည်။

'ဒါဖြင့် ငါ ရမ်အကြီးတလုံးသွားဝယ်မယ်။ အမြည်းလဲဝယ်ခဲ့မယ်။ အိမ်မှာပဲသောက်ကြတာပေါ့'

သူ မငြင်းလိုက်။

'မောင်မောင်ကျော်ကိုပါ ဝင်ခေါ်ခဲ့ရမလား'

'ကောင်းသားပဲ'

'အောင်ထွတ် အဖေက တိုစားဖို့ သောက်ဖို့ဆိုပြီး ငွေတရာ ထုတ်ပေးတယ်ကွ။ ဓိပိုက်ဆံကိုတော့ ထားလိုက်မယ်။ စနေနေ့ကျမှ လူစုံဆုံပြီး ဟဲပစ်ကြတာပေါ့'

စက္ကူထုပ်ကို ဖြည်ကြည့်လိုက်သည်။ ငါးကျပ်တန်အုပ် ငါးအုပ်တွေ့ရသည်။ ငွေစက္ကူ အသစ်အုပ် တွေချည်း။ စက္ကူထုပ်ဖြင့်ပြန်ထုပ်လိုက်ယင်း သက်ပြင်းချမိသည်။ ဂျိုးဇက်က ငွေစက္ကူတွေကို တလှည့် သူ့ကို တလှည့် ကြည့်သည်။ ထွေးအောင်သည် စာအိတ်ကို ဖွင့်လိုက်သည်။ ကော်ပီစာရွက်ခေါက်ကိုကြည့်သည်။

ဒုတိယအကြိမ်

မောင်ရေ

မောင့်ဆီကို ခြောက်နာရီခွဲလောက် ရောက်လာတယ်။ မောင် မူးပြီး အိပ်ပျော်နေတယ်။ မောင် သုံးဖို့ ငွေငါးရာ ထားခဲ့တယ်။ ခုနစ်နာရီခွဲလောက်အထိ နေဦးမလို့။ မောင် အမူးပြေဦးမယ် မထင်လို့ ပြန်သွားရတယ်။ မနက်ဖြန် နေ့ဝက် ရုံးဆင်းဆင်းချင်း မောင့် ဆီကို လာခဲ့မယ်။ အိမ်မှာပဲနေ။ ရီထွေး လာခဲ့မယ်။

မောင့်ရဲ့

ရီထွေး

စာရွက်ကို အိတ်ထဲသို့ ထည့်ယင်း ဂျီးဇက်ကို လှမ်းကြည့်သည်။ ပြီးမှ ပြန်ထုတ်ကာ ဂျီးဇက်ကို ပေး လိုက်၏။ ဂျီးဇက်က စာဖတ်ပြီး ပြုံးသည်။ သူ့ထံသို့ စာရွက်ကိုပြန်ပေးယင်း

'မနေ့ညနေက ငါ ရီထွေးကို အားနာ လိုက်တာကွာ အရမ်းပဲ။ မင်းက သုံးပက်လောက်လဲ သောက်ပြီးရော ခေါင်းစိုက်နေပြီ။ နှစ်ယောက်စလုံး မူးနေယင် မဖြစ်ဘူးဆိုပြီး၊ ငါ လျှော့သောက်ရတာပေါ့။ ငါနှစ်ပက်လောက်ပဲ သောက်တာပါ။ ရီထွေးလာတော့ မင်းကို အိပ်ရာပေါ် ငါ တင်ပြီးခါစလေ'

'ငါ့ကို ဘာပြောသွားသေးလဲ'

'မပြောပါဘူး။နောက်နာရီဝက်တနာရီလောက်နေယင် နိုးမလားတဲ့။ငါ့ကို မေးတယ်။သူ စောင့်မယ့် လက္ခဏာ





ပဲ။ ငါက မထင်ဘူးလို့ ပြောလိုက်တယ်။ ဒါနဲ့ ဗီဒိုက်ဆံရယ် စာတစောင် ချက်ချင်း ရေးပြီး ထားခဲ့တာပဲ။ သူ့စာ ငါ မဖတ်စေချင်လို့နဲ့ တူပါတယ်။ စာ အိတ်တောင်းလို့ မနည်း ရှာပြီး ပေး လိုက် ရတယ်။ မင်းကို ပြန်ခါနီး အခန်းထဲ ဝင်ကြည့်သေးတယ်။ သူ ထွက်သွားတော့ မင်းကို ငါကြည့်တယ်။ မင်းရင်ဘတ်ပေါ်မှာ စောင်ခေါက် တင်ထားတယ်။ ခြင်ထောင်လဲ ချပေးခဲ့တယ်'

အသံဂယက်တွေ ငြိမ်သွားတော့မှ ရီထွေး နှုတ်ခမ်းပြင်သည်။

'စန္ဒရားခလုတ်ပေါ်မှာပြေးနေတဲ့ မောင့်လက်ချောင်းလေးတွေ လှုပ်ရှားတာ သိပ်လှတာပဲ'

ထိုစကားကြောင့် ပြုံးမိသည်။ အောင်ထွတ်က စန္ဒရားဝယ်လာပြီး အိမ်သို့ လာပို့သည့်နေ့ကို မှတ်မိနေသည်။ အမေသည် စူးစမ်းသော မျက်လုံးဖြင့် ကြည့်သည်။ သားဖြစ်သူ စန္ဒရားတီးသည်ကို အမေ မမြင်ဖူးခဲ့။ အံ့ဩဝမ်းမြောက်သော မျက်နှာနှင့် တငေးတမော ကြည့်သည်။ ထိုနောက် ရီထွေး ပြောသကဲ့သို့ပြောသည်။

'အမေလဲ့ အဲသလိုပဲ ပြောတယ်'

'စိတ်နှလုံးချင်းတူယင် စကားချင်းလဲ တူတာပဲတဲ့'

မျက်တောင်တဖျပ်ဖျပ်ခတ်ယင်းပြုံးသည်။ အပြုံးသည်ထိုင်းမှိုင်း

လှစွာ၏။ ပြောစရာ စကားတွေ ခန်း ကုန် သည် သို့ ရှိနေ၏။ ရီထွေးသည် တမြန်နေ့က အကြောင်းကို ပြန်ပြောသည်။

'မောင် အရက်မသောက်ပါနဲ့လားကွယ် နော်။ ရီထွေး မြင်ရတာ စိတ်မချမ်းသာလွန်းလို့ ပြောတာပါ မောင်ရဲ့။ စိတ်ညစ်လာယင် ရီထွေးကို သတိရ လိုက် ပေါ့။ မောင့်မှာ ချစ်ရမယ့် ငဲ့ရမယ့် ချစ်သူ ရှိတယ်ဆိုတာ မမေ့နဲ့ဦးလေ။ အားတင်းမှပေါ့ မောင်ရာ၊ ဟုတ်ဘူး လား'

သာတောင့်သာယာစကားကို ရွေး၍ပြောတတ်သည်ဟု သဘော ပေါက်သည်။ ရီထွေးကဆက်သည်။

'ရီထွေးနဲ့ အတူ တည်ဆောက်ရမှာတွေက အများကြီး မောင်ရယ်။ မောင် အဲသလို စိတ် ဓာတ် ကျနေတော့ ရီထွေး ဘယ်လိုနေမလဲ။ မောင် တွေးကြည့်လေ'

သည်တွင် ပြောဖြစ်သွားသည်။

'အထီးကျန်ဆန်တဲ့အတွေးတွေ တွေးမိနေတာနဲ့ မူးလဲ ပြီးရောဆိုပြီး သောက်ပစ်လိုက်တာပါ'

'ရီထွေးကိုမေ့ထားလို့ အဲဒီအတွေးတွေဝင်တာ'

'ဟင့်အင်း....ရီထွေးကို မောင်ဘယ်တုန်းကမှ မေ့မထား ခဲ့ဘူး'

'ဒီလိုဆို ဘာလို့ အထီးကျန် အတွေးတွေးရလဲ'

'ဒါက မွေးလာကတည်းက တယောက်တည်း သမား ဖြစ်ခဲ့တော့ အကျင့်ပါနေလို့ ဖြစ်မှာပါ'

ဒုတိယအကြိမ်



ရီထွေးသည် တွေ၍ နေ၏။ ထို့နောက် မေးသည်။

'မောင်မောင်ကျော်ဆိုလဲ မောင့်လိုပဲဟာ။ ဘယ့်နှယ် လုပ်မလဲ'

'သူလဲ မောင့်လိုပဲ။ သူတွေးမိတာတွေလဲ တခါတခါ ဒီလိုပဲ။ တယောက်တည်းသမားတွေရဲ့ အကျင့်တခု ရှိ တယ် ရီထွေးရဲ့။ ခင်ပြီဆိုယင် ပုံအောပြီး ခင်တာ။ သံ ယောဇဉ်ကြောင့် ဟော်ရုံနဲ့လဲ မနာတတ်ဘူး။ သံယော ဇဉ် ပြတ်ရမှာ သိပ်စိုးတော့ သိပ် အလျှော့ပေးတယ်၊ ကြို့တယ်။ ရင်ထဲကို ထိပြီဆိုတဲ့ အခါကျတော့ တချက်တည်း တင်းပစ်လိုက်တာ။ ထောင်းကနဲ ပြတ် ထွက်ရော။ နာကျည်းပြီဆိုယင်တော့ မလွယ်ဘူး။ မောင် မောင်ကျော့်ကို ကြည့်လေ။ မေသော်နဲ့ ပတ်သက်တဲ့ ကိစ္စ။ ဘယ်လောက် စိတ်ပြင်းလိုက်သလဲလို့။ ဒီလိုပဲ။ အထိနာလာလေလေ အထီးကျန် စိတ်ချမ်းသာမှုကို ရှာလေလေပဲ'

စိတ်ပါ လက်ပါ ပြောသော စကားကို မကြားရသည်မှာ အတော်ကြာပေပြီ။ ပြန်ပြီး နားထောင်ရ၍ ခပ်ဆန်းဆန်း ဖြစ်နေသည်။

'အဲသလို အတွေးတွေ ဝင်လာလေလေ၊ ရီထွေးကို မေ့ ထားရာ ကျလေလေ ဖြစ်မှာစိုးတယ်'

'စိတ်ချ။ ဘယ်တော့မှ မဖြစ်ဘူး'

ဒုတိယအကြိမ်

'ဒါဖြင့်ယင် ရီခထွေး ပေးတဲ့ ငွေကို မောင် ဘာလို့ ပြန်ပေးသလဲ'

'အသုံးမှ မလိုသေးတာ။ လိုယင် ယူထားမှာပေါ့'

'မောင့် ရင့်ထဲကို ထိသွားအောင် ရီထွေး ဘာမှ မလုပ်ခဲ့ဖူးပါဘူးနော်'

သူ နားမလည်။

'ဘာဖြစ်လို့လဲ ဟင်'

'မောင်ခုနပြောတယ် မဟုတ်လား။ တင်းပစ်တတ်တယ်ဆိုတာ။ ရီထွေးကို မောင် တင်းနေတာ နားလည်ရခက်တယ်'.

ခေါင်းခါပြပြီး ထွက်သက်ကို မှုတ်ထုတ်လိုက်သည်။

'တင်းတာ မဟုတ်ပါဘူး။ နည်းနည်းလေးမှ မဟုတ်ပါဘူး။ မောင်တို့ လက်ထပ်တဲ့အခါ အသင့်ရှိအောင် စုထားတဲ့ ငွေကို မောင် မထိချင်ဘူးလေ'

'မထိချင်လဲ နေပေါ့။ မောင့်ဆီမှာပဲ သိမ်းထားလေ။ မောင့်လက်ထဲကို နည်းနည်းခွဲပြီး အပ်ထားတယ်လို့ သဘောထားလိုက်ယင် ဘာစကားမှ ပြောစရာတောင် မလိုပါဘူး'

အဖြေရ ကျပ်သွားသည်။

'အဲဒီသဘောနဲ့ပေါ့။ မောင်'သဘောတူတယ် မဟုတ်လား'





ဖြေရန်မလွယ်။ ရီထွေးသည် ငွေစက္ကူထုပ်ကို စားပွဲပေါ်မှ အံဆွဲထဲသို့ ပြန်ပြီးထည့်လိုက်သည်။ ရီထွေးကို ခပ်ငေးငေးကြည့်နေသည်။ သူ့ကို ထွေးထွေးပိုက်ပိုက် ဖြေသိမ့်ပေးခဲ့သောနေ့က အကျီ။ အဖြူရောင်တက်ထရွန်လက်စက။ မျက်ရည်စတွေ စွန်းခဲ့သောနေရာကို လှမ်း၍ ကြည့်လေသည်။

## ၁၉

စာမေးပွဲ ဖြေပြီးသည့်နေ့က တမျိုးခံစားရသည်။ အောင်မည် သေချာသည်ဟု ကိုယ့်ကိုကိုယ် အလိုလိုသိနေသည်။ ကျောက် ဆူးနုတ်လိုက်သောအခါ ရေစီးတွင် ရွေ့စပြုသကဲ့သို့ စိတ်လွတ် ရှားလာသည်။ ထိုနေ့က ရီထွေး ကျောင်းသို့ လိုက်လာသည်။ စာမေးပွဲအပြီးတွင် စိတ်ပေါ့ပါးသွားအောင်ဆိုကာ ရုပ်ရှင်ပြ သည်။ ခါတိုင်း ခါတိုင်း ရုပ်ရှင်ကြည့်၊ လျှောက်လည်ကြရာ တွင် တွေ့နေကျ အမြင်မျိုး မတွေ့ရ။ ဖျတ်လတ်ကြည်လင်သော သဏ္ဍာန်မှာ ခါတိုင်းကဲ့သို့ သိသိမြင်မြင် မရှိလှဟု ထင်သည်။ ထင့်နေသောကြောင့် မေးကြည့်သည်။ ဘာမှမဖြစ်ပါဟု ပြုံးပြုံး ဖြေသည်။ ရီထွေး၏ အပြုံးသည် ပြုလုပ်ထားသော အပြုံးမျိုး ဆန်သည်။ ပကတိ အပြုံးနှင့် စိုးစဉ်းမျှ ကွာခြားနေသည် အောက်မေ့လေ၏။ ကားဂိတ်မှ အဆင်းတွင် လိုက်ပို့ရန် ...





ဦးပြင်သည်။ ‘မောင် ပြန်ပါ။ လိုက်မပို့ပါနဲ့။ ရီထွေးဘာသာ ရီထွေး ပြန်ပါမယ်’ဟု ပြောသည်။ ‘မောင် အချိန်ရပါတယ်။ ကိစ္စမရှိပါဘူး’ဟု ပြောသော်လည်း၊ ‘နေ....နေ....မောင် ပြန် တော့လေ’ဟု ခြင်းသံဖြင့် ပြောသည်။ ခြေစုံရပ်လိုက်ချိန်တွင် ရီထွေး တချက်မော့ကြည့်ပြီး ပြုံးသည်။ ထိုနောက် တဘက်သို့ လှည့်သည်။ ကိုယ်အလှည့်တွင် ရီထွေး၏ ခေါင်းသည် ငုံ့တုံ့ တုံ့။ လေးငါးဆယ်လှမ်း ရောက်သည်အထိ ရီထွေး၏ နောက် ကျောကို ငေးကြည့်နေမိသည်။

အပြန်လမ်းတလျှောက်တွင် တွေးတောစရာတွေက ထက်ကြပ် မကွာ လိုက်ပါလာသည်။ ခြေလှမ်းတိုင်းတွင် အတွေးတွေ ပိပိ လာ၏။ ရင် မရှင်း။ ပြန်ခိုင်းစဉ်က မျက်နှာကို အာရုံတွင် ပေါ်အောင် တွေးကြည့်သည်။ ညှိုးညှိုးမှိုင်းမှိုင်း။ ကိုယ်လက် နွမ်းနယ်ခြင်းမျိုး မဟုတ်။ မအီမသာ နေထိုင်မကောင်းပုံမမြင်။ အကြောင်းစတွေကို တတ်အားသရွေ့ ဆွဲထုတ်သည်။ စဉ်းစား မရ။

အိမ်နှင့် မလှမ်းမကမ်းသို့အရောက်တွင် မျက်လုံးသည် အကြော် ဆိုင်သို့ ရောက်သွားသည်။ မီးခိုးတလူလူ တွေ့ရ၏။ စားပွဲဝိုင်း တွင် စားသောက်နေသူ အတော်များများ တွေ့ရသည်။ အကြော်အိုးနားတွင် အမေ ထိုင်နေကျ နေရာကို မြင်သည်။ ဒေါ်သိန်းရင်ကို တွေ့ရ၏။ အမေ့ကို အမှတ်ရလျက် ရှိသည်။ အမေ ရက်လည်သည့်နေ့ကမှ ဒေါ်သိန်းရင် ပြန်ရောက်လာ သည်။ ဒေါ်သိန်းရင်က ရက်လည်ပြီး သုံးလေးရက် အရောက်

တွင် အကြော်လုပ်ငန်းကို သူ့အရင်းအနှီးဖြင့် သူဆက်၍ လုပ်ချင်သည်။ တဲကို သူ့အားပေးပါ။ အိုးခွက်ပန်းကန်၊ ခုံမှအစ ရေနံဆီမီးခွက်အထိ နှစ်လ သုံးလ ငှားထားပါ။ ငှားခ ငွေ ကြေးယူပါဟု ဆိုသည်။ မပေးပါနှင့်၊ ယူသုံးပါဟု ဆိုကာ ငှားခဲ့သည်။ အကြော်ဆိုင်တွင် စားသောက်သူတွေ ရှိနေသည်။ အကြော်ဆိုင်မှ မီးခိုးမြင်ရသည်ဆိုလျှင်ပင် အမေ့အလွမ်းပြေဖူ သဘောထားလေ၏။

အိမ်ပေါ်သို့ လှမ်းကြည့်သောအခါ ဂျိုးဇက်နှင့် အောင်ထွတ်တို့ နှစ်ယောက် စကားပြောနေသည်ကို တွေ့ရ၏။ သူ့ကို တွေ့တွေ့ချင်း ဂျိုးဇက်က လှမ်းပြောသည်။

'လမ်းမှာ မမခင်ရီနဲ့ တွေ့ခဲ့လား'

'ဟင့်အင်း'

အောင်ထွတ်က ဝင်ပြောသည်။

'ခုတွင် အဝင်အထွက်ကလေးပဲ'

'မတွေ့ဘူးကွ။ ငါ လမ်းမကြီးအတိုင်း လျှောက်လာတာပဲ။ သိပ်ကြာပြီလား'

ဂျိုးဇက် ဖြေသည်။

'ဘယ်ကြာဦးမလဲ။ သုံးလေးမိနစ်တောင် ရှိမယ်မထင်ဘူး'

'လမ်းမှာ တအိမ်အိမ် ဝင်လိုက်လို့ ငါနဲ့ လွဲသွားတာဖြစ်မယ်။ ဘာကိစ္စတဲ့လဲ'





ဂျိုးဇက် ခေါင်းယမ်းသည်။

'ဘာကိစ္စဆိုတာတော့ ပြောမသွားဘူး။ အရေးကြီးတယ်လို့တော့ ထင်တာပဲ။ လေးနာရီခွဲလောက်က တခါလာတယ်။ အခု တခါလာတယ်။ ညကျလို့ သူ့ယောကျ်ား ဈေးဘက်ထွက်ယင် တခါထပ်လာမယ်။ မလာဖြစ်ယင် မနက်ကျမှပဲ သူလာမယ်တဲ့။ မင်းကို စောင့်ခိုင်းထားပါတဲ့'

တိုက်ပုံအင်္ကျီကို ချွတ်ယင်း ဂျိုးဇက်ကို မေးပြောပြောသည်။

'ငါ လိုက်သွားရယင် ကောင်းမလား မသိဘူး။ ကိစ္စကိုလဲ ပြောမသွားတော့ ခက်တယ်'

အောင်ထွတ်က ထင်မြင်ချက် ပေးသည်။

'အိမ်မှာ ပြောချင်မှတော့ မင်းပြန်လာယင် သူ့ဆီလာပါလို့ တို့ကို မှာခဲ့ပေါ့'

ကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်လိုက်ယင်း 'စာမေးပွဲလဲ ဖြေပြီးရော စိတ်ထဲမှာ ဟာတာတာကြီး ဖြစ်သွားတယ်ကွာ။ ညနေပိုင်းတက်ခဲ့တာ တနှစ်၊ နေ့ကျောင်းသားနဲ့က သုံးနှစ်။ လေးနှစ်တက်လာခဲ့ပြီး၊ ခုဆို ကျောင်းနဲ့ ခွဲရပြီ။ စိတ်မကောင်းဘူးကွ'ဟု ပြောသည်။ ဂျိုးဇက်က ခေါင်းတညိတ်ညိတ်နှင့်။ အောင်ထွတ်က 'တခုတော့ ရှိတာပေါ့ကွာ။ မင်းလုပ်ချင်တာတွေကို လွတ်လွတ်ကျွတ်ကျွတ် လုပ်ဖို့ အချိန်လုံးလုံးရသွားတာပေါ့'ဟု ဆေးလိပ်ဖွာပြီး ပြောသည်။

စကားဖြတ်လိုက်သော စောစောက အကြောင်းသည် ပြန်လည်

ဝင်ရောက်လာပြန်သည်။ မမခင်ရီ အကြောင်း။ အကြောင်းထူး တခု ရှိပြီဟု တွေးထင်သည်။ ထိုစဉ် ဂျိုးဇက် မေးသည်။

'ရီထွေးနဲ့ မင်းနဲ့ တွေ့သေးလား'

'ဒီနေ့ သူ လာစောင့်တယ်။ ရုပ်ရှင် သွားကြည့်တယ်။ ခုပဲ ပြန်လာတာ၊ ငါ လိုက်ပို့မလို့ပဲ။ နေပါစေလို့ သူ ပြောလို့။ လိုက်ပို့လိုက်ယင်တော့ မမခင်ရီနဲ့ အဲဒီမှာ တွေ့ချင်တွေ့မှာ'

ဂျိုးဇက်သည် ပြုံးစေ့စေ့နှင့်။

'ရီထွေးက မင်းကို တော်တော် သံယောဇဉ် ကြီးတာပဲကွ။ သူ့အိမ်သားတွေ အားလုံးကလဲ မင်း ကို တော်တော် ခင်မင်ကြတာ။ မင်းကံကောင်းပါတယ် ထွေးအောင်'

အောင်ထွတ်သည် နှုတ်ခမ်း တ ဘက် တွန့် ကာ ပြုံးသည်။ ထိုနောက် စိတ်မပါ့တပါလေသံဖြင့် ပြောသည်။

''မေတ္တာတေးသံ'' သီချင်းတုန်းက ရီထွေး အဘိုးကြီး မင်းကို ကောလှတ်လိုက်တာတော့ နည်း နည်း အောင့် တယ်'

ဂျိုးဇက်က ခေါင်းကို တခါခါနှင့်လှုပ်နေသည်။

'သူ့အမြင်နဲ့ တို့အမြင်နဲ့ ကွာတာတော့ ကွာတာပဲ။ ဒါပေမယ့်.... ရီထွေးက သူ့သမီး မဟုတ်လား။ မဆိုနဲ့ လို့ သူ ပြောယင် ဘာတတ်နိုင်မလဲ။ မဟုတ်ဘူးလား'

ထွေးအောင် တွေ၍နေလေသည်။ ❁





ထူထဲသော မျက်ခုံးနှစ်ဘက်သည် ခပ်တွန့်တွန့် ဖြစ်သွားသည်။ နှုတ်ခမ်းပါးသည် စေ့တေ့တေ့။ မျက်နှာ ကျသွယ် သော ကြောင့် နှာတံမပေါ်လွင်။ မျက်ဝန်းနက်ကို ဝိုင်းဝိုင်းစက်စက် မြင်ရသည်။ မျက်လုံးပြူးလွန်းခြင်းကား မဟုတ်။ ရှင်ရှင်ပျပျ ရှိသောအခါမျိုး တွင် ပါးချိုင့်ကို မြင်နိုင်သည်။ စိတ်အရှုပ် အထွေးတခုခုရှိနေသောကြောင့် ဖြစ်မည်။ မမခင်ရီ၏ မျက်နှာ ထားသည် မြင်ရသူကို မကြည်လင်စေ။

'ကျွန်တော် သွားလိုက်ဦးမယ် မမ'

ဂျိုးဇက်၏ နှုတ်ဆက်သံကို ကြားဟန်မတူ။ ပြီးမှ ရုတ်တရက် သတိရပုံနှင့်။

'ဪ....အေး အေး။ ဒီနေ့ ရန်ကုန်မှာ အိပ်မှာလား'

ဂျိုးဇက်သည် ဘောင်းဘီအိတ်ထဲမှ မီးခြစ်ကိုထုတ်ယူကာ စီးက ရက် မီးညှိသည်။ မီးစုံတော့မှဖြေသည်။

'ဟင့်အင်း၊ မအိပ်ပါဘူး။ အဖေတို့ဆီမှာ အမျိုးတွေ လာလည်ကြတယ် ဆိုလို့ သွားတွေ့မလို့ပါ။ ဪ.... ဒါထက် ထွေးအောင်။ ညနေ ထမင်းချိုင့်လာပို့ယင် ငါ့ဖို့ ချန်မထားနဲ့။ ငါ့ချိုင့်ထဲကဟင်း မင်း ယူစားပစ် လိုက်။ ဟိုကောင်တွေလာလဲ စားချင်တဲ့လူ စားပေစေ ပေါ့ကွာ။ ငါ အိမ်က စား လာ ခဲ့မယ်။ ညဥ့် တော့ မနက်ပါဘူး။ ရှစ်နာရီခွဲ ကိုးနာရီလောက်တော့ ပြန် ရောက်မှာပါ။ ကဲ....မမ ကျွန်တော် သွားမယ်'

'အေး အေး'

ဂျိုးဇက် ဆင်း သွား ပြီး အတော် ကြာ သည် အ ထိ မမခင်ရီ စကားမစ။ ထို့ပြင် မျက်လုံးသည် သူ့ထံမရောက်။ အဝတ်ဗီရို၊ စန္ဒရား၊ ဗိုင်လိုဖုန်း၊ စားပွဲ၊ ဂျပ်ဇ်ဘင်၊ ကြမ်းပြင်၊ပြတင်းပေါက်၊ အိပ်ခန်း၊ စာအုပ်စင်တွေဆီသို့ ရောက်တတ်ရာရာ။

'ညက မမများ ပြန်လာဦးမလားလို့ ကျွန်တော် မျှော်သေးတယ်'

ခေါင်းခါသည်။ ကုလားထိုင် လက်တန်းတွင် ကိုယ်တစောင်းဖိထားလိုက်ယင်း

'ညက ဈေးပိုင်းကိုတော့ ရောက်သေးတယ်။အစတုန်းက တော့ ဒီလာမလို့ပဲ။ ဂျိုးဇက်တို့ အောင်ယွတ်ထိုကိုတောင် မမ မှာခဲ့သေးတယ်။ ဒါပေမယ့်.... အမျိုးသားပါ ပါနေ တော့ မလာဘူးလို့ ဆုံးဖြတ်လိုက်တယ်'

သူ့ယောကျ်ား မသိစေလိုသောစကားမျိုး ဖြစ်မည်ဟု တွေးမိသည်။ ဘာ ပါ လိမ့် ဟု စိတ်နည်းနည်း စောလာလေသည်။ မေး မည် ပြုပြီးမှ ပြောလာသည်အထိ စောင့်နေ လိုက်မည်ဟု စဉ်းစားသည်။ သူ မေး လျှင် မမခင်ရီအဖို့ ဆက်စရာ စကားအသင့်ရှိပြီး ဖြစ် ၍ အပြောရ အဆင်ပြေပေမည်။ ယခုသော် စကားချိတ်ဆက် ပြတ်သွားသည်။ နောက်တခွန်း ဆက်ရမည့်အရေးကို မမခင်ရီ ခက်ရာခက်ဆစ် ဖြစ်နေပုံရ၏။

'ခုမနက် ဒီကိုလာဖို့ ကျောင်းတရက် ဖျက်လိုက်တယ်'

မမခင်ရီသည် မနက်ပိုင်း ကျောင်းတွင် ဆရာမ။ စ ကား ပြော





စရာ များများစားစား ရှိနေ၍ ကျောင်းမှ ခွင့် ယူ လိုက် ဟန်တူ၏။

'ထူးထူးထွေထွေ ပြောစရာတော့ မရှိပါဘူး။ မောင်ထွေးအောင်ကို မေးစရာ နည်းနည်းပါးပါး ရှိလို့ပါ'

အသံမှာ ပြတ် တောက် ပြတ် တောက်။ ချိန်ဆလွန်း၍လား၊ စိုးရိမ်လွန်း၍လား အတပ်မသိ။ နဂိုဗီဇကပင် အသံတိုးရသည့်အထဲ ခပ်လေးလေး ပြောနေသောကြောင့် မ နည်း နား စိုက်ရသည်။

'မောင်ထွေးအောင် ဆီ မ မ မနေ့ကလာတော့ ထွေးအိမ်ပြန်မရောက်သေးဘူး။ နောက် တ ခေါက် လာပြီးပြန်တော့မှ ထွေးနဲ့ အိမ်မှာတွေ့တယ်။ အခု ဒီလာတာလဲ သူမသိဘူးကွယ့်'

စိတ်ထဲတွင် လင်းလင်း ရှင်းရှင်း မရှိလှ။ သိလိုစိတ်သည် ပို၍စူးစည်းစည်း ဖြစ်လာ၏။ ထွေးအခုန် ပို၍ မြန်လာကြောင်း သိသည်။ အံ့အားတသင့် ဖြစ်သည်။

'ဪ....'

'သူ မသိစေချင်ဘူးလေ'

မဝူးစမ်းနိုင်တော့သည့်အဆုံး၌ တခွန်းထွက်သွားသည်။

'ဘာများပါလိမ့် မမရယ်'

စန္ဒရား ခြေနင်းကို ငေးကြည့်နေရာမှ သူ့ထံသို့ မျက် လုံး ရွှေ့လိုက်၏။

'မမမေးမှာကို အမှန်အတိုင်း ဖြေမလား မောင်ထွေး
အောင်'

ရှိုးတိုးရိပ်ရိပ်မှ အကဲခတ်ရလာသည်။ ခေါင်းညိတ်၍ အဖြေ တဝက်၊ နှုတ်ဖြင့်အဖြေတဝက် ပေးလိုက်သည်။

'မေးပါ မမ။ ကျွန်တော် ဖြေပါ့မယ်'

မျက်မှောင် တချက် ချီသည်။ ထိုနောက် သူ့ထံမှ မျက်ထုံ မခွာ။

'မင်းနဲ့ ထွေးနဲ့ ဘယ်လို အခြေအနေမှာရှိကြလဲ။ အဲဒါ
မမ သိချင်တယ်'

ချက်ချင်းပင် ပြန်မေးမိသည်။ မမခင်ရီ့ အမေးကို မဖြေအား သေး။

'မမကို ရီထွေး ဘာပြောလို့လဲ ဟင်'

'ဟော....ဖြေမယ့်လူကလဲ မမကို ပြန်ပြီး မေးခွန်းထုတ်
အရင် မေးတယ်'

'ဩော် ရီထွေးက ဘာများ ပြောလဲဆိုတာ သိချင်လို့
မေးမိတာပါ'

ဖြေပြီးတော့မှ မလုံမလဲ အပြုံးကို မနည်းပင် ရုပ်သိမ်းယူရသည်။ မမခင်ရီက သိပြီးသား အကြောင်း တခုကို ကာယကံရှင်၏ အဖြေဖြင့် ထပ်မံ အတည်ပြုလိုသော စကားဆိုသည်။

'မင်းဖြေမယ့် အဖြေကို မမ ကြားချင်တာပါ'

ယုံမည်မထင်သော်လည်း ခပ်ဆိုင်းဆိုင်း ဖြေလိုက်၏။





'ကျွန်တော်နဲ့ ရီထွေး....ရိုး ရိုး သားသား ခင်ကြတာပဲ
ရှိပါတယ်'

ယုံကြည်မှု မျက်နှာကို ထွေးအောင် မြင်ရသည်။

'ဒါထက် မပိုဘူးလား မောင်ထွေးအောင်'

စစ်ဆေးမေးမြန်းသံ ဆန်သောကြောင့် စိတ်လှုပ်ရှားသွားသည်။

'ဟင့်အင်း'

'ထွေးဘက်ကကော'

'နဂိုအတိုင်းပါပဲ မမ'

'မင်းဘက်ကကော'

'သူငယ်ချင်းလိုပါပဲ'

ဖြေပြီးသည်တွင် မမခင်ရီ ခေါင်းငုံ့လိုက်သည်။ နဖူးတွန့်ထား သည်။ အတန်ကြာတော့မှ သက်ပြင်း တချက်ချယင်း တိုးတိုး ပြောသည်။

'သူငယ်ချင်းလိုပါပဲတဲ့၊ ဟုတ်လား'

သူ မဖြေ။ လိမ်ရကောင်းလား ဟူသော သဘောဖြင့် မဲ့ပြုံး ပြုံးသည်။

'မင်း မမ ကို ညာတယ်'

သူပြန်မပြော။ မျက်လုံးချင်း ဆုံအောင် ကြည့်ပြီးမှ

'မင်းတို့ နှစ်ယောက်စလုံးအတွက် တနေ့က ညတုန်းက
မမ ဘယ်လောက် ခံစားရတယ် ဆိုတာ မသိလို့ မင်း
ချလို လိမ်ရက်တာပါ။ မင်း....'

ခင်တွေ ခုန်လာသည်။ အဆန်းတကြယ် အကြောင်းအရာကို

ကြားရသကဲ့သို့ ရှိလေသည်။ မေးမည့် အပြုတွင် ပြတ်သွားသော စကားကို မမခင်ရီ ပြန်ဆက်သည်။

'ထွေး ဖြေလိုက်တာ မှားတယ်။ အကြီးအကျယ်မှားခဲ့တယ်။ မင်း ညာသလို ညာပြီး ဖြေတာကိုး။ အမှန်အတိုင်း ဖြေလိုက်ယင် အခြေအနေတမျိုး ဖြစ်ချင်ဖြစ်မှာ ထွေးက ဖေဖေ့ကို ညာပြောတယ်။ မင်းက မမကို ညာတယ်။ မင်းကို ဖေဖေက သားလိုတော့ ချစ်တယ်တဲ့။ မင်း တော်ကြောင်း လိမ္မာရေးခြား ရှိကြောင်း ချီးကျူးပြီး အဲဒီစကားကို ပြောတာ။ သူ့စကားထဲမှာ ဒေါ်လေး ထားထားရော ကိုဝင်းဇင်ရော၊ မမနာမည်ရော၊ ကိုမြတ်စံနာမည်ရော။ မင့်ဆရာ ကိုမြတ်စံလေ....'

ခေါင်းညိတ်ပြလိုက်သည်။ မမခင်ရီသည် တုန်ခါမောလှိုက်သံကို အစွမ်းကုန်ထိန်းကာ ပြောသည်။

'မမနဲ့ ကိုမြတ်စံ အကြောင်းကို မင်း သိတယ် မဟုတ်လား'

ဖြေရမည်ကို အားနာ၍ နှုတ်ဆွံ့လျက် ရှိသည်။ ဖြေသင့်သို့ထက် နောက်ကျပြီး 'ဟုတ်ကဲ့'မိသည်။

'မင်းတို့ ဆရာ တပည့် နှစ်ယောက်စလုံးဟာ ကံထူး အကျိုးပေး ဖြစ်သွားမှာလားလို့ အစောကြီးကတည်းက မမ စိုးရိမ်ခဲ့တယ်'

'ကံထူး အကျိုးပေး....ဟုတ်လား မမ'





ထိတ်လန့်သော အမေးဟု မမခင်ရီ သိပေလိမ့်မည်။ မမခင်ရီသည် သူ့ မေးခွန်းကို မဖြေ။ ပြည့်သိပ်နေဟန် ရှိသော ပြောစရာတွေထဲမှ တခုကို ဆက်ပြီး ဆွဲထုတ်သည်။

'အဲဒီညက ဖေဖေ ပြောတဲ့ စကားတွေ အစုံပဲ။ မင်းကို သား တယောက်လို ချစ်တယ်လို့ ပြောပြီး ဘာပြောတယ် မှတ်လဲ။ သမက် တယောက်လိုတော့ ချစ်လို့ မရမှာ အမှန်ပဲတဲ့။ ထွေးကို ပြောတယ်။ 'သမီးတို့ နှစ်ယောက်ဟာ သမီးဖြေတဲ့ အတိုင်း ရိုးရိုးသားသား ခင်ကြတယ်ဆိုတဲ့ အချိန်မှာ ဖေဖေ ဒီစကားပြောရတာပဲ'တဲ့။ 'အချိန်များ လွန်သွားပြီလားလို့တောင် စိုးရိမ်ခဲ့တယ်'တဲ့။ 'နောက်မကျသေးလို့ ဖေဖေ့ ကိုယ် ဖေဖေ အပြစ်မတင်မိတာ'တဲ့။ ပြီးတော့....သူငယ်ငယ်က အကြောင်းတွေ လျှောက်ပြောပြတယ်။ အရေးကြီးတဲ့ စကားနှစ်ခွန်း ဖေဖေ ပြောတယ်'

ကောရပ်ထားသည်။ နှုတ်ခမ်းကို လျှာဖြင့် သပ်ယင်း မျက်နှာလွှဲ၍ နေသည်။

'ဒီလကုန်ယင် အစိုးရက သူ့ အတွက် ကားတစီးပေးလိမ့်မယ်။ အဲဒီ ရုံးကားနဲ့ ထွေး အလုပ်ဆင်း အလုပ်ပြန် လုပ်ရမယ်တဲ့'

အသွားအလာကို ထိန်းချုပ်လိုက်ခြင်းဟု ထွေးအောင် နားလည်သည်။

'နောက်တခွန်းက....သမီး ဘွဲ့လဲရပြီ၊ အလုပ်လဲ ရပြီတဲ့။

ဒီတော့....သမီးကြီးရဲ့ အိမ်ထောင်ရေးကို ပေးပေ စိမ်ခဲ့
သလို၊ သမီးကြီး လိုက်နာခဲ့သလို....'

'တော်ပါတော့ မမရယ်။ ဆက်မပြောပါနဲ့တော့၊ ကျွန်
တော် နားလည်ပါတယ်'

အတော်ပင် အသံကျယ်ကျယ်ဖြင့် တားမိလိုက်သည်။ ခေါင်းငုံ့
ချလိုက်၍ ပျက်သွားသော မျက်နှာကို မမခင်ရီ အမြင်မထား
ရှည်။

'လူညာကလေး။ ခုထိ ဘာလို့ ဆက်မညာသေးလဲကွယ်'
စိတ်မကောင်းခြင်း ကြီးစွာဖြင့် ညည်းယင်းမေးသည်။ နင့်လာ
သော ရင်ကြောင့် မဖြေသာ။ ပူလောင်သော နွေလယ် လေပူ
သည် ရင်ထဲတွင် ဆပ္ပါးဖြစ်လာသည် ထင်၏။
ဗျာပါဒသည် သည်းပွတ်သည်းညှာတွင် ပူးတုံခွာတုံ။





ဂျိုးဇက်သည် ငိုင်၍နေသည်။ နှစ်ယောက်စလုံး ငြိမ်ချက်သား
ကောင်းနေသည်။ ဂျိုးဇက်၏ နားထဲတွင် ထွေးအောင် ပြန်
လည်ပြောပြသောစကားတွေကို ထွေးအောင့် အသံဖြင့် မကြား
မမခင်ရီ၏ အသံဖြင့် ကြားလေသည်။ ဦးပြေသိန်း၏ မျက်နှာ၊
ရီထွေး၏ မျက်နှာတွေကို နားထောင်ယင်း မြင်လာသည်။
အပြင် သဏ္ဌာန်အားဖြင့် ဣန္ဒြေဆည်ထားမည် ဖြစ်သော်လည်း
ဝမ်းထဲ၌ ဆူလှိုက်နေမည့် ရီထွေးကို တွေးကြည့်ကာ သနား
လာသည်။

'ဖြွှော်....ပြီးတော့၊ အဘိုးကြီးက ပြောသေးတယ်တဲ့။
ရီထွေး ဘယ် ပိုင်း မှာ မှ သီချင်း မဆိုရတော့ဘူးတဲ့။
ငါကိုတော့ သားတယောက်လို မေတ္တာထားလို့ အိမ်
အဝင်အထွက် ရှိမြဲအတိုင်း ရှိပစေတဲ့။ တခြား ဝိတ

သမား ထဲကတော့ ဘယ်သူနဲ့မှ အဆက်အဆံ မရှိချင်ဘူးတဲ့'

'အဘိုးကြီးကလဲ ခုမှ ဘာထကြောင်ရတာလဲ မသိဘူး'

'မပြောတတ်ပါဘူးကွာ။ အင်း....မြသနာကတော့ စပြီ။ မမခင်ရီ နိမိတ်ဖတ်ခဲ့သလို ငါနဲ့ ဆရာ ကံထူး အကျိုးပေး ဖြစ်များဖြစ်မလား စိုးတယ်။ အဲ့ဒီ ညက အဘိုးကြီး စကားပြောပြီးတော့ ညီအစ်မ နှစ်ယောက် ခေါင်းချင်းဆိုင်ကြတယ်လေ။ ရီထွေး ငိုတယ်တဲ့'

ထွေးအောင် မျက်နှာကို လှမ်း၍ ကြည့်လိုက်သည်။ ထွေးအောင် မည်သို့ခံစားနေရမည်ကို အမြင်နှင့်ပင် သူသိလေသည်။ အမေ ဆုံးပြီးကတည်းက အအိပ်အစား မမှန်။ စိတ်ဓာတ်မကျဆင်းရန် အားပေး စကားတွေပြောကာ အားပေးခဲ့ကြသည်။ စာမေးပွဲ ဖြေခါနီးတွင် အအိပ်အနေ မှန်လာသည်။ စာမေးပွဲဖြေအပြီးတွင် စိတ်လေသလိုလို ဖြစ်ခဲ့သည်။ သို့သော် သီချင်းတွေ တော်တော် များများ ရေးဖြစ်သည်။ စန္ဒရားတီးရမည့် အလုပ်တွေကို ပို၍ လက်ခံခဲ့သည်။ တခါတလေ အသံသွင်းခြင်း သီချင်းတိုက်ခြင်းတွေ ကြားတွင် နစ်နေ၏။ သွားလာလှုပ်ရှားဖန် များ၍လားမသိ၊ ထွေးအောင့် အသားတွေ ညိုနေသည်။ နားထင်ရိုးပေါ်ကာ နည်းနည်း ချောင်နေသည်။ စိတ်အေးချမ်းခြင်း မရှိသူ၏ မျက်နှာမျိုး အစဉ်သဖြင့် ရှိနေသည်။ ထို့ပြင် အခြေအနေသစ် တခုသည် ရှေ့ဆင့်နောက်





ဆင့် ဖြစ်လာပြန်သည်။ ထို့ကြောင့် ဂျိုးဇက် စိုးရိမ်မကင်း ဖြစ်လာ၏။

'ခက်တာက သူတို့ညီအစ်မ နှစ်ယောက်စလုံးက နန်းရွှေချိုင့်စံကိုးကွ'

ထွေးအောင် ပြန်မပြော။

'ရီထွေးကို မင်းဘယ်လို အကဲခတ်မိလဲ ထွေးအောင်' ကုလားထိုင်တွင် ဒူးတုပ်ထိုင်ကာ မီးချောင်းကို လှမ်းကြည့်နေ၏။

'ငါ့ကို သိပ်ချစ်တာ အမှန်ပဲ'

'ဒီကိစ္စကို မင်းတို့ နှစ်ယောက် သေသေချာချာ ဆွေးနွေးသင့်တယ်လို့ ငါ ထင်တယ်'

'စာမေးပွဲပြီးတဲ့နေ့က ဒီကိစ္စကို သူသိတယ်။ ငါ စိတ်အနှောင့်အယှက် ဖြစ်သွားမှာ စိုးလို့နဲ့ တူပါတယ်။ ပြောမပြဘူး။ အဲဒီညနေ အိမ်ကို ခါတိုင်းလို လိုက်ပို့မယ်လုပ်တော့ သူ ငြင်းတယ်ကွ။ သူဟာသူပြန်မယ်လို့ ပြောတယ်။ မျက်နှာလဲ သိပ်မကောင်းဘူး။ စိတ်ထဲမှာ တမျိုးတော့ ထင့်သွားတယ်။ ဘာရယ်လို့တော့ မသိဘူး'

ဂျိုးဇက်သည် ဆယ်ပြားစေ့ နှစ်စေ့ကို ညှပ်ကာ နှုတ်ခမ်းမွေး ညှပ်ယင်း စဉ်းစားနေသည်။ ထို့နောက် မေးသည်။

'မမခင်ရီရဲ့ အနေအထားကိုကော မင်း ဘယ်လိုသဘောရလဲ'

'တို့နှစ်ယောက်စလုံးအပေါ် စေတနာထားပါတယ်။ ဟိုနေ့က အဘိုးကြီး ပြောပြီးကတည်းက သူ စိတ်ထိခိုက်တယ်လို့ပြောတယ်။ မနက်က မင်းထွက်သွားတဲ့အချိန်ကနေ နေ့လယ်လောက် အထိ ငါနဲ့ စကားပြောနေတယ်။ ထမင်းဒေါင်း မင်းအတွက် ချိုင့်ထဲကဟာစားတယ်။ မမခင်ရီ ပြန်တော့ တနာရီ ထိုးတော့မယ်ကွ။ ငါ့အပေါ်မှာ အနေအထား မှန်တယ်လို့ ငါယုံတယ်'

'အေးလေ၊ ဒီကိစ္စမှာ မမခင်ရီက မင်းအတွက်အတွင်းလူလို့ သဘောထားလို့ ရမရ သိချင်တယ်။ မင်းစိတ်ထဲမှာ ရှိတဲ့အတိုင်း ပြော'

'အရေးကြုံယင် မမခင်ရီ ငါ့ဘက်ကရပ်မယ်လို့ ငါယူဆတယ်'

ဂျိုးဇက်သည် ဆယ်ပြား နှစ်စေ့ကို စားပွဲ ပေါ်သို့ ပစ်တင်ယင်း ခြေထောက်တလှုပ်လှုပ်နှင့်

'ပြဿနာကို ဘယ်အဆင့်အထိ အမြင့်ဆုံးတက်လာမယ်လို့ မင်း ထင်လဲ'

'ရီထွေး အဖေက ရီထွေး အိမ်ထောင်ရေး အတွက် စီစဉ်တယ်လို့ သိရတဲ့နေ့ဟာ အမြင့်ဆုံး ဖြစ်လိမ့်မယ် ဂျိုးဇက်'

'အင်း....ငါလဲ အဲသလို မှန်းတယ်'

ဂျိုးဇက်သည် ထိုင်ရာမှ ထလိုက်၏။ စားပွဲပေါ်တွင် တင်ထားသော လက်ပတ်နာရီကို လှမ်းကြည့်သည်။ ကိုးနာရီနှင့်





ဆယ်မိနစ်ကျော်ကျော်။ "ငါ မောင် မောင် ကျော် ဆီ သွားလိုက်ဦးမယ်။ မတွေ့ယင်လဲ ချက်ချင်း ပြန်လာခဲ့မယ်"ဟု ပြောသည်။ ထွေးအောင်က "သွားခေါ်မလို့လား"ဟု မေးသည်။ ဂျိုးဇက်က အိမ်ပေါ်မှဆင်းယင်း ခေါင်းညိတ်ပြသည်။ အိမ်ရှေ့ခြတ်မီးတိုင်အောက်သို့ ဂျိုးဇက် ရောက်သွားသည် အထိ လှမ်းပြီး ကြည့်သည်။ ဂျိုးဇက် စိတ်လှုပ်ရှားနေမှန်း သိနိုင်သည်။

အိမ်ထဲတွင် တယောက်တည်း ကျန်ရစ်ခဲ့သောအခါ စိတ်တော့ပို၍ ပျံ့သွားသည်။ ထိုစဉ် အကြော်ဆိုင်မှ ဆီနံ့နှင့် မီးခိုးနံ့ကို နှာခေါင်းတွင် ရှူ့သည်။ မျက်လုံးသည် ဘုရားစင်ဘေး တွင် ချိတ်ထားသော အဖေနှင့် အမေ့ ဓါတ်ပုံတွေဆီသို့ အမှတ်မဲ့ ရောက်သွားသည်။ စိတ်ကူးထဲတွင် ရီထွေး၏ မျက်နှာကို ရေးရေး မြင်လာသည်။ ကိုယ့်ဘဝကိုယ် ပီပီသသ အမြင် ရနေသည်။ ဘဝရပ်တည်ရေးအတွက် ကိုယ့်ဝမ်း ကိုယ်ကျောင်းရန် ခြေတလှမ်း သိသိသာသာ ချခါစတွင် စိတ်ရှုပ်ဖွယ်ရာတွေ ကြုံလာပုံကို ပြန်လည် တွေးတောမိသည်။ မျှော်ပစ် ထား လိုက်သော အတွေးတွေ မည်မျှ ရှည်လျား ရှည်ကြာသည် မမှတ်မိ။ မောင်မောင်ကျော်နှင့် ဂျိုးဇက်တို့ အိမ် ပေါ် သို့ တက် လာသော ခြေသံတွေကို ကြားရမှ သတိဝင်လာ၏။

မောင်မောင်ကျော်သည် စန္ဒယားရှေ့ရှိ ထိုင်ခုံကိုဆွဲပြီးထိုင်သည်။ စန္ဒယားကို နောက်မှီ ထားယင်း ပြုံးပြသည်။ နှစ်လို ဖွယ် မရှိသောအခါ ပြုံးသည့် အပြုံးမျိုး။ အကြောင်းစုံကို ဂျိုးဇက်

ပြောပြပြီး ဖြစ် ဟန် တူ၏။ အံကြိတ်ကာ နှုတ်ခမ်းစေ့စေ့ ထားသည်။ ဂျိုးဇက်သည် ပက် လက် ကု လားထိုင်ကို ထွေး အောင့် ကုလားထိုင်ဘက်သို့ ခပ်နီးနီးရွှေ့ယူပြီး ထိုင်သည်။

'ငါတို့ ဘာလုပ်ပေးရမလဲ ထွေးအောင်'

ဂျိုးဇက်က ဝင်ပြောသည်။

'ဒါက ငါ ထင်တယ်လေ။ သူနဲ့ရီထွေးနဲ့ တိုင်ပင်စရာ တွေ တိုင်ပင်ပြီးမှ တို့က ဘာလုပ်ပေးသင့်တယ် ဆိုတာ စဉ်းစားလို့ရမှာ'

မောင်မောင်ကျော်သည် ဝတ်ထားသော ရှပ်လက်တိုကိုချတ်ကာ စန္ဒရားပေါ်သို့တင်ယင်း

'ဒီကိစ္စကို အောင်ထွတ်တို့ တင်မောင်လွင်တို့ကောသိပြီး ပြီလား'

'ဟင့်အင်း....မနက်ကမှ မမခင်ရီကပြောတာ။ မမခင်ရီ ပြန်သွားတော့ အောင်ထွတ်ဆီ ငါသွားမလား စိတ်ကူး သေး တယ်။ မြို့ ထဲ မှာ ဝိုင်းကိစ္စ ချိန်းထားတာရှိလို့ အစကတော့ သွားဦးမလို့။ တင်မောင်လွင့်ရုံးကို တခါ တည်း ဝင်ပြီး ပြောမလား စိတ်ကူးတယ်။ နောက်တော့ ဘယ်မှ သွားချင်စိတ်မရှိတော့ဘူး။ မင်းကလဲ မင်းစာ အုပ် ရိုက်တဲ့ ပုံနှိပ်တိုက်မှာ စာကြမ်း ဖတ်စရာ ရှိတယ် ပြောထားတော့ ငါ မလာတော့ဘူးလေ'

မောင်မောင်ကျော်က ''နက်ဖြန် ဘန်ဘက်လောက် ဆိုယင် ငါ့ စာအုပ်ရိုက်လို့ပြီးပါပြီ။ ဒီမှာ ပြဿနာတက်နေမှန်း မသိလို့။





စာအုပ်တိုက် ကနေ အောင်ထွတ်ဆီကော တင်မောင်လွင်ဆီ ကော ငါဖုန်းဆက်သေးတယ်'' ဟု ပြောသည်။ ''ငါလဲ ခုနစ် နာရီခွဲပြီးမှ ပြန်ရောက်တာ။ အဲ ဒီ တော့မှ သိ တာ ကွ'' ဟု မောင်မောင်ကျော်က ပြောသည်။ မောင်မောင်ကျော်က ရေ နွေးကြမ်းအိုးကို ဖန်ခွက်ထဲသို့ ငှဲ့သည်။ တစက်နှစ်စက်သာ ကျ လာ၍ ''ပေး....ပေး....အဒေါ်မသိန်းရင်ဆီမှာ ရေ နွေး ကြမ်း သွားတောင်းလိုက်ဦးမယ်''ဟု ပြောယင်း အိုးကိုယူပြီး ထသွား သည်။

'ရီထွေးက မင်းဘက်မှာ အပြတ်ရပ်ယင် ပြဿနာက ရှင်းပါတယ်။ ခိုးပြေးကွာ။ ရုံးတက်လက်မှတ်ထိုးလိုက်၊ ပြီးရော။နောင်တော့လဲ ဘာမှမဟုတ်ဘူး။ တင်မောင် လွင်နဲ့ သက်သက်တို့ပဲ ကြည့်။ အစကတော့ သက်သက် မိ ဘ က သတင်းစာထဲ ဘာ ကြော်ငြာ ရတာ ညာ ကြော်ငြာရတာနဲ့။ ဟော.... ခု တော့ မင်း အမြင်ပဲ။ အေး....ရီထွေးက အူကြောင်ကြောင်မလုပ်ဖို့ပဲ အရေး ကြီးတယ်'

'ငါ ပိုပြီး တွက်ထားတာတော့ မဟုတ်ဘူး။ ရီထွေးကို ငါ တကယ်ပဲ ယုံကြည်တယ်'

စန္ဒရား အဖုံးပေါ်တွင် တံတောင်နှစ်ဘက် နောက်ပြန်တင် လိုက်ယင်း ခေါင်းညိတ်သည်။

'ဒါပေမယ့်....မမခင်ရီ့ညီမက မမခင်ရီ့အချိုးအတိုင်း ချိုးလာယင်ကော'

သူ မဖြေနိုင်။ ရေနွေးကြမ်းအိုးနှင့် ငှက်ပျောကြော်အထုပ်ကို တဘက်စီကိုင်ပြီး တက်လာသော ဂျိုးဇက် ရောက်လာချိန်အထိ အဖြေ မပေးနိုင်။ ဂျိုးဇက်သည် ငှက်ပျောကြော်ကို လှမ်းယူပြီး တကိုက် ကိုက်သည်။ "ငှက်ပျောကြော်က အမေ့ လက်ရာနဲ့တော့ ကွာပါကွာ" ဟု ပြောသည်။ မောင် မောင် ကျော်သည် ဖန်ခွက်ထဲသို့ ရေနွေးကြမ်းငှဲ့ယင်း ထွေးအောင့် အဖြေကို စောင့်နေသည်။

'တခါတလေတော့ ငါ့ဦးနှောက်ကို အနားပေးထားချင်တယ်ကွာ။ခုဟာက ဆက်တိုက်ဆက်တိုက်။ အဖေ့ကိစ္စ၊ အခု အမေဆုံးတာ သုံးလ။ ခုတခါ စိတ်ညစ်စရာ ထပ် ရ ပြန် ပြီ၊ စိတ်မချမ်းသာစရာ ချည်းပဲ'

ထွေးအောင့် အဖြေအစား ညည်းသံကိုသာ ကြားရလေသည်။ ဂျိုးဇက်သည် အကြော် ဝါးယင်းနှင့် သူ့ကို ကြည့်နေသည်။ ကြည် လင် ခြင်း ကင်း သော ထွေးအောင့် မျက် နှာ ကို မျက်တောင်မခတ် ကြည့်နေလေ၏။ ထွေးအောင်က ဆက်၍ ပြောသည်။

'စိတ်ထဲမှာ မရှင်းပဲနေခဲ့ရတာ အဖေ ဆုံးကတည်းက ဆိုပါတော့ကွာ။ အမေနဲ့ ပတ်သက်တဲ့ မီးက နွေးမယ် မကြံသေးဘူး။ ဆုံးရှုံးရတာတွေက ဆက်တိုက် ဆက်တိုက် တခုပြီးတခု။ အဖေနဲ့ အမေတို့ အမွေပေးခဲ့လို့ ကျန်နေတဲ့ စန္ဒရား တီးတတ်တဲ့ ဒီလက်ချောင်းလေးတွေပဲ ငါ့မှာ ရှိတော့မယ်နဲ့တူပါရဲ့'





မောင်မောင်ကျော်၏ သက်ပြင်း ချသံကို ပီပီ ကြား ရ သည်။ ထွေးအောင့်အသံမှာ တိုးနေသည်။ အသံမှာ အင်အား လျော့ပါးလျက်ရှိသည်။

'ရှိတွေးကို ငါမတော်တဆများ ဆုံးရှုံးရဦးမယ်ဆိုယင် အဲဒီဒဏ်ရာဟာ တသက်လုံးမှာ ပျောက်မရမယ့် ဒဏ်ရာဖြစ်သွားမှာပါပဲ'

မောင်မောင်ကျော်က သတိရဟန်ဖြင့်မေးသည်။

'မင်း မနက်ဖြန် သူ့ရုံးကို သွားတွေ့မယ် မဟုတ်လား'

ထွေးအောင်က တွေ၍နေ၏။ စဉ်းစားပြီးမှ ပြောသည်။

'မနက်ဖြန် မင်း သူ့ကို စာသွားပေးပေးလေ။သန်ဘက်ခါ ရုံးမတက်ဖို့ ခွင့်ယူဖို့ ငါစာရေးလိုက်မယ်။ တနေ့ရာရာမှာ အေးအေးဆေးဆေး စကားပြောဖို့ ချိန်းမယ်'

ဂျိုးဇက်က နှုတ်ဖူးတွန့်သည်။

'တ နေ့ ရာရာ အစား ဒီအိမ်မှာပဲ စ ကား ပြော ယင် မကောင်းဘူးလား'

ထွေးအောင်သည် အတန်ကြာမှဖြေသည်။

'ဟိုတုန်းကတော့ သူဒီလာလာနေတာ ကိစ္စမရှိဘူးလေ။ အဲဒီတုန်းက အမေ ရှိ တာ ကိုး။ ခုဟာက အိမ်မှာဆိုငါ........'

'အိမ်နီးနားချင်း အမြင်မတော်ဘူးပေါ့....ဟုတ်လား'

မောင်မောင်ကျော်က စကား ထစ် တစ် တစ် ပြော နေ သော

အခိုက်တွင် ဝင်ထောက်၏။ ထွေးအောင် ခေါင်းညိတ်သည်။ ဂျိုးဇက်က မေးသည်။

'ဒါဖြင့်....ဘယ်မှာသွားစကားပြောမလဲ'

သူ မဖြေတတ်။ တွေးမရဟန် ရှိ၏။ ဂျိုးဇက်က သူမဖြေသေးသည့်အဆုံးတွင်

'ဟိုသွား ဒီသွားနဲ့ လမ်းမှာ အချိန်ကုန်ဦးမယ်။ ဒီမှာပဲ စကားပြောလဲ ပြီးတာပဲဟာ။ မင်းကလဲ ခုမှ ဒါတွေ တွေးပူလာတယ်။ ကဲပါ မင်းရေးစရာရှိတာ ရေး။ မောင်မောင်ကျော့ကို ပေးထားလိုက်။ ခေါင်းပူလာပြီဆိုယင် မင်းအကျင့်က ဒီလိုပဲ ထွေးအောင်၊ ဟိုလိုလိုဒီလိုလိုနဲ့'



၂၇

'မောင် သိပ်စိတ်ပူနေတယ်လား'

ခေါင်းကိုညိတ်ပြလိုက်၏။

'မောင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ သိလားဟင်'

ခေါင်းကို ဒုတိယအကြိမ် ညိတ်ပြလိုက်သည်။

'ရီထွေးကို ကြည့်စမ်းပါဦး မောင်ရဲ့။ ဘာဖြစ်လို့ ခေါင်းကြီးငုံ့ထားရတာလဲ'

သူဖြေသည်။ တိုးလွန်း၍ ရီထွေး သဲသဲကွဲကွဲ ကြားဟန်မတူ။ ထို့ကြောင့်

'ကောင်း ကောင်း မကြားလို့ ပြန်ပြော စမ်း ပါဦး မောင်ရဲ့'

သည်တော့မှ၊ မျက်နှာချင်း သူ ဆိုင်သည်။

'ရီထွေး သိပ် စိတ်ညစ်နေတာ မောင် မမြင်ရက်ဘူးလို့ ပြောတာ'

ရီထွေးပြုံးသည်။

'တချိန်ချိန်မှာ ဗီပြဿနာ တက်လာလိမ့်မယ်လို့ ရီထွေး တွေးပြီးသားပါ။ ရီထွေးက မောင့်ကို ချစ်တယ်လို့ ပြန် မ ဖြေ ခင် ရက် တွေ ထဲ မှာပဲ ဗီပြဿနာအတွက် တင်ကြိုစဉ်းစားခဲ့တယ်။ မောင့်ကို စိတ်ဒုက္ခ မရောက် အောင် လုပ်မိမယ့်အထိ ရီထွေးကိုယ်ရီထွေး စိတ်မချ ယင်၊ မောင့်အချစ်ကို လက်ခံခဲ့မှာ မဟုတ်ပါဘူး။ မောင် ရီထွေးကို ယုံလား'

'ယုံတယ်'

'ရီထွေး စိတ်အနှောင့်အယှက် မဖြစ်အောင် အလိုက် သင့် ဖြေတာလား။ ဝမ်းထဲမှာ ရှိတဲ့အတိုင်း ဖြေတာ လားဟင်'

'မောင်ဘယ်တုန်းက လိမ်ပြောခဲ့ဖူးလို့လဲ'

'လိမ်တော့ မ ပြော ခဲ့ ဖူး ပါ ဘူး။ ဒါပေမယ့်....သိုဝှက်တယ်။ သိပ်မျိုသိပ်လွန်းတယ်'

အဓိပ္ပာယ် ကောင်းစွာမရှင်း။

'ဘာနဲ့ပတ်သက်ပြီး ပြောတာလဲ'

'ကျောင်းသွား ကျောင်းပြန် လမ်းစရိတ်ပြတ်ခဲ့တုန်းက ကော၊ ဦးချစ်တီးဆိုင်ကို အမေ အထည် သွားပေါင် ရတဲ့အထိ ဖြစ် ခဲ့ တာ တွေ ကော၊ အမေ ဆိုင်ထွက်ခါ စက အရင်းပြုတ်ပြုတ်သွားချိန်မှာ ငါးပိရည်နဲ့ ဗူးသီး





ကြော် ဗယာကြော်နဲ့ ထမင်းစားခဲ့ရတာ တွေကော မောင်ဖွင့်ပြောခဲ့ဖူးလို့လား'

'ရီထွေးကိုတွင်မှ မပြောတာ မဟုတ်ပါဘူး။ ဟိုကောင် တွေကိုတောင် မောင်မပြောပြခဲ့တာပဲ'

'ဟိုကောင်တွေက ဟိုကောင်တွေပဲ။ ရီထွေးကရီထွေး ပဲရှင့်။ မောင် မကောင်းဘူး'

'ဟုတ်ဘူးရီထွေးရဲ့။ သူများ စိတ်မချမ်းမသာဖြစ်မယ့် ကိစ္စကို ပြောမပြပဲ မြိုထားတာ ကောင်းပါတယ်။ သူတပါးစိတ်ဆင်းရဲမှာစိုးလို့ လိမ်ရတဲ့မုသားက အပြစ် ကင်းပါတယ်။ ဟုတ်တယ်မဟုတ်လား'

ထိုင်း မှိုင်း မြင်းမှ ကင်းကွာစ ပြုလာသော သူ့ မျက် နှာ ကို ရီထွေး ကြည့်လေသည်။ တွေ့စတုန်းကကဲ့သို့ လေးလံသော နှုတ်ခမ်းအလှုပ်မျိုးသည် တစတစ ပပျောက်လာသည်။ စကား သံလွင်လွင်ကို ကြားလာရ၍ ရီထွေး စိတ်သက်သာလာ၏။

'သကြံန်ကျခါနီးပြီနော်'

ထွေးအောင် ပြောသည်တွင် ရီထွေးပြုံးကာကြည့်၏။

'အကြိုနေ့ဆို ထန့်စ်ပြည့်ပြီ။ ဒီရက်ကို မောင် မေ့များ မေ့နေသလားလို့'

ကျိစယ်ပြောမှန်း သိနိုင်သည်။

'အကြံန်ပွဲတော် ပျောက်ကွယ်သွားတဲ့ အခါ ကျ ယင် တော့ မေ့ကောင်း မေ့မိလိမ့်မယ်။ သကြံန် ပွဲတော်

ကို မောင်မသိနိုင်တဲ့အခါမျိုးကျမှ မေ့ချင် မေ့လိမ့်မယ်'

'နောက်တခုလဲ မမေ့နဲ့ဦးလေ'

'ဘာလဲဟင်'

'မောင် ရည်းစားစကားပြောပုံလေး'

နားမရှင်း၍ ''မောင် ပြောပုံက ဘာဖြစ်လို့လဲ' ဟု မေးသည်။ ရီထွေးသည် သူ့ကို စေ့စေ့ကြည့်ကာ ရယ်သည်။ 'မောင်က လူလည်ပဲ'ဟု ရယ်ယင်း ပြောသည်။ သူသဘောမပေါက်။

'ပြောပုံကိုက 'ရီထွေး ကျွန်တော့်ကို ချစ်လားဟင်' တဲ့။ ကျွန်တော် ရီထွေးကို ချစ်တယ်လို့ မပြောဘူး။အပေါ်နှပ်တာ။ သူချစ်တာကို သူက ချစ်တယ်လို့ စမပြောဘူး။ မိန်းကလေး စပြောတဲ့ စကားကို တမင်ချူတယ်။ ဟင်း....မောင်ကလေ၊ တကယ်ပဲ'

ချစ်မျက်စောင်းက တစောင်း နှစ်စောင်း သုံးလေးစောင်း သူ့ပြုံးလျက်သား ရှိသည်။

'ဒါထက်၊ ဂျီးဇက်က ဘယ်သွားတာလဲ။ မနက်စာထဲ မစားရသေးဘူး မဟုတ်လား'

ဂျီးဇက်သည် ရီထွေး ရောက်ရောက်ချင်း ဟိုလိုလို သည်လိုလိုနှင့် အပြင်ထွက်သွားသည်။ ဂျီးဇက်၏ ထမင်းချိုင့်မှာ စားပွဲပေါ်တွင် သည်အတိုင်း။ရီထွေးက ထမင်းဗူးနှင့် ခြင်းနှင့် ရှုံးသွားသည်ဟန်အတိုင်း အိပ်မှ ထွက်ခဲ့သည်။ သူသည်ကိုလ





မည့်အကြောင်း မမခင်ရီကို အသိပေးထားသည်။ မောင်မောင်ကျော် မနေ့က လာပေးသော ထွေးအောင့် စာကို မမခင်ရီအား ပေး၍ ဖတ်စေခဲ့သည်။ ညနေ လေးနာရီခွဲ ငါးရီလောက် အရောက်ပြန်လာရန်သာ မမခင်ရီ မှာသည် ဆို၏။

'ပြန်လာမှ စားမယ်နဲ့တူတယ်။ ဘယ်သွားမယ်လဲ ပြောမသွားဘူး'

မျက်လုံးကို ခပ်ကျဉ်းကျဉ်းပြုကာ ကြည့်လေ၏။

'တမင် ရှောင်သွားတာနဲ့ တူပါတယ်'

'မပြောတတ်ဘူး'

'မောင်က ရှောင်ခိုင်းတာတော့ ဟုတ်မယ်မထင်ပါဘူး'

'ဟာ....မဟုတ်ပါဘူး ရီထွေးရာ'

'မပြောတတ်ဘူးလေ၊ ဆိုးမျိုးဆိုးချင်လို့ ဂျီးဇက်ကို ရှောင်ခိုင်းသလားမှ မသိတာ'

'ထင်လို့လား'

'ဟင့်အင်း'

'ဒါဖြင့် ဘာလို့ ပြောသေးလဲ'

'မေ့လို့ ပြောမိတာ။ မောင့်ကို တမင်နောက်တာပါ'

နှစ်ယောက်သား ပြိုင်တူရယ်ကြသည်။ ရယ်သံစဲမှ ရီထွေး မေးသည်။

'မောင် စိတ်အေးပါကွယ်။ စိတ်အေးပြီ မဟုတ်လား'

'ဆိုပါတော့'

'ဟင်း....ဖြေပုံကြီးကလဲ'

'ဟုတ်တယ်လေ။ စိတ်နည်းနည်းအေးရရုံ ရှိသေးတာ။ မမခင်ရီ ပြောခဲ့တဲ့ စကားအရဆို အဘိုးကြီးက ရီထွေး အိမ်ထောင်ရေးကို ခုချက်ချင်း စီစဉ်တော့မယ်လို့ မောင် နားလည်လိုက်တယ်လေ'

ခေါင်းကို အသာအယာ ယမ်းယင်း ရီထွေး ပြော၏။

'မောင်ရယ်၊ ရီထွေးမှာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ရှိတယ်။ မောင့်ဆီ ပြေးလာဖို့ ခြေရှိတယ်။ မောင့်ကို ဖက်ထားဖို့ လက်ရှိတယ်'

သည်စကားတခွန်းသည် သူ့အဖို့ မည်ရွေ့မည်မျှ စိတ်အေးချမ်းမှု ဖြစ်စေနိုင်မည်ကို ရီထွေးကိုယ်တိုင်ကား သိချင်မှ သိပေလိမ့်မည်။

'ဂီတသမားတွေနဲ့ အဆက်အသွယ် မလုပ်ရဘူး၊ ဘာဘူးဆိုတာ ပြောလာတာ မောင် တော်တော် အံ့ဩသွားတယ်'

'ဖေဖေက မောင့်ကိုတော့ ခွင်းချက်ထားပါတယ်'

'မမခင်ရီ ပြောပြပါတယ်။ သားလိုတော့ ချစ်တယ်။ သမက်လိုတော့ ချစ်မရဘူးဆိုတာလဲ ကြားရပါတယ်'

'စာမေးပွဲဖြေပြီးတဲ့ နေ့က ရီထွေး မောင့်ကို အဲဒါတွေ ဘာလို့ မပြောတာလဲ'

'မောင် စိတ်ညစ်သွားမှာ စိုးလို့ပေါ့ကွယ်'

'ဘာထူးလဲ၊ တနေ့မသိ တနေ့သိရမယ့်ဟာပဲ'





'စောစောသိတော့ စောစော စိတ်ညစ်ရမှာပေါ့'

'ခု စိတ်ညစ်မှာ စိုးလို့ ရီထွေး ချန်ထားတာ ရှိသေးလား ဟင်'

ချက်ချင်း ခေါင်းခါသည်။

'ဂီတသမားတွေနဲ့ ပတ်သက်ပြီး ဘာလို့ပြောလာတာလဲလို့ စဉ်းစားမရဘူး။ အဆိုတော် ကိုဝင်းဇော်နဲ့ ပတ်သက်ပြီး နာထားတာကြောင့် ထင်တယ်'

တွေးအောင် အမျှင်တန်းနေသော ထိုစကားအာရုံကို ရီထွေး မြင်နေသည်။

'မောင်တို့ သူငယ်ချင်း ခင်မောင်သီးက ဂီတလောက အကြောင်း ဖေဖေနဲ့ စကားစပ်တဲ့အခါ ကြားရတာတွေကြောင့်လဲ ဖြစ်မှာပါ'

'ဟိုတုန်းကတော့ သူငယ်ချင်းပါ။ နောက်ပိုင်း ရီထွေး မြင်မှာပေါ့။အောင်ထွတ်တို့အပေါ် သူ့ဟာသူ မဟုတ်က ဟုတ်က ရှောက်လုပ်တင မောင်တို့လဲ သိတော့၊ မောင်တို့ကိုပါ ရန်လုပ်တာပဲ။ စကားလဲ ပြောမှ မပြောကြတာ။ ဒီကောင်က ဂီတလောကနဲ့ ဘယ်လောက် ကျွမ်းလို့ ပေါက်ကရတွေ ရှောက်ပြောနေရသလဲ မသိဘူး။ နေစမ်းပါဦး ဘာတွေပြောလဲ'

'ပြော်....ဘယ်အဆိုတော်နဲ့ ဘယ်တီးဝိုင်းဆရာ ဘာဖြစ်တယ် ညာဖြစ်တယ် ဆိုတာတွေပါ။ တယောက်စ

နှစ်ယောက်စရဲ့ ကိုစွကို ဂီတလောကကြီး တလောကလုံးမှာပဲ ဖြစ်နေသလိုလို ပြောတာ'

ထွေးအောင် မျက်နှာသည် တည်သွား၏။

'အဲသလို ကောင်တွေကြောင့် ခွကျတာ။ ဂီတလောကထဲမှာ ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ ဝင်နေတဲ့ အမှိုက်တွေကြောင့် ခက်တယ်။ ပြောလိုက်ယင် ဟိုအဆိုတော်က ဘယ်လို၊ စန္ဒရားဆရာက ဘယ်လိုနဲ့။ တချို့ဆို ဒါမျိုး ပြောရယင် ပါးစပ် အရသာကို တွေ့လို့၊ ဘေးက ကြားတဲ့လူ အထင်ကြီးအောင် တွေ့ကရာ ရှစ်သောင်း ပြောတာ။ အနုပညာလောကနဲ့ အလှမ်းဝေးတဲ့လူတွေကျတော့ အဲဒီအမှိုက်တွေ ဖြီးတာဖြန်းတာ အဟုတ်ထင်ပြီး တလွဲတွေထင်ကုန်ရော။ ခုလဲ ခင်မောင်သီး အချိုးက ဒါမျိုး'

ဒေါသသံ ဖုံးနေမှန်း ထွေးအောင် ကိုယ် တိုင် ပင် သိသည်။ ရီထွေးသည် ပြုံး၍ နားထောင်နေ၏။

'ဖေဖေက ဂီတလောကနဲ့ ဝေးတယ် မဟုတ်လား။ ခင်မောင်သီးက တခါလာ ဟိုလူ့အကြောင်း၊ တခါလာ ဒီလူ့အကြောင်း ဆိုတော့ နားနည်းနည်းစွဲပြီး ရီထွေးကို ဖေဖေ တားမြစ်တာနဲ့တူတာပဲ'

'ဒီကောင်က ရီထွေးတို့အိမ် ဘယ့်နှယ် လာရှုပ်နေမှန်း မသိဘူး'

'အစ်ကိုအုန်းသန်းရဲ့ သူငယ်ချင်း ဒု အင်ဂျင်နီယာချုပ်





ကိုအောင်မြင့်နဲ့ ညီအစ်ကိုမဟုတ်လား။ ရီထွေးအစ်ကို ဆရာဝန်က ခင်မောင်သီးမိန်းမရဲ့ အစ်ကိုတဝမ်းကွဲ ဆွေမျိုးစပ်တာ မျက်စိ လည်သွားတယ်။ သိပါသယ်။ ရီထွေး တခါ ပြောပြထားဖူးသားပဲ။ အမှိုက်တွေက နေရာတကာပဲ။ အကုန်လုံးကျုံးပြီး ဘင်လားပင်လယ် အောက်ထဲ သွားပစ်ချလိုက်မှပဲ ရှင်းလိမ့်မယ်'

ရီထွေးသည် တဟားဟားရယ်သည်။ ထွေးအောင်သည် အိမ်အပြင်သို့ လှမ်းကြည့်သည်။ ပိတောက်ကိုင်းသည် လေတွင် တငြိမ့်ငြိမ့်။

စိတ်ကူးကြည့်ရုံဖြင့်ပင် ခွဲခွာခြင်း၏ ဝေဒနာကို မှန်းဆ ရရှိလေသည်။ တစိမ့်စိမ့်တွေးမိစေမည့် အဖြစ်တခုသည် ဘဝတွင် တွင်ကျန်ရစ်ခဲ့တော့လေမည်လားဟု ကြောင့်ကြလာသည်။ အဆုံးမရှိသော ဆုံးရှုံးခြင်းသည် ဘဝတွင် အတောသတ်မှ သတ်ပါတော့မည်လားဟု ပူပန်လာသည်။ တယောက်တည်း နေရသည့် အခြေအနေကို ရှောင်ရှားမိသည်။ သူငယ်ချင်း၏အထောက်အအပံ့ကို သကြံန်ပြီးသည့်နောက် ခေါင်းခါခဲ့သည်။ အလုပ်တွေ တခုပြီးတခု ဇယ်ဆက်သလိုဆက်ထားခြင်းဖြင့် စိတ်ပင်ပန်းစရာ မှန်သမျှကို မေ့မေ့လျော့လျော့ ထားဖြစ်လိမ့်မည်ဟု သူ ပြောပြခဲ့သည်။ ထို့သို့ အလုပ်ခွင်ထဲတွင် နှစ်ထားခြင်းကြောင့် ငွေကြေးအခက်အခဲသည် ပြေလည်ပြီး ဖြစ်သည်ဟု ရှင်းပြခဲ့သည်။ သူ ဘာကိုဆိုလိုကြောင်း သူငယ်ချင်းတွေ သဘောပေါက်ကြ





သည်။ လက်နှင့် စန္ဒရားခလုတ် ထိတွေ့နေသော ကာလပတ်လုံး ကိုယ့်ဘဝကိုယ် အခိုက်အတန့် အားဖြင့် မေ့ထား၍ ရသည် ထင်၏။

အနာတရ ဖြစ်ခဲ့သည်မှာ သင်္ကြန် အကြိုနေ့။ ပထမ ဒဏ်ရာ ဒဏ်ချက်။

ကုန်လွန်ခဲ့သော နှစ် လို ပင် ပိတောက်ပန်းတွေ ခူး ထား ပြီး မျှော်ခဲ့သည်။ ရီတွေး ရောက်မလာခဲ့။ ဒုတိယ ဒဏ်ရာဒဏ်ချက်မှာ သီချင်းတိုက်မည့် အစီအစဉ် ပြုလုပ်သောနေ့။ အောင်ထွတ်က ရီတွေး၏ ရုံးသွား၍ အကျိုးအကြောင်း ပြော သည်။ ရီတွေးက သီချင်းဆိုရန်ကိစ္စမှာ ဖြစ်နိုင်တော့မည် မဟုတ်ကြောင်း၊ သူ့ဖခင်က တားခဲ့ကြောင်း၊ ထိုစကားများကိုတွေး အောင်သိကြောင်း ပြောပြသည်။ ရီတွေး၏ စကားကို အောင်ထွတ်က စိတ်မချမ်းမသာဖြင့် ပြန်လည် ပြောပြသည်။ သီချင်းတိုက်နေစဉ် ရီတွေး မရှိသည်ကို ပို၍ အမှတ်တရဖြစ်နေသည်။ သူငယ်ချင်းတွေက ရိပ်မိသည် ထင်၏။ ရယ်မောစရာတွေဖြင့် သိုင်းဝိုင်းခဲ့ကြသည်။ အသံသွင်းသည့်နေ့က စိတ်အထိခိုက်ဆုံး။ အမေ့မျက်နှာနှင့် ရီတွေး မျက်နှာကို အသံသွင်းကိရိယာတွေ တူရိယာတွေကြားတွင် မြင်နေသည်။ အသံလွှင့်ရုံမှ မိတ်ဆွေက ရီတွေး ပါမလာ၍ မေးကြသည်။ အသံလွှင့်ရုံ စားသောက်ဆိုင်တွင် လက်ဖက်ရည်သောက်နေစဉ် အခြားဝိုင်းမှ မိတ်ဆွေတွေက ရီတွေးအကြောင်း မေးကြသည်။ အလုပ်များနေ၍

ယခု တပတ်တွင် မဆိုဖြစ်ကြောင်း ကြည့်ကောင်းအောင် ဖြေခဲ့သည်။

ရီထွေးနှင့် စပ်လျဉ်း၍ ထိုစကားမျိုး ဖြေရသည့်အချိန်တွင် ရင်မှာ သိသိသာသာ နာကျင်လာသည်။ ထိုစကားမျိုးကို ပြောရသည့်အခါ အလိုလိုနေယင်း ဘဝခြားသွားသကဲ့သို့ ခံစားရသည်။ နောက်တနေ့တွင် ရီထွေး၏ ရုံးသို့ သူသွားသည်။ ရီထွေးသည် အသံသွင်းကိစ္စနှင့် ပတ်သက်ပြီး စကားတခွန်း မဟ။ သူကလည်း စကားမစပ်ခဲ့။ ထိုနေ့က ရီထွေးနှင့် တွေ့ဆုံရပုံမှာ သူစိမ်းတယောက်နှင့် တွေ့ဆုံပုံမျိုး။ ပြန်လာချိန်တွင် ရင်၌ များလှစွာသော တွေးတောစရာတွေ ဖြစ်လျက် ရှိမှန်း ကိုယ်တိုင် သတိပြုမိသည်။

ရင်ထဲတွင် စုပြုံနေသော စကားတွေ အားလုံး ဖွင့်ထုတ်ချင်သည်။ ထို့ကြောင့် တွေ့သောအခါ နှုတ်မေးပြင်သည်။ ပတ်ဝန်းကျင်လွတ်လပ်မှု မရှိ။ ထို့ပြင် ရီထွေး၏ မျက်နှာနေ မျက်နှာထားသည် သူ့နှုတ်ခမ်းကို အသက်မဲ့ သွားစေခဲ့သည်။ အညှိုးနွမ်းဆုံးနှင့် အကြည်လင်မဲ့ဆုံး မျက်နှာကို တွေ့မြင်ခဲ့ရသည်။ စကားတို့သည် ရင်ထဲတွင်သာ နေရစ်ခဲ့သည်။ နှစ်ဦးစလုံးအဖို့ ဤသို့ပင် ရှိခဲ့သည်။ သူငယ်ချင်းတွေကို ပြန်လည်ပြောပြမည် စိတ်ကူးသေးသည်။ မပြောဖြစ်ခဲ့။





'မနက်တုန်းက ငါလှနွယ်နီစတိုးမှာ သက်သက်တို့အမေ ခိုင်းလို့ ဟောလစ်သွားဝယ်တယ်။ ရီထွေးကို သူ့အမေနဲ့ အဲဒီဆိုင်မှာ တွေ့ခဲ့တယ်။ ငါလဲ စကားလေး နည်းနည်းပါးပါး ပြောမလို့။ အဘိုးကြီးက အနားမှာဆိုတော့ ဘာတခွန်းမှ မပြောဖြစ်ခဲ့ဘူး။ တွေ့လိုက်ပါတယ်ကွာ။ အစိုးရပေးထားတဲ့ မာစီဒီးကြီးနဲ့'

တင်မောင်လွင်က မိုးကာအင်္ကျီကို အိမ်ရှေ့ခန်း တံခါးတွင် ချိတ်ယင်း ပြောသည်။ ရေနှင့် သဲတွေ ပေနေသော ခြေကို ခြေသုတ်ဖုံတွင် သုတ်ပြီး အိမ်ပေါ်သို့ တက်လာ၏။ သူက တင်မောင်လွင့်ကို ငေးကြည့်လျက် ရှိ၏။ မိုးသည်းသည်းထဲတွင် ရောက်လာခြင်းကြောင့် အံ့အားသင့်ရသည်။

'ဟိုကောင်ကော'

ဂျိုးဇက်ကို မတွေ့၍ သူမေးသည်။ အောင်ထွတ်တို့ အိမ်သို့ မောင်မောင်ကျော်နှင့်အတူ သွားကြောင်း ထွေးအောင် ဖြေသည်။

'ငါ မနေ့က မင်းဆီလာသေးတယ်။ ဂျိုးဇက် မပြောဘူးလား'

'ငါ ပြန်လာတော့ ပြောတယ်။ ဆရာဦးမြတ်စံဆီ ငါ သွားတာ။ အပြန်ကျတော့ ဆရာမကြီး နော်အေးမူဆီ ခဏဝင်တယ်။ မရောက်တာလဲ တလလောက် ရှိပြီပဲကွ။ ဆရာမကြီးက ညစာအတင်းကျွေးလို့ စားယင်း မိုးချုပ်သွားတာ။ ဆရာမကြီးက စကားကောင်းနေ

တာကွ။ သင်တန်းတက်ဖို့ပေါ့ကွာ။ သင်တန်းကြေး
မပေးနဲ့တော့တဲ့။ သူအသက်ကြီးပြီတဲ့။ သူမသေခင်
သူ့ပညာအမွေ အချိန်ရသရွေ့ လာယူတဲ့။ ဆရာမကြီး
က ငါ့အပေါ် သိပ်ကောင်းပါတယ်ကွာ'

တင်မောင်လွင်သည် စားပွဲတွင် တင်မှီထားယင်း

'ဆရာဦးမြတ်စံက မင်းကို ဘာပြောသေးလဲ'

'မင်းသိသားပဲ။ ဆရာက ခဲမှန်ဖူးထားတာ။ ဒီတော့.... ငါ့ကို စိုးရိမ်တယ်။ သူခံရသလို ခံရမှာ စိုးတယ်ပေါ့။ သတ္တိရှိဖို့ စကား စိတ်ဓာတ်မကျဖို့ စကားတွေ ပြောတာတော့ အများကြီးပါ'

မိုးသံအနည်းငယ် လျော့သွား၍ ထွေးအောင်က အသံကို နှိမ့်ပြီး ပြောလိုက်၏။

'မင်းနဲ့ ရီထွေးနဲ့ တွေ့သေးလား'

'မတွေ့တာ နှစ်ပတ်လောက် ရှိပြီ။ သူ့ရုံးကို သွားမတွေ့ချင်ဘူးကွာ။ အလုပ်ချိန်မှာ သွားစကားပြောရတာ မကောင်းဘူး မဟုတ်လား။ ပြီးတော့....ဟိုက အကဲခတ် ဒီက အကဲတော်နဲ့ မလွတ်လပ်ဘူး၊ ပြီးတော့လဲ ရီထွေး ကိုယ်တိုင်က မျက်နှာထားတတ်တာ မဟုတ်ဘူးကွ'

'သူ ဒီကိုတော့ မလာဘူးပေါ့'

'ဘယ်လို လုပ်လာမလဲ တင်မောင်လွင်ရာ။ ရုံးသွား ရုံးပြန် သူ့အဖေကားနဲ့။ တနင်္ဂနွေဆို ခါတိုင်းလို လွတ်





လွတ်လပ်လပ် သွားခွင့် ပေးထားတော့တာမှ မဟုတ်တာ'

တင်မောင်လွင်သည် တိုက်ပုံအင်္ကျီအိတ်ထဲသို့ လက်နှစ်ဘက် ထည့်ထားယင်း မဲ့ပြုံးပြုံးသည်။ ရှည်လျား ကွေးညွတ်၍ ကျနေသော ဆံပင်သည် နဖူးပေါ်တွင် ကျနေ၏။ ခပ်သဲ့သဲ့ နှုတ်ခမ်းမွေးသည် နှုတ်ခမ်းအလိုက် စုတုတု ဖြစ်လျက် ရှိ၏။ ဝင်းဝါပြည့်တင်းနေသော ပါးတဘက်သည် မဲ့ပြုံးကြောင့် တွန့်နေ၏။

'ဟော....ဟိုကောင်တွေ ထင်တယ်'

ထီးနှစ်လက်နှင့် သုံးယောက်သား ဝင်လာကြသည်။ ဂျိုးဇက်နှင့် မောင်မောင်ကျော်တို့ နှစ်ယောက်က ရှေ့ဆုံးမှ။ မိုးဖွဲသာရှိ တော့၍ အိမ်ပေါ် မရောက်မီ ထီးပိတ်လိုက်သည်။ အောင်ထွတ်က ထီးကို တဝက်သာ ဖွင့်ကာ အိမ်ပေါ်သို့ တက်လာ၏။ အောင်ထွတ်သည် ထီးကို ပုဏ္ဏားကွယ်တွင် ထောင်ထားကာ တင်မောင်လွင်ကို ပြောသည်။

'တို့မင်းဆီဝင်ကြသေးတယ်။မင်း မိန်းမက ထွေးအောင်ဆီ သွားမယ်လို့ မင်း ပြောသွားတယ်တဲ့'

မောင်မောင်ကျော်သည် ပက်လက်ကုလားထိုင်တွင် ထိုင်သည်။ ဂျိုးဇက်က ကြိမ် ကုလား ထိုင် တွင် ထိုင်သည်။ အောင်ထွတ်သည် ထွေးအောင့်နှင့်အတူ ထိုင်ခုံရှည်တွင် ဝင်ထိုင်သည်။

'အဘိုးကြီးက ရီထွေးကို အိမ်ထောင်ချဖို့ စီစဉ်တယ်ဆို'

အောင်ထွတ်က ကြားခဲ့သော အကြောင်းကို ထွေးအောင်ထံမှ လုံးစေ့ပတ်စေ့ သိရန် မေးသည်။ လမ်းတွင် ဂျိုးဇက်ပြော ပြထားပြီး ဖြစ်ဟန်တူ၏။

'အင်း....ငါ့မနေ့က မနက်ပိုင်း မမခင်ရီကို ကျောင်းမှာ သွားတွေ့တယ်။ သူ့တပည့် ချာတိတ်လေးတယောက်နဲ့ စာရေးပြီး ငါ့ကိုမှာလိုက်လို့။ ရီထွေးနဲ့ ပတ်သက်တဲ့ အကြောင်း ပြောချင်လို့ မှာတာတဲ့။ ရီထွေးကို အဘိုးကြီးက သူသဘောတူတဲ့လူနဲ့ အိမ်ထောင်ချမယ်၊ သူတို့ကိုလဲ အဘိုးကြီးက ဖွင့်ပြောပြတယ်၊ အဲဒါတွေ ပြောချင်လို့ မှာတာတဲ့'

အောင်ထွတ် မေးသည်။

'မင်းက ဘာပြန်ပြောလိုက်လဲ'

'ဒါက ငါပြန်ပြောစရာ အပိုင်းမှ မဟုတ်တာ။ နားထောင်ရုံပဲ နားထောင်ခဲ့တယ်။ နည်းနည်း ပါးပါးပဲ မေးတာ ရှိတယ်'

မောင်မောင်ကျော်က တခွန်း မေး၏။

'ရီထွေးရဲ့ အခြေအနေကို မင်း မေးခဲ့လား'

'အင်း'

'ဘယ်လိုတဲ့လဲ'

'ငါ့ကို လာတွေ့ချင်တယ်၊ စကားတွေ ပြောချင်တယ်တဲ့'

'တခုတော့ ရှိတယ် မောင် မောင် ကျော်။ မမခင်ရီက





ရီထွေးကို ဘာဝေဖန်လိုက်တယ်.ထင်သလဲ။ ထွေးဟာ တဲ့ ယုန်လိုအသည်းငယ်တယ်တဲ့။ လှောင်အိမ်ကို ဖွင့်ပေးတောင်မှ ပျံပြေးတတ်မယ် မထင်ဘူးတဲ့။ ငိုဖို့ပဲ သိတယ်တဲ့။ အားမရဘူးတဲ့'

အောင်ထွတ်က မရွှင်းသော မျက်နှာနှင့်။ တွေး၍ မသေချာသဖြင့် မေးသည်။

'ဘာကို ရည်ရွယ်ပြီး ပြောတာလဲ ထွေးအောင်'

'ငါ မသိဘူးကွ'

ကိုယ့်အတွေးနှင့် ကိုယ် တွေးမိကြသည်၊ မောင်မောင်ကျော်က

'အဘိုးကြီး ရီထွေးနဲ့ ပေးစားမယ့် ကိုအောင်မြင့် ဆိုတာကို မင်း သိလား'

'သိတော့ မသိပါဘူး။ ရီထွေးတို့ အိမ်မှာ တခါနှစ်ခါ တွေ့ဖူးတယ်။ ခင်မောင်သီးနဲ့ တဝမ်းကွဲ တော်တယ်။ ဗုအင်ဂျင်နီယာချုပ်တဲ့။ လူက မဆိုးပါဘူး။ လူရည်သန့်သန့်ပဲ။ မျက်နှာချိုချိုနဲ့ ဖော်ဖော်ရွေရွေပါပဲ'

ထွေးအောင်ကို အောင်ထွတ်က လှမ်းအော်သည်။

'ဟာ ထွေးအောင်ရာ။ မင်းကတော့ စံပဲ။ ကိုယ့်ရည်းစား ဝင်လုတဲ့ ကောင်ကိုတောင် ချီးကျူးစရာ ကြံဖန်ချီးကျူးတဲ့ ကောင်ပဲ။ ငါကတော့ ခင်မောင်သီးနဲ့ အမျိုး ဆိုကတည်းက ချဉ်သွားပြီ'

'မဟုတ်ဘူး အောင်ထွတ်။ ငါက ဟိုလူကို ရန်သူလို

သဘော မထားပါဘူး။ ဒါက ရိုထွေး အဖေ ဆွဲတဲ့
အစီအစဉ်ပဲ။ တစ်တရားခံဟာ အဘိုးကြီးပဲ'

ဂျိုးဇက်က ဝင်ပြောသည်။

'မင်းပြောတာ မှန်ပါတယ်။ ဒါပေတယ်လို့ အဲဒီလူ
ဟာ တရားခံ အမှတ်နှစ်လို့ တို့ နားလည်ထားတယ်။
ဟုတ်တယ် မဟုတ်လား စဉ်းစားကြည့်လေ'

ထေးအောင် ငေးနေ၏။ အပွင့်တွေ ဝေနေသော မိုးပိတောက်
ကိုင်းတို့သည် အပွင့်မဲ့သော နွေပိတောက်ပင်ကို မိုးလျက် ရှိ
သည်။



၃

ောင်မောင်ကျော်က ဂျိုးဇက်ကို ကြည့်ကာ ရယ်လိုက်သည်။
းဇက်က အနေရ အထိုင်ရမလုံ။ လုံချည်တွင် မီးလောင်
ါက်၊ အစုတ်အပြဲ၊ အစွန်းအထင်း ရှိမည်အထင်နှင့် လှည့်
တ်ကြည့်သည်။ တိုက်ပုံအင်္ကျီ ရင်ဘတ်နှင့်လက်တို့ကို သေသေ
ာချာ ငုံ့ကြည့်၏။ မျက်နှာတွင် တခုခု ပေကျံနေသလား ဟု
ထင်မိ၍ လက်ကိုင်ပဝါဖြင့် သုတ်သည်။ မောင်မောင်ကျော့်
ယ်သံမစဲတော့။

'ဟေ့ကောင်၊ ဘာရယ်တာလဲကွ'

'ဒီနေ့မှ တိုက်ပုံတွေ တောပုံတွေ ပြန်ဝတ်ထား ငါ
သဘောကျလို့ပါ'

'ဆောင်းဘီဝတ်ရတာ ရိုးလာတယ်။ ဒါနဲ့ ပြန်ဝတ်
တာများ မင်းက လှောင်တယ်ပေါ့လေ။ လူဆိုတာ

အဲသလို အပြောင်းအလဲလေးနဲ့မှ၊ နို့မဟုတ်ယင် ငြီး
ငွေ့တယ်'

'ယုံပါတယ် ယုံပါတယ်။ လောကနီတိကို စွန့်လွှတ်လိုက်
ပြီလို့ ဆိုခဲ့ကတည်းက ယုံပါတယ်။ ခုဟာက သူများ
သွားပေးခိုင်းတဲ့ ရည်းစားစာကို စာပို့ကုလားလုပ်ပြီး
သွားပို့ပေးရမှာ။ မင်းဝတ်စားထားတာက မိန်းမ
တောင်း သွားမယ့်ပုံမျိုး။ ရေမွှေးနံ့ကလဲ ဟောင်နေ
လိုက်တာ'

ထွေးအောင်သည် သူတို့ကို ကျောပေးကာ စာထိုင်ရေးလျက်
ရှိသည်။ မောင်မောင်ကျော်၏ စကားကို နားစွန် နားဖျား
ကြားရ၍ ရေးယင်း ပြုံးမိလေသည်။ လေးငါးကြောင်း
အရောက်တွင် စိတ်မချမ်းမသာ ဖြစ်လာသည်။ ပြန်လည် ရေး
ချင်သော စာလုံးတွေက ဦးနှောက်ထဲတွင် စုပြုံနေသည်
လက်က တုံ့ဖနေသည်။ ဖောင်တိန်နှင့်စာရွက်တို့ ထစ်လျက်
သည်။ ရီထွေးသည် နှလုံးညစ်ကျူဖွယ်ခံစားရမည်လားဟု
ရိမ်သည်။

....စိတ်ညစ်စရာတွေ ရှင်းခဲ့တဲ့ဘဝဟာ တချိန်မှာ စိတ်
ချမ်းသာမှာပေါ့လို့ ရီထွေးပြောခဲ့တာကို မောင်
မိနေပါတယ်။ ဒါပေမယ့် ခုအချိန်မှာ မောင်
ညစ်စရာတွေကိုပဲ အရင်းအနှီး ပြုလုပ်ထားရ
တန်းပဲလို့ ထင်ပါသယ်။ ပိတောက်ပန်းတွေကို
တိုင်းလို လာမယူနိုင်တော့တဲ့အဖြစ်ကို ဒီနှစ်စတင်





ရပြီလေ ရီထွေးရဲ့။ သကြံန်ရေကိုလဲ မောင် မလောင်း
ခဲ့ရဘူး။ မောင့်ကို အမြဲတမ်း ထိုင်ပြီး ကြည့်နေချင်တဲ့
ရီထွေး၊ ရီထွေးစကားကို မောင်မမေ့ဘူး။ ဒါပေ
မယ့် ဖြစ်လာတဲ့ အဖြစ်တခုမှာ ရီထွေးကို မောင်ဘယ်
လိုမှ စိတ်မကွက်နိုင်ဘူးလို့မှတ်ပါ။ မောင် စကားတွေ
အများကြီး ပြောချင်တယ်။ ဒီစာကိုလဲ အရှည်ကြီး
ရေးမလို့ပဲ။ ခုတော့လဲ ဘာမှ ရေးမရဘူး။ မောင်
ဘယ်လိုနေရမလဲ၊ မောင်ဘာလုပ်ရမလဲ။ မောင်နား
မလည်တော့ဘူး

သည် နေရာအရောက်တွင် အောက်မှာ လက်မှတ်ထိုးပြီး
စာကိုခေါက်လိုက်သည်။ စာအိတ်ထဲသို့ ထည့်လိုက်သည်။ စိတ်
ပျက်လွန်း၍ တခေါက်ပင် ပြန်မဖတ်။ မောင်မောင်ကျော်က
စားပွဲအနီးသို့ ထလာသည်။ မောင်မောင်ကျော့် လက်ထဲသို့
ထည့်လိုက်သည်။

'ဘာပြောပေးရဦးမလဲ'

'အဆင်ပြေသလိုသာပြောပေ! မောင်မောင်ကျော်ရာ။
စိတ်ပျက်လွန်းလို့ စာကို ဒီလောက်ပဲ ရေးရတယ်'

မောင်မောင်ကျော်သည် သူ့မျက်လုံးကို စိုက်၍ ကြည့်နေ
သည်။

အရှေ့လေတွင် မိုးစတွေ့ပါလာ၏။ နောက်ဆုံး မိုးစက်များ ထင်ရသည်။ မြေကိုပင် ကောင်းစွာ စိုမည်မထင်ရ။ ပြတင်း ကို မပိတ်ပဲ ထားလိုက်သည်။ ပြတင်းဘောင်တွင် တစက်နှ စက်။ စာရွက်ကို ထက်ဝက်ခေါက်ပြီးမှ ပြန်လည် ဖြန့်လိုက် ဘည်။ ဂျိုးဇက်၏ လျှပ်စစ်ဂီတာသံကို မကြားတချက် ကြား ချက်။ စာလုံးတွေ၏ အဓိပ္ပာယ်တွေကို ရှာဖွေတွေးတောသေ နားသည် အသံဟူသမျှကို လက်သင့်မခံ။

မောင်ရယ်။ စာရေးရတာကိုပဲ မလွယ်ဘူး။ ရှုံးမှာ ရေးရလို့ အဆင်ပြေမယ်ထင်တာ။ စိတ်ထဲမှာ အထ အငြေဖြစ်ရတယ်။ အိမ်မှာကျတော့လဲ စိတ်မလုံဘူး ဖေဖေ အစည်းအဝေးရှိတဲ့နေ့ ဆိုယင်တော့ အားပေ တရ စာရေးမယ်လို့ တွက်ထားတယ်။ တကယ်တမ် ရေး ကြည့် တော့ လဲ တလုံးနဲ့တလုံး တနာရီ ခြားပြီ ရေးရသလို ရင်ထဲ ပြည့်ကျပ်နေတယ်။ တွေချင်တယ် မောင်နဲ့ မတွေ့ရတာ တလ ကျော်ပြီ။ မောင့်စာကို မောင်မောင်ကျော်တို့ လာပေးတဲ့နေ့က လာတွေ့မယ် လို့ ရီတွေး ပြောလိုက်တာ မောင်မြန်ပြီး ကြားပြီ လောက်ပါပြီ။ တွေ့ယင်လဲ ပြောစရာစကားတွေ များ လို့ တခွန်းမှပြောမရသလို ဆို့နေမလား အောက်မေ့ တယ်။ မောင် စိတ်ခုတ်မကျပါနဲ့။ မောင်စိတ်ညာ ညစ်နဲ့ တွေ့ကရာတွေ လျှောက်မလုပ်ပါနဲ့။ မောင့်အ တွက်ပူရတာက စက္ကန့်မလပ်ပါပဲ....

ဒုတိယ အကြိမ်



ဂျိုးဇက်သည် သူ့ကို ကျောခိုင်းထား၏။ ဦးဆောင် ဂစ်တာ ကို သံရှိန်လှုပ်ကာ ဆွဲဆွဲငင်ငင်တီးနေ၏။ အသံကို ခပ်တိုးတိုး ဖွင့်ထားသည်။ သူ လှမ်းခေါ်သည်။

'ဂျိုးဇက်'

နောက်တခွန်း ခေါ်တော့မှ လှည့်ကြည့်သည်။ ဘာလဲ ဟူ သော သဘောဖြင့် မေးငေါ့ပြသည်။

'ဒီစာကို မင်းဘယ်လိုသဘောရလဲ'

ဂျိုးဇက်သည် ဂစ်တာကို အသာချလိုက်သည်။ အသံထိန်း ခလုတ်ကိုပိတ်ယင်း ဂစ်တာကို စားပွဲပေါ်သို့ တင်သည်။ ထို နောက် အသံချဲ့စက်ခလုတ်တွေကို ထပြီး ပိတ်၏။

ငါနားလည်သလောက်တော့ ရီတွေးစိတ်ညစ်နေတယ် လို့ပဲ အဲဒီစာမှာ မှန်းလို့ရတယ်။ ရှေ့အနေအထား တွေကို စာထဲမှာ ရေးမထားတော့ တွေးကြည့်ရုံနဲ့ မဖြစ်ဘူး။ သူ မင်းဆီကို လာတွေ့မှပဲ ပြောမလား တော့ မသိဘူး။ တခုရှိတာပေါ့ကွာ။ သူလဲ ညတ် ကောင်းတဲ့ မိန်းကလေးပဲဟာ။ တရက်တလေ နေမ ကောင်းလို့ ဘာညာဆိုပြီးအဘိုးကြီးကို တပတ်ရိုက်ယင် ရသားပဲ။ အဲဒီနေ့ရုံးမသွားပဲ မင်းဆီကိုလာယင် ဖြစ်တဲ့ ဥစ္စာ၊ မမခင်ရီပြောလဲပြောစရာပဲ'

ဂျိုးဇက်၏ အသံတွင် အပြစ်တင်သံ ပါနေသည်။ ထိုအသံ ကြောင့် ရင်မချမ်းမြေ့။ ဂျိုးဇက်ပြောသော အချက်တို့သည် ငြင်းမရသော အချက်များ။

ဒုတိယ အကြိမ်

## ၂၄

ပန်းချင်းထိနေသည်။ မွှေးရနံ့သည် ခရုပတ်သဖွယ် ရစ်ခွေနေသည်။ တံတားအောက်တွင် စီးဆင်းနေသော မြစ်ရေကို အမှတ်မဲ့ ငေးကြည့်မိသည်။ ရေသည် တောင်ဘက်သို့ ငြိမ့်ညောင်းစွာ သွားလျက်ရှိ၏။ ရေကျစပြုလေပြီ။

'မောင်နဲ့မခွဲချင်ဘူး။ စားစား သွားသွား မောင့်ကိုပဲ မြင်နေတယ်။ ရင်ထဲမှာ နာနေတယ် မောင်ရယ်'

ဒူးကို ခပ်ကွေးကွေး ထောင်ကာ လက်နှစ်ဘက် ယှက်၍ ချိတ်ထားယင်း ငုံ့ထားသော ခေါင်းကို သူမော့သည်။ ရီထွေး မျက်နှာသည် ဝေးလှသော ကမ်းတဘက်ကို တူရူဖြစ်နေသည်။ မြစ်ပြင်ပေါ်မှ ဖြတ်သန်းလာသော တောင်ကြင်း လေပြည်အရှိန်ဖြင့် ရောက်လာ၏။ နားသယ်တွင် ကျနေသည့် ဆံစတို့သည် လွင့်လွင့်လှုပ်လှုပ်။ နှဖူးပေါ်မှ ဆံနွယ်တို့သည် လေနှင့်





အတူ။ သူ့စကားကို ရီထွေး မျှော်လင့်နေဟန် ရှိသည်။ မကြားရ၍ တခွန်းပြောသည်။

'မောင် ဘာမှ မပြောတော့ဘူးလား။ မပြောချင်တော့ဘူးလား'

သူ ခေါင်းခါသည်။

'ရင်ထဲမှာပဲ စကားတွေဆို့ထစ်နေတယ်နဲ့ တူတယ်'

ရီထွေး မျက်နှာသည် ညှိုးမြည်းညှိုးလျက်။

'မောင် ဘယ်လိုလုပ်ချင်တယ်ဆိုတာ ရီထွေး မသိရဘူးလား'

အဖြေမပေး၊ မေးခွန်းကို ဦးစွာမေးလိုက်သည်။

'ရီထွေး သတ္တိရှိပါတယ်နော်'

'ဘာဖြစ်လို့လဲ မောင်'

'ပြဿနာက အဟွတ်အထိပ်ကို ရောက်တော့မယ်မဟုတ်လား'

'မောင့်ကို ရီထွေး ဘယ်လောက် ချစ်တယ် ဆိုတာတော့ သိတယ်မဟုတ်လား'

'သိပါတယ်။ ဒီထက် မောင်တို့ ရှေ့တလှမ်း တိုးရမယ့် ,အချိန်ကျပြီ ရီထွေး'

'ဖေဖေ့ကို ရီထွေး နည်းနည်း ဆွေးနွေး ကြည့်ချင်သေးတယ်'

'ဒါနဲ့ပတ်သက်လို့ ဆွေးနွေးတယ် ဆိုတဲ့ဟာကို ခဏထား။ ရီထွေးစကားပြောဖို့တောင် စကားစဖို့တောင်

လွယ်ရဲ့လား။ စကားအစချီဖို့တောင် ရီတွေး ကြောက်မှာပါ'

အတန်ကြာမှ ရီတွေး ငြိမ်သွားသည်။

'ဒါပေတယ်လို့ အခုတော့ ပြောရတော့မယ်။ ဖေဖေ သဘောတူတဲ့ ကိုအောင်မြင့်ကို ရီတွေး နည်းနည်းလေးမှ စိတ်မဝင်စားတဲ့ အကြောင်းက စပြီး ပြောရလိမ့်မယ်'

'သူငယ်ချင်းတွေကတော့ ခိုးပြေးယင်ပြေး၊ မပြေးယင်းကွဲမှာပဲလို့ ယတိပြတ် ပြောကြတယ်'

ရီတွေးသည် မဆိုစလောက် ပြုံးသည်။

'နောက်ဆုံးအဆင့်ပါ။ ဖေဖေနဲ့ ဆွေးနွေးမရတဲ့အချိန်မှာ ဒီနည်းကို သုံးရမယ်ဆိုလဲ သုံးရုံပေါ့။ မဟုတ်ဘူးလား။ ဒီအဆင့်ထိ ရောက်လာမယ်လို့ ရီတွေး မထင်ပါဘူး။ ခု ဖေဖေက တနှစ်နှစ်အတွင်း စီစဉ်မှာလဲ မဟုတ်သေးပါဘူး'

'အဲသလိုပြောလို့လား'

'ပြောတော့မပြောဘူးပေါ့။ ဒါပေမယ့်....ခု ချက်ချင်းကြီး ဟိုလူနဲ့ယူရမယ်လို့ ပြောတာမှမဟုတ်တာ။ အချိန်တွေ အများကြီး ရပါသေးတယ်မောင်ရယ်'

'မောင်ထင်ပါတယ်၊ ရီတွေး ဦးလေးကိုပြောလို့ မဖြစ်နိုင်ပါဘူး။ ပြောလိုက်တော့မှ အိမ်ထဲက အိမ်ပြင် ထွက်





ခွင့် မပေးတဲ့အထိ ဖြစ်လာယင် အကုန် ခက်ကုန်လိမ့်မယ်'

ရီတွေးက ခေါင်းခါပြသည်။

'ဖေဖေက ရီတွေးကို အဲသလို ဘယ်တော့မှ မလုပ်ပါဘူး။ ရီတွေး ယုံပါတယ်'

ထွေးအောင့်မျက်နှာကို လှည့်ကြည့်သည်။ ထွေးအောင်သည် မြစ်လယ်ရေပြင်ကို လှမ်းပြီးကြည့်နေ၏။

'ရုံးသွားရုံးပြန်ကို သူ့ကားနဲ့ သွားရလာရမယ်လို့တော့ အမိန့်ထွက်ခဲ့ပြီ ရီတွေးရယ်။ ခုဆို မောင်တို့ တယောက်ကို တယောက် တွေ့ဖို့ ဘယ်လောက် ခက်ခဲသွားပြီလဲလို့'

ရုတ်တရက် ပြန်မဖြေနိုင်။

'ဖေဖေက သမီး နှစ်ယောက်ထဲမှာ ရီတွေးကို အချစ်ဆုံးပဲ မောင်'

'အဲဒါကြောင့် မောင် စိုးရိမ်တာပေါ့'

'မဟုတ်ဘူးမောင်ရဲ့....ဒါက....'

'ဟုတ်တယ်ရီတွေး။ ရီတွေးကို အချစ်ဆုံးလို့ ရီတွေးကိုယ်တိုင် သိနေတာကြောင့်လဲ မောင် ပိုလို့ စိုးရိမ်ရသေးတယ်'

ထွက်သက်ကို ခပ်ပြင်းပြင်း မှုတ်ထုတ်ပြီး ရီတွေးငေးနေသည်။ မြစ်ရေပြင်တွင် လှိုင်းကြက်ခွပ်တွေ ဖြစ်နေ၏။ ထိုအချိန်တွင် ခတွေးအောင်၏ စကားကို ကြားရလေသည်။

'ဆရာနဲ့ မမခင်ရီတုန်းက ဆရာ ရင်ကွဲပက်လက် ဖြစ်ခဲ့ ရတာ ဘာဖြစ်လို့လဲ၊ ရီထွေး သိတယ် မဟုတ်လား။ မမခင်ရီကလဲ အဖေကိုချစ်တဲ့ သမီးအလိမ္မာတယောက် ပါပဲ။ ဖအေ့စကားကို ကြောက်လို့ လိုက်နာရ တဲ့ မိန်းကလေးဆိုယင် ဘာအရေးလဲ။ မကြောက်အောင် ပြောပြီး ဆွဲခေါ်လာလို့ရပါတယ်ရီထွေးရယ်။ ဖအေ ကို သိမ်ချစ်တဲ့ မိန်းကလေး တယောက်ကို ဘယ်လို ဆွဲခေါ်လို့ ရနိုင်ပါမလဲ။ မကြောက်နဲ့လို့ ပြောလို့ ရပေမယ့် မချစ်နဲ့လို့ ပြောလို့ ရရိုးရှိလား ဟင်။ မောင် တော့ မကြားဖူးဘူး'

ထွေးအောင်က အနေဖျက်၍ထိုင်သည်။ ရီထွေးသည် ထိုင်ခါ စက အတိုင်း။ သို့သော် သူ့ပခုံးကို ခပ်မှီမှီ နေလာသည်။ ခေါင်းကို သူ့ဘက်သို့ ငိုက်ထားယင်း တိုးတိုး သိမ့်သိမ့် ရယ် သည်။

'ဘာလို့ရယ်တာလဲ ဟင်'

'ဩော်....မောင်ရယ်....စကားကလဲ ကြွယ်လိုက်တာ'

'မမခင်ရီ ပြောခဲ့တဲ့စကားကို နားထဲမှာ အမြဲ ကြား ကြားနေတယ်။ ကြားကြားနေတိုင်း စိတ်ထဲမှာ ဆောက် တည်ရာမရချင်ဘူး'

'ဘာစကားလဲဟင် မောင်'

'ဆရာနဲ့ ကံတူ အကျိုးပေးများ ဖြစ်နေမလား ဆိုတဲ့ စကားလေ'

ဒုတိယအကြိမ်



ပင့်သက်ရှိုက်သံ သဲ့သဲ့ကို ကြားမိလေ၏။

'မောင့်ကို ဘယ်တော့မှ ရီထွေး ခွဲမသွားဘူးမောင် ရေ့။ မောင် ယုံတယ်နော်'

ရုတ်တရက် မဖြေလိုက်နိုင်သေး၍ ရီထွေး စိတ်ထင့်သွားမည် စိုးမိသည်။ ဘယ်အသိ ဘယ်အတွေးကများ တန့်သွားစေမှန်း ကိုယ့်ကိုယ်ကိုတွေးမရ။

'ယုံတယ်။ ဒါပေမယ့်....မောင်စကားတခွန်းတော့ ပြော ထားချင်တယ်'

မှီထားသော ကိုယ်ကို ခွာသည်။ ငိုက်ထားသော ခေါင်းကို မတ်သည်။ မျက်နှာချင်းဆိုင်သည်။ သိလိုစိတ်ကို ဖော်ပြလျက် ရှိသော ရီထွေး၏ မျက်လုံးအစုံသည် လဲ့နေ၏။

'ပြောလေ'

အံကြိတ်ထားသောကြောင့် ပါးရိုးသည် တင်းနေ၏။ မျက် တောင်တဖျပ်ဖျပ် ခတ်ကာ စိတ်လျှော့လေသည်။

'မောင် ခွင့်လွှတ်နိုင်တယ်'

'အို....ဘာဖြစ်လို့လဲ မောင်ရယ်၊ ပြောစမ်းပါဦး'

'ဩော်....ခုတည်းက ကြိုပြီး ပြောပြထားချင်တယ်။ မောင့်ဘဝကို မောင် နားလည်တယ်။ တခုပြီးတခု ဆုံး ရှုံးလာမယ်ဆိုတာလဲ ရင်ဆိုင်ဖို့ အင်အားကို မောင် မွေးထားရမယ်'

'မဟုတ်တာကွယ်။ မောင် ဘာကိုမှ မဆုံးရှုံးစေရပါ ဘူး။ ရီထွေးကို ယုံသင့်တယ် ကွယ်'

ဒုတိယအကြိမ်

သူ့မျက်လုံးထဲတွင် မြစ်ရေလှိုင်းတွန့်တွေ ဖြတ်သန်းလျက် ရှိလေသည်။ အားယူပြီး သူပြုံးသည်။

'မောင့်ကို သိပ်ချစ်တဲ့ အဖေကလဲ ဆုံးသွားပြီ။ အမေကလဲ ဆုံးပစ်သွားပြီ။ သေခွဲထက် ကြေကွဲစရာကောင်းတဲ့ ခွဲခွာမှုမျိုးဆိုတာ မရှိတော့ပါဘူး။ ဆိုပါတော့လေ ရီထွေးနဲ့ ကွဲရမယ်ဆိုယင် ရှင်ကွဲပါ။ တနေ့နေ့မှာ ပြန်ဆုံနိုင်စရာ ရကောင်းရမယ်။ ရီထွေးနဲ့ သေခွဲ မခွဲရသေးသရွေ့ မောင် လူဖြစ်မရှုံးဘူးလို့ ထင်ပါတယ်။ အမှန်တော့ ချစ်တဲ့သူနဲ့ ခွဲချင်တဲ့လူဆိုတာ လောကမှာ မရှိပါဘူး။ မတော်တဆ ခွဲရပြီဆိုတော့ကော သေကွဲထက်စာယင် ရှင်ကွဲက တော်သေးတာပေါ့။ မဟုတ်ဘူးလား'

ရီထွေး ခေါင်းကို ယမ်းလေသည်။

'မကြားချင်ဘူးမောင်။ ရီထွေး မကြားချင်ဘူး။ ရှင်ကွဲလဲ့ မကြားချင်ဘူး။ သေကွဲလဲ မကြားချင်ဘူး'

'မကြားချင်သလို မောင်ကလဲ မပြောချင်ပါဘူး။ ဒါပေမယ့်....မောင်ပြောမယ်။ အဖေ့ကို မောင် အခုတွေ့ချင်တယ်။ အမေ့ကို တွေ့ချင်တယ်။ ဘယ်မှာ သွားရှာရမလဲ။ ဘယ်လိုမှ မတွေ့နိုင်တော့ဘူး။ တကယ်လို့ ရီထွေး မောင့်ကို ခွဲပြီဆိုပါတော့။ တွေ့ချင် မြင်ချင်ယင် ရီထွေး ရှိရာနေရာကို မလှမ်းမကမ်းကနေ မောင်





လာကြည့်မယ်။ မြင်နိုင် တွေ့နိုင်သေးတယ်။ အရှုံးနဲ့စလို့ မောင် တွေးထားခဲ့ပြီးပြီ ရီထွေး'

'မောင်ရယ်....မကြားပါရစေနဲ့'

ရီထွေး မျက်လုံးကို သူမကြည့်ရက်။ တုန်ခါနေသော ရီထွေး အသံသည် သည်းညာကို လာ၍ ထိ၏။

'ရီထွေးကို မောင် မျှော်လင့်ထားတယ်။ ရီထွေးအတွက် မောင် အားလုံးကို ရင်ဆိုင်မယ်။ အားလုံး....အားလုံးဖြစ်လာသမျှ အားလုံးကိုပဲ'

မျက်ရည်စတွေ ဝိုင်းရံနေသော ရီထွေး မျက်လုံးသည် နီးကပ်လာ၏။ သူ့ပခုံးပေါ်တွင် ရီထွေး မေးတင်လေ၏။ လေသံသာသာဖြင့် ခေါ်သည်။

'အချစ်ရယ်....'

မျက်လုံးဖြင့်သာ ထူးခဲ့သည်။

'အမြဲတမ်း ကြည့်နေချင်တယ်လား ဟင်'

အားတင်းပြုံးဖြင့် ခေါင်းညိတ်ပြသည်။

'တကယ်လို့ ခိုးရာလိုက်ရမယ်ဆိုယင်....'

'လိုက်မယ်'

နှာသံ ပါနေသည်။

'မငိုနဲ့ကွယ်။ မောင် အားလျော့သွားမယ် အချစ်ရယ်နော်'

'မောင့်ကို သနားလို့'

'သနားယင် မငိုနဲ့ပေါ့'

တံတားအောက်သို့ ကြည့်လိုက်မိသည်။ နုန်းတွေ ပေါ်နေ၏။ ရေအဆင်းတန့်သွားပေပြီ။ ရေအကျဆုံးအချိန်သို့ ရောက်ချေပြီ။ တံတားကို မိုးထားသော ညောင်ကိုင်းမှ ရွက်ခတ်သံကို ပင် ကြားရလေ၏။

လှမ်းတက်သည့်ခြေကို မြေပေါ်သို့ ပြန်ချလိုက်ရ၏။ မောင်မောင်ကျော်၏ မျက်နှာသည် စိတ်လှုပ်ရှားမှုတွေ လိမ်းထားသည်။ သူ့ကို တွေ့တွေ့ချင်း အိမ်ထဲမှ ပြေးထွက်လာသည်။ တံခါးဝတွင် လက်နှစ်ဘက် ထောက်ကာ

'ရှိထေးကော'

'ကားစီးပြီး ပြန်သွားတယ်။ ဒီအထိ မလိုက်တော့ဘူး တဲ့။ ဘာဖြစ်လို့လဲ'

ပူပန်ကြည့်ဖြင့် ကြည့်သည်။

'အဘိုးကြီး လာသွားတယ်'

ထွေးအောင် မျက်လုံးဝိုင်းသွားသည်။

'ဘယ်တုန်းကလဲ'

'ကဲ အပေါ်တက်ကွာ။ ငါပြောပြမယ်'

မောင်မောင်ကျော်က လမ်းဖယ်ပြီး အိမ်ပေါ်သို့ ပြန်တက်သည်။ ထွေးအောင် စိတ်သည် ဆူလာသည်။ အိမ်ပေါ်သို့ ရောက်သောအခါ မောင်မောင်ကျော်က 'ကဲ....ကိုယ့်လူ အရေးတော်ပုံကတော့ စတော့မယ်နဲ့ တူတာပဲ။ ထိုင်ဦး'ဟု ပြော





သည်။ ဂျိုးဇက်တို့ သိချင်းတိုက်စရာရှိ၍ အိမ်မှာ မရှိ။ မောင်မောင်ကျော်က အိမ်စောင့်ယင်း စာရေးမည်ဆိုကာ အိမ်တွင် ရှိခဲ့သည်။ မျက်နှာချင်းဆိုင် ထိုင်တော့မှ မောင်မောင်ကျော် ပြောသည်။

'နေ့လယ်က အဘိုးကြီး လာသွားတယ်။ ကားသံကြားလို့ အိမ်ရှေ့လှမ်းကြည့်တော့ အဘိုးကြီးရဲ့ မာစီဒီးကြီး၊ မမခင်ရီက ကားပေါ်က အရင်ဆင်းတယ်။ အဘိုးကြီးက နောက်က လိုက်လာတယ်။ အိမ်ပေါ်တောင် ကောင်းကောင်း မတက်ရသေးပါဘူး။ အဘိုးကြီးက လှမ်းမေးတယ်။ ဓီကို ရှိထေး လာသလားတဲ့။ ငါလဲ မှန်သွားတာပေါ့။ ဒါပေမယ့် မလာပါဘူးလို့ ဖြေလိုက်တယ်။ ပြီးတော့....မင်းကို မေးတယ်။ ငါက သိချင်းသင်းစရာရှိလို့ မဟာမြိုင်ခြံကိုသွားတယ်လို့ ဖြီးလိုက်တယ်။ မမခင်ရီက တော်တော့်ကို မျက်နှာပျက်နေတာ။ အဘိုးကြီးကတော့ ထုံးစံအတိုင်းပေါ့။ တည်တည်တင်းတင်းကြီး။ မျက်လုံးက အိမ်ထဲကိုကြည့်လိုက်တာမှ စူးစူးဝါးဝါးပဲ။ တော်သေးတယ်ထွေးအောင်ဟ....မမခင်ရီကတော့ သိပြီးသားပဲ။ ဒီမှာ မတွေ့တဲ့အတွက် သက်ပြင်း ချသွားနိုင်ဟန်တူတယ်။ ပြန်သွားတော့လဲ ကမန်းကတန်း။ အဘိုးကြီးက ရှေ့က ဆင်းတယ်။ မမခင်ရီက နောက်က။ ငါ့ကိုအသံမထွက်ပဲ ပါးစပ်လှုပ်ပြီး ပြောသွားတယ်။ 'ရုံးကို ရောက်ပြီး

ပြီ၊ ရုံးလစ်တာ သိသွားဘိ’တဲ့။ ကိုင်း....ဘယ်လိုလုပ်
မလဲ’

ဦးနှောက်သည် ချက်ချင်းပင် အငွေ့ပြန်တော့မည်လား ထင်ရ၏။

‘ရီထွေးရုံးကို အဘိုးကြီးရောက်ခဲ့တာတော့ သေချာပါတယ်။ ရုံးမှာ နေ့ဝက် ခွင့်တင်ခဲ့တာ သိသွားပုံပါပဲ။ နေမကောင်းလို့ အိမ်ကို ချက်ချင်း ပြန်သွားတဲ့ အနေမျိုး လုပ်ခဲ့တာ။ အဘိုးကြီးက အိမ်ကို ဖုန်းဆက်ပါလိမ့်မယ်။ အဲဒီတွင် ခေါင်းမီးတောက်ပြီး ရှာတာနဲ့ တူတာပဲ’

မောင်မောင်ကျော်သည် နှုတ်ခမ်းကို စုထားပြီး တွေးနေ၏။

‘ရီထွေး ရုံးမှာ မရှိတာနဲ့ ဒီကို တန်းလိုက်လာတာ သိပ်မကောင်းဘူး ထွေးအောင်’

‘ငါလဲ ဒါကို ခု တွေးမိတယ်’

‘အဘိုးကြီး မျက်လုံးကတော့ တော်တော်ကြောက်စရာကောင်းတဲ့ မျက်လုံးကြီးကွ။ နဂါးသာဆိုယင် ငါရောဒီအိမ်ပါ ပြာကျခဲ့ပြီ။ မမခင်ရီကတော့ လှောင်အိမ်ထဲပိတ်မိနေတဲ့ ကြွက်ကလေးလိုပဲ။ အင်း....နက်ဖြန်ကျယင် မမခင်ရီဆီ ငါသွားမယ်။ ရာသီဥတု အခြေအနေ သွားပြီး စုံစမ်းရမယ်’

“ငါနဲ့ ရီထွေးနဲ့ မြစ်ဆိပ်မှာ သွားစကားပြောတာ တနာရီကျော်ကျော်လေးပဲ။ ခု....’





လက်ပတ်နာရီကို ကြည့်မည်အပြုတွင် ‘နှစ်နာရီ သုံးဆယ့်ငါး’ မောင်မောင်ကျော်က ပြောသည်။

‘နောက်လေးငါးမိနစ်ဆိုယင် သူအိမ်ပြန်ရောက်လောက်ပါပြီ။ အဘိုးကြီးက စိတ်ကူးတည့်ရာ လျှောက်ရှာမယ်ထင်တယ်။ ဆိုရှယ်ကာဗီးကနေ အိမ်ကိုငါဖုန်းဆက်မယ်၊ ရီထွေးနဲ့ စကားပြောမယ်ကွာ။ အခြေအနေ သိရတာပေါ့’

ရင်ခုန်လွန်း၍ အသံတွေပင် တုန်နေသည်။

## ၂၅

လမ်းတလျှောက်လုံး စကားမပြောမိ။ ကိုယ့် အတွေးချည်တိုင်နှင့် ကိုယ်။

ဇလီဖားတုံး ပေါ်တွင် ခြေတွဲလောင်းချကာ ထွေးအောင်ထိုင်သည်။ အောင်ထွတ်က ခါးစောင်းထိ မြင့်သော တုံးအဆင့်တွင် ထိုင်သည်။ အောင်ထွတ်က စီးကရက်ဗူးကို ထုတ်ကာ တလိပ် ထုတ်ယူသည်။ စီးကရက် မီးညှိပြီးမှ ထွေးအောင်ဆီသို့ စီးကရက်ဗူးနှင့်ယမ်းမီးခြစ်ကို ထပ်လျက် ကိုင်ယင်း ကမ်းသည်။ ထွေးအောင်လှမ်းယူကာ တုံးပေါ်တွင် တင်ထားသည်။ တုံးကြားတွင်ပေါက်နေသော တောပန်းပင်၏အညွန့်တို့သည် စီးကရက်ဗူးနှင့် ထိနေ၏။ အဖူး သုံးလေးဖူးနှင့် လက်သည်းခွံသာသာ အပွင့်ဝါလေးငါးပွင့်။ ရှေ့ဘက်တွင် အပွင့်ဝါတွေ ပျောက်တိပျောက်ကြား။ ကန်စပ်တွင်မူ အပွင့်တွေ ဝါဝါကြဲနေ၏။





'တွေ့ဖို့တောင် မလွယ်တဲ့ သဘောပဲ'

တကိုယ်တည်း ညည်းသလို အောင်ထွတ် တိုးတိုးပြောသည်။ သူတစုံတရာ ပြန်မပြော။ ကန်ရေပြင်သို့ မျက်လုံး ရောက်နေ၏။ ငယ်လွန်းလှသော လှိုင်းတန်းသည် မြောက်ဘက်မှ ပြေးလာကြလေသည်။ အောင်ထွတ်ထံမှ ထပ်မံ ကြားရသည်။

'အဲဒီ အိမ်ကို ကားတစီး ရောက်လာတာရယ်၊ တယ်လီဖုန်းတလုံး ရောက်လာတာရယ်ကို ရောက်စကတော့ ဝမ်းသာစရာလို့ ထင်ခဲ့တယ်။ မင်းနဲ့တွေ့ဆုံဖို့ ရီထွေး လာတဲ့အခါ ပိုမြန်မယ်။ ရီထွေးကို မင်း ပြောစရာရှိယင် အမြန်ဆုံး ဆက်သွယ်နိုင်တယ်လို့ တွက်တာ။ မင်းနဲ့ ရီထွေးနဲ့ တွေ့တဲ့နေ့က အဘိုးကြီးက သူ့ သမီး ရုံးကို သွားတယ်။ နေမကောင်းလို့ ခွင့်ယူပြီး ပြန်တယ်လို့ ရုံးက ပြောတယ်။ အိမ်ကို ဖုန်းဆက် ကြည့်တယ်။ မရောက်သေး။ အိမ်ကို ကားနဲ့ပြန်၊ မတွေ့ဘူး၊ ဟော.... မင်း အိမ်ကို ကားနဲ့ ချက်ချင်းလိုက်၊ မတွေ့ဘူး။ တခါ အိမ်ကို ကားနဲ့ပြန်။ လမ်းထိပ်မှာ ရီထွေးကို သွားတွေ့ရော'

ထိုနေ့က အကြောင်းကို စိတ်ထိုင်းမှိုင်းစွာ ပြန်လည် ကြားရသည်။ မောင်မောင်ကျော်က အကျိုး အကြောင်း ပြောပြ၍ သိပြီးပြီးချင်း ဈေးသို့ ထွက်လာခဲ့သည်။ ဆိုရှယ်ကာပီးမှ နေ၍ ရီထွေးတို့အိမ်သို့ဖုန်းဆက်သည်။ ဂဏန်းဒိုင်ခွက်၏ နောက်ပြန်ရစ်သံမြည်တိုင်း ရင်မှာ ဖြိမ်သက်ခြင်း ကင်း ကင်း လာ၏။

တဘက်နှင့်အဆက်အသွယ်ရပြီဟူသော အသံသင်္ကေတကို ကြားရသည်တွင် စိတ်လှုပ်ရှားသည်ထက် လှုပ်ရှားလာ၏။ ရီထွေး ပြန်မှ ရောက်ပါမည်လားဟု ပူသည်။ တနေရာရာသို့ ဝင်နေမည်ဟု တွေးသည်။ မမခင်ရီသည် ဦးပြေသိန်း ကားပေါ်တွင် ပါသွားမည်ဟု သိသည်။ မမခင်ရီ၏ ယောကျ်ားသည် အလုပ်မှ ပြန်ရောက်ဦးမည် မဟုတ်သေး။ ရီထွေးတို့ မိသားစု အိမ်မှာတယောက်မျှ မရှိကြလျှင် မမခင်ရီ၏ သမီးကို ထိန်းသော ကလေးထိန်း အမျိုးသမီးနှင့် အိမ်ဖော် အမျိုးသမီးတို့သာ ရှိပေလိမ့်မည်။ သူတို့နှင့် တွေ့လျှင် မည်သည့် စကားပြောရမည်ကို တွေးထားရသေး၏။ ထိုစဉ် “ဟုတ်ကဲ့ …အမိန့်ရှိပါ’ဟူသော လူကြီးတဦး၏ အသံကို ကြားရ၏။ ပထမဦးဆုံး ဆက်ဖူးသောကြောင့် မည်သူ့အသံဟု မသိ။ ‘ရီထွေးနဲ့စကားပြောချင်လို့ပါ’ဟု သူပြောသည်။ ‘အခုစကားပြောနေတာ ဘယ်သူပါလဲ။ ကျွန်တော် ရီထွေး ဖခင်ရဲ့ ဦးပြေသိန်းပါ’ဟု ပြန်ပြောသည်။ ခေါင်းနပန်းကြီးသွားကာ ပြန်မပြောတတ်။ စကားပြောခွက်ကို ခပ်ခွာခွာ ရွှေ့ပင် ရွှေ့လိုက် မိသည်။ ‘ဟဲလို.... အခုစကားပြောနေတာ ဘယ်သူပါလဲ’ဟု ဒုတိယအကြိမ် မေးမြန်းသံကို ကြားရသည်။ ဦးပြေသိန်း၏ အသံသည် စောစောကထက် မသိမသာ မာကျောလာမှန်း နားဖြင့်ပင် သိရသည်။ မည်သို့ ဖြေရမည် မတွေးတတ်။ သူ့အမည်ကို ပြော၍ မသင့်မှန်း သိသည်။

ထို့ကြောင့် စိတ်ကူးပေါ်သည့်အတိုင်း ‘ယူဘီအေရုံးက





စကားပြောနေတာပါ။ သူ့မိတ်ဆွေတယောက်ပါ’ဟု ဖြေလိုက်သည်။ ဦးပြေသိန်းအသံကို ချက်ချင်းမကြားရ။ ထိုနောက်မှ ‘ယူဘီအေရုံးက ကန္နားလမ်းမှာ မဟုတ်လား။ အခုဖုန်းထဲမှာ ကြားနေရတာက ‘ချဉ်ပေါင်ရွက်တွေ တစည်းဆယ်ပြား နှစ်စည်းဆယ့်ငါးပြား’ ရှန်းပတီသီးတွေ ငါးပြားသုံးတောင့် ဆယ်ပြားခုနစ်တောင့်’ဆိုတဲ့ ဈေးထဲက အော်သံတွေ ရောလို့ပါလား။ ယူဘီအေရုံးက ဈေးထဲကို ရွှေ့သွားပြီလား’ဟု ခနဲ့တဲ့တဲ့ ပြောသံ ကြားရသည်။ ဤတွင် ဖုန်းကို ကမန်းကတန်း ပြန်ပြီးချလိုက်ရသည်။ ဈေးသည်တွေ သူ့ထက်ငါ ဈေးအော်ရောင်းသံတို့ကို သတိမမူမိသည့်အတွက် ကိုယ့်ကိုယ်ကို ဒေါသဖြစ်သွားသည်။

‘ရီထွေး အဖေက သိပ်လျင်တဲ့ အဘိုးကြီး ထွေးအောင်။
အဲဒီနေ့က မင်းဖုန်းဆက်မှန်း သူသိတယ်။ သူ့ပုံကြည့်
သိနိုင်ပါတယ်။ ကွက်ကျော် တကယ်ရိုက်နိုင်တယ် ငါ့
လူ။ မလွယ်တော့ မလွယ်လှဘူး’

သူ ဖုန်းဆက်ပြီး နောက်တနေ့တွင် မောင်မောင်ကျော်သည် မမခင်ရီ၏ ကျောင်းသို့ လိုက်သွားသည်။ မမခင်ရီသည် ထိုနေ့က ရင်မောဖွယ်တွေကို ပြန်ပြီး ပြောပြသည်။ သူကျောင်းမှ ပြန်လာခါစတွင် တယ်လီဖုန်းလာကြောင်း၊ နားထောင်သောအခါ ဖခင်ဖြစ်သူက ဆက်ခြင်းဖြစ်ကြောင်း၊ ‘သမီးကြီးလား ဒါဖြင့် ရီထွေးကို ခေါ်ပေးစမ်းပါ ဖေဖေစကားပြောချင်လို့’ဟု ပြောကြောင်း၊ ‘ဖေဖေနဲ့ အတူတူ မနက်က ရုံးသွားတာပဲ’

ဟု သူဖြေကြောင်း၊ 'ဩော်....ဖေဖေလဲ အလုပ်တွေ ရှုပ်တာနဲ့ မေ့ပြီး ရောက်နေပြီ'ဟု ပြန်ပြောကြောင်း ပြောပြသည်။ သို့သော် စိတ်ထင့်သွားသည်။ ဆယ့်ငါးမိနစ်ခန့် အကြာတွင် အိမ်ရှေ့သို့ ကားဆိုက်လာသည်။ ဖခင်သည် ခပ်သုတ်သုတ် ဆင်းလာပြီး 'သမီးကြီး၊ ရီထွေး ဆယ့်တနာရီကျော်ကျော်က နေမကောင်းဘူးဆိုပြီး ရုံးခွင့်စာတင်သွားတယ်။ ခုထိ အိမ်ကို ပြန်မရောက်သေးတာ ဖေဖေ စိတ်မရှင်းဘူး'ဟု ပြောသည်။ 'မောင်ထေးအောင်တို့အိမ် သွားမေးရအောင် သမီးပါလိုက်ခဲ့'ဟု ခေါ်ကြောင်းနှင့် အခြေအနေ မဟန်တော့ကြောင်း ပြောပြလေသည်။

ထို့ပြင် ထိုနေ့က ထွေးအောင် ဖုန်းဆက်ခြင်းဟု ဖခင် ယူဆပြောပြပုံကို မမခင်ရီ ဇာတ်ကြောင်း ပြန့်သည်။ ထိုညက ရီထွေးကို သူ့ရှေ့တွင်ပင် ဖအေက ဆူကြောင်း ကြားရသည်။ ထွေးအောင်နှင့် အဆက်အသွယ် မလုပ်ရဟု ရီထွေးကို ဦးပြေသိန်း အမိန့်ထုတ်သည်။ မမခင်ရီကို အထူးတာဝန်တခု ပေးသည်။ ရီထွေးတယောက်တည်း ဘယ်မှ မသွားစေရ၊ မလွှတ်ရ။ ရီထွေးနှင့် စပ်လျဉ်းရာကို အစစအရာရာကို မမခင်ရီတာဝန်ယူရမည်ဟု သတ်မှတ်ပေးသည်။ မမခင်ရီက မောင်မောင်ကျော်မှတဆင့် ထွေးအောင်ထံသို့ စကားပါးလိုက်သည်။ ကိုယ်ရှိန်သတ်၍ ခဏမျှနေပါဦး၊ လက်ရှိအခြေအနေတွင် နှိုင်းနှိုင်းချိန်ချိန် ပြုလုပ်စေလိုကြောင်း၊ ရီထွေးစိတ်ပျက် အားငယ်နေကြောင်း ပြောသည်။ တဆက်တည်းပင် သူကူညီနိုင်သရွေ့ ကူညီမည်။





ချစ်သူနှင့် ဖခင်အကြားတွင် ရီထွေးသည် ကြိုတ်ညည်းမိနိုင်သည့် အနေမျိုး ရှိနေသည်ဟု ထွေးအောင့်ထံ စကားပို့သည်။

'မမခင်ရီနဲ့ မောင်မောင်ကျော်နဲ့ တွေ့တုန်းက ပြောလိုက်တာတွေ ထောက်ကြည့်လေ။ ရီထွေးကိစ္စကို မမခင်ရီဆီမှာ ချည်နှောင်ထားတယ်။ ပြီးတော့ ကြည့်ဦး။ ခု ရုံးတိုင်း ရုံးတိုင်းကို လုပ်အားပေးရမယ့် လူတွေ တယောက်စီ နှစ်ယောက်စီ ခေါ်တယ် မဟုတ်လား။ ယူဘီအေက လာရမယ့် လုပ်အားပေး စာရင်းထဲမှာ ရီထွေးကို ထည့်ထားလိုက်တယ်။ ပြဿနာဖြစ်ပြီး နောက်နေ့က စပြီး ရီထွေးကို ခွင့်တကယ်ယူခိုင်းတယ်။ သူ့ရုံးကို ခေါ်ခေါ်သွားတယ်။ လေးငါးရက်လဲ နေရော သူ့ရုံးက သူ့စားပွဲဘေးမှာ ရီထွေးကို ခေါ်ထားတယ်။ ဘယ်လောက်ပိုင်လဲ'

မမခင်ရီ ပြန်ပြောပြ၍ သိရှိသည်။ ပြဿနာ ဖြစ်ပြီးနောက် တနေ့တွင် ရီထွေး၏ ရုံးသို့ သူတို့နှစ်ယောက် သွားကြသည်။ ရီထွေးကို မတွေ့ခဲ့ရ။ ရက်ဆက်သွားသည်။ ခွင့်ယူထားကြောင်း သိရသည်။ ခွင့်စေ့၍ ရုံးပြန်တက်မည့်နေ့တွင် သွားသေးသည်။ မတွေ့ခဲ့ရ။ ထို့ကြောင့် ဂျိုးဇက်နှင့် အောင်ထွတ်တို့ နှစ်ယောက်က မမခင်ရီနှင့် သွားတွေ့သည်။ သည်တွင်မှ အကြောင်းစုံ သိရလေသည်။

'ရီထွေးနဲ့ ငါ မတွေ့ရတာ တလပြည့်တော့မယ် သူငယ်ချင်း။ သူ့အဖေက သိချင်းမဆိုနဲ့တော့ ဘာညာပြော

တုန်းက ခပ်ညွှာညွှာ နေနေတာက တမျိုး။ ခုလို ခွဲနေရတာက တမျိုး။ ခုအချိန်မှာ ဘယ်လို တွေချင်မှန်း မပြောတတ်ပါဘူးကွာ’

ဝါကြန့်ကြန့် အရောင်ဖက်ခါစ မြက်ခင်းကို ငေးယင်း သူ ပြောလေသည်။ အောင်ထွတ်သည် စီးကရက်ကို ဆက်တိုက် ဖွာနေ၏။ စိတ်အိုက်ဟန်ရှိ၏။ ထွေးအောင်သည် စီးကရက်တလိပ်ထုတ်ကာ မီးညှိ၏။ တချက်ပြင်းပြင်း ရှိုက်ပြီးနောက် မီးခိုးကို မှုတ်ထုတ်ပစ်လေသည်။

‘ငါ ရီထွေးကို ရင်ဘဲရှိသမျှ သွန်ပြီး ပြောခဲ့ပြီးပါပြီ အောင်ထွတ်ရာ။ သူ့ကို ပြောခဲ့တဲ့အတိုင်းပဲ၊ သူ ဒီလောကရဲ့ တနေရာရာမှာ ရှိနေသေးတယ်ဆိုယင်ပဲ ငါ့အတွက် နည်းတဲ့ အင်အား မဟုတ်ပါဘူး။ ငါ စန္ဒရားသင်မယ်လို့ စပြောခဲ့တာ သူ့ကို။ သူ အားပေးတယ်။ ငါနဲ့ စန္ဒရားဟာ ငါသေမှ ခွဲဖြစ်မှာ။ စန္ဒရားသံကို ကြားနေသမျှ သူ့ကို သတိတရ ရှိနေမှာပါ။ စာမေးပွဲတွေကျ၊ အဖေဆုံး၊ အမေ မရှိတဲ့ အချိန်မှာလဲ သူ ငါ့စိတ်ဓာတ်ကို မြှင့်ပေးခဲ့ပါတယ်။ မေ့မနေ့စ်သိမ့်ပေးခဲ့တဲ့ သူ့ ကျေးဇူးကို ငါ ဘယ်တော့မှ မမေ့ဘူး။ ငါ့ကို အောင်မြင်တဲ့ ဂီတသမား ဖြစ်လာမယ်လို့ ရီထွေး ပြောခဲ့တယ်။ အောင်မြင်မှု ရလာတဲ့ အခါ ‘ရီထွေး ပြောတာ မှန်သားပဲ’လို့ ငါပြောဖို့





စိတ်ကူးထားတယ်။ ခုလို ဆိုယင် ပြောဖို့တောင်မလွယ်တော့ဘူး ထင်တာပဲ’

အောင်ထွတ်သည် စီးကရက်ကို တဝက်လောက်နှင့် လွှင့်ပစ်လိုက်သည်။

‘မမခင်ရီက ရီထွေးကို အကဲဖြတ်တဲ့ နေရာမှာ ဖအေနဲ့ ချစ်သူကြား ကြိုးတိတ်ညပ်သွားနိုင်တယ် ဆိုတာ ဘာကို ပြောတာလဲ’

သူ ပြုံးသည်။ အခံရခက်သော ထိခိုက်မှုတမျိုးကြောင့် ပေါ်ပေါက်တတ်ရာ အပြုံး။

‘မဟောသဓာ သား တရားစီရင်ခန်းကို မင်းမှတ်မိလား’

အောင်ထွတ်သည် နေရိပ်တဝက် နေရောင်တဝက် ကျနေသော ကန်ရေပြင်ကို လှမ်းကြည့်ကာ ခေါင်းညိတ်ယင်း

‘အင်း၊ ဆိုပါဦး။ ဘီလူးမနဲ့ မအေအရင်းနဲ့ သားလုကြတာ’

‘သားကို အလယ်ထားပြီး လက်ဝယ်ရအောင်လုနိုင်ယင် ယူလို့ စီစဉ်တယ် မဟုတ်လား’

‘အင်း’

‘လုတဲ့အခါကျတော့ ဘီလူးမက သူ့ သား အရင်း မှ မဟုတ်တာ ခြေပြုတ်ပြုတ် လက်ပြုတ်ပြုတ် တအားဆွဲလုတာပေါ့။ မအေရင်း ကတော့ ရင်သွေး နာမှာ ကျင်မှာ စိုးတော့ လျှော့ပေးလိုက်ရတယ်။ အဲသလိုပဲ သူငယ်ချင်း။ ရီထွေး သိပ်ခံစားရမှာ ရီထွေး ရင်ထဲ

အနာဂတရဖြစ်မှာစိုးလို့ ငါလျှော့ပေးရမယ့် ကိန်းပါ”
“ဒီစကားတခွန်းဟာ ငါ့ရင်ထဲကို ခိုက်သွားတယ်ကွာ”
“ဦးပြေသိန်းမှာ ဆွေစဉ်မျိုးဆက် တဆင့်ထက် တဆင့် မြင့်သွားရမယ် ဆိုတဲ့ စကားက လက်သုံး။ ဆင်းရဲတွင်းနက်တဲ့ဘဝကို ပြန်မရောက်စေရဘူး ဆိုတာ ပြောနေကျ။ ဒီအယူအဆဟာ သူ့ကို ဘီလူးလိုဖြစ်စေခဲ့တာပဲ။ သူဖြစ်စေချင်တဲ့ ဆန္ဒပလ္လင်ပေါ်မှာ သမီးရဲ့နှလုံးသွေးကို ဖောက်ထုတ်လိုက်တာနဲ့ ဘာခြားလဲ’
အောင်ထွတ်က အံကြိတ်နေသည်။
‘မင်းနဲ့သူ့ သမီးနဲ့ယူလဲ မင်းက ဒွန်းစဏ္ဍားမှမဟုတ်တာ။ ဂျပိုး သူခိုး ဘိန်းစား မဟုတ်ဘူးကွ။ မင်းဟာ စန္ဒရားဆရာ။ မင်းရဲ့ ရိုးသားတည်ကြည်မှု၊ ကြိုးစားမှု၊ မင်းရဲ့ ဂီတပညာတွေကို စဉ်းစားရမှာ’
‘ဟုတ်တယ် အောင်ထွတ်။ ဒါ မင်း ပြောတဲ့ စကား၊ မင်းအမြင်။ ဦးပြေသိန်းက ဦးပြေသိန်း။ ဦးပြေသိန်းဟာ မင်းဝိညာဉ်နဲ့ ရှင်သန်နေတာ မဟုတ်ပါဘူး သူငယ်ချင်းရာ။ ငါက ရီထွေးကို ရင်သွေးအရင်းလို သဘောထားတယ်။ သူစိတ်ဆင်းရဲမှာ၊ နာမှာကျင်မှာ ငါစိုးတယ်။ အဲဒီတော့....’
သူ့ အသံတိမ်၍ ဝင်သွား၏။ အောင်ထွတ်၏ ကောက်ခေါက်ထံသည် ပြင်းထန်လွန်းလှချေ၏။



၂၆

မခင်ရီမှတဆင့် စားသုံးလေးစောင် ပို့ခဲ့သည်။ ရီထွေး၏ ပြန်စာကိုမရ။ စိတ်ထဲမှာပို၍ ယောက်ယက်ခတ်လာသည်။ ရီထွေးစာတွေ ဖတ်မှဖတ်ရရဲ့လားဟု တွေးမိသည်။ ရီထွေး ဖတ်ရလျှင် ရီထွေး၏ ပြန်စာကို မမခင်ရီက မပေးပဲ ထားသလားဟု စဉ်းစားမိသည်။ နှစ်စောင်ကို ထွေးအောင် ကိုယ်တိုင် သွားပေးသည်။ တတိယစာကို အောင်ထွတ်က မြိုင်နှင့်အတူ သွားပြီး မမခင်ရီကို ပေးခဲ့သည်။ စတုတ္ထစာကို ထွေးအောင် သွားပေးပြီး အပြန်တွင် စိတ်ခေတ်ကျလာသောလက္ခဏာဖြင့် ‘မမခင်ရီနဲ့တော့င် နောက်ထပ် မတွေ့ချင်တော့ဘူး’’ဟု’သူငယ်ချင်းတွေကို ပြောသည်။ မေးကြသောကြောင့် မဖြေချင့် ဖြေချင် ဖြေသည်။ စီကာပတ်ကုံးမဟုတ်။ “တမျိုးပဲကွာ။ သိပ်ဟက်ဟက်ပက်ပက် မရှိဘူး’’ဟုသာ ပြောသည်။ နောက်ဆုံးစာကို သူကိုယ်တိုင် မပေးတော့။ ဂျိုးဇက်က သွားပေးပေးသည်။ရီထွေး

ထံမှ ပြန်စာကို မမခင်ရီထံမှာ ဂျိုးဇက် နေ့စဉ် သွားပြီး စောင့်၏။ သုံးလေးရက် အထိ စာမရ။ တပတ်လောက်နေသောအခါ စာပြန်လာသည်။

သူ့အိမ်ထောင်ရေးကိစ္စကို ဦးပြေသိန်းက ချက်ချင်း စီစဉ်မည်မထင်ကြောင်း အစချီကာ ရေးသည်။ အချိန်တွေ များစွာ ရှိသေးကြောင်း။ စိတ်အလွန် မပူသင့်ကြောင်း၊ အသွားအလာ ကျဉ်းကျပ်လျက်ရှိကြောင်း၊ ခိုးရာလိုက်ရန် အထိ အခြေအနေ ဖြစ်မလာသေးကြောင်း၊ ထို့ကြောင့် ခိုးရာလိုက်ရန် ခေါ်သည်ကို ငြင်းရကြောင်း၊ စိတ်ညစ်ညစ်နှင့် တွေ့ကရာ လျှောက်မလုပ်စေချင်ကြောင်းတို့ကို ရီထွေး ရေးထားသည်။ ထိုစာကို ဂျိုးဇက်က "ငါဖတ်ခဲ့ရတဲ့ ရီထွေး စာထဲမှာ ဒီစာဟာ အသက်မဲ့ဆုံးပဲ၊ ခြောက်တိခြောက်သွေ့ကြီး" ဟု ဝေဖန်သည်။

ရီထွေး စာကို ပြန်ရေးသော စာကို ဂျိုးဇက်ပင် မမခင်ရီကို သွားပေးသည်။ ပြန်လာသော ဂျိုးဇက် ခြေလှမ်းတို့သည် နှေးတုံ့နှေးတုံ့။ အိမ်သို့ပြန်ရောက်ပြီး သုံးလေးနာရီကြာမှ ပြောသည်။ စာအဆက်အသွယ်ကို သူ့ထံမှ တဆင့် မလုပ်စေချင်ကြောင်း မမခင်ရီ ပြောသည်ဟု ဂျိုးဇက်ပြောပြ၏။

တပတ်ခန့်အကြာတွင် တင်မောင်လွင်က သက်သက်နှင့် မြိုင်တို့နှစ်ယောက်ကို ရီထွေးတို့ အိမ်သို့ အလည်အပတ် သဘောဖြင့် သွားရန် လွှတ်သည်။ သက်သက်၏ လက်ပွေ့အိတ်ထဲတွင် ထွေးအောင် ရေးပေးလိုက်သော စာကို ထည့်ပေးထား၏။ သို့သော် သက်သက်တို့ ပြန်လာသောအခါ ထွေးအောင့် စာသည်





သက်သက်၏ လက်ပွေ့အိတ် ထဲတွင်သာ။ ဦးပြေသိန်းသည် သူတို့နှစ်ယောက် ရောက်ကတည်းက ဧည့်ခန်းထဲတွင် စာဖတ်ယင်း အရိပ်အကဲကြည့်နေ၍ စာမပေးဖြစ်ခဲ့။ မြိုင်က မျက်ရိပ်မျက်ခြည်ဖြင့် သက်သက်ကိုပြောသည်။ သက်သက်က နောက်ဖေးဘက်သို့ ထွက်လိုကြောင်း ရီထွေးကိုပြော၏။ ဦးပြေသိန်း၏ မျက်ကွယ်၌ ထွေးအောင် စာကိုပေးရန်။ သို့သော် မမခင်ရီကို 'သမီးကြီး၊ ရေချိုးခန်းကို လိုက်ပို့ပေးလိုက်လေ' ဟု စကားဦးသန်းလိုက်၏။ ရီထွေး မထသာ။

'စောင့်ကြည့်သေးတာပေါ့ကွာ။ ရီထွေး မင်း ဘက်မှာ အသေအချာရပ်ယင် ပြီးတာပါပဲ။ ကုန်ကုန်ပြောမယ်။ တချိန်မှာ အဘိုးကြီး မျက်ခြည် ပြတ်မှာပါ။ ရုံးသွားရုံးပြန် ကားအတက်အဆင်းမှာ တို့ကားတင်ပြီး ခေါ်လာမယ်ဆိုလဲရတာပဲ။ အဲဒီအခါကျမှ ရီထွေးအဖို့ကြောင်ကြောင် လုပ်ယင်တော့ တို့တပွဲလုံး ခံရလိမ့်မယ်'

ဂျိုးဇက်က နှစ်သိမ့်ယင်း ပြောပြသည်။

❁

မောင်မောင်ကျော် တို့အိမ်မှ ပြန်လာချိန်တွင် ရင်၌ တင်းကြပ်နေ၏။ မောင်မောင်ကျော်၏ အဖေနှင့် အမေတို့ကို တွေ့ရ၍ ရင်ထဲတွင် ထိခိုက်သွားသလား မပြောတတ်။ အဖေနှင့် အမေတို့ကို ပြေး၍ သတိရသည်။ အထူးသဖြင့် သီတင်းကျွတ်ရန် တရက် နှစ်ရက်အလိုတွင် ဆို့ဆို့နင့်နင့် ခံစားရသည်။ မောင်မောင်ကျော်နှင့် တွေ့ချင်၍ သွား သော် လည်း မတွေ့ခဲ့ရ။

မောင်မောင်ကျော်သည် နော်ဇာလွင်နှင့် အတူ နေ့လယ်က တည်းက အပြင်သို့ သွားသည်ဟု သိရသည်။ ထို့ကြောင့် အောင်ထွတ် တို့အိမ်သို့ သွားသည်။ မြိုင့် ကို သာ တွေ့ခဲ့ရ၏။ အောင်ထွတ်က ချည်ထုပ်ကိစ္စရှိ၍ ရန်ကုန်သို့သွားသည်ဟု မြိုင် ပြော၏။ မြိုင်က ရီထွေး အကြောင်း စကားစသည်။ လွန်ခဲ့ သော စနေနေ့က ရီထွေးကို သူ့အမနှင့်အတူ ဗိုလ်ချုပ်ဈေး တွင် တွေ့ခဲ့ကြောင်း အလှမ်းဝေးနေ၍ လူချင်းမဆုံဖြစ်ကြောင်း ပြောသည်။

မြိုင်နှင့် စကားပြောပြီး အိမ်သို့ ပြန်မည်စိတ်ကူးသည်။ သို့သော် ခြေသည် ရောက်တတ်ရာရာ။ သီချင်း တိုက်ခြင်း၊ အသံသွင်း ခြင်း ကိစ္စတွေ သည်နေ့ တခုမျှမရှိ။ ထို့ကြောင့် နောက်ဆံ မငင်။ ပန်တျာ ကျောင်း သို့ သွား သည်၊ ဆရာနှင့် စကား စမြည် ပြောသည်။ ဆရာသည် ရီထွေးနှင့် စပ်လျဉ်း၍ တခွန်း မမေး။ တမင်မြူနေခြင်း ဖြစ်ဟန်တူသည်။ အပြန်တွင် ဆရာမ ကြီး နော်အေးမူ ထံသို့ ဝင်သည်။ နေဝင်ခါနီးတွင် ကျမ်းစာ ကျောင်းမှ ပြန်ခဲ့သည်။ တင်မောင်လွင် တို့အိမ်သို့ လမ်းကြုံ၍ ဝင်ခဲ့သည်။ မြိုင် သည် တင်မောင်လွင် ချီထားသော သမီး ကလေးကို ကျီစယ်နေ၏။ သူ့ကိုတွေ့ရာ ပျာပျာသလဲခေါ်ကာ အခြေအနေ မေး၏။ မနေ့ကနှင့် ယနေ့ အခြေအနေကွာမည် ထင်ကာ မေးပုံရ၏။ နေမြဲအတိုင်းဟု သိရသောအခါ မျက်နှာ မကောင်းကြ။

'ရီထွေးကသတ္တိလဲ နည်းနည်း နည်းပါတယ်။ကျွန်မတို့





တုန်းက ကိုထွေးအောင် အမြင်ပဲ။ မအေ မိဘ ဆိုတာ နောင်ကျတော့လဲ ပြီးတာပါပဲ'

သက်သက်သည် သမီးကို ပေါင်ပေါ်တွင် ထိန်းထားယင်း ပြော သည်။

'သူ့ဖအေကို သူ ဘယ်လိုနားလည်နေသလဲမှ မသိတာ'

တင်မောင်လွင်က ဆေးလိပ်ခွက်ကိုချယင်း ညည်းသည်။

'ဪ.... မောင်ရယ်။ သူ ကိုအောင်ထွေးကို ယူယင် သူ့အဖေက သေခန်းရှင်ခန်း ဖြတ်မှာတဲ့ ဘာတဲ့ တွေး ပြီး ပူနေတာနဲ့ တူပါတယ်'

'အင်း....သူ့အဖေက သူ့အဒေါ် ဒေါ်လေးထားထား အပေါ် ပစ်ပစ်ခါခါ လုပ်ခဲ့တာလဲ ရီထွေးကမျက်မြင် ဖြစ်ခဲ့တာကိုး'

ထွေးအောင်က တခွန်းပြောလိုက်၏။ သက်သက်သည် အိမ်ရှေ့ အိမ်နောက် အကဲခတ်ကာ ကြည့်သည်။ သူ့မိဘ အနီးတွင် ရှိမရှိကြည့်ခြင်း ဖြစ်ဟန်တူ၏။

'ဒါတွေကလဲ အလကားပါ ကိုထွေးအောင်ရယ်။ ညီ အကိုမောင်နှမအပေါ် ပစ်ပစ်ခါခါ လုပ်တိုင်း၊ သား သမီးအပေါ် ပစ်ပစ်ခါခါ လုပ်မယ်ဆိုတာက အတွေး ခေါင်လွန်းပါတယ်။ ကျွန်မကို ကြည့်။ အစ ကတော့ သတင်းစာထဲ ကြော်ငြာတွေ ဘာတွေထည့်လို့။ ဟောဒီ သမီးမွေးပြီဆိုတာလဲ အဖေတို့ကြားရော မနေနိုင်တော့

ဘူး။ မြေး စိတ် မ ဟုတ် လား။ ဒါတွေက ဓာတ်ပါ
ကိုထွေးအောင်ရယ်။ ရှီထွေးက ပမာနပါ'

သက်သက်ထံမှ သမီးကို ထွေးအောင်က လှမ်း ခေါ်ပြီး ချီလိုက်၏။

၂၈

တန်ဆောင်မုန်း လပြည့်ကျော်တရက် လသည် မြေမှလွတ်ခါစ။ အိမ်နီးနားချင်းတို့ မီးပုံတွန်းနေသည်ကို တွေ့ရ၏။ ကွပ်ပျစ် ပေါ်မှ ထလိုက်သည်။ အိမ်ပေါ်တက်မည့် အပြုတွင် ခြံဝရှိ လူရိပ်ကို မျက်လုံးထောင့်မှ မြင်ရသည်။ ရှီထွေးသည် တည်ငြိမ်သောမျက်နှာဖြင့် ကြည့်ယင်း လျှောက်လာ၏။ မမခင်ရှီက ရှီထွေး၏ နောက်တွင် ကပ်လျက်သား ပါလာ၏။ ခြေလှမ်းတွေက မသွက်လက်။ မမျှော်လင့်ပဲ တွေ့ရ၍ ဝမ်းပန်းတသာ ဖြစ်သွားသည်။ ရှီထွေး အိမ်ပေါ်မှ ဆင်းလာခြင်းလားဟုပင် အတွေးရောက်နေသည်။ အိမ်ပေါ်သို့ သူ အလျင်တက်လိုက်သည်။ မမခင်ရှီသည် ရှီထွေး ထိုင်လျှင်ထိုင်ချင်း ထွေးအောင့်ကို ပြောသည်။

'မင်းတို့ အေးအေးဆေးဆေး စကားပြောကြ။ မမ ဟို
ကွပ်ပျစ်မှာ သွားထိုင်မယ်'





မခင်ရှီ ပြုံးဖော်မရ။ ပြောပြီးပြီးချင်း အိမ် ပေါ်မှ ဆင်း
သွား သည်။ ကွပ်ပျစ်တွင် ထိုင်ကာ ဟိုသည်ကို အဓိပ္ပာယ်မဲ့
ငေးနေသော မမခင်ရှီကို ကြည့်ကာ စကားစရန် ခက် နေ
သည်။ ရှီထွေး သူ့ဘေးနားတွင် ရပ်နေသော ထွေးအောင့်
လက်ကို လှမ်းဆွဲသည်။

'မောင် သိပြီးပြီနော်'

မဖြေ။

'ကိုအောင်မြင့်နဲ့ ရှီထွေးနဲ့ လက်ထပ်မယ့် ဖိတ်စာကို
မောင် တွေ့ပြီးပြီ မဟုတ်လား'

ဖြေမရ။ မော့ကြည့်နေသော ရှီထွေးကို ရှီထွေး အစစ် ဟုတ်မှ
ဟုတ်ပါရဲ့လားဟု ထင်နေသည်။

'မောင် ရှီထွေးကို သတ်ပစ်လိုက်ပါ'

ခေါင်းခါပြသည်။

'မောင်'

ကြည့်လိုက်သည်။ လက်ဖဝါးကို ဆုပ် ထား သော ရှီထွေး၏
လက်နှစ်ဘက်သည် ပြေလျော့ သွားသည်။ ကြိမ်ကုလားထိုင်
ဘေးချင်းယှဉ်နေသည့် ပက်လက်ကုလားထိုင်တွင် သူ ထိုင်
သည်။

'ရှီထွေး အစစ်မှ ဟုတ်ပါရဲ့လားလို့ မောင် သံသယဝင်
နေတယ်'

ဝမ်းဖျောင့်သည် တွန့်ကျသွား၏။ လည်တိုင်သည် ငိုက်၍
၏။ လက်နှစ်ဘက်ကို ကုလားထိုင်လက်တန်းတွင် တင်၏။

လက်တန်းထိပ်သို့ လက်တွေရွေ့သွား၏။ တင်းနေအောင် ဆုပ်ထားသည်။ အတန်ကြာမှ

'မောင်ရယ်၊ ရီထွေးတို့ ဘာလုပ်မလဲ။ ဘာလုပ်ရမလဲ' အမောတကော မေးသံ။ အသက်ရှူ မြန်လွန်း နေ၏။ ရင်သည် မို့လိုက်နိမ့်လိုက်။

'ခု မောင့်ဆီ ရောက်လာပြီပဲ။ မပြန်နဲ့တော့။ မောင်တို့ တနေရာရာကို သွားကြမယ်'

ရီထွေးထံမှ အဖြေကို မကြားရ။

'ခုအချိန်လေးတချိန်ပဲ မောင်တို့မှာ အခွင့်အရေးရှိတော့တာကို ရီထွေး မေ့ထားလား ဟင်'

'သိတယ် မောင်။ သိတယ်။ မောင့်ကို တွေ့ချင်လွန်းလို့ ကြံဖန်ပြီး ထွက်လာရတာ'

'ဒါဖြင့် မောင်တို့ ခုပဲ တနေရာရာကို သွားကြမှ ဖြစ်မယ်'

ရီထွေးသည် သူ့လက်မောင်းကို ဖွဖွကိုင်လိုက်ယင်း တွေနေ၏။

'အချိန်မရှိဘူး ရီထွေး ခုထိ စဉ်းစားနေတုန်းပဲလား။ အဖေကို ပြန် ပြီး ဆွေး နွေးဖို့ စိတ် ကူး နေတုန်းပဲလား'

ပြတင်းကို ကျော်၍ ကြည့်နေရာမှ သူ့ကို စူးစူးကြည့်နေသည်။ နှုတ်ခမ်းကို ကိုက်ထားသည်။ လှိုက်မောနေသော အသံဖြင့်

'မောင် မသိဘူး။ မောင် မသိပါဘူး'

'မောင် မသိတာ ဘာရှိလဲ ရီထွေး'





'ရီထွေး ဘာလုပ်ရမလဲ မောင်ရယ်'

ရီထွေးကို လက်ဖဝါးကို တင်းနေအောင် ပြန် ပြီး ဆုပ် ထားလိုက်၏။

'နောက် တ ပတ် နှစ် ပတ် ဆိုယင်ပဲ မင်္ဂလာဆောင်ဖို့ ဦးလေးက စီစဉ်ပြီးတာတောင် ဘာလုပ်ရမယ်ဆိုတာ ရီထွေး မေးမှ မေးရက်တယ်'

'ဖေဖေက ပြောတာ မောင်မှမကြားရတာ။ သူ အရှက်ကွဲယင် သတ်သေလိုက်မယ်တဲ့သိလား။ ရီထွေး ဘာလုပ်ရမလဲ'

သတိလစ်မည်ပင် ထင်ရ၏။ အသံမှာ ကျယ်လောင် သွား ၏။ ဆောက်တည်ရာမရသော သဏ္ဍာန်မှာ ပီလာသည်။ ရီထွေး၏ ဦးနှောက်နှင့် နှလုံးသားတွင် မီးညွန့်တွေပင် တက်နေပြီလားဟု စိုးရိမ်လာသည်။ သူ့ရင်ကို မီးကျီးခဲ့ပူတွင် နှစ်လိုက်သကဲ့သို့ ခံစား၏။ ငရဲတွင်းက လူတွင် မီး တောက် တွင်း က လူအတွက် တဖိတလေး အပူပိုရသလို ဖြစ်လာ၏။ သူ စကားဟလိုက်တိုင်း ရီထွေးကို ငရဲမီးရှိရာသို့ ခေါ်ပြီး နှစ်ရာကျမည် စိုးလာမိသည်။

'ဒီလိုဆိုလဲ ရီထွေး စဉ်းစားပေါ့ကွယ်'

'ဘာစဉ်းစားရမှာလဲ မောင်'

'မောင့်ကို နည်းနည်းလေးမှ ထည့်မတွက်နဲ့တော့လေ'

မျက်ရည်စသည် ရီထွေး၏ ပါးပြင်ပေါ်သို့ စီးကျလာသည်။ မျက်ရည်စတွေကို သူ သိမ်းသည်။

'မငိုနဲ့ကွယ်။ မောင့်ရင်ထဲမှာ ပိုလို့ခံစားရတယ်'

'ချစ်တယ် မောင်ရယ်။ မောင် က လွဲလို့ ဘယ်သူ့ကိုမှ ရီထွေး ချစ်မရဘူး ဆိုတာ မောင် ယုံပါ။ ယုံတယ် မဟုတ်လား မောင်'

နွေးကွေးစွာ ခေါင်းညိတ်ပြလိုက်သည်။ လက်က အံဆွဲကို လှမ်းသည်။ ဖွင့်ပြီး စက္ကူအိတ်တအိတ်ကို ယူသည်။ ရီထွေး သည် ဇဝေဇဝါ စပ်စပ် ကြည့်နေသည်။ အမေ ဆုံးပြီးခါစတွင် ရီထွေး လာပေးသော ငွေငါးရာထုပ်။

'ဒါကို ရီထွေးပြန်ယူထားပါ။ မောင် ဘာအမိပ္ပာယ်နဲ့မှ ပြန်ပေးတာ မဟုတ်ပါဘူး။ မင်္ဂလာ ရန်ပုံငွေမို့ မောင် မထိရက်ခဲ့ဘူး'

ရှိုက်သံကို ကြားရသည်။

'မောင် ဘယ်လောက် ချစ်တယ်ဆိုတာ ရီထွေး သိလား ဟင်'

ငေး၍သာကြည့်နေသည်။ အဖြေမပေးနိုင်အောင် အာရုံတို့သည် ရီထွေး ကိုယ် မှ ခွာသွားပြီလား။ ငိုင်တွေသော မျက်နှာကို မမြင်ရက်။ ထို့စဉ် အတက်အဆင်းဝတင် မမစင်ရီ လာပြီး ရပ်သည်။ ရီထွေး လှည့်ကြည့်သည်။ ပြန်သင့်ပြီဟု ခေါ်သော လက္ခဏာ။

ရီထွေး သူ့ကို ကြည့်သည်။

သူ ရီထွေးကို ကြည့်သော်လည်း ကြည်လင်စွာ မမြင်။

ဒုတိယ အကြိမ်

ရာဇဝင်ချုပ် တတိယစာစောင်

ဧည့်ခံခန်းမ တခုလုံးမှာ ငြိမ်သက်လျက် ရှိ၏။ အဆိုတော်၏ ဖမ်းစားလျက် ရှိသော အသံတွင် နစ်မျောနေကြသည်။ ဂျိုးဇက်သည် ရစ်သမ်ဂစ်တာကို မှန်မှန်လိုက်ယင်း အဆိုတော်ရှိရာ စင်မြင့်ဆီသို့ လှမ်းကြည့်သည်။ ထိုနောက် ထွေးအောင်ကို ကြည့်သည်။ ထွေးအောင်က ပြုံးပြလိုက်၏။ စန္ဒရားကို တေးသွားအလိုက် တလုံးတို့ နှစ်လုံးတို့ တို့နေ၏။ အဆိုတော်က သူ့ကို မျက်လုံးတချက်ဝေ့ကာ ကြည့်၏။ သူ ခေါင်းညိတ်ပြလိုက်သည်။ သီချင်းချတော့မည်ဟူသော အမှတ်အသား။ သီချင်းချမည်အပြုတွင် အဆိုတော်ထံသို့ တချက်ကြည့်လိုက်၏။ မျက်လုံးသည် အဆိုတော်ကို လွန်၍ ရောက်သွားသည်။ သတို့သားနှင့် သတို့သမီးတို့ ထိုင်နေသော ဖုံဝိုင်းကို မြင်ရ၏။ စားပွဲဝိုင်းနှင့် ငွေဖလား။ ပန်းတွေဝေနေသော ငွေပန်းအိုးကို ကြည့်လိုက်သည်။ ထိုစဉ် သီချင်းကို အနားသတ်လိုက်သည်။ အစီအစဉ်မှူးက တီးဝိုင်းထဲမှာ ထိုင်ယင်း ကြေငြာသည်။ စိုးပိုင်၏ အလှည့်ကို ကြေငြာသည်။ ထိုစဉ် အောင်ထွတ်က တယောကို အိမ်ထဲသို့ ပြန်ထည့်ယင်း ပြုံးပြသည်။ စတီရီယိုတလှည့်၊ ကာလပေါ်တလှည့် စီစဉ်ထားသည်။ ဂျိုးဇက်တို့ဘက်သို့ သူလှမ်းကြည့်သည်။ ဂျိုးဇက်က မေးဖြင့် တနေရာကို ပြသည်။ သူ့ညာဘက်သို့ လှည့်ကြည့်လိုက်သည်။ သတို့သားဘက်မှ အစ်ကိုတော်စပ်သူ မိတ်ဆွေက သူ့ကို ကြည့်နေ၏။





သူထသွားလိုက်သည်။ ဧည့်ပရိသတ်ကို ယခုမှ သေသေချာချာ မြင်ရသည်။ ခန်းမပြည့်ခင်းထားသော စားပွဲကုလားထိုင်တို့တွင် နေရာမလပ်သလောက်။ ဖိတ်ဖိတ်လက်သော၊ အဆင်စုံသော၊ အရောင်မျိုးပြားလှသော သက်ရှိတွေ။
သီချင်းဆိုသံ ထွက်မလာမီ စကားပြောသံ၊ နှုတ်ဆက်သံတွေ ကြားရသည်။ လျှပ်စစ်ဂစ်တာနှင့် အော်ဂင်သံကို စတင်ကြားရသည့် တခဏတွင် တိတ်တိတ်ဆိတ်ဆိတ် ဖြစ်သွားကြသည်။ မိတ်ဆွေခေါ်ရာသို့ ခေါင်းငိုက်ငိုက် ထားပြီး သူလိုက်သည်။ စားပွဲရှည်တွင် ထိုမိတ်ဆွေက ထိုင်သည်။ သူ့ဘေးနှင့် ကပ်လျက် ခုံတွင် သူဝင်ထိုင်သည်။ ဧည့်ခံအမှုထမ်းတယောက်က ငွေလင်ဗန်းကို ကိုင်၍ အနီးသို့ လာရပ်၏။ မိတ်ဆွေက ရေခဲမုန့် နှစ်ခွက်နှင့် မုန့်ချိုနှစ်ပွဲကို လှမ်းယူပြီး စားပွဲပေါ်သို့ တင်သည်။

'စားပါဦးဗျာ။ ခင်ဗျား တော်တော် ပင်ပန်းနေပြီ။ ခင်ဗျားလူတွေဆီလဲ စားစရာ တခါထပ် ပို့ခိုင်းပြီးပါပြီ။ ကျေးဇူးတင်တယ် ကိုထွေးအောင်၊ ခင်ဗျားရဲတော်တွေကိုလဲ ကျေးဇူးပဲ။ အဆိုတော်တွေလဲ ကျေးဇူးတင်ပါတယ်'

ရေခဲမုန့်နှင့် မုန့်ချိုပွဲကို သူ့ရှေ့သို့ တိုးပေးသည်။ စိုးပိုင်၏ ဆိုသံသည် ကြည်လင်စွာ ထွက်လာ၏။ မျက်နှာကို စင်မြင့်မှ လွှဲကာ စားပွဲတွင် တည့်တည့်ထိုင်သည်။ ရေခဲမုန့်ကို တဇွန်း ခပ်ပြီး ခေါင်းကို ငုံ့လိုက်သည်။ လျှာပေါ်တွင် ရေခဲမုန့်ပျော်

သည်အထိ မြှုပ်လိုက်၏။ ထိုနောက် ခေါင်းကို မော့လိုက်သည်။ မျက်စိရှေ့ရှိ စားပွဲတွေ ညှော်သည်တွေ အမှတ်မဲ့ကြည့်လိုက်သည်။ ဗယ်ဘက်သို့ မျက်လုံးအဝေ့တွင် မှင်တက်မိသလို ဖြစ်သွားရလေသည်။

ပြုံး၍ ကြည့်နေသော မမခင်ရီ။ အမြင်တွင် ထိုစားပွဲရှိ လူကုန် မြင်ရသည်။ မမခင်ရီ ဘေးတွင် ရီထွေး။ ရီထွေးသည် သူ့မျက်တောင်မခတ်မိအောင် ငေးနေစဉ်၊ ငေးမောကာ မြန်ပြီး ကြည့်နေသည်။ အံ့ဩလွန်းခြင်းသည် ရင်ကိုပါ ခုန်လွန်းမက ခုန်စေသည်ထင်၏။ စေ့ထားသော ရီထွေး၏ နှုတ်ခမ်းသည် နေမြဲအတိုင်း။ ပြုံးသည်ကို ရှာ၍ပင် မရ။ မမခင်ရီသည် ခေါင်းညိတ်၍ ခေါ်သည်။ ရေခဲမုန့်ခွက်ကို စားပွဲပေါ်သို့ ချလိုက်၏။

ထိုင်ရာမှ အထတွင် မိတ်ဆွေက ကြည့်၏။

‘ဟိုမှာ ကျွန်တော့် အသိနဲ့ တွေ့နေလို့’

‘အြော်....ဟုတ်ကဲ့’

နှစ်စားပွဲအကျော်သို့ လှမ်းသွားရသော ခြေသည် ပေါ့ပါးခြင်းမရှိ။ မမခင်ရီတို့ ထိုင်နေရာ စားပွဲသို့ မရောက်မီအတွင်း မျက်လုံးကို တခြားသို့ မလွှဲ။ ရီထွေးသည် စားပွဲကို ငုံ့ကြည့်နေသည်။ မမခင်ရီက သူ့ ကွေ့ပတ်လျှောက်လာရာသို့ မျက်လုံး လိုက်လျက် ရှိ၏။ အနီးသို့ အရောက်တွင်

‘ကဲ....ထိုင်ပါဦး။ ငါ့မောင်နဲ့ မတွေ့ရတာ ကြာလှပြီ’

ထွေးအောင်သည် တတ်အားသရွေ့ ပြုံးပြလေသည်။ မျက်





နှာချင်းဆိုင် ထိုင်ခုံတွင် ဝင်ထိုင်ယင်း

‘ခုနတုန်းက ကျွန်တော် မတွေ့လို့ပါ’

‘ဟုတ်တာပေါ့ကွယ်။ မင်းက အများကို စုံစုံစေ့စေ့ ဘယ်လာမြင်နိုင်ပါ့မလဲ။ မမတို့ကတော့ မင်းကို ရောက်ကတည်းက လှမ်းမြင်နေတယ်။ နာမည်ကျော် စန္ဒရားဆရာကြီး ဖြစ်နေလို့ မမြင်ယောင်ဆောင်ပစ်မလားလို့ ခုန ခေါင်းညိတ်ခေါ်ပြီးမှ တွေးမိသေးတယ်’

ထိန်းပြီး ပြောလိုက်သော်လည်း အသံမှာ စိုးစဉ်းမျှ တုန်နေသည်ဟု ကိုယ့်ကိုယ်ကို သိသည်။

‘လှမ်းခေါ်တဲ့အတွက် ကျေးဇူးတင်ပါတယ် မမခင်ရီ’

မျက်လုံးကို မမခင်ရီထံမှ မလွှဲဖြစ်အောင် နေရသည်။ မမခင်ရီသည် မပြေပြစ်သော အပြုံးဖြင့် ပြုံးကာ မေး၏။

‘ကျေးဇူးတင်တယ်ဆိုတာ ဘာကို ပြောတာလဲ’

‘ဪ....ကျွန်တော့်ကို လှမ်းမြင်လိုက်ကတည်းက ထမပြန်သွားတဲ့ အတွက်ပါ’

မမခင်ရီက ခပ်တိုးတိုး ရယ်နေသည်။ ငုံ့ရုံသာသာ ငုံ့ကာ ရီထွေးကို ကြည့်၏။ ရီထွေးသည် မျက်လွှာ လှန်ကြည့်၏။ ရီထွေးကို ယခုမှ သူ ကြည့်လေသည်။

‘ရီထွေး နေကောင်းတယ်နော်’

ခေါင်းကို အသာညိတ်ပြသည်။

‘အမျိုးသားရော၊ ကလေးတွေရော အားလုံး နေထိုင်ကောင်းကြတယ် ထင်ပါတယ်’

ဒုတိယအကြိမ် ခေါင်းညိတ်ပြလေသည်။ သို့သော် စောစော ကထက် လေးလံနေပုံရ၏။ မေးပြီးတော့မှ ကိုယ့်ကိုယ်ကို အံ့ဩ မိသည်။ ပြန်လည် တွေ့ဆုံသောအခါမျိုးတွင် သည်မျှ ရှုန်နိုင် ကောင်းနိုင်ပါမည်လားဟု မကြာခဏ စဉ်းစားခဲ့ဖူးသည်။ မေ့မေ့ပျောက်ပျောက်နေစဉ်မှာ မေ့ပျောက်၍ နေလေပြီဟု အထင်ရှိခဲ့သည်။ သို့ရာတွင် မျက်နှာချင်းဆိုင်မိလျှင် စိတ်နှလုံး သည် တည်ငြိမ်နိုင်မည်ဟု ကေန်ကေ မတွက်ရဲခဲ့။

'ငါ့ မောင်ကို သတိရပါတယ်ကွယ်'

မမခင်ရီသည် စကားမဲ့သော စားပွဲဝိုင်း မဖြစ်စေချင် ပုံတူ၏။ အဆက်အစပ် ကင်းရာတွေ ဖြစ်မှန်းသိလျက် ပြောနေရသည့် အနေအထားနှင့် ရှိလေသည်။

'မမခင်ရီက အဲသလို ပြောတော့ ကျွန်တော်ကကော ဘာပြောရမလဲ'

ထိန်းချုပ်ထားသော အပြုံးတမျိုးကို ညီအစ်မနှစ်ယောက်စလုံး ၏ နှုတ်ခမ်းတွင် မြင်ရသည်။

'ဒါတော့....ငါ့ မောင့် ပြောချင်တာ ပြောပေါ့'

သူ ရယ်သည်။

'မပြောတော့ပါဘူး မမရယ်'

'မပြောတော့ဘူး ဆိုတာ ခုနတုန်းက ကိုတင်လှိုင် ဆို သွားတဲ့ သီချင်းခေါင်းစဉ်လား'

မမခင်ရီ၏ ပြက်လုံးကြောင့် အရယ်ကို ဆက်လိုက်၏။ ထို့ နောက် မမခင်ရီကပင် ပြောသည်။





'စိတ်မဆိုးနဲ့နော်၊ မမ နောက်တာပါ'

သူ ပြောမည် အပြုတွင် စောစောက သူ့ကို ဝိုင်းထဲမှ ခေါ် လာသော မိတ်ဆွေက ရောက်လာ၏။ ရေခဲမုန့်နှင့် အချိုမုန့်ပွဲ ကို သူ့ ရှေ့တွင် လာပြီး ချပေး၏။ ထိုနောက် ပြုံး၍ နှုတ် ဆက်သွား၏။ မမခင်ရီကို ပြန်ပြောရန် နှုတ်ခမ်းပြင်သည်။

'ကျွန်တော် စိတ်ဆိုးဖူးတာများ ရှိလို့လား'

အဓိပ္ပာယ်သိဟန်တူသော အကြည့်ကို သူ တွေ့ရသည်။

'မမတို့နဲ့ မတွေ့တော့တဲ့ ဆယ်နှစ်အတွင်းမှာ မင်း သိပ် ပြောင်းလဲသွားတယ်နော်။ ပြောတာ ဆိုတာက အစ'

'ဝမ်းထဲမှာကတော့ နဂိုအတိုင်းပါပဲ။ အပြော အဆို အနေအထိုင်ကတော့ ပြောင်းလဲ သွားသလားတော့ အမှတ် မထားမိဘူး'

'မင်းက ငယ်ရုပ်သိပ်မပြောင်းလှဘူး။ ခုမှ ပိုချောလာ တယ် ထင်တာပဲ'

ရေခဲမုန့်ကို ရှေ့သို့ နည်းနည်း တိုးယင်း "ခုလောလောဆယ် တော့ ရေခဲမုန့်ပဲ ကျွေးစရာ ရှိတယ်"ဟု ပြောသည်။

'ခု ဘယ်မှာနေလဲ'

'ဗဟန်းမှာ'

'ကလေး ဘယ်နှစ်ယောက်ရပြီလဲ'

တွေးအောင့်မဲ့ပြုံးသည် မမခင်ရီကိုပင်မျက်လုံးဝိုင်းသွားစေ၏။

'ကျွန်တော် အိမ်ထောင်မကျသေးပါဘူး'

'ဟုတ်လား....'

မမခင်ရီသည် အံ့အားသင့်လွန်းသော အသံဖြင့်။ ရီထွေးသည် မျက်လုံးချင်း ဆုံလိုက်သည်။ ဝင်းဝါ ပြည့်တင်းသော ပါးနှစ်ဘက်သည် အရင်ကထက် စိုပြည်လျက် ရှိသည်။ မျက်တောင်တွေ ပို၍ ကော့လာသည်။ လိမ်းခြယ်ထားသော နှုတ်ခမ်းသည် မလှုပ်ရှား။ ထိုခဏတွင် ဂီတဝိုင်းဆီမှ ဂျပ်ဇ်တီးလုံးကို ကြားရ၏။ ကေဂျာနူး၏ အသံစူးစူးချိုချိုကို စတင် ကြားရ၏။ သူ့အနီးသို့ တယောက် ရောက်လာသည်။ အသက်နှစ်ဆယ်သာသာ လူငယ်တယောက်။

'ဆရာ၊ ကေဂျာနူး ပြီးယင် ကိုခင်မောင်သန့်ရယ် ချိုပြုံးရယ် မာမာအေးရယ် ကျန်သေးတယ်။ ကျွန်တော်.... စန္ဒရား ဝင်တီးပေးလိုက်ရမလား'

ထွေးအောင်က လှည့်ကြည့်ပြီး ''အင်း....မင်း ဝင်လိုက်လေ။ နှုတ်တွေက စန္ဒရားပေါ်မှာ တင်ထားတယ်။ မာမာအေးက ပိတောက်လမ်း၊ ချိုပြုံးက တက္ကသိုလ်က ငွေလဝန်း။ ကြည့်လုပ်လေ''ဟု ပြောလိုက်သည်။ ထိုလူငယ် သွားတော့မှ ထွေးအောင် မေးသည်။

'ဦးလေးကော နေထိုင်ကောင်းရဲ့နော်'

'ကောင်းပါတယ်။ ပင်စင် ယူပြီးကတည်းက နှင်းဆီခြံ စိုက်တယ်။ ကျန်းမာရေး အတွက် လှုပ်လှုပ်ရှားရှား ဖြစ်အောင်ပေါ့'

စကားပြတ်သွားပြန်သည်။

'မမတို့ အရင် အိမ်မှာပဲ မဟုတ်လား'

ဒုတိယအကြိမ်



မမခင်ရီ ခေါင်းညိတ်သည်။ ထွေးအောင်က ဆက်၍ ပြော၏။

'ကျွန်တော် မြို့က ခွာပြီးတဲ့နောက် တခေါက်မှ ပြန် မရောက်ဖြစ်တော့ဘူး။ တခါတလေ အမေတို့ ခေါင်း ချခဲ့တဲ့နေရာမို့လို့ ပြန်နေချင်တယ်။ ဒါပေမယ့် မနေ ချင်တော့ဘူးလေ'

စကား ခဏ ရပ်လိုက်ပြီးမှ ထပ်ပြောသည်။

'စိတ်မကောင်းစရာတွေချည်း ကြုံခဲ့ရတဲ့ နေရာမို့လို့ စွန့်ပြေးခဲ့တာတော့ မဟုတ်ပါဘူး။ မောင်မောင်ကျော် ဆိုလဲ ပုဇွန်တောင်ကို ပြောင်းနေတယ်။ ဂျိုးဇက်က လဲ ရန်ကုန်ထဲ။ အောင်ထွတ်တို့ကလဲ ပြည်သူ့ပိုင်သိမ်း ပြီးတဲ့နောက် စွပ်ကျယ်စက်ထဲက အိမ်မှာ မနေရတော့ ဘူး။ စမ်းချောင်းက အိမ်ကို ပြောင်းလာတယ်လေ။ တင်မောင်လွင်တို့က ရန်ကင်းမှာ တိုက်ခန်းရလို့ ရန် ကင်းပြောင်း။ ဒါနဲ့....ရောက်မလာဖြစ်တာပါ'

ရီထွေးက တခွန်း မေးသည်။

'ရီထွေးကို ကိုအောင် စိတ်နာနေတုန်းပဲလား'

မမခင်ရီ မျက်နှာမှာ စိုး ရိမ် ငွေ့ တွေ သမ်း နေ ၏။ ထွေး အောင်သည် ပကတိ အနေအတိုင်း နေယင်း

'ကျွန်တော် ဘယ်တုန်းက စိတ်နာတယ်လို့ ပြောဖူးလို့လဲ ရီထွေးရာ'

ထို မေး ခွန်း ကို မူ ရီထွေး မဖြေ။ တွေ၍ စဉ်းစား နေဟန် ရှိ၏။ ချိုပြုံး၏ အသံသည် ညှိုခန်းတွင်း၌ ပျံ့လွင့်နေ၏။

ဒုတိယအကြိမ်

'ပြန်တွေးကြည့်တော့ ရီထွေး လုပ်ခဲ့တာ စိတ်နာစရာ ကောင်းတယ်လို့ ထင်လို့'

'ကျွန်တော် မေ့ထားလိုက်ပါပြီ'

'ရီထွေးတောင်းပန်ပါတယ် ကိုအောင်'

'မလိုပါဘူး ရီထွေးရယ်။ ခွင့်လွှတ်စရာ မလိုသလို တောင်းပန်စရာလဲ လိုမှ မလိုတာ။ တယောက်ကို တယောက် နားလည်ခဲ့ပြီပဲ'

'ရှင်'

'ဪ....ကျွန်တော်ကများရီထွေးကို သစ္စာဖောက်မိခဲ့မယ်။ စွန့်ပစ်ခဲ့မယ်ဆိုယင် ရီထွေး ကျွန်တော့်ကို ခုလို မျက်နှာချင်း ဆိုင်မှ ဆိုင်ပါ့မလားဟင်'

အလေးအပင် တခုခု ဖိထားသော သက်ပြင်း မှုတ် ထုတ် သံကို သီချင်းသံကြောင့် သဲသဲကွဲကွဲ မကြားလိုက်ရ။ ရီထွေးကို သူကြည့်ယင်း ထိုင်ရာမှထသည်။ မမစင်ရီသည် သူ့ကို မျက်တောင်မခတ် ကြည့်နေသည်။

'အကြောင်းစုံကို တနေ့နေ့မှာ ကိုအောင် သိရအောင် လာပြောပြချင်တယ်။ ရီထွေး တွေ့ပါရစေ'

ရုတ်တရက် မဖြေ။ ဂီတဝိုင်း ရှိရာ သို့ မျက် လုံး ရွှေ့ ထား ကာ စဉ်းစားနေ၏။ သူ့အဖြေကို ရီထွေး စောင့်နေသည်။

'လွန်ခဲ့ပြီပဲ ရီထွေးရယ်။ ကျွန်တော်....'

စကားမဆုံးမီ သူ လှည့်ထွက်သွားသည်။ သူ့နောက်ကျောကို ရီထွေး လှမ်း၍ ကြည့်နေမည် ထင်သည်။

ငြိမ်းကျော်